# ဘုန်းကြွယ်

မှ ယုံ မိ ၏ စ င် က န် ချ န် း

## ဆိုးမွေကောင်းမွေ
## သိုင်းတောလေ

ပထမပိုင်း



ဘုန်းကြွယ်

# [illegible]

ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၆၃၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၉၇၁၀၁၀

၂၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ☆ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ☆ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ☆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## သိုင်းသုံးဖော်

စုကျွန်းနယ်...။

စုကျွန်းနယ်တွင် လျှမ်းလျှမ်းတောက် ကျော်ကြားသော သိုင်းသမားကြီးသုံးယောက် ရှိသည်။

သိုင်းရာဇာ ကျင်းရှောင်။

ရတနာဓား စုမာလွေ့။

လေပွေလက်ဝါး မင်းထင်းပွာ။

ထိုသိုင်းသမားကြီးသုံးယောက်သည် စုကျွန်းနယ်တွင်နေထိုင်ကာ အများအကျိုး ဆောင်ရွက်နေကြရကား တစ်နယ်လုံးက ကြည်ညိုလေးစားကြပြီး ကျေးဇူးရှင် သိုင်းဆရာကြီးသုံးယောက်ဟု သတ်မှတ်ထားကြလေသည်။

သိုင်းဆရာကြီး သုံးယောက်ရှိနေခြင်းကြောင့်လည်း လူဆိုးဓားပြများ၊ အနက်ရောင်သိုင်းသမားများသည် စုကျန်းနယ်သို့ ခြေမချဝံ့ကြတော့ချေ။

သိုင်းဆရာကြီးသုံးယောက်ကြောင့် စုကျန်းတစ်နယ်လုံး ဒုစရိုက်မှုကင်းစင်ကာ အေးချမ်းသာယာနေခဲ့လေသည်။

သို့သော်....

မိုးအကုန် ဆောင်းအကူး အေးမြနေသော နေ့တစ်နေ့တွင် စုကျန်းနယ်သို့ လူဆိုးကြီးတစ်ယောက် ရောက်ရှိလာခဲ့လေသည်။

ထိုလူဆိုးကြီး ရောက်ရှိလာလေသောအခါ...။

♠ ♠ ♠

လူဆိုးကြီးက စုကျန်းနယ်ထဲသို့ ဝင်လာသည်ဟူသော သတင်းကို ပထမဆုံးကြားသိခဲ့ရသူမှာ သိုင်းရာဇာကျောင်းရှောင် ဖြစ်လေသည်။

သိုင်းရာဇာကျောင်းရှောင်ထံသို့ လာရောက်သတင်းပို့သူမှာ စုကျန်းနယ်တောင်ပိုင်း၌ နေထိုင်သော 'ထင်းဝီ ဆိုသူဖြစ်လေသည်။

ထင်းဝီသည် သိုင်းရာဇာကျောင်းရှောင်၏ တပည့်တစ်ဦးဖြစ်သည်။

ကျောင်းရှောင်ထံ၌ တပည့်ခံကာ သိုင်းပညာသင်ကြားခဲ့ပြီး



တတ်မြောက်ထားသော သိုင်းပညာဖြင့် အများအကျိုးသည်ပိုး ဆောင်ရွက်နေသူ ဖြစ်လေသည်။

ထင်းဝီ ရောက်လာသဖြင့် သိုင်းရာဇာကျောင်းရှောင် အံ့ဩသွားလေသည်။

တစ်ကိုယ်လုံး ချွေးရွှဲရွှဲစိုကာ မောပန်းနွမ်းနယ်နေသော ထင်းဝီအား ခြေဆုံးခေါင်းဆုံးကြည့်ပြီး...

"ထင်းဝီ..ရေးကြီးသုတ်ပျာနဲ့ မင်းဘယ်လိုဖြစ်လာတာလဲ၊ ပြောပါဦး"

ဟု မေးလိုက်လေသည်။

ထင်းဝီက ဦးညွတ်လိုက်သည်။

"ဆရာ..အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်ပေါက်လာတာကြောင့် ဆရာ့ဆီကို ချက်ချင်းပြေးလာခဲ့တာပါ ဆရာ"

"အင်း..မင်းကို ကြည့်လိုက်တာနဲ့အရေးကြီးတဲ့ကိစ္စတစ်ခုခု ပေါ်ပေါက်နေပြီဆိုတာ ငါရိပ်မိပါတယ်၊ ကဲ ဆိုစမ်းပါဦး၊ ဘယ်လို အရေးကြီးတဲ့ကိစ္စများလဲ"

ထင်းဝီက...

"ဆရာ..'သွေးဘီလူး' ဟာ ကျွန်တော်တို့နယ်ထဲ ဝင်လာပါတယ် ဆရာ"

"ဟေ"

မမျှော်လင့်သောစကား ကြားလိုက်ရလျှင် သိုင်းရာဇာ

ကျင်းရှောင် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ထိပ်တန်းသိုင်းပညာရှိသည့် ဝါရင့်သိုင်းဆရာကြီး တစ်ဦး ဖြစ်သည့်တိုင် 'သွေးဘီလူး' ဆိုသောအမည်ကို ကြားလိုက်ရသော အခါ ဣန္ဒြေမဆည်နိုင်အောင်ပင် ထိတ်လန့်သွားလေတော့သည်။

ထင်းဝီကို မယုံနိုင်စွာ ကြည့်ယင်း...

"သွေးဘီလူးက စုကျန်းနယ်ထဲ ဝင်လာတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"မင်း သေချာတယ်နော်"

"သေချာပါတယ် ကျွန်တော်ကိုယ်တိုင် တွေ့မြင်ခဲ့ရတာပါ"

သိုင်းရာဇာကျင်းရှောင်က စိတ်ကို ထိန်းချုပ်ယင်း...

"ဘယ်မှာ တွေ့ခဲ့တာလဲ"

"တောင်ပိုင်းမြို့မှာပါ"

တောင်ပိုင်းမြို့သည် ထင်းဝီနေထိုင်လျက်ရှိသည့်မြို့ ဖြစ် လေသည်။

ထင်းဝီက...

"လွန်ခဲ့တဲ့သုံးရက်က မြို့အရှေ့ပိုင်းက တည်းခိုခန်းတစ်ခုမှာ တည်းခိုနေသူတွေက ညတွင်းချင်း အထုပ်အပိုးတွေဆွဲပြီး ထွက် သွားကြလို့ ရုတ်ရုတ်သဲသဲဖြစ်သွားတာနဲ့ ကျွန်တော်က အခြေအနေ သွားကြည့်တော့ လူတစ်ယောက်လာပြီး တည်းခိုတာကြောင့် ဘယ် သူမှ ဆက်ပြီးမတည်းဝံ့တော့ဘဲ ထွက်သွားကြတာလို့ သိရပါတယ်"



"အဲသည်လူဟာ သွေးဘီလူးလား"

သိုင်းရာဇာကျင်းရှောင်က ကြားဖြတ်မေးလိုက်လေသည်။

ထင်းဝီက...

"ဟုတ်ပါတယ်ဆရာ သွေးဘီလူးပါ"

"သူက ဘယ်လိုအကြောင်းကိစ္စနဲ့ ရောက်လာသလဲဆိုတာ ကော မင်းစုံစမ်းခဲ့သေးသလား"

ထင်းဝီ ဦးညွှတ်လိုက်သည်။

"သွေးဘီလူးမှန်းသိတာနဲ့ ကျွန်တော်လည်း ဆရာ့ဆီကို ချက်ချင်းထွက်လာခဲ့တာပါ"

သိုင်းရာဇာကျင်းရှောင် သက်ပြင်းချလိုက်လေသည်။

သွေးဘီလူးက မည်သို့သောအကြောင်းကိစ္စဖြင့် ရောက်လာ သည်ကို စုံစမ်းစရာလိုမည် မဟုတ်ပါချေ။

သွေးဘီလူးသည် သိုင်းပညာ အလွန်ထက်မြက်သော အမှောင်လောက၏ဘုရင် ဖြစ်လေသည်။

အဖြူရောင်သိုင်းသမားများသာမက အမှောင်လောက သား၊ အနက်ရောင်သိုင်းသမားများကပါ သွေးဘီလူးကို ဖိန့်ဖိန့်တုန် အောင် ကြောက်ရွံ့ကြလေသည်။

သွေးဘီလူးသည် သိုင်းလောကတခွင် လှည့်လည်ကာ ထင် ရှားကျော်ကြားသော သိုင်းသမားများအား စိန်ခေါ်ကာ သိုင်းပညာ ယှဉ်ပြိုင်နေသူ ဖြစ်လေသည်။

အဖြူရောင်သိုင်းသမားများသာမက အနက်ရောင်ထိပ်သီး သိုင်းသမားများကိုပါ ချန်မထားဘဲ စိန်ခေါ်ယှဉ်ပြိုင်တတ်သူဖြစ်လေသည်။

သွေးဘီလူး ရောက်ရှိသွားသည့် အရပ်ဒေသတိုင်း၌ သွေးစွန်းသွားလေ့ရှိသည်။

နာမည်ကြီး သိုင်းသမားများ ကံဆိုးသွားကြလေ့ရှိသည်။

ယခု...

သွေးဘီလူးက စုကျွန်းနယ်သို့ အဘယ်ကြောင့်ရောက်လာသည်ကို မေးစရာလိုတော့မည် မဟုတ်ပါ။

စုကျွန်းနယ်၌ နာမည်ကြီး သိုင်းဆရာသုံးဦးရှိနေသည်။

သွေးဘီလူးက ထိုသိုင်းဆရာသုံးဦးနှင့် ယှဉ်ပြိုင်ရန်ရောက်လာခြင်းသာ ဖြစ်ရမည် မဟုတ်ပါလား။

သိုင်းရာဇာကျင်းရှောင် သက်ပြင်းချလိုက်သည်။

"သိုင်းလောကရဲ့ ဘယ်နေရာကိုသွားသွား သွေးဘီလူးရဲ့ ကြောက်စရာကောင်းတဲ့သတင်းတွေပဲ ကြားရလိမ့်မယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး သွေးဘီလူးကို မတွေ့ရတော့ဘူး၊ သိုင်းလောကထဲက ပျောက်ကွယ်သွားတယ်၊ သိုင်းလောကသားတွေ စိတ်အေးရမယ်ရှိသေးတယ်၊ အခု စုကျွန်းနယ်ထဲမှာ ပြန်ပေါ်လာတယ်၊ သူ ရောက်လာတာ ကျုပ်တို့သုံးယောက်ကို ယှဉ်ပြိုင်ဖို့ပဲဖြစ်မှာပေါ့"



ထင်းဝီက...

"ဆရာ..သွေးဘီလူး ဘယ်လောက်ပဲ သတင်းကြီးပါစေ၊ ဆရာတို့ မိတ်ဆွေသုံးယောက်ကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာ မဟုတ်ပါဘူးခင်ဗျာ"

သိုင်းရာဇာကျင်းရှောင် မချိပြုံးပြုံးလိုက်သည်။

"တကယ်တမ်း မယှဉ်နိုင်တာက ကျုပ်တို့သုံးယောက်ပါကွာ ကဲ ထင်းဝီ မင်းရောက်လာလက်စနဲ့ ငါတို့အတွက် ဆောင်ရွက်ပေးပါဦး"

ထင်းဝီက...

"ဟုတ်ကဲ့ ကျွန်တော် ဘာကိုဆောင်ရွက်ပေးရမယ်ဆိုတာ အမိန့်ရှိပါ ဆရာ"

သိုင်းရာဇာကျင်းရှောင်က...

"မင်းက စုမာလွေနဲ့ မင်းထင်းဟွာဆီကိုသွားပြီး အကြောင်းကြားပေးရလိမ့်မယ်"

"ဟုတ်ကဲ့"

သိုင်းရာဇာကျင်းရှောင်သည် မိတ်ဆွေများဖြစ်ကြသော ရတနာဓားစုမာလွေနှင့် လေပွေလက်ဝါးမင်းထင်းဟွာတို့အတွက် စာတစ်စောင်စီရေးကာ ထင်းဝီအား သွားပို့ခိုင်းလိုက်လေသည်။

♠ ♠ ♠

နေခြည်ဖြာကျကာ သာယာလှပနေသော နံနက်ခင်းတစ်ခု ဖြစ်ပါသည်။

ရောင်စုံပန်းများ ပွင့်လန်းနေသော တောလမ်းအတိုင်း လူတစ်ယောက် လျှောက်လှမ်းလာနေ၏။

ထိုလူမှာ ဖျင်ကြမ်းအင်္ကျီဝတ်ထားပြီး ဦးခေါင်းပေါ်၌အပြားကြီးသော ခမောက်ဝိုင်းကြီးတစ်လုံး ဆောင်းထားသည့် အသက်လေးဆယ်ခန့်ရှိသူ ဖြစ်သည်။

လယ်သမား၊ ယာသမားတစ်ယောက်အသွင် ရှိသော်လည်း ထိုလူ၏လှုပ်ရှားသွားလာပုံမှာ ညင်သာပေါ့ပါး ဖျတ်လတ်သွက်လက်နေသဖြင့် သိုင်းပညာ တတ်မြောက်ထားသူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားလေသည်။

လေပြည်လေညင်း တိုက်ခတ်လာသောအခါ ဝန်းကျင်တစ်ခုလုံး မွှေးကြိုင်သင်းပျံ့သွားလေသည်။

ကျေးငှက်ကလေးများကလည်း ဘာသာဘာဝ တေးကို သီကျူးယင်း ပျံဝဲနေကြ၏။

တောလမ်းတလျှောက် အလွန်ပင် သာယာလှပနေပါတော့သည်။

ထိုလူသည် သဘာဝ၏ အလှအပများကိုကြည့်ယင်း...

"လောကရဲ့ အလှကို ခုမှပဲ ငါကြည့်တတ်မြင်တတ်လာပါလား"



ဟု တီးတိုးရေရွတ် လိုက်လေသည်။

ထိုအချိန်မှာပင်...

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ရုတ်တရက် ဆူဆူညံညံ ဖြစ်သွားခြင်းကြောင့် ကျေးငှက်ကလေးများ အဝေးသို့ ပျံသန်းသွားကြလေတော့သည်။

လယ်သမား၏ခြေလှမ်းများလည်း တုန့်ခနဲ ရပ်သွား၏။

လမ်းဘေးသစ်ပင်ချုံပင်များကြားသို့ ခုန်ဝင်ပုန်းကွယ်ရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

တောလမ်းအတိုင်း မြင်းစီးသမားသုံးယောက် ဘွားခနဲ ထွက်ပေါ်လာကြလေသည်။

မြင်းစီးသမားများသည် ဒုန်းစိုင်းစီးနင်းလာကြပြီး လယ်သမားနှင့် ဝါးတစ်ရိုက်ခန့်အကွာ၌ အရှိန်သပ်ကာ ရပ်တန့်လိုက်ကြလေသည်။

"ဟေး"

"ဟီး...ဟီး...ဟီး"

မြင်းဝေါက်သံ၊ မြင်းဟီသံများ ထွက်ပေါ်လာသည်။

မြင်းစီးသမားသုံးယောက်သည် လွှားခနဲ လွှားခနဲ ခုန်ဆင်းလာကြပြီး ရင်ဘောင်တန်းကာ ရပ်လိုက်ကြသည်။

လယ်သမား၏သွားရာလမ်းကို ပိတ်ဆို့ဟန့်တားထားလိုက်ကြခြင်းဖြစ်လေသည်။

လယ်သမားက လမ်းပိတ်ထားသူ သုံးယောက်ကို အကဲခတ်ကြည့်လိုက်လေသည်။

လမ်းပိတ်ထားသူ သုံးယောက်သည် အဖိုးတန်ပိုးဖဲအကျီများ ဝတ်ဆင်ထားကြပြီး ထိပ်သီးသိုင်းသမားကြီးများအသွင် အထင်အရှားရှိကြလေသည်။

လယ်သမားက...

"ခင်ဗျားတို့သုံးယောက်က ဘာကြောင့်များ လမ်းပိတ်ထားကြတာလဲဗျာ"

ဟု မေးလိုက်လေသည်။

လမ်းပိတ်ထားသူ သုံးယောက်မှ အလယ်မှလူမှာ သိုင်းရာဇာကျင်းရှောင်ဖြစ်လေသည်။

သိုင်းရာဇာကျင်းရှောင်က...

"မင်းကို စုကျန်းနယ်က လက်မခံဘူးဆိုတာ ပြောချင်လို့ပဲ"

"ဩော်"

ဝဲဘက်၌ ရပ်နေသူမှာ လေပွေလက်ဝါးမင်းထင်းဟွာ ဖြစ်လေသည်။

မင်းထင်းဟွာက...

"သွေးဘီလူး...စုကျန်းနယ်ထဲကို ဘာကြောင့် ဝင်လာခဲ့တာလဲ၊ ကျုပ်တို့သုံးယောက်နဲ့ ယှဉ်ပြိုင်ချင်လို့ မဟုတ်လား၊ ကျုပ်တို့ကသည်တောလမ်းမှာပဲ မင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပေးမယ်"



ယာဘက်၌ရပ်နေသည့် ရတနာဓားစုမာလွှေက...

"ကျုပ်တို့က နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ မင်းသည်ထဲကပြန်ထွက်သွားရမယ်"

လယ်သမား သက်ပြင်းချလိုက်သည်။

"လက်စသတ်တော့ စုကျန်းသိုင်းထိပ်သီးသုံးယောက်က ကျုပ်ကို တိုက်ခိုက်ကြမလို့ကိုး"

သိုင်းရာဇာကျင်းရှောင်က...

"သွေးဘီလူး...မင်းဟာ နယ်လှည့်ပြီး သိုင်းပညာယှဉ်ပြိုင်နေတာ မဟုတ်လား၊ စုကျန်းနယ်ထဲကို ရောက်လာတာလည်း ကျုပ်တို့နဲ့ယှဉ်ပြိုင်ချင်လို့ မဟုတ်လား၊ ပြိုင်ပွဲကြောင့် တခြားအပြစ်မဲ့သူတွေကို မထိခိုက်စေချင်တာနဲ့ မင်းလာမယ့်လမ်းမှာ ကျုပ်တို့လာတွေ့တာ"

သွေးဘီလူး ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ်က ခင်ဗျားတို့နဲ့ သိုင်းပညာယှဉ်ပြိုင်ဖို့လာခဲ့တာ မဟုတ်ပါဘူးဗျာ"

သိုင်းရာဇာကျင်းရှောင် အံ့ဩသွားလေသည်။

"ကျုပ်တို့နဲ့ သိုင်းပညာယှဉ်ပြိုင်ဖို့ မဟုတ်ဘူးဆိုယင်စုကျန်းနယ်ထဲကို ဘာကြောင့် ရောက်လာရတာလဲ၊ ပြောစမ်းပါဦး"

လယ်သမားက...

"ကျုပ်က ကျောင်းစန်းတောင်ကို သွားမလို့ သည်ဘက်ဂ ဖြတ်လာခဲ့တာပါဗျာ"

စုကျန်းနယ်၏ မြောက်ပိုင်းတွင် နယ်ခြားနှင့်ထိစပ်နေသော ကျောင်းစန်းတောင်တန်းရှိလေသည်။

ကျောင်းစန်းတောင်တန်းသည် သစ်တောများဖုံးလွှမ်းထားပြီး သားရဲတိရစ္ဆာန်ပေါ်များကာ လူသူ အရောက်အပေါက်အလွန်နည်း သဖြင့် အလွန်ခေါင်သောနေရာ ဖြစ်လေသည်။

သွေးဘီလူးက ကျောင်းစန်းတောင်သို့မည်သို့သောအကြောင်း ကိစ္စဖြင့် သွားလိုပါသနည်း။

ကျောင်းစန်းတောင်၌ နေထိုင်သော နာမည်ကြီးသိုင်းသမား တစ်ယောက်မျှ မရှိပါ။

ရိုးသားသော ဒေသခံအချို့နှင့် အမဲလိုက်မုဆိုးများကိုသာ တွေ့ရနိုင်မည် ဖြစ်လေသည်။

သိုင်းရာဇာကျောင်းရှောင်က...

"မင်းက ဘာကြောင့် ကျောင်းစန်းတောင်ကို သွားချင်ရတာလဲ ပြောပါဦး"

ဟု မေးလိုက်သည်။

လယ်သမား(ဝါ) သွေးဘီလူးက...

"ကျုပ်က ကျောင်းစန်းတောင်မှာ တစ်သက်လုံး ဇာတ်မြှုပ်



နေထိုင်သွားတော့မယ်လို့ ဆုံးဖြတ်ပြီး ထွက်လာခဲ့တာပါဗျာ"

"ဘာ"

သိုင်းရာဇာကျောင်းရှောင်တို့ မယုံနိုင်အောင် ဖြစ်သွားကြလေသည်။

"သိုင်းလောကကို ကျောခိုင်းပြီး ကျောင်းစန်းတောင်မှာ ဇာတ်မြှုပ်နေထိုင်သွားတော့မယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"မင်းက ဘာကြောင့် သည်လိုဆုံးဖြတ်လိုက်ရတာလဲ"

သွေးဘီလူး ရုတ်တရက် အဖြေမပေးချေ။

ရတနာဓားစုမာလွေက...

"သွေးဘီလူး...မင်းကို သိုင်းလောကမှာ လူတိုင်းကြောက်ရွံ့နေကြရတာပဲ၊ မင်းလိုလူစားမျိုးက သိုင်းလောကကို ကျောခိုင်းဖို့ ဆုံးဖြတ်လိုက်တာ မဖြစ်နိုင်ပါဘူး"

သံသယလွှမ်းသော လေသံမျိုးဖြင့် ပြောလေသည်။

လေပွေလက်ဝါး မင်းထင်းဟွာကလည်း...

"သွေးဘီလူး...မင်းမှာ ဘာအကြံများ ရှိနေသလဲ၊ ပြောပါ"

သွေးဘီလူး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မှာ ဘာအကြံအစည်မှ မရှိပါဘူးဗျာ၊ သိုင်းလောကထဲမှာ လှုံ့ဆော်လည်ပြီး သွေးထွက်သံယိုတိုက်ပွဲတွေနဲ့ ဆင်နွှဲနေရတာကို ကျုပ် စိတ်ကုန်သွားပါပြီ၊ ဒါကြောင့် သိုင်းလောကကို ကျောခိုင်းပြီး

ကျောင်းစန်းတောင်မှာ ဓာတ်မြုပ်နေလိုက်တော့မလို့ပါ"

ဟု အလေးအနက်ထားကာ ပြောလေသည်။

သို့သော် သိုင်းရာဇာကျောင်းရှောင်တို့ မည်သို့မျှ မယုံနိုင်အောင် ဖြစ်နေကြလေသည်။

သိုင်းရာဇာကျောင်းရှောင်က...

"မင်း တကယ်ပဲ ဓာတ်မြုပ်ချင်တယ်ဆိုယင် တခြား သွားစရာနေရာတွေ အများကြီးရှိတာပဲ၊ ဘာကြောင့် ကျောင်းစန်းတောင်ကိုမှ သွားချင်ရတာလဲ"

သွေးဘီလူးက...

"ကျောင်းစန်းတောင်ဟာ တခြားနေရာတွေထက် ပိုပြီးဓာတ်မြုပ်လို့ အကောင်းဆုံးနေရာဆိုတာ ကြားဖူးထားလို့ပါဗျာ"

သိုင်းရာဇာကျောင်းရှောင်တို့သည် သွေးဘီလူး၏အဖြေကို သဘောမကျကြချေ။

သွေးဘီလူးတွင် လျှို့ဝှက်ချက်တစ်ခုခု ရှိနေရမည်ဟု ယုံကြည်ထားကြလေသည်။

သွေးဘီလူးက...

"ကျုပ်က ခင်ဗျားတို့နဲ့ ယှဉ်ပြိုင်ဖို့ စုကျန်းနယ်ကိုရောက်လာတာ မဟုတ်ဘူးဆိုတာ သိကြပြီဆိုယင် ကျုပ်ကို လမ်းဖယ်ပေးသင့်ပါတယ်ဗျာ"

သိုင်းရာဇာကျောင်းရှောင်တို့ သုံးယောက် အချင်းချင်းကြည့်



လိုက်ကြလေသည်။

သိုင်းရာဇာကျောင်းရှောင်က...

"သူ့စကားကို ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်သည်။

ရတနာဓားစုမာလွှေက....

"သူ့ကိုကြည့်ရတာ ကျုပ်တို့ကို တိုက်ခိုက်ချင်တဲ့အသွင်မျိုး မတွေ့ရဘူး"

လေပွေလက်ဝါး မင်းထင်းဟွာက...

"သွေးဘီလူးဟာ အင်မတန် သွေးဆာတဲ့လူ၊ ရန်လိုတဲ့လူ တစ်ယောက်ပဲ၊ ခုတော့ သူ့ကိုကြည့်ရတာ အေးအေးချမ်းချမ်း ရှိနေတယ်၊ တစ်ခုခုပဲဗျ"

သုံးယောက်သား တီးတိုးဝေဖန်ပြောဆိုလိုက်ကြ၏။

သိုင်းရာဇာကျောင်းရှောင်က...

"သူက ကျုပ်တို့ကို တိုက်ခိုက်ချင်တယ်ဆိုယင် ထူးဆန်းတဲ့ ကိစ္စမဟုတ်ဘူး၊ သူလုပ်နေကျအတိုင်းပဲ၊ အခုတော့ ကျုပ်တို့ကို ရန်မလိုဘူး၊ မတိုက်ခိုက်ချင်ဘူးဆိုတာတော့ မှုမမှန်တော့ဘူး"

မင်းထင်းဟွာက...

"သိုင်းလောကကို စိတ်ကုန်သွားပြီး ကျောခိုင်းဓာတ်မြုပ်လိုက်တော့မယ်လို့လည်း ပြောသေးတယ်၊ သူလိုလူစားမျိုးက သည်စကားမျိုးပြောတာ အတော်ကို အံ့သြစရာကောင်းနေတယ်ဗျ"

စုမာလွှေက...

"သူ့ရဲ့သတင်း သုံးနှစ်လောက် ပျောက်ကွယ်သွားသေးတယ်၊ အခု ပြန်ပေါ်လာတော့လည်း ဓာတ်မြှုပ်လိုက်တော့မလို့တဲ့ သူ့ကိုကြည့်ရတာ သိုင်းပညာ ဆုံးရှုံးသွားလို့လား"

သုံးယောက်သား စိတ်လှုပ်ရှားသွားကြလေသည်။

သွေးဘီလူးသာ သိုင်းပညာ အသုံးမပြုနိုင်တော့ဟုဆိုပါလျှင်...

အားလုံး ကြောက်ရွံ့နေရသူတစ်ယောက်က ဓာတ်မြှုပ်မည်ဆိုသည်မှာ မှုမှန်သောကိစ္စမဟုတ်ဟု သိုင်းရာဇာကျောင်းရှောင်တို့ ယုံကြည်ထားကြလေသည်။

သွေးဘီလူးသည် ကျောင်းရှောင်တို့ ခေါင်းချင်းဆိုင်ကာ တိုင်ပင်ပြောဆိုနေသည်ကိုကြည့်ပြီး စိတ်ပျက်သွားလေသည်။

"ကျုပ်ကို သွားခွင့်ပြုပါဦးဗျာ"

စကားဆုံးလျှင် မြေပေါ် ခြေတစ်ချက်ဆောင့်ကာ ခုန်ထွက်လိုက်လေသည်။

"ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်။

သူ၏ခန္ဓာကိုယ်သည် မြှားတစ်စင်းပမာ အပေါ်သို့ထိုးတက်သွားပြီး လေထဲရောက်သွားလျှင် ကျွမ်းသုံးလေးပတ်ပစ်လိုက်ရာ တခဏအတွင်းမှာပင် အဝေးသို့ ရောက်ရှိသွားပြီး မြင်ကွင်းမှပျောက်



ကွယ်သွားလေသည်။

"ဟင်"

"ဟာ"

သိုင်းရာဇာကျောင်းရှောင်တို့ သုံးယောက် ရင်ထိတ်သွားကြသည်။

လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

ပါးစပ်အဟောင်းသားဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေတော့သည်။

♠ ♠ ♠

## လူထူးဆန်းသူတော်

သာယာလှပမှု ဆိတ်သုန်းကာ အရုပ်ဆိုးအကျည်းတန်မှု မြင်ကွင်းက နေရာယူလာသည်။

အမှတ်နှစ်နှင့် အမှတ်သုံးတို့ မြေပေါ် ငြိမ်သက်စွာ လဲ လျောင်းနေကြရပြီ ဖြစ်သည်။

သူတို့၏မျက်နှာတွင် မသေဆုံးမီက ထိတ်လန့်တုန်လှုပ် ခြင်း၊ အံ့သြခြင်း စသည့် အရိပ်အရောင်များ အထင်းသား ပေါ်လွင် နေ၏။

သူတို့သည် အဖြူရောင်ဓားသမားဝမ်းကျိုးစန်း အကြောင်း ကို မသိ၍မဟုတ်၊ လွန်စွာ ကြောက်မက်ဖွယ်ရာ ကောင်းသူဖြစ် ကြောင်း ကောင်းစွာ သိရှိထားသည်။



မင်းထင်းဟွာက…

“ဟုတ်ပါတယ်ဗျာ၊ သိုင်းလောကမှာ ကိုယ်ဖော့ပညာ ပြိုင် စံရှားတယ်ဆိုတဲ့ ကြယ်တံခွန်တောင်မှ သူ့ကိုမီမယ်မထင်ပါဘူးဗျာ”

စုမာလွှေက…

“ကျုပ်က သူ့ကို သိုင်းပညာဆုံးရှုံးနေပြီလို့ ထင်မိတာ အံတော်ကို ရှက်စရာကောင်းသွားပြီ”

သူ၏သုံးသပ်ချက်မှာ တက်တက်စင်အောင် လွဲချော်နေ ခြင်းကြောင့် ရှက်ရွံ့နေမိလေတော့သည်။

သိုင်းရာဇာကျင်းရှောင်က…

“သူဟာ သိုင်းပညာကို အသုံးပြုနိုင်ပါလျက်နဲ့ ဘာကြောင့် များ သိုင်းလောကကို ကျောခိုင်းစွန့်ခွာသွားချင်ရတာလဲ”

စုမာလွှေက…

“သူ့မှာ ထူးခြားတဲ့ လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိနေတာ သေချာပြီ”

မင်းထင်းဟွာက…

“ဟုတ်တယ်ဗျို့၊ သွေးဘီလူးလို လူတစ်ယောက်က သိုင်း လောကို စိတ်ကုန်သွားရလောက်အောင် ဘာတွေများဖြစ်ခဲ့သလဲ၊ ထူးခြားချက်တစ်ခုခုတော့ ရှိမှာ အသေအချာပဲ”

သွေးဘီလူး၏ လျှို့ဝှက်ချက်ကို သိလိုလာကြလေတော့ သည်။

ပြီး သူသေသွားသည့် အချိန်ထိ အဘယ်ကြောင့် မစောင့်နိုင်ရပါ သနည်း။

လောကပေါ်ဝယ် သူ တစ်နေ့တစ်ရက် အသက်ပိုရှည်နေလျှင် ဒုက္ခရောက်မည်ကို စိုးရိမ်နေခြင်းကြောင့်လော။

သူရှိနေလျှင် ဒုက္ခရောက်နိုင်သူမှာ မည်သူ ဖြစ်မည်နည်း။

အလုပ်အပ်လျှင် လုပ်ခများများ ယူလေ့ရှိသော ငှက်ဆိုးသုံးဖော်ကိုပင် ဗွားရမ်းနိုင်သည်ဆိုလျှင် တော်ရုံတန်ရုံလူ မဖြစ်နိုင်ပေ။

ငွေကို ရေလိုပုံအောနိုင်သူ ဖြစ်ပေလိမ့်မည်။

ထိုလူသည် တနည်းမဟန်လျှင် တစ်နည်းကြံရန် နှောင့်နှေးနေမည့်သူ မဟုတ်ပေ။

သို့ဖြစ်ရာ ဤနေရာ၌ ဆက်၍ နေထိုင်ပါက သူ့အား လုပ်ကြံ ရန်ပြုမည့်သူများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာဦးမည်မှာ သေချာလှသည်။

ဝမ်းကျုံးစန်းသည် အဖြူရောင်ဓားကို ပြန်လည်သိမ်းဆည်းပြီး မြေပေါ်ထိုင်ချကာ အမောဖြေလိုက်သည်။

လှုပ်ရှားတိုက်ခိုက်လိုက်ရသဖြင့် အတွင်းအားအချို့ ကုန်ခမ်းသွားသလို အဆိပ်တန်ခိုးကလည်း ပိုပြလာလေသည်။

တိုက်ပွဲများများ ဆင်နွှဲလေလေ အဆိပ်တန်ခိုးကလည်း ပိုပြကာ အသက်မြန်မြန်တိုလေ ဖြစ်တော့မည်။

ဝမ်းကျုံးစန်း ဆုံးဖြတ်ချက်ချလိုက်သည်။



သွေးဘီလူးအကြောင်း စုံစမ်းဖော်ထုတ်ရန် သုံးယောက်သား တိုင်ပင်ညှိနှိုင်းလိုက်ကြသည်။

ထို့နောက်...

သူတို့၏တပည့်တပန်း မိတ်ဆွေများထံ အကြောင်းကြားလိုက်ကြလေတော့သည်။

♠ ♠ ♠

## သတင်း

ထင်းဝီ...။

ထင်းဝီသည် သိုင်းရာဇာထင်းရှောင်၏ အလွန်အားထားရသော တပည့်ဖြစ်လေသည်။

သိုင်းရာဇာကျင်းရှောင်သည် သွေးဘီလူး၏လှို့ဝှက်ချက်ကို စုံစမ်းရန် သိုင်းလောကမိတ်ဆွေများထံသို့ ထင်းဝီကိုပင် စေလွှတ်လိုက်ရလေသည်။

ထင်းဝီသည် စုကျန်းနယ်မှတဆင့် သိုင်းလောကသို့ထွက်သွားပြီး သုံးရက်မြောက်သောနေ့တွင် တင့်ကျန်းမြို့သို့ရောက်ရှိသွားလေသည်။

တင့်ကျန်းမြို့သည် စည်ကားသိုက်မြိုက်ပြီး သိုင်းလောကသားများ ကျင်လည်ကျက်စားနေသောမြို့ ဖြစ်သည်။



တင့်ကျန်းမြို့၌ သိုင်းရာဇာကျင်းရှောင်၏မိတ်ဆွေ ဟုန်စင်း ဆိုသူရှိလေသည်။

ဟုန်စင်းသည် သိုင်းလောကသားမဟုတ်ဘဲ ကျောင်းဆရာတစ်ယောက်ဖြစ်သည်။

သို့သော်...

သိုင်းလောကအကြောင်း စိတ်ဝင်စားသူဖြစ်ပြီး တင့်ကျန်းမြို့မှ သိုင်းလောကနှင့်ပတ်သက်သည့် အကြောင်းကိစ္စများကို အပ်ကျသည်ကအစ သိရှိထားသူဖြစ်လေသည်။

ထင်းဝီသည် စုကျန်းနယ်သို့လာလျှင် တင့်ကျန်းမြို့မှ ဖြတ်သန်းလာရမည်ကိုလည်းကောင်း၊ သွေးဘီလူးသည် စုကျန်းနယ်သို့ ရောက်မလာမီ တင့်ကျန်းမြို့သို့ ရောက်ခဲ့မည်ဟု တွေးမိပြီး ကျောင်းဆရာဟုန်စင်းထံသို့ ဝင်ရောက်တွေ့ဆုံကာ သတင်းစုံစမ်း လိုက်လေသည်။

ဟုန်စင်းနှင့် ဝင်ရောက်တွေ့ဆုံလိုက်သောအခါ မမျှော်လင့်ဘဲ သတင်းထူးတစ်ခု ရရှိလိုက်လေတော့သည်။

ကျောင်းဆရာဟုန်စင်းက...

"မင်းရဲ့ဆရာ သိုင်းရာဇာကျင်းရှောင်ကော နေကောင်းတယ် မဟုတ်လား၊ မင်းရောက်လာတာနဲ့ အတော်ပဲ၊ သိုင်းလောကတစ်ခုလုံး ကြောက်ရွံ့နေကြရတဲ့ သွေးဘီလူးအကြောင်း ပြောပြလိုက်ဦးမယ်"

ထင်းဝီ ဝမ်းသာသွားလေသည်။

"ကျွန်တော့် ဆရာကလည်း စုကျန်းနယ်ထဲကို သွေးဘီလူး ဝင်လာတယ်ဆိုတဲ့ သတင်းကြောင့် တခြားထူးခြားမှုများ ရှိနေမလား ဆိုပြီး သတင်းစုံစမ်းခိုင်းလိုက်လို့ တင့်ကျန်းမြို့ကိုလာယင်း ဆရာကြီး ဆီကိုဝင်ပြီး ဂါရဝပြုတာပါခင်ဗျာ"

ကျောင်းဆရာဟုန်စင်းက...

"သွေးဘီလူးအကြောင်းကို စုံစမ်းမယ်ဆိုယင် တခြားနေရာ တွေကို သွားစရာမလိုပါဘူး၊ ကျုပ်ပြောပြနိုင်ပါတယ်၊ တခြား နေရာ တွေကိုသွားပြီး အပင်ပန်းခံ စုံစမ်းတာတောင် သွေးဘီလူးအကြောင်း ကို ကျုပ်ပြောပြသလောက် သိရနိုင်မှာမဟုတ်ပါဘူး"

ထင်းဝီက...

"ဆရာကြီးက သွေးဘီလူးအကြောင်းကို အတော်များများ သိထားတယ် ဟုတ်လားဗျာ"

"ဒါပေါ့"

"ဒါဆို ကျွန်တော့်ကို ပြောပြဖို့ မေတ္တာရပ်ခံပါတယ်၊ ကျွန် တော့်ဆရာကလည်း သွေးဘီလူးအကြောင်းကို သိပ်ပြီးသိချင်နေပါ တယ်ခင်ဗျာ"

ကျောင်းဆရာဟုန်စင်းက...

"စိတ်ချ...ကျုပ် ပြောပြမှာပါ"

ချောင်းတစ်ချက် ဟန့်လိုက်သည်။



ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်ပြီးမှ...

"သွေးဘီလူးက တင့်ကျန်းမြို့ကိုရောက်နေတာ အတော် ကြာနေပြီ သူက မြို့အနောက်ဘက် ဘုံကျောင်းနံဘေးက ဆင်းရဲ သားရပ်ကွက်လေးမှာ နေထိုင်ပြီး မုန့်လုပ်ရောင်းနေတာ၊ ရုတ်တရက် ဆိုယင် သူဟာ သွေးဘီလူးဆိုတာ ဘယ်သူမှ မသိကြဘူး၊ တနယ်တ ကျေးက ပြောင်းရွှေ့လာတဲ့ ဆင်းရဲသားတစ်ယောက်လို့ပဲ ထင်ရတာ"

ကျောင်းဆရာဟုန်စင်းက သူသိထားသော သွေးဘီလူးအ ကြောင်းကို ပြောပြလိုက်လေသည်။

♠ ♠ ♠

မြို့အနောက်ဘက်၌ ဘုံကျောင်းလေးတစ်ခု ရှိသည်။

ဘုံကျောင်းလေးနှင့် မနီးမဝေးတွင် ဆင်းရဲသားရပ်ကွက်လေးရှိလေသည်။

ဆင်းရဲသားရပ်ကွက်လေး၌ အလုပ်ကြမ်းသမားများ၊ ကြုံရာကျဘမ်းလုပ်ကိုင်စားသောက်သူများ၊ ဈေးသည်များစသည်ဖြင့် နေထိုင်ကြပြီး အိမ်များက ခနော်ခနဲ့ ယိုင်နဲ့နေသလို လမ်းများလည်း ဗွက်အိုင်၊ ခလုတ်ကန်သင်း၊ ချိုင့်ကျင်းများဖြင့် ဆိုးဆိုးရွားရွား ရှိလေသည်။

ထိုဆင်းရဲသားရပ်ကွက်လေး၌ အဒေါ်ကြီးပန်သည် အခန်းဆယ့်ခြောက်ခန်းပါသော တန်းလျားကြီးတစ်ခုကို ပိုင်ဆိုင်သူဖြစ်သည်။

အဒေါ်ကြီးပန်က အခန်းတစ်ခန်းလျှင် တစ်လ ငွေတစ်ဆယ်နှုန်းဖြင့် ငှားရမ်းစားသောက်နေသူဖြစ်သည်။

တစ်နေ့...။

အဒေါ်ကြီးပန်ထံသို့ အသက်လေးဆယ်နီးပါးရှိသောသူဆင်းရဲတစ်ယောက် ရောက်ရှိလာပြီး အခန်းတစ်ခန်း ငှားရမ်းလေသည်။

ထိုလူသည် တစ်ယောက်ထဲ သီးသန့်နေထိုင်ပြီး မုန့်ပဲသားရေစာများလုပ်ကာ ရောင်းချစားသောက်လေသည်။

အခြားအခန်းများ၌ မိသားစု သုံးလေးငါးဦးစုရုံးကာ ကြပ်



ကြပ်တည်းတည်း နေရပြီး ကလေးများလည်း ရှိကြရာ တန်းလျားတစ်ခုလုံး နေ့ညဆူညံနေတော့သည်။

မုန့်ရောင်းသည့်လူကြီး၏ အခန်းတစ်ခုထဲသာ တိတ်ဆိတ်ငြိမ်သက်နေလေ့ရှိသည်။

သို့သော်...

မုန့်ရောင်းသည့်လူကြီး ရောက်လာပြီး သုံးလခန့်အကြာတွင် ထိုလူကြီး၏အခန်းက အဆူညံဆုံးအခန်းတစ်ခုအဖြစ် ပြောင်းလဲသွားတော့သည်။

တန်းလျားကြီးမှ ကလေးငယ်များသည်သာမက ရပ်ကွက်ထဲမှ ကလေးငယ်များပါ မုန့်ရောင်းသည့်လူကြီး၏အခန်းတွင် လာရောက်စုဝေးကြခြင်းကြောင့် ဖြစ်လေသည်။

မုန့်ရောင်းသည့်လူကြီး၏အမည်မှာ 'အားချန်' ဖြစ်သည်။

အားချန်သည် သဘောမနောကောင်းသည်။

ကလေးချစ်တတ်သည်။

ကလေးများကို မုန့်များကျွေးသည်။

ပုံပြောပြသည်။

စာသင်ပေးသည်။

လိမ္မာရေးခြားရှိအောင် သွန်သင်ပေးသည်။

အများသူငါ၏ ဥပေက္ခာပြုခံထားရသော ဆင်းရဲသားရပ်ကွက်လေးမှ ကလေးများအတွက် အားချန်သည် အလွန်ချစ်စရာ

ကောင်းသော ဆရာကြီးတစ်ယောက် ဖြစ်လာလေသည်။

ကလေးများသည် အားချန် မုန့်လုပ်ရာတွင် ဝိုင်းဝန်းကူညီကြသည်။

အားချန်၏ဝေယျာဝစ္စ ကိစ္စများကို တတ်စွမ်းသရွေ့ဆောင်ရွက်ပေးကြသည်။

ပြောမရဆိုမရ ဆိုးသွမ်းလှသော ကလေးများပင် တဖြည်းဖြည်းနှင့် အားချန်၏စကားကို နားထောင်ကာ လိမ္မာယဉ်ကျေးသူလေးများဖြစ်လာကြလေသည်။

တန်းလျားပိုင်ရှင် အဒေါ်ကြီးပန်အပါအဝင် ဆင်းရဲသားရပ်ကွက်လေးမှ လူအားလုံးက အားချန်ကို ရိုသေလေးစားလာကြသည်။

ချစ်ခင်ကြည်ညို လာကြတော့သည်။

အားချန်၏ဘဝသည် ရိုးသားအေးချမ်းပြီး ပျော်စရာကောင်းသော ဘဝလေးတစ်ခု ဖြစ်လာခဲ့တော့သည်။

♠ ♠ ♠



ကျောင်းဆရာဟုန်စင်းက ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်ပြန်သည်။

ထင်းဝီသည် ဟုန်စင်းပြောသည့်စကားများကို နားထောင်ယင်း စိတ်ထဲမှ ဖြစ်နိုင်ပါ့မလားဟု တွေးနေမိလေသည်။

သွေးဘီလူးမှာ အလွန်ရက်စက်ကြမ်းကြုတ်သည့်လူဆိုးကြီးတစ်ယောက် မဟုတ်ပါလား။

ကျောင်းဆရာဟုန်စင်းက...

"ကြာတော့ အားချန်ရဲ့သတင်းဟာ ဆင်းရဲသားရပ်ကွက်လေးမှာသာမကတော့ဘဲ တခြားရပ်ကွက်တွေနဲ့ မြို့ထဲကိုပါ ပျံ့လွင့်လာတယ်၊ ဒါနဲ့ ကျုပ်လည်း စိတ်ဝင်စားပြီး သူနဲ့သွားတွေ့ခဲ့တာပေါ့"

ထင်းဝီ စိတ်လှုပ်ရှားသွားသည်။

"ဆရာကြီးက သူနဲ့သွားတွေ့ခဲ့တယ် ဟုတ်လား"

ကျောင်းဆရာဟုန်စင်းက...

"ဟုတ်တယ်လေ၊ ကျုပ်တွေးကြည့်တာ သူဟာ လေးစားရာကောင်းတဲ့ လူတစ်ယောက် ဖြစ်နေတယ်လေ၊ ဒါကြောင့် စကားပြောကြည့်ချင်တာနဲ့ သူနဲ့သွားတွေ့ခဲ့တာ၊ သူ့ရဲ့မုန့် ဆိုင်လေးမှာ ကျုပ်တို့နှစ်ယောက် အကြာကြီး စကားပြောဖြစ်ခဲ့ကြတာပေါ့"

ထင်းဝီက တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေလိုက်လေသည်။

ကျောင်းဆရာဟုန်စင်းက...

"သူနဲ့ကျုပ် တစ်ကြိမ်ပဲတွေ့တယ်၊ နှစ်ပေါင်းများစွာက တည်းက ခင်မင်ရင်းနှီးခဲ့ကြတဲ့ လူတွေလိုဖြစ်သွားကြတာ၊ နောက်ဆို မနက်တိုင်း ကျုပ်က သူ့ရဲ့ဆိုင်ကိုသွားပြီး မုန့်နဲ့ရေနွေးကြမ်းသောက် ဖြစ်ခဲ့တဲ့အထိပဲ"

သူတို့နှစ်ယောက် အလွန်ရင်းနှီးသွားသည့် အခြေအနေ ရောက်ရှိသွားသည်မှာ အံ့ဩစရာမဟုတ်ဟု ထင်းဝီ နားလည်ထား လေသည်။

ကျောင်းဆရာဟုန်စင်းသည်လည်း ရိုးသားသိမ်မွေ့ပြီး ကလေးချစ်တတ်သူ၊ သူတပါးအား ကူညီစောင့်ရှောက်လိုသူဖြစ်ရ ကား ဝါသနာ၊ စေတနာခြင်းတူနေသည် မဟုတ်ပါလား။

"ကျုပ်တို့ ရင်းနှီးလာတော့ အားချန်ဟာ စာပေကျမ်းဂန်နဲ့ စပ်တဲ့အပြင် အနယ်နယ်အရပ်ရပ်ကို ရောက်ခဲ့ဖူးပြီး ဗဟုသုတကုံလုံ ကြွယ်ဝတယ်၊ ထိပ်တန်းပညာရှင်တစ်ယောက်ဖြစ်တယ်၊ သာမည မဟုတ်ဘူးဆိုတာ ကျုပ် သုံးသပ်နိုင်ခဲ့တယ်၊ ဒါပေမယ့် သူက သိုင်း ပညာကို လျှို့ဝှက်ထားတော့ သိုင်းပညာတတ်ထားတယ်ဆိုတာ ကော၊ သွေးဘီလူးဆိုတာကော မသိခဲ့ဘူးလေ"

ထင်းဝီက...

"နောက်ပိုင်းကျတော့ ဆရာကြီး သိခဲ့ရတာပဲ မဟုတ်လား ဗျာ"

"ဟုတ်တယ်၊ အားချန်က သူများကို စေတနာထားခဲ့လို့ ကံ



ဆိုးသွားတာပါ၊ သူ့အဖြစ်ကို ကျုပ် အတော်ကို ယူကျုံးမရဖြစ်ခဲ့မိ တာပေါ့"

ထင်းဝီ မျက်မှောင်ကုပ်သွားသည်။

"သူများအပေါ် စေတနာထားခဲ့လို့ ကံဆိုးခဲ့ရတာ ဟုတ် သားဗျာ"

"ဒါပေါ့"

ဆရာကြီးဟုန်စင်းက ရှင်းပြလေသည်။

"တစ်နေ့မှာပေါ့..."

ဆင်းရဲသားရပ်ကွက်လေး၌ ဆူဆူညံညံ ဖြစ်နေသည်။

ဆရာကြီးဟုန်စင်းနှင့် အားချန်တို့သည် မုန့်များကုန်သွား(ပြ) ဖြစ်၍ ဆင်းရဲသားရပ်ကွက်လေးသို့ ပြန်လာခဲ့ကြစဉ် ဆူဆူညံညံ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို တွေ့လိုက်ရခြင်း ဖြစ်လေသည်။

"ဘာဖြစ်နေတာပါလိမ့်"

နှစ်ယောက်သား စိတ်ဝင်စားသွားကြလေသည်။

ထိုအချိန်မှာပင်...

"ခွေးကောင်လေး..သေပေတော့"

ခေါင်းတုံးကြီးတစ်ယောက်က အော်ငေါက်ယင်း...

ကောင်လေးတစ်ယောက်အား ခြေနှစ်ချောင်းမှစုံကိုင်က မြေကြီးနှင့် ရိုက်ချလိုက်သည်ကို တွေ့ရလေသည်။

"ခွပ်"

ခပ်အုပ်အုပ်အသံ ထွက်ပေါ်လာပြီး ကောင်လေး၏ဦးခေါ စိစိညက်ညက် ကြေသွားတော့သည်။

"ဟင်"

"ဟာ"

"အမယ်လေး"

ဝိုင်းကြည့်နေကြသူများ၏ အထိတ်တလန့်အော်ဟစ်သံမျ ထွက်ပေါ်လာလေသည်။

အလွန်ရက်စက်ကြမ်းကြုတ်ပြီး လူမဆန်သော မြင်ကွ



ကြောင့် ကျောင်းဆရာဟုန်စင်း ပါးစပ်အဟောင်းသား ဖြစ်သွားတော့ သည်။

အားချန်လည်း ဆတ်ခနဲ တုန်သွားလေသည်။

နောက်ဆုတ်လာသူတစ်ချို့သည် အားချန်ကိုမြင်လျှင် အားကိုးတကြီး အကူအညီတောင်းလိုက်ကြလေသည်။

"ဆရာကြီးအားချန် ကယ်ပါဦး၊ ရီကောင်လေးကို သူဌေးမုံ ရဲ့လူမိုက်ခေါင်းတုံးက ရက်ရက်စက်စက် သတ်ပစ်လိုက်ပြီ"

သူဌေးမုံမှာ တင့်ကျန်းမြို့၌ အချမ်းသာ အကြွယ်ဝဆုံး သူ ဌေးကြီးဖြစ်သည်။

အများရှေ့တွင် လူကြီးလူကောင်း ဟန်ဆောင်မျက်နှာဖုံး စွပ်ထားသော်လည်း နောက်ကွယ်၌ ဒုစရိုက်လုပ်ငန်းမျိုးစုံကို ဦးစီး နေသူဖြစ်လေသည်။

လူဆိုးလူမိုက် တပည့်တပန်းပေါများလှပြီး အားလုံး ကြောက်ရွံ့ကြရလေသည်။

'ခေါင်းတုံး' မှာ သူဌေးမုံ အားအထားရဆုံး လူဆိုးလူမိုက် တစ်ယောက်ဖြစ်သည်။

အားချန်က မေးလိုက်သည်။

"ရီကောင်လေးက ဘယ်လိုအပြစ်မျိုး ကျူးလွန်ခဲ့လို့လဲ"

"ရီကောင်လေးက သူဌေးမုံရဲ့အိမ်က ပစ္စည်းဝင်ခိုးတယ်လို့ ပြောတာပါပဲ"

အားချုန် သက်ပြင်းချလိုက်သည်။

"အင်း...သည်ရပ်ကွက်ထဲက ကလေးတွေထဲမှာ ရီကောင်
လေးဟာ ပြောရအခက်ဆုံးပဲ၊ အကျင့်စရိုက် မကောင်းဘူး၊ ဒါပေမယ့်
သူ့ကို လိမ္မာယဉ်ကျေးလာအောင် တဖြည်းဖြည်း ဆုံးမပြုပြင်သွား
ရပါတယ်၊ ခုတော့ဗျာ..."

ဆင်းရဲသားရပ်ကွက်လေးမှ ကောင်လေးများသည် ဆင်း
ရှို့တဲ့ကြပြီး မိဘ ဆုံးမသွန်သင်မှုနှင့်ဝေးကာ နေ့စဉ်မြင်တွေ့နေ
သော ရန်ပွဲများ၊ ဆဲဆိုမှုများနှင့် ရင်းနှီးခဲ့ရသဖြင့် အကျင့်ပျက်
ကြသည်မှာ မဆန်းပါချေ။

ကလေးတိုင်းလိုလို ခိုးဆိုးလုယက် ရန်ပွဲဆင်နွှဲဖို့ ဝန်မလေး
ကြချေ။

ရီကောင်လေးက အခြားသောကောင်လေးများထက် ပို
ဆိုးသွမ်းသူဖြစ်လေသည်။

အားချုန်က ရီကောင်လေးကို အခြားကောင်လေးများကဲ့
ဆုံးမပြုပြင်ပေးနေယင်း ရီကောင်လေးက အကျင့်ဖောက်သဖြ
ဒုက္ခရောက်သွားခြင်း ဖြစ်လေသည်။

ကျောင်းဆရာဟုန်စင်းက...

"သူက ပစ္စည်းဝင်ခိုးတယ်ဆိုယင်တောင် သည်လော
ရက်ရက်စက်စက် မလုပ်သင့်ပါဘူး၊ သူ့ခွေးမုံက ထင်သလိုလုပ်
တာကို ဘယ်သူမှ မဟန့်တားနိုင်တော့ဘူးလား"



ခံပြင်းစွာ ပြောလိုက်ရာ သူ၏အသံကျယ်လောင်သွားလေ
သည်။

ခေါင်းတုံးနှင့် သူ၏လူများ ကြားသွားလေသည်။

"ကျောင်းဆရာက အေးအေးမနေဘဲ သေချင်နေပြီထင်
တယ်"

ခေါင်းတုံးက လှမ်းပြီးအော်ငေါက်လိုက်သည်။

တဆက်တည်းပင်...

"သူ့ကို ဓားနဲ့တစ်ချက်ထိုးပြီး ပညာပေးလိုက်စမ်းဟေ့"

တပည့်တစ်ယောက်ကို အမိန့်ပေးလိုက်လေသည်။

"ဟုတ်ကဲ့"

တပည့်က ဓားမြှောင်တစ်လက် ဆုပ်ကိုင်ကာ ဟုန်စင်းထံ
သို့ပြေးလာတော့သည်။

"ဟာ"

ဟုန်စင်း ထိတ်လန့်သွားလေသည်။

"ကျုပ်ကို ကယ်ပါဦးဗျာ"

အားချုန်ကို လှမ်းပြီး အကူအညီတောင်းလိုက်လေသည်။

အားချုန်လည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ပြေးဝင်
လာသည့်လူမိုက်၏ မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်လေတော့
သည်။

"ခွပ်"

"အား"

လူမိုက်လည်း ပက်လက်လန်လဲကျကာ တုတ်တုတ်မလှုပ်နိုင်အောင် ဖြစ်သွားတော့သည်။

ဆင်းရဲသားရပ်ကွက်လေးမှလူများ ဝမ်းသာသွားကြလေသည်။

"ဟေး..ဆရာအားချန်ကွ"

"သူတို့ကို ဆုံးမလိုက်စမ်းပါ"

"ငါတို့ရပ်ကွက်မှာလာပြီး စော်ကားလို့မရဘူး၊ ဆရာအားချန်ရှိတယ်ကွ"

တစ်ယောက်တစ်ပေါက် အော်ပြောသံများ ဆူညံသွားလေတော့သည်။

ခေါင်းတုံး မကျေမနပ် ဖြစ်သွားလေသည်။

အားချန်ရှေ့သို့ ချက်ချင်းရောက်လာသည်။

အားချန်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"ခင်ဗျားက သည်ရပ်ကွက်လေးမှာ သတင်းကြီးနေတဲ့ မုန့်ဆရာအားချန် ဟုတ်လား"

အားချန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ခေါင်းတုံးက....

"ဒါဖြင့် ကောင်လေးတွေကို သွေးတိုးမြှောက်ပင့်ပေးနေ



တာ ခင်ဗျားပေါ့"

"ကျုပ်က ကလေးတွေ လိမ္မာယဉ်ကျေးလာအောင် ဆုံးမသွန်သင်ပေးနေတာပါ"

"ဟား..ဟား..ဟား..ရယ်စရာကောင်းလိုက်တာ၊ ခင်ဗျားဆုံးမသွန်သင်ပေးလို့ ဒီကောင်လေးက သူဌေးမုံရဲ့ခြံထဲဝင်ပြီး ပစ္စည်းခိုးရဲတာပေါ့ ဟုတ်လား"

အားချန်က...

"သူများပစ္စည်းခိုးတာ မကောင်းဘူးဆိုတာ ကျုပ်သွန်သင်ထားပါတယ်၊ သူ့ရဲ့မကောင်းတဲ့ အကျင့်စရိုက်ကို မဖျောက်တော့"

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ သက်ပြင်းချလိုက်သည်။

ခေါင်းတုံးကို စိုက်ကြည့်လိုက်သည်။

"ဒီကောင်လေးဟာ ကလေးမို့ မလိမ္မာခဲ့တာ၊ မင်းကတော့ စဉ်းစားဆင်ခြင်တတ်တဲ့ လူကြီးတစ်ယောက်ဖြစ်ပြီး သူ့ကို ရက်ရက်စက်စက် သတ်ပစ်လိုက်တာပဲ"

ခေါင်းတုံးက....

"သူဌေးမုံကို ထိပါးစော်ကားတဲ့လူ မှန်သမျှ ကျုပ်က သတ်ပစ်မှာပဲ၊ ခင်ဗျားကိုလည်း ချမ်းသာပေးလိမ့်မယ် မထင်နဲ့"

စကားဆုံးလျှင် အားချန်၏မျက်နှာကို လက်သီးတစ်လုံးပစ်သွင်းလိုက်လေသည်။

"ဟာ"

ကျောင်းဆရာဟုန်စင်း ထိတ်လန့်သွား၏။

ခေါင်းတုံးကြောင့် အားချန် ဒုက္ခရောက်တော့မည် ထင်မိလိုက်လေသည်။

သို့သော်...

အားချန်သည် ခေါင်းတုံး၏လက်သီးကို ရှောင်တိမ်းခြင်းမပြုဘဲ လက်တစ်ဘက်ဆန့်ထုတ်ကာ ခေါင်းတုံး၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်လေသည်။

"ဖျောက်"

အရိုးကျိုးသံများနှင့်အတူ ခေါင်းတုံးကြီး၏လက် သွင်သွင်ကျိုးသွားတော့သည်။

"အား"

ခေါင်းတုံး အထိတ်တလန့် အော်လိုက်လေသည်။

အားချန်က...

"ကလေးတစ်ယောက်အပေါ် ရက်စက်တဲ့လူတစ်ယောက်ကို ငါခွင့်လွှတ်မှာ မဟုတ်ဘူး"

ခေါင်းတုံး၏ကျိုးနေသော လက်ကို မလွှတ်ဘဲ ဆုပ်ကိုင်ထားရာမှ ရုတ်တရက် အပေါ်ပင့်တင်ပြီး လွှဲယမ်းပစ်လိုက်လေသည်။

လူ့ဘီလူးကြီးတစ်ယောက်ပမာ ကြီးမားတုတ်ခိုင်လှသော ခေါင်းတုံးကြီးမှာ အားချန်၏လက်ထဲ၌ အရုပ်ကလေးတစ်ရုပ်ပမာ ဖြစ်နေ၏။



"ဗွီး"

ဆွဲယမ်းပစ်လိုက်သည့်အရှိန်ဖြင့် အဝေးသို့လွင့်စဉ်သွားပြီး သစ်ပင်တစ်ပင်နှင့် ဝင်ဆောင့်မိလိုက်လေတော့သည်။

"ခွပ်"

"ဝုန်း"

သစ်ပင်နှင့် အရှိန်ပြင်းစွာ ဝင်ဆောင့်မိလိုက်ရကား ခေါင်းတုံးကြီး၏ဦးခေါင်း ကွဲအက်ကြေမွသွားလေတော့သည်။

မြေပေါ် ဝုန်းခနဲ ပြုတ်ကျသွားပြီးလျှင် တုတ်တုတ်မျှမလှုပ်တော့ဘဲ အသက်ပျောက်သွားတော့သည်။

"ဟင်"

"ဟာ"

"ပြေး..ပြေး"

ခေါင်းတုံး၏နောက်လိုက် လူဆိုးလူမိုက်များ ထိတ်လန့်ကြောက်ရွံ့ကာ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ထွက်ပြေးသွားကြလေတော့သည်။

♠ ♠ ♠

ကျောင်းဆရာဟုန်စင်းသည် အားချန်က လူမိုက်ခေါင်းတုံး အားဆုံးမလိုက်ပုံကို ယခုထိ မြင်ယောင်နေပုံရလေသည်။

ထင်းဝီက...

"အားချန်က ခေါင်းတုံးကို သတ်ပစ်လိုက်တာပေါ့နော်"

ကျောင်းဆရာဟုန်စင်းက....

"ဟုတ်တယ်၊ နောက်တော့ သူက ဆင်းရဲသားရပ်ကွက်လေးက ထွက်သွားဖို့ အထုပ်အပိုးပြင်တော့တာပဲ"

"ဘာဖြစ်လို့ ထွက်သွားချင်ရတာလဲ"

"ခေါင်းတုံးသေသွားတာကြောင့် သူဌေးမုံက သူ့ကိုဒုက္ခပေးလိမ့်မယ်ဆိုတာ သူသိထားတယ်လေ"

"သူဌေးမုံကကော တကယ်ပဲ ဒုက္ခပေးခဲ့တာပဲလား ဆရာကြီး"

"ဒါပေါ့ အားချန်ထွက်သွားချင်ပေမယ့် အချိန်မရလိုက်တော့ဘူး၊ သူဌေးမုံကိုယ်တိုင် ရောက်လာတာ"

"အားချန်က ဘာလုပ်သလဲ ဟင်"

"သူထွက်သွားချင်တယ်၊ ဒါပေမယ့် သူဌေးမုံက ဆင်းရဲသားရပ်ကွက်လေးက လူတွေကို ဒုက္ခပေးမှာစိုးရိမ်လို့ အားချန်က ရင်ဆိုင်ခဲ့တယ်"

ထင်းဝီသည် အားချန် မည်သို့ဖြစ်ပျက်သွားသည်ကို သိလိုလာလေသည်။



ကျောင်းဆရာဟုန်စင်းက...

"အားချန် လက်ချက်နဲ့ သဌေးမုံရဲ့ လူမိုက် နှစ်ဆယ်လောက်သေသွားတယ်၊ အားချန်က သူဌေးမုံ တစ်သက်လုံး အိပ်ရာကမထနိုင်တဲ့ ဒုက္ခိတဖြစ်အောင် ခြေလက်တွေကို အပိုင်းပိုင်း ရိုက်ချိုးပစ်လိုက်တယ်၊ သူဟာ ကျောင်းဆရာနဲ့တူတဲ့ မှန့်ရောင်းတဲ့လူ မဟုတ်တော့ဘဲ အင်မတန်ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက် အဖြစ်ပြောင်းလဲသွားတာ မယုံနိုင်စရာပဲ"

ထင်းဝီက...

"ဒါနဲ့ သူဟာ သွေးဘီလူးဆိုတာ သိခဲ့ရတာလားဗျာ"

ကျောင်းဆရာဟုန်စင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ သူဌေးမုံက အားချန်ကို ဆုံးမပေးမယ့်လူတွေကိုငွေပုံပေးပြီး ငှားရမ်းလိုက်တယ်၊ မြို့ပြင်မှာ ကြောက်ခမန်းလိလိ တိုက်ပွဲကြီးတွေ ဖြစ်ခဲ့တာပေါ့၊ အဲသည်တော့မှ သူဟာ သွေးဘီလူးဆိုတာ သိလိုက်ကြရတာ"

သူကြုံတွေ့ခဲ့ရသည့် တိုက်ပွဲကြီးအကြောင်း ပြောပြပြန်လေတော့သည်။

♠ ♠ ♠

## သွေးလွှမ်းစေသူ

မြို့ပြင်တွင် စိမ်းလန်းနေသော တောင်ကုန်းလေးတစ်ခုရှိလေသည်။

အားချုန်က တင့်ကျန်းမြို့လေးကို ကျောခိုင်းထွက်လာခဲ့ပြီဖြစ်သည်။

တောင်ကုန်းလေးပေါ်မှ အရှေ့ဘက်သို့ မျှော်ကြည့်လိုက်လျှင် သာယာလှပသော စုကျန်းနယ်ကို တွေ့မြင်နေရလေသည်။

စုကျန်းနယ်ကိုဖြတ်ကာ ကျင်းစန်းတောင်သို့သွားရန် စိတ်ကူးထားသည်။

"ကျင်းစန်းတောင်ကိုရောက်ယင်တော့ ငါ့ကို နောက်ယှက်မယ့်လူ မရှိနိုင်တော့ပါဘူး"



ဟု ရေရွတ်လိုက်သည်။

ရှေ့ဆက်သွားရန် ဟန်ပြင်ပြီးမှ တုန့်ခနဲ ရပ်လိုက်သည်။

နောက် လှည့်မကြည့်ဘဲ...

"ဘယ်သူလဲ ထွက်လာခဲ့ပါ"

ဟုပြောလိုက်သည်။

သူ၏အသံက အေးစက်စက်ထန်နေသည်။

လူသတ်ဖို့ စဉ်းစားနေမည်မဟုတ်သော လေသံမျိုးဖြစ်လေ ည်။

"ကျုပ်...ကျုပ်ပါဗျာ"

ချုံဖုတ်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ လူတစ်ယောက် းထွက်လာလေသည်။

ကျောင်းဆရာဟုန်စင်း ဖြစ်လေသည်။

"ခင်ဗျားကိုး"

ကျောင်းဆရာဟုန်စင်းက...

"ဟုတ်ပါတယ်ဗျာ"

အားချုန်က...

"ခင်ဗျား ဘာကြောင့်လိုက်လာတာလဲ"

"ခင်ဗျားက ထွက်သွားတော့မယ်ဆိုတော့"

ကျောင်းဆရာဟုန်စင်းက စကားတစ်ပိုင်းတစ်စဖြင့် ရပ် ားလိုက်လေသည်။

အားချွန်က...

"ခင်ဗျား ဘာကြောင့်လိုက်လာတယ်၊ ခင်ဗျားရဲ့ရင်ထဲမှာ ဘယ်လိုခံစားချက်တွေ ရှိနေတယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် ဒါတွေကို မေ့ဖျောက်လိုက်ပါတော့လို့ ပြောချင်ပါတယ်ဗျာ"

"ကျုပ်"

ကျောင်းဆရာဟုန်စင်း ခေါင်းငုံ့ထားလိုက်လေသည်။

အားချွန်က...

"နောက်ဆုံး ကျုပ်ကိုပါမေ့လိုက်တာ ခင်ဗျားဘဝအတွက် အကောင်းဆုံးဖြစ်လိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ကျုပ်ဟာ လူကောင်းတစ်ယောက် မဟုတ်လို့ပါပဲဗျာ"

ကျောင်းဆရာဟုန်စင်း ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားဟာ ဘယ်သူနဲ့မှမတူတဲ့ လူကောင်းတစ်ယောက်ပါဗျာ"

"မဟုတ်ဘူးဗျ၊ ဘယ်သူမှ လိုက်မမီတဲ့လူဆိုးတစ်ယောက်ပါဗျာ၊ ကျုပ်က လူကောင်းဟန်ဆောင်နေတာပါ"

ကျောင်းဆရာဟုန်စင်းက...

"ခင်ဗျား ဘယ်လိုပဲပြောပြော ကျုပ်ကတော့ ယုံကြည်မှာ မဟုတ်ဘူးဗျ"

အားချွန် မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားကို သတ်ပစ်လိုက်ယင်တော့ ခင်ဗျား ယုံကြည်သွား



မယ်ထင်တယ်"

"ဟာ"

ကျောင်းဆရာဟုန်စင်း မျက်လုံးပြူးသွားလေသည်။

အားချွန်က လက်ဝါးနှစ်ဘက် ဖြန့်ပြလိုက်သည်။

"ကျုပ်ရဲ့လက်ဝါးနှစ်ဘက်ကို ကြည့်စမ်းပါ စွန်းထင်းပေကျံနေတဲ့သွေးတွေကို ဘယ်လိုမှ ဖျက်ပစ်လို့မရတော့ဘူး၊ ကျုပ်လက်ချက်နဲ့သေဆုံးသွားသူတွေ မရေမတွက်နိုင်တော့ပါဘူးဗျာ"

ကျောင်းဆရာဟုန်စင်းသည် အားချွန်ကိုကြည့်ယင်း သူနှင့် ခင်မင်ရင်းနှီးခဲ့သော အားချွန်မဟုတ်တော့ဘဲ အခြားလူတစ်ယောက် ဖြစ်နေပြီဟု ခံစားလာရလေသည်။

အားချွန်က....

"ကျုပ်ဟာ လူမှန်းသိတတ်တဲ့အချိန်ကစပြီး မိဘမဲ့ဖြစ်ခဲ့တယ်၊ လမ်းပေါ်မှာ စားရမဲ့သောက်ရမဲ့ဘဝ ရောက်ခဲ့တယ်၊ တစ်နေ့ လမ်းဘေးမှာ လဲကျသတိလစ်နေတဲ့ကျုပ်ကို လူတစ်ယောက်က ကယ်တင်သွားခဲ့တယ်၊ အဲသည်လူဟာ လူသတ်ဓားပြတိုက်မှုပေါင်းများစွာနဲ့ သေဒဏ်ချမှတ်ခံထားရတဲ့ ရာဇဝင်လူဆိုးကြီးတစ်ယောက်ပေါ့၊ သူက ကျုပ်ကိုကယ်တင်ပြီး ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တယ် သိုင်းပညာသင်ပေးခဲ့တယ်၊ သူက အကြင်နာတရားကင်းတဲ့လူတွေကြောင့် လူဆိုးဘဝရောက်လာတာ၊ ဒါကြောင့် ဘယ်သူ့ကိုမှ ညှာတာထောက်ထားစရာမလိုဘူး၊ ရက်စက်ရမယ်၊ သတ်ပစ်ရမယ်လို့

ကျုပ်ကို သင်ပေးခဲ့တယ်၊ ကျုပ်ကိုယ်တိုင်လည်း အရွယ်နဲ့မလိုက်
အောင် လောကဓံကိုခံခဲ့ရတော့ ပိုဆိုးသွားခဲ့တာပေ့ါ၊ သူဟာ ကျုပ်
ကို ပညာအကုန်သင်ပေးပြီးတဲ့နောက်ပိုင်း အသက်ကလည်း ကြီးပြီ
ကျန်းမာရေးကလည်း ချို့ယွင်းလာတော့ နောက်ဆုံး သေဆုံးသွား
တယ်၊ ကျုပ်က သိုင်းပညာလည်းရပြီ၊ အရွယ်လည်းရောက်ပြီဆို
တော့ သိုင်းလောကထဲ ဆင်းလာခဲ့တာပေ့ါ"

သူ၏ဘ၀ကို ပြောပြလေသည်။

ကျောင်းဆရာဟုန်စင်းက စိတ်ဝင်စားစွာ နားထောင်နေမိ
လေသည်။

အားချန်က..

"သိုင်းလောကထဲမှာ ထင်ရာစိုင်းခဲ့တယ်၊ တိုက်ပွဲတွေ ဆင်
နွှဲခဲ့တယ်၊ ကျုပ် ဒဏ်ရာဒဏ်ချက်တွေရခဲ့သလို အတွေ့အကြုံသ
ခန်းစာတွေရခဲ့တယ်၊ ကျုပ်ရဲ့သိုင်းပညာလည်း အတွေ့အကြုံ
ပေါင်းစပ်ပြီး ပိုတိုးတက်လာတယ်၊ ကျုပ်ဆရာ မှာထားတဲ့အတိုင်း
ရက်စက်ဖို့ လူသတ်ဖို့ကို အမိန့်ကထားခဲ့တော့ ကျုပ်တိုက်ကွက်တွေက
သေမှာကြောက်တဲ့လူတွေအတွက် အင်မတန်ကြောက်စရာကောင်းခဲ့
တာပေ့ါ၊ ဒါနဲ့ ကျုပ်ဟာ သွေးဘီလူးဆိုတဲ့ ဘွဲ့ထူးရလာခဲ့တာပေ့ါဗျာ"

"သွေးဘီလူး"

"ဟုတ်ပါတယ်ဗျာ"

ကျောင်းဆရာဟုန်စင်းမှာ မူးမေ့လဲကျမလို ဖြစ်သွားတော



သည်။ သွေးဘီလူးမှာ အလွန်ကြောက်စရာကောင်းသည်ဟူသော
သတင်းများကို နားမဆန့်အောင် ကြားခဲ့ဖူးသည် မဟုတ်ပါလား။

အားချန်(ဝါ) သွေးဘီလူးက...

"ဒါပေမယ့် နောက်ဆုံးတော့ ကျုပ်ဟာ မိစ္ဆာဘီလူးတစ်
ကောင်မဟုတ်ဘဲ လူသားတစ်ယောက်သာဖြစ်တယ်ဆိုတာ သိလာ
ပါတယ်ဗျာ၊ ကဲ ကျုပ်သွားတော့မယ်၊ ကျုပ်ကို မေ့လိုက်ပါတော့
ဗျာ"

စကားဆုံးလျှင် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေ
တော့သည်။

♠ ♠ ♠

အားချုန် ထွက်သွားပြီ ဖြစ်လေသည်။

ကျောင်းဆရာဟုန်စင်းက ကျောက်ရုပ်ပမာ မလှုပ်မယှ ရပ်လျှက် ကျန်ရစ်ခဲ့၏။

သူ၏မျက်လုံးများ ရီဝေနေပြီး တရွေ့ရွေ့ ဝေးသွားသေ အားချုန်ကို ငေးကြည့်နေမိသည်။

အားချုန် နောက်ဆုံးပြောသွားသော စကားများက သူ့ နားထဲ ပဲ့တင်ထပ်ကာ ထွက်ပေါ်နေသည်။

ကျောင်းဆရာဟုန်စင်း သတိဝင်လာကာ သက်ပြင်းချလို လေသည်။

"သူဟာ သိုင်းလောကမှာ မိစ္ဆာဘီလူးတစ်ကောင်ဖြစ်ခဲ့ မယ့် ဆင်းရဲသားရပ်ကွက်လေးမှာတော့ တကယ့်လူသားတ ယောက် ဖြစ်ခဲ့တာပဲ"

ဟုလည်း ရေရွတ်လိုက်မိသည်။

အားချုန်သည် သွေးထွက်သံယို တိုက်ပွဲများနှင့် စဉ်ဆ မပြတ်ရင်ဆိုင်နေရသည်ကို ငြီးငွေ့နေပြီဖြစ်သည်။

သာမန်လူသားတစ်ဦးပမာ ရိုးသားအေးချမ်းစွာ နေ သွားလိုနေပြီဖြစ်ကြောင်း ဆင်းရဲသားရပ်ကွက်လေးမှ မုန့်ရောင် အဖြစ်က သက်သေခံနေသည်။

"သူ့ကို လက်မခံနိုင်ကြဘူးဆိုယင်တော့ အားလုံး မှား ကြလိမ့်မယ်၊ ဒုက္ခရောက်ကုန်တော့မှာပဲ"



ကျောင်းဆရာဟုန်စင်း ညည်းတွားလိုက်လေသည်။

အားချုန်က အေးချမ်းစွာ နေလိုသည်ကို လက်မခံဘဲ ရန်ရှာ ည်ဆိုပါက အားချုန်သည် စိတ်ထိန်းနိုင်တော့မည် မဟုတ်ဘဲ က်တုန့်ပြန်မည်ဖြစ်လေသည်။

ခေါင်းတုံးနှင့်သူဌေးမုံတို့အား ဆုံးမလိုက်သည့်ဖြစ်ရပ် ရှိနေ သည်။

အားချုန်အား လက်မခံနိုင်သူများသည် အားချုန်၏လက် က်ဖြင့် ဒုက္ခရောက်သွားကြလိမ့်မည်သာ ဖြစ်လေသည်။

ကျောင်းဆရာဟုန်စင်းက တွေးတောနေစဉ်...

"ဟူး...ဟူး...ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာပြီး ပြေးလွှား နေကြသူများကို တွေ့လိုက်ရလေသည်။

ကျောင်းဆရာဟုန်စင်း ထိတ်လန့်သွားသည်။

"အားလုံး သေကုန်ကြတော့မှာပဲ"

သူကိုယ်တိုင်လည်း သစ်ပင်တစ်ပင်နောက်ကွယ်၌ ဝင် ကွက်ပုန်းအောင်းလိုက်လေသည်။

ပြေးလွှားလာကြသူများသည် လက်နက်ကိုယ်စီကိုင်ဆောင် းကြပြီး အားချုန်ကို ဝိုင်းရံထားလိုက်ကြလေသည်။

အားချုန် ခြေလှမ်းရပ်လိုက်သည်။

ဝိုင်းရံထားသူများကို ဝေ့ကြည့်လိုက်သည်။

"မသေချင်ယင် လမ်းဖယ်လိုက်ကြစမ်း"

ဟု ငေါက်လိုက်လေသည်။

ဝိုင်းရံထားသူများက ဘာမှမပြောဘဲ လက်နက်များဝှေ

ယမ်းကာ တိုက်ခိုက်လိုက်ကြလေသည်။

သူဌေးမှ ငွေပေးငှားရမ်းထားသော ကြေးစားသိုင်းသမား

များဖြစ်လေသည်။

အားချန်၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

"သေချင်နေကြပြီကိုး"

ရုတ်တရက် သူ၏လက်ထဲ ဓားတစ်လက်ရောက်ရှိလာလေ

သည်။

အားချန်က ဓားကိုဝှေ့ယမ်းလိုက်လျှင် ဝင်းလက်သော ဓား

ရောင်များ ထွက်ပေါ်လာလေသည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများလည်း တခဲနက် ထွက်ပေါ်လာ

လေတော့သည်။

ကြေးစားသိုင်းသမားများမှာ ကောက်ပင်ရိတ်လှီးခံလိုက်ရ

သည့်ပမာ တဘိုင်းဘိုင်းလဲကျကာ အသက်ပျောက်သွားကြတော့

သည်။



မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် ကြေးစားသိုင်းသ

...းငါးယောက် သေဆုံးသွားတော့သည်။

"မဆိုးဘူးဟေ့"

ချီးကျူးသံနှင့်အတူ လူနှစ်ယောက် ရောက်ရှိလာသည်။

လူဝကြီးတစ်ယောက်နှင့် သူတော်တစ်ယောက်တို့ဖြစ်လေ

...ည်။

လူဝကြီးမှာ 'ဆင်မည်းကြီး' ဟုဘွဲ့ထူးရသော ထိပ်သီးသိုင်း

...မားတစ်ယောက်ဖြစ်သည်။

ဆင်မည်းကြီးသည် ခွန်အားအလွန်ကောင်းပြီး သူ၏လက်

...ရိုက်ချက်မှာ ကျောက်တုံးကျောက်ခဲကြီးများကိုပင် စိစိညက်ညက်

...ကြေမွသွားရလောက်အောင် ပြင်းထန်သဖြင့် နာမည်ကြီးလေသည်။

ဆင်မည်းကြီးမှာ အဖြူရောင်မကျ အနက်ရောင်မကျ သိုင်း

...မားတစ်ယောက်လည်း ဖြစ်လေသည်။

ထို့အတူ...

ဆင်မည်းကြီးနှင့် လိုက်ပါလာသူမှာ သေမင်းသူတော်ဆိုသူ

...စ်လေသည်။

သူတော်တစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသော်လည်း လူ

...တ်ရာတွင် လက်မနှေးသူဖြစ်ကြောင်း လူတိုင်းသိကြလေသည်။

အားချန်က ဆင်မည်းကြီးနှင့် သူတော်တို့အား ကောင်းစွာ

...ထားလေသည်။

ဆင်မည်းကြီးတို့အား အေးတိအေးစက်ကြည့်လိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်ကကော သူဌေးမုံအတွက် အလုပ်လုပ်နေကြတာလား"

ဆင်မည်းကြီး ခေါင်းခါယမ်းလိုက်သည်။

"သူဌေးမုံက ငွေပေးလည်း ကျုပ်တို့ ဂရုမစိုက်သေးပါဘူး"

သေမင်းသူတော်က...

"သူက သေချင်လို့ မင်းကိုဒုက္ခပေးနေတာပဲ၊ ကျုပ်တို့နဲ့ မဆိုင်ပါဘူး"

ဟု ဝင်ပြောလေသည်။

အားချန်က...

"ဒါဖြင့် ကျုပ်ရှေ့ကို ဘာကြောင့် ရောက်လာကြတာလဲ၊ ပြောပါဦး"

ဆင်မည်းကြီးက...

"မင်းက သိုင်းလောကထဲက သုံးနှစ်လုံးလုံး ပျောက်သွားတာ ဘာကြောင့်လဲ သိချင်လို့ပေါ့ကွာ"

သူတော်က ပြုံးနေ၏။

အားချန်က...

"ကျုပ်က တစ်သက်လုံး ပျောက်သွားမယ်ဆိုယင်ကော ဗျာ"

အဖြေမပေးဘဲ ပြန်မေးလိုက်လေသည်။



ဆင်မည်းကြီးက...

"မင်းက သိုင်းလောကကို ကျောခိုင်းလိုက်တော့မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတာ၊ အဲဒါ တကယ်ပဲလား"

အားချန်က...

"ကျုပ်က သိုင်းလောကကို စိတ်ကုန်သွားတာတော့ အမှန်ပဲဗျ"

သေမင်းသူတော် မျက်မှောင်ကုပ်သွားလေသည်။

"ဘာလဲ နှင်းဆီလေးကြောင့်လား"

အားချန်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ မျက်နှာလည်း ခက်ထန်သွားသည်။

"ခင်ဗျား သေချင်ပြီထင်တယ်"

"ဟား..ဟား..ဟား'

သူတော်က ရယ်မောလိုက်လေသည်။ အားချန်က...

"ကျုပ်ကို နှောက်ယှက်တယ်လို့ ကျုပ်ယူဆမိယင်တော့ ခင်ဗျားတို့အတွက် အာမ မခံနိုင်ဘူးဗျ"

သူတော်က...

"မင်းက လူမသတ်တော့ပါဘူးလို့ လူတစ်ယောက်ကို ကတိပေးခဲ့သေးတယ် မဟုတ်လား"

အားချန် သက်ပြင်းချလိုက်သည်။

"ခင်ဗျားတို့နဲ့ဆက်ပြီး စကားပြောနေရမယ်ဆိုယင်တော့

ကျုပ် လူသတ်မိလိမ့်မယ်၊ ကျုပ်သွားတော့မယ်"

စကားဆုံးလျှင် ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ဆင်မည်းကြီးက...

"မင်းက သိုင်းလောကကို တကယ်ပဲ ကျောခိုင်းသွားမှာလားဆိုတာ ကျုပ်တို့ကို ပြောသွားပါဦးလေ"

အားချန်က...

"ကျုပ်က သုံးနှစ်လုံးလုံး သိုင်းလောကကို ကျောခိုင်းထားခဲ့ပြီးပြီပဲဗျာ"

"ဒါဆို သိုင်းလောကကို တကယ်ပဲ ကျောခိုင်းလိုက်ပြီပေါ့"

ဆင်မည်းကြီးက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။ သေမင်းသူတော်က...

"မင်းက အေးအေးချမ်းချမ်း နေချင်ပေမယ့် မင်းရဲ့လက်ချက်နဲ့ ဒုက္ခရောက်သွားသူတွေရဲ့ ဆွေမျိုးမိတ်ဆွေတွေကတော့ လက်ပိုက်ကြည့်နေကြမယ် မထင်ဘူး"

အားချန် ရင်ကော့လိုက်သည်။

"ကျုပ်က အေးအေးချမ်းချမ်းနေတာကို မလိုလားဘဲ နှောက်ယှက်လာကြမယ်ဆိုယင်တော့ ကျုပ်က သည်းခံမှာမဟုတ်ပါဘူးဗျာ"

သေမင်းသူတော်က...

"ဒါဖြင့် မင်းက သိုင်းလောကကို ကျောခိုင်းလိုက်မယ်ဆို



ဘာ အပိုစကားဖြစ်သွားမှာပေါ့"

"ဒါတွေကို ကျုပ် မစဉ်းစားပါဘူးဗျာ၊ ကဲ ခင်ဗျားတို့နှစ်ယောက် ကျုပ်ရှေ့က လမ်းဖယ်လိုက်ကြပေတော့"

အားချန်က လှမ်းထွက်သွားလေသည်။

သေမင်းသူတော်နှင့် ဆင်မည်းကြီးတို့ ဘေးဖယ်ပေးလိုက်ကြလေသည်။ သေမင်းသူတော်က...

"သွေးဘီလူး..မင်းက နှင်းဆီကိုတော့ ပစ်မထားသင့်ဘူး၊ သူက.."

ရုတ်တရက် သူ၏စကားသံ တစ်ပိုင်းတစ်စဖြင့် ပြတ်တောက်သွားလေသည်။

အကြောင်းမှာ အားချန်က ချာခနဲလှည့်ကာ တိုက်ခိုက်လိုက်ခြင်းကြောင့်ဖြစ်သည်။

သေမင်းသူတော် ကပျာကယာ ရှောင်တိမ်းလိုက်သည့်တိုင်အောင် အားချန်၏ဓားချက်ကို လွတ်အောင် မရှောင်နိုင်ခဲ့ချေ။

အားချန်၏ဓားက သေမင်းသူတော်၏ရင်ဝကို ကန့်လန့်ဖြတ် ခုတ်ချမိလိုက်လေသည်။

"အား"

သေမင်းသူတော် အသံနက်ကြီးဖြင့် အော်ဟစ်ကာ လဲကျသွားလေတော့သည်။

♠ ♠ ♠

ဆင်မည်းကြီး မျက်နှာပျက်သွားလေသည်။

မြေပေါ်လဲကျသေဆုံးနေသော သေမင်းသူတော်ကိုတစ်လှည့် အားချုန်ကိုတစ်လှည့် ကြည့်လိုက်၏။

အားချုန်က...

"နှင်းဆီအကြောင်းကို တခြားဘယ်သူတွေ သိထားကြသေးသလဲ၊ ပြောပါ"

ဟု မေးလိုက်လေသည်။

ဆင်မည်းကြီး ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူမှ မသိပါဘူး"

"ကောင်းပြီ"

အားချုန်က ဆင်မည်းကြီးအား လျှပ်တပြက် တိုက်ခိုက်လိုက်လေသည်။

ဆင်မည်းကြီးက သတိရှိနေသဖြင့် နောက်သို့ခုန်ဆုတ်ကာ ရှောင်တိမ်းသွားနိုင်ခဲ့လေသည်။

အားချုန်သည် သေမင်းသူတော်အား တိုက်ခိုက်ပြီးနောက် သူ့ကိုလည်း ချမ်းသာမပေးဘဲ နှုတ်ပိတ်ပစ်တော့မည်ဖြစ်ကြောင်း ဆင်မည်းကြီး နားလည်ထားလေသည်။

အားချုန်က ဓားဝှေ့ယမ်းကာ ဆက်လက်တိုက်ခိုက်လိုက်လေသည်။

"ဝှစ်...ဝှစ်"



ဝင်းလက်သောဓားရောင်များ ထွက်ပေါ်လာကာ ဆင်မည်းကြီး၏တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်သေလည်။

ဆင်မည်းကြီးသည် အားချုန်၏တိုက်ခိုက်မှုကို ရှောင်တိမ်းနေပြီး ပြန်လည် တိုက်ခိုက်ခြင်းမပြုချေ။

အားချုန်က ဓားဖြင့် ဝှေ့ယမ်းတိုက်ခိုက်နေရာမှ ကျန်တစ်ဘက်ကို မသိမသာ လှုပ်ရှားကာ လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်ရာ ဆင်မည်းကြီး မရှောင်နိုင်အောင် ဖြစ်သွားလေတော့သည်။

"အွန့်"

ခြေထောက်တွင် လက်နက်ပုန်းလေးတစ်ခု ထိမှန်သွားလျှင်မြေပေါ်ခွေခနဲ လဲကျသွားတော့သည်။

"မလှုပ်နဲ့"

အားချုန်က အနီးသို့ရောက်လာပြီး ဓားဖြင့် ချိန်ရွယ်ထားလိုက်သည်။

ဆင်မည်းကြီးက...

"ခင်ဗျားသတ်ယင်လည်း ကျုပ် သေရမှာပဲ၊ ကျုပ်က ခင်ဗျားကို မယှဉ်နိုင်ဘူးဆိုတာ အစကတည်းက သိပြီးသားပါဗျာ"

အားချုန်က....

"ဒါဖြင့် ကျုပ်ဆီကို ဘာကြောင့်လာခဲ့တာလဲ"

ဆင်မည်းကြီးက....

"ကျုပ်နဲ့သူတော်ဟာ ခင်ဗျား သိုင်းလောကက သုံးနှစ်တိုင်တိုင်ပျောက်ကွယ်သွားခဲ့တာကို စိတ်ဝင်စားမိကြတယ်၊ အားလုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်နေရတဲ့ လူတစ်ယောက်ဟာ အကြောင်းမရှိဘဲ ပျောက်သွားစရာမှ မလိုတာပဲ"

အားချန် ခေါင်းညိတ်လိုက်သည်။

"ဆက်ပြောပါဦး"

ဆင်မည်းကြီးက...

"ဒါနဲ့ ကျုပ်တို့က ခင်ဗျားကို နောက်ဆုံးတွေ့ခဲ့ရတဲ့ 'ချင်ဗှာကျေးရွာ'ကို သွားခဲ့ကြတယ်"

အားချန်၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာလေသည်။

လူသတ်လိုသော အရိပ်အရောင်များ ထွက်ပေါ်လာခြင်းဖြစ်လေသည်။ ဆင်မည်းကြီးက...

"ချင်ဗှာကျေးရွာပိုင်ရှင် မိုင်တစ်ထောင်ဓားသမားပြန့်ဟူကို ခင်ဗျားယှဉ်ပြိုင်အနိုင်ယူခဲ့တယ်၊ ဒါပေမယ့် တခြားလူတွေလို မဟုတ်ဘဲ ပြန့်ဟူဟာ ခင်ဗျားလက်ချက်နဲ့ မသေဘဲ အသက်ရှင်ကျန်ရစ်ခဲ့တယ်၊ ဒါဟာ ထူးခြားတဲ့ကိစ္စလို့ သူတော်ကပြောတာ၊ ကျုပ်တို့ ချင်ဗှာကျေးရွာမှာ တိတ်တဆိတ် စုံစမ်းကြည့်တော့ ခင်ဗျားဟာ ပြန့်ဟူရဲ့သမီး နှင်းဆီကို နှစ်သက်စွဲလန်းသွားခဲ့တယ်လို့ သိခဲ့ရတာ"



အားချန် ခေါင်းညိတ်လိုက်သည်။

"သည်လောက်ဆိုယင် လုံလောက်ပါပြီ၊ ခင်ဗျားတို့ဟာ ကိုယ်နဲ့မဆိုင်ဘဲ စပ်စုချင်ကြတာကိုး၊ ဘယ်မိန်းကလေးကမှ လူသတ်နေတဲ့လူတစ်ယောက်ကို သဘောကျကြမှာ မဟုတ်ဘူး၊ ကျုပ်က နှင်းဆီနဲ့တွေ့ပြီး နောင်တရသွားတယ်၊ ခုတော့ ကျုပ်ရဲ့အကြောင်းစုံကို ခင်ဗျားသိရပြီဆိုတော့ ကျေနပ်သင့်ပြီပေါ့"

စကားဆုံးလျှင် ဓားဖြင့် ပိုင်းချလိုက်လေသည်။

ဆင်မည်းကြီး ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း မလွတ်မြောက်နိုင်တော့ချေ။

အားချန်၏ရက်စက်သောဓားချက်က ဆင်မည်းကြီးအား အသက်ပျောက်သွားစေခဲ့လေတော့သည်။

♠ ♠ ♠

သေမင်းသူတော်နှင့် ဆင်မည်းကြီးတို့ သေဆုံးသွားကြပြီဖြစ်လေသည်။

သူတို့သည် သွေးဘီလူးက သိုင်းလောကအား အဘယ်ကြောင့် ကျောခိုင်းသွားလိုရသည်ကို သိလိုကြခြင်းကြောင့် အသက်ပေးသွားကြရခြင်းဖြစ်လေသည်။

အားချန်က အလွန်သွေးအေးပြီး ရက်စက်ကြမ်းကြုတ်သူ

ဖြစ်နေပါတော့သည်။

အားချန်က ဓားကို သိမ်းဆည်းလိုက်သည်။

"ခင်ဗျား ထွက်ခဲ့ပါဗျာ"

ဟုလည်း ပြောလိုက်လေသည်။

သစ်ပင်နောက်ကွယ်မှ ကျောင်းဆရာဟုန်စင်းက ထွက်
လာ၏။

ကျောင်းဆရာဟုန်စင်း၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေ
၏။

"ကျုပ်"

အားချန်က...

"ကျုပ်တို့နှစ်ယောက် ခင်မင်ရင်းနှီးခဲ့ကြတာကိုကော ဆ
ရဲသားရပ်ကွက်လေးကကိစ္စတွေကိုပါ မေ့ပစ်လိုက်ပါဗျာ"

"ကောင်း...ကောင်းပါပြီဗျာ"

ကျောင်းဆရာဟုန်စင်းက တုန်တုန်ယင်ယင်ဖြင့် ပြောလေ
သည်။

အားချန်သည် ကျောင်းဆရာဟုန်စင်းကို တစ်ချက်စို
ကြည့်ပြီး ချာခနဲ လှည့်ထွက်သွား၏။

ယခုမှ ကျောင်းဆရာဟုန်စင်း အသက်ဝဝ ရှူနိုင်လေတေ
သည်။ အားချန်က သူ့ကို အသက်ချမ်းသာပေးခဲ့ပြီ မဟုတ်ပါလာ

ရုတ်တရက်...



အားချန်က ခြေလှမ်းရပ်သွားလေသည်။

ကျောင်းဆရာဟုန်စင်းကို လှည့်ကြည့်လိုက်သည်။

ဟုန်စင်း ကပျာကယာ နောက်ဆုတ်လိုက်မိလေသည်။

အားချန်က...

"ကျုပ်ဟာ အံသြစရာကောင်းအောင် နှင်းဆီဆိုတဲ့ မိန်းက
လေးတစ်ယောက်ကို မေတ္တာသက်ဝင်ခဲ့မိတယ်၊ ဒါကြောင့် သူ့အဖေ
ပြန်ဟူကို ချမ်းသာပေးလိုက်တာ၊ နှင်းဆီက သူ့ကို လက်ထပ်ချင်ယင်
သိုင်းလောကကို စွန့်လွှတ်ရမယ်လို့ တောင်းဆိုခဲ့တယ်၊ ကျုပ်လည်း
ကတိပေးလိုက်တယ်၊ သည်လိုနဲ့ သုံးနှစ်ကြာသွားပြီးတော့မှ..."

သူ၏စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ကျောင်းဆရာဟုန်စင်းက ငေးကြည့်နေ၏။

အားချန်သည် စိတ်ပြောင်းသွားပြီး ဘာမှဆက်မပြောလို
တော့သည့်အလား ချာခနဲ လှည့်ကာထွက်သွားတော့သည်။

အားချန် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ ကျောင်း
ဆရာဟုန်စင်း အသက်ဝဝ ရှူနိုင်လေတော့သည်။

♠ ♠ ♠

ထင်းဝီသည် ကျောင်းဆရာဟုန်စင်း၏စကားများကိုနာ
ထောင်ယင်း မယုံနိုင်အောင် ဖြစ်နေ၏။

သွေးဘီလူးအကြောင်းကို ဝေးဝေးလံလံ လိုက်လံစုံစမ်းစရ
မလိုတော့ပါ။

ကျောင်းဆရာဟုန်စင်းပြောပြသည်နှင့် အားလုံးပြည့်စုံ
ပြီ မဟုတ်ပါလား။ ကျောင်းဆရာဟုန်စင်းက...

"အားချန်ဟာ သိုင်းလောကကို တကယ်ပဲ စိတ်ကုန်သွားပ
ပြီ၊ ဒါပေမယ့် သူ့ကိုသွားပြီး နှောက်ယှက်ယင်တော့ သည်းခံမှာ
ဟုတ်ဘူး၊ ဒါကြောင့် မင်းရဲ့ဆရာက သူ့အကြောင်းကို လိုက်စုံစမ်
တာတွေကို ရပ်လိုက်ဖို့ သတိပေးချင်တာနဲ့ ကျုပ်ပြောပြတာပါ၊ မင်
နားလည်သဘောပေါက်မယ် ထင်ပါတယ်"

ထင်းဝီ ဦးညွှတ်လိုက်သည်။

"ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျာ၊ ဆရာ့ကို သေ
သေချာချာ ပြန်ပြောပြလိုက်ပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

ထင်းဝီက ကျောင်းဆရာဟုန်စင်းကို နှုတ်ဆက်ကာ ပြန်
လည်ထွက်ခွာသွားလေတော့သည်။

ထင်းဝီ ထွက်သွားပြီဖြစ်သည်။

ကျောင်းဆရာဟုန်စင်းက ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်
လိုက်သည်။



"အင်း...ငါသည်လောက် ရှင်းပြလိုက်တာကို သိုင်းရာဇာ
ကျင်းရှောင်တို့ နားလည်သဘောပေါက်နိုင်ကြပါစေ"

ဟု ဆုတောင်းလိုက်လေသည်။

သူက သွေးဘီလူး(ဝါ) အားချန်အား နောက်ဆုံးပြောခဲ့
သည့် စကားကို ထင်းဝီအား ပြောမပြလိုက်ပါ။

ထိုစကားပြောလိုက်လျှင် သိုင်းရာဇာကျင်းရှောင်တို့က
အားချန်အပေါ် သဘောထား တစ်မျိုးရှိသွားနိုင်ခြင်းကြောင့် ဖြစ်လေ
သည်။

အားချန်က သိုင်းလောကအား ကျောခိုင်းဖို့ ဆုံးဖြတ်ခဲ့
သော်လည်း သူ့အား ဒုက္ခပေးလာသူများကို ချမ်းသာမပေးဘဲ ရက်
ရက်စက်စက် တိုက်ခိုက်နေသေး၏။

ထို့အတွက် အားချန်သည် သူ၏ငယ်စဉ်ဘဝနှင့် သူ့အား
သိုင်းပညာသင်ပေးခဲ့သော လူဆိုးကြီး၏ဩဇာလွှမ်းမိုးမှုကြောင့်
ဖြစ်လေသည်။

အားချန်သည် ထိုအချက်ကို ကောင်းစွာ နားလည်သဘော
ပေါက်ထားခဲ့လေသည်။

အားချန် တကယ်တမ်း ပြောင်းလဲလိုပါလျှင် လိုက်နာကျင့်
သုံးသင့်သည့်အချက်တစ်ခုကိုလည်း သတိပြုမိခဲ့လေသည်။

အားချန်အား ထိုအချက်ကို ပြောပြလိုက်ခြင်းဖြစ်ပါသည်။

"အားချန်...ခင်ဗျားက တပည့်တစ်ယောက်မွေးပြီး ပညာ

ကုန် သင်ပေးလိုက်ပါလား"

အားချုန် အံသြသွားသည်။

"ကျုပ် ဘာကြောင့် တပည့်မွေးရမှာလဲ"

"ခင်ဗျားက တပည့်မွေးပြီး ခင်ဗျားသင်ပေးလိုက်တဲ့ပည
ကို သိုင်းလောကကောင်းကျိုး ဆောင်ရွက်ခိုင်းလိုက်ပါလား"

"ဘာဗျ"

"ခင်ဗျားဆရာက ခင်ဗျားကို လူဆိုးဖြစ်အောင် လုပ်ပေး
တယ်၊ ခင်ဗျားက တပည့်ကို လူကောင်းဖြစ်အောင် လုပ်ပေးနိုင်ယ

"ကျုပ် သဘောပေါက်ပါပြီဗျာ"

အားချုန်(ဝါ) သွေးဘီလူးက ကျောင်းဆရာဟုန်စင်းအ
လေးလေးစားစား ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

ကျေးဇူးတင်သည့်စကားကိုလည်း လှိုက်လှိုက်လှဲလှဲပြေ
လိုက်လေတော့သည်။

♠ ♠ ♠

## အမြင်သုံးမျိုး

ထင်းဝီသည် သိုင်းရာဇာကျင်းရှောင်ထံသို့ ပြန်လည်ရောက်
ာပြီဖြစ်လေသည်။

ကျောင်းဆရာဟုန်စင်းထံမှ သိခဲ့ရသမျှကို ပြန်လည်ပြော
ိုက်လေသည်။

သိုင်းရာဇာကျင်းရှောင်က ရတနာဓားစုမာလွှေနှင့်လေမွှေ
က်ဝါးမင်းထင်းဟွာတို့ကို ချက်ချင်းဆက်သွယ်ဖိတ်ခေါ်လိုက်လေ
ည်။

မင်းထင်းဟွာတို့ ရောက်လာသောအခါ အကျိုးအကြောင်း
ပြောပြလိုက်သည်။

မင်းထင်းဟွာနှင့် စုမာလွှေတို့ မယုံနိုင်အောင် ဖြစ်နေကြ
သည်။

"သွေးဘီလူးလို လူတစ်ယောက်က မိန်းကလေးတစ်ယောက်ကြောင့် ပြောင်းလဲသွားတယ်ဆိုတာ မယုံနိုင်စရာပဲ"

"ဟုတ်တယ်ဗျို့ မိုင်တစ်ထောင်စားပြန့်ဟူဟာ ထင်ရှားတဲ့သိုင်းသမားတစ်ယောက်ပါ၊ ဒါပေမယ့် သူ့သမီးကိုတော့ သိုင်းလောကမှာ ကျင်လည်ကျက်စားတာမျိုး မကြားဖူးဘူး၊ သာမန်မိန်းကလေးတစ်ယောက်က သွေးဘီလူးလိုလူစားမျိုးကို ပြောင်းလဲသွားစေနိုင်တာ အံ့သြစရာပဲ"

သိုင်းရာဇာကျင်းရှောင်က...

"သွေးဘီလူးက တကယ်ပဲ ဓာတ်မြှုပ်လိုက်တော့မယ်ဆိုတာသေချာနေပြီ၊ ဒါကြောင့် ကျုပ်တို့ သည်အတိုင်း လက်ပိုက်ကြည့်နေလိုက်တာ အကောင်းဆုံးဖြစ်မယ်ထင်တယ်၊ ခင်ဗျားတို့ကော ဘယ်လိုသဘောရသလဲ၊ ပြောပါဦး"

စုမာလွှေက....

"ဟုတ်ပါတယ်ဗျာ၊ သူဟာ နှင်းဆီဆိုတဲ့ မိန်းကလေးကြောင့် ပြောင်းလဲသွားခဲ့တယ်ဆိုယင်ပဲ စိတ်အေးရပါပြီ"

မင်းထင်းဟွာက...

"နှင်းဆီက ဘယ်မှာလဲ၊ သူတို့ ဘာတွေဖြစ်ခဲ့ကြသလဲ၊ ဒါတွေက စိတ်ဝင်စားစရာကောင်းပါပယ်၊ ဒါပေမယ့် ကျုပ်တို့နဲ့မဆိုင်တော့ပါဘူး၊ သွေးဘီလူးဆိုတာ သိုင်းလောကက ပျောက်ကွယ်သွားပြီဆိုတာကို သိရတာပဲ ကျေနပ်စရာကောင်းနေပါပြီ"



သိုင်းရာဇာကျင်းရှောင်က...

"အမှန်အတိုင်း ဝန်ခံရမယ်ဆိုယင် သွေးဘီလူးက စုကျန်းယ်ထဲမှာ သောင်းကျန်းဖို့လာခဲ့တယ်ဆိုယင်တောင် ကျုပ်တို့ ဘာမှတ်နိုင်ကြမှာ မဟုတ်ပါဘူး၊ ခုတော့ ကျုပ်တို့နယ်ထဲက ထွက်သွားကျင်းစန်းတောင်မှာ ဓာတ်မြှုပ်လိုက်မယ်ဆိုတော့ အတိုင်းထက်လွန်ပါပဲ၊ ခုမှ ရင်အေးရပြီပေါ့ဗျာ"

စုမာလွှေနှင့်မင်းထင်းဟွာတို့ ရယ်မောလိုက်ကြလေသည်။

သိုင်းရာဇာကျင်းရှောင်က...

"ကဲ စုကျန်းနယ် အေးချမ်းသာယာသွားတဲ့ အထိမ်းအမှတ်စားပွဲသောက်ပွဲ ကျင်းပပေးပါရစေဗျာ"

"ဟာ..သိပ်ကောင်းတာပေါ့"

"သည်ရက်ထဲမှာ အစားပျက် အအိပ်ပျက်ဖြစ်ခဲ့ရတာ များကျုပ်တော့ အတိုးချပြီး စားသောက်လိုက်မယ်ဗျို့"

မင်းထင်းဟွာတို့က ထောက်ခံပြောဆိုလိုက်ကြသည်။

သိုင်းရာဇာကျင်းရှောင်ကလည်း အကောင်းဆုံး စားသောက်ပွဲကြီးဖြင့် ကျွေးမွေးပြုစုခဲ့လေတော့သည်။

♠ ♠ ♠

မင်းထင်းဟွာနှင့်စုမာလွေ့တို့သည် သိုင်းရာဇာကျောင်းရှောင်
ထံမှ ပြန်လာခဲ့ကြလေသည်။

လမ်းပေါ်သို့ရောက်လာပြီး လွတ်လွတ်လပ်လပ်ရှိသွား
တော့မှ စုမာလွေ့က မေးလိုက်သည်။

"ကျင်းစန်းတောင်ဟာ စုကျန်းနယ်နဲ့ ဘာမှဝေးတာ မဟုတ်
ဘူး၊ သွေးဘီလူးက စိတ်ပြောင်းသွားပြီး သောင်းကျန်းလာမယ်ဆို
ယင် မလွယ်ဘူး"

မင်းထင်းဟွာက....

"မှန်တာပေါ့ဗျာ၊ သူက စိတ်ပြောင်းသွားမယ်ဆိုယင် ကျုပ်
တို့သုံးယောက်ကို အယင်ဆုံး ရန်ရှာလာမှာပဲ၊ ဒါကြောင့် စိတ်ချနေ
လို့မဖြစ်ဘူး"

သူတို့နှစ်ယောက်သည် သွေးဘီလူးအား ယုံကြည်စိတ်ချမှု
မရှိကြောင်း ယခုမှ ပွင့်ပွင့်လင်းလင်း ပြောဆိုကြခြင်းဖြစ်သည်။

သိုင်းရာဇာကျောင်းရှောင်ကမူ သွေးဘီလူးအား ယုံကြည်စိတ်
ချနေပြီ မဟုတ်ပါလား။စုမာလွေ့က...

"ကျုပ်တို့ တစ်ခုခုတော့ လုပ်မှဖြစ်မယ် ထင်တယ်"

မင်းထင်းဟွာက...

"ဟုတ်တယ်၊ အကောင်းဆုံးက ကျင်းစန်းတောင်ကို မျက်
ခြည်မပြတ် စောင့်ကြည့်နေဖို့ပဲ၊ အခွင့်အရေးပေးပြီဆိုတာနဲ့ သွေးဘီ
လူးကို သုတ်သင်ပစ်ကြတာပေါ့"



"ဒါပေါ့ဗျာ"

နှစ်ယောက်သား အခွင့်အရေးစောင့်ကာ သွေးဘီလူးအား
တ်သင်ပစ်ရန် ဆုံးဖြတ်လိုက်ကြသည်။

မင်းထင်းဟွာက...

"ကျင်းစန်းတောင်က ဒေသခံမုဆိုးကြီးတစ်ယောက်ဟာ
ပ်နဲ့ ခင်မင်ရင်းနှီးမှုရှိတယ်၊ သူက ကျင်းစန်းတောင်ကို နှံ့နှံ့စပ်
ပ်ကျွမ်းကျင်တယ်၊ သွေးဘီလူးကို စောင့်ကြည့်ဖို့ သူ့ကိုအားထား
ာပဲ"

စုမာလွေ့က...

"ကျုပ်တပည့်နှစ်ယောက် သုံးယောက်လောက်ကိုလည်း
င်းစန်းတောင်ကို လွှတ်ထားလိုက်ပါ့မယ်ဗျာ"

နှစ်ယောက်သား သွေးဘီလူးအား သုတ်သင်ရှင်းလင်းပစ်
င်ရေးအတွက် တိုင်ပင်ဆွေးနွေးပြီး လမ်းခွဲလိုက်ကြလေတော့သည်။

♠ ♠ ♠

## တောင်ပေါ်သား

ကျင်းစန်းတောင်...။

ကျင်းစန်းတောင်သည် တောတောင်လျှိုမြောင်စိမ့်စမ်းများ ပေါများကာ လူသူအရောက်အပေါက်နည်းပါးသော တောင်တစ်လုံး ဖြစ်လေသည်။

ကျင်းစန်းတောင်ပေါ်၌ ရွာကလေးသုံးလေးရွာ ရှိပြီး ဒေသခံ အနည်းငယ် နေထိုင်ကြသည်။

ဘာယဆေး တူးဖော်ခြင်း၊ အမဲလိုက်ခြင်း၊ ငှက်ဖမ်းခြင်းစသည့် လုပ်ငန်းများ လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။

သွေးဘီလူး(ဝါ) အားချန်သည် ကျင်းစန်းတောင်သို့ ရောက်သွားသောအခါ အမဲလိုက်မုဆိုးများ နေထိုင်သည့် ရွာကလေးနှင့် မနီးမဝေးရှိ ကျောက်တောင်တစ်ခုပေါ်၌ နေထိုင်ခဲ့လေသည်။

ကျောက်တောင်ပေါ်၌ သစ်ပင်ချုံနွယ်များအပြင် ကျောက်တုံးကျောက်ခဲများ ပေါများလေရာ သဘာဝ အဟန့်အတားများသ



သိရှိလေသည်။

ကျောက်တောင်ပေါ်မှ ကျောက်ဂူတစ်ခုတွင် နေထိုင်ရန် းချန် ဆုံးဖြတ်ခဲ့သည်။

ကျောက်ဂူအား လူနေအိမ်တစ်လုံးပမာ ဖြစ်လာစေရန် အပ်သည်များကို ပြင်ဆင်ဆောင်ရွက်ခဲ့လေသည်။

အားချန်အား မုဆိုးရွာကလေးမှ 'ဝမ်းကျား'ဆိုသော မုဆိုး စ်ယောက်က အစစအရာရာ အကူအညီပေးခဲ့လေသည်။

အားချန်းနှင့်မုဆိုးဝမ်းကျားတို့မှာ ခင်မင်ရင်းနှီးသော မိတ် ွေများဖြစ်လာခဲ့ကြလေသည်။ အမှန်တော့...

မုဆိုးဝမ်းကျားသည် မင်းထင်းဟွာနှင့် ရင်းနှီးသောသူဖြစ် မင်းထင်းဟွာက အားချန်၏အခြေအနေကို စောင့်ကြည့်ပေးရန် ကူအညီတောင်းထားခြင်းကြောင့် မုဆိုးဝမ်းကျားက အားချန်နှင့် င်းနှီးမှုရအောင် ကြိုးစားခဲ့ခြင်း ဖြစ်လေသည်။

ထိုအကြောင်းကို အားချန် လုံးဝမသိခဲ့ချေ။

အားချန်သည် ကျင်းစန်းတောင်ပေါ်၌ ဓတ်မြုပ်နေထိုင် င်း သိုင်းလောကနှင့် ပတ်သက်သောအကြောင်းအရာများကို မေ့ ားလိုက်လေတော့သည်။ သို့ဖြင့်...

နွေ၊ မိုး၊ ဆောင်းရာသီ အလီလီပြောင်းကာ အချိန်များ ည်း တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့လေတော့သည်။

♠ ♠ ♠

တစ်နေ့…။

နှင်းများထူထပ်စွာ ကျဆင်းနေသည့်နေ့တစ်နေ့ ဖြစ်သည်။

အားချန်က ကျောက်ဂူရှေ့၌ မီးဖိုကာ မီးလှုံနေစဉ် မုဆိုးကြီး ဝမ်းကျား ရောက်ရှိလာလေသည်။

ဝမ်းကျားက…

"ကျုပ်က မိတ်ဆွေလေးအတွက် မီးတောက်အရက်တစ်လုံး ယူလာတယ်"

အသင့်ယူလာသော မီးတောက်အရက်ပုလင်းတစ်လုံးနှင့် ဆတ်သားခြောက်များ ထုတ်ပေးလေသည်။

အားချန် ဝမ်းသာသွားလေသည်။

"အတော်ပဲဗျို့၊ မီးတောက်အရက်နဲ့ ဆတ်သားခြောက်ကင် ကလိုက်မှလိုက်ပဲ"

မုဆိုးဝမ်းကျားပေးသော ဆတ်သားခြောက်ကို မီးကင်ကာ အရက်နှင့် မြည်းလိုက်လေသည်။

တောထဲတောင်ထဲ တစ်ယောက်ထဲနေထိုင်ရသည်မှာ အားချန်အတွက် ပျင်းရိငြီးငွေ့စရာကောင်းလှပေသည်။

အားချန်က သိုင်းလေ့ကျင့်ခြင်း၊ သိုင်းကွက်အသစ်အဆန်းများ တီထွင်ခြင်းဖြင့် အချိန်ကုန်ဆုံးစေခဲ့သည်။

မုဆိုးဝမ်းကျားရောက်လာလျှင် စကားပြောဖော်ရလေသည်။



ထို့ကြောင့်သာလျှင် ကျင်းစန်းတောင်ပေါ်၌ တစ်ယောက်ထဲ နေနိုင်ခဲ့ခြင်း ဖြစ်လေသည်။

မုဆိုးဝမ်းကျားပေးသည့် မီးတောက်အရက်နှင့် ဆတ်သားခြောက်ကို စားသောက်ယင်း…

"မုဆိုးကြီးက ကျုပ်ကို အတော်ဂရုစိုက်တာပဲနော်၊ သည်လိုဂရုစိုက်တာဟာ အကြောင်းတစ်ခုခုများ ရှိနေလို့လားဗျာ"

ဟု မေးလိုက်လေသည်။

မုဆိုးဝမ်းကျား မျက်နှာပျက်သွားလေသည်။

"ကျုပ်…ကျုပ်က"

အားချန်က…

"ကျုပ် သည်တောင်ပေါ်ကို စပြီးရောက်လာကတည်းက သတိထားနေခဲ့တာ၊ မုဆိုးကြီးဟာ တစ်ချိန်လုံး ကျုပ်ရဲ့အခြေအနေကိုစောင့်ကြည့်နေပြီး လိုအပ်တာရှိတာနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးနေတာ အကြောင်းရှိမယ် ထင်တယ်ဗျ"

"ကျုပ်..ကျုပ်"

"ကိစ္စမရှိဘူး၊ ကျုပ် ဘယ်လိုမှ သဘောမထားပါဘူး၊ အကြောင်းရှိတယ်ဆိုယင် ကျုပ်ကို ပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ်ဗျာ"

မုဆိုးဝမ်းကျားမှာ တောင်ပေါ်သားပီပီ ရိုးသားဖြူစင်သူတစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် အားချန်၏စကားကြားသောအခါ မျက်နှာ
ထားတတ်အောင် ဖြစ်သွားတော့သည်။

"ကျုပ်..ကျုပ်က"

"ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ်ဗျာ
ကျုပ်က အပြစ်တင်မှာ မဟုတ်ပါဘူး"

အားချန်က ပြောယင်း မီးတောက်အရက်ကို သောက်လိုက်
ပြန်လေသည်။ မုဆိုးဝမ်းကျား ကပျာကယာ တ... ...စ်လိုက်၏။

"အရက်ကို ဆက်မသောက်ပါနဲ့တော့ဗျာ"

"ဘာဖြစ်လို့လဲဗျ"

"အရက်ထဲမှာ အဆိပ်ခတ်ထားတယ်"

အားချန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အရက်နံ့ ခံလိုက်တာနဲ့ အဆိပ်ခတ်ထား
တယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်က အဆိပ်အရက်အမျိုးမျိုးက
သောက်ဖူးပါတယ်၊ ဒါပေမယ့် သည်အရက်လောက် မပြင်းထန်ဘူး

မုဆိုးဝမ်းကျား စိတ်မကောင်းဖြစ်နေတော့သည်။

"ကျုပ်..ကျုပ်..သည်လိုလုပ်ချင်လို့ လုပ်ရတာ မဟုတ်ပ
ဘူးဗျာ"

"ကျုပ်သိပါတယ်၊ ခင်ဗျားကို တစ်ယောက်ယောက်က ခိုင်
ခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"



"ဘယ်သူက ခိုင်းတာလဲ"

မုဆိုးဝမ်းကျား တံတွေးမျိုချလိုက်လေသည်။

"စုကျုန်းနယ်က လေပွေလက်ဝါးမင်းထင်းပွှာ ခိုင်းတာပါ
ဗျာ"

"လက်စသတ်တော့ မင်းထင်းပွှာကိုး"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကို သူကူညီခဲ့တာတွေ အများကြီး
ပါတယ်၊ ဒါကြောင့် သူခိုင်းလာတော့ မလွန်ဆန်ဝံ့ဘဲ လုပ်ပေးခဲ့ရ
တာပါ"

အားချန် မဲ့ပြုံးပြုံးလိုက်သည်။

"စုကျုန်းသိုင်းသုံးဖော်ကို ကျုပ်က ဘယ်လိုမှသဘောမ
ထားခဲ့ဘူး၊ ဒါပေမယ့် သူတို့ကတော့ ကျုပ်ကို မမေ့နိုင်ကြဘဲကိုး"

မုဆိုးဝမ်းကျားက...

"မင်းထင်းပွှာက ခင်ဗျားဟာ လူဆိုးကြီးတစ်ယောက်ဖြစ်
တယ်၊ တစ်ချိန်ကျယင် စုကျုန်းနယ်ကိုလာပြီး ဒုက္ခပေးလိမ့်မယ်၊ ဒါ
ကြောင့် သုတ်သင်ရှင်းလင်းပစ်ရမယ်လို့ ပြောပါတယ်"

အားချန်က...

"ကျုပ်က သူတို့ကို မကြောက်သေးပါဘူး၊ သူတို့က ကျုပ်ကို
သုတ်သင်ရှင်းလင်းပစ်ချင်တယ်ဆိုယင် ကိုယ်တိုင်လာပြီး တိုက်ခိုက်
သင့်တာပေါ့၊ အဆိပ်နဲ့လုပ်ကြံတာ ရှက်စရာကောင်းမနေဘူးလား
ဗျာ"

မုဆိုးဝမ်းကျား ခေါင်းညိတ်လိုက်လေသည်။

"ဒါတော့ ဟုတ်ပါတယ်"

အားချန် မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က အဆိပ်အရက်ကို သောက်ပြီးပြီဆိုတာနဲ့ သူ ရောက်လာကြမှာ သေချာတယ်"

မုဆိုးဝမ်းကျား ဦးညွှတ်လိုက်သည်။

"ကျုပ် မှားသွားပါပြီဗျာ၊ မိတ်ဆွေအတွက် အဆိပ်ဖြေဆေး ရှာပေးပါ့မယ်"

အားချန် လက်ကာပြလိုက်သည်။

"ကိစ္စမရှိဘူး၊ ကျုပ်က အဆိပ်အရက်ကို တမင်သော လိုက်တာ၊ သူတို့ ထွက်လာစေချင်လို့ပါ၊ ဒါမှ သူတို့ကို ဆုံးမနိုင်မ မဟုတ်လား"

"ကျုပ်...ကျုပ်က"

"စိတ်မပူပါနဲ့ဗျာ၊ ခင်ဗျားကို ဒုက္ခမပေးဘူးလို့ ကျုပ်ပြေ ပြီးပါပြီ"

မုဆိုးဝမ်းကျားသည် အားချန်၏ရှေ့တွင် ဒူးထောက်ချလိုက် လေသည်။

"ကျုပ်ရဲ့အမှားတွေအတွက် ကျုပ် တစ်သက်လုံး နောင်တ ရနေတော့မှာပါပဲ၊ ကျုပ် တောင်းပန်ပါတယ်ဗျာ"

"ခင်ဗျားကို ခွင့်လွှတ်ပါတယ်၊ ကဲ သူတို့ရောက်မလာခ



အချိန်ရှိတုန်း ခင်ဗျားသွားပေတော့"

"ကျုပ်"

"သွားပါဗျာ၊ တော်ကြာ သူတို့ရောက်လာယင် သူတို့အကြောင်းပေါ်ပေါက်မသွားရလေအောင် ခင်ဗျားကိုပါ နှုတ်ပိတ်လိုက်ကြလိမ့်မယ်"

မုဆိုးဝမ်းကျား ထိတ်လန့်သွားလေသည်။

"သူ...သူတို့က"

"ဟုတ်တယ်၊ သူတို့ဟာ လူကြီးလူကောင်း သိုင်းသမားတွေ မဟုတ်လား၊ ကျုပ်လို လူဆိုးကြီးတစ်ယောက်ကို အဆိပ်ခတ်ပြီး လုပ်ကြံအနိုင်ယူရတယ်ဆိုတာ ဘယ်သူမှ သိစေချင်မှာမဟုတ်ဘူး၊ အဖြစ်မှန်ကို သိထားတဲ့လူတွေကို နှုတ်ပိတ်လိမ့်မယ်၊ ခင်ဗျား ထွက်သွားတာအကောင်းဆုံးပဲ"

မုဆိုးဝမ်းကျားလည်း အဖြစ်အပျက်ကို ကောင်းစွာနားလည်သဘောပေါက်သွားလေတော့သည်။

ဒူးထောက်ရာမှ ထလိုက်သည်။

ထိုအချိန်မှာပင်...

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ တောင်ပေါ်သို့ ပြေးတက်လာသည့် လူရိပ်များကို တွေ့မြင်လိုက်ရလေသည်။

မုဆိုးဝမ်းကျား ထွက်သွားမည်ဆိုလျှင်လည်း အချိန်ရတော့

မည်မဟုတ်ချေ။

အားချန်က ကျောက်တုံးကြီးတစ်တုံးကို ညွှန်ပြလိုက်လေ

သည်။

"ဟိုကျောက်တုံးကြီးနောက်မှာ သွားပုန်းနေလိုက်ပါ"

"ဟုတ်..ဟုတ်ကဲ့"

မုဆိုးဝမ်းကျားက ကျောက်တုံးကြီးနောက်သို့ ပြေးဝင်ပုန်း

အောင်းနေလိုက်၏။

မရှေးမနှောင်းမှာပင် ပြေးလွှားလာသော လူရိပ်များအား

ချန်ရှေ့သို့ ရောက်ရှိလာကြလေတော့သည်။



လေပွေလက်ဝါး မင်းထင်းဟွာ၊ ရတနာဓား စုမာလွေနှင့်

ာပည့်သုံးယောက်တို့ ရောက်ရှိလာကြခြင်းဖြစ်လေသည်။

အားချန်က အရက်ပုလင်းကို မြှောက်ပြလိုက်သည်။

"ခင်ဗျားတို့ပို့ပေးလိုက်တဲ့အရက်က အတော်သောက်လို့

ကောင်းတာပဲဗျာ"

မင်းထင်းဟွာနှင့် ရတနာဓားစုမာလွေတို့ မျက်နှာပျက်သွား

ြလေသည်။

သူတို့အကောက်ကြံခဲ့သည်ကို အားချန် သိရှိသွားပြီ မဟုတ်

လား။

စုမာလွေက...

"သွေးဘီလူး..မင်းကြောင့် သိုင်းလောကမှာ သွေးချောင်းစီး

တယ်၊ မင်းလို ထိပ်သီးလူဆိုးကြီးတစ်ယောက်ကို သုတ်သင်ပစ်ဖို့

ျပ်တို့က ဘယ်လိုနည်းလမ်းမျိုးကိုမဆို အသုံးပြုဖို့ ဝန်လေးနေမှာ

ုတ်ဘူး"

မင်းထင်းဟွာက...

"သွေးဘီလူး..မင်းက သိုင်းလောကကို ကျောခိုင်းလိုက်ပြီ

ာပေမယ့် မင်းရဲ့စကားကို ကျုပ်တို့ယုံကြည်မှာ မဟုတ်ဘူး၊ အ

ကြာင်းရှိလို့သာ ကျင်းစန်းတောင်မှာလာပြီး ဓာတ်မြုပ်နေလိုက်

်ဆိုတာ ကျုပ်တို့သိတာပေါ့၊ တစ်နေ့ကျယင် သိုင်းလောကမှာ

ခြေချပြီး လူတွေကို ဒုက္ခပေးဦးမှာပဲ၊ ဒါကြောင့် မင်းကို သုတ်

မည်မဟုတ်ချေ။

အားချွန်က ကျောက်တုံးကြီးတစ်တုံးကို ညွှန်ပြလိုက်လေသည်။

"ဟိုကျောက်တုံးကြီးနောက်မှာ သွားပုန်းနေလိုက်ပါ"

"ဟုတ်..ဟုတ်ကဲ့"

မုဆိုးဝမ်းကျားက ကျောက်တုံးကြီးနောက်သို့ ပြေးဝင်ပုန်းအောင်းနေလိုက်၏။

မဝေးမနှောင်းမှာပင် ပြေးလွှားလာသော လူရိပ်များအားချွန်ရှေ့သို့ ရောက်ရှိလာကြလေတော့သည်။



လေပွေလက်ဝါး မင်းထင်းဟွာ၊ ရတနာဓား စုမာလွေနှင့် တပည့်သုံးယောက်တို့ ရောက်ရှိလာကြခြင်းဖြစ်လေသည်။

အားချွန်က အရက်ပုလင်းကို မြှောက်ပြလိုက်သည်။

"ခင်ဗျားတို့ပို့ပေးလိုက်တဲ့အရက်က အတော်သောက်လို့ကောင်းတာပဲဗျာ"

မင်းထင်းဟွာနှင့် ရတနာဓားစုမာလွေတို့ မျက်နှာပျက်သွားကြလေသည်။

သူတို့အကောက်ကြံခဲ့သည်ကို အားချွန် သိရှိသွားပြီ မဟုတ်ပါလား။

စုမာလွေက...

"သွေးဘီလူး...မင်းကြောင့် သိုင်းလောကမှာ သွေးချောင်းစီးခဲ့ရတယ်၊ မင်းလို ထိပ်သီးလူဆိုးကြီးတစ်ယောက်ကို သုတ်သင်ပစ်ဖို့ ကျုပ်တို့က ဘယ်လိုနည်းလမ်းမျိုးကိုမဆို အသုံးပြုဖို့ ဝန်လေးနေမှာမဟုတ်ဘူး"

မင်းထင်းဟွာက...

"သွေးဘီလူး...မင်းက သိုင်းလောကကို ကျောခိုင်းလိုက်ပြီပြောပေမယ့် မင်းရဲ့စကားကို ကျုပ်တို့ယုံကြည်မှာ မဟုတ်ဘူး၊ အကြောင်းရှိလို့သာ ကျင်းစန်းတောင်မှာလာပြီး ဓာတ်မြုပ်နေလိုက်တယ်ဆိုတာ ကျုပ်တို့သိတာပေါ့၊ တစ်နေ့ကျယင် သိုင်းလောကမှာ ပြန်ခြေချပြီး လူတွေကို ဒုက္ခပေးဦးမှာပဲ၊ ဒါကြောင့် မင်းကို သုတ်

သင်ပစ်ဖို့ ဆုံးဖြတ်လိုက်ကြတာ”

အားချန်က ရယ်မောလိုက်လေသည်။

“ကျုပ် သဘောပေါက်ပါတယ်ဗျာ၊ ခင်ဗျားတို့က ကျုပ်
ကြောက်နေကြတာပဲ မဟုတ်လား”

“ဘာပြောတယ်’

“ကျုပ်ကို ကြောက်နေလို့သာ ကျုပ်ကို အကောက်ကြ
ကြိုးစားကြတာပေါ့၊ ခင်ဗျားတို့ သိအောင်ပြောလိုက်ဦးမယ်ဗျာ၊
ဗျားတို့ရဲ့အဆိပ်ကို ကျုပ်မမှုဘူးဆိုတာဘဲဗျ”

စုမာလွေနှင့်မင်းထင်းဟွာတို့ အချင်းချင်းကြည့်လိုက်
လေသည်။

စုမာလွေက...

“သူက အဆိပ်ကို မမှုဘူးဆိုပါလား”

မင်းထင်းဟွာက...

“အဆိပ်က အတော်ကိုပြင်းထန်ပြီး ကြောက်စရာကော
တယ်၊ သည်အဆိပ်မိခဲ့ယင် ပျောက်စေသမားတော်ကလွဲပြီး ဘ
သူကမှ ကုသမပေးနိုင်ဘူး၊ သူပြောတိုင်း ယုံမနေပါနဲ့ဗျာ”

နှစ်ယောက်သား တီးတိုးပြောဆိုလိုက်ကြပြီး အားချန်ဘ
သို့ပြန်လှည့်လိုက်ကြလေသည်။

အားချန်က...

“ကျုပ်က အဆိပ်ကို မကြောက်တဲ့အပြင် ခင်ဗျားတို့ကို



နိုင်ပါသေးတယ်ဗျာ”

လက်ထဲမှအရက် ကုန်နေပြီဖြစ်သော အဆိပ်အရက်ပုလင်း
ို ပစ်ချကာ ထိုင်ရာမှထရပ်လိုက်လေသည်။

စုမာလွေက...

“သတိထားကြ”

မင်းထင်းဟွာတို့အား သတိပေးယင်း သူ၏ရတနာဓားကို
မ်းခနဲမြည်အောင် ဆွဲထုတ်လိုက်လေသည်။

သူ၏တပည့်သုံးယောက်ကလည်း လက်နက်ကိုယ်စီ ဆွဲ
တ်လိုက်ကြလေသည်။

ချက်ချင်းပင် အားချန်ကို ဝိုင်းရံထားလိုက်ကြလေသည်။

“ဟား...ဟား...ဟား”

အားချန် ဟားတိုက်ရယ်မောလိုက်လေသည်။

“ကျုပ်က သိုင်းလောကကို ကျောခိုင်းလိုက်တော့မယ်လို့
ဆုံးဖြတ်ထားလိုက်ပေမယ့် ကျုပ်ကို ဒုက္ခပေးလာတဲ့လူတွေကိုတော့
ှမ်းသာမပေးခဲ့ဘူး၊ ကျုပ်က သည်တောင်ပေါ်ကို ရောက်လာတော့
ိတ်က တစ်မျိုးပြောင်းသွားပြန်တယ်”

မင်းထင်းဟွာနှင့် စုမာလွေတို့ကို စိုက်ကြည့်ကာ ဆက်ပြော
လိုက်လေသည်။

“ကျုပ်ကို နှောက်ယှက်လာတဲ့လူတွေကို မသတ်တော့ဘူး၊
ါပေမယ့် သူတို့ရဲ့သိုင်းပညာကို ဖျက်ဆီးပစ်လိုက်မယ်လို့ ဆုံးဖြတ်

လိုက်တာပဲ"

စုမာလွေ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့ သိုင်းပညာကို ဖျက်ဆီးပစ်လိုက်မယ်လို့ ခင်ဗျား ဆိုလိုချင်တာလား"

"မှန်ပါတယ်ဗျာ"

"ကောင်းပြီလေ၊ ခင်ဗျား ဘယ်လောက်တတ်နိုင်မလဲ ကြည့် ကြသေးတာပေါ့"

စုမာလွေသည် ဓားငွေယမ်းကာ အားချန်ထံ ခုန်ဝင်တိုက် ခိုက်လိုက်လေသည်။

"ယား"

မင်းထင်းဟွာကလည်း ညာသံပေးကာ ခုန်ဝင်လာသည်။

သူတို့နှင့်အတူ လိုက်ပါလာကြသည့် တပည့်သုံးယောက် ကလည်း ပါဝင်တိုက်ခိုက်လာကြလေတော့သည်။

♠ ♠ ♠



ကျင်းစန်းတောင်ပေါ်၌ အားချန်က ဓာတ်မြုပ်နေလိုက် ...သော်လည်း ကောင်းမွန်စွာ မနေရဘဲ တိုက်ပွဲနှင့်ရင်ဆိုင်လိုက်ရပြန် ဖြစ်လေသည်။

"သူ့ အဆိပ်မိထားတယ်၊ ဘာမှကြောက်စရာမလိုဘူး၊ ...ကို မလွတ်စေနဲ့"

"တိုက်ကြဟေ့"

စုမာလွေနှင့်မင်းထင်းဟွာတို့က ညာသံပေးကာ တရကြမ်း ...က်ခိုက်လိုက်ကြလေသည်။

ညာသံပေးသံများနှင့်အတူ ဓားရောင်များ ဝင်းလက်သွား ...သည်။

မင်းထင်းဟွာတို့၏ တိုက်ခိုက်မှုကြောင့် အားချန် လဲကျသေ ...သွားမည် ထင်ရလေသည်။

သို့သော်...

စုမာလွေတို့ သိုင်းကွက်တစ်ရာကျော် တိုက်ခိုက်ပြီးသည့် ...င်အောင် အားချန်၏အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်နိုင်ခြင်းမ ...ါချေ။

အားချန်က ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းနေ ...က်လေသည်။

စုမာလွေ မကျေမနပ် ဖြစ်သွား၏။

"သိကြသေးတာပေါ့"

ကြိုးဝါးယင်း လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်တိုက်ခိုက်
လိုက်လေသည်။

"ဝှစ်...ဝှစ်...ဝှစ်"

လက်နက်ပုန်းလေးများ တရစပ်ပစ်လွင့်သွား၏။

အားချန်က...

"လာခဲ့စမ်း"

လက်ဝှေ့ယမ်းကာ ဖမ်းယူလိုက်လေသည်။

လက်နက်ပုန်းလေးများ ပျောက်ကွယ်သွားလေသည်။

မင်းထင်းဟွာက...

"စုမာလွေ့ ကျုပ်တို့ အချိန်ကြာကြာ တိုက်ခိုက်ရလေလေ
ကောင်းလေလေပဲ၊ သူက အဆိပ်ကို အတွင်းအားနဲ့ ထိန်းချုပ်ထား
တာ၊ တိုက်ခိုက်ရလို့ အတွင်းအားကို ထုတ်သုံးရယင် အဆိပ်တွေ
တစ်ကိုယ်လုံး ပျံ့သွားပြီး ဒုက္ခရောက်သွားလိမ့်မယ်၊ သိပ်မလောနဲ့"

ဟု လှမ်းပြီး အသိပေးလိုက်သေလည်။

စုမာလွေ့လည်း ဒေါသစိတ်ကို ထိန်းချုပ်ထားလိုက်ရတော့
သည်။

အားချန်က လက်နက်ပုန်းလေးများကို အင်္ကျီလက်ဖြင့် လိပ်
ကာ ဖမ်းယူထားလိုက်ပြီး...

"ခင်ဗျားတို့ပစ္စည်း ပြန်ယူပါ"

လက်ဝှေ့ယမ်းလိုက်လျှင် လက်နက်ပုန်းလေးများ ပြန်လည်



လွင့်သွားတော့သည်။

စုမာလွေ့နှင့် မင်းထင်းဟွာတို့ ကပျာကယာ ရှောင်တိမ်း
လိုက်ကြ၏။

စုမာလွေ့၏တပည့်သုံးယောက်ကား ရှောင်တိမ်းရန်နောက်
ကျသွားသဖြင့် လက်နက်ပုန်းလေးများ ထိမှန်ကာ လဲကျသွားကြ
လေတော့သည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စုမာလွေ့ ခံပြင်းသွားလေသည်။

"ခုမှ မထူးတော့ဘူး၊ သူသေကိုယ်သေ တိုက်ခိုက်ကြတာ
ပေါ့"

မြေပေါ်ခြေဆောင့်ကာ အားချန်ထံ ခုန်ဝင်သွားလေသည်။

အားချန်သည် စုမာလွေ့၏ပြင်းထန်သော ဓားချက်များကို
ရှောင်တိမ်းပြီး ပြန်လည်တိုက်ခိုက်လိုက်၏။

ထိုအချိန်မှာပင်...

"ယား"

မင်းထင်းဟွာက အနီးသို့ရောက်လာပြီး လေပွေလက်ဝါး
သိုင်းကို အသုံးပြုကာ တရကြမ်းတိုက်ခိုက်လာလေသည်။

တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေပါတော့သည်။

သုံးယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မရှေးမ
နှောင်းမှာပင်...

"ဝုန်း"

"အွန့်"

"အား"

လူရိပ်များ ရောထွေးယှက်တင်ဖြစ်သွားသလို အော်ဟစ်
ညည်းတွားသံများလည်း ထွက်ပေါ်လာလေသည်။

သုံးယောက် လူချင်းကွဲကာ လွင့်စဉ်သွားကြသည်။

ထို့နောက် တိုက်ပွဲပြီးဆုံးသွားလေတော့သည်။

♠ ♠ ♠



တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

အားချန်က မလှုပ်မယှက် ရပ်နေသည်။

သူ၏နှုတ်ခမ်းထောင့်မှာ သွေးများစီးကျနေ၏။

သူ၏ခန္ဓာကိုယ် တဖြည်းဖြည်း တုန်တုန်ယင်ယင်ဖြစ်လာ
ပြီ...

"ဝေါ့"

ပါးစပ်ထဲမှ သွေးမည်းများ အန်ထုတ်လိုက်လေသည်။

အားချန်သည် အတွင်းဒဏ်ရရှိလိုက်ပြီ ဖြစ်သလို အဆိပ်
သည်းမိထားပြီဖြစ်သည်။

သို့သော်...

သူက မားမားမတ်မတ် ရပ်နေနိုင်သေး၏။

စုမာလွေနှင့် မင်းထင်းဟွာတို့ကား မြေပေါ်လဲကျနေကြ
လေသည်။

အားချန်က...

"ခင်ဗျားတို့ ကျုပ်ကို နောက်ထပ်ဒုက္ခပေးနိုင်ကြတော့မှာ
မဟုတ်ပါဘူး၊ ခင်ဗျားတို့ရဲ့သိုင်းပညာတွေ ဆုံးရှုံးသွားပါပြီ၊ ခင်ဗျား
တို့သွားကြပါတော့ဗျာ"

ဟု ပြောလိုက်သည်။

စုမာလွေနှင့် မင်းထင်းဟွာတို့ မြေပေါ်မှ လူးလိမ့်ထလာကြ
လေသည်။

သူတို့၏မျက်နှာများ ရှုံ့မဲ့နေသည်။

အားချန်ပြောသည့်အတိုင်း သူတို့၏သိုင်းပညာများ ဆုံးရှုံးသွားပြီ ဖြစ်လေသည်။

သူတို့က သွေးဘီလူးအား သုတ်သင်ပစ်လိုကြသည်။

သွေးဘီလူးက သိုင်းလောကအား ကျော်နိုင်းလိုက်ပြီဆိုသည်ကို လက်မခံခဲ့ကြပါ။

ယခုတော့..

သူတို့ကိုယ်တိုင် သိုင်းလောကမှ အနားယူကြရတော့မည် ဖြစ်သည်။

သိုင်းပညာ ဆုံးရှုံးသွားပြီဖြစ်၍ သိုင်းလောက၌ ဆက်လက်ရပ်တည်ဖို့ မဖြစ်နိုင်တော့ပါ။

သူတို့သာ သိုင်းလောကမှ အမှန်တကယ် နှုတ်ထွက်အနားယူကြရတော့မည် ဖြစ်လေသည်။

စုမာလွှေနှင့် မင်းထင်းဟွာတို့ ခံပြင်းနေကြသည်။

ထိတ်လန့်အံ့ဩနေကြသည်။

အားချန်က...

"ကျုပ်က အတွင်းဒဏ်ရထားတယ်၊ အဆိပ်မိထားတယ်ဆိုပေမယ့် ခင်ဗျားတို့နှစ်ယောက်ကို ဆုံးမနိုင်သေးဘာယ်ဆိုတာ မှတ်ထားပါဗျာ"

ဟု ပြောလိုက်သည်။



တောင်ပေါ်မှ အေးအေးဆေးဆေး ထွက်မသွားလျှင် သက်သာတော့မည် မဟုတ်သည့်သဘော ရှိလေသည်။

စုမာလွှေနှင့်မင်းထင်းဟွာတို့ ဘာမှမပြောဝံ့ကြတော့ပါ။

အားချန်က သူတို့အား ချမ်းသာပေးလိုက်သည်ကိုပင် ကျေးဇူးတင်ရဦးမည် မဟုတ်ပါလား။

နှစ်ယောက်သား မြေပေါ်လဲကျနေသည့် တပည့်သုံးယောက်ကိုပင် အမှုမထားနိုင်ကြတော့ဘဲ တောင်ပေါ်မှပြေးဆင်းသွားကြလေတော့သည်။

♠ ♠ ♠

အားချွန်က လူမသတ်လိုပါ။

သို့သော်...

စုမာလွေ၏တပည့်သုံးယောက်ကား သိုင်းပညာနှင့် အ တွင်းအား ပြောပြလောက်သည်မဟုတ်ရကား အားချွန်၏တိုက် ခိုက်မှုကို မခံနိုင်ဘဲ သေဆုံးသွားခဲ့ကြခြင်း ဖြစ်လေသည်။

စုမာလွေနှင့် မင်းထင်းဟွာတို့ တောင်ပေါ်မှ ဆင်းသွားကြ ပြီးနောက် မုဆိုးဝမ်းကျားက ပုန်းကွယ်ရာမှ ထွက်လာခဲ့လေသည်။

အားချွန်က...

"ခင်ဗျား သွားသင့်ပြီ၊ စုမာလွေတို့ သိုင်းပညာဆုံးရှုံးသွား ကြတယ်ဆိုပေမယ့် သူတို့မှာ မိတ်ဆွေအပေါင်းအသင်းတွေ ရှိနေကြ တော့ တစ်နည်းမဟုတ်တစ်နည်းနဲ့ ဒုက္ခပေးလာနိုင်တယ်"

ဟု ပြောလိုက်လေသည်။

မုဆိုးဝမ်းကျား ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသွားနိုင်သေးပါဘူးဗျာ"

"ဘာဖြစ်လို့လဲဗျ"

"ခင်ဗျားကိုထားပြီး မသွားနိုင်လို့ပေါ့"

"ဪ"

"ခင်ဗျားကို လူဆိုးကြီးတစ်ယောက်ထင်ပြီး မင်းထင်းဟွာ တို့ခိုင်းတာကို ကျုပ် လုပ်ခဲ့မိတာ၊ ခင်ဗျားအပေါ်မှာ ကျုပ် အမှား ကြီးမှားခဲ့ပြီ၊ ကျုပ်ရဲ့အမှားတွေအတွက် ပြန်ပြီးပေးဆပ်ပါရစေဗျာ"



အားချွန် ခေါင်းခါယမ်းလိုက်လေသည်။

"ကိစ္စမရှိပါဘူးဗျာ"

မုဆိုးဝမ်းကျားက...

"ခင်ဗျားဟာ ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် ခင်ဗျားဟာ ျုပ်လေးစားရတဲ့ လူတစ်ယောက် ဖြစ်နေပါပြီ၊ ဒါကြောင့် ကျုပ် သက်သေရမယ်ဆိုယင်တောင် နောက်ဆုတ်တော့မှာ မဟုတ်ပါ ူးဗျာ"

အားချွန်က...

"ကျုပ်ကို သိုင်းလောကတစ်ခုလုံးက လူဆိုးကြီးတစ် ယာက်လို့ သတ်မှတ်ထားကြတယ်၊ ကျုပ်ကိုတွေ့တဲ့နေရာမှာ သတ် ်ချင်နေကြတာ၊ ကျုပ်ကလည်း တကယ်ကို ဆိုးသွမ်းခဲ့သူတစ် ယာက်ပဲကိုး၊ ကျုပ်ကို ကူညီယင် ခင်ဗျားအတွက် ဘာများအကျိုး ကျုးဇူးရှိမှာမို့လို့လဲဗျာ"

မုဆိုးဝမ်းကျားက...

"ခင်ဗျားဟာ ကျုပ်ကို ညှာတာခဲ့တယ်၊ အသက်ကယ်ခဲ့ ယ်၊ ကျုပ်တို့နှစ်ယောက်ဟာ မိတ်ဆွေတွေလည်း ဖြစ်ခဲ့ကြတယ် ဟုတ်လားဗျာ"

အားချွန်က...

"ကျုပ်က လက်မခံဘူးဆိုယင်ကော"

မုဆိုးဝမ်းကျားက...

"ခုချိန်မှာ ခင်ဗျားအတွက် အကူအညီလိုနေပါပြီ၊ ခင်ဗျား
တကယ်နားလည်သဘောပေါက်ပြီး တကယ့်စေတနာနဲ့ ကူညီ
တာ ကျုပ် တစ်ယောက်ပဲရှိပါတော့တယ်ဗျာ"

"ကျုပ်က ဘယ်သူ့အကူအညီမှ လိုချင်တဲ့လူတစ်ယော
မဟုတ်ဘူးဗျ"

"ခုချိန်မှာတော့ ခင်ဗျား စိတ်လျှော့ထားလိုက်တာ
ကောင်းဆုံးဖြစ်မှာပါ"

အားချုန် လက်ဝှေ့ယမ်းပြလိုက်သည်။

"ကျုပ် လက်မခံဘူး၊ ကဲ ခင်ဗျားသွားပေတော့"

မုဆိုးဝမ်းကျားက ထွက်မသွားပါ။

အားချုန်က သူ့အား နောက်ထပ်မောင်းထုတ်နိုင်တော့မ
မဟုတ်ကြောင်း နားလည်ထားလေသည်။

"ခင်ဗျား မသွားသေး..."

အားချုန် စကားဆုံးအောင် မပြောလိုက်ရပါ။

"ဝုန်း"

ဒူးများကွေးညွတ်ကာ မြေပေါ်လဲကျသွားလေတော့သည်

♠ ♠ ♠



## စကားတစ်ခွန်း

သုံးနှစ်...။

သုံးနှစ်ဟူသောအချိန် ကုန်ဆုံးသွားပြီဖြစ်သည်။

ထိုသုံးနှစ်အတွင်း ကျင်းစန်းတောင်သို့ သိုင်းလောကသား
အတော်များများ ရောက်ရှိလာခဲ့ကြလေသည်။

သွေးဘီလူးအား လာရောက်ရှာဖွေကြခြင်း ဖြစ်သည်။

စုမာလွေ့နှင့်မင်းထင်းဟွာတို့သည် သိုင်းပညာဆုံးရှုံးသွား
ပြီးနောက် စုကျန်းနယ်သို့ ပြန်ရောက်သွားသောအခါ သွေးဘီလူး
သည် ကျင်းစန်းတောင်၌ လျှို့ဝှက်စွာ ပုန်းအောင်းနေထိုင်လျှက်ရှိ
ပြီး သူ၏အတွင်းဒဏ်ကို ကုသနေသည်ဟု သိုင်းလောကသို့ သတင်း
လွှင့်လိုက်ကြလေသည်။

ဤတွင်...

"သွေးဘီလူး သိုင်းလောကကို ကျောခိုင်းသွားတာ အတွင်း ဒဏ်ရထားလို့ပဲ"

"ခုချိန်မှာ သူ့ကိုရှာဖွေပြီး သုတ်သင်ရှင်းလင်းပစ်နိုင်ယ သိုင်းလောကအတွက် အမြတ်ထွက်မှာပဲ"

"သွေးဘီလူးက သိုင်းပညာ အသုံးမပြုနိုင်တော့လို့ ပုန်း တာပဲ"

"သူ့ကို ရှာဖွေဆုံးမရမယ်"

သိုင်းလောကသားများသည် သွေးဘီလူးအား ရှာဖွေက ဆုံးမရန် အားတက်သရော ဖြစ်လာကြသည်။

ထို့နောက် ကျောင်းစန်းတောင်သို့ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာကြတော့သည်။

နောက်ပိုင်းတွင်...

ကျောင်းစန်းတောင်သို့ ရောက်လာကြသူများတွင် သွေးဘီလူ အား သုတ်သင်ကာ သွေးဘီလူးစီရင်ထားသော သိုင်းကျမ်းကိုရယူလို သူများလည်း ပါဝင်လာတော့သည်။

လူသူဝေးလံခေါင်းပါးသော ကျောင်းစန်းတောင်၌ သိုင်းလော ကသားများဖြင့် စည်ကားသိုက်မြိုက်လာတော့သည်။

သို့သော်...

မည်သူတစ်ဦးတစ်ယောက်မျှ သွေးဘီလူးကို ရှာမတွေ့ ကြချေ။



သွေးဘီလူးသည် ကျောင်းစန်းတောင်မှ ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့လေတော့သည်။

♠ ♠ ♠

သွေးဘီလူးတစ်ယောက် မည်သည့်နေရာရောက်ရှိသွားပါ နည်း။

သွေးဘီလူးအားချန်သည် အဝေးသို့ ထွက်သွားခြင်းမဟုတ် ကျောင်းစန်းတောင်၌ပင် ရှိနေပါသည်။

မုဆိုးဝမ်းကျားက ကျောင်းစန်းတောင် အတွင်းပိုင်းရှိ ကျောက် ာင်တစ်ခုသို့ ခေါ်သွားခဲ့ခြင်းဖြစ်လေသည်။

ထိုကျောက်တောင်သည် ကျောင်းစန်းတောင်အတွင်းပိုင်း၌ရှိ ရောက်ရန်ခက်ခဲလေသည်။

သုံးနှစ်...။

မုဆိုးဝမ်းကျားက အားချန်ကို သုံးနှစ်လုံးလုံး ပြုစုခဲ့သည်။

ထိုသုံးနှစ်အတွင်း သူတို့နှစ်ယောက် အလွန်ခင်မင်ရင်းနှီး းခဲ့ကြလေသည်။

အားချန်သည် အမှန်တကယ်ပင် အေးအေးချမ်းချမ်းနေထိုင် သူတစ်ယောက် ဖြစ်လာသည်။

သိုင်းလောကသို့ မသွားလိုတော့ပါ။

သိုင်းလောကနှင့် မပတ်သက်လိုတော့ပါ။

ပတ်သက်ခဲ့ဖူးသည်များကိုလည်း မေ့ထားလိုက်လေသည်

မုဆိုးဝမ်းကျားနှင့်အတူ အမဲလိုက်သည်။

ဘယဆေးပင်များ၊ သစ်ခွပန်းများ ရှာဖွေသည်။

ကျင်းစန်းတောင်ပေါ်၌ စိတ်သစ်လူသစ်ဖြင့် တကယ်

အေးအေးချမ်းချမ်း နေခဲ့လေသည်။

အားချန်၏ရုပ်သွင်ကလည်း အပြောင်းလဲကြီးပြောင်းလ

သွားလေသည်။

တကယ့် ကျေးတောသား တောင်ပေါ်သားတစ်ယော

အသွင်မျိုး ဖြစ်လာလေသည်။

ရုတ်တရက်ဆိုလျှင် သူသည် သွေးဘီလူးဖြစ်ကြောင်း မ

သူမျှ မှတ်မိနိုင်ကြတော့မည် မဟုတ်ပါ။

အားချန်အတွက် အစစအရာရာ ပြောင်းလဲသွားကာ တ

ကယ့်ကို အေးချမ်းသောဘဝကို ပိုင်ဆိုင်လိုက်ရခြင်း ဖြစ်လေသည်

တစ်နေ့...။

အားချန်နှင့်မုဆိုးဝမ်းကျားတို့ ဘယဆေးတူးရန် ထွက်လာ

ခဲ့ကြလေသည်။

နှစ်ယောက်သား တောလမ်းအတိုင်း လျှောက်လာကြယင်း

တစ်နေရာသို့အရောက်တွင် လူတစ်စုနှင့် တွေ့လိုက်ရလေသည်။

အံရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြပြီး လက်နက်



ပ်စီကိုင်ဆောင်ထားကြသည့် သိုင်းလောကသားများ ဖြစ်လေ

သည်။

သိုင်းလောကသားနှစ်ယောက်သည် အားချန်တို့နှစ်

ဖက်ကို ဟန့်တားလိုက်ကြလေသည်။

"ခင်ဗျားတို့ဟာ သည်ကျင်းစန်းတောင်တန်းမှာ နေထိုင်ကြ

တွေလား"

အားချန်က...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ဟာ ဘယဆေးပင်တွေရှာပြီး

သက်မွေးဝမ်းကျောင်းပြုကြသူတွေပါ"

"ဒါဖြင့် သည်တောင်တန်းပေါ်မှာ လူဆိုးကြီးတစ်ယောက်

အောင်းနေတယ်ဆိုတာ ကြားမိမှာပေါ့"

"ကြားမိတာ ကြာပါပြီ၊ ကျုပ်တို့လည်း နေရာအနှံ့သွားနေ

ကြတာပါ၊ တစ်ခါမှ မတွေ့ဖူးပါဘူး"

အားချန်က မှင်သေသေဖြင့် ပြောလိုက်လေသည်။

အားချန်အား တားဆီးကာ မေးမြန်းလာသူမှာ အသက်နှစ်

ဆယ်ကျော်ခန့်ရှိ လုလင်တစ်ယောက်ဖြစ်သည်။

မင်းသားလေးတစ်ယောက်အလား ဝတ်ကောင်းစားလှ

ဝတ်ဆင်ထားလေသည်။

ထိုလုလင်မှာ သိုင်းလောက၌ သွေးဘီလူးဓာတ်မြုပ်သွား

း သုံးနှစ်အတွင်း လျှမ်းလျှမ်းတောက်ကျော်ကြားလာသော

'အမိုက်ထိပ်ခေါင်သိုင်းသမား'၏တပည့်သုံးယောက်တွင် ပါဝင်သည့်
မင်းသားလေး 'ပုယို့ကျူး' ဖြစ်လေသည်။

အမိုက်ထိပ်ခေါင်သည် မှားသည် မှန်သည် ဝေခွဲခြင်းမပြု
ထင်ရာစိုင်းသူဖြစ်သလို သိုင်းစွမ်းအလွန်ထက်မြက်သူလည်း ဖြစ်လေ
သည်။

အမိုက်ထိပ်ခေါင်၏တပည့် သုံးယောက်မှာ 'လေလိုက်ဝမ်
ပြန့်'၊ 'သံလက်စွမ်းထုံ' နှင့် 'မင်းသားလေးပုယို့ကျူး' တို့ဖြစ်လေ
သည်။

ယခု သွေးဘီလူးလက်သစ်ဟု တင်စားခြင်းခံရသော
အမိုက်ထိပ်ခေါင်၏တပည့်သုံးယောက်ထဲမှ မင်းသားလေး ပုယို့ကျူး
သည် ကျောင်းစန်းတောင်သို့ ရောက်ရှိလာပြီဖြစ်လေသည်။

ပုယို့ကျူးက အဘယ်ကြောင့် သွေးဘီလူးအား စိတ်ဝင်စား
နေရပါသနည်း။

ပုယို့ကျူးသည် အမိုက်ထိပ်ခေါင်နှင့်အတူ သိုင်းလောကသို့
ခြေချကာ ကျင်လည်ကျက်စားယင်း မမျှော်လင့်ဘဲ မိန်းမချောလေး
တစ်ယောက်နှင့် ဆုံတွေ့ခဲ့မိလေသည်။

ထိုမိန်းကလေးမှာ မိုးစွေငှက်လျှံကျူးဖြစ်သည်။

မိုးစွေငှက်သည်လည်း မာနကြီးသော မိန်းကလေးတစ်
ယောက်ဖြစ်ပြီး သူမအား ထိပါးလာပါက လုံးဝလက်မခံဘဲ လက်
တုန့်ပြန်တတ်သော ဆတ်ဆတ်ကျဲ မိန်းကလေးတစ်ယောက် ဖြစ်



လေသည်။

မိုးစွေငှက်သည် သွေးဘီလူးသည် အတွင်းအားဆုံးရှုံးကာ
သိုင်းပညာ အသုံးမပြုနိုင်တော့သဖြင့် ကျောင်းစန်းတောင်တွင် ဓာတ်
မြုပ်နေလိုက်သည်ဟု သတင်းကြားခဲ့လေသည်။

ထို့အပြင်...

သွေးဘီလူး စီရင်ထားသော သိုင်းကျမ်းကိုရမည်ဆိုပါက
သိုင်းလောက၌ မည်သူ့ကိုမျှ မှုစရာလိုတော့မည်မဟုတ်ဟုဆိုသော
ပြောဆိုမှုများကို ကြားခဲ့ပြီးလျှင် သွေးဘီလူး၏သိုင်းကျမ်းကို လိုချင်
မက်မောကာ လာခဲ့ခြင်းဖြစ်လေသည်။

သွေးဘီလူးအား ဒုက္ခပေးလိုသဖြင့် သွေးဘီလူးထံ၌ ပြိုင်
ဘက်ကင်းသော သိုင်းကျမ်းတစ်ခုရှိနေသည်ဟုစုမာလွှေနှင့်မင်းထင်း
ဟွာတို့က လုပ်ကြံသတင်းလွှင့်ခဲ့ကြခြင်း ဖြစ်လေသည်။

လောဘရမ္မက်တက်နေသော သိုင်းလောကသားများသည်
သိုင်းကျမ်းကို မက်မောကာ ကျောင်းစန်းတောင်သို့ လာခဲ့ကြလေတော့
သည်။

ပုယို့ကျူးက...

"ခင်ဗျားတို့က ဒေသခံတွေဆိုတော့ ကျောင်းစန်းတောင်ရဲ့ နေ
ရာအနှံ့ကိုရောက်ခဲ့ဖူးကြမှာပေါ့"

အားချန်း ခေါင်းညိတ်လိုက်သည်။

"ရောက်ဖူးပါတယ်၊ ဒါပေမယ့် သွေးဘီလူးဆိုတဲ့လူကို

မတွေ့ဖူး၊ မမြင်ဖူးတာ အမှန်ပါပဲ”

ပုယို့ကျူး စိတ်ပျက်သွားလေတော့သည်။

ထိုစဉ် မိန်းမချောလေးမိုးစွေငှက်လျှံကျူး ရောက်ရှိလာလေ
သည်။

“သူတို့က သွေးဘီလူးကို မသိဘူးလို့ပြောနေကြတာပဲ
ဟုတ်လား”

ပုယို့ကျူး ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ် ညီမရယ်”

လျှံကျူးက...

“ကျင်းစန်းတောင်ကလူတွေ ဘယ်သူ့ကိုပဲမေးမေး သွေး
ဘီလူးအကြောင်းကို ဘာမှမေးလို့မရဘူး၊ အဲဒါ သူတို့က သွေးဘီ
လူးကို ကြောက်လို့မပြောဝံ့ကြတာဘဲဖြစ်မယ်”

သူမသည် အားချန်နှင့်မုဆိုးဝမ်းကျားကို စိုက်ကြည့်လိုက်
လေသည်။

“ရှင်တို့က သွေးဘီလူးကို မတွေ့ဖူးကြဘူး ဟုတ်လား”

အားချန်းက...

“ဟုတ်ပါတယ်ဗျာ”

လျှံကျူးက...

“ဒါဆို ရှင်တို့က သွေးဘီလူးကိုကြောက်ပြီး လိမ်ပြောတာ
ပဲဖြစ်မယ်”



“မဟုတ်တာဘဲ မိန်းကလေးရယ်”

မိုးစွေငှက်လျှံကျူး မဲ့ပြုံးပြုံးလိုက်သည်။

“ကျွန်မက ရှင်တို့ကိုဖမ်းပြီး ရိုက်နှက်နှိပ်စက်လိုက်မယ်ဆို
င် ရှင်တို့ အမှန်အတိုင်း ထုတ်ဖော်ပြောကြမှာပဲ မဟုတ်လားရှင်”

အားချန်နှင့်မုဆိုးဝမ်းကျားတို့သည် လျှံကျူး၏စကားကြောင့်
ကျေမနပ်ဖြစ်သွားကြလေသည်။

ထိုစဉ်...

“မိန်းကလေး သည်လိုလုပ်တာတော့ မကောင်းပါဘူးဗျာ၊
းကလေးက သွေးဘီလူးကိုရှာနေတာပဲ၊ သူတို့နဲ့ ဘာမှဆိုင်တာမှ
ဟုတ်တာ”

ဖျောင်းဖျပြောဆိုသံနှင့်အတူ ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထား
သာ လူငယ်တစ်ယောက် ရောက်ရှိလာလေသည်။

မိုးစွေငှက်လျှံကျူး မကျေမနပ် ဖြစ်သွားလေသည်။

“နေပါဦး ရှင်နဲ့ဘာဆိုင်လို့ သည်လိုဝင်ပြောရတာလဲရှင့်”

လူငယ်က...

“သွေးဘီလူးကို ရှာမတွေ့တာနဲ့ တွေ့တဲ့လူတိုင်းကို သွေးဘီ
းအကြောင်းသိရမယ်ဆိုပြီး ဒုက္ခပေးဖို့မကောင်းလို့ ကျုပ် က
တနာနဲ့သတိပေးတာပါ”

မိုးစွေငှက်လျှံကျူး ဒေါပွသွားရ၏။

“ကျွန်မကို ဆရာလာလုပ်နေတာကိုး၊ နေစမ်းပါဦး၊ ရှင်က

ဘယ်သူလဲ၊ ပြောစမ်းပါဦး”

ဖျင်ကြမ်းအင်္ကျီဝတ်ထားသော လူငယ်က တည်ကြည်သေ မျက်နှာထားဖြင့် ပြောလေသည်။

“ကျုပ်က ဝမ်းကျိုးစန်းပါ”

“ရှင့်နာမည် တစ်ခါမှလည်း မကြားဖူးပါလား”

“ဟုတ်ပါတယ်ဗျာ၊ ကျုပ်ဟာ မနေ့တစ်နေ့ကမှ သိုင်းလေ ကထဲရောက်လာတဲ့ အညတရတစ်ယောက်ဝါ”

“ဟွန့် ကျွန်မ ဘယ်သူဘယ်ဝါဆိုတာကော ရှင်သိမှာ ဟုတ်တော့ ကျွန်မပဲ ပြောပြမယ်၊ မိုးစွေငှက်လှျံကျူးဆိုတာ ကျွန် ပဲရှင့်”

လူငယ်(ဝါ) ဝမ်းကျိုးစန်း ဦးညွှတ်လိုက်သည်။

“ကျုပ် မှတ်ထားပါ့မယ်ဗျာ”

မိုးစွေငှက်လှျံကျူးက...

“နေပါဦး၊ ရှင်က ကြီးကြီးကျယ်ကျယ်ပြောပြီး ရှင်ကိုယ်တို ကော ကျင်းစန်းတောင်ကို ဘာကြောင့် ရောက်လာတာလဲ၊ ပြောစ ပါဦး”

ဝမ်းကျိုးစန်းက...

“ကျုပ်က စုကျွန်းနယ်ဘက်ကို ရောက်လာတဲ့အခါမှ မမျှော်လင့်ဘဲ သိုင်းရာဇာကျင်းရှောင်က ရတနာဓားစုမာလှေ လေပွေလက်ဝါး မင်းထင်းဟွာတို့ဟာ သွေးဘီလူးကြောင့် သိုင်းပည



ုံးရှုံးခဲ့ရတာကို မကျေနပ်တာနဲ့ သွေးဘီလူး သိုင်းပညာဆုံးရှုံးပြီး တွင်းဒဏ်ရထားတယ်၊ သူ့ဆီမှာ ပြိုင်ဘက်ကင်းသိုင်းကျမ်းရှိတယ် ို့ မဟုတ်မမှန်သတင်းလွှင့်ခဲ့တယ်လို့ မကျေမနပ် ပြောဆိုနေတာ ကြားသိခဲ့ရပါတယ်”

အားချန်နှင့် မုဆိုးဝမ်းကျားတို့ အချင်းချင်းကြည့်လိုက်ကြ ည်။

ဝမ်းကျိုးစန်းက...

“သိုင်းရာဇာကျင်းရှောင်ဟာ သွေးဘီလူးဆီက သိုင်းကျမ်း ိုလိုချင်မက်မောစိတ်နဲ့ ကျင်းစန်းတောင်ကိုလာခဲ့ကြတဲ့ သိုင်း လာကသားတွေ ဒုက္ခရောက်ကုန်မှာ စိုးရိမ်နေပါတယ်၊ ဒါကြောင့် ျုပ်လည်း သိုင်းလောကသားတွေ ဒုက္ခမရောက်ရလေအောင် တိပေးဖို့ ကျင်းစန်းတောင်ကို လာခဲ့တာပါ”

မိုးစွေငှက်လှျံကျူး ရယ်မောလိုက်လေသည်။

“ခစ်...လက်စသတ်တော့ ရှင်က သူရဲကောင်းလုပ်ချင်နေတဲ့ ူတစ်ယောက်ကိုး”

ဝမ်းကျိုးစန်းက...

“သွေးဘီလူးက ဇာတ်မြုပ်နေလိုက်ပြီဆိုယင် သိုင်းလောက အတွက် အန္တရာယ်ကင်းသွားပြီ မဟုတ်လားဗျာ၊ သူ့ကိုလိုက်ရှာပြီး ဒုက္ခပေးလာကြမယ်ဆိုယင် သူကလည်း သည်းခံမှာမဟုတ်တဲ့ အတွက် မလိုလားအပ်တဲ့ကိစ္စတွေ ဖြစ်ပေါ်လာမှာပါ၊ ဒါကို သတိ

ပေးချင်တာပါ၊ သူရဲကောင်းလုပ်ချင်တာ မဟုတ်ပါဘူး"

မိုးစွေငှက်လျှံကျူး ခါးထောက်လိုက်သည်။

"ရှင်က လူတကာကို ဆရာလုပ်ချင်ရအောင် ရှင့်ရဲ့သိုင်း ပညာ ဘယ်လောက်ရှိလို့လဲ၊ ပြောစမ်းပါဦး"

ဝမ်းကျုံးစန်းက...

"ကျုပ်ရဲ့သိုင်းပညာက သာမန်လောက်ပါပဲ၊ ဆရာလုပ်ချင် တာလည်း မဟုတ်ပါဘူး၊ ကျုပ်က.."

"စကားမရှည်နဲ့၊ ကျွန်မရှေ့ အမြန်တုံးထွက်သွားတာ ရှင့် အတွက် အကောင်းဆုံးဖြစ်မယ်"

မိုးစွေငှက်လျှံကျူးက ငေါက်လိုက်လေသည်။

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်သည်။

"ညီမ သဘောမကျလို့ သွားဆိုယင်လည်း သွားပါ့မယ် ဟိုလူနှစ်ယောက်ကိုတော့ ဒုက္ခမပေးပါနဲ့ဗျာ"

လျှံကျူး လက်ဝှေ့ယမ်းပြလိုက်သည်။

"သွားကြ..သွားကြ..ရှင်တို့အားလုံး ကျွန်မရှေ့ ထွက်သွား တာ အကောင်းဆုံးပဲ"

ဟုလည်း အော်လိုက်လေသည်။

သူမ လက်ဝှေ့ယမ်းလိုက်သောအခါ လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး ဝမ်းကျုံးစန်းထံသို့ တိုးဝင်သွားလေသည်။

ထိုလေအရှိန်ကြောင့် ဝမ်းကျုံးစန်း ဒယီးဒယိုင်ဖြစ်၍ လဲကျ



ဖြစ်သွားလေသည်။

သို့သော်...

ဝမ်းကျုံးစန်းက ဟန်ချက်ထိန်းလိုက်ပြီး အားချန်တို့အား မ်းပြောလိုက်သည်။

"ဦးတို့ သွားကြပါတော့ခင်ဗျာ"

အားချန်နှင့်မုဆိုးဝမ်းကျားတို့လည်း ချက်ချင်းထွက်သွားကြ တော့သည်။

ဝမ်းကျုံးစန်းလည်း မိုးစွေငှက်လျှံကျူးကို တစ်ချက်စိုက် ကြည့်ပြီး ချာခနဲ လှည့်ကာထွက်သွားတော့သည်။

အားချန်၊ မုဆိုးဝမ်းကျားနှင့် ဝမ်းကျုံးစန်းတို့ အဝေးသို့ ရောက်သွားလျှင် မိုးစွေငှက်လျှံကျူး နှုတ်ခမ်းစူလိုက်သည်။

"တော်တော် အူကြောင်ကြောင်နိုင်တဲ့လူပဲ"

တစ်ချိန်လုံး ငြိမ်သက်စွာနေခဲ့သော မင်းသားလေးပုယို့ကျူး ...

"ညီမ သဘောမကျဘူးဆိုယင် သည်ကောင်ကို ကျုပ် ဆုံး လိုက်မယ်လေ"

ဟု ပြောလာလေသည်။

မိုးစွေငှက်လျှံကျူး လက်ကာပြလိုက်သည်။

"နေပါစေရှင်၊ သူက အူကြောင်ကြောင်နိုင်ပေမယ့် စိတ် ကောင်းရှိပြီး ရိုးသားပုံရတယ်၊ သည်လိုလူစားမျိုး ရှားတယ်ရှင့်"

မင်းသားလေးပုယို့ကျူး မျက်မှောင်ကုပ်သွားပြီး လျှံကျူ
အားစိုက်ကြည့်လိုက်သည်။

လျှံကျူး၏ မျက်ဝန်းအစုံ၌ ထူးခြားသောအရိပ်အရောင်မျာ
ရှိနေသည်ကို သတိပြုမိလိုက်လေသည်။

နူးညံ့သိမ်မွေ့ခြင်းနှင့် နှစ်သက်သဘောကျခြင်းကို ဖေ
ကျူးသော အရိပ်အရောင်များဖြစ်လေသည်။

ဆတ်ဆတ်ကျဲလေးလျှံကျူးသည် နှုတ်ဖျားမှ မကျေမန
ဖြင့် မောက်မာစွာပြောဆိုနေသော်လည်း သူမ၏နှလုံးသားထဲက
တည်ကြည်ရိုးသားပြီး စိတ်ထားဖြူစင်သော ဝမ်းကျုံးစန်းအား နှ
သက်သဘောကျသွားကြောင်း မင်းသားလေးပုယို့ကျူး နားလည
လိုက်လေသည်။

သူ၏မျက်နှာ အေးစက်ခက်ထန်သွားလေသည်။

"နောက်တစခါ သည်ကောင်ကိုတွေ့ယင် သတ်ပစ်ရမှာပဲ
စိတ်ထဲမှ ကြုံးဝါးလိုက်တော့သည်။ လျှံကျူးက...

"သွေးဘီလူးဟာ ကျင်းစန်းတောင်မှာ ပုန်းနေတယ်ဆိုယ
ကျွန်မတို့ ရှာလို့တွေ့ရမှာပဲ၊ လိုက်ရှာမယ်"

ဟုပြောကာ ခပ်သွက်သွက် လှမ်းထွက်သွားလေသည်။

ပုယို့ကျူးလည်း သက်ပြင်းချကာ သူမနောက်သို့ လိုက်သွာ
ရလေတော့သည်။

♠ ♠ ♠



ကျေးငှက်ကလေးများက ဘာသာဘာဝ တေးသီကြွေးကာ
သည်မှ ပျံ့ဝဲနေကြလေသည်။

အေးမြသော လေပြည်လေညင်းလေးလည်း သုန်သုန်ညှင်း
း တိုက်ခတ်နေသည်။

ဝန်းကျင်တစ်ခုလုံး သာသာယာယာ ရှိနေ၏။

အားချန်နှင့်မှုဆိုးဝမ်းကျားတို့ မျက်နှာချင်းဆိုင် ထိုင်နေ၏။

သူတို့သည် ဘယဆေးမြစ်များ မရှာဖြစ်တော့ဘဲ တောင်
သို့ ပြန်လာခဲ့ကြလေသည်။

စုမာလွှေနှင့် မင်းထင်းဟွာတို့ လုပ်ကြံသတင်းလွှင့်ခဲ့ကြသ
သိုင်းလောကသားများသည် ကျင်းစန်းတောင်ပေါ်သို့ အဆက်
ပြတ် ရောက်လာနေကြဆဲ။

သွေးဘီလူးအား လိုက်ရှာကြပြီး မတွေ့သည့်နောက်ဆုံး
က်လျှော့ပြန်သူက ပြန်သွားကြသည်။

သွေးဘီလူးအား ရှာပြီး သိုင်းကျမ်းယူမည်ဟု အားခဲကာ
ရာက်လာသူက ရောက်လာပြန်သည်။

ဤသို့ဖြင့် သံသရာ လည်နေတော့သည်။

အားချန် စိတ်ပျက်နေသည်။

"ကျုပ် သေသွားမှပဲ သိုင်းလောကသားတွေ ကျင်းစန်း
တာင်ကို ကျောခိုင်းသွားကြတော့မယ် ထင်ပါရဲ့"

မုဆိုးဝမ်းကျားက...

“ခင်ဗျားသေသွားယင် ခင်ဗျားတတ်မြောက်ထားတဲ့ပညာ
တွေ အလကားဖြစ်ကုန်မှာပေါ့၊ တပည့်တစ်ယောက်လောက် ရှာပြ
သင်ပေးလိုက်ယင် မကောင်းဘူးလား”

မမျှော်လင့်ဘဲ ကြားလိုက်ရသောစကားကြောင့် အားချ
ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မုဆိုးဝမ်းကျားက...

“ခင်ဗျားဟာ ကိုယ်တတ်ထားတဲ့ပညာနဲ့ သိုင်းလောကတ
ခုလုံး ကမောက်ကမဖြစ်အောင် မွှေနှောက်ခဲ့တယ် မဟုတ်လာ
သည်တော့ ခင်ဗျားရဲ့ပညာနဲ့ အများအကျိုး၊ သိုင်းလောကအကျိ
သည်ပိုးဆောင်ရွက်ပြီး တင်နေတဲ့အပြစ်ကြွေးတွေကို ပေးဆ
သင့်တာပေါ့၊ ခင်ဗျားကိုယ်တိုင် လုပ်နိုင်မှာမဟုတ်တဲ့အတွက် တပည့်
တစ်ယောက် မွေးမြူပြီးသင်ပေးလိုက်ပြီး သူ့ကို တာဝန်ပေးသင့်တ
ပေါ့၊ ဒါမှ ခင်ဗျားဘဝဟာ အဓိပ္ပါယ်ပြည့်စုံသွားလိမ့်မယ်လို့ ကျုပ်ယ
ဆတယ်”

အားချန် သက်ပြင်းချလိုက်လေသည်။

“ကျုပ်ကို ကျောင်းဆရာဟုန်စင်းကလည်း သည်လိုပြော
ဖူးတယ်”

မုဆိုးဝမ်းကျားက...

“ကျုပ်က သိုင်းလောကအကြောင်းကို ခင်ဗျားနဲ့တွေ့မှ
နားလည်လာတာပါ၊ ပြီးတော့ သည်ကနေ့တွေ့ခဲ့ရတဲ့ ဝမ်းကျူးစ



တဲ့ကောင်လေးကိုလည်း သဘောကျမိတယ်”

အားချန် ပြုံးလိုက်သည်။

“သူ့ကို ကျုပ်တပည့်အဖြစ် ရွေးချယ်စေချင်တာလား”

“ကျုပ်ကိုမေးယင်တော့ ဟုတ်တယ်လို့ပဲ ပြောရလိမ့်မယ်”

“ဟား..ဟား..ဟား”

အားချန် ရယ်မောလိုက်လေသည်။

မုဆိုးဝမ်းကျားက...

“အားချန် ခင်ဗျားကို ပြောင်းလဲစေခဲ့တဲ့ အမျိုးသမီးတစ်
ာက်နဲ့ပတ်သက်ပြီး ပေးဆပ်စရာတွေ ကျန်သေးတယ်လို့ ခင်ဗျား
ကြာမကြာပြောခဲ့ဖူးတယ်နော်၊ ခင်ဗျားသာ တပည့်တစ်ယောက်
းလိုက်ယင် ခင်ဗျားကိစ္စတွေအားလုံး အဆင်ပြေသွားလိမ့်မယ်လို့
ျုပ်ယုံကြည်တယ်”

အားချန်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

“နှင်းဆီ”

ဟုလွှတ်ခနဲ ရေရွတ်လိုက်သည်။

မှန်ပေသည်။

နှင်းဆီနှင့်ဆုံတွေ့မိခဲ့ခြင်းကြောင့် သူ၏ဘဝ ပြောင်းလဲ
းခဲ့ရသည် မဟုတ်ပါလား။

ချင်ဟွာကျေးရွာမှ မိုင်တစ်ထောင်ဓားသမား‘ပြန့်ဟူ’သည်
င်ရှားကျော်ကြားသော သိုင်းသမားတစ်ဦး ဖြစ်လေသည်။

ပြန့်ဟူအား စားပညာနှင့် ပတ်သက်လာလျှင် မိုင်တ
ထောင်ပတ်လည်အတွင်း မည်သူမျှ မယှဉ်နိုင်ဟု သတင်းကြီးသဖြ
အားချန်က ပြန့်ဟူနှင့်ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

ချင်းဟုကျေးရွာသို့သွားယင်း လမ်းခရီးတွင် ချောမောလှ
သော အမျိုးသမီးတစ်ဦးနှင့် ဆုံတွေ့မိခဲ့သည်။

အံ့သြစရာကောင်းအောင်ပင် အားချန်သည် ထိုအမျိုးသမီ
အားစွဲလန်းသွားခဲ့လေသည်။

နောက်ပိုင်းတွင် ထိုအမျိုးသမီးမှာ မိုင်တစ်ထောင်စား
မားပြန့်ဟူ၏သမီး နှင်းဆီဖြစ်ကြောင်းသိခဲ့ရလေသည်။

နှင်းဆီသည်လည်း အားချန်မှာ သူမ၏ဖခင်အား ယှဉ်ပြိုင်
ရန်လာခဲ့သည့် သွေးဘီလူးဖြစ်ကြောင်း သိရှိသွားပြီး ဖခင်ကြီးအ
အသက်ချမ်းသာပေးပါရန် တောင်းပန်ခဲ့လေသည်။

အားချန်က ပြန့်ဟူအား အသက်ချမ်းသာပေးစေလိုလျှ
သူ့အားလက်ထပ်ရမည်ဟု နှင်းဆီကို အကြပ်ကိုင်ခဲ့သည်။

နှင်းဆီက သဘောတူခဲ့လေသည်။

ထို့ကြောင့် ပြန့်ဟူနှင့် ယှဉ်ပြိုင်သောအခါ အားချန်က အနို
ရသော်လည်း မသတ်ဘဲ ပြန့်ဟူကို အသက်ချမ်းသာပေးလိုက်လေ
သည်။

နှင်းဆီကလည်း ကတိအတိုင်း အားချန်ကို လက်ထပ်
သည်။



အားချန်သည် နှင်းဆီနှင့်အတူနေထိုင်ယင်း သိုင်းလောက
မှထားလိုက်ရာ သိုင်းလောကတွင် သွေးဘီလူးပျောက်ဆုံးသွား
ပြီဟု တအံ့တသြ သတင်းများထွက်ပေါ်ခဲ့လေသည်။

အားချန်က အမှုမထားဘဲ နှင်းဆီနှင့် တစ်သက်လုံး အေး
ချမ်းစွာ နေထိုင်သွားမည်ဟု ဆုံးဖြတ်ခဲ့သော်လည်း မျှော်လင့် သလို
မလာခဲ့ပါချေ။

ပြန့်ဟူသည် အားချန်က သူ့အား အသက်ချမ်းသာပေးခဲ့
သူမှာ သမီးဖြစ်သူကြောင့်ဟု သိရှိသွားပြီး စိတ်ထိခိုက်ကာ ကိုယ့်
ကိုယ် အဆုံးစီရင်လိုက်လေသည်။

နှင်းဆီလည်း ဖခင်ကြီးမရှိတော့သည့်နောက်ပိုင်း သူမ
မနှစ်သက်သည့်အားချန်နှင့် ဆက်လက်ပေါင်းသင်းခြင်း မပြု
ဘဲ သီလရှင်ဝတ်သွားတော့သည်။

သူမအား တကယ်ချစ်မြတ်နိုးပါလျှင် သိုင်းလောကအား
ခိုင်းကာ ဓာတ်မြှုပ်လိုက်ပါဟု အားချန်ကို မှာကြားသွားခဲ့လေ
သည်။

အားချန်လည်း နှင်းဆီနှင့်ဝေးခဲ့ရပြီး စိတ်ဓာတ်ကျဆင်း
ကာ သိုင်းလောကတိုက်ပွဲများကိုလည်း စိတ်ကုန်လာသဖြင့်
မြှုပ်ခဲ့ခြင်း ဖြစ်ပေတော့သည်။

အားချန်တွင် သိုင်းကျမ်းမရှိပါ။

သူတန်ဖိုးထားသောပစ္စည်းဟူ၍ နှင်းဆီ၏ကျောက်စိမ်း

လက်ကောက်လေးသာ ရှိလေသည်။

ထိုကျောက်စိမ်း လက်ကောက်လေးကိုလည်း တစ်နေ့
တစ်ချိန်ချိန်တွင် နှင်းဆီထံ ပြန်လည်ပို့ဆောင်ပေးရန် အားချန်
ဖြတ်ထားလေသည်။

အားချန်နှင့်အတူ နေထိုင်ကာ အားချန်၏အကြောင်း
သိနေပြီဖြစ်သော မုဆိုးဝမ်းကျားက တပည့်မွေးကာ ရည်ရွယ်
သည့်အတိုင်း ဆောင်ရွက်သွားဖို့ တိုက်တွန်းခဲ့ခြင်း ဖြစ်ပါတော့သ

"အားချန် ခင်ဗျား ဘယ်လိုသဘောရသလဲ"

မုဆိုးဝမ်းကျားက မေးလိုက်သည်။

အားချန်က....

"ဝမ်းကျုံးစန်းကို စမ်းသပ်ကြည့်သေးတာပေါ့"

ဟုပြောလျှင် မုဆိုးဝမ်းကျား ဝမ်းသာသွားလေတော့သ

♠ ♠ ♠



ဝမ်းကျုံးစန်းသည် ကျင်းစန်းတောင်သို့ ရောက်လာကြ
ာ သိုင်းလောကသားများအား သွေးဘီလူးကို ဒုက္ခမပေးဘဲ
သွားကြပါရန် လိုက်လံမေတ္တာရပ်ခံခဲ့လေသည်။

သိုင်းလောကသားများက ဝမ်းကျုံးစန်းအား လက်မခံ
ို့အပြင်...

"သည်ကောင်က သွေးဘီလူးကို အကာအကွယ်ပေးနေတာ

"သွေးဘီလူးနဲ့ ပတ်သက်နေလို့ ဖြစ်မယ်"

ဟု စွပ်စွဲပြောဆိုကြလေသည်။

ဝမ်းကျုံးစန်း ရောက်လာသည်နှင့် ရိုက်ပုတ်မောင်းထုတ်
တော့သည်။

သို့တိုင်...

ဝမ်းကျုံးစန်းသည် သွေးဘီလူး သည်းမခံနိုင်ပါက သိုင်း
ာကသားများ ဒုက္ခရောက်မည့်အရေးကို တွေးတောပူပန်ကာ
်လက်ကြိုးစားခဲ့လေသည်။

ဤသို့ဖြင့် တစ်နေ့တွင်...

ဝမ်းကျုံးစန်းက တောင်ခြေတစ်နေရာ၌ စခန်းချနေသော
းလောကသားအချို့ထံသို့သွားရာ လမ်းခုလတ်တွင်...

"ရပ်လိုက်စမ်း"

အော်ငေါက်သံနှင့်အတူ လူတစ်စု ရောက်ရှိလာလေသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ နှာခေါင်းကောက်ကော
ရှိသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

ထိုအဘိုးအိုကား သိမ်းငှက်ကြီးဟု အားလုံးသိကြ၏။

သိမ်းငှက်ကြီးသည် ထင်ရာစိုင်းနေသူဖြစ်ပြီး သူ၏ထ
မြက်သော သိုင်းပညာကြောင့် အားလုံး ဝေးဝေးရှောင်ကြလေသ

သိမ်းငှက်ကြီး၏တပည့်များသည် ဝမ်းကျုံးစန်းအား ဝိုင်
ထားလိုက်ကြပြီး..

"မင်းက ဝမ်းကျုံးစန်း မဟုတ်လား"

"မင်းက သွေးဘီလူးနဲ့ ပတ်သက်နေတယ် မဟုတ်လာ

"သွေးဘီလူး ဘယ်မှာပုန်းနေသလဲ၊ ပြောစမ်း"

တစ်ယောက်တစ်ခွန်း မေးမြန်းလိုက်ကြလေသည်။

"ကျုပ် မသိပါဘူးဗျာ၊ သွေးဘီလူးနဲ့ ဘယ်လိုမှ မပတ်သ
ပါဘူး"

ဝမ်းကျုံးစန်း အကျိုးအကြောင်း ရှင်းပြသော်လည်း လ
မခံကြပါချေ။

"သည်ကောင်ကို ဆုံးမလိုက်စမ်း"

သိမ်းငှက်ကြီးက အမိန့်ပေးလိုက်လျှင် ဝိုင်းဝန်းထိုးကျ
ကန်ကျောက်လိုက်ကြတော့သည်။

သိုင်းပညာ အနည်းအကျဉ်းသာရှိသော ဝမ်းကျုံးစန်း
ခုခံနိုင်ခြင်းမရှိပါချေ။



"ဖုန်း"

"ခွပ်"

"အား"

ထိုးကျိတ်ရိုက်နှက်သမျှ ခံရကာ မြေပေါ်လူးလိမ့်သွားလေ
တော့သည်။

"ရပ်လိုက်စမ်း"

သိမ်းငှက်ကြီး အမိန့်ပေးလိုက်လျှင် တပည့်များ နောက်
တ်လိုက်ကြလေသည်။

သိမ်းငှက်ကြီးက ကိုယ်တိုင်ရှေ့တိုးသွားပြီး ဝမ်းကျုံးစန်း၏
ကို ခြေထောက်ဖြင့် ဖိနင်းထားလိုက်သည်။

"ကဲ သွေးဘီလူး ဘယ်မှာလဲ၊ ပြောမလား၊ အသေခံမလား
က်တဲ့လမ်းကို ရွေးပေတော့"

ဝမ်းကျုံးစန်းက...

"ကျွန်တော် မသိ.."

"ကဲ...မသိဦးကွာ"

သိမ်းငှက်ကြီး ဒေါသဖြစ်ကာ ဝမ်းကျုံးစန်း၏ရင်ဝကို ခြေ
ထောက်ဖြင့် တအားဆောင့်နင်းချလိုက်လေသည်။

ဝမ်းကျုံးစန်း၏ရင်ဝမှ အရိုးများ ကျိုးကြေကာ သေဆုံး
ားရတော့မည် ဖြစ်လေသည်။

ထိုတဒင်္ဂအချိန်လေးမှာပင်...

"ဟူး"

လူရိပ်တစ်ခု ရောက်ရှိလာပြီး သိမ်းငှက်ကြီးအား တိုက်ခိုက်လိုက်လေသည်။

ထိုလူ၏လက်ညှိုးတစ်ချောင်းက သိမ်းငှက်ကြီး၏ အဓိက ကျသောသွေးကြောတစ်နေရာကို ထောက်ချမိလိုက်လျှင် သိမ်းငှက်ကြီးမှာ တစ်သက်လုံး သိုင်းပညာ အသုံးမပြုနိုင်အောင် ဖြစ်သွားလေတော့သည်။

ထိုလူက မြေပေါ်လဲကျနေသော ဝမ်းကျိုးစန်းကို ဖေးမပွေ့ချီပြီး ခုန်ထွက်သွား၏။

ထိုလူရောက်လာပုံ၊ တိုက်ခိုက်ပုံနှင့် ဝမ်းကျိုးစန်းအား ကယ် တင်သွားပုံမှာ လျှပ်ပြက်သကဲ့သို့ လျင်မြန်နေပါတော့သည်။

သိမ်းငှက်ကြီးတို့လူစု သတိဝင်လာကြသောအခါ ထိုလူနှင့် ဝမ်းကျိုးစန်းတို့ ပျောက်ကွယ်သွားကြပြီ ဖြစ်လေသည်။

"သွေးဘီလူး"

သိမ်းငှက်ကြီးတို့လူစုလည်း အထိတ်တလန့်အော်ဟစ်ကာ ထွက်ပြေးသွားကြလေတော့သည်။

♠ ♠ ♠



သွေးဘီလူးသည် အသက်ရှင်လျှက် ကျင်းစန်းတောင်ပေါ် ...သေးသည်ဟူသော သတင်းသည်လည်းကောင်း၊ ဝမ်းကျိုးစန်း ...သွေးဘီလူး၏တပည့်ဖြစ်သည်ဟူသော သတင်းသည်လည်း ...င်း သိုင်းလောကၡ တောမီးပမာ ပျံ့နှံ့သွားလေသည်။

ထိပ်တန်းသိုင်းပညာရှိသော သိမ်းငှက်ကြီး၏ သိုင်းပညာ ...က်ဆီးပစ်လိုက်ခြင်းကြောင့် အားလုံးထိတ်လန့်ကုန်ကြပြီး သွေး ...ူးကို ရန်ရှာရန် မကြိုးစားဝံ့အောင် ဖြစ်သွားကြလေသည်။

ကျင်းစန်းတောင်သို့ သိုင်းလောကသားများ ထပ်မံရောက် ...ခြင်း မရှိတော့ပေ။

သို့ဖြင့်...

သွေးဘီလူး ခိုအောင်းနေသည်ဆိုသော ကျင်းစန်းတောင် ...လူသူအရောက်အပေါက်နည်းကာ အလွန်ခေါင်သောနေရာတစ်ခု ...ဖြစ်သို့ မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိသွားလေတော့ ...သည်။

♠ ♠ ♠

ဝမ်းကျုံးစန်းသည် အားချွန်ကို ကြောက်ရွံ့စွာ ကြည့်နေ
လေသည်။

အားချွန်က...

“ငါ့ကို မှတ်မိတယ် မဟုတ်လား”

“ဟုတ်..ဟုတ်ကဲ့ မှတ်မိပါတယ်ခင်ဗျာ”

“ငါက သွေးဘီလူးဆိုတာကော မင်းသိသလား”

“ကျွန်...ကျွန်တော် မသိပါဘူးခင်ဗျာ”

အားချွန်က....

“ငါက မင်းကို တပည့်အဖြစ် သတ်မှတ်ပြီး သိုင်းပညာသ
ကြားပေးမယ်ဆိုယင်ကော”

“ကျွန်..ကျွန်တော်”

“မပူနဲ့ မင်းကို သိုင်းသင်ပေးပြီး မဟုတ်တာ လုပ်ခိုင်းမှ
မဟုတ်ဘူး၊ အများအကျိုး၊ သိုင်းလောကအကျိုး ဆောင်ရွက်ခိုင်းမှာ

“ဗျာ”

ဝမ်းကျုံးစန်း မယုံနိုင်အောင် ဖြစ်သွားလေသည်။

အားချွန်က...

“ငါက ဘာကြောင့် မင်းကို တပည့်အဖြစ်နဲ့လိုချင်နေရသ
လဲဆိုယင်”

သူ၏ဘဝအကြောင်းစုံနှင့် ရည်ရွယ်ချက်ကို ပြောပြလိုက်
လေသည်။



ဝမ်းကျုံးစန်းမှာ အားချွန်၏အကြောင်းစုံကို သိလိုက်ရလျှင်
ည့်ခံကာ ပညာသင်ရန် ဆုံးဖြတ်လိုက်တော့သည်။

သို့ဖြင့်....

အားချွန်သည် ဝမ်းကျုံးစန်းအား ကျင်းစန်းတောင်ပေါ်တွင်
ထားကာ ပညာကုန် သင်ပေးခဲ့လေတော့သည်။

♠ ♠ ♠

## အမွေခံ

နွေ…။

မိုး…။

ဆောင်း ရာသီအလီလီ ပြောင်းလဲသွားလေသည်။

ဝမ်းကျုံးစန်းသည် ကျင်းစန်းတောင်ပေါ်၌ နေထိုင်ကာ သွေးဘီလူးထံမှ သိုင်းပညာအား သင်ကြားခဲ့လေသည်။

သွေးဘီလူးက ဆရာစားမချန် ပညာကုန်သင်ပေးခဲ့သည်။

ဝမ်းကျုံးစန်း ကြိုးစားအားထုတ်ခဲ့သဖြင့် သွေးဘီလူး၏ ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်သွားလေသည်။

သွေးဘီလူးသည် အားရကျေနပ်သည်အထိ သင်ကြားပေးပြီးမှ ဝမ်းကျုံးစန်းအား သိုင်းလောကသို့ ဆင်းခွင့်ပေးလိုက်လေသည်။



"သည်က ထွက်သွားပြီးယင် သည်နေရာကို ဘယ်တော့မှ ပြန်မလာနဲ့တော့၊ ငါနဲ့ပတ်သက်ခဲ့တဲ့အကြောင်းကိစ္စအားလုံး မေ့ပစ်လိုက်ပေတော့"

အားချန်က ဝမ်းကျုံးစန်း ထွက်သွားခါနီး သေသေချာချာ မှာကြားလိုက်လေသည်။

သွေးဘီလူးအား မမေ့နိုင်ဘဲ စောင့်ကြည့်နေကြသူများ ကြောင့် ဝမ်းကျုံးစန်း တောင်ပေါ်မှဆင်းလာသည်နှင့် သွေးဘီလူး ၏အမွေဆက်ခံသူတစ်ယောက် တောင်ပေါ်မှဆင်းလာပြီဆိုသော သတင်းသည် သိုင်းလောကအတွင်း၌ တောမီးပမာပျံ့နှံ့သွားလေ သည်။

သို့ရာတွင် ထိုသတင်းကို ဝမ်းကျုံးစန်းတစ်ယောက် ကြား သိခဲ့ခြင်း လုံးဝမရှိပေ။

ထို့ကြောင့် ဝမ်းကျုံးစန်းသည် တစ်စုံတစ်ရာ စိတ်အ နှောက်အယှက်မဖြစ်ဘဲ အေးဆေးစွာ ခရီးဆက်ခဲ့ခြင်းဖြစ်၏။

မွန်းတည့်ချိန်ရောက်သောအခါ သူသည် လမ်းဆုံလမ်းခွ တစ်ခုသို့ ရောက်ရှိသွားလေ၏။

ထိုလမ်းဆုံလမ်းခွတွင် ယာယီတဲဖြင့် ရောင်းချသော လက် ဖက်ရည်ဆိုင်တစ်ဆိုင် ရှိလေသည်။

ဝမ်းကျုံးစန်းသည် လက်ဖက်ရည်ဆိုင်သို့ ဝင်ရောက်၍ အနားယူလိုက်သည်။

လွတ်နေသောစားပွဲတစ်လုံး၌ ဝင်ရောက်ထိုင်ချလိုက်သ[illegible]
နှင့် ဆိုင်လုလင်က ရေနွေးကြမ်းနှင့်မုန့်များ လာချပေးသည်။

ဝမ်းကျုံးစန်းမှာ ရေငတ်လာသဖြင့် ရေနွေးကြမ်းနှစ်[illegible]
ကန်ခန့် ဆင့်၍သောက်ချလိုက်သည်။

ထိုစဉ် လူတစ်ယောက်၏အသံကို ကြားလိုက်ရသည်။

"မင်း တောင်ပေါ်က ဆင်းလာတာလား"

စကားသံကြောင့် ဝမ်းကျုံးစန်း မော့ကြည့်လိုက်ရာ သူ့ရှေ[illegible]
တွင် လူတစ်ယောက် လာရောက်ထိုင်ချလိုက်သည်ကို တွေ့မြင်လိုက်[illegible]
ရလေသည်။

ထိုလူသည် အသက်ငါးဆယ်ခန့် ရှိမည်ဟု ခန့်မှန်းရ၏။

မျက်လုံးများက ထူးခြား၏။

တြိဂံပုံသဏ္ဍာန်ရှိကာ မြွေဟောက်မျက်လုံးပမာ စူး[illegible]
တောက်ပလေသည်။

ထိုမျက်လုံးဖြင့် ဝမ်းကျုံးစန်းကို စူးစိုက်ကြည့်သည်။

ဝမ်းကျုံးစန်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"

ထိုသူက ကောက်ကျစ်စဉ်းလဲစွာဖြင့် ပြုံး၍...

"ဒါဖြင့် မင်းဟာ သွေးဘီလူးရဲ့တပည့်ပေါ့ ဟုတ်လား"

ဟုမေးလိုက်၏။

"ဟုတ်ပါတယ်၊ သွေးဘီလူးရဲ့တပည့်ပါဗျာ"



"လူတစ်ယောက်ဟာ သိုင်းပညာ ထိပ်တန်းရောက်အောင်
[illegible]ကျင့်ဖို့ မလွယ်ပါဘူး၊ တော်ကြာ အတွင်းအားပျက်စီးသွားခဲ့ယင်
[illegible]ပါင်းများစွာ လေ့ကျင့်ခဲ့တဲ့ပညာတွေ အလဟဿဖြစ်သွားမှာ စိုး
[illegible] မင်းက သွေးဘီလူးရဲ့ပညာ ရထားပြီလား"

ဝမ်းကျုံးစန်း ပါးစပ်ပိတ်ထားလိုက်သည်။

ထိုလူက မဲ့ပြုံးပြုံးလိုက်ပြီး...

"ငါ ဘယ်သူလဲဆိုတာ မင်းသိသလား"

"ကျုပ်သိဖို့ မလိုပါဘူး"

"မင်းမသိချင်ယင်လည်း ငါက ပြောရမှာပဲ"

"ဒါဆို ခင်ဗျားသဘောပဲ"

"ငါဟာ ရွှေလက်ဝါးသိုင်းသမားပဲ၊ ကြားဖူးတယ် မဟုတ်
[illegible]း"

ဝမ်းကျုံးစန်းက ခေါင်းခါယမ်းပြလိုက်လေသည်။

"မကြားဖူးဘူး"

အမှန်လည်း ထိုအမည်ကို ယခုမှ ဝမ်းကျုံးစန်း ကြားဖူးခြင်း
[illegible]သည်။

"ထားပါတော့လေ၊ သွေးဘီလူးရဲ့သိုင်းကွက်တွေ ငါ့ကိုပြော
[illegible]မ်း"

"ကျုပ် မသိဘူး"

ရွှေလက်ဝါးသိုင်းသမားက...

"မသိတာလား၊ မပြောချင်တာလား"

ဟုပြောပြီး သူက ဝမ်းကျူးစန်းအား စူးစူးရှရှ စိုက်ကြ
နေ၏။ ဝမ်းကျူးစန်းက အေးစက်စက်လေသံဖြင့်...

"မပြောချင်လို့"

"သည်လိုဆိုယင်လည်း ငါ့ကိုပြောပြအောင် လုပ်ရ
မှာပေါ့"

ရွှေလက်ဝါးသိုင်းသမားသည် ပြောပြီးသည်နှင့် ဝမ်း
စန်းအား ရုတ်တရက် တိုက်ခိုက်လေသည်။

ဝမ်းကျူးစန်းမှာ သတိရှိသူဖြစ်၍ ခြေတစ်ဘက်နော
ဆုတ်ပြီး ခန္ဓာကိုယ် အနည်းငယ် ရှောင်တိမ်းပေးလိုက်ရာ ရွှေလ
ဝါးသိုင်းသမား၏တိုက်ခိုက်မှုသည် အချည်းနှီးဖြစ်သွားရသည်။

"သည်မှာ ခင်ဗျားရပ်တန်းကရပ်ယင် ပိုကောင်းလိမ့်မ
ထင်တယ်"

ဝမ်းကျူးစန်းက လှမ်း၍ သတိပေးလိုက်သည်။ ရွှေလက်
သိုင်းသမား ဒေါသခြောင်းခြောင်း ထွက်သွားသည်။

"မင်းကိုမှ မသတ်ရယင် ငါသိုင်းလောကကနေ ထွက်မ
ကွ"

"စိတ်ချ ခင်ဗျားဆန္ဒပြည့်ဝစေရမယ်"

ဝမ်းကျူးစန်းသည် ပြောပြီးသည်နှင့် လက်ညှိုးနှစ်ချောင်း
ပြီး ဝင်ရောက်တိုက်ခိုက်လာတော့သည်။



ရွှေလက်ဝါးသိုင်းသမား၏သွေးကြောကို ထောက်လိုက်လေ
သည်။

"အား"

အော်ဟစ်ညည်းတွားသံနှင့်အတူ ရွှေလက်ဝါးသိုင်းသမား
ကို ဟပ်ထိုးလဲကျသွားလေသည်။

ဝမ်းကျူးစန်းသည် သူ့အား အေးတိအေးစက်ဖြင့် ကြည့်
က်သည်။

"ကဲ..သိုင်းလောကက အနားယူချင်တဲ့ ခင်ဗျားရဲ့ဆန္ဒပြည့်
ွားပြီ မဟုတ်လား"

ရွှေလက်ဝါးသိုင်းသမား၏မျက်လုံးအစုံ မှေးမှိန်သွား၏။

"ငါ့..ငါ့ရဲ့အတွင်းအား"

သူသည် ထိတ်လန့်စွာ ရေရွတ်ယင်း ချုံးပွဲချအော်ဟစ်ငို
ြွးလိုက်လေတော့သည်။

♠ ♠ ♠

ဆည်းဆာရောင်ခြည်သည် တောင်ကုန်းတစ်ခုလုံးကို ပုဇွန်
ရောင် ပက်ဖျန်းချယ်သထားသည်။

ဝမ်းကျူးစန်းသည် ခေါင်းငုံ့ကာ မြေပေါ်လမ်းအတိုင်း

လျှောက်လျှက်ရှိသည်။

ထိုစဉ် လူရိပ်တစ်ရိပ် ရုတ်တရက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရသည်။ ထိုလူက…

"မိတ်ဆွေ ခင်ဗျားနာမည် ဝမ်းကျုံးစန်း မဟုတ်လား"

ဝမ်းကျုံးစန်း အံ့အားသင့်မိသည်။

"ဟုတ်ပါတယ် ကျုပ်က ဝမးကျုံးစန်းပါ၊ ခင်ဗျားက ဘယ်သူလဲ"

ထိုလူက…

"ကျုပ်နာမည် ဟုန်ယွမ်ပါ"

"ခင်ဗျားက ကျုပ်ကို သိလို့လား"

"ရွှေလက်ဝါးသိုင်းသမားကို တိုက်ခိုက်လိုက်တဲ့ ခင်ဗျားရဲ့ သိုင်းပညာကို တွေ့လိုက်ရလို့ ချီးကျူးပါတယ်ဗျာ"

"ခင်ဗျား ကျုပ်ကိုလာတွေ့တာ သည်စကားပြောချင်လို့လား"

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကို မှတ်မိအောင် လာကြည့်တာပါ"

ဟုန်ယွမ်သည် စကားဆုံးသွားသည်နှင့် ချာခနဲလှည့်ကာ ပြေးလွှားသွား၏။

ဝမ်းကျုံးစန်းမှာ ငေးကြောင်၍ကျန်ရစ်ခဲ့လေသည်။

♠ ♠ ♠



ဆောင်းလေညှင်းသည် အေးစိမ့်သော အငွေ့အသက်ကို ဆောင်တိုက်ခတ်လာသည်။

ဝမ်းကျုံးစန်းသည် အအေးသက်သာအောင် ခပ်သွက်သွက် လျှောက်လှမ်းနေသည်။

အတန်ကြာ လျှောက်လှမ်းမိသောအခါ ထွန်းထားသည့် မီး စ်လုံးကို တွေ့မြင်ရ၏။

မီးအိမ်ရှိလျှင် အိမ်ခြေရှိရမည်ဟု သူယုံကြည်၏။

ထို့ကြောင့် မီးအိမ်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွား ာ့သည်။

♠ ♠ ♠

မီးအိမ်ချိတ်ထားသော အဆောက်အအုံမှာ ခရီးသည်များ
အတွက် တည်းခိုရန်ဖြစ်သည်။

ဝမ်းကျုံးစန်း ဆိုင်ထဲ လှမ်းဝင်လိုက်၏။

"ဟင်"

ဆိုင်ထဲသို့ ဝင်လိုက်သည်နှင့် ကန့်လန့်ဖြတ် လဲလျောင်းနေ
သူတစ်ဦးကို ခလုတ်တိုက်မိကာ ဝမ်းကျုံးစန်း ထိတ်လန့်တုန်လှုပ်သွား
၏။

ငုံ့ကြည့်လိုက်သောအခါ ထိုသူမှာ အသက်ဝိဉာဉ်ကင်း
လျက်ရှိကြောင်း သိရ၏။

"မင်း အသက်ငယ်ငယ်နဲ့ တော်တော် ရက်စက်ပါလား"

ရုတ်တရက် ထွက်ပေါ်လာသော စကားသံကြောင့် ဝမ်း
ကျုံးစန်း ရင်ထိတ်သွားသည်။

နောက်သို့ လှည့်ကြည့်လိုက်ရာ အသက်ငါးဆယ်ခန့်ရှိသော
လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ငါက ခရီးသည်တစ်ယောက်ပါ၊ သည်မှာလာပြီး တည်း
မလို့၊ အခုတော့.."

အဘိုးအိုက စကားရပ်ပြီး သက်ပြင်းချလိုက်၏။

"မင်း အသက်ငယ်ငယ်နဲ့ ဘာကြောင့် သည်လောက်ရက်
စက်ရတာလဲ"

ဝမ်းကျုံးစန်းသည် အဘိုးအိုစကားကြောင့် ထိတ်ထိတ်



ပျာဖြစ်သွားကာ...

"ကျုပ် သတ်တာ မဟုတ်ပါဘူး"

အဘိုးအို မျက်မှောင်ကုပ်သွားသည်။

"ဘာလဲ မင်းက ဝန်မခံဘူးဟုတ်လား"

"ကျုပ်သတ်တာမှ မဟုတ်ဘဲ၊ ဘာကြောင့် ဝန်ခံရမှာလဲဗျ"

"ဒါဖြင့် ဘယ်သူက သတ်တာလဲ"

"မသိဘူး"

အဘိုးအိုက...

"မင်းက သည်မှာရောက်နေတဲ့အတွက် မင်းကလွဲပြီး ဘယ်
သူမှ မဖြစ်နိုင်ဘူး၊ ငြင်းမနေပါနဲ့"

ဟုပြောသည်။

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်၏။

အဘိုးအိုကိုကြည့်ကာ...

"ကျုပ် လုံးဝမသတ်ဘူးဆိုတာ အမှန်ပါပဲဗျာ"

ဟု ပြောလိုက်၏။

အဘိုးအိုသည် အတွင်းဘက်သို့ လှမ်းဝင်လိုက်၏။

ပြီးလျှင် သေဆုံးနေသူကိုလည်း တစ်ချက်အကဲခတ်ကြည့်
လိုက်သည်။

ထို့နောက်...

ဝမ်းကျုံးစန်းဘက် လှည့်လိုက်သည်။

ဝမ်းကျုံးစန်း၏တစ်ကိုယ်လုံးကိုလည်း ကြည့်လိုက်ပြီး
"အင်းမင်းရဲ့လူသတ်ပညာဟာ အတော့်ကို ထူးခြားပါလ
နာမည်ကကော ဘယ်လိုခေါ်သလဲ"

ဟုပြော၏။

ဝမ်းကျုံးစန်းမှာ အခြောက်တိုက် စွပ်စွဲခံရသဖြင့် စိတ်
လာသည်။

သူသည် အဘိုးအိုကိုကြည့်ကာ...

"ခင်ဗျားက လူကြီးပါဗျာ၊ အရမ်းမစွပ်စွဲသင့်ပါဘူး"

"ဒါဖြင့် မင်းက လူသတ်သမားမဟုတ်ဘူးဆိုတာ
ထောက်အထားပြနိုင်သလား"

"သေတဲ့လူက သေကုန်ပြီ၊ ဘယ်လိုလုပ် အထောက်အထ
ပြနိုင်မှာလဲ"

"အထောက်အထားမပြနိုင်ယင် မင်းငြင်းလို့ မရပါဘူး"

ဝမ်းကျုံးစန်း မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် ကျုပ်သတ်ပါတယ်လို့ ခင်ဗျားက အထောက်အ
ထား ပြနိုင်လို့လား"

"အထောက်အထားပြစရာ မလိုပါဘူး၊ သည်နေရာမှာ မ
တစ်ယောက်တည်းရှိတာပဲ၊ မင်းမဟုတ်ယင် ဘယ်သူဖြစ်မလဲ"

ဝမ်းကျုံးစန်း ပို၍မခံချင်ဖြစ်လာသည်။

"ဒါဆိုယင် ခင်ဗျားဘာလုပ်ချင်လဲ"



ဟုမေးလိုက်သည်။

အဘိုးအိုက..

"ငါ လူမသတ်ချင်ဘူး၊ မင်းကို အမှုထမ်းဆီအပ်လိုက်ရုံပေါ့"

ဝမ်းကျုံးစန်းသည် ဒေါသခြောင်းခြောင်းထွက်လာလေ
သည်။

"ခင်ဗျားမယုံလည်း သဘောအတိုင်းလုပ်ပါ၊ ကျုပ် ဘာ
တတ်နိုင်မှာလဲ"

အဘိုးအိုက တိုက်ခိုက်ရန် ဟန်ပြင်လိုက်ပြီး..

"မင်းကို ငါဖမ်းရလိမ့်မယ်၊ ခုခံချင်ယင် ခုခံနိုင်တယ်"

ထိုစဉ်မှာပင် အဆောက်အအုံတွင်းသို့ လူတစ်ယောက်
လှမ်းဝင်လာလေသည်။

လှမ်းဝင်လာသူကို ကြည့်သောအခါ ဝမ်းကျုံးစန်း မျက်
မှောင်ကုပ်သွား၏။

အကြောင်းမှာ...

အဆောက်အအုံတွင်းသို့ လှမ်းဝင်လာသူမှာ မိုးနှစ်ငှက်လျှံ
ကျုံးဖြစ်နေသောကြောင့်တည်း။

သူမသည် အဘိုးအိုကို မြင်တွေ့သည်နှင့် ဦးညွတ်ကာ
ဂါရဝပြုလိုက်သည်။

"ဆံဖြူသိုင်းသမားကို ဂါရဝပြုပါတယ်"

အဘိုးအိုက ပြန်လည်ခေါင်းညိတ်လိုက်သည်။

ထိုအခါမှ မိုးစွေငှက်သည် ဝမ်းကျုံးစန်းကို တွေ့မြင်သ
မိသွားပုံရသည်။ အံ့အားသင့်ဟန်ဖြင့် မျက်မှောင်ကုပ်သွားပြီး

“ဟင်..ရှင် ဘယ်လိုလုပ် သည်ကိုရောက်လာတာလဲ”

ဝမ်းကျုံးစန်း၏ရင်ထဲ လှုပ်ရှားသွား၏။

မိုးစွေငှက်ကို ကိုယ်တိုင်တွေ့ကြုံမြင်ခဲ့ဖူးသလို မိုးစွေ
အကြောင်းကိုလည်း ကြားသိထားသောကြောင့် ယခု လူသေမှု
တွင် မိုးစွေငှက် ပါဝင်ပတ်သက်နိုင်သည်ဟုတွေးပြီး ရင်ထဲ လှုပ်
သွားရခြင်းပင် ဖြစ်ပေသည်။

“သည်လူတွေကို ခင်ဗျား သတ်လိုက်တာလား”

မိုးစွေငှက် မျက်လုံးပြူးသွားသည်။

“ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်မသတ်တာကို
ကိုယ်တိုင် တွေ့လို့လား”

“လက်ရှိ သည်နေရာမှာ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်
တာမဟုတ်လား”

“သည်လိုဆိုယင် ရှင်သတ်တာကော မဖြစ်နိုင်ဘူးလ

“ကျုပ် အကြောင်းမဲ့ လူသတ်နေတဲ့လူမှ မဟုတ်ဘဲ”

“ရှင့်စကားက ကျွန်မကပဲ လူမြင်တိုင်းသတ်ဖြတ်နေ
ဖြစ်နေပြီ”

“ဘာပဲဖြစ်ဖြစ် ခင်ဗျားသတ်တာလို့ ကျုပ်သံသယဖြ
တယ်”



မိုးစွေငှက် ဆံဖြူသိုင်းသမားဘက်သို့ လှည့်ကြည့်လိုက်လေ
သည်။

“ကျွန်မသတ်တယ်ဆိုတာ ဦးက ယုံသလား”

ဆံဖြူသိုင်းသမားက ခေါင်းခါယမ်းလိုက်သည်။

“မဖြစ်နိုင်ဘူး”

ဝမ်းကျုံးစန်း ဒေါသခြောင်းခြောင်း ထွက်လာသည်။

“ခင်ဗျားသတ်တာပဲ ဖြစ်ရမယ်၊ ကျုပ် ခင်ဗျားကို သတ်
မယ်”

မိုးစွေငှက် ပြုံးလိုက်သည်။

“ကျွန်မကိုသတ်မယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ”

“ခင်ဗျားက လူသတ်ပြီး ကျုပ်အပေါ်လွှဲချလို့”

“ဟောတော့ သည်လူတွေကို ကျွန်မ သတ်တယ်လို့ ရှင်က
တထစ်ချ ယုံကြည်နေတာကိုး”

သူမသည် ဆံဖြူသိုင်းသမားကို ညွှန်ပြလိုက်သည်။

“ဖောသည်ပုဂ္ဂိုလ်တောင် ကျွန်မ မသတ်ပါဘူးလို့ပြော
တာ ရှင်မကြားဘူးလား”

ဝမ်းကျုံးစန်း ပါးစပ်ပိတ်သွားသည်။

မိုးစွေငှက်က စကားဆက်လိုက်သည်။

“ရှင်နဲ့ အငြင်းအခုန်မလုပ်ချင်ဘူး၊ ဒါပေမယ့် ရှင်စုံစမ်းနိုင်
တယ်၊ မိုးစွေငှက်ဟာ လူကို ဘယ်ပုံဘယ်နည်းသတ်တယ်ဆိုတာ

သိလာလိမ့်မယ်"

ထိုသို့ပြောပြီးနောက် သူမသည် ဆံဖြူသိုင်းသမားဘက်
လှည့်လိုက်၏။

"သည်လူတွေကို သူမသတ်ဘူးဆိုတာ ကျွန်မ တာဝန်
ပါတယ်"

"မင်းက သူ့အတွက် အာမခံတယ်ဆိုပါတော့ ဟုတ်လား"
ဆံဖြူသိုင်းသမားက မျက်မှောင်ကုပ်ယင်း မေးသည်။
မိုးစွေငှက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ သူ့အကြောင်းကို ကျွန်မသိပါတယ်၊ သည်လူ
ကိုသတ်နိုင်လောက်အောင် သူ့မှာ ဘာအစွမ်းအစမှ မရှိပါဘူး"

သူမ၏စကားကြောင့် ဆံဖြူသိုင်းသမား မျက်မှောင်ကု
သွားလေသည်။

"သူ့အတွက် မင်းက တာဝန်ယူတယ်ဆိုတော့ ငါ့အနေ
ဘာမှပြောစရာမရှိတော့ပါဘူး၊ ဒါပေမယ့် တရားခံကိုတော့ ငါ
ချင်တယ်"

မိုးစွေငှက် ခေါင်းခါယမ်းလိုက်၏။

"သိုင်းသမားကြီးက အတွေ့အကြုံများတဲ့အတွက် ဒဏ်
ကိုစစ်ဆေးကြည့်ယင် ဘယ်သူဘယ်ဝါရဲ့ လက်ချက်ဆိုတာ သိနို
လိမ့်မယ်ထင်ပါတယ်"

ဆံဖြူသိုင်းသမားသည် မှောက်လျက် သေဆုံးနေသော



ောင်းဆီသို့ လျှောက်သွား၏။

ထိုအလောင်းအား ပက်လက်အနေအထား လဲလျောင်း၍
သချာစွာ စစ်ဆေးကြည့်လိုက်သည်။

စစ်ဆေးပြီးသည်နှင့် မျက်နှာ ကွက်ခနဲပျက်သွားလေ၏။
နောက်သို့ ခြေသုံးလေးလှမ်းခန့် ဆုတ်မိသွား၏။

သူသည် အလွန်ကြောက်မက်ဖွယ်ရာကောင်းသောအရာ
စ်ခုကို တွေ့လိုက်ရသည့်အလား ထိတ်လန့်တုန်လှုပ်သွားသည်။

"ဆံဖြူသိုင်းသမားကြီး ဘာများတွေ့လိုက်ရလို့လဲ"
မိုးစွေငှက်က တအံ့တသြ လှမ်းမေးသည်။

ဆံဖြူသိုင်းသမား ခေါင်းကိုခါယမ်းလိုက်ယင်း...

"သူတို့များ ဖြစ်နေမလား"

မိုးစွေငှက်သည် လဲလျောင်းနေသောအလောင်းကို ညွှန်ပြ
ိုက်ပြီး...

"သူ့ကို မင်းသိသလား"

"မသိဘူး"

"သူ...သူဟာ တစ်ချိန်တုန်းက လျှမ်းလျှမ်းတောက် ကျော်
ကြားခဲ့တဲ့"

ဆံဖြူသိုင်းသမားသည် စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်
ိုက်၏။

"သူက ဘယ်သူလဲ"

မိုးစွေငှက်က စိတ်မရှည်နိုင်ဟန်ဖြင့် ကြားဖြတ်မေး
လေသည်။

ဆံဖြူသိုင်းသမားက လက်ကာပြလိုက်ပြီး..

"မင်းတို့ မသိချင်ကြစမ်းပါနဲ့၊ တော်ကြာ ကိုယ့်ခေါင်း
ဒုက္ခဝန်ပိုးကြီး ပိတက်လာပါဦးမယ်"

ဆံဖြူသိုင်းသမားသည် ပြောပြီးနောက် ထွက်ခွာသွာ
ခြေလှမ်းလှမ်းလိုက်၏။

သို့သော်...

တစ်စုံတစ်ခုကို သတိရဟန်ဖြင့် နောက်သို့ပြန်လှည့်
လိုက်၏။

"အလောင်းတွေကိုတော့ မီးသင်္ဂြိုလ်လိုက်တာကေ
မယ်"

ထိုသို့ပြောပြီးနောက် ဆံဖြူသိုင်းသမားသည် ခြေ
သုတ်သုတ်ဖြင့် ထွက်ခွာသွားလေသည်။

တစ်စုံတစ်ခုကို စိုးရွံ့ထိတ်လန့်ဟန်ဖြင့် ပျာယီးပျာယာ
ခွာသွားခြင်း ဖြစ်လေသည်။

♠ ♠ ♠



မိုးစွေငှက်နှင့်ဝမ်းကျုံးစန်းတို့မှာ ကြောင်အမ်းအမ်းဖြင့်
ရစ်ခဲ့ကြသည်။

ဆံဖြူသိုင်းသမားသည် အဘယ်ကြောင့် ရေးကြီးသုတ်ပြာ
သွားရပါသနည်း။

မေးခွန်းများစွာ ပေါ်လာသော်လည်း အဖြေကား မရှိချေ။

"ကဲ ကျုပ်တို့ ဘာလုပ်ကြမလဲ"

အတန်ကြာ ငေးငိုင်တွေဝေနေရာမှ ဝမ်းကျုံးစန်းက စတင်
းစလိုက်သည်။

မိုးစွေငှက်က...

"ကျွန်မတို့ အလောင်းကို သင်္ဂြိုလ်ပေးရဦးမယ်"

ထိုသို့ပြောပြီးနောက် သူမသည် တစ်စုံတစ်ရာ သတိရသွား
ဖြင့် ဝမ်းကျုံးစန်းကို ဖျတ်ခနဲ လှမ်းကြည့်သည်။

"ဒါနဲ့ ရှင် ကျောင်းစန်းတောင်ကို သွားတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျောင်းစန်းတောင်ပေါ်မှာ ဘာတွေ့ခဲ့သလဲ"

"ဘာမှ မတွေ့ဘူး"

"ဒါဖြင့် ရှင့်ရဲ့အတွင်းအားကိုကော သူတို့က ဖျက်ဆီးပစ်
က်သေးလား"

"ဟင့်အင်း ဖျက်ဆီးမခံရပါဘူး"

"ဒါတော့ အံ့သြစရာကောင်းတာပဲ"

မိုးစွေငှက်သည် ဝမ်းကျုံးစန်းကို ခြေဆုံးခေါင်းဆုံး အကဲခတ်
ကြည့်သည်။

"ဒါနဲ့ ရှင် ဘာတွေကို တွေ့ခဲ့သေးသလဲ"

"ဘာမှမတွေ့ပါဘူး"

"ရှင် တကယ်ပြောနေတာလား"

"ဒါ ပြောစရာမလိုပါဘူး"

မိုးစွေငှက်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကဲပါလေ၊ လုပ်စရာရှိတာ လုပ်ကြရအောင်၊ မိုးမလင်းမီ
ပြီးဖို့လိုတယ်"

သို့ဖြင့် ဝမ်းကျုံးစန်းနှင့်မိုးစွေငှက်တို့သည် အလောင်းများ
ကို မီးသင်္ဂြိုဟ်ရန် ပြင်ကြလေတော့သည်။

♠ ♠ ♠



အလောင်းများကို သင်္ဂြိုဟ်ပြီးသောအခါ နောက်တစ်နေ့
...ချိန်ပင် ရောက်လာလေသည်။

"ကဲ ကျုပ်ကို သွားခွင့်ပြုပါ"

မိုးစွေငှက် မျက်မှောင်ကြုတ်သွားသည်။

"ရှင်က ဘယ်ကိုသွားမလို့လဲ"

"ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု လုပ်စရာရှိလို့"

"ဘယ်ကိုသွားမှာလဲ၊ ကျွန်မနဲ့ ခရီးချင်းတူချင်တူနေမှာ"

"တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ကိုယ့်လမ်းကိုယ်
...တာ အကောင်းဆုံးပါ"

ဝမ်းကျုံးစန်း၏စကားကြောင့် မိုးစွေငှက် မကျေမနပ် ဖြစ်
...သည်။

"ဘာလဲ ကျွန်မနဲ့ လမ်းအတူယှဉ်လျှောက်တာကို ရှင်က
...သွားမယ်ထင်လို့လား၊ ကျွန်မအကြောင်းကို စုံစမ်းကြည့်ပါ"

ဝမ်းကျုံးစန်း အေးတိအေးစက်ဖြင့် ပြုံးလိုက်သည်။

"ကျုပ် သူများအကြောင်းကို စုံစမ်းဖို့ ဝါသနာမပါပါဘူး"

ထိုသို့စကားပြောနေကြစဉ် ခြေသံများ ထွက်ပေါ်လာသည်
...းလိုက်ရသည်။

ခြေသံကို နားစွင့်ယင်း မိုးစွေငှက် မျက်မှောင်ကုပ်သွား

"အခုလာတဲ့သူကို ကျွန်မ မတွေ့ချင်သေးဘူး၊ ရှင် သူနဲ့တွေ
တဲ့အခါမှာ အဆင်ပြေအောင် ဆက်ဆံဖို့တော့လိုမယ်နော်"

သူမသည် ပြောပြီးသည်နှင့် အတွင်းဘက်သို့ ပြေးလွှား
ရောက်သွားလေသည်။

ဝမ်းကျုံးစန်းမှာ ကြောင်တက်တက်ဖြင့် ကျန်ရစ်ခဲ့
သည်။

♠ ♠ ♠



## ခေါင်းကြီးဉာဏ်ကျယ်

ဝမ်းကျုံးစန်းသည် မိုးစွေငှက် မတွေ့ချင်ဟုဆိုသောသူကို
တ်ဝင်စားလာမိသည်။

မည်သူမည်ဝါဖြစ်ကြောင်းကို သိလိုသောစိတ်များလည်း
ပါလာ၏။

ထို့ကြောင့်...

ထွက်ခွာသွားခြင်းမပြုဘဲ ခြေသံရှင်ကို စောင့်ကြည့်နေလိုက်
လသည်။

ထိုစဉ်မှာပင် အေဆာက်အအုံရှေ့သို့ မိန်းကလေးနှစ်
ယာက် ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

မိန်းကလေးနှစ်ယောက်နောက်တွင် လူနှစ်ယောက်ထမ်း
ထားသော ဝေါ တစ်စီးပါလာသည်။

ဝေါစင်နောက်ကွယ်တွင် အရပ်အလွန်ပုသော အဘိုးအိုတစ်
ယောက် လိုက်ပါလာ၏။

ဝေါစင်သည် အဆောက်အအုံရှေ့တွင် ရပ်တန့်လိုက်သည်။

အရပ်အလွန်ပုသော အဘိုးအိုသည် ဝမ်းကျုံးစန်းအား တွေ့
မြင်လိုက်ရသည်နှင့် ဘာကို သဘောကျသွားသည်မသိ အားရပါးရ
ရယ်မောလိုက်သည်။

"ဟော မင်းကိုတွေ့ချင်တာနဲ့ အတော်ပဲ၊ မင်းနာမည်
ဝမ်းကျုံးစန်း မဟုတ်လား"

"ဟုတ်ပါတယ်"

အဘိုးအိုက...

"သွေးဘီလူးရဲ့တပည့် မဟုတ်လား"

ဝမ်းကျုံးစန်း မျက်မှောင်ကုပ်သွား၏။

"အဲဒါ ဘာဖြစ်သလဲ"

"ဒါဖြင့် ငါ့ကိုပေးပါ"

အဘိုးအို လက်ဝါးဖြန့်ပြီးတောင်းသည်။

သူ့စကားကြောင့် ဝမ်းကျုံးစန်း ကြောင်အမ်းအမ်း ဖြစ်သွား
ရသည်။

"ကျွန်တော် ဘာပေးရမှာလဲ"



"မင်းသိပါတယ်ကွာ"

"ကျွန်တော် ဘာမှမသိပါလား"

"သည်မှာ မင်းဟာ ယောကျ်ားပါကွာ၊ ဖုံးကွယ်ဖို့ မကြိုးစမ်း

ဝမ်းကျုံးစန်း ဘာမှန်းညာမှန်းမသိ စွပ်စွဲခံရသဖြင့် ခံပြင်း
ိသည်။

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲဗျ"

"ငါ မင်းကိုနောက်နေတာ မဟုတ်ဘူး၊ မင်းလည်း အူ
င်ကြောင် လုပ်မနေနဲ့"

ဝမ်းကျုံးစန်းက မျက်မှောင်ကုပ်သွား၏။

"ခင်ဗျားက ဘာလိုချင်လို့လဲ၊ ပြီးတော့ ဘယ်သူလဲ"

အဘိုးအိုက ရင်ဝကို လက်မဖြင့်ထောက်ပြလိုက်သည်။

"ငါက ခေါင်းကြီးလူပုကွ"

"ကျွန်တော် ခင်ဗျားကို မသိဘူး"

ဝမ်းကျုံးစန်းက ခေါင်းတွင်တွင်ခါပြီး စိတ်မရှည်ဟန်ဖြင့်
သည်။

ခေါင်းကြီးလူပုက မဲ့ပြုံးပြုံး၏။

"သည်မှာ ငါရှင်းရှင်းပဲပြောမယ်၊ ငါ့လက်ထဲ ပစ္စည်းအပ်
မင်းသွားလိုရာသွားနိုင်တယ်"

"ခင်ဗျားကလည်းဗျာ၊ ဘာပစ္စည်းလိုချင်တယ်ဆိုတာ ပြော

ဦးမှပေါ့"

ဝမ်းကျုံးစန်းသည် စိတ်မရှည်နိုင်မှုကို အတော်ပင် ချုပ်ထားနေရသည်။

"ရွှေလက်ဝါးသိုင်းသမားဆီကရတဲ့ ပစ္စည်းလေ"

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် သူ့ဆီက ဘာမှမယူခဲ့ပါဘူးဗျာ"

ထိုအချိန်မှာပင် မိုးစွေငှက်သည် ပုန်းကွယ်ရာမှ ထွက် သည်။

ခေါင်းကြီးလူပုသည် မိုးစွေငှက်ကို တွေ့ရလျှင် မျ ပျက်သွားလေသည်။

"ဩော်..မင်းလည်း ရောက်နေတာကိုး"

မိုးစွေငှက် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ကျွန်မ လမ်းကြုံလို့ ခဏဝင်နားတာပါ"

"ဒါဖြင့် ငါ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စကို ဝင်မစွက်တန် နော်"

မိုးစွေငှက် ပခုံးတစ်ချက်တွန့်လိုက်၏။

"ရှင့်ရဲ့ကိုယ်ရေးကိုယ်တာက ဘာလဲဆိုတာ ပြောပြမှ မသိမှာပေါ့"

ခေါင်းကြီးလူပုက ဝမ်းကျုံးစန်းကို ညွှန်ပြလိုက်ပြီး...

"သူက ရွှေလက်ဝါးသိုင်းသမားကို သတ်ပြီး စာအုပ်က



သွားတယ်၊ ဒါကြောင့် သူ့ဆီက သည်စာအုပ်ကို ပြန်တောင်းနေ တ"

မိုးစွေငှက် ခေါင်းခါယမ်းလိုက်သည်။

"ရှင်မှားနေပြီ၊ ရွှေလက်ဝါးသိုင်းသမားလို ထိပ်တန်းသိုင်း ရှင်တစ်ယောက်ကို သူက ဘာမှဒုက္ခမပေးနိုင်ပါဘူး"

"သည်တစ်ခါ ခင်ဗျား မှားသွားပြီ"

ခေါင်းကြီးလူပုက ရယ်မောပြောဆိုလိုက်သည်။

ထို့နောက်...

ဝမ်းကျုံးစန်းကို ညွှန်ပြလိုက်ပြီး...

"သူဟာ သွေးဘီလူးရဲ့တပည့်ကွ"

ဝမ်းကျုံးစန်း ရင်ကော့လိုက်၏။

"ဟုတ်တယ်"

"ဒါဖြင့် ရှင်က ရွှေလက်ဝါးသိုင်းသမားကို သတ်လိုက်တယ် ဟုတ်လား"

"မဟုတ်ဘူး၊ ကျုပ်က သူ့ရဲ့အတွင်းအားကို ဖျက်ဆီးလိုက် "

ခေါင်းကြီးလူပု ရယ်မောလိုက်၏။

"တွေ့လား သူဝန်ခံနေပြီ၊ ဒါပေမယ့် ရွှေလက်ဝါးသိုင်းသ ငါတွေ့တဲ့အခါ ရွှေလက်ဝါးသိုင်းသမား အသက်မရှိတော့ဘူး"

ခေါင်းကြီးလူပုက ရယ်မောလိုက်ပြီး စကားဆက်လိုက်၏။

"သူဟာ ရွှေလက်ဝါးသိုင်းသမားကို သတ်ပြီး စာအုပ်
လေးကို လုယူသွားတာပဲ"

မိုးစွေငှက်က ဝမ်းကျိုးစန်းကို စိုက်ကြည့်လိုက်၏။

ပြီးလျှင် ခေါင်းကြီးလူပုဘက်လှည့်ကာ...

"ရှင် တခြားလူကို သွားလိမ်လို့ရမယ်၊ ကျွန်မကိုတော့
လို့မရဘူးရှင့်"

မိုးစွေငှက်၏စကားကြောင့် ခေါင်းကြီးလူပု မျက်နှာကျ
ခနဲပျက်သွား၏။

"ငါက ဘာဖြစ်လို့ လိမ်ရမှာလဲ"

မိုးစွေငှက်က ပြုံးလိုက်သည်။

"ရှင်ဟာ အတွင်းအားဆုံးရှုံးသွားတဲ့ ရွှေလက်ဝါးသိုင်း
မားကိုတွေ့တော့ သူ့ကိုလုပ်ကြံပြီး စာအုပ်ကို နှိုက်ယူသွား
မဟုတ်လား"

ဟုမေးလိုက်၏။

ခေါင်းကြီးလူပု မျက်နှာတစ်ခုလုံး နီရဲသွား၏။

"ငါ့ကို သည်လိုမစွပ်စွဲပါနဲ့"

ထိုစဉ်...

ဝေါစင်ထဲမှ အမျိုးသမီးတစ်ယောက် ထွက်ပေါ်လာ
သည်။

ထိုအမျိုးသမီးမှာ အလွန်တည်ငြိမ်ရင့်ကျက်သော သီလ



တစ်ပါးဖြစ်နေပါသည်။

ဝမ်းကျိုးစန်းသည် ခေါင်းကြီးလူပု၊ ဆံဖြူအဘိုးအို၊ ရွှေလက်
ဝါးသိုင်းသမား၊ သီလရှင်စသည့်သိုင်းလောကသားများနှင့် တွေ့ဆုံ
နေရပြီး သူ့အား လူသတ်သမားအဖြစ် စွပ်စွဲခံနေရခြင်းကြောင့်
မကျေမနပ်ဖြစ်နေပါတော့သည်။

သီလရှင် ဝေါစင်ထဲမှထွက်လာသောအခါ အားလုံး ငြိမ်
သက်သွားကြလေသည်။

သီလရှင်က ဝမ်းကျိုးစန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်
လိုက်လေသည်။

"မင်းက ဝမ်းကျိုးစန်း ဟုတ်လား"

ဝမ်းကျိုးစန်း ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

"မင်းဆရာဟာ သွေးဘီလူးဆိုတာ အမှန်ပဲလား"

"မှန်ပါတယ် ခင်ဗျာ"

သီလရှင်က...

"မင်းရဲ့ဆရာက မင်းကို ပညာသင်ပေးပြီး သိုင်းလောက
ကိုဖျက်ဆီးဖို့ လွှတ်လိုက်တာ ဟုတ်လား"

ဝမ်းကျိုးစန်း ခေါင်းခါယမ်းလိုက်သည်။

"သည်လိုမဟုတ်ပါဘူးဗျာ၊ ဆရာက သူသင်ပေးလိုက်တဲ့
ပညာနဲ့ သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်ရမယ်လို့

မှာကြားလိုက်ပါတယ်၊ သူ့အပေါ်မှာတင်နေတဲ့ အပြစ်ကြွေးတွေကို ပေးဆပ်နိုင်းလိုက်တာပါ ခင်ဗျာ"

"ဒါ အမှန်ပဲလား"

"ကျွန်တော် အမှန်အတိုင်း ပြောတာပါ"

သီလရှင်က....

"ဒါဆို သွေးဘီလူးဟာ တကယ့်ကို နောင်တ တရားရသွား ပြီပေါ့"

"ဟုတ်ပါတယ်ခင်ဗျာ၊ သူဟာ နောင်တတရားရသွားသလို လူတစ်ယောက်ရဲ့စကားကိုလည်း သေသည်အထိ နားထောင်သွား တာပါ"

သီလရှင် မျက်မှောင်ကုပ်သွားသည်။

"သေသည်အထိဆိုတာက.."

ဝမ်းကျုံးစန်း စိတ်မကောင်းသောလေသံဖြင့် ပြောလိုက် လေသည်။

"ကျွန်တော် တောင်ပေါ်ကဆင်းမလာခင် ခြောက်လ လောက်ကတည်းက ဆရာ့ရဲ့ကျန်းမာရေး ချို့ယွင်းလာပါတယ်၊ ဆရာဟာ ကျွန်တော် တောင်ပေါ်ကဆင်းလာပြီး မကြာခင်မှာပဲ သေ ဆုံးသွားလိမ့်မယ်ဆိုတာ သေချာပါတယ်ခင်ဗျာ၊ ဆရာ့ရဲ့နောက် ဆုံးအချိန်အထိ အနီးကပ်နေထိုင်ပြုစုချင်ပေမယ့်.."

ရှေ့ဆက်စကားမပြောနိုင်တော့ဘဲ စကားသံ တိမ်ဝင်သွား



သည်။

ဝမ်းကျုံးစန်း၏စကားကြောင့် တစ်ချိန်က သိုင်းလောက ကိုင်လှုပ်ခဲ့သည့် သွေးဘီလူး သေဆုံးသွားပြီဖြစ်ကြောင်း အား ားလည်း လိုက်ကြလေတော့သည်။

သီလရှင်လည်း စိတ်မကောင်းဖြစ်သွားလေသည်။

သူမသည် ခေါင်းကြီးလူပုဘက်သို့ လှည့်လိုက်သည်။

"ရွှေလက်ဝါးသိုင်းသမားဟာ မကြာသေးခင်က သီလရှင် င်းက နှင်းဆီသီလရှင် သိမ်းထားတဲ့စာတစ်စောင်ကိုခိုးယူ သွား ၊ သူက စာကိုလက်ထဲထားပြီး သွေးဘီလူးကို အကြပ်ကိုင်မယ် ့ အကြံနဲ့ပေါ့"

ဟု ပြောလိုက်လေသည်။

ခေါင်းကြီးလူပု ငြိမ်နေ၏။

သီလရှင်က...

"အဲသည်စာ တစ်ချိန်က သွေးဘီလူးက နှင်းဆီသီလရှင်ကို ဆီပြန်လာခဲ့ဖို့တောင်းပန်ထားတဲ့စာပါ၊ ရွှေလက်ဝါးသိုင်းသမားက ည်စာကို သွေးဘီလူးကိုပြပြီး နှင်းဆီသီလရှင် ဒုက္ခရောက် ချင်ယင် သူ့ကို သိုင်းပညာပေးရမယ်လို့ အကြပ်ကိုင်မယ်ဆိုတဲ့ ည်ရွယ်ချက်နဲ့ပါပဲ၊ ဒါပေမယ့်.."

မိုးရွှေငှက်လျှံကျူးက ကြားဖြတ်ပြောလိုက်သည်။

"ရွှေလက်ဝါသိုင်းသမားဟာ ဝမ်းကျုံးစန်းနဲ့တွေ့တော့

ပညာစမ်းကြည့်ဖို့ ကြိုးစားယင်း သိုင်းပညာ ပျက်စီးသွားခဲ့တ
သည်အချိန်မှာ ခေါင်းကြီးလူပုနဲ့တွေ့ပြီး လုပ်ကြံခံလိုက်ရတာပါ

သီလရှင်က...

"ရှင် ဘာပြောချင်သေးသလဲ"

ဟုပြောလျှင် ခေါင်းကြီးလူပု အံကြိတ်လိုက်သည်။

"ကျုပ်လည်း သွေးဘီလူးရဲ့ပညာကို လိုချင်လို့ နှင်းဆီသီ
ရှင်ကိုပေးထားတဲ့စာကို ရယူပြီး ရွှေလက်ဝါးသိုင်းသမားလို သွေး
လူးကို အကြပ်ကိုင်ဖို့ စဉ်းစားပြီး သူ့ကိုသတ်ပစ်လိုက်တာ"

မိုးစွေငှက်က...

"စာက ရှင့်ဆီမှာပေါ့"

"ဟုတ်တယ်"

"သည်စာဟာ ရှင့်အတွက် ဘာမှအသုံးမဝင်တော့ဘူး
တာ ရှင်သိပြီလား"

"သိပ်သိတာပေါ့"

ခေါင်းကြီးလူပုက စာကိုထုတ်ယူကာ စုတ်ဖြဲပစ်လိုက်လေ
သည်။

မိုးစွေငှက်က...

"ဒေါ်ဒေါ်က နှင်းဆီသီလရှင်လားရှင်"

သီလရှင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ကွယ်၊ ဒေါ်ဒေါ်ဟာ တစ်ချိန်က ဖခင်ကြီး



သက်အန္တရာယ်ကြောင့် သွေးဘီလူးကို လက်ထပ်ခဲ့ရပေမယ့် ဖခင်
ကြီးကအဖြစ်မှန်ကို သိသွားပြီး ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားတာ
ကြောင့် ဒေါ်ဒေါ်လည်း သွေးဘီလူးနဲ့ လမ်းခွဲပြီး သီလရှင်ဝတ်ခဲ့တာ
ပါ၊ ဒေါ်ဒေါ်ဖျောင်းဖျခဲ့လို့ သွေးဘီလူးလည်း နောက်ပိုင်းမှာ နောင်
တရသွားတယ်လို့ သိရပါတယ်၊ အခု သူသေသွားပြီဆိုတော့ အား
လုံး နိဂုံးချုပ်သွားပြီဆိုနိုင်ပါတယ်ကွယ်"

ဝမ်းကျုံးစန်းသည် သီလရှင်မှာ နှင်းဆီဖြစ်ကြောင်း သိရ
လျှင် ချက်ချင်း ဂါရဝပြုလိုက်လေသည်။

တဖန် သွေးဘီလူး ပေးလိုက်သော ကျောက်စိမ်းလက်
ကောက်လေးကို ရိုရိုသေသေ ပေးလိုက်သည်။

"ဆရာက ဒေါ်ဒေါ်ရဲ့ ကျောက်စိမ်းလက်ကောက်လေးကို
ပြန်ပေးလိုက်ပါတယ်ခင်ဗျာ"

သီလရှင်က လက်ခံယူလိုက်သည်။

"သူဟာ လောကကြီးအကြောင်းကို ကောင်းကောင်းကြီး
နားလည်သဘောပေါက်သွားပြီကို၊ သံယောဇဉ်မှန်သမျှကို ဖြတ်
တောက်နိုင်ခဲ့ပြီကို၊ ကောင်းပါပေတယ်ကွယ်၊ ကျုပ်လည်း သီလရှင်
ဘဝနဲ့ပဲ တစ်သက်လံုး အရိုးထုတ်သွားမှာပါ၊ ကျုပ်ပြုသမျှ ကုသိုလ်
တွေကို သူ့အတွက် အမျှအတန်းပေးဝေသွားပါ့မယ်၊ ကဲ ကျုပ်ကို
ခွင့်ပြုကြပါဦး"

"ကောင်းပါပြီခင်ဗျာ"

သီလရှင်ကြီးသည် ဝေါစင်ပေါ်သို့ ပြန်တက်သွားပြီး ထွက်ခွာသွားတော့သည်။

သီလရှင်ကြီး ထွက်သွားပြီးနောက် သွေးဘီလူးနှင့် ပတ်သက်သမျှ ကိစ္စအားလုံး ပြည်ဖုံးကားချလိုက်ပြီဖြစ်လေသည်။

♠ ♠ ♠

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်သည်။

"ရွှေလက်ဝါးသိုင်းသမား သေဆုံးသွားတဲ့ကိစ္စတော့ ရှင်းသွားပါပြီ၊ ဒါပေမယ့် သည်ဆိုင်ထဲမှာ လူတွေအသတ်ခံထားရတာကော ဆံဖြူအဘိုးအို ထိတ်လန့်သွားတဲ့ကိစ္စကော မရှင်းလင်းသေးဘူး"

မိုးရွှေငှက်က ခေါင်းကြီးလူပုကို လှမ်းကြည့်လိုက်လေသည်။

ခေါင်းကြီးလူပုလည်း ဆိုင်ထဲမှ ပြေးထွက်သွားလေသည်။

ဝမ်းကျုံးစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"သည်လူက.."

သူ စကားဆုံးအောင် မပြောလိုက်ရပါ။

"အား"

အပြင်ဘက်မှ စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာခြင်းကြောင့် ဖြစ်လေသည်။



ခေါင်းကြီးလူပု၏အော်ဟစ်သံ ဖြစ်လေသည်။

ခေါင်းကြီးလူပုသည် တစ်စုံတစ်ယောက်၏ လက်ချက်ကြောင့် သေဆုံးသွားပြီဖြစ်ကြောင်း ထင်ရှားနေ၏။

ခေါင်းကြီးလူပုအား မည်သူက လုပ်ကြံလိုက်ပါသနည်း။

ဝမ်းကျုံးစန်း ရှည်ရှည်ဝေးဝေး တွေးတောနေစရာမလိုတော့ပါ။

ဆိုင်ထဲ လှမ်းဝင်လာသူတစ်ယောက်ကို တွေ့မြင်လိုက်ရခြင်း ကြောင့် ဖြစ်လေသည်။

ထိုလူမှာ မင်းသားလေးပုယို့ကျူးဖြစ်လေသည်။

♠ ♠ ♠

ပုယို့ကျူး၏မျက်နှာ အေးစက်ခက်ထန်နေသည်။

မိုးစွေ့ငှက်က သူ့အား တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးမမြင်ဖူး သူတစ်ယောက်အလား ကြည့်နေ၏။

ပုယို့ကျူးက မိုးစွေ့ငှက်နှင့် ဝမ်းကျုံးစန်းတို့အား တစ်လှည့်စီ ကြည့်လိုက်သည်။

တဖန် ဝမ်းကျုံးစန်းကို မေးလိုက်လေသည်။

"မင်း တောင်ပေါ်က ဆင်းလာပြီ ဟုတ်လား"

ဝမ်းကျုံးစန်း ဘာမှမပြောဘဲ နေလိုက်၏။

ပုယို့ကျူးက...

"ဘယ်လိုလဲ သွေးဘီလူးရဲ့ပညာက တ... ရဲ့လား"

ဝမ်းကျုံးစန်းက...

"ကျုပ်ကတော့ ဆရာ့ရဲ့ပညာဟာ ပြိုင်ဘက်ကင်းတဲ့ပညာလို့ တထစ်ချ ယုံကြည်စိတ်ချထားပါတယ်ဗျာ"

ပုယို့ကျူး နှာခေါင်းရှုံ့လိုက်သည်။

"မင်းက အမိုက်ထိပ်ခေါင်ဆိုတဲ့ သိုင်းရာဇာကြီးတစ်ယောက်ရဲ့အကြောင်းကို မကြားဖူးသေးဘူးထင်တယ်"

ဝမ်းကျုံးစန်း ဘာမှမပြောဘဲ နေလိုက်ပြန်သည်။

ပုယို့ကျူးက...

"သည်ဆိုင်ထဲမှာ သေဆုံးနေတဲ့လူတွေကို မင်းတွေ့ခဲ့တယ် ...တ်လား"

"ဟုတ်တယ်"

"သူတို့ ဘယ်သူတွေလဲဆိုတာ မင်းသိသလား"

"ဘယ်သူဘယ်ဝါမှန်းမသိလို့ ကျုပ် သိချင်နေတာဗျ"

ပုယို့ကျူးက....

"သည်လူတွေဟာ ချန်ကျန်းသိုင်းသမားတွေလို့ ကျော်ကြား...ပဲ။ သူတို့က ကိုယ့်ကိုကိုယ် အထင်ကြီးကြတယ်၊ 'အမိုက်ထိပ်...ဟာ တစ်ချိန်မှာ သွေးဘီလူးလို သိုင်းလောကကို ဖျက်ဆီး...ကင်ပြောဆိုကြတယ်၊ ဒါကြောင့် ကျုပ်ကိုယ်တိုင်

...ပဖြူအတိုးအိုက ကျုပ်တို့လက်ချက်ဖြစ်တာကို ရိပ်မိသွား...က်ပြေးသွားလို့ ကျုပ်ပဲ အပင်ပန်းခံလိုက်သွားပြီး နှုတ်ပိတ်...ရတာ"

ဝမ်းကျုံးစန်း မကျေမနပ် ဖြစ်သွားလေသည်။

"ခင်ဗျား တော်တော် ရက်စက်ပါလား"

ပုယို့ကျူးက...

"ခေါင်းကြီးလူပုကလည်း သွေးဘီလူးနဲ့ပတ်သက်ချင်နေ... ရွှေလက်ဝါးသိုင်းသမားကို လုပ်ကြံခဲ့ပေမယ့် နှင်းဆီသီလရှင် ...တ်လာလို့ ရှောင်ထွက်မသွားနိုင်တော့ဘဲ သည်အထိ လိုက်လာ

ခဲ့ရတာ၊ နှင်းဆီသီလရှင်က မင်းကိုတွေ့ချင်လို့လာခဲ့တာပဲ"

ဝမ်းကျုံးစန်းက...

"ခေါင်းကြီးလူပုကို ခင်ဗျားပဲ သတ်ပစ်လိုက်တာပဲ မ
လား"

ပုယို့ကျူးက ဝန်ခံသလို ပြုံးနေလိုက်လေသည်။

ဝမ်းကျုံးစန်း မယုံနိုင်အောင် ဖြစ်နေသည်။

"ခင်ဗျားဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အတော်ရက်
ပါလား"

ပုယို့ကျူးက မိုးစွေ့ငှက်ကို တစ်ချက်လှမ်းကြည့်ပြီးမှ
တိအေးစက် ပြောလိုက်လေသည်။

"ကျုပ်က မင်းကိုလည်း သတ်ပစ်ဦးမှာပါ"

ရုတ်တရက်...

စားသောက်ဆိုင်တစ်ခုလုံး ပေါက်ကွဲတော့မည့် မီးတေ
ကြီးအား ပူလောင်လာသည် ထင်ရလေတော့သည်။

♠ ♠ ♠



ဝမ်းကျုံးစန်း၏ရင်ထဲ ပူလောင်လာသည်။

တစ်ကိုယ်လုံး ချွေးများစို့ရွဲလာသည်။

မနေနိုင်တော့သည့်နောက်ဆုံး ဆိုင်အပြင်ဘက် လှမ်းထွက်
လေသည်။

ဆိုင်အပြင်ဘက် မြေကွက်လပ်၌ခေါင်းကြီးလူပု လဲကျသေ
နသည်။

သူ၏ရင်ဝ၌ ဓားဒဏ်ရာကြီး ရှိနေ၏။

ဆိုင်ထဲ၌ သေဆုံးသွားခဲ့ကြသူများ ရရှိခဲ့သော ဒဏ်ရာနှင့်
တူပင် ဖြစ်နေသည်။

ပုယို့ကျူး၏လက်ချက် ဖြစ်လေသည်။

ပုယို့ကျူးနှင့် မိုးစွေ့ငှက်တို့ ဆိုင်ထဲမှ လှမ်းထွက်လာကြ
သည်။

နှစ်ယောက်သား ရယ်ရယ်မောမော ရှိနေ၏။

ပုယို့ကျူးက ဝမ်းကျုံးစန်းကို တစ်ချက်လှမ်းကြည့်ပြီး...

"အရေးအကြောင်းရှိတဲ့အခါ၊ စိတ်လှုပ်ရှားနေတတ်ယင်
လိုလုပ် ထိပ်တန်းသိုင်းသမားဖြစ်နိုင်တော့မှာလဲ မယုဉ်ပြိုင်ခင်
နေပြီပေါ့'

ဟု မိုးစွေ့ငှက်ကို ပြောပြလိုက်လေသည်။

မိုးစွေ့ငှက်က...

"ဟုတ်ပါတယ်ရှင် သိုင်းလောကသားတိုင်းက သည်လိုပဲ

လက်ခံထားကြတာပါ။ ဒါပေမယ့် သွေးဘီလူးနဲ့ပတ်သက်လာ
တော့ မတူတော့ဘူး"

ပုယို့ကျူးက...'

"ညီမ ဘာကိုဆိုလိုတာလဲ"

"ကျွန်မ ကြားဖူးတာကတော့ သွေးဘီလူးဟာ လူသ
တော့မယ်ဆိုယင် အရမ်းကို စိတ်လှုပ်ရှားလာပြီး ဘယ်လိုမှ
ချုပ်ထိန်းလို့ မရတော့ဘူးတဲ့ရှင်"

ပုယို့ကျူး မကျေမနပ် ဖြစ်သွားလေသည်။

"ညီမက သူ့ကို အထင်ကြီးနေတာလား"

"သူဟာ အယင်ကနဲ့မတူဘဲ ပြောင်းလဲသွားပြီဆိုတာ အ
ပဲရှင့်"

"ကောင်းပြီလေ၊ ညီမပြောသလို ဟုတ်တယ် မဟုတ်ဘူ
တာ လက်တွေ့ စမ်းကြည့်ရသေးတာပေါ့"

ပုယို့ကျူးက မြေပေါ် ခြေဆောင့်ကာ ဝမ်းကျုံးစန်းထံ
ဝင်သွားပြီး လျှပ်တပြက် တိုက်ခိုက်လိုက်လေသည်။

ဝမ်းကျုံးစန်းလည်း ပြန်လည် ရင်ဆိုင်လိုက်လေသည်။

ယခင်က သိုင်းလောကကို ဖိန့်ဖိန့်တုန်စေခဲ့သော သွေး
လူး၏တပည့် ဝမ်းကျုံးစန်းနှင့် ယခုအချိန်၌ သိုင်းလောက
နာမည်ကြီးနေသည့် အမိုက်ထိပ်ခေါင်၏တပည့် ပုယို့ကျူးတို့
တိုက်ရင်ဆိုင်မိလိုက်ကြပြီ ဖြစ်လေသည်။



"ဝှီး...ဝှီး"

"ဖုန်း"

"ဝုန်း"

နှစ်ယောက်သား လက်သီး၊ လက်ဝါး၊ ခြေထောက်များ
သုံးပြုကာ တိုက်ခိုက်လိုက်ကြလေသည်။

သူတို့၏တိုက်ခိုက်မှုသည် အားမာန်ပါပြီး အလွန်ပြင်းထန်
င်မြန်နေပါတော့သည်။

မျက်စိတမှိတ် လျှပ်တပြက်အတွင်းသိုင်းကွက်ဆယ်ကွက်
တိုက်ခိုက်လိုက်ကြပြီး...

"ဝုန်း"

ကျယ်လောင်သောအသံနှင့်အတူ ပုယို့ကျူး နောက်ဆုတ်
တ်ရလေသည်။

ရုတ်တရက် ဖြစ်ပေါ်လာသော တိုက်ပွဲသည် ရုတ်ခြည်းပင်
ဆုံးသွားလေတော့သည်။

♠ ♠ ♠

တိုက်ပွဲ ပြီးဆုံးသွားပြီဖြစ်သည်။

ပုယို့ကျူး ဒယီးဒယိုင် ဖြစ်နေ၏။

ဝမ်းကျုံးစန်းကို မယုံနိုင်အောင် ကြည့်နေမိသည်။

ဝမ်းကျုံးစန်းက ဘာမှမပြောဘဲ ထွက်သွားရန် ဟန်ပြ
လိုက်သည်။

"နေဦး"

ပုယို့ကျူးက ဟန့်တားလိုက်၏။

ဝမ်းကျုံးစန်း ခြေလှမ်းရပ်သွားလေသည်။

ပုယို့ကျူးက...

"မင်းသွားလို့ မရသေးဘူး"

"ဘာဖြစ်လို့လဲ"

"ငါတို့ ဆက်ပြီးယှဉ်ပြိုင်ရဦးမယ်"

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်သည်။

"မလိုတော့ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျား ရှုံးသွားပြီ မဟုတ်လား"

"မင်း"

ပုယို့ကျူး မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ဝမ်းကျုံးစန်းက...

"ခင်ဗျားရှုံးသွားပြီ၊ ကျုပ်တို့ ထပ်ပြီးယှဉ်ပြိုင်စရာ မ



တော့ပါဘူး"

ဟု ထပ်ပြောလိုက်သည်။

ပုယို့ကျူးမျက်နှာ မည်းမှောင်သွားလေသည်။

အမှန်ကို ဝန်ခံရလျှင် ဝမ်းကျုံးစန်းက သူ့အား မည်သို့အ
ယူသွားသည်ကိုပင် ပုယို့ကျူး သတိမပြုမိခဲ့ပေ။

ဝမ်းကျုံးစန်း၏သိုင်းပညာ ကြောက်မက်ဖွယ်ကောင်း
အောင် ထက်မြက်နေပြီဖြစ်ကြောင်း သိလိုက်ရပြီဖြစ်လေသည်။

ဝမ်းကျုံးစန်းက...

"ကျုပ် သွားတော့မယ်"

ဟုပြောကာ လှမ်းထွက်သွားလေသည်။

ယခုတစ်ကြိမ်...

ပုယို့ကျူး ဟန့်တားခြင်းမပြုတော့ချေ။

ဝမ်းကျုံးစန်းက ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားရာ အ
ဝးသို့ ရောက်ရှိသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

♠ ♠ ♠

ဝမ်းကျုံးစန်း ထွက်သွားပြီ ဖြစ်လေသည်။

ပုယိုကျူးက ကျောက်ရုပ်အလား မလှုပ်မယှက် ရပ်နေ

"အဟမ်း"

ချောင်းဟန့်သံ ထွက်ပေါ်လာမှပုယိုကျူး သတိဝင်လ သည်။

မိုးချွေငှက်က ချောင်းဟန့်လိုက်ခြင်း ဖြစ်သည်။

ပုယိုကျူးသည် မိုးချွေငှက်ကိုကြည့်ယင်း မျက်နှာ မထ တတ်အောင် ဖြစ်လာလေသည်။

"ကျုပ်က သူ့ကို အထင်သေးလိုက်မိတယ်၊ ဒါကြောင့် မျှော်လင့်ဘဲ ရှုံးသွားရတာ"

ဟု အရှက်ပြေ ပြောလိုက်လေသည်။

မိုးချွေငှက် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မကတော့ သည်လိုမထင်ဘူးရှင့်"

"ညီမက.."

"ရှင်က ကိုယ့်ကိုကိုယ် သိပ်ပြီး အထင်ကြီးနေလို့ ရှုံးသွာ တာပဲထင်တယ်"

"ကျုပ်"

ပိုယုကျူး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

မိုးချွေငှက်က....

"တကယ်တော့ ရှင်က ကိုယ့်ကိုကိုယ် အထင်ကြီးလို့ပဲဖြ



ကို အထင်သေးလို့ပဲဖြစ်ဖြစ် ရှင်က သူ့ကို ဘယ်လိုနည်းနဲ့မှ ရနိုင်တာ အသေအချာပဲရှင့်"

ပုယိုကျူး ဒေါသထွက်သွားလေသည်။

"မင်းက ကျုပ်ကို အထင်သေးတာပဲ"

မိုးချွေငှက်က...

"သိုင်းဆယ်ကွက် မပြည့်ခင်ရှုံးခဲ့ရတဲ့ လူတစ်ယောက်ကို ကမှ အထင်ကြီးကြမှာ မဟုတ်ပါဘူးရှင်"

"တောက်"

ပုယိုကျူး ဒေါသထွက်လွန်းသဖြင့် တက်ခေါက်လိုက်လေ

မိုးချွေငှက်ကို စိုက်ကြည့်လိုက်သည်။

"မင်း အယင်က သည်လိုမဟုတ်ပါဘူး၊ အခုမှ ပြောင်းလဲ တာပဲ"

"မင်း...မင်း"

မိုးချွေငှက်က ပုယိုကျူး၏ဒေါသကို အမှုမထားပါချေ။

ပုယိုကျူး အံကြိတ်လိုက်သည်။

"ကျုပ်က လူသတ်ဖို့ ဘယ်တုန်းကမှ ဝန်လေးခဲ့တာ မဟုတ် ျုပ်ကို စော်ကားလာယင်လည်း ဘယ်သူ့ကိုမှ ချမ်းသာပေး ဟုတ်ဘူး၊ မင်း သိပ်ကံကောင်းသွားတယ် မှတ်ပါ"

မိုးချွေငှက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့ရှင်၊ ရှင်က ထစ်ခနဲဆို လူသတ်ဖို့လေ
စိတ်ဝင်စားနေတာ၊ ရှင့်ကို ဝေဖန်တဲ့ ကျွန်မကိုလည်း သတ်ပစ်
သင့်တာပေါ့၊ဒါပေမယ့် ရှင် ဘာမှမလုပ်ပါလား"

ပုယို့ကျူးက...

"ကျုပ်က မင်းကိုဘာကြောင့် မသတ်ရက်သလဲဆို
ကျုပ်ကိုယ်ကျုပ် နားမလည်နိုင်အောင် ဖြစ်နေတာ အမှန်ပဲ"

မိုးစွေငှက် ပြုံးလိုက်သည်။

"နားမလည်ချင်ဟန်ဆောင် မနေပါနဲ့လေ၊ ရှင်က ကျွန်
စွဲလန်းနှစ်သက်နေလို့ပေါ့"

"မင်း"

"ဘယ်လောက် ရက်စက်ကြမ်းကြုတ်တဲ့လူတစ်ယော
ဖြစ်ပါစေ၊ ကိုယ်ချစ်တဲ့ မိန်းကလေးရှေ့မှာ ပျော့ညံ့သွားတတ်
တယ်ရှင့်"

ပုယို့ကျူး ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ချ
လိုက်လေတော့သည်။

ထို့ကြောင့်လည်း မိုးစွေငှက် ဘယ်အချိန်က ထွက်သွား
ကို သူမသိလိုက်တော့ချေ။

♠ ♠ ♠



# မတည့်သော်လည်း

ဝမ်းကျုံးစန်းသည် ပုယို့ကျူးနှင့် မိုးစွေငှက်တို့အား ကျော
နိုင်းကာ ထွက်လာခဲ့လေသည်။

ပုယို့ကျူးအား အနိုင်ယူနိုင်ခဲ့သော်လည်း သူ၏ရင်ထဲ ပျော်
ရွှင်ချမ်းမြေ့မှု ဖြစ်ပေါ်မလာခဲ့ချေ။

မိုးစွေငှက်ကြောင့် ဖြစ်လေသည်။

မိုးစွေငှက်သည် ထင်ရာစိုင်းနေသော ဆတ်ဆော့တ်ကျဲ မိန်း
ကလေးတစ်ယောက်ဖြစ်ပြီး ရက်စက်ကြမ်းကြုတ်သော ပုယို့ကျူးနှင့်
ပတ်သက်နေသည်ကို သဘောမကျပါချေ။

မိုးစွေငှက်နှင့် ပုယို့ကျူးတို့ တပူးတွဲတွဲ နေကြသည်ကိုလည်း
သဘောမကျပါ။

အဘယ်ကြောင့် မိုးစွေငှက်နှင့် ပတ်သက်လာလျှင် သဝန်တိုစိတ်များ ဖြစ်ပေါ်လာရသည်ကို စဉ်းစားမရပါချေ။

သူတို့နှစ်ယောက် တွေ့ဆုံခဲ့ကြသည်မှာလည်း မကြာသေးချေ။

မိုးစွေငှက်ကို ယခင်တုန်းက သဘောမကျခဲ့သော်လည်း ယခု ဒုတိယအကြိမ် ပြန်လည်ဆုံတွေ့ပြီးနောက် သူမအား စိတ်ဝင်စားသလို ဖြစ်မိခဲ့သည်ကို နားမလည်နိုင်အောင် ဖြစ်ခဲ့ရပါတော့သည်။

ဝမ်းကျုံးစန်း ခြေလှမ်းကျဲကျဲဖြင့် လှမ်းလာယင်း တစ်နေရာသို့အရောက်တွင်...

"ဟူး...ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ လူရိပ်တစ်ခု ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ဝမ်းကျုံးစန်း ခြေလှမ်းရပ်သွားသည်။

အန္တရာယ်ပြုလာပါက ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

သို့သော် ရောက်လာသူကား အန္တရာယ်ပြုမည့်သူ မဟုတ်ဘဲ သူတွေ့လိုနေသော မိုးစွေငှက် ဖြစ်နေပါတော့သည်။

"မင်းကိုး"

မိုးစွေငှက် ပြုံးလိုက်သည်။



"ကျွန်မက ရှင့်နောက်ကို လိုက်လာလိမ့်မယ်လို့ မမျှော်လင့်မဟုတ်လား"

"မှန်ပါတယ်ဗျာ"

"ရှင့်စိတ်ထဲမှာ ကျွန်မကို သဘောကျသလို သဘောမကျဖြစ်နေတာပဲ မဟုတ်လား"

"ဒါလည်း မှန်ပါတယ်"

"အဲဒါ ဘာကြောင့်လဲဆိုတာ ရှင်သိသလား"

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ် မစဉ်းစားတတ်ဘူး"

မိုးစွေငှက်က...

"ဒါဆိုယင် ကျွန်မပြောပြမယ်၊ ကျွန်မဟာ အင်မတန် စိတ်...းစရာကောင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေလို့ပေါ့ရှင်"

သူမ၏စကားကြောင့် ဝမ်းကျုံးစန်း ရယ်မောလိုက်မိလေ...သည်။

မိုးစွေငှက်က...

"ရှင်ဟာလည်း အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့လူ...ယောက်လို့ ကျွန်မ ယူဆမိတယ်"

ဝမ်းကျုံးစန်း လက်ကာပြလိုက်သည်။

"ခင်ဗျား မှားသွားပြီဗျ"

"ဘာဖြစ်လို့လဲ"

"ကျုပ်ဟာ ဘာမှစိတ်ဝင်စားစရာမရှိတဲ့ အညတရ
ယောက်ဖြစ်နေလို့ပါဗျာ"

"ရှင့်စကားကို ကျွန်မ လက်မခံဘူးဆိုယင်ကော ရှင်
ပြောမလဲ"

"ကျုပ်ဟာ"

"ရှင်ဟာ ကျွန်မသာမကဘဲ သိုင်းလောကတစ်ခုလုံး
ဝင်စားနေရတဲ့လူ ဖြစ်နေတာပေါ့ရှင်"

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်လေသည်။

"ကျုပ်ဟာ ကျုပ်ဆရာနဲ့ ပတ်သက်မိခဲ့တာကြောင့်
ဝင်စားကြတာ ဖြစ်မှာပါ။ အမှန်တော့ ကျုပ်ဟာ မိဘမဲ့တစ်
ကြွက်တစ်ယောက်ပါ။ သိုင်းပညာကို စိတ်ဝင်စားခဲ့ပေမယ့် ဟုတ္တိ
တတ်မြောက်ခဲ့တာ မဟုတ်ပါဘူး၊ စီးကျန်းနယ်ကိုရောက်သွာ
မမျှော်လင့်ဘဲ ကျုပ်ဆရာနဲ့တွေ့ခဲ့လို့သာ ထိပ်တန်းသိုင်းပညာ
ရခဲ့တာပါ။ ကံကောင်းသွားတယ်လို့ ဆိုရမှာပေါ့လေ"

မိုးစွေငှက်က..

"ဟုတ်တယ်၊ ရှင်ကံကောင်းတာတော့ အမှန်ပဲ"

ဝမ်းကျုံးစန်းက...

"ကျုပ်က တစ်ချိန်က ဆရာ သိုင်းလောကမှာ ထင်ရ
ခဲ့တာမျိုး ဘယ်တော့မှ မလုပ်ပါဘူး။ အများအကျိုး၊ သိုင်းလော
အကျိုး သည်ပိုးဆောင်ရွက်သွားမှာပါ"



သွေးဘီလူးသည် နောင်တရနေပြီး သူ့အား သိုင်းပညာ
ပေးကာ အများအကျိုးဆောင်ရွက်ရန် သိုင်းလောကသို့စေလွှတ်
ကြောင်း ရှင်းပြလိုက်လေသည်။

မိုးစွေငှက်က...

"ရှင်ဟာ ရိုးသားပြီး သဘောမနောကောင်းတဲ့လူ တစ်
က်ဆိုတာ ကျွန်မ သိပါတယ်၊ သိုင်းလောကအကျိုးကို အမှန်
တယ် ဆောင်ရွက်သွားမယ်ဆိုတာလည်း ယုံကြည်ပါတယ်ရှင်၊
ကို ပြောမှားဆိုမှားရှိခဲ့တာတွေကို ခွင့်လွှတ်ပြီး ကျွန်မကို မိတ်ဆွေ
ယောက်လို ဆက်ဆံဖို့မေတ္တာရပ်ခံပါတယ်ရှင်"

ဝမ်းကျုံးစန်း ဝမ်းသာသွားလေသည်။

"ကျုပ်ကို မေတ္တာရပ်ခံစရာ မလိုပါဘူးဗျာ၊ ကျုပ်က ညီမနဲ့
င်ရင်းနှီးခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ"

မိုးစွေငှက်က...

"ဒါဖြင့် ကျွန်မတို့နှစ်ယောက် မိတ်ဆွေတွေ ဖြစ်ကြပြီပေါ့
"

"ဟုတ်ပါတယ်ဗျာ"

"အို..ဝမ်းသာလိုက်တာရှင်၊ ကဲ ကျွန်မတို့နှစ်ယောက် မိတ်
တွေဖြစ်ကြတဲ့ အထိမ်းအမှတ်နဲ့ တစ်ခုခုကျွေးမွေးပါရစေ၊ ကျွန်
လိုက်ခဲ့ပါရှင်'

ထို့နောက် မိုးစွေငှက်က ဝမ်းကျုံးစန်း၏လက်ကိုဆွဲကာ

ခေါ်သွားလေသည်။

ဝမ်းကျူးစန်း မငြင်းနိုင်ဘဲ လိုက်ပါသွားရလေတော့သည

♠ ♠ ♠

သွေးဘီလူး၏တပည့် ဝမ်းကျူးစန်း သိုင်းလောကထဲဆ လာပြီဆိုသော သတင်းကြောင့် သိုင်းလောကတစ်ခုလုံး လှုပ်လှု ရှားရှားဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဝမ်းကျူးစန်းက မကော သူပယ် ကောင်းသူကယ်၊ သိုင်းလောကအကျိုး၊ အများအကျ ဆောင်ရွက်လေသောကြောင့် တအံ့တသြဖြစ်ကုန်ကြလေသည်။

အဖြူရောင်သိုင်းသမားများသည် ဝမ်းကျူးစန်းကို မယ ကြည်သဖြင့် ကိုယ်တိုင်သွားရောက် စိန်ခေါ်ကာ ယှဉ်ပြိုင်ကြလေ သည်။

ဝမ်းကျူးစန်းက ယှဉ်ပြိုင်ရန် အတန်တန်ငြင်းဆန်ခဲ့ပြီး မ သာမရှောင်သာသည့်နောက်ဆုံးမှ ယှဉ်ပြိုင်လေသည်။

ယှဉ်ပြိုင်ရာ၌ တစ်ဘက်လူ ထိခိုက်အနာတရ လုံးဝမ လေအောင် ရှောင်ရှားခဲ့သည်။

ဝမ်းကျူးစန်း၏ ရိုးသားပြီး တည်ကြည်ဖြောင့်မတ်သေ စိတ်ထားကို တစ်စထက်တစ်စ သိလာကြသောအခါ ရန်သူဟု မည သူကမျှ သဘောမထားကြတော့ချေ။



အများသူငါအား ဒုက္ခပေးနေပြီး နှိမ်နင်းရန်ခက်ခဲလှသော ဆိုးကြီးများကိုပင် ဝမ်းကျူးစန်းက အနိုင်ယူဆုံးမခဲ့လေသောအခါ ရဲကောင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုကြတော့သည်။

ဝမ်းကျူးစန်းသည် သွေးဘီလူး၏ဆန္ဒပြည့်ဝရလေအောင် ည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး သိုင်းလောကတစ်ခုလုံး လက် ရသူ၊ လေးစားရသူ ဖြစ်လာတော့သည်။

သို့ဖြင့်...

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသလို ဝမ်းကျူးစန်းသည် င်းလောက အတွေ့အကြုံများစွာရရှိကာ တည်ငြိမ်ရင့်ကျက်သော င်းသမားတစ်ယောက် ဖြစ်လာခဲ့လေသည်။

သိုင်းလောကသားများကလည်း သူ့အား သွေးဘီလူး၏ ပည့်ဖြစ်သည်ကို မေ့ထားလိုက်ကြပြီဖြစ်သည်။

ဝမ်းကျူးစန်းကိုင်ဆောင်သော ဆင်စွယ်ဓားကို အဖြူရောင် းဟု တင်စားကာ 'အဖြူရောင်ဓားဝမ်းကျူးစန်း' ဟု သိုင်းလောက ထူး ပေးအပ်လိုက်ကြတော့သည်။

ဝမ်းကျူးစန်းသည် အဖြူရောင်ဓားကို ကိုင်ဆောင်ကာ င်းလောက၌ အောင်မြင်ထင်ရှားလာသကဲ့သို့ အချစ်ရေးလည်း ကောင်းခဲ့လေသည်။

မိုးစွေငှက်နှင့် သံယောဇဉ်ကြိုးက ပိုမိုခိုင်မာလာပြီးနောက် ချစ်သူဘဝရောက်ရှိခဲ့ကြတော့သည်။

ဝမ်းကျုံးစန်းနှင့် မိုးစွေငှက်တို့ ချစ်သူဘဝရောက်ရှိသွားကြ သောအခါ မိုးစွေငှက်အား ပိုးပန်းခဲ့သည့် ပုယို့ကျူးက အလိုလို နောက်ဆုတ်သွားတော့သည်။

သိုင်းပညာယှဉ်ပြိုင်ရာ၌ အရေးနိမ့်သွားသကဲ့သို့ အချစ်ရေး၌လည်း ရှုံးနိမ့်သွားသည်ဖြစ်ရာ ပုယို့ကျူး အရှုံးကြီးရှုံးသွားသည်ဟု ဆိုနိုင်ပါတော့သည်။ ထို့အပြင်...

ဝမ်းကျုံးစန်း သတင်းကြီးလာပြီး ထင်ရာစိုင်းနေသည့် အမိုက်ထိပ်ခေါင်နှင့် တစ်ချိန်ချိန်တွင် ထိပ်တိုက်တွေ့ကြလိမ့်မည်ဟု သိုင်းလောကသားများ ယူဆခဲ့ကြလေသည်။ သို့သော်..

အများယူဆကြသကဲ့သို့ ဝမ်းကျုံးစန်းနှင့် အမိုက်ထိပ်ခေါင် တို့ ထိပ်တိုက်ရင်ဆိုင်မိခဲ့ခြင်း မရှိခဲ့ချေ။

အမိုက်ထိပ်ခေါင်သည် အလွန်အရေးကြီးသောကိစ္စတစ် ဖြင့် ဝေးလံလှသော ကောက်ကျင်းနယ်သို့ ခရီးထွက်သွားခြင်းကြော ဖြစ်လေသည်။

သွေးဘီလူး၏ခြေရာကို ဆက်ခံကာ သိုင်းလောကအ ဒုက္ခပေးလိမ့်မည်ဟု ယူဆနေရသော အမိုက်ထိပ်ခေါင် သိုင်းလေ ကနှင့်ဝေးရာသို့ ထွက်သွားခဲ့ခြင်းကြောင့်လည်းကောင်း၊ သူ့ရဲကော ဝမ်းကျုံးစန်း ပေါ်ထွက်လာခြင်းကြောင့်လည်းကောင်း သိုင်းလော တစ်ခုလုံး အေးချမ်းသာယာသွားသည်ဟု ဆိုနိုင်ပေတော့သည်။

♠ ♠ ♠



## ချစ်သူ၏ဆန္ဒ

ပန်းပေါင်းစုံ ဝေဝေဆာဆာ ပွင့်ဖူးကာ သာယာလှပနေ သာ တောင်ကုန်းလေးတစ်ခု ဖြစ်ပါသည်။

ထိုတောင်ကုန်းလေးပေါ်၌ ဝမ်းကျုံးစန်းနှင့်မိုးစွေငှက်တို့ သူစုံတွဲနှစ်ဦး ရှိနေကြလေသည်။

ဝမ်းကျုံးစန်းမှာ သူရဲကောင်းတစ်ယောက် ဖြစ်လာသလို ချောမောသော မိုးစွေငှက်ကို ပိုင်ဆိုင်ထားရကာား ဘဝတစ်ခုလုံး စုံသွားပြီဟု ဆိုနိုင်ပါတော့သည်။

မိုးစွေငှက်သည်လည်း ဝမ်းကျုံးစန်း၏ ဖျောင်းဖျမှုကြောင့် ငကလို စိတ်ထင်ရာတဇွတ်ထိုး မလုပ်တော့ဘဲ ဆင်ဆင်ခြင်ခြင် လာပြီ မဟုတ်လား။

သူ၏ဘဝ တိုးတက်ပြောင်းလဲကာ အရာရာအားလုံး ဆင်ပြေချောမွေ့နေရသည်မှာ ဆရာအားချန်(ဝါ) သွေးဘီလူ ကျေးဇူးကြောင့်ဖြစ်သည်ဟု ဝမ်းကျိုးစန်း အစဉ်နှလုံး သွင်း လေသည်။

သွေးဘီလူး၏ကျေးဇူးကို မမေ့နိုင်အောင် ဖြစ်ခဲ့ရ သည်။

သွေးဘီလူးသည် နှင်းဆီနှင့်လမ်းခွဲခဲ့ရသော်လည်း ဝမ်း စန်းက မိုးဇွေငှက်နှင့် လက်တွဲနိုင်ခဲ့သည်။

သွေးဘီလူးက နှင်းဆီ၏ကျောက်စိမ်းလက်ကောက် အမြတ်တနိုး ရှိခဲ့သည်။

ဝမ်းကျိုးစန်းကလည်း မိုးဇွေငှက်အတွက် ချစ်သက်လ ဆောင်တစ်ခု ပေးအပ်လိုစိတ် ဖြစ်ပေါ်ခဲ့မိလေသည်။

သူ၏ဆန္ဒတစ်ခု ပြည့်ဝအောင်မြင်ရလိမ့်မည်ဟု စိတ် တေးမှတ်ထားခဲ့လေသည်။

ချစ်သူနှစ်ယောက်သည် သဘာဝရှုမျှော်ခင်းများကို အ ကြာအောင် ငေးမောကြည့်ရှုနေပြီးမှ...

"အစ်ကို မြောင်နယ်ခြားကိုသွားဖို့ စီစဉ်ထားတယ်ဆို"

မိုးဇွေငှက်က မေးလာလေသည်။

ဝမ်းကျိုးစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ညီမ၊ မြောင်နယ်ခြားမှာ ဆိုးသွမ်းနေတဲ့



ကြီးတစ်ယောက်ကို သွားပြီးနှိမ်နင်းမယ်လို့ ရည်ရွယ်ထားတာ"

မိုးဇွေငှက်က...

"ဒါဆို အစ်ကို သတိထားဖို့လိုလိမ့်မယ်နော်"

"ဘာဖြစ်လို့လဲ ညီမရယ်၊ ပြောပါဦး"

"မြောင်ဒေသဟာ ကောက်ကျင်းနယ်နဲ့ ဆက်စပ်နေတယ် တ်လား"

"ဟုတ်တယ်လေ"

"ပုပ်ယို့ကျူးတို့ ဆရာတပည့်တွေက အရေးကြီးတဲ့ကိစ္စတစ်ခု ာက်ကျင်းနယ်ကို သွားကြတာ၊ ခုထိ သူတို့သတင်း မကြားရ ဘူး"

ဝမ်းကျိုးစန်း မျက်မှောင်ကုပ်သွားလေသည်။

မိုးဇွေငှက်က...

"သူတို့ လျှို့ဝှက်ပြီး တစ်ခုခုကြံစည်နေကြတယ်လို့ ကျွန်မ ထင်မိတာပဲ၊ ဒါကြောင့် အစ်ကို သတိထားစေချင်ပါတယ်ရှင်"

ဝမ်းကျိုးစန်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ညီမရယ်၊ ကျုပ် သတိထားပါ့မယ်"

မိုးဇွေငှက်က....

"အစ်ကို့ကို ညီမ ပြောစရာတစ်ခု ကျန်သေးတယ်"

"ပြောပါ ညီမ"

မိုးဇွေငှက်မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"အနက်ရောင်သိုင်းသမားတွေအကြောင်း အစ်ကိုသိ
မဟုတ်လား၊ အစ်ကိုက ဆုံးမထားတော့ သူတို့ငြိမ်နေကြပေ
အခွင့်သာတဲ့တစ်နေ့မှာ ဒုက္ခပေးဖို့ ကြိုးစားကြမှာ၊ ကျွန်မ သိ
လောက် အစ်ကို တစ်ချက်ကလေးသတိလက်လွတ်ဖြစ်ပြီဆိုတ
ချက်ချင်း ခေါင်းထောင်လာကြမှာ"

ဝမ်းကျုံးစန်းက...

"ကျုပ် သဘောပေါက်ပါတယ် ညီမရယ်၊ အစစအရ
ကျုပ် သတိထားပါ့မယ်"

"ဒါဆိုလည်း ကျွန်မ စိတ်အေးရပါပြီလေ၊ ဒါထက် အ
မြောင်နယ်ခြားကို ဘယ်တော့သွားမလဲ၊ ဘယ်အချိန်လောက်
လာမှာလဲဟင်"

ဝမ်းကျုံးစန်းက...

"သုံးလေးရက်အတွင်း သွားမယ်၊ တစ်လလောက်ပဲ
မယ်၊ ပြန်လာခဲ့ပါ့မယ်"

သူက တစ်လခန့်ကြာလျှင် ပြန်လာမည်ဟု ပြောခဲ့သ
သို့သော်...

တကယ်တမ်း မြောင်နယ်ခြားသို့ ထွက်သွားပြီး တစ်နှစ်
ကြာသွားသည့်တိုင် ဝမ်းကျုံးစန်း ပြန်ရောက်မလာခဲ့တော့ချေ။

♠ ♠ ♠

## ရောင်စုံပန်းအဆိပ်

မြောင်နယ်ခြား...။

မြောင်နယ်ခြားဒေသ၌ ဆိုးသွမ်းသောင်းကျန်းနေသော
ိုးကြီးတစ်ယောက် ရှိနေသည်။

ဝမ်းကျုံးစန်းသည် မြောင်နယ်ခြားသို့ ရောက်သောအခါ
ူဆိုးကြီးအား လိုက်လံရှာဖွေခဲ့လေသည်။

ဆယ်ရက်ခန့်အကြာတွင် လူဆိုးကြီးနှင့် ထိပ်တိုက်တွေ့ဆုံ
လေတော့သည်။

ဝမ်းကျုံးစန်းနှင့် လူဆိုးကြီးတို့၏ တိုက်ပွဲမှာ ပြင်းထန်လှ
ည်။

ဝမ်းကျုံးစန်း၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာသုံးလေးချက်
သည်အထိ လူဆိုးကြီးက တိုက်ခိုက်နိုင်ခဲ့လေသည်။

သို့သော်...

ဝမ်းကျုံးစန်းကို အနိုင်ရအောင် တိုက်ခိုက်နိုင်ခြင်းတော့ မ
ခဲ့ပါချေ။

ဝမ်းကျုံးစန်း၏ အဖြူရောင်ဓားက လူဆိုးကြီးအား အဆုံး
ရင်ပေးခဲ့လေသည်။

လူဆိုးကြီးအား သုတ်သင်နိုင်ခဲ့သော်လည်း ဝမ်းကျုံးစ
သည် ရုတ်တရက် မြောင်နယ်ခြားမှ မပြန်နိုင်သေးချေ။

မြောင်နယ်ခြားရှိ တောတွင်းဒေသမှ ထွက်သည့် ကျောက
စိမ်းမှာ အလွန်အရည်အသွေးကောင်းသဖြင့် မိုးစွေငှက်အားလက်
ဆောင်ပေးရန် အရည်အသွေးကောင်းသော ကျောက်စိမ်းတချို့ရှာ
ဖွေရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

ဝမ်းကျုံးစန်းသည် ကျောက်စိမ်းကောင်းကောင်းရနိုင်မည့်
နေရာကို စုံစမ်းကာ ကိုယ်တိုင်သွားရောက် ရှာဖွေခဲ့လေသည်။

ဤတွင်...

မြောင်နယ်ခြား၏ အလွန်ကြောက်မက်ဖွယ်ကောင်းသော
ရောင်စုံပန်းအဆိပ် သင့်ခဲ့လေတော့သည်။

မြောင်နယ်ခြား၌ အဆိပ်ပန်းပင်များ ပေါများလှသည်။

ထိုအဆိပ်ပန်းများမှ ထွက်ပေါ်နေသော အဆိပ်ငွေ့မှာ



ပ်ကာ အလွန်ကြောက်စရာကောင်းသော အဆိပ်တစ်မျိုးဖြစ်
တလေသည်။

ထိုအဆိပ်ကို ဒေသခံများက ရောင်စုံပန်းအဆိပ်ဟု ခေါ်ကြ
သည်။

ရောင်စုံပန်းအဆိပ်ကို ရှူရှိုက်မိသည်နှင့် အဆိပ်မိကာ ကု
ဆေးမရှိဘဲ တဖြည်းဖြည်း သေဆုံးသွားရမည်သာ ဖြစ်လေ
။

ဝမ်းကျုံးစန်းသည် အလွန်အရည်အသွေးကောင်းသော
က်စိမ်းများ ရရှိခဲ့သလို ရောင်စုံပန်းအဆိပ်လည်း သင့်ခဲ့လေ
။

ဝမ်းကျုံးစန်းက အနီးဆုံး မြို့တစ်မြို့သို့ ရောက်သွားပြီး
တိမ်တစ်ခုတွင် ကျောက်စိမ်းများဖြင့် လက်စွပ်တစ်ကွင်းပြုလုပ်
လိုက်သည်။

သမားတော်တစ်ဦးထံသို့သွားကာ ဆေးကုသမှုခံယူခဲ့သည်။

သမားတော်သည် ဝမ်းကျုံးစန်းအား စမ်းသပ်စစ်ဆေးပြီး
...

"မင်းရဲ့ခန္ဓာကိုယ်ထဲ စိမ့်ဝင်နေတဲ့ ရောင်စုံပန်းအဆိပ်က
ဆေးမရှိပါဘူး၊ ဒါကြောင့် ကျုပ် ကုသပေးနိုင်စွမ်းမရှိတာ ဝမ်း
းပါတယ်"

စိတ်မကောင်းစွာပြောပြီး လက်လျှော့သွားတော့သည်။

ဝမ်းကျုံးစန်းမှာ ရောင်စုံပန်းအဆိပ်ကြောင့် မလွဲမ
သေဆုံးသွားရတော့မည် ဖြစ်လေသည်။

ဝမ်းကျုံးစန်း စိတ်ဓာတ်ကျဆင်းသွားသည်။

သို့တိုင်...

သူသေဆုံးမသွားမီ မိုးစွေငှက်အား ကျောက်စိမ်းလက်စွ
ပေးအပ်နိုင်ရန် သိုင်းလောကသို့ ပြန်ဖို့ ဆုံးဖြတ်လိုက်လေတေ
သည်။

♠ ♠ ♠



ပုယို့ကျူးတို့ ဆရာတပည့်များ ကောက်ကျင်းနယ်သို့
က်လာခဲ့သည်မှာ အတော်ကြာသွားပြီဖြစ်လေသည်။

ဆရာဖြစ်သူ အမိုက်ထိပ်ခေါင်က လူတစ်ယောက်နှင့်ပူး
းကာ အလွန်အရေးကြီးသော ကိစ္စတစ်ခု ဆောင်ရွက်ရန်စီစဉ်
။

ကောက်ကျင်းနယ်သည် မြောင်နယ်ခြားနှင့် ထိစပ်နေသော
င့် မြောင်နယ်ခြားမှ သတင်းများကို ကြားသိနေရပြီး ဝမ်းကျုံး
ရောက်လာသည်ကိုလည်းကောင်း၊ လူဆိုးကြီးတစ်ယောက်အား
လိုက်သည်ကိုလည်းကောင်း ပုယို့ကျူး သိရှိခဲ့ရလေသည်။

ပုယို့ကျူးသည် ဝမ်းကျုံးစန်းအား ဘယ်တော့မှ ကျေနပ်
ည်မဟုတ်ရကား မြောင်နယ်ခြားသို့ တိတ်တဆိတ်ကူးသွားပြီး
ကျုံးစန်းအား တိုက်ခိုက်ရန် စိတ်ကူးမိခဲ့သေး၏။

နောက်ပိုင်းတွင် ဝမ်းကျုံးစန်း အဆိပ်မိသွားသည်ဟု
င်းကြားရပြန်လေသည်။

ပုယို့ကျူး ဝမ်းသာသွားလေသည်။

"မြောင်နယ်က ရောင်စုံပန်းအဆိပ်မိသွားယင်ဖော့ ဝမ်း
စန်း ဘယ်နည်းနဲ့မှ အသက်ရှင်နိုင်တော့မှာ မဟုတ်ဘူး"

သူ မုန်းတီးနေသော ဝမ်းကျုံးစန်း သေဆုံးသွားရတော့မည်
လေသည်။

ထိုအချိန်မှာပင် ဆရာဖြစ်သူ အမိုက်ထိပ်ခေါင်က တပည့်

သုံးယောက်အား သိုင်းလောကသို့ အယင်ပြန်နှင့်ကာ ကြိုတင်လုပ်
ကိုင်ဆောင်ရွက်ထားရမည့် အစီအစဉ်များကို ပြောပြပြီး ပြန်လွှတ်
လိုက်လေသည်။

ပုယို့ကျူးမှာ ဝမ်းကျုံးစန်းထံသို့ မသွားဖြစ်တော့ပါ။

ဆရာဖြစ်သူ၏ အမိန့်အတိုင်း သိုင်းလောကသို့ ပြန်လာ
ခဲ့ရလေသည်။

ပုယို့ကျူး သိုင်းလောကသို့ ပြန်ရောက်လာပြီးနောက် ဝမ်း
ကျုံးစန်းမှာ မြောင်နယ်ခြား၌ အဆိပ်မိကာ သေဆုံးသွားပြီဆိုသော
သတင်း ပျံ့နှံ့သွားတော့သည်။

မြောင်နယ်ခြား၌ ရှိနေသော ဝမ်းကျုံးစန်းသည် သူသေဆုံး
သွားပြီဆိုသောသတင်း သိုင်းလောက၌ ဖြစ်ပေါ်နေကြောင်း လုံးဝမ
သိခဲ့ချေ။

ထို့ကြောင့် မိုးစွေငှက်အတွက် ကျောက်စိမ်းလက်စွပ်လေး
ယူကာ သိုင်းလောကသို့ ပြန်လာခဲ့လေသောအခါ...။

♠ ♠ ♠



## သတင်းဆိုး

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

ရောင်စုံပန်းကလေးများ ဝွားဝွားစွင့်စွင့် ဖူးပွင့်နေကြပြီး လှ
သော လိပ်ပြာကလေးများ လူးလာပျံသန်းနေကြသည်။

လေအဝှေ့တွင် မွှေးကြိုင်သော ပန်းရနံ့များက ဝန်းကျင်အ
နှံ့လွင့်နေပေသည်။

ပန်းပွင့်ကလေးများနှင့်အပြိုင် လှပသော မိန်းကလေးတစ်
ဦးသည် ပန်းရုံများအတွင်းရှိနေ၏။

ထိုမိန်းကလေး၏အလှသည် ရှုမငြီးသော သဘာဝအလှ
ကို အားဖြည့်ပေးနေသလိုပင်။

ဖြာကျသော နေခြည်အောက်ဝယ် ဆေးရေးမရှိသော ပ
ဇိုကားတစ်ချပ်နှယ် ရှိနေပါတော့သည်။

♠ ♠ ♠

ရောင်စုံပန်းကလေးများက လေတိုက်သောအခါ ယိမ်း
သွားကြသည်။

မိန်းကလေးသည် အလှဆုံးသော ပန်းတစ်ပွင့်အား ခူး
ကာ ပန်ဆင်လိုက်သည်။

ဤသည်ကပင် သူမ၏အလှအား အယဉ်ဆင့်သကဲ့သို့ဖြ
သွားပေသည်။

မိန်းကလေးကား မိုးစွေငှက်ဟု နာမည်ကျော်ကြားသေ
လျှံကျူးပင်ဖြစ်သည်။

တစ်နည်းအားဖြင့်...

သူမသည် သိုင်းလောကဥ္စ လျှမ်းလျှမ်းတောက် ကျော်ကြ
နေသော အဖြူရောင်ဓား ဝမ်းကျုံးစန်း၏ချစ်သူပင် ဖြစ်ပါသည်။

လျှံကျူးသည် ပန်းတောထဲတွင် လှည့်ပတ်ယင်း လွန်စွ
ပျော်ရွှင်နေပေသည်။

ယနေ့သည် ခါတိုင်းနေ့များနှင့်မတူ ပိုဍ်ပျော်စရာကောင်
ကာ ဝမ်းသာရွှင်ပျမှု ပေးစွမ်းနိုင်သည်ဟု ထင်မိသည်။



ခရီးထွက်သွားသော ဝမ်းကျုံးစန်းသည် မကြာမီ ပြန်
က်လာတော့မည် မဟုတ်ပါလား။

♠ ♠ ♠

လျှံကျူးသည် လှပသော ပန်းတစ်ပွင့်အား ပန်ဆင်ထား
ည်။

ပန်းတောလေးတစ်ဘက်တွင် ဆောက်လုပ်ထားသော ထိုင်
ည်ပေါ်တွင်ထိုင်ယင်း ခြံဝင်းအဝအား မျှော်ကြည့်နေသည်။

ယခုတစ်ကြိမ် ဝမ်းကျုံးစန်း ခရီးထွက်ရာမှ ပြန်လာပြီးလျှင်
တို့သည် လက်ထပ်ကြတော့မည် မဟုတ်ပါလား။

ရုတ်တရက် လေပွေတင်ချက် ဝှေယမ်းတိုက်ခတ်သွား
ည်။

သူမ ဝတ်ဆင်ထားသော အဝတ်အစားများ လူးလွန့်သွား
လို ပန်ဆင်ထားသောပန်းမှာလည်း မြေပေါ်ပြုတ်ကျသွားလေ
ည်။

ပန်း၏ပွင့်လွှာအချို့ကား ကြွေလုလုဖြစ်နေ၏။

လျှံကျူးမျက်နှာ မသာမယာဖြင့် ပန်းကလေးအား ကောက်
လိုက်သည်။

ပန်းပွင့်အားကြည့်ယင်း နှမြောတသသော စိတ်များလည်း

ဖြစ်ပေါ်လာခဲ့မိသည်။

သူမက ပန်းပွင့်အား ခုံဘေးတွင်ချကာ ထရပ်လိုက်၏ နောက်ထပ် ပန်းတစ်ပွင့်အား ပန်ဆင်ရန်အတွက် ခူး တော့မည် မဟုတ်ပါလား။

သူမက ပန်းတောထဲ လျှောက်သွားရန် ပြင်လိုက်စဉ်မှာ

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏

လျှံကျူး၏ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားသည်။

မကြည်မသာဖြစ်နေသော မျက်နှာကလေးသည် လပြ ဝန်းနှယ် ရွှန်းပသွားပြီး...

"အစ်ကို'

ဟုခေါ်ကာ ခြံဝသို့ အပြေးတပိုင်း ထွက်ခွာသွားလေတော့ သည်။

♠ ♠ ♠



"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်။

အုန်းခွံရောင်မြင်းတစ်စီးသည် ခြံဝင်းဝသို့ မကြာမီ အချိန် တွင်း ရောက်ရှိလာသည်။

မြင်းပေါ်တွင် အပြာရောင်ပိုးဖဲအင်္ကျီ ဝတ်ဆင်ထားပြီး ချော ခန့်ညားသော လုလင်တစ်ယောက် ပါလာ၏။

လျှံကျူးသည် ထိုလူအား တွေ့လျှင် လှမ်းလက်စခြေလှမ်း ပင် ရပ်တန့်သွားသည်။

မျက်နှာပေါ်တွင်လည်း အပြုံးများ ပျောက်ကွယ်ကာ တင်း များ အစားထိုးဝင်ရောက်လာလေသည်။

အပြာရောင်ဝတ်ဆင်ထားသူက မြင်းပေါ်မှ ခုန်ဆင်းကာ င်းထဲ လှမ်းဝင်လာ၏။

လျှံကျူးက...

"ရှင် ဘာလာလုပ်တာလဲ"

ခပ်ဆတ်ဆတ်လေသံဖြင့် မေးလိုက်၏။

သူမထံလာသည်ကို မနှစ်မြို့ကြောင်း ထိုလူကလည်း ရိ မိသွားသည်။

ချက်ချင်းပင် ခြေလှမ်းရပ်သွားသည်။ ကြည့်

သူ၏မျက်နှာလည်း ညှိုးလျော်သွား၏။

သူက မချိပြုံးပြုံးယင်း... ကာ...

"ညီမဆီလာတာ မကြိုက်ဘူးဆိုတာ ကျုပ်သိပါတယ်"

လွှံ့ကျူးက စိုက်ကြည့်လာ၏။

နှုတ်မှမပြောသော်လည်း 'သိရဲ့သားနဲ့ ဘာကြောင့်လ

သလဲ'ဟူသောအကြည့်ဖြစ်ကြောင်း ထိုလူ ကောင်းစွာ နားလည်ထ

သည်။

အပြာရောင်ဝတ်ဆင်ထားသူက…

"ညီမက အိမ်ထဲဝင်ဖို့တောင် မဖိတ်ခေါ်တော့ဘူးလား

လွှံ့ကျူး မကြားသလို ဟန်ဆောင်နေလိုက်၏။

ထိုလူ ပင့်သက်ရှိုက်လိုက်ပြီး…

"အေးလေ ဝမ်းကျုံးစန်း အထင်လွဲတာ ညီမအနေနဲ့ ဘ

ခံနိုင်ပါ့မလဲ၊ ကျုပ် နားလည်ပါတယ်၊ ညီမနဲ့ဝမ်းကျုံးစန်း မေတ္တ

မျှပြီးကတည်းက ကျုပ် ညီမအနားမှာ ရှိမနေသင့်တော့ဘူး၊

ကြောင့် အဝေးမှာ ရှောင်ရှားခဲ့တယ်၊ ဒါပေမယ့် အခုလာတ

အရေးကြီးတဲ့ သတင်းတစ်ခုကြောင့်ပါ"

ထိုလူသည် သိုင်းလောက၌ ကျော်ကြားနေသော မင်းသ

လေးပုယို့ကျူးပင်ဖြစ်သည်။

ပုယို့ကျူးနှင့် ဝမ်းကျုံးစန်းတို့သည် လွှံ့ကျူး၏မေတ္တာအ

ပြိုင်တူကြိုးပမ်းခဲ့ကြသည်။

လွှံ့ကျူး၏မေတ္တာအား ဝမ်းကျုံးစန်းက ရရှိသွားသောအ

ကျမနပ် ဖြစ်ခဲ့ရသည်။



သို့သော် လွှံ့ကျူးကိုယ်တိုင် ရွေးချယ်ခဲ့သည်မို့ ဘာမှမ

တ်နိုင်ခဲ့ပါ။

သူက နောက်ဆုတ်ကာ မပတ်သက်တော့ဘဲ အဝေးမှာပင်

လေသည်။

လွှံ့ကျူး မကြိုက်မှန်းသိ၍ ရောက်မလာဖြစ်တော့သည်မှာ

ကြာမြင့်ခဲ့ချေပြီ။

ယခု ဖြုန်းစားကြီး ရောက်လာခဲ့သည်မှာကား…

လွှံ့ကျူးက မျက်မှောင်ကုပ်ကာ ပုယို့ကျူးအားကြည့်ယင်း…

"ဘာသတင်းလဲ ပြောပါ"

ဟုမေးလိုက်၏။

သူမ အနေဖြင့် မြန်မြန်နားထောင်ပြီး မြန်မြန်ပြန်စေချင်

ဆန္ဒရှိမှန်း ပုယို့ကျူး ရိပ်စားမိပါသည်။

သူ၏မျက်နှာ လေးနက်သွားပြီး…

"ဒီသတင်းဟာ ညီမနဲ့တိုက်ရိုက်ပတ်သက်နေတဲ့အတွက်

ပ်မပြောမဖြစ် ပြောရပါမယ်'

"ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

လွှံ့ကျူးက စိတ်မရှည်သောလေသံဖြင့် ပြောလိုက်၏။

ပုယို့ကျူးက သူမအား ဂရုဏာသက်သကဲ့သို့ စိုက်ကြည့်

၏။

ပြီးမှ လေးပင်သော သက်ပြင်းတစ်ချက်ချကာ…

"ဝမ်းကျုံးစန်းတစ်ယောက် မြောင်နယ်ခြားက ရောင်ဝ
အဆိပ်မိပြီး သေဆုံးသွားတယ်လို့ သတင်းကြားခဲ့တယ်"

"ဘာ"

လျှံကျူး အထိတ်တလန့် အော်လိုက်သည်။

ခန္ဓာကိုယ်လည်း ဆတ်ခနဲ တုန်ခါသွားလေသည်။

ပုယို့ကျူးအား ဒေါသဖြင့်ကြည့်ယင်း..

"ရှင်...ရှင် ဘာတွေ လာပြောနေတာလဲ"

ပုယို့ကျူးက...

"ဝမ်းကျုံးစန်း သေဆုံးသွားတဲ့သတင်း မြောင်နယ်ခြ
လျှောက်ပျံ့နှံ့နေပြီ၊ ကျုပ်လည်း မမျှော်လင့်ဘဲ ကြားသိခဲ့လို့
ပြောတာပါ၊ ညီမအနေနဲ့ လက်ခံနိုင်မှာ မဟုတ်ဘူးလို့လည်း ကြို
တွေးထားမိပါတယ်၊ ဒါပေမယ့်.."

သူ၏စကားမဆုံးမီ လျှံကျူးက ကြားဖြတ်အော်လိုက်

"ဟုတ်တယ် မယုံဘူး၊ ရှင် ဘာတွေလာပြောနေတာ
ကျွန်မ စိတ်ဆင်းရဲအောင် တမင် နှိပ်စက်နေတာလား"

ပုယို့ကျူး မျက်နှာပျက်သွားသည်။

ကပျာကယာ လက်ကာပြလိုက်ပြီး..

"မဟုတ်ဘူး၊ ကျုပ်က ညီမ စိတ်ဆင်းရဲအောင် မလုပ်ပါ
ညီမ မယုံမှန်းသိပေမယ့် အသိပေးသင့်လို့ လာခဲ့တာပါ၊ ကျုပ်
အထင်မလွဲပါနဲ့"



"အစ်ကိုကြီး ဆက်မပြောပါနဲ့တော့ ဒီနေရာက ထွက်သွားပါ
ရှင်"

လျှံကျူးက ဒေါသစိတ်ကို ထိန်းချုပ်ယင်း ပြောလာသည်။

ပုယို့ကျူးက...

"ကျုပ် ပြန်မှာပါ၊ ဒါပေမယ့် တစ်ခုတော့ မှာခဲ့ချင်ပါတယ်"

လျှံကျူး ပါးစပ်ပိတ်ထား၏။

ပုယို့ကျူး၏သတင်းစကားကြောင့် သူမ၏စိတ်ထဲ ယောက်
ခတ်နေပြီ ဖြစ်သည်။

ပုယို့ကျူးက တည်ကြည်လေးနက်သော မျက်နှာထားဖြင့်

"ဝမ်းကျုံးစန်း သေဆုံးသွားတဲ့သတင်းကြားယင် သူ့ရဲ့ရန်
တွေဟာ ခေါင်းထောင်လာလိမ့်မယ်၊ ဝမ်းကျုံးစန်းအပေါ် မကျေ
မှု ညီမကိုမဲပြီး ဒုက္ခပေးလာနိုင်တယ်၊ ဒါကိုတော့ သတိထား
င်တယ်"

လျှံကျူးက...

"အစ်ကိုကြီး...ရှင်ပြန်ပါတော့"

ပုယို့ကျူးက သက်ပြင်းချလိုက်၏။

"ကောင်းပြီ ကျုပ်ရဲ့သတိပေးစကားကို မမေ့ပါနဲ့၊ ကျုပ်
ပြီ"

စကားဆုံးလျှင် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွား၏။

ခြံဝရှိ မြင်းပေါ် ခုန်တက်ပြီးလျှင်...

"ဟေး"

အော်ငေါက်ကာ တရကြမ်း မောင်းနှင်သွားသည်။

ခြံဝင်း၀၌ လူ့ကျူးတစ်ယောက်တည်း ငူငူကြီးရပ်လျှက် ရစ်ခဲ့လေတော့သည်။

♠ ♠ ♠



## အန္တရာယ်များနှင့် အားကိုးရာ

လဝန်းသည် ကောင်းကင်ပေါ်၌ ထွန်းလင်းတောက်ပနေ

ဝန်းကျင်အနှံ့ လရောင်ဖြာကျနေသည်။

ညဥ့်နက်ပြီ ဖြစ်သည်။

သို့သော်...

လူ့ကျူးကား အိပ်မပျော်သေးချေ။

သူမ၏ရင်ထဲ စိုးရိမ်ပူပန်မှုများက နေရာယူနှိပ်စက်နေခဲ့ မဟုတ်ပါလား။

ပုယို့ကျူးသည် တမင် စိတ်ဆင်းရဲအောင် လာပြောသည် သိမ့်ကာ နေခဲ့သော်လည်း စိတ်ထဲ စနိုးစနောင့်ဖြစ်နေရသည်။

ပုယို့ကျူးသည် မဟုတ်မှန်သည့်သတင်းအား မျက်
ပြောင်တိုက်ကာ လာပြောမည့်လူစားမျိုးမဟုတ်ချေ။

ယခုလို တကူးတက လာပြောခဲ့ခြင်းမှာ...

မဖြစ်နိုင်ဟု သူမဘာသာ ယူဆလျှက် ကြိတ်မှိတ်ဖြေသိ
လိုက်သည်။

သို့တိုင် ရင်ထဲ၌ တင်းကြပ်မှုများက ပြေလျော့မသွားပါ

သူမသည် ပြတင်းပေါက်မှတဆင့် အပြင်ဘက် လရော
ဖြာကျနေသည်ကို ကြည့်ယင်း မျက်ရည်များ ရစ်ဝိုင်းလာလေသည်

စိတ်တင်းထားသည့်ကြားမှ မျက်ရည်တစ်စက် ကြွေလ
သွား၏။

"အစ်ကို ဘာမှမဖြစ်ပါဘူး"

သူမက စိတ်အားတင်းယင်း မျက်ရည်အား လက်ခုံဖြ
သုတ်လိုက်သည်။

ထိုစဉ် မျက်ဝန်းထောင့်မှ လှုပ်ရှားမှုတစ်ခုအား ရိပ်ခနဲ တွေ့
မြင်သွားသည်။

သူမသည် သိုင်းလောကသမီးပျိုပီပီ ထူးခြားသော အ
အနေဖြစ်ပေါ်လာကြောင်း အာရုံရကာ ပတ်ဝန်းကျင်အား သေသေ
ချာချာ အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ ပန်းတောထဲဝယ် အိမ်ကလေးဆီ ဦးတည်လာ
သော လူရိပ်များအား တွေ့လိုက်ရသည်။



လရောင်ဖြင့် ထိုလူများ၏လက်ထဲတွင် ဝင်းလက်နေသော
က်များအား တွေ့မြင်လိုက်ရ၏။

ထိုလူများသည် ကောင်းကျိုးပေးမည့်လူများ မဟုတ်ဘဲ
မည့်လူများဖြစ်ကြောင်း လျှံကျူး ချက်ချင်းရိပ်စားမိလိုက်
ည်။

သူမ၏စိတ်ထဲ သိုင်းသမားတစ်ဦး၏ လျင်မြန်ဖျတ်လတ်
ရတ်ခြည်းပေါ်လာသလို ရဲဝံ့သော စိတ်များလည်း ဖြစ်ပေါ်
ည်။

ချက်ချင်းပင် စားပွဲပေါ်မှ ထမင်းစားတူများအား ကောက်
ပန်းတောအတွင်း ပစ်လွှင့်လိုက်တော့သည်။

မရှေးမနှောင်းမှာပင်...

"အား"

"အွန့်"

နာကျင်စွာ အော်လိုက်သောအသံများ ထွက်ပေါ်လာ

တဆက်တည်း အချက်ပေးသံများလည်း ထွက်ပေါ်လာ

ရန်သူများသည် လူစုလူဝေးနှင့်ဖြစ်ကြောင်း လျှံကျူး ရိပ်
လိုက်သည်။

သူမက အံတစ်ချက်ကြိတ်ကာ...

"တွေ့ကြသေးတာပေါ့"

ကြိုးဝါးယင်း ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ ခု

ထွက်သွားလေတော့သည်။

♠ ♠ ♠

ရန်သူများသည် အိမ်ကလေးအနီး ချဉ်းကပ်လာစဉ် အိမ်ထဲ

မှတိုက်ခိုက်မှုကြောင့် သူတို့လူနှစ်ယောက် လဲကျသွားသည်။

မိမိတို့ရောက်လာကြောင်း သိသည့်အတူတူ မထူးဟု

သဘောပိုက်ကာ...

"အိမ်ကို ဝိုင်းထား"

"မလွတ်စေနဲ့"

တစ်ယောက်တစ်ပေါက် ပြောယင်း ပုန်းကွယ်ရာမှ အသီ

သီးထွက်လာကြသည်။

ထိုအချိန်တွင် လှံကျူး အပြင်ဘက်ပြေးထွက်လာသည်။

ရန်သူများက ချက်ချင်း ဝိုင်းရံထားလိုက်ကြ၏။

အားလုံးမှာ ဝတ်စုံနက် ဝတ်ဆင်ထားကြသူများပင် ဖြစ်ကြ

သည်။ လှံကျူးက ဝတ်စုံနက်များအား ငေ့ကြည့်ယင်း...

"ရှင်တို့ ဘယ်သူတွေလဲ၊ သေချင်လို့ ကျူးကျော်လာတာ

လား"



အကြောက်အရွံ့ ကင်းမဲ့စွာ မေးလိုက်၏။

ဝတ်စုံနက်များက အဖြေမပေးဘဲ တိုက်ခိုက်လိုက်ကြသည်။

လှံကျူးကား ခေသူမဟုတ်သောကြောင့် ချက်ချင်းပင် တုန့်

က်ခိုက်လိုက်၏။

သာယာလှပသော ညအခါဝယ် တိတ်ဆိတ်မှုကို ဖြိုခွဲသော

က်သံများနှင့်အတူ အရုပ်ဆိုးသော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာ

သည်။

♠ ♠ ♠

"အား"

"အွန့်"

"အမယ်လေး"

ဝတ်စုံနက်များ၏ အော်သံ ထွက်ပေါ်လာသည်။

ရန်သူများသည် အင်အားများသော်လည်း သိုင်းပညာ
ထက်မြက်လှသော လျှံကျူးအား မယှဉ်နိုင်ကြပါ။

မကြာမီ နောက်ဆုတ်ကာ ထွက်ပြေးသွားတော့သည်။

မြေကွက်လပ်၌ လျှံကျူးတစ်ယောက်တည်း ကျန်ရစ်
သည်။

ဝတ်စုံနက်များသည် မည်သူနည်း။

ရုတ်တရက် ပုယိုကျူး၏ပြောစကားများအား အမှတ်ရလာ
သည်။

ရန်သူများသည် ဝမ်းကျုံးစန်း သေဆုံးသွားသည်ဟု
သတင်းကြားလျှင် သူမအား ရန်ပြုလာမည် မဟုတ်လား။

ဤသို့ဆိုလျှင် ဝမ်းကျုံးစန်းတစ်ယောက်...

လျှံကျူး တွေးယင်းမှ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်
လာလေသည်။

သူမ တွေးတောငေးငိုင်နေခိုက်မှာပင်...

"ဝှစ်..ဝှစ်..ဝှစ်"

လေတိုးသံနှင့်အတူ ဝင်းလက်သော အလင်းရောင်တန်း



ပြီးထွက်လာသည်။

"ဟင်"

လျှံကျူး သတိဝင်လာသည်။

ရင်ထိတ်ကာ ကပျာကယာ ခုန်ထွက်လိုက်သည်။

လက်နက်ပုန်းအန္တရာယ်မှ ကင်းလွတ်သွားသော်လည်း သူ
ရပ်တည်သည့် ပန်းရုံတစ်ခု နောက်ကွယ်မှထွက်ပေါ်လာသော
သည် ဝမ်းဗိုက်အား ထိုးခွဲသွားသည်။

သူမက ကြောက်လန့်တကြားဖြင့် နောက်လှန်ချလိုက်သော
င့်သာ ရုပ်ထိသွားခြင်းဖြစ်သည်။

"အင့်"

သူမ မသဲမကွဲ ညည်းသံပြုလိုက်၏။

ချုံကွယ်မှလူသည် ရုတ်ခြည်း ခုန်ထွက်လာပြီး ဓားဖြင့်
ခိုက်လာသည်။

သူမ၏ပခုံးတွင် နောက်ထပ် ဓားဒဏ်ရာတစ်ချက် ရသွား
အလစ်ချောင်းတိုက်ခိုက်သူမှာလည်း သူမ လက်ချက်ကြောင့်
သို့ လွင့်စဉ်သွားရလေသည်။

သူမ တဒင်္ဂတွေဝေမှုအမှားကြောင့် အသက်ဘေး ကြုံခဲ့ရ
ကို နောင်တရသွားသည်။

သူမ မြေပေါ်မှ ထရပ်လိုက်ချိန်ဝယ် လူတစ်စုသည် လျှင်
ရောက်ရှိကာ တိုက်ခိုက်လာကြ၏။

ထိုလူများကား အညိုရောင် အဝတ်အစားများ ဝတ်ဆ
ထားပြီး မျက်နှာအား မျက်လုံးမှအပ ပဝါအနက်ဖြင့် ဖုံးအုပ်ထာ
ကြသည်။

ထိုသူများသည် အယောက်နှစ်ဆယ်ခန့်ရှိကာ ဝတ်စုံနက်
များထက် သိုင်းပညာအဆင့်မြင့်ကြသည်။

ဒဏ်ရာရထားသော လျှံကျူးမှာ အများနှင့်တစ်ယောက်
မို့ခြေကုန်လက်ပန်းကျကာ အသေအလဲ ခုခံနေရတော့သည်။

သူမ ဒုက္ခတွေ့ရတော့မည့် အချိန်မှာပင် လူတစ်ယောက်
ရောက်ရှိလာပြီး ရန်သူများအား တရကြမ်း တိုက်ခိုက်လိုက်သည်

ထိုလူ ဝင်ရောက်တိုက်ခိုက်လာသည်နှင့် ရန်သူများ ဖရိုဖ
ဖြစ်သွားကာ ထွက်ပြေးသွားကြတော့သည်။

သူမအား ဝင်ရောက်ကယ်တင်သူမှာ ပုယို့ကျူးဖြစ်ကြောင်
သတိလစ်မမေ့မြောမီ သိရှိသွားခဲ့ရလေသည်။

♠ ♠ ♠



နေခြည် ဖြာကျနေသည်။

ကျိန်းစပ်သော နေရောင်ခြည်ကြောင့် လျှံကျူး၏မျက်လုံး
ပြာဝေသွားသည်။

သူမ၏ဦးခေါင်းများ မူးနောက်ကာ တစ်ကိုယ်လုံး နုံးချိပျော့
သလို ခံစားနေရ၏။

ဝမ်းဗိုက်မှလည်း တစ်ခါတစ်ရံ စစ်ခနဲ နာကျင်သွားရ၏။

သူမ၏မျက်လုံးကို အသာအယာ ဖွင့်ကြည့်ယင်း ထထိုင်ရန်
ပြင်လိုက်၏။

ထိုစဉ်...

"ညီမ..မထနဲ့ဦး"

စိုးရိမ်တကြီးအသံနှင့်အတူ လူတစ်ယောက် ဆန်ပြုတ်ပန်း
ကိုင်ကာ ဝင်ရောက်လာ၏။

ထိုလူကား ပုယို့ကျူးပင်ဖြစ်သည်။

လျှံကျူး တအံ့တသြဖြစ်သွားသည်။

ပုယို့ကျူးက ဆန်ပြုတ်ပန်းကန်အား စားပွဲပေါ်တင်
ပြီး…

"ညီမ သတိမေ့နေတာ သုံးရက်တိတိ ရှိသွားပြီ"

လှျံကျူး အံ့ဩသွားပြီး…

"ရန်သူတွေကော"

"မရှိတော့ပါဘူး"

လှျံကျူး ပင့်သက်ရှိုက်ယင်း…

"သူတို့ကို ကျွန်မ မသိဘူး၊ ဘာကြောင့် ဒုက္ခပေးချင်
လဲမသိဘူး"

ပုယို့ကျူးက…

"ဝမ်းကျုံးစန်းကို မကျေနပ်သူတွေပေါ့၊ တော်သေး
ကျူပ်က စိတ်မချလို့ ပြန်လှည့်လာတာနဲ့ ကြုံလို့၊ ကဲ ဆန်
သောက်လိုက်ပါဦး၊ ပြီးမှ စကားဆက်တာပေါ့"

ပြောကာ သူကိုယ်တိုင်ပင် တိုက်ကျွေးလေသည်။

ဤသို့ဖြင့် ဆယ်ရက်ဟူသောအချိန် ကုန်ဆုံးသွား
သည်။

ဆယ်ရက်အတွင်း ပုယို့ကျူးသည် သူမအား အစစအ
စောင့်ရှောက်ခဲ့သည့်အပြင် ထပ်မံရောက်ရှိလာသော ရန်သူမျာ
လည်း မောင်းထုတ်ပေးခဲ့သည်။

ဝမ်းကျုံးစန်း သေဆုံးသွားသည့်သတင်းအား လှျံကျူး



သွားပြီး ပုယို့ကျူးက ကာကွယ်စောင့်ရှောက်ပေးရန် အနီး၌
သက်လုံးနေခွင့်ပြုရန် အစချီကာ လက်ထပ်ခွင့်တောင်းလာ
အခါ စိတ်အားငယ်နေသော လှျံကျူးမှာ မငြင်းသာတော့ဘဲ
ညိတ် လက်ခံခဲ့လေတော့သည်။

♠ ♠ ♠

ဝမ်းကျုံးစန်းသည် လူမမာကြီးတစ်ယောက်ဖြစ်မှန်းမသိ
သွားခဲ့လေသည်။

အလွန်ပြင်းထန်သော အဆိပ်ဒဏ်ကို ဆိုးဝါးစွာ ခံစားခဲ့ရ
သည်။

သို့တိုင်…

အားတင်း၍ သိုင်းလောကသို့ ပြန်လာခဲ့လေသည်။

ဝမ်းကျုံးစန်းက သူအဆိပ်မိထားသည်ကို မိုးစွေငှက်သိ
ပါက ဝမ်းနည်းကြေကွဲသွားမည်ကို စိုးရိမ်ကာ တိတ်တဆိတ်
လာခဲ့ခြင်းဖြစ်သည်။

အဆိပ်ဝေဒနာကြောင့် လမ်းတွင် ခရီးမတွင်ဘဲ ဖြစ်ခဲ့ရပြီး
ပါင်းများစွာ ကြန့်ကြာခဲ့ရလေသည်။

ဆေးများသောက်သုံး၍လည်းကောင်း၊ အတွင်းအားဖြင့်
ချုပ်၍လည်းကောင်း၊ အနားယူခြင်းဖြင့်လည်းကောင်း ဝေဒနာ

သက်သာစေရန် နည်းလမ်းအမျိုးမျိုး အသုံးပြုခဲ့ရသည်။

ဝေဒနာထကြွလာမည်ကို စိုးရိမ်ပြီး ဆယ်ရက်သွား

ခရီးက တစ်လခန့်ကြာအောင် နားနားနေနေသွားခဲ့သည်။

နောက်ဆုံးတစ်ချိန်တွင် မိုးဗွေငှက်ထံသို့ ရောက်လိမ့်မ

အားခဲထားလေသည်။

သို့သော်...

သိုင်းလောကသို့ ရောက်ရှိလာသောအခါ အလွန်ဝမ်း

ကြေကွဲစရာကောင်းသော အဖြစ်အပျက်နှင့် ကြုံတွေ့လိုက်ရ


သည်။

ဝမ်းကျုံးစန်း အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွား

တော့သည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းဆက်လက်ဖတ်ရှုပါရန်။


ဘုန်းကြွယ်
မုယုံမီ၏စင်ကန်ချန်း
ဆိုးမွေကောင်းမွေ
သိုင်းတောလေ


ဘုန်းကြွယ်
မုယုံမီ၏စင်ကန်ချန်း
ဆိုးမွေကောင်းမွေ
သိုင်းတောလေ
ဒုတိယပိုင်း

# ဘုန်းကြွယ်

# [illegible]ကောင်း[illegible]

ဒုတိယပိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၆၃၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၉၇၁၀၁၀

၂၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

ာင်စုမပြိုကွဲရေး — ဒို့အရေး
သားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
ခြားအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
တ်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး
ား ဆန့်ကျင်ကြ။
တ်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား
ကြ။
င်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

တ်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
သားပြန်လည်စည်းလုံးညီညွတ်ရေး၊
ည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
တ်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

ရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်
တည်ဆောက်ရေး၊
က်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်
တည်ဆောက်ရေး၊
တ်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား
တို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

သားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
တ်ဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာ
ပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
တ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
သားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## တန်ဖိုး

နေရောင်ခြည်သည် ပုစွန်ဆီရောင် သမ်းနေ၏။
တေးသမား'ဝမ်းကျုံးစန်း'သည် စိတ်ဓာတ်လွှန်စွာ ကျဆင်း
နေပြီ ဖြစ်သည်။
အကယ်၍သာ ပြင်းပြင်းထန်ထန် ချောင်းဆိုးခဲ့ခြင်း မရှိပါ
ကိုယ်သူ သေဆုံးသွားပြီဟုပင် ထင်မှတ်မှားမိမည် ဖြစ်မေ

သေခြင်းနှင့် အသက်ရှင်ခြင်းတို့၏ ကွာဟချက်မှာ အသက်
း ရှိမရှိသာ ဖြစ်၏။
မျှော်လင့်ချက် စိတ်ဆန္ဒကိုသာ ဆက်လက်ထိန်းသိမ်းထား
ရှိက ဘဝတစ်ခုလုံး ပြိုလဲပျက်စီး ဆုံးရှုံးသွားမည်သာ ဖြစ်

ထို့အတူ…

ချစ်ခြင်းမေတ္တာကို ထပ်မံဆုံးရှုံးခဲ့ရပါမူ အသက်ရှင်လ
နှင့် သေဆုံးရသလို ဖြစ်နေတော့မည် မုချတည်း။

ဓားသမားဝမ်းကျိုးစန်းအဖို့ မျှော်လင့်ချက် လုံးဝက
သွားပြီ ဖြစ်သည်။

သူ့အဖို့ ဆက်လက်အသက်ရှင်နိုင်ရန် အခွင့်အလမ်း
ပါးသွားသလို ချစ်ခြင်းမေတ္တာကိုလည်း လုံးဝဆုံးရှုံးခဲ့ပြီ ဖြစ်
သည်။

သို့သော် သူ မသေသေးပါ။

သေလိုသော ဆန္ဒလည်း မရှိပေ။

သေမင်းကို စောင့်နေရသူ ဖြစ်သည့်တိုင် လက်မြှေ
အရှုံးပေးရန် လုံးဝစိတ်ကူးခြင်း မရှိပေ။

သူ့တွင် မျှော်လင့်တောင့်တချက်တစ်ခု ရှိသည်။

ထိုမျှော်လင့်တောင့်တချက်မှာ လက်တွေ့အကေ
အထည် ဖော်နိုင်မည် မဟုတ်မှန်း သိထားသော်လည်း ထိုမျှော်
တောင့်တချက်သည် သူ့ဘဝ၏အလိုအပ်ဆုံး အရာပင် ဖြစ်ပေသ

ယင်းမျှော်လင့်တောင့်တချက်ဖြင့် ယခုအချိန်တိုင်အေ
သူအသက်ရှင်သန်နေခြင်း ဖြစ်ပေသည်။

♠ ♠ ♠



ဝမ်းကျိုးစန်းသည် မျက်လုံးများ မှိတ်ထားသည်။

သူ၏လက်သန်းကလေးပေါ်၌ လက်စွပ်တစ်ကွင်း ဝတ်ထား
ကျောက်စိမ်းလက်စွပ် ဖြစ်သည်။

ကျောက်စိမ်းသည် နေရောင်ခြည်အောက်တွင် အရောင်
တဖျပ်ဖျပ် တောက်ပနေလေသည်။

ဤကျောက်စိမ်းလက်စွပ်သည် အလွန်ရှားပါးပြီး တန်ဖိုး
နိုင်သော ကျောက်မျက်ရတနာတစ်ခု ဖြစ်၏။

ယင်းကဲ့သို့ ကျောက်စိမ်းရတနာမျိုးသည် မြောင်နယ်ခြား
းကွေ့နယ်စပ်ရှိ လူသူကင်းမဲ့သော ကျောက်တောင်ကြားတွင်
သည်။

ထိုကျောက်စိမ်းမျိုးမှာ နှစ်ပေါင်းတစ်ရာခန့်ကြာမှ အနည်း
သာ တူးဖော်ရနိုင်သော ရတနာ ဖြစ်သည်။

ထို့ကြောင့်…

ယင်းကျောက်စိမ်းမျိုးသည် အလွန်တန်ဖိုးရှိပြီး မင်းစိုး
သူဌေးသူကြွယ်တို့သာ ထိုက်တန်သည်ဟု ဆိုရပေမည်။

သို့ရာတွင် ထိုကျောက်စိမ်းမျိုးကို မင်းစိုးရာဇာလည်း
သူဌေးသူကြွယ်လည်း မဟုတ်သော ဓားသမားဝမ်းကျိုးစန်း
ဆိုင်နေသည်။

အံ့ဩစရာကောင်းသည်ဟု ဆိုရတော့မည်ပင်။

♠ ♠ ♠

ဝမ်းကျုံးစန်းသည် ယင်းကဲ့သို့ တန်ဖိုးကြီးမားလှသေ ကျောက်စိမ်းကို မည်ကဲ့သို့ ပိုင်ဆိုင်နေရပါသနည်း။

သူသည် ရောင်စုံပန်းအဆိပ်သင့်ခံရသည်အထိ မြောင်း စပ်တိုင်အောင် စွန့်စားသွားရောက်ခဲ့ခြင်းသည် ဤကျောက်စိမ်း ပတ်သက်နေ၍လော။

ဤမေးခွန်းသည် ဝမ်းကျုံးစန်းကိုယ်တိုင်မှ လွဲ၍ မည်သ ဖြေနိုင်မည် မဟုတ်သော မေးခွန်းတစ်ရပ်ပင် ဖြစ်၏။

မည်သို့ဆိုစေ သူသည် မိုးစွေငှက်လျှံကျုံးအပေါ် ထာ သော မေတ္တာသည် မည်မျှထုထည်ကြီးမားသည်ကို ကျောက် လက်စွပ် ရယူနိုင်ခဲ့ခြင်းက ထင်ရှားစွာ သက်သေပြနေသည်ဟု တော့မည်။

သူသည် မြောင်နယ်ခြားမှ အသက်ရှင်လျက် ထွက် သောအခါ အဆိပ်၏ဝေဒနာကို အလူးအလဲ ခံစားနေရပြီ ဖြစ်

သည်ကြားထဲမှပင် သူသည် အကောင်းဆုံးသော ပန်း သမားကို ရအောင် ရှာဖွေပြီး လက်စွပ်အဖြစ် မွမ်းမံစေရာ ယခု သူ၏လက်သန်းကလေး၌ စွပ်ထားသော ကျောက်စိမ်းလက် အဖြစ် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

သူသည် ထိုကျောက်စိမ်းလက်စွပ်အား လျှံကျုံး၏ဖြူ နုနယ်သော လက်ချောင်းကလေးတွင် စွပ်ပေးရန် မျှော်လင့်တေ တလျက် ရှိသည်။



ထိုဆန္ဒဖြင့် ယခုအချိန်တိုင်အောင် အသက်ရှင်နေခြင်း ဖြစ် ။

သို့သော်...

သိုင်းလောကတွင် ဖြစ်ခြင်းပျက်ခြင်း သဘောတရားသည် အမာပင် တည်ရှိနေပေသည်။

ဖြစ်ပျက်နေသော ကိစ္စများသည် လျှပ်တပြက်အတွင်း ီးသွားတတ်သလို ပျက်စီးနေရာမှလည်း ဖြစ်လာတတ်လေ ။

ဖြစ်ခြင်းပျက်ခြင်းကို မည်သို့မျှ ထိန်းချုပ်ဖန်တီးနိုင်စွမ်း ရှိ မဟုတ်ပါ။

ဝမ်းကျုံးစန်း မျှော်လင့်တောင့်တနေသော ချစ်ခြင်းမေတ္တာ ပြိုကွဲပျက်စီးသွားရပြီ ဖြစ်လေသည်။

သူမျှော်လင့်ထားသလို ချစ်သူ၏လက်ပေါ်တွင် အသက်နှင့် ရယူလာသော ကျောက်စိမ်းလက်စွပ်ကို စွပ်ပေးနိုင်တော့မည် တ်ပါ။

သူ၏ချစ်သူသည် သူ့ကို စွန့်ခွာသွားခဲ့ပြီ ဖြစ်သော်ကြောင့်

ပို၍ဆိုးသည်မှာ သူ၏ချစ်သူသည် သူ့ပြိုင်ဘက်၏ရင်ခွင် ကူးပြောင်းဝင်ရောက်သွားခြင်းပင် ဖြစ်လေသည်။

သူသေဆုံးသွားသည့် သတင်းသည် သိုင်းလောက၌ တမှ

ဟုတ်ချင်း ပုံ့နှံ့သွားခဲ့သည်။

ပြန်လည်ဖြေရှင်းချက် မထုတ်နိုင်မီတွင် သူ့ချစ်သူနှင့် ပ
သက်သော ဝမ်းနည်းဖွယ်ရာ သတင်းကို ကြားသိခဲ့ခြင်း ဖြစ်
သည်။

သေလုမျောပါး ဝေဒနာ ရရှိခဲ့သည်။

ချစ်သူလည်း စွန့်ခွာသွားပြီ ဖြစ်သည်။

သူ၏ဘဝသည် ဘာမျှ အဓိပ္ပါယ် မရှိတော့သလို ဖြစ်သွာ
ရသည်။

မည်သို့ဆိုစေ...

မဖြစ်နိုင်မှန်း သိသော်လည်း ကျောက်စိမ်းလက်စွပ်လေး
ချစ်သူ၏လက်ဝယ် ဆင်မြန်းပေးလိုသော ဆန္ဒသည် ယခုတိုင်အော
ရှိနေသေးသည်။

ထိုဆန္ဒကြောင့်ပင် သက်ဆိုးရှည်နေရခြင်းဟု ဆိုရတေ
မည် ထင်သည်။

"အဟွတ်..အဟွတ်"

ချောင်းတဟွတ်ဟွတ် ဆိုးလာပြန်သည်။

ဝမ်းထဲမှ ရစ်၍နာကာ ရင်ထဲ အောင့်လာ၏။

တခဏအကြာတွင်...

"ဝေါ့"

သွေးများ အန်ထုတ်လိုက်ရ၏။



အတွေ့အကြုံ ဗဟုသုတ ရင့်ကျက်သူများ၏ ပြောကြား
ာ မြောင်နယ်ခြားမှ ရောင်စုံအဆိပ်ပန်းနံ့သင့်ခဲ့ရလျှင် ချက်ချင်း
သေးဘဲ ဝေဒနာခံစားရသည်။

လပေါင်းများစွာ အလူးအလိမ့်ခံစားပြီးမှ ကုစရာဆေး မရှိ
နောက်ဆုံးတွင် မရှုမလှ သေဆုံးရသည်ဟူ၏။

နွေဦးရာသီနှင့် နွေရာသီတွင် ထူးခြားမှု မရှိသော်လည်း
င်းရာသီတွင် အဆိပ်အစွမ်းပြလာသည်။

ဆောင်းရာသီသို့ လုံးလုံးလျားလျား ရောက်ပြီဆိုလျှင်မူ ဝေ
ကို အလူးအလိမ့် ခံစားရတော့သည်။

အသက်ဆုံးသည့်တိုင်အောင် ပြင်းထန်စွာ ခံစားရ၏။

ဝမ်းကျိုးစန်း၏စိတ်ထဲ မောပန်းသလို ခံစားလာရသည်။

သွေးခုန်နှုန်း မြန်လာသလို စိုးရိမ်ကြောင့်ကျစိတ်များလည်း
ပေါ်လာ၏။

မိုင်ပေါင်းများစွာသော ခရီးကြမ်းကို သွားရသည် ဖြစ်စေ၊
ပါင်းများစွာ မအိပ်ဘဲ နေရသည် ဖြစ်စေ၊ ရန်သူပေါင်းများစွာနှင့်
ခိုက်ရသည် ဖြစ်စေ ဝမ်းကျိုးစန်းသည် မောပန်းနွမ်းနယ်သည်
တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရဘူးချေ။

ယခု အနည်းငယ် မောဟိုက်သလို ခံစားရသည်ကား
င်းသော လက္ခဏာ မဟုတ်တော့ပါ။

ဝမ်းကျိုးစန်းသည် ကုလားထိုင် နောက်ကျောကို ပြန်၍

မှိုထိုင်လိုက်သည်။

မျက်လုံးမှေးကာ အနားယူမည် ကြံရွယ်စဉ် လူရိပ်

ရိပ်ခနဲ လှုပ်ရှားသွားသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရ

ဝမ်းကျိုးစန်း၏မျက်လုံးများ ချက်ချင်း ပြန်ပွင့်လာ

တိုက်ပွဲပေါင်းများစွာ၊ ရန်သူပေါင်းများစွာ ရင်ဆိုင်ခဲ့ဖူး

ကြောင့် မသိစိတ်က လှုံ့ဆော်လာသည်။

ထိုင်ရာမှ ခုန်ထကာ မြေပေါ် လှိမ့်ချလိုက်၏။

"တောက်..တောက်..တောက်"

ပက်လက်ကုလားထိုင်၏ဖျင်စတွင် လည်းကောင်း၊ ထို

လက်ရမ်းများတွင် လည်းကောင်း လက်နက်ပုန်းကလေးများ

အရီ စိုက်ဝင်သွားလေသည်။

ကံကောင်းထောက်မစွာဖြင့် ဝမ်းကျိုးစန်း အသက်ချမ်း

ရာ ရခဲ့သည်။

သို့ရာတွင် လှုပ်ရှားလိုက်မှုကြောင့် ဝမ်းဗိုက်ထဲမှ

စစ်နာကျင်လာပြီး...

"ဝေါ့"

သွေးများ အန်ထုတ်လိုက်ရသည်။

ထိုစဉ်မှာပင်...

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို



ငြိမ်လေသည်။

ဝမ်းကျိုးစန်း၏မျက်လုံးများသည် သိမ်းငှက်မျက်လုံးပမာ

ကပ်ပမှု ရှိသည်ဟု ကျော်ကြားခဲ့သည်။

ယခုမူ မျက်ဝန်းအစုံသည် ညှိုးနွမ်းကာ အရောင်မှေးမှိန်

ရှိနေချေပြီ။

ဟောက်ပက်ဖြစ်နေသော မျက်ကွင်းအိမ်ထဲမှ မှေးမှိန်

မျက်လုံးများဖြင့် တစ်ချက်ဝေ့ကြည့်လိုက်သည်။

နောက်ထပ် လူနှစ်ယောက် ပြေးလွှားရောက်ရှိလာကြ

ကို တွေ့ရ၏။

ပထမ ရောက်နှင့်ပြီးသူ တစ်ယောက်နှင့်ဆိုလျှင် စုစုပေါင်း

ယောက် ရှိနေချေပြီ။

ထိုလူသုံးယောက်သည် အနက်ရောင်အဝတ်အစားများ

ဝတ်ဆင်ထား၏။

ပိုးပဝါများဖြင့် မျက်နှာကို တစ်ဝက်စီးကာ ရုပ်ဖျက်ထားကြ

မည်သို့ဆိုစေ...

ထိုလူသုံးယောက်၏ရုပ်သွင်ကို ဝမ်းကျိုးစန်း အနေဖြင့်

င်းစွာ ခန့်မှန်းနိုင်ခဲ့ပေသည်။

ဝမ်းကျိုးစန်း၏ဦးခေါင်းထဲ၌ အတွေးစများ လှုပ်ရှားသွား

တခဏအတွင်းပင် ထိုလူသုံးယောက်မှာ မည်သူမည်ဝါ ကြောင်း မှတ်မိလာတော့သည်။

ဝမ်းကျိုးစန်း အသက်ပြင်းပြင်း ရှူရှိုက်လိုက်ပြီး...

"ငှက်ဆိုးသုံးဖော်က မြောက်ပိုင်းလွင်ပြင်မှာသာ ကျက် တာပဲ၊ ဒီဒေသကို ဘာကြောင့်များ ရောက်လာကြပါလိမ့်"

ဝမ်းကျိုးစန်း၏နှုတ်မှ ရေရွတ်သလိုဖြင့် အသံထွက်သွား

သူ၏စကားကို ကြားသည့်အခါ အနက်ရောင်ဝတ်ဆင် သူသုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လို သည်။

ထို့နောက်...

မျက်နှာတွင် စည်းထားသော ပိုးပဝါများကို ဆွဲဖြုတ် လိုက်ကြသည်။

ထိုအခါ...

အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက်၏ ရုပ်သွင်သ ထင်ထင်ရှားရှား ပေါ်လာသည်။

တစ်ယောက်မှာ အသက်လေးဆယ်ခန့် ရှိပြီး မျက်နှာ ဓားဒဏ်ရာ အမာရွတ်များ ထင်ရှားစွာ ရှိနေ၏။

တစ်ယောက်မှာ မျက်နှာနီစပ်စပ် ရှိပြီး နှာခေါင်းမှာ ငှ နှုတ်သီးကဲ့သို့ ကောက်နေ၏။

ကျန်တစ်ယောက်ကား မျက်နှာတစ်ခုလုံး ကျောက်ပေါ



း ပြည့်နှက်နေ၏။

သုံးယောက်စလုံး ခန္ဓာကိုယ်ထွားကြိုင်းကာ မုတ်ဆိတ်မွေး၊ င်းမွေးများ ရှိကြသည်။

အသက်လေးဆယ်ခန့် ရှိပြီး မျက်နှာတွင် ဓားဒဏ်ရာ အမာ ရှိသူမှာ အသက်အကြီးဆုံးလည်းဖြစ်၊ ခေါင်းဆောင်လည်းဖြစ် အမှတ်တစ် ငှက်ဆိုးပင် ဖြစ်သည်။

မျက်နှာနီစပ်စပ်ရှိသူကား အမှတ်နှစ် ဖြစ်ပြီး ကျန်တစ် က်မှာ အမှတ်သုံး ဖြစ်သည်။

ငှက်ဆိုးသုံးဖော်သည် ကြောက်စရာကောင်းသော ကြေး း ဖြစ်သည်။

မြောက်ပိုင်းလွင်ပြင်တွင် ကျင်လည်ကျက်စားသူများ ဖြစ် အလုပ်အပ်သူ ရှိပါမှ သိုင်းလောကသို့ ဆင်းလာတတ်သူများ ပေသည်။

အလုပ်အပ်သည်ဆိုရာ၌ သူတို့၏အလုပ်သည် အခကြေး ကာ လူသတ်ခြင်းသာ ဖြစ်ပေသည်။

ယခု ဤဒေသသို့ ရောက်လာခြင်းမှာ တစ်စုံတစ်ယောက် လုပ်အပ်ခြင်းကြောင့် ဖြစ်ပေသည်။

သူတို့ လက်ခံထားသော အလုပ်သည် ဝမ်းကျိုးစန်းကို လုပ် မှ လွဲ၍ အခြားမရှိပေ။

မည်သူက မိမိအား လုပ်ကြံရန် စေခိုင်းသည်ကိုမူ ဝမ်းကျိုး

စန်း တွေးမရပေ။

ဝမ်းကျုံးစန်းသည် အဆိပ်မိပြီးနောက် သိုင်းလောက
လုံးဝ အဆက်အသွယ် ဖြတ်ခဲ့သည်။

မည်သူ့ကိုမျှ အတွေ့မခံဘဲ ပုန်းရှောင်နေခဲ့သည်။

ယခုမူ...

ငှက်ဆိုးသုံးဖော်အား ငှားရမ်းထားသော အလုပ်ရှင်
သူအသက်ရှင်သန်ပြီး ဤဒေသသို့ ရောက်နေသည်ကို တိတိက
သိထားနေ၏။

ငှက်ဆိုးသုံးဖော်သည် သိုင်းပညာ အဆင့်မြင့်လှသည

သူတို့သည် ရက်စက်ကြမ်းကြုတ်ပြီး ကောက်ကျစ်စ
သူများ ဖြစ်၏။

သို့သော်...

ဝမ်းကျုံးစန်းကိုကား လုပ်ကြံရန် မဆိုထားဘိ။

အနီးကပ်ရန်ပင် မလွယ်ကူကြောင်း သိုင်းလောကသာ
သာမက ငှက်ဆိုးသုံးဖော်ကိုယ်တိုင်လည်း သိထားကြပေသည

ယခုကဲ့သို့ အတင့်ရဲပြီး လာဝံ့သည်မှာ ဝမ်းကျုံးစန်
ပြင်းထန်သော အဆိပ်မိထားသည်ကို သိနေခြင်းကြောင့် အထူး
တောနေဖွယ်ရာ မလိုချေ။

ငှက်ဆိုးသုံးဖော်သည် ဝမ်းကျုံးစန်းကို သုံးဘက်သုံ
တြိဂံပုံသဏ္ဌာန်ဖြင့် ဝိုင်းရံထားလိုက်ကြသည်။



အသက်အကြီးဆုံး ဖြစ်သော အမှတ်တစ်က...

"ကျုပ်တို့ အလုပ်ကြီးတစ်ခု လက်ခံမိလို့ ဒီကို ရောက်လာ
ပေါ့ဗျာ"

နှုတ်က ပြောယင်း စူးရှကောက်ကျစ်သော မျက်လုံးများက
မ်းကျုံးစန်းကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်လေသည်။

ဝမ်းကျုံးစန်း ပြုံးလိုက်၏။

"ခင်ဗျားတို့ကို အလုပ်အပ်တဲ့လူက တော်တော်စဉ်းစား
ပ်နည်းတာပဲ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားတို့ကို မနိုင်ဝန်ထမ်းခိုင်းလို့ပေါ့"

"ဟား...ဟား...ဟား"

ငှက်ဆိုးသုံးဖော်သည် သဘောကျစွာဖြင့် ရယ်မောလိုက်ကြ
ည်။

အဆိပ်မိထား၍ မကြာခဏ သွေးအန်ကာ ကျန်းမာရေးချို့
နေသည့် ဝမ်းကျုံးစန်း၏အဖြစ်ကို သူတို့ မျက်မြင်တွေ့ခဲ့ပြီးပြီ
တ်ပါလား။

တစ်ချိန်က ဝမ်းကျုံးစန်းသည် အနက်ရောင်သိုင်းလောက
တိုင်း ခေါင်းခဲရသူ ဖြစ်သော်လည်း ယခုမူ အဆိပ်ကင်းသော
တစ်ကောင်ပမာ ရှိနေပြီဟု ယူဆထား ကြ၏။

အမှတ်တစ်က ဟန်ပါပါဖြင့် ဝမ်းကျုံးစန်းကို လှမ်းကြည့်

လိုက်ပြီး...

"ခင်ဗျားသာ မြောင်နယ်ခြားဒေသကို မရောက်
ယင် ကျုပ်တို့ကလဲ ဒီကို လာစရာအကြောင်း မရှိဘူးဗျ"

ဝမ်းကျုံးစန်း အဆိပ်မိထားသည်ကို ရည်ရွယ်က
လိုက်ခြင်း ဖြစ်သည်။

ဝမ်းကျုံးစန်း ခေါင်းယမ်းလိုက်သည်။

"ကျုပ်က တခြားလူနဲ့ မတူဘူးဆိုတာ ခင်ဗျားတို့
ထင်တယ်"

အမှတ်တစ်က...

"မမေ့ပါဘူး၊ ဒါပေမယ့် ခင်ဗျားလဲ ဘာတတ်နိုင်

ဝမ်းကျုံးစန်း ပြုံးယင်း...

"ကျုပ်က ငှက်ဆိုးသုံးဖော်လောက်ကိုတော့ တတ်
တာပေါ့"

အမှတ်တစ်၏မျက်နှာ ဟင်းခနဲ ဖြစ်သွား၏။

အမှတ်နှစ်နှင့် အမှတ်သုံးတို့အား ကြည့်လိုက်သ

သူ၏အကြည့်သည် အမိန့်ပေးလိုက်သလို ဖြစ်နေ

အမှတ်နှစ်နှင့် အမှတ်သုံးတို့သည် လက်နက်ကိုယ်စီ
ကာ ရုတ်တရက်ဆိုသလို ဝမ်းကျုံးစန်းအား ခုန်ဝင်တိုက်ခိုက်
လေသည်။

တောက်ပသော နေရောင်ခြည်အောက်တွင် လက်



ယမ်းမှုကြောင့် တောက်ပလင်းလက်သော အရောင်များ ဝင်း
င်းခနဲ ဖြစ်သွားကြ၏။

အမှတ်နှစ်သည် အဆစ်ကိုးဆစ်ပါသော သံကြိုးကွင်းတစ်ခု
ဆောင်ထားပြီး အမှတ်သုံးက ခက်ရင်းခွသဏ္ဍာန် လက်နက်
ဆောင်ထားသည်။

သူတို့သည် ဝမ်ကျုံးစန်းကို ရှေ့နောက်ညှပ်ပူးညှပ်ဖိတ်
ိုက်လိုက်ကြခြင်း ဖြစ်သည်။

သူတို့ရင်ဆိုင်နေရသူမှာ အဖြူရောင်ဝတ်စားဝမ်းကျုံးစန်းမှန်း
 းကြသဖြင့် လုံးဝမပေါ့ဆရဲကြပေ။

အားပြည့်အင်ပြည့်ဖြင့် ရှောင်တိမ်း၍ မရအောင် ပြင်းပြင်း
န် တိုက်ခိုက်ကြသည်။

ရှောင်တိမ်းရန် မဖြစ်နိုင်ကြောင်း ဝမ်းကျုံးစန်း ရိပ်မိလိုက်
သည်။

အကယ်၍ ရှောင်တိမ်းသွားပါကလည်း ငှက်ဆိုးသုံးဖော်
လက်လွှတ်မခံဘဲ လိုက်လံတိုက်ခိုက်ကြမည်သာ ဖြစ်သည်။

ဝမ်းကျုံးစန်းသည် ချက်ချင်းပင် ဆုံးဖြတ်ချက်ချလိုက်၏။

ကြေးစားလက်မရွံ့များ ဖြစ်ကြသော ငှက်ဆိုးသုံးဖော်ကို
စ်လိုက်ခြင်းသည်သာ သူ့အတွက် အကောင်းဆုံး ဖြစ်၏။

သိုင်းလောကအတွက်လည်း သန့်ရှင်းသွားနိုင်သည်။

ဝမ်းကျုံးစန်း၏ခန္ဓာကိုယ်တစ်ချက် လှုပ်ယမ်းသွား၏။

သူ၏လက်တစ်ဖက် ဆန့်ထုတ်လိုက်သောအခါ ထူ
သော အဖြူရောင်လွဲလွဲ တောက်ပနေသည့် ဓားတစ်ချောင်း ပါ
သည်။

"အဖြူရောင်ဓား"

အမှတ်တစ် အထိတ်တလန့် ရေရွတ်လိုက်သည်။

အမှတ်နှစ်နှင့် အမှတ်သုံးတို့ကို အော်ဟစ်သတိပေး
သည့် သဘောမျိုး ဖြစ်၏။

အမှတ်နှစ်နှင့် အမှတ်သုံးတို့သည် ထူးခြားသော
ရောင်အလင်းတန်း ထွက်ပေါ်လာသည်ကို တွေ့သည်နှင့် ထိတ်
တကြား ဖြစ်ကာ နောက်သို့ ဆုတ်ရန် ကြိုးစားလိုက်ကြသည်

အမှတ်တစ်၏နှုတ်မှ…

"မြန်မြန်ဆုတ်"

ဟုအော်ပြောလိုက်သည်။

ထိုစဉ်မှာပင်…

"အား"

"အွန့်"

ရှူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

အမှတ်နှစ်နှင့် အမှတ်သုံးတို့၏ရင်ဝတွင် သွေးချင်းချ
သွားသည်။

လူတစ်ခြား လက်နက်တစ်ခြား မြေပေါ် ဘိုင်းခနဲဘို



သွားကြလေသည်။

အမှတ်တစ်၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

ချက်ချင်းပင် နောက်ကျွမ်းပစ်ကာ ပန်းခြံအပြင်ဘက်သို့ ခုန်
ထွက်သွားလေတော့သည်။

♠ ♠ ♠

## ထူးခြားချက်

အခန်းကွင်းဝယ် အပ်ကျသံကြားရလောက်အောင်
တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သိုင်းရာဇာကျင်းရှောင်၊ မင်းထင်းဟွာနှင့် စုမာလွေတို့
စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်နေကြသော်လည်း တစ်ယောက်ကိုတ
ယောက် စကားမပြောဖြစ်ကြဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်
ကြလေသည်။

ရုတ်တရက်...

"ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ"

သိုင်းရာဇာကျင်းရှောင်၏ ချီးကျူးစကားသံ လွတ်ခနဲထွ
ပေါ်လာလေသည်။

မင်းထင်းဟွာနှင့် စုမာလွေတို့ ခေါင်းထောင်လာကြ



ထို့ကြောင့်...

ခပ်ဝေးဝေးမှ ရှောင်ခဲ့ကြသည်။

သို့ရာတွင် ဝမ်းကျုံးစန်းတစ်ယောက် အလွန်ပြင်းထန်သော
...ကော သေလုမျောပါး ဖြစ်နေကြောင်း ကြားသိရသောအခါ
...တွက် အကွက်ဆိုက်ပြီဟု ထင်မှတ်မိခဲ့ကြသည်။

ထိုအခြေအနေ၌ သူကို့သုံးယောက် ပေါင်း၍ တိုက်ခိုက်က
...ကျုံးစန်းကို အလွယ်တကူပင် အနိုင်ရရှိမည်ဟု ယုံကြည်မိကြ

ထိုယုံကြည်ချက်ဖြင့် ဝမ်းကျုံးစန်းထံ ရောက်ရှိလာခဲ့ခြင်း
...သည်။

...ယခုမူ ဝမ်းကျုံးစန်းသည် အသိပ်မိထားသော်လည်း
...ထက်မြက်မှုကား လျော့ကျမသွားဟု နောက်ဆုံး ထွက်သက်
...သူတို့ နားလည်သွားကြပြီ ဖြစ်သည်။

သို့ရာတွင် အမှတ်နှစ်နှင့် အမှတ်သုံးတို့ကား နောင်တရဖို့
...ချိန်မရလိုက်တော့ချေ။

ဝမ်းကျုံးစန်း၏ဓားချက်ဖြင့် သေဆုံးခဲ့ရပြီ ဖြစ်သည်။

မည်သို့ဆိုစေ...

ဝမ်းကျုံးစန်း အနေဖြင့်လည်း ဤနေရာတွင် အေးအေးချမ်း
...အနားယူ၍ ရတော့မည် မဟုတ်ကြောင်း နားလည်လာသည်။

...က်ဆိုးသုံးဖော်အား အလုပ်အပ်သူသည် အဆိပ်တန်ခိုးပြ

မင်းထင်းဟွာက သိုင်းရာဇာကျင်းရှောင်ကို ပြောလိုက်

"မိတ်ဆွေကြီးကျင်းရှောင်..ခင်ဗျားက သိုင်းလောက

မိတ်ဆွေအပေါင်းအသင်းများတော့ သွေးဘီလူးအကြောင်းကို စုံ

ကြည့်ပေးယင် ကောင်းမယ်ထင်တယ်"

သိုင်းရာဇာကျင်းရှောင်ကလည်း သဘောတူလိုက်

သည်။

"ကောင်းပြီလေ ကျုပ်မိတ်ဆွေတွေဆီကို ထင်းဗီကိုလွ

လိုက်မယ်၊ သတင်းတစ်ခုခုတော့ ရမယ်ထင်ပါတယ်"

စုမာလွေနှင့် မင်းထင်းဟွာတို့က ကျေနပ်သွားကြ

သည်။

စုမာလွေက...

"သွေးဘီလူးက ကျင်းစန်းတောင်ကိုသွားမယ်ဆိုးတ

ကျုပ်တို့ စုကျန်းနယ်ထဲက ဖြတ်သွားရမှာပဲ၊ သည်တော့ သူတက

ပဲသွားတာလား၊ ဒါမှမဟုတ် ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုက

ကျုပ်နဲ့ မင်းထင်းဟွာကာ တာဝန်ယူ စုံစမ်းကြတာပေါ့"

မင်းထင်းဟွာလည်း သဘောတူလိုက်သည်။

"စုကျန်းနယ်ထဲမှာ အပ်ကျတာကအစ သိရအောင် ကျု

တို့လုပ်နိုင်ပါတယ်၊ ဒါတော့ မပူပါနဲ့လေ"

သူတို့သည် သွေးဘီလူးနှင့် ပတ်သက်ပြီး နားမည်နိ

အောင်ဖြစ်နေကြသည်။



တည်းခိုခန်းထဲ ပြန်ဝင်လာပြီး သူပိုင်ဆိုင်သော ပစ္စည်းများ

ထုပ်ပိုးလိုက်သည်။

ဆိုင်လုလင်တစ်ယောက်ကို ခေါ်ပြီး ကျသင့်ငွေပေးချေ

၏။

ထို့နောက် တည်းခိုဆောင်မှ ထွက်လာခဲ့သည်။

အမှတ်နှစ်နှင့် အမှတ်သုံးတို့၏အလောင်းများသည် ခြံဝင်း

ခြရာလက်ရာမပျက် ကျန်ရစ်ခဲ့သည်။

ထိုအလောင်းများကို အခြားသူများ တွေ့သွားပါက မည်

သည့်ပုံ ဖြစ်မည်ကို သူမတွေးပါ။

အရေးကြီးသည်မှာ သူ၏မျှော်လင့်ချက် မပြည့်ဝမီ လူ့

လောကကြီးမှ စွန့်ခွာမသွားလိုခြင်းပင် ဖြစ်ပေတော့သည်။

♠ ♠ ♠

မြစ်ဆိပ်...

မြစ်ဆိပ်တွင် ပေါင်းမိုးပါသော လှေကလေးတစ်စင်း ဆိုက်

ထားသည်။

ယင်းလှေကလေးသည် အောက်ဘက်ဒေသို့ ခရီးအမြန်

သွားလိုသူများ အသုံးပြုလေ့ရှိသည့် ကူးတို့လှေပင် ဖြစ်ပါသည်။

မြစ်ဆိပ်မှ တစ်ဘက်ကမ်းသို့ကူးပြီး ကုန်းလမ်းဖြင့် ခရီး

ဆက်ရမည် ဖြစ်သည်။

အောက်ဘက်ဒေသတွင် တောတောင်ထူထပ်ပြီး လူသွ
လူလာနည်းသည်။

မြစ်ဆိပ်သို့ ဝမ်းကျုံးစန်း ရောက်လာသောအခါ ကူးတို့
တစ်စင်းကို အခန့်သင့်ပင် တွေ့ရ၏။

လှေသမားအဘိုးအိုတစ်ယောက်သည် အေးအေးလူ
ထိုင်နေ၏။

ဝမ်းကျုံးစန်းက...

"ဗျို့ ဦးလေး၊ တစ်ဘက်ကမ်းကမ်းကို လိုက်ပို့နိုင်မလာ

ဟုမေးလိုက်သည်။

အဘိုးအိုက ထရပ်ယင်း...

"ရပါတယ် ဆရာလေး"

"ဘယ်လောက်လဲ"

"ငွေဒင်္ဂါးတစ်ပြားပေးပါ"

"ကောင်းပြီ၊ သွားမယ်"

ဝမ်းကျုံးစန်း လှေပေါ် လှမ်းတက်လိုက်သည်။

ထိုစဉ်...

"ဗျို့ ခဏနေကြပါဦး"

အလောတကြီး ဟန့်တားသံတစ်ချက် ရုတ်တရက် ထွ
ပေါ်လာသည်။



လှမ်းကြည့်လိုက်သောအခါ သူတော်တစ်ဦး ပြေးလာနေ
ကို တွေ့ရ၏။

ဝတ်ရုံကြီးဖားဖားနှင့် ကိုရိုကားယား ပြေးလာသည်ကို
ကြည့်ယင်း ဝမ်းကျုံးစန်း ပြုံးလိုက်မိသည်။

လှေသမားအဘိုးအိုက...

"ဆရာလေး ငွေဒင်္ဂါးတစ်ပြားဆိုတာ လှေစင်းလုံးငှားခဗျ၊
လေးတစ်ယောက်တည်းစီးဖို့ သူတော်ကြီး မတင်လဲရတယ်၊
င်လဲရတယ်၊ ဆရာလေးသဘောပါ"

ဟုပြောလာသည်။

ဝမ်းကျုံးစန်း ပြုံးလိုက်၏။

"ကိစ္စမရှိပါဘူး၊ သူတော်ကြီးကို တင်လိုက်ပါ"

"ဆရာလေးက ကြင်နာသနားတတ်သားပဲ"

ဝမ်းကျုံးစန်း စကားမပြောတော့ဘဲ လှေဦးတွင် သွား၍
လိုက်သည်။

ပြေးလာသော သူတော်ကြီးက...

"လှေသမား ခဏစောင့်ပါဦး၊ ကျုပ်တစ်ဘက်ကမ်း လိုက်
"

လှေသမားကလည်း ပြန်အော်လိုက်သည်။

"လာပါ၊ ဖြည်းဖြည်းလာပါ၊ စောင့်နေပါ့မယ်"

မကြာပါချေ။

သူတော်ကြီးသည် ရေစပ်သို့ ရောက်လာ၏။

လှေပေါ် လွှားခနဲ ခုန်တက်ယင်း လေပူတစ်ချက် မှုတ်ထု

လိုက်သည်။

"ဝူး မောလိုက်တာ၊ ကမ်းစပ်မှာ ကူးတို့လှေတစ်စင်းမှ

ဘူး၊ ကျုပ်လိုက်ရှာနေတာ နေရာနှံ့နေပြီ၊ ကံကောင်းလို့ပေါ့"

သူတော်ကြီးက တစ်ယောက်တည်း ပြောသလိုဖြင့် ပြေ

လိုက်သည်။

လှေသမားက လက်ဝါးဖြန့်ယင်း...

"ကူးတို့ခပေးရမယ်"

ဟုပြောလိုက်၏။

သူတော်ကြီး မျက်ခုံးပင့်ကာ...

"ဟေ့ ကူးတို့ခပေးရမယ် ဟုတ်လား၊ လှူတယ်လို့ သဘော

မထားနိုင်ဘူးလား"

လှေသမား ခေါင်းယမ်းလိုက်၏။

"မရဘူး၊ ကျုပ်လှေစီးယင် ကျုပ်ကို ပိုက်ဆံပေးရမှာပဲ

သူတော်ကြီးက စိတ်ပျက်ဟန်ဖြင့်...

"တယ်ခက်ပါလား၊ ကျုပ်နှယ် လောဘစိတ်များတဲ့လူ

လာတွေ့နေရပါလား၊ ခက်တာပဲ၊ ဟိုရှေ့က မောင်ရင်လေး"

လှေသမားအဘိုးအိုနှင့် တစ်ယောက်တစ်ခွန်း ပြောနေရ

သူတော်ကြီးသည် လှေဦးတွင် ထိုင်နေသော ဝမ်းကျုံးစန်းကို လှ



ါလိုက်သည်။

ဝမ်းကျုံးစန်းသည် သူတို့၏ပြောစကားများကို ကြားရ

ဖြင့် ခေါင်းငုံ့ကြည့်နေ၏။

သူတော်ကြီး လှမ်းခေါ်သည့်အခါ...

"အမိန့်ရှိပါ"

သူတော်ကြီးက...

"မောင်ရင်လေး စဉ်းစားကြည့်စမ်း၊ ကျုပ် ကူးတို့ခပေးသင့်

လား"

ဟုမေးလာသည်။

ဝမ်းကျုံးစန်း ပြုံးလိုက်သည်။

"မပေးပါနဲ့တော့၊ ကျွန်တော်ပဲ ပေးလိုက်ပါ့မယ်"

ပြောပြီး နောက်ထပ် ငွေဒင်္ဂါးတစ်ပြားထုတ်ကာ လှေ

မားအဘိုးအိုကို ပေးလိုက်သည်။

လှေသမားအဘိုးအို၏မျက်နှာမှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်သွား

ည်။

"ဟဲ..ဟဲ၊ ဒီကနေ့မှ တကယ့် စေတနာရှင်နဲ့ တွေ့ရတော့

ယ်"

လှေသမားအဘိုးအို ငွေမက်လှသည်ကို တွေ့သောအခါ

တော်ကြီး မကျေမနပ် ဖြစ်သွား၏။

"လောဘကြီးတဲ့လူက သေယင်ငရဲကျတတ်တယ်၊ လှေ

ဟားခက တစ်စင်းလုံးဖွားယင်တောင် ငွေဒင်္ဂါးတစ်ပြားပဲ ကျတာ
လောဘမကြီးနဲ့ ဂျူပ်ကို လှူလိုက်"

ဝမ်းကျုံးစန်းပေးသည့် ငွေဒင်္ဂါးတစ်ပြားကို သူတော်ကြ
ပြန်တောင်းသည်။

လှေသမားအဘိုးအို ဒေါပွသွား၏။

"ဘာဖြစ်လို့ ပေးရမှာလဲ"

သူတော်ကြီး မဲ့လိုက်သည်။

"တယ်လည်း စေတနာနည်းတာကိုး၊ ကျူပ်က စေ
ကောင်းတဲ့လူနဲ့ပဲ စကားပြောချင်တယ်၊ ခင်ဗျား မပေးချင်
တော့"

လှေသမားအဘိုးအိုသည် ဘာမျှ မပြောတော့ပါ။

ဝမ်းကျုံးစန်းထံမှ ငွေဒင်္ဂါးကလေးကို ခါးကြားတွင်
သိမ်းထားလိုက်သည်။

သူတော်ကြီးကလည်း လှေသမားအား ဂရုမစိုက်
ဝမ်းကျုံးစန်းထံသို့ လှမ်းသွားသည်။

ထိုစဉ်... .

လှေသမားအဘိုးအိုသည် လှော်တက်ကို ကိုင်ကာ
လှော်ခတ်လိုက်သည်။

လှေကလေး လူးလွန့်သွား၏။

ထိုအခါ...



လှေဦးပိုင်းသို့ လျှောက်သွားနေသော သူတော်ကြီးမှာ ဟန်
က်ပျက်သွား၏။

ခန္ဓာကိုယ်ယိမ်းယိုင်သွားသည်။

ကိုရို့ကားယားဖြင့် ဟိုယိုင်ဒီယိုင် ဖြစ်သွားသည်။

"ဟေ့..ဟေ့ ဘယ်လို ဖြစ်တာလဲ"

အော်ဟစ်လိုက်ယင်း လက်လှမ်းမီရာသို့ ဖမ်းဆွဲလိုက်ဖို့
းစားသည်။

လှေလူးသည့်အရှိန်ကြောင့် ခန္ဓာကိုယ်ကို မထိန်းနိုင်ဘဲ ဝမ်း
ုံးစန်းထံ ငိုက်ကျသွားသည်။

ဝမ်းကျုံးစန်းက လက်နှစ်ဖက် ဆန့်တန်းကာ ထိန်းပေးရန်
န်ပြင်လိုက်၏။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် အန္တရာယ်အငွေ့အသက်
ည် ရုတ်တရက် ပျံ့လွင့်လာသည်။

လှေသမားအဘိုးအို၏မျက်နှာပေါ်ဝယ် ကောက်ကျစ်စဉ်း
သော ဟန်မူရာများ ရုတ်ခြည်းထွက်ပေါ်လာ၏။

သူက လှော်တက်ကို ပစ်ချကာ လှေပေါင်းမိုးတွင် ထိုးစိုက်
းသော ဓားရှည်တစ်ချောင်းကို လျှပ်တပြက် ဆွဲထုတ်လိုက်သည်။

တဆက်တည်းမှာပင်...

သူတော်ကြီး၏နောက်ကျောကို ထိုးစိုက်ချလိုက်သည်။

သူ၏အကြံမှာ သူတော်ကြီး၏နောက်ကျောကို ထိုးစိုက်

ယင်း ရှေ့သို့ ဖောက်ထွက်လာသည့် ဓားဦးဖြင့် ဝမ်းကျုံးစန်း၏
စိုက်ဝင်စေရန် ဖြစ်သည်။

"သဂိထား"

ဝမ်းကျုံးစန်း လွှတ်ခနဲ အော်လိုက်သည်။

လက်နှစ်ဖက်ဖြင့်လည်း သူတော်ကြီးကို တွန်းထုတ်
လေသည်။

"အမယ်လေး"

သူတော်ကြီး နှုတ်မှ အလန့်တကြားအော်သံ ထွက်
၏။

လှေမှာလည်း လူးလွန့်နေသဖြင့် သူတော်ကြီးသည်
နိုင်တော့ဘဲ လှေဝမ်းထဲသို့ လဲကျသွားတော့သည်။

ဤသည်ကပင် သူတော်ကြီးအတွက် သေဘေးမှ
မြောက်သွားရခြင်း ဖြစ်လေ၏။

အကြောင်းမှာ...

ဝမ်းကျုံးစန်း တွန်းထုတ်လိုက်ချိန်၌ လှေသမား၏ဓာ
ရောက်လာချိန်သည် တစ်ချိန်တည်း ဖြစ်နေသောကြောင့်

သူတော်ကြီးသာ လှေဝမ်းထဲ လဲမကျသွားလျှင် ဝ
စန်း၏ကယ်တင်မှုသည် မည်သို့မျှ အရာရောက်မည် မဟုတ

ယခုမူ ခန္ဓာကိုယ် မထိန်းနိုင်ဘဲ လှေဝမ်းထဲ ကျ
သွားခြင်းကပင် သူ့အသက် သူပြန်ကယ်သလို ဖြစ်သွားတော့



သူတော်ကြီး လှေဝမ်းထဲ လဲကျသွားသည့်အခါ ဓားဦးသည်
ျုံးစန်း၏ရင်ဝတည့်တည့်သို့ စိုက်ဝင်လာ၏။

ဝမ်းကျုံးစန်း ရှောင်တိမ်းရန် မဖြစ်နိုင်တော့ချေ။

အတွေ့အကြုံ ရင့်ကျက်သူပီပီ လျှပ်တပြက် လှုပ်ရှားလိုက်

လက်ဝါးနှစ်ဘက်ဖြင့် ဓားကို ဆတ်ခနဲ ဖမ်းညှပ်လိုက်၏။

လှေသမားအဘိုးအို၏လက်များသည် အရိုးပေါ် အရေတင်
နေခြင်း မရှိချေ။

အသွေးအသား ပြည့်ဖြိုးပြီး တောင့်တင်းသန်မာသော
ချောင်းများ ဖြစ်ပေသည်။

သို့သော်...

ဤနေရာ၌ သူ၏လက်ချောင်းများသည် ဘာမှ အသုံးမဝင်
ဖြစ်နေ၏။

ဝမ်းကျုံးစန်း မဲ့ပြုံးပြုံးကာ...

"အမှတ်တစ် ခင်ဗျား အခုအချိန်ထိ စိတ်မလျော့သေးဘူး
"

ဝမ်းကျုံးစန်း၏စကားကြောင့် လှေသမားအဘိုးအိုသည်
ဘာကျစွာဖြင့် ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား ဝမ်းကျုံးစန်း၊ မင်းဟာ ဖြေဆေးမဲ့တဲ့
င်စုံပန်းအဆိပ်မိထားတယ်၊ အတွင်းအားကို ထုတ်သုံးယင် မြန်

မြန်အသက်တိုသွားမှာပေါ့"

ဝမ်းကျုံးစန်းက...

"ကျုပ်သေရမယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ဘယ်
ကျုပ်ကို သတ်လို့ မရစေရဘူး"

"မင်းမှားပြီ"

လှေသမားအဘိုးအိုသည် စကားဆုံးသည်နှင့် ဓားကို
လွှတ်လိုက်သည်။

တဆက်တည်းပင်...

ခါးကြားမှ ဓားမြှောင်နှစ်လက်ကို ဆွဲထုတ်ကာ ဝမ်းကျုံ
ထံသို့ ခုန်အုပ်လိုက်သည်။

ဝမ်းကျုံးစန်းမှာ ဓားကို လက်ဝါးဖြင့် အားစိုက်ညှပ်ထ
မှ လှေသမားအဘိုးအို လက်လွှတ်လိုက်သည်နှင့် နံဘေးသို့
ကာ အရှိန်လွန်ပြီး လဲကျသွား၏။

ဓားဖြင့် စိုက်ချလာသော လှေသမားအဘိုးအိုကို ကျေ
ထားသလို ဖြစ်သွားလေသည်။

သူ၏ကျောပြင်သည် အကာအကွယ် ကင်းမဲ့သွားလေ

လှေသမားအဘိုးအိုကား ရုပ်ဖျက်ထားသော ကြေးစ
ဆိုးသုံးဖော်မှ အမှတ်တစ် ဖြစ်လေသည်။

ဝမ်းကျုံးစန်း၏လက်ချက်ကြောင့် အမှတ်နှစ်နှင့် အမှတ်
တို့ သေဆုံးသွားရသောအခါ သူသည် ဆက်လက်မတိုက်ခိုက်ဝံ့



ရှောင်တိမ်းထွက်ပြေးခဲ့ရသည်။

သို့သော်...

ဝေးဝေးလံလံ ထွက်ပြေးခြင်း မရှိပေ။

ပုန်းလျှိုးကွယ်လျှိုးဖြင့် ဝမ်းကျုံးစန်းကို ချောင်းမြောင်း
ည်။

ဝမ်းကျုံးစန်း သွားလေရာ တိတ်တဆိတ် ခြေရာခံလိုက်ခဲ့
ည်။

မြစ်ဆိပ်သို့ ဦးတည်သွားလေသည်ကို တွေ့ရသောအခါ ကူး
သမားကို သုတ်သင်ကာ ရုပ်ဖျက်စောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်လေ
ည်။

ရေလယ်ရောက်မှ လှေမှောက်ပစ်မည်ဟု ကြံရွယ်ထားခဲ့၏။

သို့ရာတွင် လှေကြုံလိုက်လာသည့် သူတော်ကြီးတစ်ပါး ပါ
သဖြင့် အမှတ်တစ် အကြံအိုက်သွားစဉ် သူတော်ကြီးသည် လှေ
လာသဖြင့် ကိုယ်ခန္ဓာ ယိမ်းယိုင်သွားစဉ် အခွင့်ကောင်းကို လက်
တ်မခံဘဲ ရုတ်တရက် လုပ်ကြံလိုက်ခြင်း ဖြစ်သည်။

ဤသည်မှာ သူ့အဖို့ ဆန္ဒစောသွားသည်ဟု ဆိုရပေတော့
ည်။

တစ်ချီတည်း အောင်မြင်မှု မရလိုက်ခြင်းကြောင့် ဖြစ်၏။

အမှတ်တစ်သည် ပို၍ ဒေါသထွက်ကာ မလွတ်တမ်း သုတ်
ရန် ကြိုးစားလိုက်ပြန်၏။

ထိုအချိန်တွင်...

"ခင်ဗျားက လောဘကြီးသလို ဒေါသလည်း ကြီးတာ

သူတော်ကြီး၏စကားသံ ထွက်ပေါ်လာသည်။

တဆက်တည်းပင်...

လဲကျရာမှထကာ လက်ဝှေ့ယမ်းလိုက်၏။

ထိုအခါ...

အမှတ်တစ်သည် လည်ဂုတ်မှ ဆွဲကိုင်လွှင့်ပစ်ခြင်း ခံရ

သလို...

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ ရေထဲသို့ ဦးစိုက်ကျ

တော့သည်။

"ဟား...ဟား...ဟား"

သူတော်ကြီး သဘောကျစွာ ရယ်မောလိုက်၏။

"မင်းက တို့ကို တစ်ဖက်ကမ်း လိုက်မပို့ချင်လို့ ရေထဲ

ပြေးတယ်ပေါ့၊ ရပါတယ်၊ တို့ဘာသာ လှော်သွားမှာပေါ့"

ပြောပြောဆိုဆိုဖြင့် သူတော်ကြီးသည် လှော်တ

ကောက်ယူကာ လှော်ခတ်လိုက်သည်။

လှေကလေးသည် မြားတစ်စင်းပမာ ရေလယ်သို့

ထွက်သွား၏။

ဝမ်းကျုံးစန်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။



ဘာပြောရမှန်း မသိမီမှာပင် လှေကလေးသည် ရေလယ်

ရောက်ရှိခဲ့ပြီ ဖြစ်သည်။

♠ ♠ ♠

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်သည်။

သူတော်ကြီးသည် နှယ်နှယ်ရရ လူစားမျိုး မဟုတ်ကြောင်း

နားလည်လိုက်၏။

ထို့ကြောင့်...

ဦးညွှတ်ကာ မေးလိုက်သည်။

"သူတော်ကြီးရဲ့ နာမည် သိပါရစေ"

သူတော်ကြီးသည် လှော်တက်ကို အသာချထားလိုက်၏။

ထို့နောက်...

ဝမ်းကျုံးစန်းကို မျက်လုံးပြူးကြည့်ပြီး...

"ကျုပ်နာမည်ကို မေးတာလား"

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"မောင်ရင်က ဘာလုပ်မလို့လဲ"

ခုကျကျ အမေးကြောင့် ဝမ်းကျုံးစန်း မည်သို့ ပြန်ဖြေရမှန်း

သိအောင် ဖြစ်သွားသည်။

"အင်း မောင်ရင် မေးတော့ ကျုပ်တောင် ပြန်ပြီး စဉ်းစာ
ဦးမယ်၊ ကျုပ်နာမည်တောင် ကျုပ်မေ့နေပြီ၊ အင်း မထူးပါဘ
မောင်ရင့်လို နေ့သေမလား ညသေမလား မသိရတဲ့ လူတစ်ယော
ကို ပြောပြလို့လဲ မထူးပါဘူး၊ ကျုပ်ပြောတာ မဟုတ်ဘူးလား"

ဝမ်းကျိုးစန်း ခေါင်းညိတ်ယင်း...

"ဟုတ်ပါတယ်၊ မထူးပါဘူး"

"ဒါဖြင့်လဲ မမေးနဲ့တော့"

"ကျွန်တော့်နာမည်တော့ ပြောပါရစေ"

သူတော်ကြီး လက်ကာပြလိုက်၏။

"မပြောနဲ့၊ မောင်ရင့်နာမည် ပြောလဲ မထူးဘူး၊ တော်ကြ
ဆို ကျုပ်မေ့သွားမှာ"

သူတော်ကြီး၏စိတ်သဘောထားကား လွန်စွာပင် ထူးခြ
လှတော့သည်။

သူတော်ကြီးအား မည်သို့ ခန့်မှန်းရမည်ကို ဝမ်းကျိုးစ
နားမလည်နိုင်အောင် ဖြစ်သွားသည်။

ဝမ်းကျိုးစန်း ရယ်မိလိုက်သည်။

"ဟား..ဟား..ဟား"

သူတော်ကြီး မျက်မှောင်ကြုတ်သွားကာ...

"မောင်ရင်လေး ဘာရယ်တာလဲ"

ဝမ်းကျိုးစန်း ရယ်မောရာမှ ရပ်တန့်လိုက်ပြီး...



"ဪ လောကပေါ်မှာ သူတော်ကြီးလို ထူးထူးဆန်း
မျိုး ရှိသေးတယ်ဆိုတာ တွေးမိလို့ပါ"

"နေစမ်းပါဦး၊ ကျုပ်က ဘာဖြစ်လို့လဲ၊ ရယ်စရာကောင်းနေ
း"

ဝမ်းကျိုးစန်း ခေါင်းယမ်းလိုက်၏။

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"ကိုယ့်နာမည်တောင် ကိုယ်မေ့နေတယ် ဆိုလို့ပါ"

သူတော်ကြီး ခေါင်းညိတ်လိုက်သည်။

"ဒီလိုကိုး၊ နာမည်မေ့တာ ဆန်းသလား၊ တချို့ဆို ကျုပ်
တောင် ပိုဆိုးသေးတယ်၊ ကိုယ့်ကိုယ်ကို ဘာလဲဆိုတာတောင်
ကြဘူး၊ 'ချာ'သခင်ဆိုတဲ့လူက ပိုဆိုးသေးတယ်"

'ချာ'သခင်ဟူသော စကားသံကြောင့် ဝမ်းကျိုးစန်းသည်
ထား၍ နားစွင့်လိုက်လေသည်။

ချာမျိုးနွယ်မှ ဆင်းသက်လာသော ပျောက်စေသမားတော်
တစ်ယောက်သာလျှင် မြောင်နယ်ခြားမှ အဆိပ်မိသည့် လူနာကို
က်ကင်းအောင် ကုသနိုင်ကြောင်း ဝမ်းကျိုးစန်း ကြားဖူးထား
၏။

ယင်းပျောက်စေသမားတော်ကို နှစ်နှစ်တိုင်တိုင် သူလိုက်လံ
ခဲ့သေးသည်။

သို့သော်...

ဘဲဥ အစရှာမရသလိုသာ ဖြစ်နေသည်။

ချာအမျိုးအနွယ် ပျောက်စေသမားတော်၏ သတင်း
အနက်ကို လုံးဝမကြားခဲ့ရချေ။

"ချာသခင်ဆိုတဲ့လူက သူ့ကိုယ်သူ ဘာလဲဆိုတာတေ
မသိဘူး၊ ကျားထိုးရမယ်ဆိုယင် အားလုံး မေ့နေတာပဲ၊ ဘယ်လေ
ရယ်ရသလဲဆို စဉ်းစားကြည့်စမ်း၊ သူ ကျားထိုးကောင်းနေလို့ လူ
ကို ဆေးတိုက်ရမှာ မေ့ပြီး အချိန်မီ ဆေးမသောက်ရတဲ့ လူနာ ကို
တစ်ခြမ်း သေသွားတယ်လေ"

ဝမ်းကျိုးစန်း မျက်လုံးပြူးသွားသည်။

သူတော်ကြီး၏စကားကို သူစိတ်ဝင်စားလာမိပြီ ဖြစ်သ

ကံကောင်းထောက်မပြီး ပျောက်စေသမားတော်ကြီး
တွေ့ခွင့်ရကောင်း ရနိုင်မည် ဖြစ်သည် မဟုတ်ပါလား။

ဝမ်းကျိုးစန်းက သူတော်ကြီး စကားဆက်နိုင်ရန် လမ်း
ပေးလိုက်သည်။

"သူက ဆိုးတာပေါ့"

သူတော်ကြီးက...

"ဆိုးတာတော့ ပြောမနေနဲ့၊ သူ့ကိုယ်သူ ပြိုင်ဘက်က
သမားတော်ဆိုပြီး ဘဝင်မြင့်သေးတယ်လေ၊ စကားပြောယင် 
ကြီးကျယ်ကျယ် ပြောတတ်တယ်၊ ဟွန်း ကျုပ်ဆေးပညာ မတ



တတ်ယင် ဒီချာသခင်ဆိုတဲ့လူရဲ့ မာနကို ချိုးပစ်လိုက်မိမှာပဲ"

ဝမ်းကျိုးစန်း ခေါင်းညိတ်လိုက်သည်။

"သူတော်ကြီး ပြောတာ ဖြစ်နိုင်ပါတယ်"

သူတော်ကြီး ဆတ်ခနဲ ခေါင်းထောင်လာသည်။

ဝမ်းကျိုးစန်းကို စိုက်ကြည့်လိုက်ပြီး...

"ဘာလဲ၊ ကျုပ်ပြောတာ မယုံလို့လား"

"ယုံပါတယ်၊ ဒါပေမယ့်..."

သူတော်ကြီး မျက်မှောင်ကုပ်ကာ...

"ဒါပေမယ့် ဘာဖြစ်သလဲ"

ဟုမေးလိုက်သည်။

ဝမ်းကျိုးစန်းက...

"သြော် ကျွန်တော်ကိုယ်တိုင် မတွေ့ဘဲ ဘယ်လိုယုံရမှာလဲ"

သူတော်ကြီး မကျေမနပ် ဖြစ်သွားသည်။

"မောင်ရင်ကိုယ်တိုင် တွေ့ယင် ကျုပ်ပြောတာ နည်းတယ်
တောင် ဆိုမှာ သေချာတယ်"

"ကိုယ်တိုင် တွေ့မှ ပြောနိုင်မှာပါ"

"ကောင်းပြီ၊ မောင်ရင် သူ့ကို သွားရှာကြည့်၊ သူ အဲဒီမှာ
ယ်"

သူတော်ကြီးသည် ယင်းသို့ ပြောပြီး လက်ညှိုးတစ်ချောင်း
လေထဲတွင် ရေးခြစ်ပြလိုက်လေသည်။

မြေပုံအညွှန်းတစ်ခု ရေးပြလိုက်ခြင်း ဖြစ်၏။

ဝမ်းကျုံးစန်း သတိကြီးစွာ ထားကာ သေချာစွာ မှတ်သ
ထားလိုက်သည်။

သူတော်ကြီး ရေးပြသော ပုံသဏ္ဌာန်မှာ တောင်ပုံသဏ္ဌာ
များ ပါသလို တိရိစ္ဆာန်ဦးခေါင်းနှင့်လည်း တူ၏။

မည်သည့်အရပ်ဒေသဟု ထုတ်ဖော်မပြောချေ။

ထို့ကြောင့်...

ဝမ်းကျုံးစန်းခမျာ နေရာအတိအကျ မခန့်မှန်းနိုင်ဘဲ ဖြ
သွားသည်။

ဝမ်းကျုံးစန်း အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်သည့်အ
သူတော်ကြီး ရေးခြစ်ပြသောပုံသည် ရုပ်ပုံထဲမှ မြွေတစ်ကောင်
ဦးခေါင်းနှင့်တူကြောင်း ခပ်ရေးရေး မြင်ယောင်လာ၏။

မြွေနှင့် ပတ်သက်ပြီး အပြေးအလွှား စဉ်းစားတွေးတေ
ကြည့်ရပြန်သည်။

ထိုအခါ...

နေရာဒေသတစ်ခုကို ဖျတ်ခနဲ သတိရလာ၏။

ဝမ်းကျုံးစန်း ဝမ်းသာအားရ ဖြစ်သွားပြီး....

"သူတော်ကြီး ပြောတာ မြွေခေါင်းတောင်လား"

ဟုမေးလိုက်သည်။

သူတော်ကြီး ကပျာကယာ လက်ကာပြလိုက်ပြီး...



"ဟေ့..ဟေ့ ကျုပ်ကို မမေးနဲ့၊ ကျုပ်က ကိုယ့်နာမည်တောင်
တာ မဟုတ်ဘူး၊ နေရာဒေသ နာမည်တွေဆို ပိုပြီးတော့ မမှတ်
ဘူး၊ ချာသခင်က ကျုပ်ရေးပြတဲ့နေရာမှာ ရှိတာတော့ သေ
ယ်"

မည်သို့ဆိုစေ...

ချာသခင်ဆိုသူသည် မြွေခေါင်းတောင် အနီးတဝိုက်တွင် ရှိ
ဝမ်းကျုံးစန်း အခိုင်အမာ ယုံကြည်လိုက်သည်။

သူတော်ကြီးကို အကဲခတ်ကြည့်လိုက်ပြီး...

"သူတော်ကြီးနဲ့ ချာသခင်ဟာ မိတ်ဆွေတွေပဲလား"

သူတော်ကြီး ခေါင်းယမ်းလိုက်သည်။

"မဟုတ်ဘူး...မဟုတ်ဘူး၊ ကျုပ်တို့ဟာ တစ်ယောက်ကို
ယောက် အနိုင်တိုက်ဖို့ ချောင်းနေကြတဲ့ လူတွေကွ"

ဝမ်းကျုံးစန်း ပါးစပ်ပိတ်ထားလိုက်သည်။

သူတော်ကြီး ထိုင်ရာမှ ထလိုက်ပြီး...

"အင်း မောင်ရင်နဲ့ စကားပြောရတာ အတော်လေး လက်
ကပ်တာပဲ၊ မဖြစ်ဘူး သွားမှ"

စကားဆုံးသည်နှင့် သူတော်ကြီးသည် ဒူးကွေးကာ ခုန်
သွား၏။

ထိုအချိန်တွင် လှေကလေးမှာ တစ်ဘက်ကမ်း အနီးသို့
ရှိနေပြီ ဖြစ်သည်။

သူတော်ကြီးသည် ငှက်ကြီးတစ်ကောင်ပမာ ကမ်းပေါ်
တက်သွား၏။

ထို့နောက်...

သစ်တောထဲသို့ ဝင်ကာ ပျောက်ကွယ်သွားလေသည်။

ပေါ့ပါးလှသော ကိုယ်ဖော့ပညာကြောင့် ဝမ်းကျုံးစန်း
စပ်အပေါင်းသား ဖြစ်သွားရပြန်လေသည်။

သူသတိဝင်လာသောအခါ သူတော်ကြီး၏အရိပ်အရောင်
ပင် မတွေ့ရတော့ပါ။

မည်သို့ဆိုစေ...

ယခုအချိန်၌ ဝမ်းကျုံးစန်းသည် မည်သည့်အရပ်ဒေသ
သွားရမည်ကို နားလည်လိုက်ပြီ ဖြစ်သည်။

လှေကလေး ကမ်းစပ်သို့ ကပ်မိသည်နှင့် ခုန်တက်လို
လေသည်။ ထို့နောက်...

မြွေခေါင်းတောင်ဆီသို့ ခြေလှမ်းဦးတည်လိုက်၏။

သူတော်ကြီး ပြောသွားသည့် ချာသခင်ဆိုသူသည်
ပညာ တစ်ဘက်ကမ်းခတ် တတ်မြောက်သည်ဟု ကျော်ကြား
ချာအမျိုးအနွယ် ပျောက်စေသမားတော်ကြီး ဖြစ်ပါစေဟု စိတ်
ကျိတ်၍ ဆုတောင်းနေမိလေတော့သည်။

♠ ♠ ♠

## ပျောက်စေသမားတော်

မြွေခေါင်းတောင်...

မြွေခေါင်းတောင်သည် အဝေးမှ ကြည့်လျှင် မြွေတစ်ကောင်
ဦးခေါင်းပိုင်းနှင့် တူသည်။

ထို့ကြောင့်...

အများက မြွေခေါင်းတောင်ဟု ခေါ်ဆိုကြခြင်း ဖြစ်လေ
သည်။

ရှေးဟောင်းဒဏ္ဍာရီများအရ ယင်းနေရာတွင် မြွေနဂါးတစ်
ကောင် နေထိုင်ခဲ့ပြီး မြွေကြီး သေဆုံးသွားသည့်အခါ တောင်ကြီးတစ်
လုံး ဖြစ်လာခဲ့သည်ဟု အဆိုရှိပေသည်။

မြွေခေါင်းတောင်မှာ တောင်ကိုးလုံးစက်ဝိုင်းပုံသဏ္ဍာန်
တည်ရှိနေသည့်အနက် အလယ်တည့်တည့်ရှိ တောင် ဖြစ်ပေသည်။

သစ်ကြီးဝါးကြီးများ ပေါက်ရောက်ပြီး လူသူ အသွားအ
နည်းပါးသည်။

ပတ်ဝန်းကျင်တွင် တောတောင်များ ဖုံးလွှမ်းထူထပ်နေ
ကြောင့် သားရဲတိရစ္ဆာန်များလည်း ပေါများလှပေသည်။

ဝမ်းကျုံးစန်းသည် သူတော်ကြီးနှင့် လမ်းခွဲခဲ့ပြီး သုံ
မြောက်နေ့တွင် မြွေခေါင်းတောင် ပတ်ဝန်းကျင်သို့ ရောက်ရှိ
လေသည်။

လူသွားလမ်းဟူ၍ မယ်မယ်ရရ မရှိသဖြင့် တောလ
အသုံးပြုကာ ခက်ခက်ခဲခဲ ခရီးနှင်ရသည်။

မြွေခေါင်းတောင်ခြေသို့ ရောက်သောအခါ ညမိုးချုပ်
ပြီ ဖြစ်လေသည်။

ထို့ကြောင့် တောင်ခြေရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့
ကာ အိပ်စက်လိုက်ရ၏။

ဝမ်းဗိုက်ဆာနေသည့်အပြင် ရေလည်း ငတ်လှသဖြင့်
တော်နှင့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေ၏။

ညဦးနက်ပိုင်း ကျော်လွန်ပြီး မိုးလင်းကာနီးမှ မှေးခ
ပျော်သွားသည်။

ထူးခြားသော အသံများ ကြား သည်ဟု စိတ်ထဲ ထွဲမှတ်
ဖျတ်ခနဲ လန့်နိုးလာသည့်အခါ မိုးစင်စင် လင်းနေပြီ ဖြစ်ကြေ
တွေ့ရလေသည်။



ပတ်ဝန်းကျင်တစ်ခုလုံးသည် သဘာဝ အလှအပ ရှုမျှော်ခင်း
းဖြင့် သာယာလှပနေ၏။

ပူဇွေးတောက်ပသော နေရောင်ခြည်သည် အရာရာကို ရွှေ
ရောင်ပက်ဖျန်းသည့်နှယ် ရှိ၏။

အရောင်အသွေးစုံသော ကျေးငှက်သာရကာကလေးများ
ည် ကူးချည်သန်းချည် ပျံသန်းယင်း ဘာသာဘာဝ တေးသီကျေး
ကြ၏။

လှစ်ခနဲ ပြေးလွှားသွားသော ယုန်ကလေးများကို တွေ့ရ

ဦးချိုကားကားနှင့် သမင်ကလေးများကိုလည်း တွေ့ရ၏။

ဝမ်းကျုံးစန်း သစ်ပင်ပေါ်မှ ဆင်းလာသောအခါ တော
ကြင်ငယ်လေးများ ထိတ်လန့်တကြား ပြေးလွှားသွားကြကုန်၏။

ဝမ်းကျုံးစန်း အပျင်းတစ်ချက်ဆန့်လိုက်သည်။

ထို့နောက်...

မြွေခေါင်းတောင်ပေါ်သို့ တက်လာခဲ့လေသည်။

ပင်ပန်းနွမ်းနယ်သည်က တစ်ကြောင်း၊ အိပ်ရေးပျက်သည်
တစ်ကြောင်း၊ အဆိပ်မိထားသည့် ဝေဒနာကို ခံစားနေရခြင်းက
ကြောင်းကြောင့် ခရီးမတွင်လှချေ။

တဖြည်းဖြည်း ကုပ်ကပ်တက်လာယင်း တောင်ပေါ်သို့
က်မှန်းမသိ ရောက်လာ၏။

တောင်ပေါ်ဒေသမှာ မြေပြန့်ဒေသကဲ့သို့ ပြန့်ပြူးသော
ပြင်ညီ ရှိလေသည်။

ဝမ်းကျုံးစန်း တောင်ပေါ်သို့ ရောက်လာသည့်အခါ
တည့်တော့မည် ဖြစ်သည်။

ဝမ်းဗိုက်တကြုတ်ကြုတ် ဆာလောင်သည့်အပြင် ခြေ
များ မလှုပ်နိုင်အောင် ဝေးလံလာ၏။

နွမ်းဟိုက်စွာပင် မြေပေါ် ထိုင်ချလိုက်သည်။

သို့သော်...

ချက်ချင်း ပြန်ထရပ်လိုက်ရ၏။

အကြောင်းကား ခပ်လှမ်းလှမ်း တစ်နေရာမှ ထူးခြား
ခုကို တွေ့မြင်လိုက်ရခြင်း ဖြစ်ပေသည်။

မျက်လုံးများ မှားသည်လောဟု ထင်ကာ မျက်လုံး
ပွတ်သပ်ကာ ကြည့်လိုက်မိသည်။

သူ၏မျက်လုံး မမှားပါချေ။

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင်
ယောက် ခေါင်းချင်းဆိုင်ထိုင်ကာ တစ်စုံတစ်ခုကို စိတ်ဝင်
ကြည့်နေသည်ကို အသေအချာပင် တွေ့မြင်ရသည်။

ဦးခေါင်းတစ်ခုလုံး ဖွေးဖွေးဖြူနေသည့် ဆံဖြူအဘိုး
ဦးနှင့် အဖြူရောင်ဝတ်ရုံ ဆင်မြန်းထားသည့် သူတော်ကြီးတ
တွေ့ရသည်။



ဝမ်းကျုံးစန်းသည် ချာသခင်၏သတင်းကို မေးမြန်းစုံစမ်း
တ်ကူးကာ ထိုသူနှစ်ယောက်ထံ ချဉ်းကပ်သွားသည်။

ခြေလှမ်းလေးငါးဆယ်လှမ်းမျှ လှမ်းသွားမိသည့်အခါ ထိုသူ
ယာက်မှာ ကျားထိုးနေကြခြင်း ဖြစ်ကြောင်း တွေ့ရသည်။

ထူးခြားသည်ကား အဖြူရောင်ဝတ်ရုံကို ဆင်မြန်းထား
သူတော်ကြီးသည် သူနှင့်အတူ လှေကြုံစီးလိုက်ခဲ့သည့်
တော်ကြီး ဖြစ်ကြောင်း သိရသည်။

ဝမ်းကျုံးစန်း ဝမ်းသာသွား၏။

သူတော်ကြီးသည် သူ့အား ကူညီမည့်သူ ဖြစ်ကြောင်း ဝမ်း
စန်း အလိုလို ယုံကြည်မိသောကြောင့် ဖြစ်ပေသည်။

မြောင်နယ်ခြား၌ သူအဆိပ်မိခံခဲ့ရသည်ကို အမှတ်တစ်၏
စကားအရ သူတော်ကြီး ကြားသိသွားခဲ့ပြီ ဖြစ်လေသည်။

ထို့ကြောင့်...

ဆေးကုပေးနိုင်သည့်သူကို ညွှန်ပြပေးခြင်း ဖြစ်သည်ဟု
ကျုံးစန်း ယုံကြည်ထားသည်။

သို့သော်...

စိတ်နေစိတ်ထား ထူးခြားသူ ဖြစ်သည့်အလျောက် တိုက်
ပြောမပြဘဲ သူ့အား သွယ်ဝိုက်ပြောပြခဲ့ခြင်း ဖြစ်ကြောင်း ဆက်
တွေးမိလေသည်။

ဝမ်းကျုံးစန်းသာ ဉာဏ်ကောင်းသူဖြစ်လျှင် သူညွှန်ပြ

သည့်အတိုင်း ရောက်လာမည်ဟု ယုံကြည်ထားပုံ ရလေသည်

ဝမ်းကျုံးစန်းသည် သူတော်ကြီးကို မမျှော်လင့်ဘဲ တွေ
လိုက်ရသည့်အခါ ဝမ်းသာအားတက် ဖြစ်သွားလေသည်။

သူတော်ကြီးကား ကျားကွက်တွင်သာ စိတ်ကို မြှုပ်နှံ
ရသည်။

ပတ်ဝန်းကျင်ကို လုံးဝလျစ်လျူပြုထားလေ၏။

ဝမ်းကျုံးစန်း တစ်ချက်စဉ်းစားမိသည်မှာ သူတော
သည် ချာသခင်နှင့် တစ်ယောက်ကိုတစ်ယောက် အနိုင်တို
အခွင့်ချောင်းနေသည့် ပြိုင်ဘက် ဖြစ်သည်ဟု ဆိုခဲ့၏။

ချာသခင်သည် သူ၏ရန်သူဆိုလျှင် ဝမ်းကျုံးစန်းအဖို့
ဝါးကုသခွင့်ရရန် အခွင့်အလမ်း မရှိပေ။

သေသေချာချာ စဉ်းစားကြည့်မှ ကျားကစားရာတွင်
တိုက်ရန် အခွင့်ချောင်းနေခြင်း ဖြစ်ကြောင်း ဝမ်းကျုံးစန်း တွေ
မိလာသည်။

ဝမ်းကျုံးစန်း ကျေနပ်စွာ ပြုံးလိုက်သည်။

ရှေ့သို့လည်း ခပ်သွက်သွက်ကလေး လျှောက်သွား
အနီးသို့ ရောက်သွားသည့်အထိ ကျားကစားသူနှစ်ဦ
တုတ်တုတ်မျှပင် မလှုပ်ဘဲ ရှိနေ၏။

ဝမ်းကျုံးစန်းကလည်း အလိုက်သိသိဖြင့် စကားမ
ငြိမ်နေလိုက်၏။



သူတို့ ကျားကစားနေသည်ကို ကြည့်မိသည်။

ကြည့်ယင်းကြည့်ယင်း လာသည့်ကိစ္စကို မေ့လျော့ကာ
းကွက်တွင် စိတ်ပါလာလေတော့သည်။

တစ်ကြိမ်တွင်...

ဆံဖြူအဘိုးအို ကျားတစ်ကွက် အရွှေ့မှားသွား၏။

ဝမ်းကျုံးစန်းက မိမိနှင့် မသက်ဆိုင်သည်ကို မေ့လျော့သွား
...

"ဟာ မှားသွားပြီ"

နုတ်မှ လွှတ်ခနဲ ပြောမိလိုက်သည်။

သူတော်ကြီး သဘောကျစွာ ရယ်လိုက်၏။

"ဟား..ဟား..ဟား ကျုပ်က သုံးကောင်စားပြီး ကင်းဝင်
က်ယင် ခင်ဗျား ဘာတတ်နိုင်ဦးမလဲ"

ပြောယင်း အနိုင်ကွက်ကို ဖိုးဖိုးဆတ်ဆတ် ရွှေ့လိုက်လေ
ည်။

ဆံဖြူအဘိုးအို၏မျက်နှာ ရှုံ့မဲ့သွားသည်။

"တောက်"

မကျေမနပ်ဖြင့်လည်း တက်တစ်ချက် ခေါက်လိုက်လေ
ည်။

သူတော်ကြီးက...

"ဘယ်လိုလဲ ကျုပ်ကို နိုင်အောင် မကစားနိုင်ဘူး မဟုတ်

လား၊ ဟား...ဟား...ဟား"

သဘောကျစွာ ပြုံးလိုက်၏။

ဆံဖြူအဘိုးအိုက...

"ကျုပ်ရှုံးပါပြီဗျာ"

အောင့်သက်သက်နှင့် ဝန်ခံလိုက်ရ၏။

သူတော်ကြီးက ပြုံးဖြီးဖြီးဖြင့်...

"ရှုံးရမယ်လေ၊ ရှုံးကို ရှုံးရမယ်"

ဆံဖြူအဘိုးအို မခံချင်အောင် သူတော်ကြီး လှောင်

လေသည်။

ဆံဖြူအဘိုးအိုကား မကျေမနပ် ဖြစ်နေသော်လည်း

ရှုံးနေပြီမို့ ချေပစကား ရှာမရဘဲ ဖြစ်နေ၏။

ဝမ်းကျုံးစန်း မနေနိုင်တော့ဘဲ...

"ရွှေ့တာ မှားသွားလို့ပါ၊ မမှားယင် နိုင်ဖို့တောင် အ

သာနေတယ်ဗျ"

ဟုဝင်ပြောလိုက်သည်။

ထိုအခါမှ သူတော်ကြီးနှင့် ဆံဖြူအဘိုးအိုတို့ ပြိုင်တူ

ကြည့်လိုက်ကြသည်။

မည်သူမည်ဝါဟု မေးရမည့်အစား ကျားကွက်အကြေ

ကိုသာ ကောက်ကာငင်ကာ မေးလိုက်သည်။

"ပြောစမ်းပါဦး၊ ငါဘာမှားသွားလဲ"



"ဘာ နိုင်မယ်ဟုတ်လား၊ ဟင် ဘယ်လိုလုပ် နိုင်ရမှာလဲ၊

ဘင် ရှုံးသွားပြီ မဟုတ်လား"

တစ်ယောက်တစ်ခွန်း ဆူညံစွာ မေးလိုက်ကြသဖြင့် ဝမ်း

န်းက လက်ကာပြလိုက်လေသည်။

"ကျွန်တော်ရှင်းပြပါ့မယ်"

"ပြော"

"မြန်မြန်ပြောစမ်း"

ဝမ်းကျုံးစန်းက ဆံဖြူအဘိုးအို အမှားကွက်သို့ မရွှေ့မီ ပုံ

ာန်အတိုင်း ကျားကွက်ကို ပြန်လည်စီချလိုက်လေသည်။

တဆက်တည်းပင်...

"ဟောဒီ ကျားကွက်ကိုရွှေ့လို့ သုံးကောင်စားပြီး ကင်း

်သွားတာ၊ ဒါ မှားလို့ ရှုံးရတာ၊ ဒါကို မရွှေ့ဘဲ ဟောဒီ ကျား

်ကိုရွှေ့ယင် ဘယ်လိုလုပ် ရှုံးမှာလဲ၊ နိုင်တောင်နိုင်ဦးမှာ"

ဝမ်းကျုံးစန်းသည် နှုတ်မှ ရှင်းပြယင်း ကျားကွက်များကို

ပြလိုက်သည်။

သူရွှေ့လိုက်သည့် အကွက်ကို တွေ့သည်နှင့် ဆံဖြူအဘိုးအို

သာသွား၏။

"ဟုတ်သားပဲ၊ ကျုပ်မျက်စိ လျှမ်းသွားတယ်၊ ဒီပွဲဟာ

ယ်တော့ ကျုပ်နိုင်တဲ့ပွဲပဲ"

"ဟာ မဟုတ်တာ"

သူတော်ကြီးက မကျေမနပ် ပြော၏။

ဆံဖြူအဘိုးအိုက...

"ခင်ဗျား မကျေနပ်ယင် ပြန်ရွှေ့ကြည့်လေ"

ဟုပြောလိုက်သည်။

"ကောင်းပြီ"

သူတော်ကြီးက ကျားကွက်ကို ပြန်ရွှေ့သည်။

ယခုတစ်ကြိမ်၌ ဆံဖြူအဘိုးအိုသည် ဝမ်းကျုံးစန်း ပြ
သည့် အကွက်အတိုင်း ရွှေ့လိုက်လေသည်။

တစ်ကွက်နှစ်ကွက် ရွှေ့မိသည်နှင့် သူတော်ကြီး ငိုင်ကျသ
သည်။

သူ၏ကျားများ အကွက်ကြပ်ကာ ထိုးကျွေးရုံမှ လွဲ၍
စရာအကွက် မရှိသလောက် ဖြစ်သွား၏။

သူတော်ကြီး ခေါင်းကုတ်လိုက်၏။

ဘယ်အကွက်ရွှေ့ရွှေ့ ရှုံးရုံမှတပါး အခြားမရှိတော့ပေ

သူတော်ကြီးက ဝမ်းကျုံးစန်းအား ကြည့်ကာ...

"မင်းက ဘေးက ကြည့်ပြီး ပြောတော့ ဟုတ်တာပေါ့၊ ကို
တိုင်ကိုယ်ကျ ဝင်သိုးတဲ့အခါ အခုလို မြင်ပါ့မလား"

ဟုမကျေမနပ်ဖြင့် ပြောလိုက်သည်။

ဝမ်းကျုံးစန်း ပြုံးလိုက်ပြီး...

"ဘယ်လိုအနေအထားမျိုးရောက်ရောက်၊ ဘယ်အကွ



တယ်၊ ဘယ်အကွက် မှန်တယ်ဆိုတာ ကျွန်တော်တွေ့မှာပါ"

ဟုပြောလိုက်၏။

"ဟာ ကြီးကျယ်လှချည်လား၊ မင်းကို့အတူတူပဲ"

ဆံဖြူအဘိုးအိုနှင့် ဝမ်းကျုံးစန်းကို လက်ဝှေ့ယမ်းပြကာ
တော်ကြီးက ပြောလိုက်သည်။

ဆံဖြူအဘိုးအို သဘောကျစွာ ရယ်မောလိုက်၏။

"ဟား...ဟား...ဟား၊ ကျုပ်က ဘေးမှာ လူရောက်လာတာ
သတိပြုမိလိုက်တဲ့အတွက် အာရုံအပြင် ရောက်သွားပြီး မှားရွှေ့မိ
တာ၊ နို့မို့ယင် ဘယ်နည်းနဲ့မှ မရှုံးဘူး"

"ထားပါတော့လေ၊ ဟော့ မောင်ရင်၊ မင်း ငါနဲ့ ကျားထိုးပြိုင်
လား"

သူတော်ကြီးက ဝမ်းကျုံးစန်းကို ခိန်ခေါ်လိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းယမ်းလိုက်သည်။

"ကျွန်တော် မယှဉ်ပြိုင်နိုင်တာ ခွင့်လွှတ်ပါ"

သူတော်ကြီး မျက်မှောင်ကုပ်ကာ...

"ဘာဖြစ်လို့လဲ"

ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်းက...

"အချိန်မရှိလို့ပါ"

ဟုပြောလိုက်၏။

သူတော်ကြီးက...

"ဟေ မင်းက ဘာတွေ အရေးကြီးနေလို့လဲ"

ဝမ်းကျုံးစန်းက သက်ပြင်းချယင်း...

"ကျွန်တော် လူတစ်ယောက်ကို လိုက်ရှာစရာ ရှိလို့ပါ"

သူတော်ကြီးသည် ဝမ်းကျုံးစန်းကို ခြေဆုံးခေါင်းဆုံး ကြ
လိုက်ပြီး...

"လက်စသတ်တော့ မင်းကိုး"

ယခုမှ ဝမ်းကျုံးစန်းကို မှတ်မိဟန်ဖြင့် သူတော်ကြီးက
ရွတ်လိုက်သည်။

ဝမ်းကျုံးစန်းက ပြုံးပြလိုက်သည်။

သူတော်ကြီးက ဝမ်းကျုံးစန်းကို တစ်ချက်စိုက်ကြည့်လို
ပြီး...

"မင်းက ချာသခင်ကို လိုက်ရှာမလို့လား"

ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်ကာ...

"သူတော်ကြီးက မှတ်မိသားပဲ"

သူတော်ကြီး တစ်ချက်မဲ့ကာ...

"မှတ်မိတာပေါ့၊ ငါထွင်ခဲ့တဲ့ကိစ္စပဲ မဟုတ်လား"

ဟုပြောလိုက်၏။

သူတို့နှစ်ယောက် စကားပြောနေကြသည်ကို ဆံဖြူအဘို



မျက်မှောင်ကြုတ်၍ စိုက်ကြည့်မိသည်။

ထိုစဉ်...

သူတော်ကြီးက ဆက်၍ ပြေပြန်သည်။

"ချာသခင်ဆိုတဲ့ ကြီးကြီးကျယ်ကျယ်လူကို မင်းမို့လို့ လိုက်
ာ ငါဖြင့် အံ့ဩမိပါရဲ့"

ချာသခင်သည် ကျားထိုးအလွန်ဝါသနာပါမှန်း ဝမ်းကျုံးစန်း
ပြီ ဖြစ်သည်။

သူတော်ကြီးသည် သူ့အား သွယ်ဝိုက်ကူညီနေသည်ကို နား
လာသည့်အပြင် ချာသခင်ဆိုသူမှာ ဆံဖြူအဘိုးအိုပင် ဖြစ်ရ
ဟု တွေးမိလေ၏။

သူက သက်ပြင်းချယင်း...

"ကျွန်တော် သူ့ကို လိုက်ရှာတာ အကြောင်း ရှိပါတယ်"

သူတော်ကြီး တစ်ချက်မဲ့လိုက်ပြီး...

"ဘာလဲ မြောင်နယ်ခြားက ပန်းအဆိပ်မိထားလို့ ဆေးကု
မှာ မဟုတ်လား"

ဟုပြန်မေးသည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ်"

ဆံဖြူအဘိုးအို ချောင်းဆိုးလိုက်သည်။

ချောင်းဆိုးပြီး သူတို့၏ပြောစကားများကို စိတ်မဝင်စားဟန်.

ဖြင့် မျက်နှာတစ်ဘက် လှည့်ထားလိုက်သည်။

ဝမ်းကျုံးစန်း ရိပ်မိသဖြင့် ဆက်ပြောလိုက်သည်။

"ရောင်စုံပန်းအဆိပ်ကို သူတစ်ယောက်တည်းပဲ ကုသ
နိုင်တယ်လို့ သတင်းကြီးနေပါတယ်၊ ကျွန်တော် အသက်ရှင်
မျှော်လင့်ချက်နဲ့ လာခဲ့တာပါ"

သူတော်ကြီး နှာခေါင်းရှုံ့ကာ...

"မင်းကို သူက ကုပေးမယ် ထင်လား"

ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်းက...

"ကုပေးမယ် ထင်ပါတယ်"

"မင်းက ဘယ်လောက် အရေးပါလို့လဲ"

ဝမ်းကျုံးစန်း တစ်ချက်ပြုံးကာ...

"အဖြူရောင်ဓားဝမ်းကျုံးစန်းဟာ သိုင်းလောကမှာ အမ
အကျိုး ဆောင်ရွက်တဲ့လူလို့ သတင်းကြီးပါတယ်"

သူတော်ကြီး ခေါင်းခါယမ်းလိုက်သည်။

"ဒါတွေ သူ့ဂရုစိုက်မှာ မဟုတ်ဘူး၊ မင်္ဂးအနေနဲ့ လူကော
ဖြစ်ဖြစ်၊ လူဆိုးဖြစ်ဖြစ် သူ့စိတ်ပါမှ ကုသပေးမှာ"

ဆံဖြူအဘိုးအို ချောင်းဆိုးလိုက်ပြန်သည်။

ဝမ်းကျုံးစန်းက...

"သူက ကျွန်တော့်ကို ဆေးကုပေးမယ်ဆိုယင် တခြား



က်တော့ ပိုပြီး စိတ်ဝင်စားစရာကောင်းမှာပါ၊ ကျွန်တော်က
ကျားထိုးပညာ သင်ပေးနိုင်တယ် မဟုတ်လား"

ဟုပြောလိုက်သည်။

"ဟော"

သူတော်ကြီးထံမှ ထွက်ပေါ်လာခြင်း မဟုတ်ချေ။

ဆံဖြူအဘိုးအိုထံမှ လွတ်ခနဲ ထွက်လာသည့် ရေရွတ်သံ
သည်။ ဝမ်းကျုံးစန်းက ဆက်ပြောလိုက်၏။

"ကျွန်တော်သာ သင်ပေးလိုက်ယင် သူ့ကို ယှဉ်နိုင်တဲ့လူ
မှာ မဟုတ်ဘူး"

သူတော်ကြီး ပါးစပ်ပိတ်ထားလိုက်သည်။

ဝမ်းကျုံးစန်းသည် နံဘေးမှ ခေတ္တရပ်ကြည့်ရုံဖြင့် အနိုင်
ကို တိကျမှန်ကန်စွာ ပြောပြနိုင်သည် မဟုတ်ပါလား။

ဆံဖြူအဘိုးအို လှုပ်လှုပ်ရွရွ ဖြစ်လာသည်။

ဝမ်းကျုံးစန်းကို စိုက်ကြည့်ယင်း...

"မင်း တကယ် ပြောတာလား"

ဟုမေးလိုက်သည်။ ဝမ်းကျုံးစန်း ခေါင်းညိတ်ပြကာ...

"တကယ်ပေါ့"

ဆံဖြူအဘိုးအိုက...

"ငါ မယုံဘူး"

ခပ်ပြတ်ပြတ် ပြောလာသည်။

ဝမ်းကျုံးစန်းက သူ့ကို အရေးမစိုက်ဟန်ဖြင့် လက်က
လိုက်ပြီး....

"ဦးယုံတာ မယုံတာ အရေးမကြီးပါဘူး၊ ချာသခင်ကြီး
ကြည့်ဖို့ပဲ အရေးကြီးပါတယ်"

ဟုပြောလိုက်သည်။

"ဘာ"

ဆံဖြူအဘိုးအို ရှူးရှူးရှဲရှဲ ဖြစ်သွားသည်။

ဝမ်းကျုံးစန်းအား စိုက်ကြည့်ကာ...

"ငါက အရေးမကြီးဘူး ဟုတ်လား၊ ဟေ့ သေသေချာ
မှတ်ထားစမ်း၊ ချာသခင်ဆိုတာ ငါပဲကွ"

ဒေါသတကြီး အော်ပြောလိုက်သည်။

အမှန်တော့ ဝမ်းကျုံးစန်း အနေဖြင့် ကြိုတင်ခန့်မှန်း
ထားပြီး ဖြစ်သည်။

တမင်တကာ မသိချင်ယောင်ဆောင်ကာ ပြောလိုက်
ဖြစ်ပါသည်။

"ဗျာ၊ ဦးက ချာသခင် ဟုတ်လား"

ဝမ်းကျုံးစန်းက အံ့အားသင့်သွားသလို ပုံစံဖြင့် ပြန်
လိုက်သည်။

အဘိုးအိုက...

"ဟေ့ ချာသခင်ဆိုတာ လောကမှာ ဘယ်နှစ်ယောက်



ပဲ၊ မင်းမှတ်ထားဦး ပျောက်စေသမားတော်ဆိုတာ ငါပဲ"

ဝမ်းကျုံးစန်း အလွန်ဝမ်းသာသွား၏။

ထိုစဉ် သူတော်ကြီးသည် ထိုင်ရာမှ ထလိုက်ပြီး...

"ကျုပ်သွားမယ်၊ ခင်ဗျားဟာ ပျောက်စေသမားတော်ဆို
ကျုပ် ဘယ်သူ့ကိုမှ မပြောဘူးနော်"

စကားဆုံးသည်နှင့် သူတော်ကြီး ကျောခိုင်း ထွက်သွားလေ
ဝမ်းကျုံးစန်းကို နှုတ်ဆက်စကားပင် မဆိုချေ။

ဝမ်းကျုံးစန်း စိတ်ထဲမှ ကြိတ်၍ ဦးချကန်တော့လိုက်မိ

သူတော်ကြီးသည် သူ၏အသက်ကို သွယ်ဝိုက်၍ ကယ်တင်
င် မဟုတ်ပါလော။

"နေဦးလေ၊ ဘယ်သွားမလို့လဲ"

ချာအဘိုးအိုက သူတော်ကြီးကို လှမ်းထားသည်။

သူတော်ကြီးက လှည့်ပင် မကြည့်ဘဲ...

"ကျုပ်ကို မတားနဲ့၊ ခင်ဗျားဟာ ဆရာတစ်ယောက်ရပြီ၊
ကြောင့် ကျုပ်အနိုင်ကစားနိုင်အောင် ပညာလိုက်ရှာဦးမယ်"

သူတော်ကြီးသည် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွား၏။

မကြာမီ...

မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠

## လူနာကတိ

သူတော်ကြီး ထွက်ခွာသွားပြီ ဖြစ်သည်။

ပျောက်စေသမားတော်(ဝါ)ချာအဘိုးအိုနှင့် ဝမ်းကျုံး
နှစ်ဦးသာ ကျန်တော့၏။

ချာအဘိုးအိုက ဝမ်းကျုံးစန်းကို ခြေဆုံးခေါင်းဆုံး အ
ကြည့်လိုက်ပြီး...

"မင်း ငါ့ကို ကျားပညာ သင်ပေးနိုင်တာ တကယ်ပဲ

ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်းက ခပ်တည်တည်ဖြင့်...

"သင်ပေးနိုင်တာပေါ့၊ စောစောက ကျွန်တော်ရွှေ့ပြ
တဲ့အတွက် တွေ့တယ် မဟုတ်လား"



ချာအဘိုးအို ခေါင်းညိတ်ကာ...

"တွေ့တယ်"

ဝမ်းကျုံးစန်းက...

"ကိုယ်က မရှုံးတဲ့အပြင် တစ်ဖက်လူကိုတောင် အကြပ်ရိုက်
စေနိုင်တယ်၊ အရှုံးက အနိုင် ဖြစ်အောင် ရွှေ့တတ်ရမယ်"

ဟုပြောလိုက်သည်။

ချာအဘိုးအို ထောက်ခံလိုက်၏။

"ဟုတ်တယ်၊ မင်း မဆိုးဘူး၊ ငါ့ကို သင်ပေးမယ်ပေါ့ ဟုတ်
"

ဝမ်းကျုံးစန်းက...

"ဟုတ်တယ်"

ချာအဘိုးအိုသည် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် မျက်
ဝင်ကြုတ်သွား၏။

ဝမ်းကျုံးစန်းအား စိုက်ကြည့်ကာ...

"ဒါနဲ့ မင်း အဆိပ်မိထားတယ်ဆို"

ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ချာအဘိုးအိုက...

"မင်းကို အဆိပ်ပျောက်အောင် ကုသပေးယင် ငါ့ကို ကျား

ပညာသင်ပေးမယ်ပေါ့ ဟုတ်လား"

ဟုမေးလာသည်။

ဝမ်းကျုံးစန်း ဘာမှ မပြောဘဲ နေလိုက်၏။

ချာအဘိုးအို၏မျက်နှာ တည်ကြည်လေးတက်သွား

ဝမ်းကျုံးစန်းအား အကဲခတ်ကြည့်ကာ ဆက်ပြောလိုက်သည်။

"ဒီနည်းလမ်းက သဘာဝမကျဘူး၊ ငါက စိတ်ပါမှ ပေးတာ စိတ်မပါယင် ဘာပဲဖြစ်ဖြစ် မကုဘူး၊ ကျားပညာနဲ့ ပညာလဲတဲ့ သဘောမျိုးဆိုယင်တော့ ငါလက်မခံနိုင်ဘူး"

ချာအဘိုးအို၏စကားကြောင့် ဝမ်းကျုံးစန်း ထိတ်ခ သွားမိသည်။

တဆက်တည်းပင်...

မိမိ အနေဖြင့် လိမ္မာစွာ ချဉ်းကပ်တတ်ရန် လွန်စွာ ကြီးကောင်း နားလည်လိုက်၏။

ထို့ကြောင့်...

အသာအယာ ခေါင်းယမ်းယင်း...

"ဒီလို မဟုတ်ပါဘူး ခင်ဗျာ"

ဟုပြောလိုက်သည်။

ချာအဘိုးအို မျက်မှောင်ကုပ်ကာ....

"ဒီလို မဟုတ်ယင် ဘယ်လိုလဲ"



ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်၏။

ထို့နောက် တည်ကြည်သော မျက်နှာထားဖြင့်...

"အဆိပ်မိထားတာကို ဆေးမကုနိုင်ယင် ကျွန်တော်သေ မှာပဲ၊ သေသွားယင် ကျွန်တော်တတ်ထားတဲ့ ပညာတွေ မြေကြီး ရောက်ကုန်မှာပေါ့"

"ဒါ ဟုတ်တယ်"

ချာအဘိုးအို လွှတ်ခနဲ ထောက်ခံလိုက်၏။

ဝမ်းကျုံးစန်းက...

"ဒါကြောင့် ဝါသနာပါတဲ့လူကို သင်ပေးမယ်လို့ စိတ်ကူး ပါတယ်၊ ဦးအနေနဲ့ ပျောက်စေသမားတော် မဟုတ်ဘဲ တခြား ဖြစ်နေယင်လဲ ကျွန်တော်သင်ပေးမှာပဲ"

ချာအဘိုးအို၏မျက်နှာ တဖြည်းဖြည်း ပြုံးရောင်သမ်းလာ သည်။

ထို့နောက်...

သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား မင်း မဆိုးဘူး၊ အခြေအနေကို သုံးသပ် တာပဲ၊ ကဲ မှန်းစမ်း၊ မင်းရဲ့လက်"

ပြောယင်း ဝမ်းကျုံးစန်း၏လက်ကို လှမ်းဆွဲလိုက်လေ သည်။

သိုင်းလောကသားတစ်ယောက်အတွက် သတိဆိုသ[...]
ပိုသည်ဟူ၍ မရှိပါ။

အလေ့အကျင့် ရနေပြီ ဖြစ်သော ဝမ်းကျုံးစန်းသည် [...]
အလျောက်ပင် လက်ကို ဆတ်ခနဲ ရုတ်လိုက်မိသည်။

ချာအဘိုးအို မျက်မှောင်ကုပ်သွားပြီး...

"ဘာဖြစ်လို့လဲ၊ မင်းလက်ကို ဆန့်ထားပါ၊ ကျုပ်က [...]
ကြောစမ်းကြည့်မလို့"

ဟုပြောလာသည်။

ရောဂါအခြေအနေကို စစ်ဆေးကြည့်မည့်သဘော[...]
သောကြောင့် ဝမ်းကျုံးစန်းသည် မလွဲမရှောင်သော လက်ဆ[...]
လိုက်ရတော့သည်။

သို့သော်...

သတိကား မပြတ်ချေ။

ကျန်လက်ဂါးတစ်ဘက်တွင် အတွင်းအားစုစည်းကာ အ[...]
အနေ မဟန်က ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

သိုင်းလောကသည် အခါခပ်သိမ်း ယုံကြည်ရသည် မဟု[...]
သောကြောင့် ဖြစ်ပါသည်။

ချာအဘိုးအိုက...

"အဆိပ်မိထားတဲ့လူဟာ အတွင်းအားသုံးလို့ မဖြစ်[...]
အတွင်းအားထုတ်လိုက်တာနဲ့ အဆိပ်ကြွလာမှာပဲ၊ အတွင်းအာ[...]



[...]လေလေ အဆိပ်တန်ခိုးပြလေလေမို့ မြန်မြန်အသက်တိုလိမ့်
[...]

ဟုပြောလာ၏။

ပျောက်စေသမားတော်ကား အတွေ့အကြုံ ရင့်ကျက်သူ
[...]ကြောင်း ယုံမှားသံသယဝင်ဖွယ် မရှိတော့ချေ။

ဝမ်းကျုံးစန်း အတွင်းအားစုစည်းထားသည်ကို ချာအဘိုးအို
[...]ည့်ဖြင့် သိသည်။

ဝမ်းကျုံးစန်း စိတ်လျှော့လိုက်ရတော့သည်။

ချာအဘိုးအိုက လက်ကောက်ဝတ်ကို ဆုပ်ကိုင်၍ သွေးခုန်
[...]မ်းသပ်လိုက်၏။

ဝမ်းကျုံးစန်း၏သွေးခုန်နှုန်းသည် သာမန်လူနှင့် ကွဲပြားခြား
[...]သည်။

မြန်သည့်အခါ အလွန်မြန်ပြီး နှေးသည့်အခါ အလွန်နှေးနေ
[...]

ချာအဘိုးအိုအဘိုးအို မျက်မှောင်ကုပ်သွားသည်။

အတော်ကြာအောင် စမ်းသပ်ပြီးမှ...

"မင်းအဆိပ်မိထားတာ နှစ်နှစ်ကျော်ပြီ"

သူ၏စကား မှန်ကန်လှသဖြင့် ဝမ်းကျုံးစန်း အံ့သြသွားရ
[...]သည်။

သူက ခေါင်းညိတ်ယင်း...

"ဟုတ်ပါတယ်၊ နှစ်နှစ်ကျော် သုံးနှစ်နီးပါး ရှိနေပါပြီ"
ဟုဖြေကြားလိုက်၏။

ချာအဘိုးအို သက်ပြင်းချလိုက်သည်။

"အင်း စဖြစ်ဖြစ်ချင်း ငါနဲ့ တွေ့ယင် သိပ်ကောင်းမှာ၊ တော့ တော်တော့်ကို ခက်ခက်ခဲခဲ ကုယူရမယ့် အခြေအ ရောက်နေပြီ"

ဖြည်းညင်းစွာ ပြောလာသည်။

ဝမ်းကျုံးစန်း မချိပြုံးပြုံးလိုက်သည်။

"မကြာခင် ကျွန်တော်သေရမယ်ဆိုတာ သိပါတ ဒါကြောင့် ဦးအနေနဲ့ ပျောက်ကင်းအောင် ကုမပေးနိုင်ယင်လဲ လိုမှ သဘောမထားပါဘူး"

"ဘာ"

ချာအဘိုးအို၏အသံ ဟိန်းထွက်လာသည်။

ဝမ်းကျုံးစန်းအား မျက်လုံးပြူးကာ ကြည့်ယင်း...

"မင်း ဘာပြောလိုက်တာလဲ"

ဒေါသတကြီး မေးလာ၏။

ချာအဘိုးအို ကောက်ကာငင်ကာ ဒေါသထွက်လာသ ကြည့်ပြီး ဝမ်းကျုံးစန်း ကြောင်အမ်းအမ်း ဖြစ်သွားမိလေသည

ချာအဘိုးအိုအား ကြည့်ကာ...

"ဗျာ၊ ကျွန်တော် ဘာမှားသွားလို့လဲ"



နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

ချာအဘိုးအိုက စိတ်ဆိုးမာန်ဆိုးဖြင့်...

"မင်း မသိဘူး ဟုတ်လား၊ ဟေ့ မင်း မသေမချင်း မှတ် း မင်းအဆိပ်မိထားတာကို ငါက လွဲယင် ဘယ်သူမှ ကုမပေးနိုင် ကွ၊ လောကမှာ ငါတစ်ဦးပဲ ကုနိုင်တဲ့လူ ရှိတယ်"

ဝမ်းကျုံးစန်းက...

"ဦးပဲ မျှော်လင့်ချက် မရှိဘူးဆို"

ချာအဘိုးအို မျက်လုံးပြူးပြယင်း...

"မျှော်လင့်ချက် မရှိဘူးလို့ ငါပြောသလား၊ ခက်ခက်ခဲခဲ ရမယ်လို့ ပြောတာ၊ ဒီလို ပြောတာကလဲ မင်းဟာ သိုင်းသမား ်နေလို့"

ဝမ်းကျုံးစန်း အတွေးရခက်သွားသည်။

ချာအဘိုးအို၏စကားအဓိပ္ပါယ်ကို ဝမ်းကျုံးစန်း နားမလည် င်အောင် ဖြစ်သွားတော့၏။

ချာအဘိုးအိုက ဆက်ပြောသည်။

"သိုင်းသမားဆိုတာ ဘယ်အချိန်မဆို ကိုယ်တတ်ထားတဲ့ ိုင်းပညာကို ထုတ်သုံးဖို့ ဝန်မလေးဘူး၊ မင်းဟာ အတွင်းအား င်မတန်ကောင်းလို့ အခုအထိ ခံနိုင်ရည် ရှိတာပေါ့၊ မင်းနေရာမှာ ခြားလူ ဖြစ်ခဲ့ယင် လွန်ခဲ့တဲ့နှစ်ကပဲ သေသွားပြီ"

ဝမ်းကျုံးစန်း မျက်မှောင်ကုပ်သွားသည်။

"ဦးဆိုလိုတဲ့ သဘောက"

ချာအဘိုးအိုက...

"မင်းရဲ့အဆိပ်ကို ခက်ခက်ခဲခဲ ကုသရလိမ့်မယ်၊ အခု

ကစပြီး အတွင်းအားထုတ်သုံးဖို့ စိတ်မကူးနဲ့တော့"

ဟုပြောလိုက်၏။

"ဒါဖြင့်.."

ဝမ်းကျိုးစန်း စကားမဆုံးမီ ချာအဘိုးအိုက လက်

လိုက်လေသည်။

"နေဦး ငါမေးမယ်"

ဝမ်းကျိုးစန်း ခေါင်းညိတ်လိုက်သည်။

"မေးပါ"

ချာအဘိုးအိုက လက်နှစ်ချောင်းထောင်ပြလိုက်၏။

"မင်း ငါ့ကို ကတိစကား နှစ်ခွန်းပေးနိုင်မလား"

ဟုမေးလာသည်။

ဝမ်းကျိုးစန်း တွေဝေသွား၏။

ချာအဘိုးအိုအား ပြန်ကြည့်ကာ...

"ဘယ်လို ကတိမျိုးပေးရမှာလဲ"

ဟုမေးလိုက်မိသည်။

ချာအဘိုးအို တစ်ချက်စဉ်းစားယင်း...

"ငါပြောပြမယ်၊ အခုလောလောဆယ် မင်းဆေးကုမ



းလားဆိုတာ သေသေချာချာ ဆုံးဖြတ်ပါ"

ဝမ်းကျိုးစန်း ခေါင်းခါယမ်းလိုက်သည်။

"စဉ်းစားဆုံးဖြတ်စရာ မလိုပါဘူး၊ ကျွန်တော်က ဆေးကု

ဖို့ ဒီနေရာကို ခက်ခက်ခဲခဲ လာခဲ့တာပါဗျာ"

ဟုပြောလိုက်သည်။

ချာအဘိုးအိုက...

"ကောင်းပြီ၊ ငါ့နောက်လိုက်ခဲ့"

စကားဆုံးသည်နှင့် ချာအဘိုးအိုသည် ရှေ့မှ လျှောက်သွား

သည်။

ဝမ်းကျိုးစန်းက လိုက်သွားလေသည်။

အတော်ကလေး လျှောက်သွားမိသောအခါ မြွေခေါင်း

င် အလယ်ပိုင်းသို့ ရောက်ရှိသောသည်။

မြွေခေါင်းတောင်အလယ်တွင် ချိုင့်ဝှမ်းတစ်ခု ရှိ၏။

ယင်းချိုင့်ဝှမ်းအတွင်း၌ အဆောက်အအုံကြီးငယ်များ ရှိနေ

သည်ကို အပေါ်စီးမှ တွေ့မြင်လိုက်ရလေသည်။

♠ ♠ ♠

ချိုင့်ဝှမ်းအတွင်း၌ အဆောက်အဦးများ ရှိနေသည်

အဆောက်အဦးများသည် ရှည်လျားပြီး တန်း

သဏ္ဍာန် ရှိ၏။

တန်းလျားပုံသဏ္ဍာန်ဆိုသော်လည်း အလွန်သပ်

ညားလှပစွာ ဆောက်လုပ်ထားရာ ဘုရင့်နန်းတော်နှင့်ပင် တူ

တော့သည်။

အဆောက်အဦးကြီးလေးခုကို ကြက်ခြေခတ်သဏ္ဍာန်

ခုနှင့်တစ်ခု ထိပ်တိုက် ဆောက်လုပ်ထားသည်။

အဆောက်အဦး လေးခုဆုံရာတွင် ပန်းခြံတစ်ခုကို

၏။

အဆောက်အဦးများအား မြင့်မားသော ခြံစည်းရိုးဖြ

ပတ်ကာရံထားသည်ကို တွေ့ရသည်။

တောင်ပေါ်ချိုင့်ဝှမ်းဒေသတွင် ကြံကြံဖန်ဖန် ဆော

ထားသည်မှာ ရင်သပ်ရှုမောဖွယ် ဖြစ်လေသည်။

ဤနေရာတွင် ယင်းသို့ လူနေ အဆောက်အဦး ခန့်ခ

ထည် ရှိမည်ဟု မည်သူမျှ တွေးမိကြမည် မဟုတ်ချေ။

ဝမ်းကျိုးစန်းသည် အဆောက်အဦးများကို လှမ်းကြည့်

ပါးစပ်အဟောင်းသား ဖြစ်လျက် ရှိသည်။

ချာအဘိုးအိုက သူ့ဘေးတွင် ရပ်ယင်း...

"ဒါ ငါ့ရဲ့ခြံဝင်းပဲ၊ 'အသက်ကယ်ခြံဝင်း'လို့ နာမည်ပေး



မကောင်းဘူးလား"

ဟုမေးလေသည်။

ဝမ်းကျိုးစန်း ခေါင်းညိတ်ကာ...

"ဟုတ်ကဲ့၊ ကောင်းပါတယ်"

ဟုပြောလိုက်သည်။

ချာအဘိုးအိုက...

"ကဲ ငါတို့ စကားပြန်ဆက်ရအောင်၊ မင်း ငါတောင်းထားတဲ့

တိနှစ်ခု ပေးနိုင်မလား"

ဟုမေးလာသည်။

ဝမ်းကျိုးစန်းက...

"စိတ်မရှိပါနဲ့ ခင်ဗျာ၊ ဘယ်လိုကတိမျိုး ပေးရမယ်ဆိုတာ

ပါရစေ"

ချာအဘိုးအိုက...

"ငါ ဘယ်သူ့ကိုမှ ထိခိုက်စေမယ့် ကတိမျိုး မတောင်းဘူး၊

ရောဂါအတွက်ပါ။ ပထမအချက်က မင်းရဲ့တေး ငါ့ကို အပ်ရမယ်၊

ိုင်းပညာလုံးဝ အသုံးမပြုဘဲ သိုင်းလောက,က ထွက်မယ်ဆိုတဲ့

တိပေးရမယ်"

သိုင်းသမားတစ်ယောက် သိုင်းလောကမှ ထွက်ရမည်ဆို

င်းမှာ ရေထဲမှငါးအား ကုန်းပေါ်တွင် နေခိုင်းသည်နှင့် တူနေပေ

ည်။

ဝမ်းကျိုးစန်း ငိုင်ကျသွား၏။

ချာအဘိုးအိုက သဘောပေါက်နားလည်ဟန်ဖြင့်...

"အဆိပ်ပျောက်အောင် ဆေးကုရမယ်ဆိုယင် သိုင်းပ အတွင်းအားထုတ်သုံးလို့ မဖြစ်ဘူး၊ မင်းရဲ့ သိုင်းပညာပပျောက် လိမ့်မယ်"

ဟုပြောလာသည်။

ဝမ်းကျိုးစန်းက...

"ဒီပြင် နည်းလမ်း မရှိတော့ဘူးလား ခင်ဗျာ"

ဟုမေးလိုက်သည်။

ချာအဘိုးအို ခေါင်းယမ်းလိုက်သည်။

"မရှိဘူး၊ သိုင်းပညာ မဆုံးရှုံးစေချင်ဘူးဆိုရင် မ နောက်ထပ် တစ်နှစ် နှစ်နှစ်လောက် အဆိပ်ဒဏ်ခံနိုင်ပြီး အသ ရှင်ခွင့်ရအောင်ပဲ လုပ်နိုင်မယ်၊ မင်းစိတ်မပါယင် မကုနဲ့ပေါ့"

ဝမ်းကျိုးစန်း ငိုင်သွားသည်။

သိုင်းလောက၏ဖြစ်ရပ် အလီလီသည် ရှုပ်ထွေးဆန် သလို ပျော်စရာလည်း ကောင်းသည်။

စိတ်ညစ်ညူးစရာလည်း ပြည့်နေ၏။

သိုင်းလောကတွင် ကျင်လည်ကျက်စားယင်း တစ်ခါ ရိုးရိုးသားသား အေးအေးချမ်းချမ်း နေသည့် သာမန်လူတစ်ယော ဘဝကို တောင့်တမိခဲ့သည်။



သိုင်းပညာအားကိုးပြီး အနိုင်ကျင့် မင်းမူနေသော လူရမ်း များ၊ လူဆိုးများကို သုတ်သင်ရှင်းလင်း ဖယ်ရှားလိုသော ဆန္ဒ င့်သာ သိုင်းလောက ဝဲဂယက်တွင် တဝဲလည်လည် ကျက်စား ခြင်း ဖြစ်သည်။

ယခုအခါ...

အသက်ရှင်သန်မှုနှင့် သိုင်းပညာ ဆက်လက်တည်တံ့ရေး က် တစ်ခုခုကို ရွေးချယ်ရပေတော့မည်။

သူသည် သိုင်းလောကသို့ စတင်ခြေချသည့် အချိန်မှစ၍ းအကျိုးကို ဆောင်ရွက်ခဲ့သည်။

အသက်ရှင် နေထိုင်ခြင်းသည်ပင်လျှင် လူ့ဘဝ၏ပျော်ရွှင်မှု ရပ် ဖြစ်သည်။

သူ့ဘဝ အသက်ဆက်လက် ရှင်သန်ရေးအတွက် ဆောင် ရမည့် အချိန်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

ချာအဘိုးအို ဘာမျှ မပြောပါ။

သူ့အား စိုက်ကြည့်နေ၏။

ဝမ်းကျိုးစန်း သက်ပြင်းချလိုက်၏။

"ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ"

ချာအဘိုးအိုက...

"ဘာကို ဆုံးဖြတ်တာလဲ"

ဝမ်းကျိုးစန်းက...

"သိုင်းပညာကို စွန့်ပါ့မယ်"

ချာအဘိုးအိုက အကဲခတ်လာယင်း...

"မင်းသေသေချာချာ စဉ်းစားပြီးပြီနော်၊ ဒါဟာ အင်
အရေးကြီးတဲ့ အချက်ပဲ၊ ဆေးကုပြီးမှ သိုင်းပညာ ပြန်သုံးယင်
ချက်ချင်းသေသွားလိမ့်မယ်"

ဝမ်းကျုံးစန်း လေပူတစ်ချက် မှုတ်ထုတ်ကာ...

"ဟုတ်ကဲ့၊ ကျွန်တော်ဆင်ခြင်ပါ့မယ်"

ချာအဘိုးအို ပြုံးလိုက်သည်။

"မင်းရဲ့စကားကို ယုံပါတယ်၊ မင်းရဲ့ဓားကို ငါ့ဆီမှာ
ထားရမယ်"

ဝမ်းကျုံးစန်း တွေဝေသွား၏။

အဖြူရောင်ဓားသည် သူ၏ကျော်ကြားခြင်း အထိမ်း
မဟုတ်ပါလား။

အဖြူရောင်ဓားတွင် သူ၏ဝိဉာဉ် တည်ရှိသည်ဟု ခံ
သည်။

ဓားမရှိလျှင် သူလည်း လူသေတစ်ယောက်နှင့် မခြား
ဟု ယုံကြည်ထားလေသည်။

ထို့ကြောင့်...

ချာအဘိုးအိုအား ဦးညွှတ်ယင်း...

"ဓားကို ကျွန်တော့်ဆီမှာပဲ ထားပြီး မသုံးဘဲ နေယ



းလား"

ဟုမေးလိုက်သည်။ ချာအဘိုးအိုက...

"ရတယ်၊ မင်းသုံးမိမှာ စိုးလို့ပါ၊ မသုံးဘူးဆိုယင် ထားပေ့ါ"

ဝမ်းကျုံးစန်း၏ခံစားချက်အား နားလည်ဟန်ဖြင့် ပြောကြား
သည်။ ဝမ်းကျုံးစန်း ဝမ်းသာသွားသည်။

"ကျွန်တော် မသုံးပါဘူး"

ချာအဘိုးအိုက...

"ပထမအချက်အနေနဲ့ သိုင်းပညာလုံးဝ အသုံးမပြုပါဘူးလို့
ကတိပေးပြီးပြီနော်"

ဝမ်းကျုံးစန်းက...

"ဟုတ်ကဲ့"

"ကောင်းပြီ၊ ဒုတိယအချက်ကို ပြောမယ်"

ဝမ်းကျုံးစန်း စိတ်ဝင်တစားဖြင့် နားစွင့်လိုက်၏။

ချာအဘိုးအိုက အဆောက်အဦးများဆီသို့ ညွှန်ပြလိုက်ပြီး...

"အဆောက်အဦးလေးခု၊ အရှေ့ အနောက် တောင် မြောက်
ခုစီ ခွဲပြီး ဆောက်လုပ်ထားတာ တွေ့တယ် မဟုတ်လား"

ဟုမေးလိုက်သည်။ ဝမ်းကျုံးစန်းက...

"ဟုတ်ကဲ့၊ တွေ့ပါတယ်"

ချာအဘိုးအိုက...

"အရှေ့ဘက် အဆောင်မှာ ငါနေတယ်၊ မင်းကို အနောက်

ဘက် အဆောင်မှာ ထားမယ်လို့ စိတ်ကူးထားတယ်၊ တောင်ဘ
အဆောင်နဲ့ မြောက်ဘက် အဆောင်တွေဟာလဲ ငါ့ဆီ လာပြီး
ကုတဲ့လူတွေအတွက် ဆောက်လုပ်ထားတာပဲ"

ဝမ်းကျုံးစန်းက...

"ဟုတ်ကဲ့"

ချာအဘိုးအိုက...

"အခုလောလောဆယ် မင်းထက် အရင် ဆေးလာကု
လူတွေ ငါ့ဆီမှာ ရောက်နေတယ်၊ မင်း သူတို့နဲ့ လုံးဝ မပတ်သ
ဘူး၊ စကားမပြောရဘူး"

ဝမ်းကျုံးစန်း အံ့သြသွားသည်။

မည်သို့ ထူးခြားချက်များ ရှိနေသနည်း။

သူနှင့် မသက်ဆိုင်၍ နေနိုင်ပါသည်။

ချာအဘိုးအိုက ဆက်ပြောလာ၏။

"ကုန်ကုန်ပြောရမယ်ဆိုယင် ဘယ်လိုကိစ္စမျိုးတွေ့တွေ့
ပြီး မစွက်ဖက်ရဘူး၊ အဓိက,က မင်းဆေးကုဖို့ပဲ ဖြစ်ရမယ်"

ဝမ်းကျုံးစန်း သက်ပြင်းတစ်ချက်ချကာ ခေါင်းညိတ်လို
၏။

"ကျွန်တော်လဲ ဆေးပဲ ကုချင်ပါတယ်"

ဟုပြောလိုက်၏။ ချာအဘိုးအိုက စကားမဆုံးသေးဟန်
လက်ကာပြယင်း...



"ငါ မင်းကို ဆေးကုပေးတာ အခကြေးငွေ လိုချင်လို့
ဘူး၊ ဟစ်ပြားမှလည်း မယူဘူး၊ ငါ့ကို ကတိနှစ်လုံးပဲ ပေးရ
ကတိမပေးနိုင်ယင်တော့ ဘယ်လိုနည်းနဲ့မှ ဆေးကုသပေးဖို့
မဖြစ်နိုင်ဘူး မင်းဆုံးဖြတ်ပါ"

ဝမ်းကျုံးစန်း မတတ်နိုင်တော့ပါ။

ခေါင်းညိတ်ကတိပေးလိုက်ရသည်။

"ဟုတ်ကဲ့၊ ကျွန်တော် ကတိပေးပါတယ်"

ချာအဘိုးအို၏မျက်နှာ ပြုံးယောင်သမ်းသွား၏။

"ကောင်းပြီ၊ မင်းဟာ အခုအချိန်ကစပြီး ပျောက်စေသမား
ရဲ့လူနာ ဖြစ်သွားပြီ"

ဝမ်းကျုံးစန်း အသာပြုံးကာ...

"ဟုတ်ကဲ့ပါ၊ သမားတော်ကြီး"

ချာအဘိုးအိုက...

"ကဲ ငါနဲ့ လိုက်ခဲ့ပေတော့"

စကားဆုံးသည်နှင့် ချာအဘိုးအိုသည် ရှေ့မှ လမ်းပြခေါ်
သည်။ ဝမ်းကျုံးစန်း နောက်မှ လိုက်သွား၏။

မကြာပါချေ။ ချိုင့်ဝှမ်းအတွင်းရှိ ခြံဝင်းဆီသို့ ရောက်ရှိ
ကြလေတော့သည်။

♠ ♠ ♠

## ကုသခြင်း

အနောက်ဆောင်...

အသက်ကယ်ခြံဝင်းရှိ အနောက်ဆောင်မှ အခန်းတစ်
အတွင်း ဝမ်းကျုံးစန်း ရောက်ရှိနေ၏။

ပျောက်စေသမားတော်က သူ့အား လွတ်လပ်စွာ နေ
ရန် နေရာချထားပေးခြင်း ဖြစ်သည်။

သူနေထိုင်ရမည့် အခန်း ဖြစ်သလို ဆေးကုသမည့် သီး
အခန်းလည်း ဖြစ်ပေသည်။

ပျောက်စေသမားတော်သည် သုံးရက်တိုင်တိုင် သူ့
ဆေးမကုပေးသေးချေ။

သုံးရက်လုံးလုံး သွေးခုန်နှုန်း စမ်းသပ်သည်။



ခန္ဓာကိုယ် အပူချိန်နှင့် အဆိပ်တန်ခိုးပြမှုကြောင့် ရင်တွင်း
တများ မည်ရွေ့မည်မျှ ထိခိုက်သွားသည်ကို စမ်းသပ်သည်။

သုံးရက်ပြည့်ပြီး လေးရက်မြောက်နေ့ နံနက်ပိုင်းသို့ ရောက်
ာက်စေသမားတော်ကြီးသည် အဖြူရောင်ဆေးလုံးလေးတစ်
တင်တိုက်ကျွေးလေသည်။

မြောင်နယ်ခြားဒေသမှ ရောင်စုံပန်းအဆိပ်သည် အခြား
အဆိပ်များနှင့်မတူ တမူထူးခြားကာ ကုသရန် ခက်ခဲလှသည်။

ထို့ကြောင့်...

အဆင့်သုံးလေးဆင့် ခွဲကာ ကုသရမည်ဟု ရှင်းပြသည်။

ဆေးပညာနှင့် ပတ်သက်၍ ဝမ်းကျုံးစန်း ကောင်းစွာ နား
ည်ချေ။

ဆေးဖြူလုံးကလေး တစ်နေ့တစ်လုံး သုံးရက်တိတိ သောက်
သည်။

ကျန်အချိန်များတွင် အိပ်လိုက်၊ စားလိုက်၊ အခန်းတွင်း၌
းလျှောက်လိုက်ဖြင့် ပျင်းရိပျင်းတွဲစွာဖြင့် အချိန်ကုန်ဆုံးခဲ့ရသည်။

အားလပ်နေသဖြင့် သိုင်းပညာ လေ့ကျင့်ရန်လည်း မဖြစ်
ါ။

အဖြူရောင်ဓားကို သူအိပ်သော ခုတင်ခေါင်းရင်းတွင် ချိတ်
းသည်။

ဓားကို ကြည့်ယင်း ဝမ်းကျုံးစန်း၏စိတ်ထဲ၌ နှမြောတသ

နေမိသည်။

သူက လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

အဖြူရောင်စားသည် သိုင်းလောကမှ ထာဝရ ပျော

ကွယ်သွားတော့မည် မဟုတ်ပါလား။

အချိန်ရှိတိုင်း အခန်းတွင်း၌ နေရသဖြင့် ပျင်းရိလာ၏

သူက အခန်းထဲဝယ် ခေါက်တုန့်ခေါက်ပြန် လျှောက်

လေသည်။

ထိုစဉ်...

"ဘယ်နှယ့်လဲ၊ နေထိုင်လို့ ကောင်းရဲ့လား"

တံခါးဝမှ စကားသံတစ်ချက် ထွက်ပေါ်လာသည်။

ဝမ်းကျုံးစန်း ဆတ်ခနဲ လှမ်းကြည့်လိုက်၏။

ထိုအခါ...

ပျောက်စေသမားတော်က အခန်းတွင်းသို့ လှမ်းဝင်

သည်ကို တွေ့ရသည်။

ဝမ်းကျုံးစန်းက ဦးညွတ်ယင်း...

"ဟုတ်ကဲ့၊ ကောင်းပါတယ် ခင်ဗျာ"

ဟုဖြေကြားလိုက်၏။

ပျောက်စေသမားတော်က သူ့အား အကဲခတ်ကြည့်ယ

"မင်းက သိုင်းပညာကော လေ့ကျင့်သေးသလား"

ဟုမေးလိုက်သည်။



ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်သည်။

"မလေ့ကျင့်ပါဘူး"

သူ၏အဖြေစကား ကြားရသောအခါ ပျောက်စေသမား

ကျေနပ်သွား၏။

"ကောင်းတယ်၊ သိုင်းပညာ အသုံးမပြုမိအောင် အတတ်

သတိထားပါ၊ ငါ မသိအောင် သိုင်းပညာသုံးမယ်ဆိုယင် ဆေး

ပြီး ခက်ခဲသွားလိမ့်မယ်"

ဝမ်းကျုံးစန်းက...

"ဒါကြောင့် ကျွန်တော်လဲ မလေ့ကျင့်မိအောင် ထိန်းချုပ်နေ

ယ်"

ပျောက်စေသမားတော်က...

"မင်းရဲ့အဆိပ်ကို ကုဖို့အတွက် အကောင်းဆုံး နည်းလမ်း

စဉ်းစားနေတယ်၊ လောလောဆယ်တော့ အတွင်းအားတိုးပြီး

ကို ထိန်းထားနိုင်တဲ့ဆေး သောက်နေဦးပေါ့"

ပျောက်စေသမားတော် တိုက်ကျွေးသော အဖြူရောင်ဆေး

အတွင်းအားတိုးပွားပြီး အဆိပ်အား ထိန်းချုပ်ပေးသည့် ဆေး

မှန်း ဝမ်းကျုံးစန်း နားလည်လိုက်မိသည်။

သူက သက်ပြင်းတစ်ချက်ချကာ...

"အင်း ဒီအတိုင်းဆို အချိန်ကြာကြာ ယူပြီး ဆေးကုရမယ်

ပါတယ်"

လွှတ်ခနဲ ညည်းညူလိုက်၏။

ပျောက်စေသမားတော်က...

"ဟုတ်တယ်၊ မင်းဟာ မြောင်နယ်ခြားက ရောင်

အဆိပ်မိထားတယ်ဆိုတာ မေ့မနေနဲ့ဦး"

"ဟုတ်ကဲ့၊ ကျွန်တော် မမေ့ပါဘူး"

"ဒါဆို စိတ်ရှည်ဖို့တော့ လိုလိမ့်မယ်"

ဝမ်းကျုံးစန်းက...

"ဒါထက် သမားတော်ကြီးကို ကျွန်တော် တစ်ခုလေ

မေးချင်ပါတယ်"

ဟုပြောလိုက်သည်။

ပျောက်စေသမားတော် မျက်မှောင်ကုပ်သွား၏။

ဝမ်းကျုံးစန်းအား စေ့စေ့ကြည့်ကာ...

"မင်းဘာသိချင်လို့လဲ"

ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်းက...

"ကျွန်တော် အခန်းအောင်းနေရတာ သိပ်ပျင်းနေလို့ အ

ထွက်ခွင့်ရမလားဆိုတာ သိချင်လို့ပါ"

ဟုမေးလိုက်၏။

ပျောက်စေသမားတော် တွေဝေသွား၏။

အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ...



"အင်း မင်းဟာ သိုင်းလောကသားတစ်ယောက်မို့ အခန်း

းနေရတာ ပျင်းနေမှန်း ငါရိပ်မိထားပါတယ်၊ ကိုယ်ချင်းလဲ စာ

ဝမ်းကျုံးစန်း ဝမ်းသာသွား၏။

"ကျွန်တော် အပြင်ထွက်လို့ ရပြီပေါ့"

ဟုပြောလိုက်၏။

ပျောက်စေသမားတော်ကြီးက လက်ကာပြယင်း...

"အပြင်ထွက်ချင်တာ ငါ မတားပါဘူး၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ ခင်ဗျာ"

ဝမ်းကျုံးစန်းက အခွင့်အရေး လက်လွှတ်သွားမည်ကို စိုးရိမ်

တပျာကယာ မေးလိုက်၏။

ပျောက်စေသမားတော်က...

"စပ်စပ်စုစု မလုပ်ရဘူး"

ဟုပြောလာသည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ခင်ဗျာ"

ပျောက်စေသမားတော်က...

"ငါ့စကား နားမထောင်ယင် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်

င်းသာ ခံရလိမ့်မယ်၊ ငါနဲ့ မဆိုင်ဘူး"

"စိတ်ချပါဗျာ"

ပျောက်စေသမားတော်က စိတ်မချသေးဟန်ဖြင့်...

"အပြင်ထွက်ယင် ဝေးဝေးမသွားနဲ့၊ ပန်းခြံထက် ...
ဘယ်မှ မသွားရဘူး"

ဟုထပ်ပြောလာပြန်သည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ၊ သမားတော်ကြီး မှာတာတွေကို...
တော်သေသေချာချာ မှတ်ထားပါ့မယ်၊ အပြင်ထွက်ခွင့်ရတာ...
သာလှပါပြီ"

သူ၏စကားကြောင့် ပျောက်စေသမားတော် ကျေနပ်...
၏။

သူက အသာအယာ ပြုံးပြယင်း...

"ကဲ စမ်းသပ်ကြည့်ရအောင်"

ဝမ်းကျုံးစန်း ဘာမျှ မပြောတော့ပါ။

ခုတင်ပေါ်တက်ကာ လဲလျောင်းလိုက်သည်။

ပျောက်စေသမားတော်က သူ၏အနီး ချဉ်းကပ်ကာ...
ကျုံးစန်းအား စစ်ဆေးစမ်းသပ်မှု ပြုလိုက်၏။

အတော်ကလေးကြာအောင် စမ်းသပ်ပြီးမှ...

"နောက်သုံးလေးရက်လောက်ဆိုယင် ငါစတင်ကုပေး...
မယ်၊ မင်းသာ စကားနားထောင်ပြီး ကုသမှု ခံယူမယ်ဆိုယင် ...
တွေ လုံးဝပျောက်ကင်းသွားအောင် ငါကုပေးနိုင်တယ်"



ခိုင်မာစွာဖြင့် ပြောလာသည်။

ပျောက်စေသမားတော်၏စကား ကြားရသောအခါ ဝမ်း...
...န်း ဝမ်းသာသွားမိသည်။

မကြာမီ ကာလအတွင်း အဆိပ်ပျောက်ကင်းကာ လူ...
...င်းပကတိ ဖြစ်ရတော့မည် မဟုတ်ပါလား။

ပျောက်စေသမားတော်သည် သူ့အား ပျောက်ကင်းအောင်
...ပေးနိုင်စွမ်းရှိကြောင်း ဝမ်းကျုံးစန်းက ခိုင်မာစွာ ယုံကြည်ထား
...သည်။

ပျောက်စေသမားတော်က စမ်းသပ်စစ်ဆေးမှုအား လက်
...တ်လိုက်သည်။

အသင့်ပါလာသော သေတ္တာငယ်လေးအတွင်းမှ ဆေးဝါး
... ထုတ်ယူကာ ဆေးသောက်ရန် အညွှန်းပြောပြသည်။

ဝမ်းကျုံးစန်း သေချာစွာ မှတ်သားလိုက်၏။

ပျောက်စေသမားတော်က ဆေးသေတ္တာငယ်အား ပြန်
...သိမ်းဆည်းကာ...

"ကဲ ငါသွားတော့မယ်၊ အခုလောလောဆယ် တို့ရေးအိပ်
... အနားယူလိုက်ယင် မင်းအတွက် ကောင်းမယ်"

ဝမ်းကျုံးစန်းက...

"ဟုတ်ကဲ့ပါ"

ပျောက်စေသမားတော်က ဝမ်းကျုံးစန်းအား နှုတ်ဆက်

ကာ ထွက်ခွာသွား၏။

ဝမ်းကျိုးစန်းက သမားတော်ကြီး ထွက်ခွာသွားသ
အခန်းတံခါးအား ပိတ်လိုက်သည်။

ထို့နောက်...

ခုတင်ပေါ် လှဲချကာ အိပ်စက်ရန် ကြိုးစားလိုက်လေ
သည်။

♠ ♠ ♠



ည...

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေ၏။

အေးမြမြ ညဥ့်လေသည် တသုန်သုန် ဆော့မြူးတိုက်ခတ်
သည်။

မှုန်တိမှုန်မွှား ကြယ်ပွင့်ကလေးများသည် ပျင်းရိလေးတွဲစွာ
မြည်းနေကြသယောင် ရှိ၏။

ညဥ့်အနည်းငယ် နက်နေပြီ ဖြစ်သည်။

သို့သော်...

ဝမ်းကျိုးစန်းကား အိပ်မပျော်နိုင်သေးချေ။

အိပ်ရာမှထ အခန်းတံခါးဖွင့်ပြီး အပြင်သို့ ထွက်လာခဲ့
ည်။ အပြင်ဘက်တွင် သာသာယာယာ ရှိသည်။

လေအဝှေ့၌ ပန်းရနံ့များကို ရှူရှိုက်ရသည်။

တစ်ခါတစ်ရံ လေတိုးသံမှအပ ဝန်းကျင်တစ်ခုလုံး တိတ်
တိတ်နေသည်။

အဆောက်အအုံ ကြီးငယ်များသည် ညအမှောင်ထုအောက်
ွင် ထီးထီးမားမား တည်ရှိနေ၏။

မြောက်ဘက်အဆောင်တွင် မီးရောင်အချို့ လင်းလက်နေ
း ကျန်အဆောင်များတွင် မီးရောင်မရှိဘဲ မှောင်မိုက်နေသည်။

ထိုအဆောင်တွင် ဆေးလာကုနေသည့် လူနာ နေထိုင်ပေ
သည်။

ပျောက်စေသမားတော်ထံ လာရောက် ဆေးဝါးကု
များသည် တော်ရုံတန်ရုံ ရောဂါဝေဒနာ စွဲကပ်နေသူများ မဖြ
ချေ။

ပျောက်စေသမားတော်ကြီးက သူ့အား ထိုလူနာမျ
လုံး၀ မဆက်သွယ်ရဟု တားမြစ်ထားသောကြောင့် အဆိုပါ
များသည် အရေးပါ အရာရောက်သူ သို့မဟုတ် ကြောက်စရာ
သူများ ဖြစ်ကြကြောင်း ခန့်မှန်းသိရှိနိုင်ပေသည်။

ဝမ်းကျုံးစန်း၏ရင်ထဲ၌ စိတ်ဝင်စားမှုများ ဖြစ်ပေါ်လာ
တော့သည်။

မြောက်ဘက်အဆောင်သို့ သွားရန် ခြေလှမ်းမြင်လို
လေသည်။

သို့သော်...

မည်သူနှင့်မျှ ပြောဆိုဆက်ဆံခြင်း မပြုပါဟု ကတိ
သည်ကို သတိရလာသဖြင့် ချက်ချင်းပင် ကိုယ်ရှိန်သတ်လိုက်ရသ

သူ၏စိတ်ထဲ၌ အံ့ဩနေသည်ကား ဤမျှ ကြီးမားကျယ်
လှသော အသက်ကယ် ခြံဝင်းအတွင်း၀ယ် လူသူ လှုပ်ရှားမှု မ
ဘဲ ပကတိ ငြိမ်သက်နေခြင်းပင် ဖြစ်သည်။

အမှန်ဆိုလျှင် ဤမျှ ကြီးမားကျယ်ဝန်းသည့် ခြံဝင်းအ
၌ အခိုင်းအစေများ၊ ထမင်းချက်များ၊ ပန်းဥယျာဉ်ပြုပြင်သူ
စသည်ဖြင့် လှုပ်လှုပ်ရှားရှား ရှိနေသင့်သည် မဟုတ်ပါလား။



သူ့ထံသို့ စားသောက်ဖွယ်ရာ လာရောက်ပို့ဆောင်ပေးသူ
အဘိုးအိုတစ်ယောက် ဖြစ်သည်။

ထိုအဘိုးအိုသည် ဆွံ့အ နားမကြားသူ ဖြစ်၏။

သူ့အား ဝမ်းကျုံးစန်းက စကားစမြည် ပြောကြည့်သော်
း နားမလည်ဘဲ လက်ကာပြတတ်သည်။

စာရေးပြသော်လည်း မဖတ်တတ်ချေ။

ထို့ကြောင့်...

နောက်ပိုင်းတွင် ဝမ်းကျုံးစန်းသည် ယင်းအဘိုးအိုထံမှ
သက်ကယ်ခြံဝင်းအကြောင်း မေးမြန်းခြင်း မပြုတော့ပါချေ။

ဤအသက်ကယ်ခြံဝင်းကား စိတ်ဝင်စားစရာများဖြင့် အတိ
နေပေသည်။

ဝမ်းကျုံးစန်းသည် အပြင်၌ ဆက်လက်နေမိပါက အခြား
ရာများကို စပ်စုမိမည်စိုးရာ အခန်းထဲ ပြန်လည်ဝင်ရောက်ခဲ့လေ
တော့၏။

♠ ♠ ♠

နောက်တစ်နေ့ နံနက်ပိုင်းတွင် ပျောက်စေသမား
ရောက်ရှိလာသည်။

သမားတော်ကြီးနှင့်အတူ လူငယ်သုံးယောက် ပါလာ
ကို တွေ့ရ၏။

ထိုလူငယ်ကလေးများသည် စည်ပိုင်းပြတ်တစ်ခုကိုလ
ကောင်း၊ ရေပုံးများကိုလည်းကောင်း ထမ်းပိုးလာကြ၏။

ဝမ်းကျုံးစန်း၏အခန်းထဲ ရောက်လာသောအခါ ပျောက်
သမားတော်က...

"စည်ပိုင်းကို အခန်းအလယ်မှာ ချလိုက်၊ အောက်
ကျောက်တုံးတွေ ခုထားလိုက်၊ ပြီးယင် ပုံးထဲက ဆေးရည်တွေ
စည်ပိုင်းထဲ လောင်းထည့်လိုက်"

ဟုဆက်တိုက်ပင် အမိန့်ပေးလိုက်သည်။

လူငယ်ကလေးများက ချက်ချင်းပင် ပျောက်စေသ
တော်ကြီး အမိန့်ပေးသလို လုပ်ဆောင်လိုက်ကြ၏။

ပျောက်စေသမားတော်က...

"ထင်းတွေ သွားသယ်ခဲ့"

ဟုပြောလိုက်၏။

လူငယ်ကလေးများသည် ထင်းသယ်လာကြပြန်သည်။
အခန်း၏ကြမ်းပြင်မှာ ကျောက်သား ဖြစ်သည်။

သူတို့ ပြင်ဆင်နေသည်ကို ကြည့်ယင်း ဝမ်းကျုံးစန်း မျ



ကြုတ်သွား၏။

ပြီးမှ...

အခန်းထဲဝယ် ဆေးရည်ကျိုချက်မည် ဖြစ်ကြောင်း ဝမ်းကျုံး
းလည်သွားသည်။

စည်ပိုင်းအောက်တွင် ထင်းများထိုးပြီး မီးမွှေးလိုက်ကြ

မီးအရှိန် ကောင်းလာသောအခါ အခန်း၏ပြတင်းတံခါး
များကို လိုက်ပိတ်စေသည်။

အတန်ကြာအောင် ပြည့်စုံစွာ လုပ်ဆောင်ပြီးလျှင် ဝမ်းကျုံး
း ကြည့်ကာ...

"ဘာပဲဖြစ်နေဖြစ်နေ၊ မင်း အခန်းထဲက မထွက်ရဘူး၊ မင်း
ကိုယ်ထဲက အဆိပ်တွေကို ငါက ဆေးရည်နဲ့ပေါင်းပြီး ညှစ်
စ်မယ်၊ မင်းအတွက် အသက်စိုးရိမ်စရာ မရှိဘူး၊ ကြံ့ကြံ့ခံပါ"

ပျောက်စေသမားတော်က လေးနက်စွာဖြင့် ပြောလိုက်၏။

ဝမ်းကျုံးစန်းက...

"ကောင်းပါပြီ"

ပျောက်စေသမားတော်က လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်

ထိုအခါ...

လူငယ်ကလေးများ ထွက်ခွာသွားသည်။

သူလည်း အခန်းထဲမှ ထွက်သွားသည်။

အခန်းတံခါးကိုလည်း အပြင်မှ ပိတ်သွားသည်။

ဝမ်းကျုံးရှန်းတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

သူ့အား အခန်းထဲမှ ထွက်၍ မရအောင် ပိတ်လှောင်ထ
သလို ဖြစ်နေပေတော့သည်။

♠ ♠ ♠



စည်ပိုင်းထဲ၌ အစိမ်းရောင်ဆေးရည်များ ရှိသည်။

အောက်မှ မီးပြင်းတိုက်လိုက်သောအခါ ပွက်ပွက်ဆူလာ

အစိမ်းရောင်မှတစ်ဆင့် ညိုညစ်ညစ်အရောင်များ ပြောင်း
၏။

ပွက်ပွက်ဆူယင်း အနီရောင်အခိုးအငွေ့များလည်း ထွက်
လာသည်။

ထိုအခိုးအငွေ့များသည် အခန်းတွင်း၌ အလိပ်လိုက် အလိပ်
ပျံ့နှံ့သွား၏။

အနံ့အသက်သည် လွန်စွာ ဆိုးရွားပြီး ရှူးရှပြင်းထန်လှပေ

ယင်းအနံ့အသက်များကို ရှူရှိုက်မိပြီး ဝမ်းကျုံးစန်းမှာ
အန်ချင်စိတ်များ ဖြစ်ပေါ်လာသည်။

အခန်းတွင်း၌ ပူအိုက်လာသည်ဟု ခံစားရသည်။

အခိုးအငွေ့များသည် အနံ့ပြင်းထန်ပြီး အပူရှိန် လွန်ကဲလှ

အခန်းတွင်း၌ ထိုင်ယင်း ချွေးများ စို့လာသည်။

ဝမ်းကျုံးစန်း၏စိတ်များ ဂဏှာမငြိမ် ဖြစ်လာတော့သည်။

ထိုင်ရာမှထကာ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန်
က်နေမိသည်။

အနီရောင်အခိုးအငွေ့များနှင့် ဝေးအောင် ကြိုးစား…
ရှားနေခြင်း ဖြစ်၏။

သို့သော်...

အခိုးအငွေ့များကား တစ်ခန်းလုံး ပြည့်နေသဖြင့် ရှော…
ချေ။

အသက်ရှူလည်း တစ်စထက်တစ်စ ကျပ်လာသည်။

ဝမ်းကျုံးစန်း မတတ်သာသည့်အဆုံး ခုတင်ပေါ်တွင်…
ချလိုက်ရသည်။

ထို့နောက်...

အတွင်းအားလှည့်ပတ်ကာ အပူရှိန်ကို ခုခံ၏။

ဤတွင် သူ၏ခန္ဓာကိုယ် သွေးကြောများအတွင်း…
ပေါင်းများစွာသော ပိုးကောင်ကလေးများ ပြေးလွှားလှုပ်ရှား…
သလို ခံစားလာရသည်။

ချက်အထက်ပိုင်းမှ အငွေ့တစ်ခုလည်း စတင်ထွက်ပေ…
ပြီး ခန္ဓာကိုယ်အတွင်း ပြေးလွှားလှည့်ပတ်နေသလို ခံစားရ…

ဝေဒနာမျိုးစုံ စုပြုံကျရောက်လာသဖြင့် ဝမ်းကျုံးစန်း…
စိတ်ကို ကြိုးစားထိန်းချုပ်ထားသော်လည်း တစ်ချီတစ်ချီတွင် ရှု…
ဝါး အော်ဟစ်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

တစ်ကိုယ်လုံး ချွေးဒီးဒီးကျကာ စိုရွှဲသွား၏။

သူ၏ချွေးနံ့သည် ချဉ်စုပ်စုပ် အနံ့နံကာ ထိုအနံ့ကို အော…



…၏။

…မီးရှိန်ကောင်းသည်ထက် ကောင်းလာသည်။

…ဆေးများလည်း ကျိုက်ကျိုက်ဆူလာသည်။

…အချိန်ကြာလာသည်နှင့်အမျှ ဆေးရည်သည် တစ်စထက်
…မ်းလာသည်။

…အခန်းတွင်း၌ကား အနီရောင်ဆေးမှုန့်များ၊ အငွေ့များ ပြည့်
…နေသည်။

…ဝမ်းကျုံးစန်းသည် ခုတင်ပေါ် တင်ပျဉ်ခွေထိုင်ယင်း မျက်
…တ်ထားသည်။

သူ၏တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။

သူ၏နှုတ်ခမ်းများလည်း လှုပ်လှုပ်ရွရွ ဖြစ်လာသည်။

…စည်ပိုင်းအတွင်း၌ ဆေးရည်ခမ်းခြောက်သွားချိန်တွင် မီး
…ည်း လျှော့ကျကာ တဖြည်းဖြည်း ငြိမ်းသွားလေသည်။

ဝမ်းကျုံးစန်းလည်း ဝေဒနာပေါင်းစုံဒဏ်ကို မခံနိုင်တော့ဘဲ

"အား"

…ူးရှစွာ တစ်ချက် အော်ဟစ်လိုက်ပြီး ခုတင်ပေါ်သို့ လဲကျ
…တိလစ်မေ့မြောသွားလေတော့သည်။

♠ ♠ ♠

အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည်။

အချိန်မည်မျှ ကြာသွားမှန်းမသိ။

ဝမ်းကျုံးစန်း ပြန်လည်သတိရလာသောအခါ သူ့အား ပြုံးကြီး ကြည့်နေသော ပျောက်စေသမားတော်ကြီးကို တွေ့လိုက်ရသည်။

ပျောက်စေသမားတော်က သူ့အား အပေါ်စီးမှ ကြည့်နေပေသည်။

ဝမ်းကျုံးစန်းက လူးလိမ့်ထရန် ဟန်ပြင်လိုက်၏။

ပျောက်စေသမားတော်ကြီးက...

"မထနဲ့..မထနဲ့"

ကပျာကယာ ဟန့်တားကာ ရင်ဝကို လက်ဖြင့် ဖိယင်း လှဲနေစေသည်။

ဝမ်းကျုံးစန်း ပြန်လှဲနေလိုက်မှ...

"ဆေးမြစ်တွေပေါင်းတဲ့ ဆေးငွေ့အပူရှိန်ကို မှုတ်ထုတ် အသုံးပြုပြီး မင်းရဲ့ခန္ဓာကိုယ်ထဲက အဆိပ်တွေ အပြင်ဘက် စိမ့်ထွက် လာအောင် ပထမအဆင့်တော့ လုပ်ပြီးပြီ၊ အခု ဒုတိယအဆင့် စမယ်"

ဟုပြောလာသည်။

ဝမ်းကျုံးစန်း မည်သည့်စကား ပြန်ပြောရမှန်း မသိအောင် ဖြစ်နေ၏။



ပြောစရာစကားလည်း ရှာမတွေ့ချေ။

"အပ်ဗူးပေးစမ်း"

ထိုအခါမှ ပျောက်စေသမားတော်နှင့်အတူ လူငယ်လေးသုံး ယောက်လည်း ပါလာကြောင်း ဝမ်းကျုံးစန်း သိလိုက်ရသည်။

ပျောက်စေသမားတော်ကြီးက...

"မင်းမျက်လုံးမှိတ်ပြီး စိတ်ကို ငြိမ်ငြိမ်ထား၊ ငါ မင်းကို အပ်စိုက်ပေးမယ်"

ဟုပြောလာသည်။

စကားဆုံးသည်နှင့် အပ်ဗူးမှ အပ်ကလေးများ ထုတ်ယူ၍ ဝမ်းကျုံးစန်းအား အပ်စိုက်ကုသပေးလိုက်ပြန်လေသည်။

♠ ♠ ♠

ပျောက်စေသမားတော်ကြီးသည် သွေးကြောပညာ အ
ကျွမ်းကျင်သူ ဖြစ်သည်။

ဝမ်းကျုံးစန်း၏သွေးကြောများကို လက်မ လက်ညှိုး
ချောင်းဖြင့် ထောက်၍ တိုင်းတာပြီး သွေးကြောများကို အပ်
သည်။

တစ်ထွာနီးနီးရှည်သော သံမဏိအပ်မျှင်ကလေးကို
ရှည်လက်ရှည် ပွတ်ကာ လှည့်၍ စိုက်သွင်းခြင်း ဖြစ်သည်။

သူ၏ကျွမ်းကျင်မှုကြောင့် ဝမ်းကျုံးစန်းမှာ နာကျင်မှု
ဒနာကို မခံစားရချေ။

အပ်များ တစ်ချောင်းပြီးတစ်ချောင်း စိုက်သွင်းလိုက်
သည်။

မကြာပါချေ။

ဝမ်းကျုံးစန်း၏တစ်ကိုယ်လုံး အပ်ချောင်းကလေးများ
ရာအနှံ့ စိုက်ဝင်သွားပြီးသား ဖြစ်နေလေသည်။

ဆေးရည်စိမ်ကာ အထူးစီမံထားသော အပ်ဖြင့် စိုက်
ဆေးကုခြင်း ဖြစ်၏။

ဆေးရည်များ ပျံ့နှံ့ဝင်သွားသည်အထိ အပ်စိုက်ပြီးမှ
ကလေးများကို တုန်ခါလာစေရန် ပြုလုပ်လိုက်၏။

ဝမ်းကျုံးစန်း၏တစ်ကိုယ်လုံး ထုံကျဉ်လာသည်။

သွေးကြောများအတွင်း၌ ပိုးကောင်ငယ်လေးများ



နေသလို ရှစ်ခတ်လာသည်။

ယင်းခံစားချက်သည် တစ်ကိုယ်လုံးသို့ လှည့်ပတ်နေရာမှ
သ်းဖြည်း ရင်ဝသို့ စုစည်းရောက်ရှိလာသည်။

ဝမ်းကျုံးစန်းက မျက်လုံးစုံမှိတ်ကာ ယင်းခံစားချက်ကို အာ
ံနေစဉ် ပျောက်စေသမားတော်ကြီးက အပ်ချောင်းက အပ်
င်းကလေးများကို တစ်ချောင်းပြီးတစ်ချောင်း ပြန်လည်ဆွဲ နှုတ်
်လေသည်။

အပ်ချောင်းကလေးများ အကုန်အစင် ဆွဲနှုတ်ပြီးသည့်အခါ

"မင်းသက်သက်သာသာ အနားယူနေနိုင်ပါပြီ"

ဟုပြောလာ၏။

ထူးခြားသော ခံစားချက်များသည် အပ်ချောင်းများ ဆွဲနှုတ်
သည်နှင့် ချက်ချင်းပျောက်ကွယ်သွားလေသည်။

ဝမ်းကျုံးစန်း မျက်လုံးဖွင့်လိုက်သည်။

ပျောက်စေသမားတော်ကြီးသည် တပည့်ငယ်များ အကူ
ညီဖြင့် ပစ္စည်းပစ္စယများ သိမ်းဆည်းနေပြီ ဖြစ်သည်။

ဝမ်းကျုံးစန်းက မေးလိုက်သည်။

"သမားတော်ကြီးခင်ဗျား အပ်စိုက်တုန်းက ကျွန်တော့်ရင်
မှာ ထူးခြားတဲ့ ခံစားချက်တွေ ခံစားလာရပါတယ်၊ အဲဒါ ဘာ
ကြောင့်လဲဆိုတာ သိချင်ပါတယ်"

ပျောက်စေသမားတော်ကြီးက...

“မင်းခံစားနေရတဲ့ ဝေဒနာကို လျှော့မတွက်နဲ့လေ၊
နယ်ခြားက ရောင်စုံပန်းအဆိပ်ဟာ လွယ်လွယ်နဲ့ ကုလို့ မရဘူး
မင်းရဲ့ခန္ဓာကိုယ်ထဲက အဆိပ်တွေကို တစ်နေရာထဲမှာ စုရုံး
လုပ်မယ်၊ ပြီးတော့ အဆိပ်ပြေအောင် ဆေးဝါးတိုက်ကျွေး
ပေါင်းတင်ပြီး မွေးညှင်းပေါက်ကလေးတွေကတဆင့် ခန္ဓာ
ပြင်ပရောက်အောင် လုပ်ရမယ်”

ဝမ်းကျုံးစန်း ကောင်းကောင်းနားမလည်ချေ။

ထိုအချက်ကို သဘောပေါက်သော ပျောက်စေသမား
က ရှင်းပြလိုက်သည်။

“မင်းနားမလည်ယင် ရှင်းပြရတာပေါ့၊ ပထမဆုံး မ
ဆေးတိုက်ကျွေးတာက လိုအပ်လို့၊ ပြင်းပြင်းထန်ထန် ဆေးကု
ခံနိုင်ရည်ရှိဖို့ပဲ၊ ဒုတိယဆေးမြစ်တွေက ကြိုချက်ထားတဲ့ အ
အငွေ့တွေ ကြားမှာ ချွေးပြိုက်ပြိုက်ကျအောင် နေခိုင်းတာဟာ
ညှင်းပေါက်တွေမှာ ပိတ်ဆို့နေတဲ့ အညစ်အကြေးတွေ ဖယ်ထုတ်
သလို ခန္ဓာကိုယ်ထဲ ဆေးငွေ့တွေ စိမ့်ဝင်သွားစေဖို့ပဲ၊ ပြီးတော
အပ်စိုက်တယ်၊ အပ်စိုက်တာက တစ်ကိုယ်လုံး ပျံ့နှံ့နေတဲ့ အဆိပ်
ကို တစ်နေရာတည်း စုစည်းလိုက်တဲ့ သဘောပဲ”

ယခုမှ ဝမ်းကျုံးစန်းသည် ဆေးဝါးကုသသည့် လုပ်ငန်း
ကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သွားလေတော့သ

သို့ရာတွင်...



ပျောက်စေသမားတော်ကြီးသည် အဆိပ်များကို ခန္ဓာကိုယ်
တစ်နေရာ၌ စုစည်းသည်ဟူ၍သာ ရှင်းပြခဲ့၏။

စုစည်းပြီးသော အဆိပ်များ ပျောက်ကင်းအောင် မည်သို့
ဆက်၍ကုသမည်ကိုကား ရှင်းမပြချေ။

ပျောက်စေသမားတော်ကြီးက စကားဆက်လိုက်လေ

“အခုပုံအတိုင်း ဆယ်ရက်လောက်တော့ ဆက်တိုက်ကုသွား
ဆယ်ရက်ပြည့်ယင် ဆယ်ရက်နားရမယ်၊ အခြေအနေကြည့်
အဆိပ်တွေ အကုန်အစင် တစ်နေရာထဲမှာ စုမိပြီဆိုမှ ဆက်ပြီး
ယ်”

ဝမ်းကျုံးစန်း ရင်လေးသွားမိသည်။

ဆယ်ရက်တိုင်တိုင် ဒုက္ခခံရဦးမည် မဟုတ်ပါလား။

ဆယ်ရက်ဒုက္ခခံပြီးသည့်တိုင် ဝေဒနာ ပျောက်ကင်းဦးမည်
တ်ချေ။ မည်သို့ဆိုစေ...

သုံးနှစ်လုံးလုံး ခံစားနေရသော သေလောက်သည့် ဝေဒနာ
က်ကင်းနိုင်ရန်အတွက် ဒုက္ခဟူသမျှ ခါးစည်းခံရန် သူဝန်မလေး
ဘူချေ။

ဝမ်းကျုံးစန်း သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက်...

လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး...

"ကျေးဇူးပါပဲဗျာ"

ပျောက်စေသမားတော် လက်ကာပြယင်း...

"ငါ့ကို ကျေးဇူးတင်စရာ မလိုဘူး၊ ဘယ်လိုရောဂါမျိုး ငါကုသနိုင်တယ်ဆိုတဲ့ အချက်နဲ့ပဲ ငါ့အတွက် လုံလောက်နေ ထက် ဆန်းပြားတဲ့ ရောဂါတွေကိုတောင် ငါကြိုးစားကုနေ ပဲ၊ မင်းရဲ့ရောဂါလောက်တော့ ပြောနေစရာတောင် မလိုပါ

အားပါးတရ ပြောလာ၏။

ပျောက်စေသမားတော်သည် ငွေရေးကြေးရေးကို မထားသလို လူပုဂ္ဂိုလ်လည်း အဓိက မထားချေ။

သူ၏ဘဝတစ်ခုလုံးအား ဆေးပညာတွင်သာ မြှုပ် ဟန် ရှိသည်။

ဆန်းပြားသော ရောဂါအထွေထွေကို ကုသရန် မွေးဖွား သူဟုပင် ဆိုနိုင်လောက်ပေသည်။

ပျောက်စေသမားတော်ကြီးသည် ဆေးဝါးကုသ ပစ္စည်းပစ္စယများ သိမ်းဆည်းပြီးနောက် ဝမ်းကျုံးစန်းကို ပြုံးပြ ပြီး အခန်းတွင်းမှ ထွက်ခွာသွား၏။

"အင်း"

ဝမ်းကျုံးစန်း သက်ပြင်းရှည်တစ်ချက်ချကာ ခုတင်ပေ ချလိုက်လေတော့သည်။

♠ ♠ ♠



ဆယ်ရက်...

ဆယ်ရက်ဟူသော အချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

ဆယ်ရက်လုံးလုံး ပျောက်စေသမားတော်သည် တစ်နေ့မျှ က်မကွက်ဘဲ နေ့စဉ် အချိန်မှန် ရောက်လာကာ ဆေးဝါးကုသပေး သည်။

ဝမ်းကျုံးစန်းလည်း စိတ်ရှည်လက်ရှည် ဆေးကုသမှု ခံယူခဲ့ ည်။ ဆယ်ရက်အတွင်း ချောင်းဆိုးရပ်သွားသည်။

တစ်ကိုယ်လုံးလည်း အင်အားများ ပြည့်ဝလာသည်ဟု ခံ းရသည်။

ကျန်းကျန်းမာမာ ဖြစ်လာ၍ ဝမ်းကျုံးစန်း ပျော်ရွှင်လာမိ လသည်။

သို့သော်...

လက်သူကြွယ်တွင် စွပ်ထားသော လက်စွပ်လေးကို မြင် ည့်အခါတွင် ပျော်ရွှင်မှုများ ဆိတ်သုဉ်းပျောက်ကွယ်သွားလေ ည်။

ဤကျောက်စိမ်းလက်စွပ်လေးမှာ အသက်နှင့် ရင်းခဲ့ရ သော ပစ္စည်း ဖြစ်သည်။

ချစ်သူအတွက် အသက်စွန့်ဆောင်ရွက်ခြင်းမှာ အခြားသူ များအတွက် အဓိပ္ပါယ်မဲ့သည်ဟု ဆိုကောင်းဆိုမည်။

သူ့အတွက်မူ အလွန်အရေးပါသော အချက် ဖြစ်သည်။

သူ၏ချစ်သူသည် သူ၏ချစ်ခြင်းမေတ္တာတရား ကြီးမာ
မျက်ဝါးထင်ထင် တွေ့မြင်နေစေရမည်။

သူ၏မေတ္တာကို တစ်သက်လုံး ယုံကြည်ကိုးစားစေရ

ထိုမျှော်လင့်ချက်ဖြင့် သူစွန့်စားခဲ့ခြင်း ဖြစ်သည်။

ဝမ်းကျူးစန်း၏အတွေးထဲတွင် ချောမောလွန်းလှသည်
ကလေးတစ်ယောက်၏မျက်နှာကို တရေးရေး မြင်ယောင်လာ

ကြွေရုပ်လေးတစ်ရုပ်နှင့် တူသည်။

မြင်သူတိုင်း ထပ်ခါတလဲလဲ ငေးမောကြည့်ရှုနေလေ

နတ်သမီးတမျှ ချောမောလှပလွန်းသည်။

ထိုသို့သော မိန်းကလေးကို ပိုင်ဆိုင်သည့်အတွက် သ
ကောင်းသည်ဟု ယူဆခဲ့သည်။

ယခုမူ...

ကံဆိုးသည်ဟု ဆိုရတော့မည်လားမသိ။

သူ၏မေတ္တာတရား ခိုင်မာကြီးမားလှသော်လည်း သ
သော မိန်းကလေးမှာမူကား...

ဝမ်းကျူးစန်း ဆက်၍ မတွေးလိုတော့ပေ။

"လျှံကျူး၊ ပုယိုကျူး"

သူက လူနှစ်ယောက်၏အမည်ကို တီးတိုးရေရွတ်လို
သည်။

လျှံကျူးနှင့် ပုယိုကျူးတို့သည် သူ၏ဘဝတွင် မေ့ပျော



ည့်သူများ မဟုတ်ချေ။

သတိရသည့်အခါတိုင်း စိတ်ဝေဒနာကို အကြီးအကျယ် ခံ
သည်။

သို့သော်...

ဆေးကုသမှု ခံယူခြင်းကို အနှောင့်အယှက် မဖြစ်စေခဲ့ပါ။

ဖြစ်သမျှ အကြောင်း အကောင်းချည်းဟုသာ နှလုံးသွင်းနေ
သည်။

ယင်းသို့ဖြင့် ဝမ်းကျူးစန်းသည် ရောဂါဝေဒနာ သက်သာ
က်ကင်းသွားပါက သိုင်းလောကမှ ဇာတ်မြှုပ်ကာ သာမန်လူ
တစ်ယောက်အသွင် အေးအေးချမ်းချမ်း နေထိုင်သွားတော့မည်
ဆုံးဖြတ်လိုက်သည်။

မည်သို့ဆိုစေ...

ကံကြမ္မာသည် ဖန်တီးသတ်မှတ်၍ ရကောင်းသောအရာ
တ်ချေ။

ကံဇာတ်ဆရာ၏လှည့်စားမှုသည် မယုံကြည်နိုင်စရာ
င်းလောက်အောင် လွန်စွာ ဆန်းကြယ်လှပေသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ဝမ်းကျူးစန်း၏ ရည်ရွယ်
်များသည် ဆောင်းတွင်းအိမ်မက်ပမာ လွင့်ပါးပျောက်ကွယ်ခဲ့ရ

♠ ♠ ♠

## လျှို့ဝှက်မှုများဖြင့်

ဆယ်ရက်...

ဆေးကုသည့် ဆယ်ရက်အချိန် ကုန်ဆုံးသွားပြီ ဖြ
သည်။

ဝမ်းကျိုးစန်းလည်း အတော်လေး ကျန်းကျန်းမာမာ
လာသည်။

ချောင်းမဆိုး သွေးမအန်တော့ပါ။

ထို့ကြောင့်...

မကြာမီ အချိန်ကာလအတွင်း ဝေဒနာများ သ
ပျောက်ကင်းသွားတော့မည်ဟု ထင်မိလေသည်။

ဆယ်ရက် နားခိုင်းသဖြင့် ဝမ်းကျိုးစန်းသည် အခန်း



က် စားလိုက် အပြင်သို့ ထွက်ကာ ပတ်ဝန်းကျင် အလှအပများ
ကြည့်လိုက်ဖြင့် အချိန်များကို ကုန်လွန်စေခဲ့သည်။

ယခုအတိုင်းဆိုလျှင် သူ၏ဘဝသည် လွန်စွာ ပျင်းရိဖွယ်
င်းလှတော့သည်။

သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့စဉ်က အချိန်မရွေး
ရင်ဆိုင်တွေ့နိုင်သည့်အတွက် သတိထားနေရသည်။

မတရားမှုနှင့် တွေ့လျှင် ကြားဝင်ဖြေရှင်းယင်း စွန့်စားတိုက်
ခြင်းဖြင့် ဘဝတာ အချိန်များ ကုန်မှန်းမသိ ကုန်ခဲ့ရသည်။

ပျော်စရာကောင်းသလို စိတ်ညစ်စရာလည်း ကောင်းပေ

ပျင်းရိငြီးငွေ့စရာ အချိန်ဟူ၍ တစ်ရံတစ်ဆစ်မျှ မရှိခဲ့။

ယခုမူ...

သူ့ဘဝသည် စိတ်လှုပ်ရှားဖွယ် ကင်းမဲ့ကာ အထီးကျန်ဆန်
တော့သည်။

ညမိုးချုပ်သွားမှ ဝမ်းကျိုးစန်း အခန်းထဲသို့ ပြန်ဝင်ခဲ့ပေ

မီးအိမ်ပေးထားသော်လည်း မီးမထွန်းဘဲ ခုတင်ပေါ် လဲ
င်းလိုက်၏။

မီးထွန်းစရာ မလိုပါ။

အပြင်၌ လမင်းထိန်ထိန်သာနေ၏။

တရေးတမော အိပ်ပြီး ည၏အလှအပကို တစ်ခါပြန်

မည်ဟု စိတ်ကူးထားသည်။

ကျန်းကျန်းမာမာ ရှိလာပြီ ဖြစ်၍ ခွန်အားပြည့်ဝပြီး

ပေါ် ခေါင်းချလိုက်သည်နှင့် မှေးခနဲ အိပ်ပျော်သွားသည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ။

ထူးခြားသော ခံစားချက်တစ်ခုကြောင့် ဆတ်ခနဲ လန့်နိုး

ခဲ့သည်။

ထိုအခါ...

ဧည့်သည်တစ်ယောက် ရောက်နေသည်ကို တွေ့မြင်လို

တော့သည်။

♠ ♠ ♠

လဝန်းထိန်ထိန်သာနေသည်။

လရောင်သည် ပြတင်းပေါက်မှတစ်ဆင့် အခန်းတွင်

ယှက်ဖြာကျနေသည်။

လရောင်ကြောင့် ဧည့်သည်ကို ဝမ်းကျုံးစန်း တွေ့မြင်

ခြင်း ဖြစ်ပေသည်။

ပြတင်းပေါက်တွင် လူရိပ်တစ်ခု ထင်ဟပ်နေသည်။

လူတစ်ယောက်သည် ပြကင်းပေါက်မှတဆင့် အခန်းတွ



ချောင်းကြည့်နေ၏။

ထိုလူ မည်သူမည်ဝါ ဖြစ်သည်ကို သဲသဲကွဲကွဲ မတွေ့ရချေ။

ဝမ်းကျုံးစန်း မျက်မှောင်ကုပ်သွားသည်။

ထိုလူ မည်သူနည်း။

မိမိအခန်းအား အဘယ်ကြောင့် ချောင်းကြည့်နေပါ

ည်း။

သူက တွေး၍ မရပါ။

သူ၏လက်တစ်ဖက်သည် မသိမသာ လှုပ်ရှားသွားလေ

ည်။

ခုတင်ခေါင်းရင်းတွင် ချိတ်ဆွဲထားသော ဓားရိုးပေါ် လက်

က်သွားခြင်း ဖြစ်ပါသည်။

ဓားကိုင်မိမှ ပျောက်စေသမားတော်၏မျက်နှာကို မြင်

တင်လာသည်။

ပျောက်စေသမားတော်သည် သိုင်းပညာ အသုံးမပြုရန်

းကျပ်စွာ တားမြစ်ပိတ်ပင်ထားသည် မဟုတ်ပါလား။

ညဥ့်အချိန် တိတ်တဆိတ် ချောင်းမြောင်းကြည့်နေသူသည်

ကောင်း မဖြစ်နိုင်ဟု ယုံကြည်သည်။

သူ့အား လုပ်ကြံခဲ့သည့် ငှက်ဆိုးသုံးဖော်နှင့် ရင်ဆိုင်ပြီးက

ည်းက အချိန်မရွေး ရန်သူနှင့် တွေ့နိုင်ကြောင်း ဝမ်းကျုံးစန်း နား

ည်ပြီး ဖြစ်ပေသည်။

ယခုလည်း သူ့အား လုပ်ကြံမည့် ရန်သူ ရောက်လာပြီ
တစ်ထစ်ချ ယုံကြည်မိလေ၏။

ရန်သူကို မတိုက်လျှင် အသက်အသေခံဖို့သာ ရှိလေသည
ဝမ်းကျုံးစန်း၏အတွေးများ ယောက်ယက်ခတ်သွားတေ
သည်။

ရန်သူကို ခုခံတိုက်ခိုက်ရန် နည်းလမ်းကို လျှပ်တပြက်
ဖွေစဉ်းစားကြည့်မိ၏။

နောက်ဆုံးတွင် ခုတင်နံဘေး စားပွဲပေါ်ရှိ ကူနှစ်ချောင်း
တွေ့၍ ဆတ်ခနဲ ကောက်ယူလိုက်သည်။

ဝါးဖြင့် ပြုလုပ်ထားသော တူသုံးစုံတိတိကို စားသော
ရာတွင် အသုံးပြုရန် ပျောက်စေသမားတော်ကြီးက ပေးအပ်ထ
သည်။

ဝမ်းကျုံးစန်းသည် တူဖြင့် ချောင်းကြည့်သူကို ချိန်ရွယ်လိုက်
ချိန်တွင် လူရိပ်သည် လျှပ်တပြက် ပျောက်ကွယ်သွားလေသည်။

ဝမ်းကျုံးစန်း စိတ်လှုပ်ရှားသွားသည်။

လဲလျောင်းနေရာမှ ခုန်ထလိုက်၏။

ထို့နောက်...

ပြတင်းပေါက်ကို တွန်းဖွင့်ကာ အပြင်သို့ ခုန်ထွက်လိုက်လေ
သည်။

အပြင်ဘက် ရောက်သည့်အခါ အရိပ်အယောင်မျှပေ



ရတော့ပေ။

ဝမ်းကျုံးစန်း မကျေနပ်ဘဲ ဖြစ်သွားသည်။

သူက ပတ်ဝန်းကျင်အနှံ့ အကဲခတ်ကြည့်လိုက်ရာ
ောင်လေးခုဆုံရာ ပန်းဥယျာဉ်သို့ ပြေးလွှားနေသော လူရိပ်တစ်
ရိပ်ခနဲ တွေ့လိုက်ရလေသည်။

ပျောက်စေသမားတော်၏စေခိုင်းချက်ကြောင့် တပည့်
သားတစ်ယောက်ယောက်က သူ့အား လာရောက်ချောင်း
င်း ကြည့်ခြင်းပင်လော။

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်သည်။

မဖြစ်နိုင်ဟု တွေးမိသည်။

ပျောက်စေသမားတော်သည် သူ့အား အချိန်မရွေး လာ
က်တွေ့ဆုံနိုင်သည်။

လူလွှတ်ပြီး ချောင်းကြည့်စရာ မလိုချေ။

ထိုလူ၏လှုပ်ရှားမှုသည် ခိုးကြောင်ခိုးဝှက် ဖြစ်၏။

အသက်ကယ်ခြံဝင်းမှ လူ မဖြစ်နိုင်ဟု ဝမ်းကျုံးစန်း တွေး
မိလေသည်။

ထို့ကြောင့်...

ခပ်သွက်သွက်ကလေး လှုပ်ရှားလိုက်၏။

ပြေးသွားသော လူရိပ်နောက်သို့ တိတ်တဆိတ် ပြေးလိုက်
သွားသည်။

ဤတွင်...

အမှတ်မထင် ကိုယ်ေ ညာကို ထုတ်ဖော်အသုံး
သွားသည်။

ရှေ့မှ ပြေးသွားသူသည် အဆောင်လေးခု ဆုံရာသို့ ရေ
သည့်အခါ ခြေလှမ်းရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြ
သည်။

ဝမ်းကျုံးစန်းလည်း ပန်းချုံတစ်ခုနောက်သို့ ဝင်ရောက်
ကွယ်ကာ အခြေအနေကို စောင့်ကြည့်လိုက်သည်။

ထိုလူသည် အသက်ကယ်ခြံဝင်း တည်ဆောက်ထား
လေ့လာသုံးသပ်နေဟန် ရှိသည်။

အသက်ကယ်ခြံဝင်းနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိသည်မှာ
ရှားလှတော့သည်။

ဝမ်းကျုံးစန်း ကြည့်နေစဉ် ထိုလူသည် မြောက်ဘ
အဆောင်ဆီသို့ ဦးတည်ပြေးသွားသည်ကို တွေ့လိုက်ရလေသ

ဝမ်းကျုံးစန်း ပါးတစ်ရိုက်ခန့် အကွာမှ လိုက်သွားသည်

မြောက်ဘက်အဆောင်တွင် မီးရောင်များ ရှိနေသည်
တွေ့ရ၏။

ထိုလူသည် လူရှိနိုင်သည်ဟု တွက်ဆကာ မြောက်ဘ
အဆောင်သို့ ဦးတည်လိုက်သည်။

မြောက်ဘက်အဆောင်အနီးသို့ ချဉ်းကပ်မိသည်နှင့်...



"ရပ်လိုက်"

ကျယ်လောင်သော ဟိန်းဟောက်သံ ထွက်ပေါ်လာသည်
ားလိုက်ရ၏။

တဆက်တည်းမှာပင်...

အမှောင်ရိပ်ထဲမှ သန်မာထွားကြိုင်းသူတစ်ယောက် ခုန်
လာပြီး ဟန့်တားလိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းကျုံးစန်းသည် အသာကလေး ကိုယ်ရှိန်သပ်ကာ အခြေ
စောင့်ကြည့်နေလိုက်၏။

ခန္ဓာကိုယ် သန်မာထွားကြိုင်းသူသည် ချိုင်းပြတ်အင်္ကျီ
ဆင်ကာ ခါးတွင် ဓားကောက်ကြီးတစ်လက် ချိတ်ဆွဲထားသည်
ရောင်ဖြင့် တွေ့မြင်လိုက်ရလေသည်။

သူ၏လှုပ်ရှားပုံမှာ ခန္ဓာကိုယ်နှင့် မလိုက်အောင် ပေါ့ပါး
လက်နေ၍ သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း သိသာလှ
ည်။

ချိုင်းပြတ်အင်္ကျီဝတ်ဆင်ထားသော လူထွားကြီးနှင့် မျက်
ျင်းဆိုင်လိုက်သည်။

ချိုင်းပြတ်အင်္ကျီဝတ်ဆင်ထားသူက...

"မင်း ဘယ်သူလဲ၊ အချိန်မတော် ဒီနေရာကို ဘာလာလုပ်
လဲ"

ဝမ်းခေါင်းသံကြီးဖြင့် မေးလိုက်သည်။

လရောင်ဖြင့် သူတို့နှစ်ယောက်ကို ကောင်းစွာ တွေ့မြ
ပေသည်။

လူထွားကြီးနှင့် ရင်ဆိုင်နေရသည့် ညဥ့်လူသည် မီးခိုးရေ
အဝတ်အစားများ ဝတ်ဆင်ထားသည်။

ခန္ဓာကိုယ်ပိန်ပိန်ပါးပါးရှိကာ ကျောတွင် ဓားတစ်လက်
ထား၏။

ညဥ့်အချိန်မတော် အသက်ကယ်ခြံဝင်းအတွင်း ကျူးကေ
ဝင်ရောက်လာပြီး ဟန့်တားခြင်း ခံရသော်လည်း ကြောက်ရွံ့ထိ
လန့်ပုံ မရချေ။

ခါးထောက်ရင်းက...

"ဒီနေရာဟာ အသက်ကယ်ခြံဝင်း မဟုတ်လား"

ပြန်မေးလိုက်သည်။

လူထွားကြီးက...

"ဟုတ်တယ်၊ ဘာလဲ အသက်ကယ်ခြံဝင်းကို လိုက်ရှာ
မျက်စိလည်နေလို့ အခုမှ ရောက်လာတာဆိုပြီး ဆင်ခြေပေး
လား"

မီးခိုးရောင်ဝတ်ဆင်ထားသူ သဘောကျစွာ ရယ်မောလို
လေသည်။

"ဟား..ဟား..ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်လာ၏။



အကြောက်အရွံ့မရှိ ရယ်မောနေသည်ကို ကြည့်ယင်း
ထွားကြီး ဒေါသထွက်လာပုံရသည်။

"တိတ်စမ်း"

ဟုလည်း ငေါက်လိုက်သည်။

မီးခိုးရောင်ဝတ်ဆင်ထားသူက ပခုံးတွန့်ယင်း...

"ကျုပ်က ခင်ဗျားကို ကြောက်ရမှာလား၊ ဝေးပါသေးတယ်၊
ျပ် ဘယ်သူ့ကိုမှ မကြောက်ဘူး၊ သမားတော်'ချာလုံ'ကတောင်
ျပ်ကို လေးစားရလိမ့်မယ်"

ဟုပြောလာ၏။

ပျောက်စေသမားတော်၏အမည်မှာ 'ချာလုံ'ဖြစ်ကြောင်း
မ်းကျူးစန်း သိလိုက်ရလေသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူ၏စကားကြောင့် လူထွားကြီး
တွေဝေသွားသည်။

ခေတ္တခဏ ငိုင်သွားပြီးနောက်...

"မင်းက ဘယ်သူလဲ၊ သမားတော်ကြီးချာလုံရဲ့မိတ်ဆွေ
လား"

မီးခိုးရောင်ဝတ်ဆင်ထားသူအား အကဲခတ်ကြည့်ကာ မေး
လိုက်လေသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူက...

"ဒါအရေးမကြီးပါဘူး၊ ကျုပ် ဒီကို ရောက်လာတာ လူတစ်

ယောက်ကို လာရှာတာပါ"

ဟုဖြေလိုက်၏။

လူထွားကြီးက...

"ဘယ်သူ့ကိုလဲ"

အလောတကြီး မေးလိုက်သည်။

မီးခိုးရောင်ဝတ်ဆင်ထားသူက အဖြေမပေးဘဲ...

"သမားတော်ကြီးချာလုံ ဘယ်မှာလဲ"

ဟုပြန်လည်မေးခွန်းထုတ်လိုက်သည်။

လူထွားကြီး စိတ်တိုလာပုံရသည်။

"မင်းဟာ အချိန်မတော် သူများပိုင်နက်ထဲ ကျူးကျော် လာတာဆိုတော့ မကောင်းတဲ့လူပဲ ဖြစ်ရမယ်၊ ဒီတော့ မင်းကို ရလိမ့်မယ်"

စကားဆုံးသည်နှင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်...

"ဆရာရှောင်စန်း ခဏနေပါဦး"

ကြည်လင်ပီသသော စကားသံ ထွက်ပေါ်လာသည် ကြားလိုက်ရသည်။

ဝမ်းကျုံးစန်း လှမ်းကြည့်လိုက်ရာ လူရိပ်တစ်ခု ရိပ်ခနဲ လွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရ၏။

ရောက်လာသူမှာ ပျောက်စေသမားတော်ချာလုံပင် ဖြစ်



ည်။ ချာလုံ ရောက်လာသည်ကို တွေ့ရသောအခါ ရှောင်စန်းဆို သော လူထွားကြီးသည် နောက်ဆုတ်သွားသည်။

ချာလုံက မီးခိုးရောင်ဝတ်ထားသူနှင့် မျက်နှာချင်းဆိုင်လိုက် ည်။

ထို့နောက်...

လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်ကာ...

"ဘယ်အရပ်ကလာတဲ့ မိတ်ဆွေများပါလဲ၊ သိပါရစေဗျာ"

ရိုသေသော လေသံဖြင့် မေးလိုက်၏။

ီးခိုးရောင်ဝတ်ဆင်ထားသူ သဘောကျသွား၏။

သူက တစ်ချက်ရယ်မောယင်း...

"ဟဲ...ဟဲ၊ သမားတော်ကြီးက နာမည်ကျော်ကြားသ လောက် စိတ်နေသဘောထားပြည့်ဝပုံ ရသားပဲ"

ချာလုံက...

"မိတ်ဆွေ ဘယ်သူလဲ၊ ဘာကြောင့် လာရသလဲဆိုတာ ပြောပါဗျာ"

လိုရင်းကိုသာ မေးလိုက်၏။

မီးခိုးရောင်ဝတ်ဆင်ထားသူသည် သူ၏ရင်ဝသို့ လက်ညှိုး ငြ ပြန်လည်ထိုးယင်း...

"ကျုပ်နာမည် ဟန်ကြီးလို့ခေါ်တယ်၊ အခု လက်ရှိ ကက်ကျင်းနယ်စားကြီးဆီမှာ အမှုထမ်းနေတယ်"

ဟုပြောလိုက်၏။

သူ၏စကားအဆုံးဝယ်...

"ဟာ"

ချာလုံမှာ လွတ်ခနဲ အသံထွက်သွား၏။

တအံ့တသြ ဖြစ်သွားပုံရသည်။

လူထွားကြီးရောင်စန်းမှာလည်း လှုပ်လှုပ်ရှားရှား ဖြ
လေသည်။

ဟန်ကြိုးက...

"ကောက်ကျင်းနယ်စားကြီးဟာ ဘယ်လောက် ရှိသေ
စားထိုက်တဲ့ ပုဂ္ဂိုလ်မျိုးလဲဆိုတာ သမားတော်ကြီး သိမယ်
တယ်"

ဟုပြောလာသည်။

ချာလုံ ငိုင်ကျသွား၏။

လက်ရှိ တိုင်းပြည် အခြေအနေကား မငြိမ်မသက်
၏။

တိုင်းပြည်အဝှမ်း ပြည်ထောင်ပေါင်းများစွာမှာ အစိ
အမွှာမွှာ ကွဲပြားလျက် ရှိနေသည်။

မြို့စားနယ်စားများသည်လည်းကောင်း၊ ပြည်နယ်
သည်လည်းကောင်း အုပ်ချုပ်သူကိုယ်စီဖြင့် သူတစ်လူ ငါတ
ရှိနေကြ၏။



အရပ်နယ်ပယ်ဒေသ ကွဲပြားသလို စီရင်အုပ်ချုပ်မှုမှာ
ည်း ကွဲပြားသည်။

အချို့သည် တရားမျှတစွာ အုပ်ချုပ်သလို အချို့သည်
ရားလက်လွှတ်ပြုကြသည်။

နယ်ခြားဒေသမှ မန်ချူးတို့သည် အစိတ်စိတ်အမွှာမွှာ ကွဲ
ားနေသော တရုတ်ပြည်မကြီးအား ကျူးကျော်တိုက်ခိုက်ရန် အခွင့်
ကောင်းကို စောင့်နေကြသည်။

ဤသည်မှာ လောကဓမ္မတာပင် ဖြစ်လေသည်။

နွားကွဲလျှင် ကျားဆွဲလိမ့်မည်။

အစိတ်စိတ် ကွဲပြားနေပါက ကျူးကျော်လိုသူများအတွက်
အခွင့်ကောင်းတစ်ရပ် ဖြစ်လာပေလိမ့်မည်။

ကောက်ကျင်းနယ်သည် အစိတ်စိတ်အမွှာမွှာ ကွဲနေသော
နယ်ကြီးတစ်ခု ဖြစ်ပေသည်။

သို့ရာတွင်...

ကောက်ကျင်းနယ်စားကြီးသည် ကိုယ်ကျင့်တရားနှင့် ပြည့်
စုံသည်။

တရားမျှတစွာ ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်
သည်ဟု ကျော်ကြားလျက် ရှိ၏။

သမားတော်ချာလုံ သက်ပြင်းချလိုက်သည်။

"ကျုပ်ရဲ့အသက်ကယ်ခြံဝင်းဟာ ကောက်ကျင်းနယ်နဲ့ မိုင်

ပေါင်းများစွာ ဝေးကွာလှပါတယ်၊ မိတ်ဆွေ ဘာကြောင့် ရောက်
ရသလဲဆိုတာ ပြောပါဦး"

ဟန်ကြီးက...

"ကျုပ်က ကောက်ကျင်းနယ်စားကြီး စေခိုင်းလို့ လာခဲ့တ

ချာလုံ ခေါင်းညိတ်ယင်း...

"ကောင်းပါပြီ၊ ဘာကိစ္စလဲဆိုတာ ပြောပါဦး"

ဟုမေးလိုက်သည်။

ဟန်ကြီးက...

"လူတစ်ယောက်ကို လာရှာတာ၊ အခုလောက် ပြောယ
ဘယ်သူ့ကို လာရှာတယ်ဆိုတာ သမားတော်ကြီး ရိပ်မိမှာပေါ့"

ဟုပြောလိုက်သည်။

ချာလုံ မျက်မှောင်ကုပ်သွားသည်။

သူက ခေါင်းယမ်းယင်းမှ...

"မိတ်ဆွေ ဘာတွေ ပြောနေတာလဲ၊ ကျုပ်နားမလည်
လား"

ဟုမေးလိုက်သည်။

"ဟား...ဟား...ဟား"

ဟန်ကြီး ရယ်မောလိုက်သည်။

အတော်လေးကြာမှ ရပ်တန့်ကာ...

"သမားတော်ကြီး တမင်တကာများ နားမလည်ချင်ယောင်



င်နေတာလား"

ချာလုံအား စိုက်ကြည့်ကာ မေးလိုက်၏။

ချာလုံ ခေါင်းတွင်တွင်ခါယမ်းကာ...

"မဟုတ်ဘူး၊ ကျုပ် တကယ် နားမလည်လို့ပါ"

ဟု ပြောလိုက်သည်။

ဟန်ကြီး၏မျက်နှာ တည်သွားသည်။

"ကောင်းပြီ၊ သမားတော်ကြီး မသိယင် ပြောပြရတော့မှာ
ပါ၊ ကျုပ်လာရှာတာ ကောက်ကျင်းနယ် သခင်မလေးပဲ"

လေးနက်စွာဖြင့် ပြောလာသည်။

ချာလုံ မျက်နှာကွက်ခနဲပျက်သွား၏။

သို့သော်...

ချက်ချင်းပင် ခြောက်ကပ်ကပ် ရယ်မောလိုက်ပြီး...

"မိတ်ဆွေ မှားနေပြီ၊ သခင်မလေး ဟုတ်လား၊ ကျုပ်လဲ
သိပါလား"

ဟုငြင်းဆိုလိုက်သည်။

ဟန်ကြီးက ချာလုံအား စေ့စေ့ကြည့်လာသည်။

သူ၏မျက်လုံးအစုံ စူးရှတောက်ပလာ၏။

"မလိမ်ချင်ပါနဲ့ဗျာ၊ ကောက်ကျင်းနယ် သခင်မလေးဟာ
သမားတော်ကြီးရဲ့ အသက်ကယ်ခြံဝင်းထဲ ရောက်နေတယ်လို့ ကျုပ်
သိရတယ်"

အခိုင်အမာ ပြောကြားလာ၏။

လူထွားကြီးရှောင်စန်း လှုပ်လှုပ်ရှားရှား ဖြစ်လာသ

သမားတော်ကြီးချာလုံ၏မျက်နှာလည်း တင်းမာသွ

သည်။

သူက စူးရှသော အကြည့်ဖြင့် ကြည့်ကာ...

"ကျုပ် မသိဘူး၊ ကျုပ်ရဲ့အသက်ကယ်ခြံဝင်းမှာ

သခင်မလေးမှ မရှိဘူး"

ခပ်ပြတ်ပြတ်ပြောလိုက်၏။

ဟန်ကြိုး မဲ့လိုက်သည်။

"သမားတော်ကြီး ပြောတိုင်း ကျုပ် မယုံနိုင်ဘူး၊

ကိုယ်တိုင် အဆောင်တိုင်းအဆောင်တိုင်း တစ်ခန်းဝင်တစ်ခန်း

လိုက်ရှာရလိမ့်မယ်၊ မတွေ့မှ ယုံနိုင်မယ်"

အမှုမထားဟန်ဖြင့် ပြောလာသော ဟန်ကြိုးအား ကြ

ယင်း သမားတော်ချာလုံ မခံမရပ်နိုင်အောင် ဖြစ်လာသည်။

"မင်းတော်တော်စော်ကားပါလား"

သူ၏လေသံ တင်းမာနေ၏။

ဟန်ကြိုးက ရယ်မောလိုက်ပြီး...

"ဟား...ဟား...ဟား၊ သခင်မလေး ဒီမှာ မရှိရိုးမှန်

လိုက်ရှာဖို့ ခွင့်ပြုနိုင်ရမှာပေါ့၊ ဘာမှ စိတ်ဆိုးစရာ မရှိပါဘူးဗျာ

ခပ်ပေါ့ပေါ့ပင် ပြောလိုက်၏။



ချာလုံ၏မျက်နှာ တင်းမာရာမှ ပြေလျော့သွားသည်။

သူက ဒေါသစိတ်ကို မျိုသိပ်လိုက်ပြီး...

"ဒီမှာ ဘယ်သူမှ မရှိဘူးလို့ ကျုပ်ပြောပြီးပြီပဲ၊ ခင်ဗျားက

ခြံဝင်းထဲကို ခွင့်မတောင်းဘဲ ဝင်လာတဲ့အတွက် ကျုပ်ကို စော်

ရောက်နေပြီ၊ ကောက်ကျင်းနယ်စားကြီး အနီးမှာ ခစားနေ

ဟာ လူတော်လူကောင်းတွေလို့ သတင်းကြားပါတယ်၊ ကျေး

ပြီး ကျုပ်ခြံဝင်းထဲက ထွက်သွားပါတော့ဗျာ"

ချိုသာစွာ ပြောယင်း နှင်ထုတ်လိုက်၏။

ဟန်ကြိုးက ခေါင်းမာစွာဖြင့် လက်မခံပါ။

သူက ခေါင်းခါယမ်းယင်း...

"ကျုပ်ကို နှင်ထုတ်လို့ မရဘူး၊ သခင်မလေး ရှိမရှိ ကျုပ်

ယ်တိုင် လိုက်ပြီး စစ်ဆေးကြည့်ရမှ ကျေနပ်နိုင်မယ်"

ဟုပြောလာသည်။

ရှောင်စန်း မနေနိုင်တော့ပါ။

"မင်းထွက်သွားမလား၊ မသွားဘူးလား"

ဒေါသတကြီးဖြင့် ဟန်ကြိုးအား ကြားဝင်အော်ငေါက်လိုက်

သည်။

ရှေ့သို့လည်း တိုးထွက်လာသည်။

ယခုတစ်ကြိမ်...

သမားတော်ချာလုံက ဟန့်တားခြင်း မပြုချေ။

ရှောင်စန်း တိုက်ခိုက်မည်ဆိုလျှင်လည်း လက်ပိုက်ကြည့်
မည့်ပုံ ရ၏။

ရှောင်စန်းသည် အသက်ကယ်ခြံဝင်း၌ နေသူ ဖြစ်ပေသ

သူ့အား ဝမ်းကျုံးစန်းက မသိပါ။

ထို့ကြောင့်...

မည်သူမည်ဝါ ဖြစ်ကြောင်း သိလိုစိတ်များ ဖြစ်ပေါ်လ
လေသည်။

သို့သော်...

သူ့အနေဖြင့် မေးမြန်းစုံစမ်းရန်ကား မဖြစ်နိုင်ချေ။

ထို့ကြောင့် အခြေအနေကိုသာ စောင့်ကြည့်နေလိုက်ရ

ထိုစဉ်...

ဟန်ကြုံးက မထီလေးစား လေသံဖြင့်...

"ကျုပ်ကို လက်ရှိ ကောက်ကျင်းနယ်စားကြီးက လွဲ
ဘယ်သူမှ အမိန့်ပေးလို့ မရဘူးဆိုတာ မှတ်ထားကြပါ"

ဟုပြောလာသည်။

ရှောင်စန်း ဒေါသခြောင်းခြောင်း ထွက်သွားသည်။

"လူယုတ်မာ သစ္စာဖောက်ရဲ့နောက်လိုက် ခွေးကောင် 
ပေတော့"

အော်ငေါက်ယင်း ခါး၌ ချိတ်ဆွဲထားသော ဓားကောက်အ
ဆွဲထုတ်လိုက်သည်။

တဆက်တည်းပင်...



ဓားကို ဝေ့ယမ်းကာ တရကြမ်း တိုက်ခိုက်လိုက်၏။

သူ၏ဓားချက်မှာ ပြင်းထန်လှသည်။

ဟန်ကြုံးက နောက်သို့ ခုန်ဆုတ်သွားသည်။

သို့သော်...

"ခွမ်း"

ချက်ချင်းပင် ကျောတွင် လွယ်ပိုးထားသော ဓားကို ထုတ်
ပြန်လည်ခုခံတိုက်ခိုက်လိုက်သည်။

"ထန်း..ထန်း"

သံ,သံချင်းထိသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

လရောင်အောက်တွင် ဓားရောင်များမှာလည်း ဖွေးလက်
သည်။

အသက်ကယ်ခြံဝင်းထဲ၌ မမျှော်လင့်ဘဲ တိုက်ပွဲတစ်ခု ဖြစ်
လာချေပြီတကား။

♠ ♠ ♠

## အသက်နှင့်သတင်း

လရောင်ဖြာကျနေသည်။

အေးမြသော လေများကလည်း တိုက်ခတ်လာသည်။

သမားတော်ချာလုံကား ရင်ထဲ မအေးမြနိုင်ပါ။

ပူပန်မှုတစ်ခုက ရင်ထဲ ဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။

ဟန်ကြိုး ရောက်လာချိန်မှ စတင် ဖြစ်ပေါ်ခဲ့ခြင်းပင်။

သမားတော်ချာလုံသည် စိတ်လှုပ်ရှားနေလျက် ရှိ၏။

ထိုအချိန်ဝယ်...

"ယား"

ရောင်စန်းနှင့် ဟန်ကြိုးတို့သည် ညာသံများပေးယင်း တ ယောက်နှင့်တစ်ယောက် အပြင်းအထန် တိုက်ခိုက်နေကြပြီ ဖြစ် သည်။



ရောင်စန်း၏ဓားခုတ်ချက်များသည် အားမာန်အပြည့်ပါပြီး န်လှသည်။

ခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် ပေါ့ပါးဖျတ်လတ်စွာ တိုက် လသည်။

ထို့အတူ...

ဟန်ကြိုးကလည်း မခေပါ။

ပြင်းထန်သော တိုက်ခိုက်မှုကို ခုခံယင်း တစ်ချက်တစ်ချက် င်စန်းကို နောက်ဆုတ်သွားအောင်ပင် ပြန်လည်တိုက်ခိုက်နိုင် ည်။

သူတို့နှစ်ယောက် တိုက်ခိုက်နေကြသည်ကို ကြည့်ရင်း နှစ် က်စလုံး သိုင်းပညာ မခေကြောင်း ဝမ်းကျိုးစန်း အကဲခတ်မိ သည်။

သမားတော်ချာလုံလည်း ပွဲကြည့်ပရိသတ်ပမာ ဘေးမှ ရပ် ည့်နေ၏။

ရောင်စန်းနှင့် ချာလုံတို့မှာ တစ်ယောက်ကိုတစ်ယောက် ပြန်အလှန် လေးစားမှု ရှိကြသဖြင့် ဆရာတပည့် မဟုတ်ဘဲ မိတ် များသာ ဖြစ်ကြောင်း ထင်ရှားသည်။

ဝမ်းကျိုးစန်း ကြည့်နေစဉ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါက်လာသည်။

နံဘေးမှ ရပ်ကြည့်နေသော ချာလုံက...

"ဆရာရှောင်စန်း အခြေအနေက ပိုဆိုးလာနိုင်တယ်၊ သူ့
ရှင်းပစ်လိုက်တာ အကောင်းဆုံးပဲ"

ပြောလိုက်သည်။

တဆက်တည်းပင်...

ရှေ့သို့ ရုတ်ခြည်းတိုးထွက်ကာ တိုက်ပွဲထဲသို့ ခုန်ဝင်လာ
ရှောင်စန်းနှင့် လက်တွဲ၍ ဟန်ကြီးအား တိုက်ခိုက်လိုက်လေသည်

သမားတော်ကြီးချာလုံ၏ သိုင်းပညာသည်လည်း
ပညာကဲ့သို့ ထက်မြက်နေသည်။

နှစ်ယောက်ပေါင်း တိုက်ခိုက်လိုက်သည်နှင့်...

"အား"

စူးရှသော အော်သံတစ်ချက် ထွက်ပေါ်လာသည်။

ဟန်ကြီးသည် နောက်ဆုတ်သွားရလေသည်။

သူ၏လက်တစ်ဘက်မှာ ရှောင်စန်း၏ဓားချက်ကြော
သွေးချင်းချင်း နီရဲသွားသည်။

ဟန်ကြီး ဒေါသထွက်ကာ...

"ပျောက်စေသမားတော်ချာလုံဟာ သိုင်းလောကမှာ ကြည်
ညိုလေးစားဖို့ ကောင်းတဲ့ ပုဂ္ဂိုလ်တစ်ဦးလို့ နာမည်ကြီးနေတာ
အခုမှ လူလိမ်လူညာတစ်ယောက်ဆိုတာ သိရတော့တယ်"

ဟန်ကြီး မကျေမနပ် ပြောလိုက်၏။

ချာလုံက အရေးမစိုက်ပါ။



မျက်နှာထားတင်းတင်းဖြင့်...

"ကျုပ် ဘယ်လိုလူစားမျိုးလဲဆိုတာ လူတိုင်း သိကြတယ်၊
က်သလို ပြောနိုင်တယ်၊ ကျုပ်ဂရုမစိုက်ဘူး"

ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ဟန်ကြီး အံတစ်ချက်ကြိတ်ကာ...

"ခင်ဗျားတို့ ကျုပ်ကို ဝိုင်းတိုက်ပုံထောက်ယင် သခင်မလေး
တယ်ဆိုတဲ့ သတင်းဟာ မှန်နေပြီ"

ဟုပြောလိုက်သည်။

ထိုစကားကြားလျှင် သမားတော်ချာလုံ ပြူးပြူးပျာပျာ ဖြစ်
လာသည်။

"ဆရာရှောင်စန်း၊ ခင်ဗျား ဘာလုပ်နေတာလဲ"

ရှောင်စန်းကို ပြစ်တင်စကားဆိုလိုက်သည်။

ရှောင်စန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ချက်ချင်းပင် ဓားကို ဝှေ့ယမ်းယင်း...

"သေပေတော့"

ကျယ်လောင်စွာ အော်ငေါက်ယင်း ဟန်ကြီးအား တိုက်ခိုက်
သည်။

ယခုတစ်ကြိမ်...

သူ၏တိုက်ခိုက်မှုသည် အလွန်ပြင်းထန်ကာ အသေသတ်
ဖြစ်ကြောင်း ထင်ရှားနေ၏။

ဟန်ကြီး မျက်နှာပျက်သွားသည်။

သူက ထိပ်တိုက်ရင်မဆိုင်ဝံ့ပါ။

ထို့ကြောင့်...

နောက်သို့ ကပျာကယာ ဆုတ်လိုက်ပြီး...

"ကောက်ကျင်းနယ် သခင်မလေးကို ဘယ်မှာ ဝှက်ထ
သလဲ ပြောစမ်း"

နှုတ်မှ အဆက်မပြတ် ပြောလာသည်။

သူ၏အမေးစကားကို ရောင်စန်းက လုံးဝအရေးမစိုက်
ချေ။

သူ၏မျက်နှာတစ်ခုလုံး ကြောက်မက်ဖွယ်ကောင်းအေ
ပင် တင်းမာခက်ထန်နေ၏။

ဟန်ကြီးအား အသေသတ်ရန် ဆုံးဖြတ်ထားပုံရလေသ
စကားတစ်လုံးမှ မပြောဘဲ တရကြမ်း တိုက်ခိုက်နေ၏

သမားတော်ချာလုံကလည်း ဟန်ကြီး လွတ်သွားမည်
စိုးရိမ်နေသည့်အလား ဟန်ကြီးအား ပြင်းထန်စွာ ဝိတ်ဆို့တိုက်ခို
လိုက်သည်။

နှစ်ယောက်ပေါင်း တိုက်ခိုက်မှု အဟုန်မှာ လွန်စွာပင် ပြ
ထန်နေ၏။

ဟန်ကြီးမှာ ကြာကြာမခုခံနိုင်ပါ။

နောက်သို့ ဆုတ်ပြီးယင်း ဆုတ်နေရသည်။



နောက်ဆုတ်နေရသည့်တိုင် အပြောကား လျော့မသွားပါ
။

"ခင်ဗျားတို့ လုပ်ရပ်ကို ကျုပ်သိပြီ၊ ခင်ဗျားတို့ဟာ ကောက်
ျင်းသခင်မလေးကို ဝှက်ထားကြတာပဲ၊ သခင်မလေးကို အပ်ပြီး
ယ်စားကြီးရှေ့မှာ ဒူးထောက်တောင်းပန်မှ ခင်ဗျားတို့ အပြစ်လွတ်
င်မယ်၊ နို့မဟုတ်ယင် ဆွေစဉ်မျိုးဆက် ဒုက္ခတွေ့လိမ့်မယ်"

ရောင်စန်းနှင့် ချာလုံတို့ မခံမရပ်နိုင်အောင် ဖြစ်လာကြ၏။

ဟန်ကြီး၏စကားသည် သူတို့၏ဒေါသအား ဆွပေးလိုက်
သကဲ့သို့ ဖြစ်နေ၏။

"မင်းပါးစပ်ပိတ်ထားစမ်း"

"သေပေတော့"

အော်ငေါက်ယင်း ဟန်ကြီးအား အလွတ်မပေးဘဲ တိုက်
ခိုက်လိုက်ကြသည်။

ဟန်ကြီး အခြေအနေ မဟန်မှန်း သဘောပေါက်လိုက်၏။

သူက ကြာကြာခုခံထားနိုင်တော့မည် မဟုတ်ပါ။

အကယ်၍...

ဤနေရာတွင် သခင်မလေး အမှန်တကယ် ရှိနေလျှင်လည်း
သူတစ်ယောက်တည်းသာ သိနိုင်ပေမည်။

ကောက်ကျင်းနယ်စားကြီးထံ သတင်း မရောက်စေရန် သူ့
အား နှုတ်ပိတ်ကြမည်မှာ မလွဲကေန်ပင် ဖြစ်သည်။

ဟန်ကြိုး အံတင်းတင်းကြိတ်လိုက်သည်။

"လက်စသတ်တော့ ကျုပ်ကို နှုတ်ပိတ်ဖို့ ကြိုးစား
ကိုး၊ ကျုပ်တစ်ယောက်တည်းလာပြီး စုံစမ်းတာ၊ ခင်ဗျာ
ကြောက်မယ်များ ထင်နေသလား၊ ကျုပ် ဒီက အချိန်မရွေး
သွားနိုင်တယ်ဆိုတာ နားလည်ထားစမ်းပါ"

ထိုစကားကြောင့် ချာလုံတို့ မျက်နှာပျက်သွားကြ

သမားတော်ချာလုံက စိတ်လှုပ်ရှားသော လေသံဖြ

"ဆရာရှောင်စန်း ကြားလား၊ သူတစ်ယောက်တည်း
တာ သူ့ကို ရှင်းပစ်ဖို့ အရေးကြီးဆုံးပဲ၊ နို့မို့ဆို လူယုတ်မာတွေ
ယောက်ပြီးတစ်ယောက် ရောက်လာကြဦးမှာပဲ"

ရှောင်စန်းအား ပြောလိုက်သည်။

"စိတ်ချ"

ရှောင်စန်း ဦးခေါင်းဆတ်ခနဲညိတ်ကာ ဓားကောက်ဖြ
ပိုင်းလိုက်၏။

ချာလုံကလည်း ပို၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်၏

နှစ်ယောက်သား ထွက်ပေါက်မရှိအောင် ပိတ်ဆို့တိုက်
လိုက်ကြခြင်းပင်။

ဟန်ကြိုး နောက်ဆုတ်နေသည့်ကြားမှပင်...

"အား"

နာကျင်စွာ အော်လိုက်မိသည်။



ရှောင်စန်း၏ဓားချက်သည် ပခုံးကို ထိသွားသည် မဟုတ်ပါ
သား။

ဟန်ကြိုး၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲသွား၏။
သူ၏မျက်နှာလည်း ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

ဤအတိုင်း ဆက်ပြီး တိုက်ခိုက်လျှင် နှုတ်ပိတ်ခံရဖို့က လွဲ
အခြား ဘာမှမရှိ။

ဟန်ကြိုး အံတစ်ချက် ကြိတ်လိုက်သည်။

"ခင်ဗျားတို့ ကြပ်ကြပ်သတိထားနေကြ"

သူက အော်ဟစ်ကြိမ်းမောင်းယင်း လက်ထဲမှ ဓားဖြင့်
ရှောင်စန်းအား ပစ်ပေါက်လိုက်သည်။

"ဟင်"

ရုတ်တရက်မို့ ရှောင်စန်း ထိတ်လန့်သွားသည်။

"ချွင်"

ကပျာကယာ ဓားဖြင့် ရိုက်ချပြီး ကာကွယ်လိုက်ရသည်။
ချာလုံလည်း နောက်ဆုတ်သွားရသည်။

ဤသည်ကပင် ဟန်ကြိုးအတွက် အကွက်ဆိုက်သွားလေ
သည်။

ယင်းတဒင်္ဂအချိန်ကို အခွင့်ကောင်းယူကာ ထွက်ပြေးသွား
လေသည်။

ဟန်ကြိုးသည် ဝမ်းကျုံးစန်း ပုန်းကွယ်နေသော ပန်းချုံ

အနီးမှ ဖြတ်ပြေးသွားခြင်း ဖြစ်သည်။

ရုတ်တရက် ဖြစ်၍ ဝမ်းကျုံးစန်း မည်သို့ ပြုလုပ်ရမ
မသိ ဖြစ်သွားသည်။

သို့သော်...

သမားတော်ချာလုံသည် မဟုတ်မမှန်သည့်ကိစ္စ ဖြ
မည် မဟုတ်ဟု ယုံကြည်ထားရာ ဟန်ကြီးအား ဟန့်တားရ
ဖြတ်လိုက်သည်။

သို့ဖြင့် သူသည် လက်ထဲတွင် ကိုင်ထားသော သစ်သ
ကလေးကို လက်တွင် ဆကြည့်လိုက်၏။

ထို့နောက်...

ဖြတ်ပြေးသွားသော ဟန်ကြီးထံသို့ လက်ညှိုးနှင့်
ခလယ် အသုံးပြုကာ ပစ်ပေါက်လိုက်သည်။

"ဝှစ်"

တူချောင်းကလေးသည် မြွားတစ်စင်းပမာ ဟန်ကြီ
နောက်ကျောသို့ ပစ်လွှင့်သွားသည်။

လေတိုးသံကြောင့် ဟန်ကြီး ရင်ထိတ်သွားသည်။

သူက ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။

သူကြိုးစားနေစဉ် တဒင်္ဂအတွင်း နောက်ကျော၌ ပြင်း
သော နာကျင်မှု ဝေဒနာ ပေါ်ပေါက်လာသည်ကို ခံစားလိုက်ရသ

အလွန်တရာ အသည်းခိုက်အောင် နာကျင်လွန်းသဖြ



"အား"

ဟန်ကြီး စူးရှစွာ အော်လိုက်၏။

ထို့နောက်...

"ဝုန်း"

မဟန်နိုင်ဘဲ မြေပေါ် လဲကျသွားလေသည်။

ဟန်ကြီး၏အော်သံကြောင့် ရှောင်စန်းနှင့် ချာလုံတို့ တစ်
ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

ဟန်ကြီး လွတ်သွားမည်ကို စိုးရိမ်ပြီး ခပ်သွက်သွက်က
လေး ပြေးလာကြသည်။

ချာလုံနှင့် ရှောင်စန်း ရောက်လာပါက ဆက်၍ ပုန်းကွယ်နေ
ရန် မဖြစ်နိုင်မှန်း ဝမ်းကျုံးစန်း ရိပ်မိလိုက်လေသည်။

ထို့ကြောင့်...

ပန်းရုံကွယ်မှ ဖယ်ခွာ၍ အခန်းဆီသို့ မှောင်ရိပ်ခိုကာ ပြန်
လာခဲ့လေသည်။

သူ့အခန်းသို့ ပြန်လာပြီး နောက်ပိုင်း မည်သို့မည်ပုံ ဖြစ်
ဖျက်သည်ကို လုံးဝမသိတော့ချေ။

သူသိခဲ့လျှင် အံ့ဩမည် ဖြစ်သည်။

အကြောင်းကား...

ဟန်ကြီးသည် သေလောက်သည့် ဒဏ်ရာ ရရှိထားသော်
လည်း မြေပေါ်မှ လူးလိမ့်ထကာ ဒယီးဒယိုင်ဖြင့် ထွက်ပြေးသွားနိုင်

အ...င် ဖြစ်ပါသည်။

ရှောင်စန်းနှင့် သမားတော်ချာလုံတို့ လိုက်ရှာကြ...

လည်း မတွေ့ခဲ့ချေ။

ဟန်ကြိုးတစ်ယောက်ကား လွတ်မြောက်သွားခဲ့လေ...

သည်။



## ထူဆန်းသောမိန်းကလေး

မိုးစင်စင် လင်းလာပြီ ဖြစ်သည်။

ဝမ်းကျိုးစန်း ခုတင်ပေါ်မှ လူးလိမ့်ထလိုက်သည်။

"ဝါး"

သူက အပျင်းဆန့်သမ်းဝေကာ အခန်းအပြင် ထွက်လာခဲ့လေသည်။

မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးသည်နှင့် နေရောင်ကို မျက်နှာမူကာ အသက်ဝဝ ရှူရှိုက်လိုက်လေသည်။

ယင်းသို့ ရှူရှိုက်လိုက်ယင်း ပန်းဥယျာဉ်မှ ရောင်စုံပန်းကလေးများ ပွင့်နေသည်ကို တွေ့မြင်သတိပြုမိလိုက်လေသည်။

သူသည် ပန်းကလေးများကို စိတ်မဝင်စားပါ။

ပန်းဥယျာဉ်နှင့် မလှမ်းမကမ်းတွင် ဟန်ကြိုး လဲကျခဲ့
ကို ဖျတ်ခနဲ သတိရလာသောကြောင့် ဖြစ်သည်။

ဝမ်းကျုံးစန်း၏မျက်လုံးများသည် ဟန်ကြိုး လဲကျခဲ့
နေရာသို့ ရောက်ရှိသွား၏။

သူ၏ခေါင်းထဲသို့ အတွေးများစွာလည်း ဝင်ရောက်လာ
သည်။

သခင်မလေးဆိုသူမှာ မည်သူနည်း။

သမားတော်ချာလုံနှင့် မည်သို့မည်ပုံ ပတ်သက်
သနည်း။

အသက်ကယ်ခြံဝင်းတွင် လှို့ဝှက်ချက် တစ်ခုခု ရှိရမည်
ဝမ်းကျုံးစန်း ယုံကြည်လာသည်။

သူတွေးတောနေစဉ် အရိပ်မည်းမည်းတစ်ခု သူ့ထံသို့
သန်းလာသည်ကို မြင်လိုက်ရလေသည်။

ဝမ်းကျုံးစန်း ငေးမောကြည့်နေစဉ် သူ၏အနီးသို့ ရော
မှန်းမသိ ရောက်လာ၏။

သေသေချာချာ ကြည့်လိုက်မှ ဆင်လိပ်ပြာကြီးတစ်ကော
ဖြစ်ကြောင်း သိလိုက်ရသည်။

အရောင်အသွေး စုံလင်ကာ လွန်စွာ လှပသော ဆင်
ပြာကြီး ဖြစ်၏။

ယင်းဆင်လိပ်ပြာကြီးသည် ဝမ်းကျုံးစန်း၏အခန်း တံ



နားလိုက်သည်။

လက်ရဖမ်းယူလိုသော ဆန္ဒများ ရင်ထဲ ဖြစ်ပေါ်လာလေ
သည်။

ကြီးမားပြီး လှပသော ဆင်လိပ်ပြာကြီးတစ်ကောင်ကို မည်
အလိုမရှိဘဲ နေမည်နည်း။

ဝမ်းကျုံးစန်းက ဖမ်းရန် ကြံရွယ်လိုက်သည်။

ထိုစဉ်...

"ဟင် ဘယ်ရောက်သွားပြီလဲ"

ချိုလွင်သာယာသော စကားသံလေးတစ်ချက် ထွက်ပေါ်
သည်ကို ကြားလိုက်ရ၏။

ဝမ်းကျုံးစန်း အံ့ဩသွားသည်။

အသက်ကယ်ခြံဝင်းသို့ သူရောက်လာခဲ့သည်မှာ တစ်လနီး
ရှိခဲ့ပြီ ဖြစ်သည်။

ထိုအသံမျိုး တစ်ခါမျှ မကြားဖူးချေ။

ဝမ်းကျုံးစန်း ကြည့်လိုက်သောအခါ မိန်းကလေးတစ်ဦး
ပြေးလာနေသည်ကို တွေ့မြင်ရ၏။

"ဟာ"

ဝမ်းကျုံးစန်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူ့ကိုယ်သူ အိပ်မက်မက်နေသည်ဟု ထင်မှတ်ခံစားလိုက်
သည်။

အကြောင်းကား...

သူတွေ့မြင်လိုက်ရသော မိန်းကလေးမှာ နတ်မိမယ်တမျှ ချောမော လှပနေခြင်းကြောင့် ဖြစ်လေသည်။

သူ၏တစ်သက်တာတွင် ဤမျှ ချောမောလှပသော မိန်းကလေးမျိုး မတွေ့ခဲ့ဖူးချေ။

သူ၏ချစ်သူ လှိုင်ကျူးသည်ပင်လျှင် ထိုမိန်းကလေးနှင့် ယှဉ် လိုက်ပါက လဝန်းကြီး နံဘေးမှ ကြယ်ပွင့်ကလေးပမာသာ ဖြစ်နေ လိမ့်မည်။

ဝမ်းကျိုးစန်းမှာ တအံ့တဩဖြင့် ကြက်သေသေကာ ငေး ကြည့်နေမိသည်။

ထိုစဉ်...

မိန်းကလေးမှာ သူ၏အနီးသို့ ရောက်ရှိလာသည်။

မိန်းကလေးသည် အဖြူရောင်အဝတ်အစားများ ဝတ်ဆင် ထားသည်။

အဝတ်အစားများသည် လွန်စွာ တန်ဖိုးကြီးပြီး ချမ်းသာ ကြွယ်ဝသူများသာ ဝတ်ဆင်နိုင်သည့် အဝတ်အစားမျိုး ဖြစ်၏။

"ဟင်"

မိန်းကလေးသည် မမျှော်လင့်ဘဲ ဝမ်းကျိုးစန်းကို တွေ့ လိုက်ရသဖြင့် အံ့ဩသွားပုံရသည်။

ဝမ်းကျိုးစန်းကိုတစ်လှည့်၊ တံခါးဝတွင် နားနေသော ဆင်



ပြာကြီးကိုတစ်လှည့် ငေးကြောင်ကြောင် ကြည့်နေမိလေသည်။

သူမသည် ဆင်လိပ်ပြာကြီးကို လိုက်ဖမ်းယင်း ဤနေရာသို့ က်လာခြင်း ဖြစ်ကြောင်း ဝမ်းကျိုးစန်း နားလည်သဘောပေါက် သည်။

မိန်းကလေးက ဝမ်းကျိုးစန်းအား ခြေဆုံးခေါင်းဆုံး အကဲ ကြည့်ကာ...

"ရှင် ကျွန်မကို လိပ်ပြာဖမ်းပေးနိုင်မလားဟင်"

သူမ၏အသံသည် ချိုလွင်သာယာပြီး နားသောတအာရုံ၌ ်းလည်းသံနှယ် စိတ်အာရုံကို ချမ်းမြေကြည်နူးစေလေသည်။

ဝမ်းကျိုးစန်းသည် စိတ်ညှို့ခံလိုက်ရသူတစ်ယောက်ပမာ...

"ရပါတယ်၊ ကျုပ်ဖမ်းပေးပါ့မယ်"

ခေါင်းညိတ်အဖြေပေးလိုက်မိသည်။

တဆက်တည်းပင်...

ယင်းဆင်လိပ်ပြာကြီးကို ဖမ်းရန် ဟန်ပြင်လိုက်၏။

ထိုအချိန်တွင် ဆင်လိပ်ပြာကြီးသည် အဝေးသို့ ပျံသန်းသွား သည်။

ဝမ်းကျိုးစန်းလည်း လိပ်ပြာကြီး လွတ်သွားမည်ကို စိုးရိမ် ကိုယ်ဖော့ပညာ အသုံးပြုကာ ခုန်တက်ဖမ်းယူလိုက်ရ၏။

မိန်းကလေး၏မျက်လုံးထဲတွင် ဝမ်းကျိုးစန်း၏လှုပ်ရှားမှု ငှက်တစ်ကောင်အလား ပေါ့ပါးဖျတ်လတ်နေပြီး လွန်စွာ ကြည့်

ကောင်းနေပေသည်။

ဆင်လိပ်ပြာကြီးသည်လည်း ပြေးမလွတ်ဘဲ အဖမ်းခံ
ရလေသည်။

ဝမ်းကျုံးစန်း၏လက်ထဲတွင် အတောင်တဖျတ်ဖျတ်
ကာ ရုန်းကန်နေလေသည်။

မိန်းကလေးက လိပ်ပြာကြီးကို ကြည့်ယင်း...

"လွှတ်လိုက်...လွှတ်လိုက်၊ တော်ကြာ အရောင်တွေ ပျ
ကုန်လိမ့်မယ်"

ကပျာကယာ ပြောလာ၏။

မှန်ပေသည်။

လိပ်ပြာကို လက်နှင့်ကိုင်ပါက လိပ်ပြာအတောင်မှ အ
အမှုန်မှုန်ကလေးများ ပျက်ပြယ်ကာ အလှပျက်တတ်လေသ

ဝမ်းကျုံးစန်းကလည်း မိန်းကလေး၏သတိပေးသံကြေ
ယောင်ယမ်း၍ လွှတ်လိုက်လေသည်။

ဆင်လိပ်ပြာကြီးသည် အနှောင်အဖွဲ့မှ လွတ်သည်နှင့်
ရာ ပျံသန်းသွား၏။

မိန်းကလေးသည် လိပ်ပြာကြီးကို နှမြောတသစွာ
ကြည့်နေလေသည်။

ဝမ်းကျုံးစန်း သက်ပြင်းချကာ...

"ဒီတစ်ခါ ပြန်ဖမ်းဖို့ မလွယ်တော့ဘူးဗျ"



ဟုပြောလိုက်သည်။

မိန်းကလေးက သူ့အား ပြန်လှည့်ကြည့်လိုက်ပြီး...

"ရှင်က ဘယ်သူလဲဟင်"

ဝမ်းကျုံးစန်းက...

"ကျုပ်က ဧည့်သည်ပါ"

မိန်းကလေးက...

"သြော် ရှင်က သမားတော်ကြီးချာ့လုံရဲ့မိတ်ဆွေ ဖြစ်နေ
ကိုး"

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

မိန်းကလေးက ခစ်ခနဲ ရယ်မောယင်း...

"ကျွန်မကတော့ သမားတော်ကြီးချာလုံရဲ့မိတ်ဆွေ မဟုတ်
ရှင်"

ဟု ပြောလာသည်။

"ဗျာ"

မိန်းကလေး၏ထူးခြားသော စကားကြောင့် ဝမ်းကျုံးစန်း
သွားသည်။

မိန်းကလေးက သူ့အား အကဲခတ်ကြည့်ယင်း...

"ဒါနဲ့ ရှင့်နာမည်က ဘယ်သူလဲ"

ဟုမေးလာသည်။

ဝမ်းကျုံးစန်းက တစ်ချက် ... ...

"ကျုပ်နာမည်ဝမ်းကျုံးစန်းပါ"

မိန်းကလေးက...

"ဝမ်းကျုံးစန်း ဟုတ်လား"

"ဟုတ်ပါတယ်"

မိန်းကလေးက အသာပြုံးယင်း...

"ကျွန်မနာမည် 'တန့်လျှံယု'လို့ ခေါ်ပါတယ်"

"တန့်လျှံယု"

ဝမ်းကျုံးစန်း စိတ်ထဲမှ တီးတိုးရေရွတ်လိုက်မိသည်။

'တန့်လျှံယု'ဟူသောအမည်သည် ဝမ်းကျုံးစန်း၏နှလုံး၌ ချက်ချင်းပင် စွဲထင်သွား၏။

ဘယ်သောအခါမှ မေ့တော့မည် မဟုတ်ပေ။

တန့်လျှံယုက လှပစွာ ပြုံးလိုက်ပြီး...

"ရှင်က ငှက်တွေလိုပဲ ပျံတတ်တယ်နော်"

ဟုပြောလာ၏။

"ဗျာ"

သူမ၏စကားကြောင့် ဝမ်းကျုံးစန်း ကြောင်အမ်းအမ်း သွားလေသည်။

တန့်လျှံယု၏စကားများက သူ့အတွက် ဆန်းနေ ကြောင့် ဖြစ်သည်။



တန့်လျှံယုက...

"စောစောက ရှင် လိပ်ပြာဖမ်းယင်း အပေါ်ကို ပျံတက် လေ"

ဟုပြောလာသည်။

ထိုအခါမှ ဝမ်းကျုံးစန်း သဘောပေါက်သွား၏။

သူက ပြုံးစေ့စေ့ ဖြစ်သွားပြီး...

"ဪ ဒါလား ကျုပ်က ကိုယ်ဖော့ပညာ အသုံးပြုလိုက် "

တန့်လျှံယု မျက်လုံးလေးဝိုင်းသွားကာ...

"ကိုယ်ဖော့ပညာ ဟုတ်လား"

ဝမ်းကျုံးစန်းက...

"ဟုတ်တယ်"

တန့်လျှံယုက...

"ကိုယ်ဖော့ပညာဆိုတာ ဘာလဲဟင်"

ဟုမေးလာပြန်သည်။

ဝမ်းကျုံးစန်း ခေါင်းရှုပ်သွား၏။

တန့်လျှံယု သိုင်းပညာ လုံးဝတတ်ကျွမ်းနားလည်ခြင်း မရှိ ဘဲ တမင်သက်သက် ဟန်ဆောင်မေးနေခြင်းလော။

သို့သော်...

တန့်လျှံယု ပုံသဏ္ဍာန်မှာ လုံးဝအပြစ်ကင်းစင်သည့်

ကလေးတစ်ယောက်အသွင် ရှိပြီး လိမ်ညာပြောဆိုမည့်ပုံ မ

တန့်လှျံယုအား တစ်ချက် အကဲခတ်ကြည့်ကာ...

"ညီမ တကယ် မသိဘူးလား"

ဟုမေးလိုက်သည်။

တန့်လှျံယု မျက်မှောင်ကုပ်ကာ...

"ကျွန်မက ဘာကို သိရမှာလဲ"

ဝမ်းကျိုးစန်းက...

"ကိုယ်ဖော့ပညာဆိုတာလေ"

တန့်လှျံယု ရယ်မောလိုက်သည်။

"ကျွန်မ၊ ရှင်ပြောမှပဲ ကြားဖူးတော့တယ်"

ဝမ်းကျိုးစန်း သက်ပြင်းချကာ...

"အင်း ကိုယ်ဖော့ပညာဆိုတာ အတွင်းအားကို အ
ပညာရပ်တစ်ခုပဲ၊ အတွင်းအားကောင်းတဲ့အခါ မိမိကိုယ်ကို ထိ
နိုင်စွမ်း ရှိလာတယ်၊ အတွင်းအားကို လိုအပ်သလို နေရာတကျ
ပြုပြီး ခန္ဓာကိုယ်ပေါ့ပါးအောင် ပြုလုပ်နိုင်တယ်၊ ကိုယ်
အပေါ်ကို ခုန်တက်နိုင်တယ်၊ အဝေးကို ပြေးနိုင်တယ်၊ ကိုယ်
အပေါ်ကို ခုန်တက်နိုင်ပြီး အမောခံနိုင်တယ်ပေါ့"

ဝမ်းကျိုးစန်းက ကိုယ်ဖော့ပညာအကြောင်း ရှင်းပြ
လေသည်။

တန့်လှျံယု မျက်မှောင်ကုပ်ကာ...



"အတွင်းအားဆိုတာ ဘာလဲဟင်"

ဟုမေးလိုက်သည်။

ဝမ်းကျိုးစန်း အကြပ်ရိုက်သွား၏။

အတွင်းအားနှင့် ပတ်သက်၍မူ တန့်လှျံယု နားလည်အောင်
နိုင်မည် မဟုတ်ကြောင်း တွေးမိလာသည်။

ခေါင်းတစ်ချက်ကုပ်ကာ...

"ညီမနားလည်အောင် ကျုပ် ဘယ်လိုရှင်းပြရမလဲ"

သူ၏စကား ကြားသည့်အခါ တန့်လှျံယုက...

"ရှင်...ရှင်းမပြနိုင်ဘူးပေါ့"

ဟုမေးလိုက်သည်။

ဝမ်းကျိုးစန်းက...

"ဟုတ်တယ်"

တန့်လှျံယုက...

"မရဘူး၊ ကျွန်မနားလည်အောင် ရှင်းပြရမယ်"

ကလေးငယ်တစ်ယောက်ပမာ မြေပေါ်ခြေဆောင့်ကာ
မ်းစူ၍ ပြောလေသည်။

ဝမ်းကျိုးစန်းက...

"ကျုပ်ရှင်းပြချင်ပါတယ်၊ ဒါပေမယ့် ကျုပ်ပြောတာကို ညီမ
လည်ဖို့ မလွယ်ဘူး"

တန့်လှျံယုက...

"ဘာဖြစ်လို့ နားမလည်ရမှာလဲ"

ဝမ်းကျိုးစန်းက တစ်ချက်စဉ်းစားယင်း…

"တစ်ခုကို ရှင်းပြယင်၊ အဲဒီထဲက ညီမနားမလ
အဓိပ္ပါယ်တစ်ခု ထပ်ပါလာမှာပဲ၊ ထပ်ကာထပ်ကာ ရှင်းပြရယ
သဘောပေါက်မှာ မဟုတ်တော့ဘူး၊ အကုန်လုံး ပတ်ချာလည်
ပြီး ရှုပ်ကုန်မှာမို့ပါ"

တန့်လျှံယု ခေါင်းတွင်တွင်ခါယမ်းယင်း…

"မရဘူး၊ ရှင်းပြ"

အပူကပ်လာ၏။

ဝမ်းကျိုးစန်း မည်သို့ လုပ်ရမှန်းမသိ ဖြစ်သွားသည်
မိန်းကလေးအား အဘယ်ကြောင့် စိတ်လိုလက်ရ ရှင်
မိသည်ကိုလည်း တွေးမရချေ။

သို့ရာတွင်…

ယခုကဲ့သို့ အထီးကျန်ဘဝတွင် စကားပြောဖော် ရလာ
အတွက် စိတ်ရွှင်ပျမိသည်။

တန့်လျှံယုသည်လည်း သူနှင့် စကားပြောဆိုနေရသ
နှစ်ခြိုက်ပုံရကြောင်း အကဲခတ်မိသည်။

ထိုစဉ်…

စကားသံတစ်ချက် ထွက်ပေါ်လာသည်။

ထိုစကားသံက ဝမ်းကျိုးစန်း၏အခက်အခဲကို ကြားမှ



တင်လိုက်သလို ဖြစ်သွားပါသည်။

ခြင်္သေ့တစ်ကောင်ပမာ ကျယ်လောင်သော စကားသံသည်
တရက် ထွက်ပေါ်လာသည်။

"သခင်မလေး…သခင်မလေး"

အသံက ခြင်္သေ့ဟိန်းဟောက်သံလို ခပ်သြသြနှင့် ဝမ်းခေါင်း
သည်။

အသံသည် တဖြည်းဖြည်း နီးကပ်လာ၏။

မကြာပါချေ။

လူတစ်ယောက် မြင်းကွင်းထဲသို့ ရောက်ရှိလာလေသည်။

ရောက်လာသူမှာ ခန္ဓာကိုယ်ထွားကြိုင်းသန်မာပြီး ချိုင်း
တ်အင်္ကျီဝတ်ဆင်ထားသည်။

မြင်းရုံဖြင့်ပင် ဆရာရှောင်စန်း ဖြစ်ကြောင်း ဝမ်းကျိုးစန်း
လိုက်လေသည်။

ရှောင်စန်းက တန့်လျှံယုကို တွေ့တွေ့ချင်း အပြစ်တင်သော
သံဖြင့် ပြောလိုက်သည်။

"သခင်မလေး ဘယ်တွေ လျှောက်သွားနေတာလဲ၊ ကျုပ်
က်ရှာတာ မောပြီ၊ နေရာလဲ နှံ့နေပြီ"

တန့်လျှံယုက မကျေမနပ် ဖြစ်သွားသည်။

နှုတ်ခမ်းစူကာ ရှောင်စန်းအား ရန်တွေ့လိုက်၏။

"ဦးလေးရှောင်က လူတွေ့တာနဲ့ အပြစ်ဆိုဖို့ပဲ ကြည့်နေတာ

ပဲ၊ ကျွန်မတစ်သက်လုံး ဒီလိုပဲ နေသွားရမှာလား၊ လွတ်လွတ်
လပ် လျှောက်မသွားရတော့ဘူးလား”

ရောင်စန်းက ဝမ်းကျုံးစန်းကို တစ်ချက်ကြည့်လိုက်သ

ထို့နောက်...

တန့်လျှံယုဘက်သို့ ပြန်လှည့်လိုက်သည်။

သူ၏မျက်နှာသည် ချိုသာပျော့ပျောင်းနေ၏။

“ကျုပ်က သခင်မလေး တစ်ခုခု ဖြစ်သွားမှာ စိုးရိမ်
အခုလဲ ဆေးသောက်ချိန် ရောက်ပြီ၊ သခင်မလေးကို မတွေ့
အထိန်းတော်ကြီးကူးလဲ စိတ်ပူနေတယ်”

တန့်လျှံယု မကျေမနပ် ဖြစ်သွားသည်။

“အို အထိန်းတော်ကြီးကူးကလဲ နေရာတကာ စိတ်ပူ
တာပဲ၊ ဦးလေးရောင်နဲ့ မထူးပါဘူး”

ရောင်စန်းက...

“ကဲ လာပါ၊ ပြန်ကြရအောင်”

အသာအယာ ချော့ခေါ်လိုက်၏။

တန့်လျှံယု ခေါင်းယမ်းကာ...

“ကျွန်မ မပြန်ချင်သေးဘူး၊ ဒီမှာ စကားပြောကောင်
တယ်”

ပြောပြောဆိုဆို ဝမ်းကျုံးစန်းကို ကြည့်ယင်း ရှုပ်သွား
သည်။



ရောင်စန်း၏မျက်လုံးအစုံက ဝမ်းကျုံးစန်းထံ ရောက်ရှိလာ

“မင်း ဘယ်သူလဲ”

ခက်ထန်သော လေသံဖြင့် လှမ်းမေးလိုက်သည်။

သူက မောက်မောက်မာမာ ဆက်ဆံလာသည့်အတွက်
းပြောလိုစိတ် မရှိချေ။

ထို့ကြောင့်...

အရေးမစိုက်ဘဲ တစ်ဘက်သို့ မျက်နှာလှည့်ထားလိုက်လေ
၏။ ရောင်စန်း ဒေါပွသွားသည်။

“ဟေ့ မေးနေတာ မကြားဘူးလား”

ရောင်စန်းက ထပ်မံအော်ငေါက်လိုက်လေသည်။

ဝမ်းကျုံးစန်းက တန့်လျှံယုကို ကြည့်ကာ...

“ညီမ သူက ဘယ်သူလဲဟင်”

ဟုမေးလိုက်သည်။

တန့်လျှံယု ပြုံးလိုက်သည်။

“သူက ဦးလေးရောင်စန်းလို့ ခေါ်တယ်၊ ကျွန်မကို စောင့်
က်ဖို့ ဖေဖေက ထည့်ပေးလိုက်တာလေ”

တန့်လျှံယု၏ဖခင် မည်သူမည်ဝါ ဖြစ်ကြောင်း သိချင်စိတ်
လာသည်။

သို့သော်...

ဆေးကုခံယူလိုလျှင် အခြားသူများနှင့် မပတ်သက်ရပ
လုံ တားမြစ်ထားသည်ကို သတိရလာသဖြင့် မမေးဖြစ်တော့

တန့်လျှံယုက...

"ကျွန်မက မြောက်ဘက်အဆောင်မှာ နေတယ်လေ
လာလည်ပါလားဟင်"

ဟုပြောလာသည်။

ဝမ်းကျုံးစန်း မျက်လုံးပြူးသွားသည်။

"ကျုပ်.."

သူ၏စကားမဆုံးမီမှာပင် ရှောင်စန်း၏စကားသံ ထွက်
လာလေသည်။

"သခင်မလေး ဆေးသောက်ဖို့ အချိန်ရောက်ပြီ၊ ပြန်ကြ
ကောင်းလိမ့်မယ်"

"ကျွန်မ"

တန့်လျှံယုက စောဒကတက်ရန် ဟန်ပြင်သည်။

ရှောင်စန်းက...

"သခင်မလေးကို အချိန်ကျလို့ ဆေးမတိုက်ယင် သခင်
က ကျုပ်ကို အပြစ်ပေးလိမ့်မယ်၊ ကျုပ်ကို ငဲ့ညှာပါဦး"

ရှောင်စန်း လေသံက သနားဖို့ပင် ကောင်းနေသေးသ

တန့်လျှံယု သက်ပြင်းချလိုက်ပြီး...

"ဦးလေးရှောင်က ဒီအတိုင်း ပြောနေတာပဲ"



ရှောင်စန်းက...

"ကျုပ် တကယ် ပြောနေတာပါ"

တန့်လျှံယု စိတ်လျှော့လိုက်ဟန်ဖြင့်...

"ကဲပါလေ၊ ကျွန်မပြန်ပါတော့မယ်"

ရှောင်စန်း ဝမ်းသာသွားသည်။

တန့်လျှံယုက ဝမ်းကျုံးစန်းအား ပြုံးပြလိုက်ပြီး...

"ရှင် ကျွန်မဆီ လာလည်မယ် မဟုတ်လားဟင်"

ဟုမေးလိုက်သည်။ ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်လာလည်ပါ့မယ်"

တန့်လျှံယု ကျေနပ်သွား၏။

"ဒါဖြင့် ကျွန်မသွားမယ်"

"ကောင်းပါပြီ"

တန့်လျှံယု ပြေးထွက်သွားသည်။

ရှောင်စန်းက ဝမ်းကျုံးစန်းအား မကျေမနပ် တစ်ချက်ကြည့်
က်သည်။ ထို့နောက်...

စကားတစ်ခွန်းမျှ မပြောဘဲ တန့်လျှံယု နောက်သို့ လိုက်
ားသည်။

သူတို့နှစ်ယောက် ပျောက်ကွယ်သွားသည်အထိ ဝမ်းကျုံး
းက ငေးကြည့်ယင်း ကျန်ရစ်ခဲ့လေတော့သည်။

♠ ♠ ♠

## အရှုပ်အထွေးနှင့်ရောဂါ

နေ့တာရှည်လျားလှသည်ဟု ဝမ်းကျုံးစန်း ထင်မိ
သည်။

ဆေးကုရန် အသက်ကယ်ခြံဝင်းသို့ ရောက်လာခဲ့စဉ်က
ရိကာ မနေတတ် မထိုင်တတ် ဖြစ်ခဲ့ရသည်။

ယခုမူ...

စဉ်းစားစရာများဖြင့် ပြည့်နှက်နေ၍ ပျင်းဖို့ပင် မေ့
ဖြစ်သည်။

တန့်လျှံယုသည် မည်သူမည်ဝါနည်း။

အဘယ်ကြောင့် အသက်ကယ်ခြံဝင်းသို့ ရောက်ရှိ
သနည်း။



သူမ၏ဖခင်သည် မည်သူနည်း။

ရောင်စန်းနှင့် အထိန်းတော်ကြီးကူး၊ ပြဿနာလာရှာသော
ကြီးတို့သည် မည်သို့ ပတ်သက်နေသနည်း။

မည်ကဲ့သို့သော လူစားမျိုး ဖြစ်ကြသနည်း။

အားလုံးသည် သူ့အတွက် ပဟေဠိဆန်လှပေသည်။

အသက်ကယ်ခြံဝင်းထဲတွင် လျှို့ဝှက်ချက်တစ်ခုခု ရှိနေမည်
သေချာလှတော့သည်။

ပြောစကားများအရ တန့်လျှံယုံသည် အသက်ကယ်ခြံဝင်း
ဆေးကုရန် ရောက်လာပုံရသည်။

တန့်လျှံယုံ၏ဖခင်သည် အရေးပါ အရာရောက်သောသူ
ပုံရလေသည်။

ဟန်ကြိုးအား ရောင်စန်းနှင့် သမားတော်ချာလုံတို့က နှုတ်
ရန် ကြိုးစားခြင်း၊ ဟန်ကြိုး၏စကားများကို စဉ်းစားခြင်းဖြင့်
က်ကျင်းနယ်သခင်မလေးမှာ တန့်လျှံယု ဖြစ်နေမည်လောဟု
စရာ ရှိလာ၏။

သို့သော်...

တန့်လျှံယု၏ပုံသဏ္ဍာန်မှာ သခင်မလေးတစ်ဦးနှင့် မတူပါ

အပြစ်ကင်းစင်သော ကလေးငယ်တစ်ယောက် အသွင်သာ

မာန်မာနခက်ထန်ခြင်း၊ ကိန်းခန်းကြီးခြင်း မရှိချေ။

စကားပြောပုံမှာလည်း ပွင့်လင်းရိုးသားလှ၏။

အတွေးများသည် ဝမ်းကျိုးစန်း၏ဦးခေါင်းထဲ ချာချာလ

နေတော့သည်။

နေ့လည်ပိုင်း ရောက်သည့်တိုင် တရေးတမော အိပ်လို

မရှိတော့ချေ။

ပြတင်းပေါက်အနီးတွင် ထိုင်ကာ အပြင်သို့ ငေးမောကြ

နေမိသည်။

ထိုအခါ...

ပန်းခြံကို ဖြတ်၍ မြောက်ဘက်အဆောင်သို့ ချာလ

တပည့်လူငယ်လေးများ သုတ်သီးသုတ်ပြာ သွားနေသည်ကို

လိုက်ရလေသည်။

သွားလိုက်၊ လာလိုက်၊ ချိုင့်များ ဆွဲသွားလိုက်၊ ရေဇလုံ

ယူသွားလိုက်ဖြင့် ရှုပ်ယှက်ခတ်နေ၏။

တခဏအကြာတွင် စိုးရိမ်ပူပန်သော မျက်နှာထား

သုတ်သီးသုတ်ပြာ သွားနေသော သမားတော်ကြီးချာလုံကို

လိုက်ရလေသည်။

ဝမ်းကျိုးစန်း မျက်မှောင်ကုတ်သွားသည်။

တစ်စုံတစ်ခု အရေးကြီးသောကိစ္စ ပေါ်ပေါက်နေပြီ ဖြ

ကြောင်း ဝမ်းကျိုးစန်း ရိပ်မိလိုက်သည်။



မည်သည့်ကိစ္စ ဖြစ်ကြောင်း သိလိုစိတ်များလည်း ရင်ထဲ၌

ါလာခဲ့သည်။

ချက်ချင်းပင် အဝတ်အစားများကို သပ်သပ်ရပ်ရပ် ဖြစ်

ဝတ်ဆင်လိုက်သည်။

ထို့နောက်...

တံခါးကို ဖွင့်ကာ အပြင်သို့ ထွက်လာခဲ့သည်။

နေ့လည်ပိုင်းအချိန် ဖြစ်ရာ ညတုန်းကလို ပုန်းလျှိုးကွယ်

သွားရန် မလွယ်ချေ။

ကံကောင်းသည်မှာ အသက်ကယ်ခြံဝင်းမှ လူများသည်

တစ်ခုသော ကိစ္စကြောင့် အလုပ်ရှုပ်နေကြသဖြင့် သူ့ကို သတိ

ကြမည် မဟုတ်ခြင်းပင် ဖြစ်၏။

ဝမ်းကျိုးစန်းသည် ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်

သွက်သွက်ကလေး ပြေးသွားသည်။

မကြာပါချေ။

မြောက်ဘက်အဆောက်အဦးသို့ ရောက်သွားသည်။

မြောက်ဘက်အဆောင်တွင် အစောင့်အကြပ်ဟူ၍ မရှိချေ။

ဝမ်းကျိုးစန်းသည် အဆောင်ကို ဖြတ်ကာ လျှောက်သွား

အကဲခတ်ကြည့်ယင်း လူရှုပ်နေသည့် အခန်းတစ်ခုကို သတိ

လိုက်သည်။

ဝမ်းကျုံးစန်းက အဆောင်ကို ပတ်ကာ သစ်ပင်ကြီးတ
ပေါ်သို့ ခုန်တက်လိုက်၏။

သစ်ပင်ပေါ်မှ ကြည့်လျှင် လူရှုပ်နေသော အခန်းတွ
ကောင်းစွာ တွေ့မြင်ရလေသည်။

အခန်းအတွင်း၌ ပူပန်သော မျက်နှာထားနှင့် ရော
ရပ်နေသည်ကို တွေ့ရ၏။

အခန်းအလယ်ရှိ ခုတင်ပေါ်ဝယ် မိန်းကလေးတစ်ယေ
လဲလျောင်းနေသည်။

သူမ၏အနီးတွင် သမားတော်ချာလုံနှင့် အမျိုးသမီ
တစ်ဦး ရှိနေ၏။

သမားတော်ချာလုံသည် ခုတင်အနီးတွင် ကုန်းကုန်း
ဖြင့် အလုပ်ရှုပ်လျက် ရှိသည်။

ရောင်စန်းမှာ စိတ်ဂဏာမငြိမ်ဟန်ဖြင့် အခန်းတွင်း၌
တုန့်ခေါက်ပြန် လျှောက်နေသည်။

ဝမ်းကျုံးစန်း သေချာစွာ ကြည့်လိုက်သောအခါ ခုတ
တွင် လဲလျောင်းနေသော မိန်းကလေးမှာ တန့်လျှံယု ဖြစ်ကြေ
တွေ့မြင်ရလေသည်။

တန့်လျှံယု တစ်စုံတစ်ခု ဖြစ်နေပေပြီ။

ဝမ်းကျုံးစန်း၏ရင်ထဲ၌ လေးလံလာ၏။

မကြာပါချေ။



သမားတော်ချာလုံ၏စကားသံ ထွက်ပေါ်လာသည်ကို
လိုက်ရလေသည်။

"ဆရာရောင်စန်း၊ သူ့ကို ဒီမနက် ဆေးတိုက်ရဲ့လား"
ရောင်စန်း ခေါင်းညိတ်လိုက်သည်။

"တိုက်ပါတယ်၊ ဒါပေမယ့် နည်းနည်းတော့ နောက်ကျသွား

သမားတော်ချာလုံ မျက်မှောင်ကုပ်သွားသည်။

"ဆေးတိုက်လျက်နဲ့ ဘယ်လို ဖြစ်တာလဲ၊ ပြောစမ်းပါဦး"
ရောင်စန်းက...

"ဒီမနက် အကောင်းပဲ၊ ထမင်းတောင် ခါတိုင်းထက် ပိုစား
တယ်၊ သူ့ကို ကြည့်ရတာ သက်သာပုံရတယ်၊ ပန်းခြံထဲ ဆင်းပြီး
ပ်တွေတောင် ဖမ်းနေသေးတယ်"

ဟုပြောလိုက်သည်။

သမားတော်ချာလုံ နားထောင်နေ၏။

အမျိုးသမီးကြီးက ကြားဝင်ပြောလာသည်။

"လိပ်ပြာဖမ်းယင်း အနောက်ဘက်အဆောင်ကို ရောက်
တယ်၊ အဲဒီမှာ ပူငယ်တစ်ယောက်နဲ့ စကားလက်ဆုံ ကျခဲ့သေး
၊ သူ့ကို ကြည့်ရတာ ပျော်ရွှင်နေပုံရတာပဲ"

သမားတော်ချာလုံ ခေါင်းယမ်းလိုက်၏။

"အဲဒါ ခက်တာပေါ့၊ သခင်မလေးရဲ့ရောဂါက ပျော်လို့လဲ

မရဘူး၊ ဝမ်းနည်းလို့လဲ မရ... သူဟာ ပျော်ရွှင်မှု
စိတ်လှုပ်ရှားပြီး ရောဂါထလာတာ"

ရောင်စန်း တက်ခေါက်လိုက်၏။

"တောက်"

"ဆရာရောင်စန်း ဘာဖြစ်လို့လဲ"

ချာလုံက မျက်မှောင်ကုပ်ယင်း လှမ်းမေးသည်။

ရောင်စန်း ခေါင်းယမ်းလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး"

သမားတော်ချာလုံက...

"သခင်မလေးကို အခန်းထဲက အပြင်မထွက်အော
ကြည့်ဖို့ လိုလိမ့်မယ်၊ အခြေအနေ သိပ်မကောင်းဘူးဆိုတ
ရောင်စန်းလဲ သိသားနဲ့"

ရောင်စန်း ပါးစပ်ပိတ်ထားလိုက်သည်။

အမျိုးသမီးကြီးက...

"စိတ်ချပါ သမားတော်ကြီး၊ ကျွန်မသေသေချာချာ
ယူပါ့မယ်"

"ကဲ သူ့အိပ်ပျော်နေတုန်း ကျုပ်သွားမယ်၊ အခြေအ
ယင် ချက်ချင်းလာခေါ်ပါ၊ ကျုပ်ဆေးတိုက်ပြီးပြီ၊ စိတ်ပူစ
မလိုပါဘူး"

ပြောပြီး အခန်းထဲမှ ထွက်သွား၏။



အခန်းဝသို့ ရောက်လျှင်...

"ဆရာရောင်စန်း ခဏ"

ရောင်စန်းအား လက်ယပ်ခေါ်သွားသည်။

ရောင်စန်းက နောက်မှ လိုက်သွားသည်။

နှစ်ယောက်သား ခပ်သုတ်သုတ်ဖြင့် ထွက်သွားကြ၏။

အမျိုးသမီးကြီးသည် ခုတင်နံဘေးတွင် ခုံတစ်လုံး ဆွဲ၍
င်ကာ တန့်လျှံယုအား ယပ်ခတ်ပေးလျက် ကျန်ရစ်ခဲ့လေသည်။

♠ ♠ ♠

ရောင်စန်းနှင့် သမားတော်ချာလုံတို့ စကားတပြောပြောဖြင့်
ရောက်လာကြလေသည်။

သူတို့နှစ်ယောက်သည် ဝမ်းကျုံးစန်း ပုန်းအောင်နေသော
ပင်အောက်သို့ ရောက်လာကြ၏။

ထိုအခါ...

နှစ်ယောက်သား ခြေလှမ်းရပ်လိုက်ကြသည်။

သမားတော်ချာလုံက...

"ဆရာရောင်စန်း၊ သခင်မလေးကို မျက်ခြည်မပြတ် စောင့်
ကြည့်နေဖို့ လိုလိမ့်မယ်"

"စိတ်ချပါ၊ ဒီတစ်ခါ အလွတ်မပေးတော့ပါဘူး"

ချာလုံ သက်ပြင်းချကာ...

"သခင်မလေးတစ်ယောက်ဟည်း ပျောက်သွား
အရေးမကြီးဘူး၊ ဟန်ကြီးလိုလူမျိုးနဲ့ တွေ့ယင် မလွယ်ဘူး"

ရှောင်စန်း ဒေါသထွက်နေပုံရသည်။

"တာဝန်ဝတ္တရား ပေါ့လျော့ကဲ့အတွက် ကျုပ်ကိုယ်
တောင် အပြစ်ပေးချင်စိတ် ပေါ်လာပြီဗျ"

"ဘာလဲ၊ ဟန်ကြီး လွတ်သွားလို့လား"

"ဟုတ်တယ်၊ သူလွတ်သွားတော့ နောက်ကြောင်းမ
တော့ဘူးပေါ့"

သမားတော်ချာလုံ သက်ပြင်းချလိုက်၏။

"ကျုပ်စိတ်ထင် ဒဏ်ရာအကြီးအကျယ် ရသွားပုံ ရှိ
ဝေးဝေးပြေးနိုင်မှာ မဟုတ်ဘူး၊ တစ်နေရာရာမှာ သေဆုံးသွား
မြေပေါ်မှာ သွေးတွေ အိုင်ထွန်းနေတာ တွေ့တယ် မဟုတ်လာ

ရှောင်စန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်လက်ချက်ကြောင့် ဒဏ်ရာရတယ်
ပေမယ့် သေကွင်းသေကွက်ကို ထိတာ မဟုတ်ဘူး၊ သူထွက်ပြေး
ပြီးမှ မချိမဆန့် အော်သံ ထွက်ပေါ်လာတာရယ်၊ မြေပေါ်မှာ
အိုင်ထွန်းနေတာရယ်၊ တွေ့ရတော့ သူကို တစ်ယောက်ယောက်
ကြားဖြတ်တိုက်ခိုက်လိုက်တဲ့ သဘောပါပဲ၊ အဲဒီလူ ဘယ်သူလဲဆို
ကျုပ်သိချင်တယ်"



သမားတော်ချာလုံ တစ်ချက်စဉ်းစားယင်း...

"ကျုပ်စိတ်ထင်တော့ အဖြူရောင်ဓားဝမ်းကျုံးစန်းပဲ ဖြစ်
ယ်"

ဟုပြောလိုက်သည်။

ရှောင်စန်း မျက်မှောင်ကုပ်သွား၏။

"ဝမ်းကျုံးစန်း ဟုတ်လား"

သမားတော်ချာလုံက...

"ဟုတ်တယ်"

ရှောင်စန်းက ချာလုံအား ကြည့်ကာ...

"ဝမ်းကျုံးစန်းက ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေသလဲ"

"သူက ဝေဒနာတစ်ခုအတွက် ဆေးလာကုနေတာပဲ"

ရှောင်စန်း တစ်ချက်စဉ်းစားယင်း...

"အနောက်ဘက်အဆောင်မှာ နေတယ် ဟုတ်လား"

"ဟုတ်တယ်၊ သူ့ကို အနောက်ဘက်အဆောင်မှာ ကျုပ်က
ပေးထားတယ်"

"ဟုတ်ပြီ၊ သခင်မလေး မနက်က တွေ့ခဲ့တဲ့ လူငယ်ပဲ ဖြစ်ရ
"

သမားတော်ချာလုံ အံ့ဩသွား၏။

"ဘယ်လိုတွေ့တာလဲ၊ သူများကိစ္စ ဝင်မစွက်ရဘူး၊ ဘယ်
ကြောင်းမှ မမေးမြန်း မစုံစမ်းရဘူးလို့ ကျုပ် သူ့ကို တားမြစ်

ထားတာပဲ"

"မှန်ပါတယ်၊ သူစပ်စုတာ မဟုတ်ဘူး၊ ကျုပ်တို့ သခ
လေးက သူ့ဆီ ရောက်သွားတာ ဖြစ်မယ်"

သမားတော်ချာလုံ အတွေးရကျပ်သော လေသံဖြင့်...

"သူ့ကို တွေ့တာနဲ့ သခင်မလေး ရောဂါ ဖောက်လာတ
အံ့သြစရာပဲ၊ သူတို့နှစ်ယောက်ကို ခွဲထားမှ ဖြစ်မယ် ထင်တယ်"

"သမားတော်ကြီး သူ့ကို လက်မခံလို့ မဖြစ်ဘူးလား"

သူ၏စကားကြောင့် သမားတော်ချာလုံ ငိုင်တွေသွား
လေးပင်သော သက်ပြင်းတစ်ချက်ချလိုက်မိတော့သည်။

♠ ♠ ♠



## ပြဿနာ

လေဝှေ့ယမ်း တိုက်ခတ်လာသည်။

အဝတ်အစားများ တဖျပ်ဖျပ် လူးလွန့်သွား၏။

သမားတော်ချာလုံ သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်
ည်။

"ဝမ်းကျိုးစန်းဟာ ကျုပ်ရဲ့လူနာ ဖြစ်နေပြီ၊ ကျုပ်က သူ့ရဲ့
နာ ပျောက်ကင်းသွားသည်အထိ တာဝန်ယူ ကုသပေးမယ်လို့
တိပြုပြီးပြီ"

ရောင်စန်းလည်း တွေဝေသွားသည်။

သမားတော်ချာလုံသည် စကားတစ်ခွန်း ပြောပြီးလျှင် ပြန်
င်တတ်သူ မဟုတ်ကြောင်း ရောင်စန်း ကောင်းစွာ နားလည်ထား
သည်။

ထို့ကြောင့် ချာလုံသည် ဝမ်းကျုံးစန်းကို မည်သည့်
မှ မောင်းထုတ်ပစ်မည် မဟုတ်ချေ။

သခင်မလေးတန့်လျှံယု ရောဂါဝေဒနာ သက်
အတွက် ဝမ်းကျုံးစန်းအား မောင်းထုတ်ရန် တာဝန်မှာ သူ၏
ကျရောက်လာပြီ ဖြစ်ကြောင်း ရောင်စန်း နားလည်လိုက်

အံတင်းတင်းကြိတ်လိုက်ကာ...

"ဒီကိစ္စ ကျုပ်တာဝန်ယူရမှာပဲ"

သမားတော်ချာလုံ ဟန့်တားလိုက်သည်။

"ဆရာရောင်စန်း စိတ်လိုက်မာန်ပါ မလုပ်ဖို့ ကျုပ်
ပန်ချင်ပါတယ်၊ တခြားနည်းလမ်း ရှာကြည့်ကြသေးတာပေါ့

ရောင်စန်းက သက်ပြင်းချကာ စကားလမ်းကြောင်း
လိုက်သည်။

"ဒါထက် သခင်မလေးရဲ့ ရောဂါအခြေအနေ ဘယ်
သလဲ၊ ဘယ်လောက်ကြာကြာ ဆေးကုရမှာလဲ"

သမားတော်ချာလုံ အနည်းငယ် စဉ်းစားလိုက်သည်

"နောက်ထပ် တစ်လ နှစ်လလောက်တော့ ဆေးကု
ပဲ၊ ဟန်ကြိုး လွတ်သွားတော့ ကျုပ်နေရာလဲ သိပ်ပြီး စိတ်မချ
ဘူး"

"ဒါဖြင့် နေရာပြောင်းယင် မကောင်းဘူးလား"

"နေရာပြောင်းတဲ့အခါ သခင်မလေး ပင်ပန်းလိမ့်



ပန်းခံနိုင်ပါ့မလား၊ လမ်းမှာ တစ်စုံတစ်ခု ဖြစ်ယင် ပိုပြီး ဒုက္ခ
တ်လိမ့်မယ်"

ရောင်စန်း အံကြိတ်ကာ...

"ဒီလိုဆိုယင် ဒီမှာပဲ ဆက်ပြီး ကုသကြတာပေါ့၊ ဟန်ကြိုး
နဲ့ လူဘယ်လောက်များများ ခေါ်လာပါစေ၊ ကျုပ်အရေးမစိုက်
"

"ကျုပ်လဲ တောင်ခြေမြို့ကလေးမှာ ဆင်းပြီး ဆေးကုနေတဲ့
တပည့်လေးယောက်ကို ပြန်ခေါ်ထားပါတယ်၊ သူတို့ရဲ့ သိုင်း
လဲ မခေပါဘူး၊ ကဲ ကျုပ်သွားမယ်၊ သခင်မလေးကိုသာ ဂရု
ပါ"

"စိတ်ချ"

သမားတော်ချာလုံသည် ရောင်စန်းကို နှုတ်ဆက်ထွက်ခဲ့
သည်။

ရောင်စန်းသည် ချာလုံ မြင်ကွင်းမှ ကွယ်ပျောက်သွားသည်
ထိ ကြည့်နေ၏။

ချာလုံကို လုံးဝမမြင်ရတော့မှ အဆောင်ထဲသို့ ပြန်ဝင်ခဲ့လေ
သည်။

ဝမ်းကျုံးစန်းလည်း ချက်ချင်းပင် သစ်ပင်ပေါ်မှ ခုန်ဆင်း
သူ၏အဆောင်သို့ ပြန်လာခဲ့သည်။

အကယ်၍များ ချာလုံ လာရောက်စစ်ဆေးလျှင် အခန်း

ထို့ကြောင့် ချာလုံသည် ဝမ်းကျုံးစန်းကို မည်သည့်နည်
မျှ မောင်းထုတ်ပစ်မည် မဟုတ်ချေ။

သခင်မလေးတန့်လျှံယု ရောဂါဝေဒနာ သက်သာ
အတွက် ဝမ်းကျုံးစန်းအား မောင်းထုတ်ရန် တာဝန်မှာ သူ၏ပခုံး
ကျရောက်လာပြီ ဖြစ်ကြောင်း ရှောင်စန်း နားလည်လိုက်လေသ

အံတင်းတင်းကြိတ်လိုက်ကာ...

"ဒီကိစ္စ ကျုပ်တာဝန်ယူရမှာပဲ"

သမားတော်ချာလုံ ဟန့်တားလိုက်သည်။

"ဆရာရှောင်စန်း စိတ်လိုက်မာန်ပါ မလုပ်ဖို့ ကျုပ်တေ
ပန်ချင်ပါတယ်၊ တခြားနည်းလမ်း ရှာကြည့်ကြသေးတာပေါ့"

ရှောင်စန်းက သက်ပြင်းချကာ စကားလမ်းကြောင်း ပြေ
လိုက်သည်။

"ဒါထက် သခင်မလေးရဲ့ ရောဂါအခြေအနေ ဘယ်လို
သလဲ၊ ဘယ်လောက်ကြာကြာ ဆေးကုရမှာလဲ"

သမားတော်ချာလုံ အနည်းငယ် စဉ်းစားလိုက်သည်။

"နောက်ထပ် တစ်လ နှစ်လလောက်တော့ ဆေးကုရဦး
ပဲ၊ ဟန်ကြုံး လွှတ်သွားတော့ ကျုပ်နေရာလဲ သိပ်ပြီး စိတ်မချရတေ
ဘူး"

"ဒါဖြင့် နေရာပြောင်းယင် မကောင်းဘူးလား"

"နေရာပြောင်းတဲ့အခါ သခင်မလေး ပင်ပန်းလိမ့်မယ



ပင်ပန်းခံနိုင်ပါ့မလား၊ လမ်းမှာ တစ်စုံတစ်ခု ဖြစ်ယင် ပိုပြီး ဒုက္ခ
ရောက်လိမ့်မယ်"

ရှောင်စန်း အံကြိတ်ကာ...

"ဒီလိုဆိုယင် ဒီမှာပဲ ဆက်ပြီး ကုသကြတာပေါ့၊ ဟန်ကြုံး
နေနဲ့ လူဘယ်လောက်များများ ခေါ်လာပါစေ၊ ကျုပ်အရေးမစိုက်
ပါဘူး"

"ကျုပ်လဲ တောင်ခြေမြို့ကလေးမှာ ဆင်းပြီး ဆေးကုနေတဲ့
ကျုပ်တပည့်လေးယောက်ကို ပြန်ခေါ်ထားပါတယ်၊ သူတို့ရဲ့ သိုင်း
ညာလဲ မခေပါဘူး၊ ကဲ ကျုပ်သွားမယ်၊ သခင်မလေးကိုသာ ဂရု
ိုက်ပါ"

"စိတ်ချ"

သမားတော်ချာလုံသည် ရှောင်စန်းကို နှုတ်ဆက်ထွက်ခဲ့
သည်။

ရှောင်စန်းသည် ချာလုံ မြင်ကွင်းမှ ကွယ်ပျောက်သွားသည်
အထိ ကြည့်နေ၏။

ချာလုံကို လုံးဝမမြင်ရတော့မှ အဆောင်ထဲသို့ပြန်ဝင်ခဲ့လေ
သည်။

ဝမ်းကျုံးစန်းလည်း ချက်ချင်းပင် သစ်ပင်ပေါ်မှ ခုန်ဆင်း
ကာ သူ၏အဆောင်သို့ ပြန်လာခဲ့သည်။

အကယ်၍များ ချာလုံ လာရောက်စစ်ဆေးလျှင် အခန်း

တွင်း၌ ရှိနေမှ ကောင်းမည် မဟုတ်ပါလား။

အခန်းထဲသို့ ဝင်မိပြီး မကြာမီပင် သူ့ထံသို့ လူတစ်ယော

ရောက်ရှိလာတော့၏။

ထိုလူမှာ ဝမ်းကျုံးစန်း မျှော်လင့်ထားသော သမားတော်

လုံ မဟုတ်ပါ။

မျက်နှာခက်ထန်တင်းမာနေသော ရှောင်စန်းပင် ဖြစ်

သည်။

♠ ♠ ♠

ရှောင်စန်း၏မျက်နှာတစ်ခုလုံး ဒေါသကြောင့် တင်းမာ

ထန်နေပေသည်။

အခန်းရှေ့သို့ ရောက်သည်နှင့်...

"တံခါးဖွင့်စမ်းဟေ့"

ကျယ်လောင်စွာ အော်ငေါက်လိုက်သည်။

ဝမ်းကျုံးစန်းသည် ခုတင်ပေါ် ထိုင်နေရာမှ ချက်ချင်းပြန်

ကာ အခန်းဝသို့ လျှောက်လာလေသည်။

"ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ် စကားမရှည်နဲ့၊ တံခါးဖွင့်စမ်း"

ဝမ်းကျုံးစန်း စိတ်မဆိုးပါ။



ရှောင်စန်းသည် တန့်လျှံယုအတွက် စိုးရိမ်ပူပန်နေခြင်း ဖြစ်

နားလည်ပြီး အလိုလို ခွင့်လွှတ်ထားပြီး ဖြစ်သောကြောင့်

တံခါးဖွင့်လိုက်သောအခါ ခါးထောက်ရပ်နေသော ရှောင်

တွေ့လိုက်ရလေသည်။

"ဝမ်းကျုံးစန်းဆိုတာ မင်းလား"

ရှောင်စန်းက တွေ့တွေ့ချင်းပင် ခပ်ထန်ထန် မေးလိုက်၏။

ဝမ်းကျုံးစန်း ခေါင်းညိတ်ကာ...

"ဟုတ်ပါတယ်၊ ခင်ဗျားကကော ဘယ်သူလဲ၊ ဘာကိစ္စ ရှိလို့

ရှောင်စန်း လက်ကာပြယင်း...

"စကားမရှည်နဲ့ ငါ ဘယ်သူလဲဆိုတာ မင်းသိစရာ မလိုဘူး၊

သိဖို့က ဒီနေရာက ချက်ချင်း ထွက်သွားဖို့ပဲ"

"ဗျာ၊ ကျုပ်က ထွက်သွားရမယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"စကားမရှည်နဲ့၊ ထွက်သွားဆို ထွက်သွားစမ်း"

ဝမ်းကျုံးစန်း ခေါင်းယမ်းလိုက်သည်။

"ကျွန်တော် မသွားနိုင်ဘူး၊ သမားတော်ကြီး လက်မခံနိုင်မှ

မယ်"

"မင်းသေချင်ပြီ ထင်တယ်"

ပြောယင်း လက်ဝါးဖြင့် ဝမ်းကျုံးစန်း၏ရင်ဝကို တွန်းထုတ်

ရန် ဟန်ပြင်လိုက်သည်။

ဝမ်းကျုံးစန်းက ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်ပေးလိုက်

"ခင်ဗျား ဘာကြောင့် ကျုပ်ကိုလာပြီး ရန်ရှာရတာ ခင်ဗျားနဲ့ ကျုပ် ဘာရန်ငြိုးမှမရှိပါလား"

"အေး ရန်ငြိုးမရှိလို့ မင်း အခုထိ အသက်ရှင်နေတာ မှတ်ထား၊ သွား မင်း ဒီက မြန်မြန်ထွက်သွားစမ်း"

"ကျုပ် မသွားနိုင်ဘူး"

"မင်းအသက်ကို မင်း မနမြောဘူး ထင်တယ်"

"နမြောလို့ ဒီမှာ လာပြီး ဆေးကုနေတာပေါ့ဗျာ၊ ဆေး စရာ မရှိဘူးဆိုယင် ခင်ဗျား မောင်းထုတ်စရာတောင် မလိုဘူး၊ ကျ ထွက်သွားတာ ကြာလှပြီ"

ရှောင်စန်းမှာ ရုတ်တရက် မည်သို့ ပြောရမှန်းမသိ ဖြစ်သွ လေသည်။

သို့သော်...

ဝမ်းကျုံးစန်းကို မောင်းထုတ်ရန် ဆုံးဖြတ်ထားပြီးမို့...

"မင်းဆေးကုချင်ယင် သမားတော်ကြီးဆီက ဆေးတေ တောင်းယူသွား၊ ဒီမှာ ဆက်ပြီး ဆေးကုလို့တော့ မရဘူး"

"ဘာဖြစ်လို့လဲဗျ"

"ငါက မရဘူးဆိုယင် မရလို့ပေါ့"

"ကျုပ် မသွားနိုင်ဘူး၊ သမားတော်ကြီးရဲ့ သဘောထားက



ကြည့်ရဦးမယ်"

"ဘာမှ မေးစရာမလိုဘူး၊ သမားတော်ကြီးက မင်းကို ဆက် ဆေးမကုချင်တော့ဘူး"

"ခင်ဗျားပြောတာ ကျွန်တော် မယုံဘူး၊ သမားတော်ကြီးက ပ်ရဲ့ရောဂါပျောက်အောင် ကုဖို့ ကတိပေးပြီးသားဗျ"

ရှောင်စန်းက လွယ်လွယ်နှင့် မောင်းထုတ်မရမှန်း ရိပ်စားမိ ...

"မင်း အသားနာချင်ပြီ ထင်တယ်"

ပြောယင်း ဝမ်းကျုံးစန်းအား တိုက်ခိုက်လိုက်သည်။

ဝမ်းကျုံးစန်း ခုန်ရှောင်လိုက်၏။

တဆက်တည်း ဖွင့်ထားသော ပြတင်းပေါက်မှတစ်ဆင့် ခြင်ဘက်သို့ ခုန်ထွက်လိုက်သည်။

"မပြေးနဲ့"

ရှောင်စန်းမှာ အော်ငေါက်ယင်း ပြေးလိုက်ကာ တိုက်ခိုက် က်တော့သည်။

♠ ♠ ♠

ရှောင်စန်းက တိုက်ခိုက်လာပြီ ဖြစ်သည်။

တိုက်ခိုက်မှုအား တစ်ချိန်လုံး ရှောင်တိမ်းနိုင်ရန် မ

ပြန်လည်တိုက်ခိုက်မည်ဆိုလျှင်လည်း သိုင်းပညာ အ
ရတော့မည်။

သိုင်းပညာအသုံးမပြုရန် ချာလုံက ဟန့်တားခဲ့သ

ဝမ်းကျုံးစန်းအတွက် ဘေးကြပ်နံကြပ် ဖြစ်သွားသ

ဤတွင် ဖျတ်ခနဲ အကြံတစ်ခု ရလိုက်၏။

ရုတ်တရက် ခုန်လွှားရှောင်တိမ်းလိုက်ပြီး...

"ခင်ဗျား အခုတိုက်ခိုက်တာ မဟာလက်ဝါးသို
မဟုတ်လား၊ ဒီသိုင်းကွက်ကို ကျုပ်က သံလက်ညှိုးသိုင်းကွ
ခင်ဗျားရဲ့လက်ဝါး အလယ်တည့်တည့်ကို ထောက်လိုက်ယ
ဘယ်လိုလုပ်မလဲ"

ဝမ်းကျုံးစန်း၏စကားကို ကြားလိုက်ရသောအခါ ရှေ
သည် တိုက်ခိုက်နေရာမှ ရုတ်ခြည်း ရပ်တန့်သွား၏။

တကယ်တမ်းသာ လက်ဝါးပြင်အလယ်တည့်တည့်
လက်ညှိုးသိုင်းကွက်ဖြင့် ထောက်ချခြင်း ခံလိုက်ရပါက သွေ
ပိတ်ခံရသလို ဖြစ်ကာ မြေပေါ် ဝုန်းခနဲ လဲကျသွားမည် ဖြ

ရှောင်စန်း အနည်းငယ် တွေဝေသွားပြီးမှ...

"ငါက သူတော်ယောင် လက်သီးသိုင်းကွက်နဲ့
ပြန်ပြီး တိုက်ခိုက်မှာပေါ့"



လက်ဝါးပြင်ကို ရုတ်တရက် လက်သီးဆုတ်ပုံသဏ္ဍာန်
င်းလဲကာ တိုက်ခိုက်ရန် ဟန်ပြင်သည်။

ဝမ်းကျုံးစန်းက ရယ်မောလိုက်ပြီး...

"ကျုပ်က စွန်ကုပ်လက်သည်းသိုင်းကွက်နဲ့ ခင်ဗျားရဲ့လက်
ကို ဖမ်းချုပ်လိုက်မယ်ဆိုယင်ကော"

"ဟင်"

ရှောင်စန်း တွေဝေသွားပြန်သည်။

သို့သော် ချက်ချင်းပင်...

"ငါက လက်ကိုလှည့်ပြီး လက်ဝါးပက်လက် ပုံသဏ္ဍာန်
ကူပိုးမျှင်သိုင်းကွက်နဲ့ မင်းရဲ့လက်ကို ပြန်ချုပ်လိုက်မှာပေါ့"

"ဒါဆို ကျုပ်က သိမ်းငှက်အစာကောက် သိုင်းကွက်နဲ့
ဗျားရဲ့ လက်ကောက်ဝတ်ကို ချိုးပစ်လိုက်မှာပေါ့"

ရှောင်စန်း ငိုင်သွားသည်။

ယခုတစ်ကြိမ်၌ အတော်လေးကြာအောင်ပင် တွေဝေစဉ်း
နေမိသည်။

ပြီးမှ...

"ဒီလိုဆိုယင် ငါက ဒူးကွေးပြီး မြေပေါ် ထိုင်ချလိုက်မယ်၊
ယင် လွတ်နေတဲ့ လက်တစ်ဘက်နဲ့ မင်းရဲ့ဝမ်းဗိုက်ကို တိုက်လိုက်
ပေါ့"

"ကျုပ်က နောက်ဆုတ် မရှောင်ဘူး၊ နတ်မြင်းပျံသိုင်းကွက်

နဲ့ ခြေထောက်ကို အသုံးပြုပြီး ပြန်တိုက်မှာပေါ့"

"ငါက ဒွေဖားတုံးကျော်သိုင်းကွက်နဲ့ နောက်ကျွမ်းပစ်

မယ်၊ မင်းရဲ့မျက်နှာကို ခြေနဲ့ ကန်မယ်"

"ကျုပ်က အရက်သမားသိုင်းကွက်နဲ့ ခါးကော့ပြီး ခေါ

နောက်လှန်လိုက်မယ်၊ ခင်ဗျားမြေပေါ်မကျခင် ကျားသမင်ဖမ်း

ကွက်နဲ့ ကျောပေါ် ခုန်တက်ပြီး နောက်စေ့ကို တိုက်ခိုက်မှာ

"ဟာ မင်းကလဲ"

ရောင်စန်း မကျေမနပ် ဖြစ်သွားသည်။

ဤအတိုင်း တိုက်ခိုက်ပါက ကျိန်းသေရှုံးနိမ့်သွားမည်

ပေသည်။

ရှုံးမည့်အပြင် အသက်ရှင်ရန်ပင် မလွယ်ချေ။

ရောင်စန်း ခေါင်းကုပ်ကာ...

"ဟုတ်ပြီ၊ မင်းခုန်အုပ်လာတဲ့အခါ လေထဲမှာတင် ခန္ဓာ

တစ်ပတ်လှည့်ပြီး ဖိုးသူတော်တောင်ဝှေးသိုင်းကွက်နဲ့ မင်းရဲ့ရင်

လက်သီးတစ်လုံး ပစ်သွင်းလိုက်မယ်လေ၊ မင်း ဘယ်လိုရှောင်

"ဟား...ဟား မင်းရှုံးပြီးပေါ့"

ပြောယင်း သဘောကျစွာ ရယ်မောလိုက်၏။

ဝမ်းကျုံးစန်း ခေါင်းခါယမ်းကာ...

"ခင်ဗျားမှားပြီ၊ ကျုပ်က အပေါ်စီးက ခုန်အုပ်လိုက်တာ

တော့ ထိုးလာတဲ့ လက်သီးကို လွယ်လွယ်ရှောင်နိုင်တာပေါ့၊



င်မကဘူး၊ မျက်လှည့်ဆရာသိုင်းကွက်နဲ့ ခင်ဗျားရဲ့လက်ကို

လိမ်ပြီး ချိုးပစ်လိုက်နိုင်တယ်ဗျ"

"ငါက ခြေထောက်နဲ့ ကန်မယ်ဆိုယင်ကော"

"ဘယ်လိုလုပ် ကန်လို့ရမှာလဲ၊ ခင်ဗျားခြေထောက်တွေ

ကိုက်အနေအထားမှာပဲ ရှိနေဦးမှာ မဟုတ်လား"

"ဘာကြောင့် ဒေါက်နေရမှာလဲ၊ ငါကန်ထည့်လိုက်ယင်

ဝေး လွင့်သွားမှာပေါ့"

"ကန်လို့ မရဘူး၊ ကျုပ်ဆရာက ပြောတယ်၊ ဒွေဖားတုံး

သိုင်းကွက်သုံးတဲ့ ရန်သူနဲ့တွေ့ယင် ရဲရဲတင်းတင်း အပေါ် ခုန်

ပြီး တိုက်ရမယ်တဲ့ ခြေထောက်နဲ့ ပြန်ကန်ဖို့ အချိန် မရဘူးတဲ့"

ရောင်စန်း မျက်မှောင်ကုပ်သွားသည်။

"မင်းဆရာက ဘယ်သူလဲ"

"ကျုပ်ပြောလဲ ခင်ဗျားသိမှာ မဟုတ်ဘူး"

"မင်းက အထင်သေးတာလား"

"အထင်သေးတာ မဟုတ်ပါဘူး၊ မှန်တာ ပြောတာပဲ၊ ကျုပ်

ဘယ်လိုလူစားလဲဆိုတာ ခင်ဗျား မသိဘူးလား"

ရောင်စန်း နှုတ်ခမ်းမဲ့ကာ...

"မင်း ဘယ်လိုလူစားမျိုးလဲဆိုတာ ငါသိစရာ မလိုဘူး၊ ငါသိ

က မင်း ဒီက ထွက်သွားဖို့ပဲ"

"မင်း မသွားယင် ငါမောင်းထုတ်ရမှာပေါ့"

ဝမ်းကျုံးစန်းက...

"ခင်ဗျားရှုံးခဲ့ပြီပဲ မဟုတ်လား"

"ဘာရှုံးတာလဲ၊ မင်းပါးစပ်က သိုင်းကွက်ပြောတတ်

ရမလား"

"ပါးစပ်က သိုင်းကွက်ပြောတာ၊ လက်တွေ့တိုက်ခိုက်

ဘာများထူးမှာလဲ"

"ငါ မယုံဘူး၊ လက်တွေ့သိရမှ ယုံမယ်"

"ခင်ဗျားရှုံးသွားပါပြီဗျာ"

ဝမ်းကျုံးစန်းသည် ရှောင်စန်းနှင့် မတိုက်ခိုက်လို

ရှောင်တိမ်းသွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ရှောင်စန်းက အာခေါင်သံကြီးဖြင့် အော်ငေါက်

၏။

"သတိထား၊ ငါ့ရဲ့မဟာလက်ဝါးလာပြီ"

ပြောယင်း ကြီးမားကျယ်ပြန့်သော လက်ဝါးဖြ

အတွင်းအားအပြည့်အဝသုံးပြီး တိုက်ခိုက်လိုက်သည်။

တိုက်ပွဲကို ရှောင်တိမ်းရန် ဉာဏ်ဆင်ခဲ့သော်လည်

သည့်နည်းနှင့်မျှ ရှောင်မရတော့ချေ။

ရှောင်စန်း တကယ် တိုက်လာသောအခါ သူက ရှော

ရန် မဖြစ်နိုင်တော့ပါ။

သံလက်ညှိုးသိုင်းကွက် အသုံးပြုကာ ပြန်လည်တိုက်



သည်။

ရှောင်စန်းက သူတော်ယောင် လက်သီးသိုင်းကွက်ပြောင်း

ထိုးသွင်းလိုက်ပြန်သည်။

ဝမ်းကျုံးစန်းက ပြောခဲ့သည့်အတိုင်းပင် လက်ဝါးဖြန့်လိုက်

သည်။

ထို့နောက် စွန်ကုပ်လက်သည်းပုံသဏ္ဍာန်ဖြင့် ရှောင်စန်း၏

သီးကို ဖမ်းချုပ်လိုက်သည်။

ရှောင်စန်းက လက်ကောက်ဝတ်ကို လှည့်ကာ လက်ဝါးပက်

ပုံအဖြစ် ပြောင်းကာ ပင့်ကူပိုးမျှင်သိုင်းကွက်ဖြင့် ဝမ်းကျုံးစန်း

က်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်လေသည်။

ရှောင်စန်းက သိမ်းငှက်အစာကောက်သိုင်းကွက်ဖြင့် ရှောင်

၏လက်ကောက် လက်ဖျံရိုးကို တိုက်ခိုက်လိုက်လေသည်။

ရှောင်၍ မလွတ်တော့သဖြင့် ရှောင်စန်းက...

"ယား"

ညာသံတစ်ချက်ပေးကာ ဒူးကွေးပြီး ခြေပေါ် ထိုင်ချယင်း

လက်တစ်ဘက်ဖြင့် ဝမ်းကျုံးစန်း၏ဝမ်းဗိုက်ကို လက်သီးဖြင့်

ုံးပစ်သွင်းလိုက်၏။

ဝမ်းကျုံးစန်းက ဝမ်းဗိုက်ကို ရှပ်ကာ အတွင်းသို့ လျှိုသွင်း

ခြေထောက်ဖြင့် ကန်ကျောက်လိုက်၏။

မျက်နှာတည့်တည့်သို့ ခြေထောက်ကန်ချက် ရောက်လာ

သဖြင့် ရောင်စန်း ထိတ်လန့်သွားသည်။

ချက်ချင်း မြေပေါ်မှ ခုန်ထကာ နောက်ကျွမ်းပစ်ရင်း အစုံဖြင့် ပြန်လည်ကန်ကျောက်လိုက်၏။

ဝမ်းကျုံးစန်းက ပြုံးရင်း အရက်မူးသမားတစ်ယောက် ခါးကို နောက်လှန်ကာ ရှောင်လိုက်၏။

ရှောင်ပြီးသည်နှင့် ချက်ချင်းရှေ့သို့ ခုန်အုပ်လိုက်သ

တဆက်တည်းတွင် ရောင်စန်း၏နောက်ကျောကို တိုက် လိုက်လေသည်။

ရောင်စန်း၏နောက်ကျောမှာ လုံခြုံမှု မရှိတော့ချေ

လေတိုးသံများ ထွက်ပေါ်လာရာ ရောင်စန်း ထိတ် သွားသည်။

လေထဲတွင် ခန္ဓာကိုယ် တစ်ပတ်လှည့်ကာ ဝမ်းကျုံး ရင်ကို တိုက်ခိုက်လိုက်၏။

ဝမ်းကျုံးစန်းက ရောင်တိမ်းခြင်း မပြုဘဲ ရောင်စန်း၏ ကို ဖမ်းဆွဲယူကာ လိမ်ချိုးလိုက်၏။

ရောင်စန်းက ခြေထောက်ဖြင့် ကန်ရန် ကြိုးစားသော် ဘေးတိုက်အနေအထား ဖြစ်နေသည့်အတွက် ကန်၍ မရချေ

ဝမ်းကျုံးစန်းသည် တကယ်တမ်း လိမ်ချိုးလိုက်လျှင် စန်း၏လက်တစ်ဘက်သည် မုချသွင်သွင် ကျိုးသွားပေတော့

ဝမ်းကျုံးစန်းက ရောင်စန်း၏လက်ကို လွှတ်ကာ ခုန်



သည်။

ရောင်စန်းနှင့် ဆယ်ပေခန့် အဝေးတွင် ရပ်နေလိုက်သည်။

သိုင်းပညာ ထုတ်ဖော်အသုံးပြုလိုက်သည့်အတွက်လည်း က်ကလေး မောပန်းနေပြီ ဖြစ်လေသည်။

သူ၏ရင်ထဲ၌ တလှပ်လှပ် လှုပ်ရှားလာသည်။

ရောင်စန်း မျက်စိမျက်နှာ ပျက်နေသည်။

တကယ်တမ်း တိုက်ခိုက်လျှင်လည်း သူသာ ရှုံးနိမ့်မည် ဖြစ် င်း လက်တွေ့နားလည်သွားပြီ ဖြစ်သည်။

ရောင်စန်းက အံတင်းတင်းကြိတ်ကာ...

"မင်းရဲ့ဆရာ ဘယ်သူလဲဆိုတာ ပြောစမ်း"

ဝမ်းကျုံးစန်းက...

"ကျုပ်ဆရာနာမည် ပြောပြဖို့ လိုသေးသလားဗျ"

"လိုတယ်"

"ဒါဆို ခင်ဗျား ကတိပေးမှ ပြောနိုင်မယ်"

"ကောင်းပြီ၊ ငါကတိပေးတယ်"

အမှန်ဆိုလျှင် ရောင်စန်းသည် ဝမ်းကျုံးစန်းအား မဖြစ်ဖြစ် နည်းနှင့် မောင်းထုတ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

ယခုမူ ဝမ်းကျုံးစန်း၏ဆရာ အမည်ကို သိချင်သည့်ဆန္ဒ ပြနေသဖြင့် မဆင်ခြင်မိတော့ဘဲ ခပ်သွက်သွက် ကတိပေးလိုက် တော့သည်။

ဝမ်းကျုံးစန်း ဝမ်းသာသွားသည်။

"ကောင်းပြီ၊ ကျုပ်ဆရာရဲ့နာမည်က သွေးဘီလူး...

သွေးဘီလူးဟူသော အမည်ကို ကြားလိုက်ရသည်...

ရှောင်စန်း မျက်နှာကွက်ခနဲ ပျက်သွားသည်။

ဝမ်းကျုံးစန်းအား မယုံကြည်နိုင်စွာ ကြည့်ရင်း...

"သွေး...သွေးဘီလူး ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း...မင်းရဲ့ဆရာဟာ သိုင်းလောကတစ်ခုလုံးကို...

နှောက်ဖျက်ဆီးခဲ့တဲ့ လူဆိုးကြီးတစ်ယောက်ပဲ"

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်သည်။

"မှန်ပါတယ်ဗျာ၊ ကျုပ်ဆရာဟာ အင်မတန် ဆိုးသွမ်း...

လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့ပါတယ်၊ ဒါပေမယ့် လူဆိုး...

နောင်တ တရားရတဲ့အချိန် ရှိတယ်ဆိုတာ မှတ်ထားပါ၊ သူနောင်တ...

ရလာတဲ့ တစ်နေ့မှာ မကောင်းမှုတွေ အားလုံး စွန့်လွှတ်လိုက်...

တတ်နိုင်သလောက် အများအကျိုး ဆောင်ရွက်ခဲ့ပါတယ်"

ရှောင်စန်း ခေါင်းခါယမ်းလိုက်သည်။

"ငါ မယုံဘူး"

"မှန်ပါတယ်၊ ခင်ဗျားတင်မကဘူး၊ သိုင်းလောကတစ်...

ကလဲ ဒီသတင်းကို မယုံပါဘူး"

ရှောင်စန်းက မကျေမနပ်သံဖြင့်...



"မင်းက သက်သက် သွေးဘီလူးဆိုတဲ့နာမည်နဲ့ ခြိမ်းခြောက်...

...ဟုတ်လား၊ ငါ မင်းနဲ့ တစ်ပွဲတစ်လမ်းလောက် ကပ်ပြီး တိုက်...

...ကြည့်ရဦးမယ်"

စကားဆုံးသည်နှင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်ပြန်သည်။

ဝမ်းကျုံးစန်း ဆုံးဖြတ်ချက်ချလိုက်၏။

ရှောင်စန်းကို စိုက်ကြည့်ရင်း...

"ဟောဒီမှာ ဘာလဲဆိုတာ ကြည့်စမ်းပါ"

ပြောရင်း လက်ဝါးမြှောက်ပြလိုက်သည်။

သူ၏လက်သည် အပေါ်သို့ မြှောက်ကာ လက်ဝါးဖြန့်ထား...

...ဖြစ်သည်။

လက်ဝါးပြင်သည် ဖြူဖွေးနေ၏။

ဝမ်းကျုံးစန်းသည် မတုန်မလှုပ် ကျောက်ရုပ်ပမာရပ်လျက်...

...င်းအားထုတ်လိုက်သည်။

ဖြူဖွေးသော လက်ဝါးပြင်သည် တဖြည်းဖြည်း အနီရောင်...

...င်းလာ၏။

မကြာပါချေ။ လက်ဝါးပြင်တစ်ခုလုံး ရဲရဲနီသွားလေတော့...

...၏။

ရှောင်စန်း မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ဝမ်းကျုံးစန်း၏လက်ဝါးပြင် တစ်စထက်တစ်စ နီရဲလာသည်...

...တွေ့ရလျှင်...

"ဟင် သွေးလက်ဝါး"

ဟုနှုတ်မှ အထိတ်တလန့် ရေရွတ်မိလိုက်လေသည်။

တဖြည်းဖြည်း နောက်ဆုတ်သွား၏။

ခပ်လှမ်းလှမ်းသို့ ရောက်သည်နှင့် ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

ရောင်စန်း ထွက်ပြေးသွားမှ ဝမ်းကျုံးစန်း လက်ဝါးကို သိမ်းလိုက်သည်။

သူ၏နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ ဒီးဒီးကျ သည်။ ရင်ဝမှ အောင့်သက်သက် ဝေဒနာလည်း ခံစားလာရ

တစ်ခဏအကြာတွင်...

"အဟွတ်...အဟွတ်"

ချောင်းဆိုးလာလေတော့သည်။

ဝမ်းကျုံးစန်း မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွား၏။

ရောဂါဝေဒနာ ပြန်လည်ထကြွလာပြီ ဖြစ်လေသည်။

ဝမ်းကျုံးစန်းသည် ရင်ဝကို လက်ဖြင့် အသာဖိကာ အခန်းဆီသို့ ပြန်လည်ပြေးသွားသည်။

လမ်းတစ်လျှောက်လုံး ပြင်းထန်စွာ ချောင်းဆိုးလာ သည်။

♠ ♠ ♠



## ဝေဒနာသည်

"အဟွတ်...အဟွတ်"

ဝမ်းကျုံးစန်း၏အခန်းမှ ချောင်းဆိုးသံများ အပြင်းအထန် ပေါ်နေသည်။

ဝမ်းကျုံးစန်း၏ချောင်းဆိုးသံကို အခန်းအပြင်ဘက် ခပ် လှမ်းမှပင် ကြားနေရသည်။

သမားတော်ကြီးချာလုံ သက်ပြင်းချလိုက်လေသည်။

ခေါင်းတယမ်းယမ်းဖြင့် ဝမ်းကျုံးစန်း၏အခန်းသို့ စိတ်ပျက် ပျက် လှမ်းဝင်လာလေသည်။

သူမျှော်လင့်ထားသည့်အတိုင်း အခန်းတွင်း၌ ကုတင်ပေါ် ဝမ်းကျုံးစန်း ပက်လက်လဲလျောင်းနေသည်ကို တွေ့ရ၏။

"မင်းချောင်းဆိုးနေပြီလား"

ဝမ်းကျုံးစန်း ခေါင်းညိတ်ပြလိုက်သည်။

ချာလုံသည် ဝမ်းကျုံးစန်း၏သွေးကြောများကို စမ်း

ကြည့်လိုက်သည်။

သွေးကြောများ စမ်းသပ်ပြီးသည်နှင့် ခုတင်ခေါင်းရင်း

ချိတ်ဆွဲထားသော ဓားကို ကြည့်လိုက်သည်။

ဝမ်းကျုံးစန်းက ပြုံးကာ...

"ကျွန်တော် ဓားမသုံးပါဘူး။ ဓားသုံးရင် သူသေသွား

ပေါ့"

"ဓားမသုံးပေမယ့် သိုင်းပညာတော့ အသုံးပြုခဲ့တ

မှုဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းကို ငါတားမြစ်ထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ဝမ်းကျုံးစန်း ရှင်းပြရန် မကြိုးစားဘဲ ပါးစပ်ပိတ်ထား

သည်။

ရှင်းပြ၍လည်း အကြောင်းထူးမည် မဟုတ်ချေ။

ချာလုံ ထပ်မံသက်ပြင်းချလိုက်ပြန်သည်။

"ငါတော့ ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး။ မ

ဝေဒနာ ပျောက်ကင်းသွားအောင် ကုပေးမယ်လို့ ကတိပေးပြီ



လိုအကြောင်းနဲ့မှ ပြန်မပြင်နိုင်ဘူး"

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်နားလည်ပါတယ်၊ တစ်ခြားနည်းလမ်း ရှိရင်

ကောင်းမှာပဲ"

"အင်း မင်းကို ငါမေးစရာတစ်ခု ရှိတယ်"

"မေးပါ ခင်ဗျာ"

"မင်း တကယ်ပဲ သွေးလက်ဝါးသိုင်းကို သင်ယူတတ်

က်ခဲ့သလား"

"ဟုတ်ပါတယ်ဗျာ"

"အဲဒီ သိုင်းကွက်ကို လေ့ကျင့်တဲ့အခါမှာ အဆိပ်လူးထား

သဲတွေကို အပူပေးပြီး လက်ဝါးနှစ်ဘက် နှစ်ထားရကယ်ဆိုတာ

တကယ်ပဲလား"

"တကယ်ပါပဲ ခင်ဗျာ"

"ဒါဖြင့် မင်းအဆိပ်သင့်ခဲ့မှာပေါ့"

"ဟုတ်ပါတယ်၊ အဆိပ်ကို ထိန်းချုပ်ထားနိုင်တဲ့ နည်းလမ်း

တယ်"

ချာလုံ ခေါင်းယမ်းလိုက်သည်။

"ရောင်စုံပန်းအဆိပ် မမိခင်ကတည်းက မင်းကိုယ်ထဲမှာ

ဆိပ်တွေ ရှိနေပြီ၊ ပန်းအဆိပ်ထပ်သင့်တော့ ပိုဆိုးတာပေါ့၊ အဆိပ်

ရောထွေးနေတဲ့အတွက် ဆေးကုဖို့ မလွယ်တော့ဘူး၊ မင်းကို

ဆေးကုရင်း အဆင့်တစ်မျိုးထဲ မဟုတ်ဘူးဆိုတာ ငါသိနေပြ

ဝမ်းကျိုးစန်း ပြန်ပြောရန် စကားမရှိသဖြင့် ပါးစပ်ပိတ် လိုက်သည်။

ချာလုံက စကားဆက်လိုက်သည်။

"မင်းကို ဆေးကုဖို့ ငါမျှော်မှန်းထားတာထက် အချိ ရလိမ့်မယ်၊ ငါ့မှာလဲ ဒီလို အချိန်ယူပြီး ဆေးကုသပေးဖို့ အခွင့် နည်းပါးနေတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်နားလည်ပါတယ်၊ သမားတော အခက်အခဲရှိရင် ကျွန်တော် ဒီက ထွက်သွားပါ့မယ်"

ချာလုံ လက်ကာပြလိုက်သည်။

"မင်းထွက်သွားစရာ မလိုပါဘူး၊ မင်းထွက်သွားရင် နဲ့ အမြန် ပေးဖို့ ကျိန်းသေးတယ်"

ဝမ်းကျိုးစန်း သက်ပြင်းချလိုက်သည်။

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော့်ရဲ့ ကံတရားလို့ပဲ သ ထားလိုက်ပါတော့"

"အို ဘယ်ဟုတ်မလဲ၊ ငါ့မှာ တာဝန်ရှိတာပေါ့၊ ငါ ကင်းအောင် ကုသပေးပါ့မယ်၊ ဒါပေမယ့်.."

"ရပါတယ်၊ ကျွန်တော်က အရေးမကြီးပါဘူး"

"ဘယ်လူနာမဆို ငါ့အတွက် အရေးကြီးတယ်၊ လူ ထက် ရောဂါဝေဒနာကိုသာ အရေးထားတယ်ဆိုတာ မင်းနား



"သမားတော်ကြီးရဲ့ စေတနာကို နားလည်ပါတယ်၊ ဒါပေ ကျွန်တော် ရှိနေရင် သမားတော်ကြီး ဒုက္ခရောက်.."

ဝမ်းကျိုးစန်း ရှေ့ဆက်ပြောမထွက်၍ စကားတစ်ပိုင်းတစ်စ ထားလိုက်လေသည်။

ချာလုံက...

"ငါစီမံပေးတဲ့အတိုင်း မင်းလိုက်နာမလား"

"ဟုတ်ကဲ့၊ သမားတော်ကြီး ကြိုက်သလို စီမံပါ"

"မင်းကို ငါ 'ငြိမ်းချမ်း'ဘုံကျောင်းကို ပို့လိုက်မယ်၊ မင်း နေပေါ့၊ မင်းဆီကို ငါ နှစ်ရက်ကြာ တစ်ခါလာပြီး ဆေးကုပေး

ချာလုံ၏အကြံသည် မဆိုးလှပါ။

အားလုံးအတွက် အဆင်ပြေသဖြင့် ဝမ်းကျိုးစန်း သဘော က်သည်။

"ငြိမ်းချမ်းဘုံကျောင်းမှာ မင်းလွတ်လွတ်လပ်လပ် နေနိုင် ဘုံကျောင်းလူကြီးဟာ ငါ့မိတ်ဆွေပဲ၊ မင်းရောက်လာကာစက ျားထိုးတဲ့ သူတော်ကို မှတ်မိသလား"

"မှတ်မိပါတယ်"

"အေး သူဟာ ဘုံကျောင်းရဲ့ လူကြီးပဲ"

ဝမ်းကျိုးစန်းအဖို့ အတိုင်းထက် အလွန်ဝမ်းမြောက်ဖွယ်ပင်

ဖြစ်တော့သည်။

ထိုသူကော်ကြီးသည် လွန်စွာ ပျော်ရွှင်တတ်သူ ဖြစ်

သိုင်းပညာအဆင့်မြင့်ပြီး ကျားထိုးဝါသနာပါသဖြ

အတွက် အဖော်ရမည် ဖြစ်ပေ ည်။

"သူ့နာမည်ဟာ ခုံးကျိန်းလို့ ခေါ်တယ်၊ မင်းကို သူ

ရောက်ထားလိမ့်မယ်"

ဝမ်းကျုံးစန်း ဝမ်းသာအားတက်ဖြစ်ကာ...

"ကျွန်တော် ခုသွားရမှာလားဟင်"

"ကဲ ဆေးသောက်လိုက်ဦး၊ ပြီးရင် အေးအေးဆေ

အနားယူပေတော့၊ မင်းကို ဘယ်သူမှ လာပြီး နှောင့်ယှက်

မဟုတ်ဘူး"

ချာလုံသည် ဝမ်းကျုံးစန်းအား ဆေးတစ်ခွက် တိုက်ပြ

လည်ထွက်ခွာသွားလေသည်။

ဆေးသောက်ပြီး မကြာမီပင် ဝမ်းကျုံးစန်း ငိုက်မြည်

သည်။

စိတ်ထိန်းထားသည့်ကြားမှပင် မေ့းခနဲ အိပ်ပျော်

လေတော့သည်။

♠ ♠ ♠



တစ်ရက်...

နှစ်ရက်...

သုံးရက်...

သုံးရက်ဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

ဝမ်းကျုံးစန်းလည်း ကျန်းကျန်းမာမာ ဖြစ်လာသည်။

နေ့စဉ် ဆေးသုံးခွက်မျှ ခါတိုင်းထက် ပိုသောက်ရသဖြင့်

မြန်စွာ ပြန်လည်ကျန်းမာလာခြင်း ဖြစ်သည်။

ချောင်းဆိုးလည်း ရပ်သွားပြီ ဖြစ်၏။

သို့သော် သမားတော်ကြီးကား သူ့ထံသို့ ရောက်မလာချေ။

သုံးရက်ဟူသောအချိန် ကုန်ဆုံးသွား၏။

စတုတ္ထမြောက်နေ့သို့ ရောက်လာသည်။

ထိုနေ့သည် ရာသီဥတု ကြည်လင်သာယာသောနေ့ ဖြစ်

။

ထိုနေ့သည် ခုတင်ပေါ်တွင် ထိုင်ကာ အပြင်ဘက်သို့ ငေး

နေသည်။

သုံးရက်လုံးလုံး အခန်းအပြင်သို့ မထွက်ခဲ့ချေ။

ထို့ကြောင့် ပျင်းရိသည့်စိတ်များ ဖြစ်ပေါ်လာသည်။

အပြင်ထွက်လျှင် ရှောင်စန်းနှင့် ထပ်မံတွေ့ဦးမည်ကို စိုး

သာကြောင့် အပြင်မထွက်ခြင်း ဖြစ်သည်။

ရှောင်စန်းသည် သူ့ထံသို့ ရောက်မလာတော့ပါ။

ထို့အတူ တန့်လျှံယုလည်း ရောက်မလာချေ။

ဝမ်းကျိုးစန်း၏ရင်ထဲ၌ တန့်လျှံယုကို တွေ့မြင်လိုစိ

ဖြစ်ပေါ်လာသည်။

တန့်လျှံယုသည် တစ်စုံတစ်ခုသော ဝေဒနာခံစား

ဖြစ်ကြောင်း ဝမ်းကျိုးစန်း သိခဲ့ပြီး ဖြစ်သည်။

ဝေဒနာသည်ချင်းအတူတူ ကိုယ်ချင်းစာမိ၏။

ဝမ်းကျိုးစန်းသည် သူနှင့် တွေ့ပြီး စိတ်လှုပ်ရှားကာ

ဝေဒနာထလာခြင်း ဖြစ်ကြောင်း သိရသည်။

မည်သို့သော ရောဂါဝေဒနာ ဖြစ်ကြောင်း သိချင်လာ

သည်။

တန့်လျှံယု၏လှပသော မျက်နှာကလေးကို တရေး

ယောင်လာသည်။

တန့်လျှံယု ရောက်လာလေမည်လားဟူသော အ

အပြင်ဘက်သို့ ငေးကြည့်မိလေသည်။

ဝမ်းကျိုးစန်းတစ်ယောက် အတွေးနယ်ကျွံနေစဉ်

သည် ပန်းဥယျာဉ်အနီးမှ ဖြတ်သွားသည်ကို လှမ်းမြင်လိုက်ရ

သူ့ထံသို့ လာခြင်း မဟုတ်ဘဲ မြောက်ဘက်အဆော

ခပ်သုတ်သုတ်သွားနေကြောင်း တွေ့လိုက်ရသည်။

"အင်း တန့်လျှံယုတော့ ရောဂါသည်းပြီ ထင်တယ်"

ထိုသို့ တွေးမိသည်နှင့် တန့်လျှံယုအား တွေ့လိုစိ



လာသည်။

ဝမ်းကျိုးစန်း စိတ်ပျက်လက်ပျက်ဖြင့် ဆက်၍ ငေးမော

နေလေသည်။

သူကြည့်နေစဉ်အတွင်းမှာပင် ချာလုံ၏တပည့်များ မြောက်

အဆောင်သို့ သွားချည်လာချည်ဖြင့် အလုပ်ရှုပ်နေကြသည်ကို

ရပြန်သည်။

ထို့ပြင် မြောက်ဘက်အဆောင်မှ အော်ဟစ်သံတစ်ချို့

ပေါ်လာသည်ဟုလည်း ကြားသလိုလို ခံစားလာရသည်။

ဝမ်းကျိုးစန်း ဂဏာမငြိမ် ဖြစ်လာတော့သည်။

သူလည်း ထိုင်လိုက်ထလိုက်ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်လာ

ည်။

နောက်ဆုံး စိတ်ကို ချုပ်တည်းမရတော့ပေ။

ပြတင်းပေါက်ဖွင့်ကာ အပြင်ဘက် ထွက်လိုက်တော့၏။

ထို့နောက် မြောက်ဘက်အဆောင်နှင့် နီးကပ်လာသည့်

...

"ခေါ်ပေး...ခေါ်ပေး၊ ကျွန်မ သူ့ကို တွေ့ချင်တယ်"

ဆူညံစွာ အော်ဟစ်နေသော တန့်လျှံယု၏အသံကို ကြားရ

သည်။

ဝမ်းကျိုးစန်း၏ခြေလှမ်းများ ပိုသွက်လာသည်။

တန့်လျှံယု တစ်စုံတစ်ခု ဖြစ်မည်ကို စိုးရိမ်သလို တတ်နိုင်

သမျှ ကူညီရန်လည်း ဆုံးဖြတ်ထားလိုက်လေသည်။

♠ ♠ ♠

တန့်လျှံယု၏အော်သံသည် ဆက်ကာဆက်ကာ ပေ
၏။

ဝမ်းကျုံးစန်း၏ရင်ထဲ၌ လှုပ်လှုပ်ရှားရှား ဖြစ်လာသ

ပထမတစ်ခေါက် ကြည့်ခဲ့သည့်အတိုင်း အဆောင်ကို
ပတ်ကာ သစ်ပင်ကြီးပေါ် ခုန်တက်ရင်း အခြေအနေ ကြည့်
သည်။

အခန်းတွင်း၌ ချာလုံ၊ ရှောင်စန်းနှင့် အမျိုးသမီးကြီး
နေသည်ကို တွေ့ရ၏။

တန့်လျှံယုသည် ခုတင်ပေါ်တွင် ထိုင်ရင်း ငိုကြွေး
ရှိနေ၏။

သူမ ပြောစကားများ မြန်ဆန်လွန်းသဖြင့် ဗလုံးဗ
ဖြစ်နေသည်။

ကောင်းစွာ နားမလည်နိုင်ချေ။

ရှောင်စန်းနှင့် ချာလုံတို့ မျက်နှာပျက်နေကြ၏။

တခဏ အကြာတွင် ချာလုံက ရှောင်စန်းအား လက်
ကာ အပြင်သို့ ခေါ်ထုတ်သွားသည်ကို တွေ့ရ၏။



မကြာမီ ဝမ်းကျုံးစန်း ပုန်းနေသော သစ်ပင်အောက်သို့
ရှိလာကြသည်။

"ဘယ်လိုလုပ်ကြမလဲ"

ချာလုံက စိတ်ပျက်လက်ပျက် မေးလိုက်သည်။

ရှောင်စန်း ခေါင်းကုပ်ကာ...

"ဒုက္ခပဲ သခင်မလေးက ကလေးလိုပဲ၊ သူလိုချင်တာကို မရ
ပူဆာနေတော့တာပဲ"

"ဒါဖြင့် ခင်ဗျားတို့ သူ့ကို ဝမ်းကျုံးစန်းနဲ့ တွေ့ခွင့်ပြုလိုက်

ရှောင်စန်း တွေဝေသွားသည်။

အတန်ကြာအောင် စကားမပြန်ဘဲ နေ၏။

ပြီးမှ မသိမသာ သက်ပြင်းချကာ...

"ဝမ်းကျုံးစန်းဟာ သွေးဘီလူးရဲ့တပည့်ဆိုတာ ခင်ဗျားသိ
း။"

"သူပြောပြလို့ ကျုပ်သိပြီးပါပြီ"

"သွေးဘီလူးဟာ ဘယ်လိုလူစားမျိုးဆိုတာ ခင်ဗျားသိမှာ

ချာလုံ ငိုင်ကျသွားသည်။

သွေးဘီလူးသည် သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်
က်ခြားအောင် ပြုလုပ်ခဲ့သူ ဖြစ်၏။

သိုင်းလောကတွင် သွေးဘီလူးကို ယှဉ်ပြိုင်နိုင်သူဟ
ချေ။

သို့ရာတွင် သွေးဘီလူးသည် သိုင်းလောကတွင် ထ
ကျဲပြီးနောက် ရုတ်တရက် ထူးဆန်းစွာ ပျောက်ကွယ်သွားလေ

အဘယ်ကြောင့် ထိုသို့ ဖြစ်ရသည်ကို မည်သူမျှ မသ

နှစ်ပေါင်းနှစ်ဆယ်လုံးလုံး သတင်းအစအန မကြား
ပြန်လည်ထွက်ပေါ် လာခြင်းလည်း မရှိတော့ပါ။

ထို့ကြောင့် သေဆုံးသွားပြီဟုသာ ယူဆလိုက်ကြ

သွေးဘီလူး သိုင်းလောကမှ ကွယ်ပျောက်သွားပြ
ပေါင်းဆယ်နှစ်နီးပါး အကြာတွင် အဖြူရောင်ဓားသမားဝမ်းက
၏အမည်သည် သိုင်းလောက၌ ပေါ်ထွက်လာ၏။

တမုဟုတ်ချင်းပင် ထိုအမည်သည် သိုင်းလောကတ
ပျံ့နှံ့ကျော်ကြားသွားလေသည်။

ချာလုံ သက်ပြင်းရှည်မှုတ်ထုတ်ရင်း...

"သူတို့ ဆရာတပည့်ရဲ့ လုပ်ရပ်ဟာ ဆန့်ကျင်ဘ
ဝမ်းကျုံးစန်းကတော့ အသက်စွန့်ပြီး အများအကျိုး ဆောင်ရွက်
ဒါကို သိုင်းလောကသားတိုင်း သိကြတယ်"

"ဘာပဲဖြစ်ဖြစ် သူဟာ သွေးဘီလူးရဲ့တပည့်ပဲ"

"သခင်မလေး စိတ်ချမ်းသာဖို့ကကော"

"ကျုပ်နားလည်ပါတယ်ဗျာ၊ ဒါပေမယ့်"



"ဒါပေမယ့် ဘာဖြစ်လဲ"

"ကျုပ်က သူ့ကို မောင်းထုတ်ဖို့ ကြိုးစားခဲ့သေးတယ်"

"ခင်ဗျား သူ့ကို သွားမခေါ်ဘူးပေါ့"

"သမားတော်ကြီး နားလည်မှာပါ"

ပြောပြီးနောက် အဆောင်ထဲသို့ ပြန်ဝင်သွားသည်။

ချာလုံလည်း ဆရာရှောင်စန်းနှင့်လမ်းခွဲကာ သူ၏ အ
သို့ ပြန်သွားလေတော့သည်။

ချာလုံနှင့် မရှေးမနှောင်းမှာပင် ရှောင်စန်းသည် အဆောင်
ထွက်ကာ တစ်ဘက်သို့ ခပ်သုတ်သုတ် ထွက်သွားသည်ကို
င်လိုက်ရလေသည်။

♠ ♠ ♠

ချာလုံနှင့် ရောင်စန်းတို့ ထွက်သွားကြပြီ ဖြစ်သည်
ဝမ်းကျုံးစန်းသည် သစ်ပင်တစ်ပင်ပေါ်မှ ခုန်ဆင်း
သူ၏အဆောင်သို့ ပြန်သွားရန် ခြေလှမ်းပြင်လိုက်
ထိုစဉ် အဆောင်အတွင်းမှ တန့်လျှံယု၏အော်သံမျာ
ညံညံ ထွက်ပေါ်လာသည်ကို ကြားလိုက်၏။

မကြာပါချေ။

အမျိုးသမီးကြီး ခေါင်းငုံ့ကာ ထွက်လာသည်ကို
သည်။

ဝမ်းကျုံးစန်းမှာ အဆောင်ထဲမှ အသံကို ငေး
ထောင်နေမိခြင်းကြောင့် အမျိုးသမီးကြီး ထွက်လာသေ
မရှောင်သာ ဖြစ်သွား၏။

အမျိုးသမီးကြီးသည် ငေးငိုင်ရပ်နေသော ဝမ်းကျုံး
မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရာ အံ့အားသင့်သွားရပြီး...

"ဟင် မင်း ဘယ်သူလဲ၊ ဒီမှာ ဘာလာလုပ်တာလဲ"

ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်းက ဦးညွတ်လိုက်ကာ...

"ကျွန်တော်က ဝမ်းကျုံးစန်းပါ"

အမျိုးသမီးကြီး ဝမ်းသာသွားသည်။

"မြန်မြန်လာစမ်းပါ မောင်ရင်ရယ်၊ မင်းကို မတွေ့
သခင်မလေး တစ်စုံတစ်ခု ဖြစ်သွားမလား မဆိုနိုင်ဘူး"



ပြောပြောဆိုဆို ဝမ်းကျုံးစန်း၏လက်ကို ဆွဲကာ ခေါ်သွား

ဝမ်းကျုံးစန်း နောက်မှ လိုက်သွား၏။

မကြာပါချေ။

တန့်လျှံယု၏အခန်းတွင်းသို့ ရောက်ရှိသွားသည်။

ဝမ်းကျုံးစန်း ရောက်လာသည်ကို တွေ့သောအခါ တန့်လျှံ
ခုတင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး...

"ရှင်..ရှင် ကျွန်မကို လာတွေ့တယ်နော်"

ဝမ်းသာအားရ လှမ်းပြောသည်။

ဝမ်းကျုံးစန်းက နှစ်သိမ့်ပြုံး ပြုံးပြလိုက်ယင်း...

"ဟုတ်ပါတယ်၊ သမားတော်ကြီးက ဒီအဆောင်ဘက် ကုံး
သန်းချည် လုပ်နေတာကို တွေ့လို့ ညီမများ တစ်ခုခု ဖြစ်နေ
ဆိုတာ စိုးရိမ်ပြီး သတင်းလာမေးတာပါ"

တန့်လျှံယု လှပစွာ ပြုံးလိုက်သည်။

"ကျွန်မ နေမကောင်းတာတော့ အမှန်ပဲ၊ ဒါပေမယ့်
ငှက်ထောင်တစ်ခုလို မျက်ခြည်မပြတ် စောင့်ကြည့်ခံနေရတဲ့
ထဲမှာ တစ်ချိန်လုံး မနေနိုင်ဘူးရှင့်၊ ဦးလေးရောင်တို့နဲ့ စကား
ရတာလဲ ပျော်စရာမကောင်းဘူး၊ ဒါကြောင့် ရှင့်ကို တွေ့ချင်

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

“ညီမ ဘာတွေ ပြောချင်လို့လဲ”

“အို ကျွန်မမှာ မေးစရာ စကားတွေ အများကြီး ရှိ
ရှင့်”

ဝမ်းကျုံးစန်း ပြုံးလိုက်သည်။

“ညီမ ဘာမေးချင်လို့လဲ မေးစရာရှိတာ မေးလေ၊ ကျု
သလောက် ဖြေပါ့မယ်”

“ရှင်ဟာ သိုင်းသမား မဟုတ်လား”

“ဟာ”

တန့်လျှံယု၏အမေးစကားသည် ဝမ်းကျုံးစန်း မျှော်
ထားသည့် စကားမျိုး မဟုတ်ချေ။

ထို့ကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားမိ၏။

“ရှင်သိုင်းပညာတတ်တယ် မဟုတ်လားလို့ မေးတာ

“အင်း အနည်းအကျဉ်းတော့ တတ်ပါတယ်”

ဝမ်းကျုံးစန်း အလိုက်သင့် ဖြေလိုက်ရ၏။

တန့်လျှံယု ကျေနပ်သွားသည်။

“ဟိုတစ်နေ့က ရှင် ခုန်ပျံပြီး လိပ်ပြာဖမ်းပေးသလို သ
ပေးနိုင်မလား”

“သင်ပေးနိုင်ပါတယ်၊ ဒါထက် ညီမက ဘာကြောင့် သင်
ရတာလဲ”

“အို ကျွန်မသာ တတ်ယင် ဘယ်သူ့ အကူအညီမှ မယူ



လေးတွေ လိုက်ဖမ်းနိုင်တာပေါ့”

ဝမ်းကျုံးစန်း မရယ်မိအောင် စိတ်ချုပ်တည်းထားလိုက်ရ

“ဆရာရှောင်စန်းလည်း သိုင်းပညာတတ်တာပဲ၊ သူ့ကို
င်းပါလား”

“မဖြစ်ဘူး...မဖြစ်ဘူး၊ ဦးလေးရှောင်က သိပ်ပြီး စကားများ
၊ ကျွန်မကို ချုပ်ချယ်ဖို့ပဲ စဉ်းစားနေတာ၊ ပြီးတော့ ဦးလေး
င့်ရဲ့ သိုင်းပညာက ရှင့်လောက် မတော်ပါဘူး”

ဝမ်းကျုံးစန်း အားတုန့်အားနာ ဖြစ်သွားမိသည်။

အထိန်းတော်ကူးက ကြားဝင်ပြောလိုက်၏။

“ဦးလေးရှောင်ဟာ သခင်မလေး ပင်ပန်းမှာစိုးလို့ သိုင်း
သင်မပေးတာပါ၊ သခင်မလေးရယ် သိုင်းလောက,က ရှုပ်ထွေး
လှပါတယ်”

တန့်လျှံယု ခြေဆောင့်လိုက်သည်

“ဟင့်အင်း သိုင်းလောကအကြောင်း ကျွန်မသိချင်တယ်၊
ကို ကျွန်မကို ပြောပြရမယ်နော်”

တန့်လျှံယုက ဝမ်းကျုံးစန်းကို လှမ်းပြီး တိုင်လိုက်၏။

ဝမ်းကျုံးစန်း အဖြေရကျပ်သွား၏။

အထိန်းတော်ကြီးကူးသည် တန့်လျှံယုနှင့် သိုင်းလောက
များ ပတ်သက်မည်ကို လိုလားပုံ မရသောကြောင့် ဖြစ်၏။

တန့်လျှံယုက...

"အစ်ကို သိုင်းလောကအကြောင်း ပြောပြရမယ်၊ 
လောကထဲ အလည်အပတ်ပို့ရမယ်နော်"

ဝမ်းကျုံးစန်း ထွက်ပေါက်တစ်ခု စဉ်းစားမိသဖြင့်...

"ကျုပ်လိုက်ပို့ချင်ပါတယ်၊ ဒါပေမယ့် ဒီမှာ ဆေးလာ
ရတော့ မသွားနိုင်သေးဘူး"

တန့်လျှံယု မျက်မှောင်ကုပ်သွားသည်။

"အစ်ကိုကလဲ ဝေဒနာသည် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လိုဝေဒနာ ခံစားနေရတာလဲဟင်"

"ကျုပ်.."

ဝမ်းကျုံးစန်း ဖြေသင့် မဖြေသင့် ဝေခွဲရခက်သွားသ

"ဘယ်လိုဝေဒနာ ခံစားနေရတယ်ဆိုတာ ပြောလေ၊ 
တော်က ပျောက်အောင် မကုနိုင်ယင် ဖေဖေရဲ့သမားတော်

"သခင်မလေး"

သူမ၏စကားမဆုံးမီ အထိန်းတော်ကြီးကူးက ကြားဝ
တားလိုက်၏။

တန့်လျှံယုက လှမ်းကြည့်ယင်း...

"ဒေါ်ဒေါ်ကူး ဘာဖြစ်လို့လဲဟင်"

"ဩော် သခင်မလေး ဆေးသောက်ဖို့ အချိန်ရောက်ပြီ



းသောက်ရဦးမယ် မဟုတ်လား"

ဝမ်းကျုံးစန်းက အလိုက်သိစွာဖြင့်...

"ကဲ ညီမ အစ်ကို ပြန်ဦးမယ်၊ မကြာမကြာ လာလည်မှာ
ညီမသိချင်တာတွေကို နောက်မှ ပြောပြမယ်နော်"

"ဟုတ်ကဲ့"

တန့်လျှံယုက မဖြေချင် ဖြေချင် ဖြေလိုက်၏။

ဝမ်းကျုံးစန်းက အထိန်းတော်ကြီးကူးကို နှုတ်ဆက်ကာ ပြန်
ည်ထွက်လာခဲ့လေသည်၊

တန့်လျှံယုထံမှ ထွက်လာသောအခါ သူ၏ရင်ထဲ၌ ဟာနေ
ကဲ့သို့ ခံစားလိုက်ရလေသည်။

♠ ♠ ♠

နောက်တစ်နေ့...

နောက်တစ်နေ့ နံနက်လင်းလျှင် လင်းချင်း တံခါးခေါက်သံ
က်ပေါ် လာသည်။

"ဒေါက်..ဒေါက်..ဒေါက်"

ဝမ်းကျုံးစန်းသည် ခုတင်ပေါ်မှ လူးလိမ့်ထကာ တံခါးဖွင့်
းလိုက်သည်။

တံခါးဝတွင် ရပ်နေသူမှာ သူမျှော်လင့်ထားသော သမား

တော်ချာလုံ မဟုတ်ဘဲ တန့်လျှံယု ဖြစ်နေသည်ကို တွေ့ရလေ

ဝမ်းကျုံးစန်း အံ့သြသွားပြီး…

"ဟင် ညီမ စောစောစီးစီး ဘာကိစ္စများ ရှိလို့လဲ"

"ကိစ္စရှိမှ လာရမှာလား"

တန့်လျှံယု မကျေမနပ်ဖြင့် နှုတ်ခမ်းစူယင်း ပြန်မေး

"ဒီလို သဘောမျိုး မဟုတ်ပါဘူး ညီမရယ်၊ ညီမ

မကောင်းဘူး မဟုတ်လား"

"အို ကျွန်မနေကောင်းပါပြီရှင်"

ဝမ်းကျုံးစန်းသည် တန့်လျှံယုကို အကဲခတ်ကြည့်လိုက်

မှန်ပေသည်။

တန့်လျှံယုမှာ ရွှင်ရွှင်လန်းလန်းရှိကာ ဝေဒနာခံစားရ

အရိပ်အရောင် မတွေ့ရချေ။

သူမ၏ထူးခြားသော ဝေဒနာကို တွေးယင်း ဝမ်းကျုံး

အံ့သြမိလေသည်။

ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ပင်ပန်းခြင်း စသည့်ဒဏ်

မခံနိုင်သော ရောဂါသည် မည်သည့်ရောဂါမျိုးနည်း။

ထိုသို့သော ရောဂါမျိုး ရှိသူသည် သိုင်းပညာသင်ယ

လုံးဝမဖြစ်နိုင်ပါ။

ဝမ်းကျုံးစန်း တွေးတောယင်း ကြားဖူးနား၀ ရှိသော

ဆန်းသည့် ဝေဒနာတစ်မျိုးကို သတိရလာသည်။



ထိုဝေဒနာသည် နှလုံးသွေးကြောများနှင့် ပတ်သက်နေ၏။

စိတ်လှုပ်ရှားသည်နှင့်ပင် မောဟိုက်လာသည်။

တစ်ကိုယ်လုံး ချွေးစေးများ ထွက်ကာ ဦးခေါင်းမူးနောက်

တတ်ပေသည်။

ယင်းဝေဒနာကို ကုသရန် အချိန်များစွာ ကြာတတ်သည်။

ကံကောင်းထောက်မသူ အချို့သာလျှင် အသက်ရှင်သန်ခွင့်

အများအားဖြင့်မူ ထိုရောဂါဖြင့်ပင် ကွယ်လွန်ရသည်။

ထို့ကြောင့်…

ရှောင်စန်းနှင့် အထိန်းတော်ကြီးကူးတို့က တန့်လျှံယု

က် စိုးရိမ်ပူပန်နေကြသည်မှာ အပြစ်ဆိုဖွယ်ရာ မရှိချေ။

ဝမ်းကျုံးစန်းသည် ဝေဒနာသည်ချင်း ကိုယ်ချင်းစာကာ တန့်

ကို တတ်နိုင်သမျှ ကူညီရန် ဆုံးဖြတ်လိုက်၏။

"အစ်ကို ဘာတွေ စဉ်းစားနေတာလဲ"

ခပ်ငေးငေး ဖြစ်နေသော ဝမ်းကျုံးစန်းကို တန့်လျှံယုက

က်ကာငင်ကာ မေးလိုက်သည်။

"ဪ ညီမရဲ့ရောဂါအကြောင်း စဉ်းစားနေတာပါ"

တန့်လျှံဟု ရယ်မောလိုက်သည်။

"ကျွန်မ ဘာမှ မဖြစ်ပါဘူး၊ ကျွန်မအတွက် မစိုးရိမ်ပါနဲ့၊

မကသာ အစ်ကို့အတွက် စိုးရိမ်နေတာ"

"ဟင် အစ်ကိုက ဘာဖြစ်လို့လဲ"

"အစ်ကိုပဲ ရောဂါဝေဒနာခံစားနေရတယ်ဆို"

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်သည်။

"အစ်ကို့ရောဂါက မဖြစ်စလောက်ပါ"

"ဒေါ်ဒေါ်ကူးပြောတော့ အစ်ကို့ရောဂါဟာ သိုင်း
အသုံးပြုလို့ မရဘူးဆို၊ အစ်ကို့ကို ခင်ရင် သိုင်းပညာ မသင်နိုင်
လို့ ပြောတယ်"

ဝမ်းကျုံးစန်း ရင်ထိတ်သွားသည်။

သမားတော်ချာလုံမှတစ်ဆင့် သူ၏ရောဂါ အခြေအ
ရှောင်စန်းတို့လူစု သိသွားကြပြီ ဖြစ်ကြောင်း နားလည်လိုက်
သည်။

"အစ်ကို ဒေါ်ဒေါ်ကူးပြောတာ အမှန်ပဲလားဟင်"

ဝမ်းကျုံးစန်း မလိမ်ညာလိုသဖြင့် ခေါင်းညိတ်လိုက်

"ဟုတ်ပါတယ်"

တန့်လျှံယု မျက်နှာညှိုးသွားသည်။

"ဒါဖြင့် ကျွန်မကို သိုင်းပညာသင်မပေးနိုင်တော့ဘူ

"ဒါကတော့.."

သူ၏စကားမဆုံးမီ တန့်လျှံယု ခြေဆောင့်ကာ...

"ကျွန်မက သိုင်းပညာသိပ်ပြီး တတ်ချင်တာ အစ်
မပေးနိုင်ဘူးဆိုတော့ ဘယ်လိုလုပ်မလဲ၊ အစ်ကိုပဲ သင်ပေး



ပေးထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ အစ်ကို့ရောဂါ ပျောက်သွားယင် သင်ပေးပါ့

"ဒါဖြင့် သိုင်းလောကအကြောင်း ပြောပြ"

တန့်လျှံယုသည် ကလေးတစ်ယောက်လိုပင် ဖွတ်အတင်း
လသည်။

"ကဲ ညီမ ဘာသိချင်သလဲပြော"

တန့်လျှံယု အနည်းငယ် စဉ်းစားလိုက်ပြီး...

"အစ်ကို သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့တာ
လား၊ တိုက်ပွဲ အတွေ့အကြုံရှိခဲ့မှာပေါ့နော်"

"ဒါပေါ့"

"ဒါဖြင့် အစ်ကိုကြုံတွေ့ခဲ့ရတဲ့ တိုက်ပွဲတစ်ခုကို ပြောပြပါ"

တန့်လျှံယုသည် အေးအေးဆေးဆေး နားထောင်ရန် ဆိုး
ားဟန်ဖြင့် အခန်းရှေ့သို့ ထိုင်ခုံတစ်လုံးတွင် သွားရောက်ထိုင်
၏။

ဝမ်းကျုံးစန်းကလည်း သူမနှင့် မနီးမဝေး ခုံတစ်လုံးတွင်
လိုက်သည်။

ထို့နောက် မည်သည့်အကြောင်းအရာ ပြောပြရမည်ကို စဉ်း

ထိုအခါ...

အဖြစ်အပျက်တစ်ခုကို ဖျတ်ခနဲ သတိရလာလေ


"ညီမစိတ်ဝင်စားတယ်ဆိုယင် အစ်ကိုပြောပြပါ့မ
ဖြစ်အပျက်ဟာ အမှန်တကယ် ဖြစ်ပျက်ခဲ့တာပေါ့"


ဝမ်းကျုံးစန်းက သူကြုံတွေ့ခဲ့ရသည့် တိုက်ပွဲတစ်ပွဲ
ဝင်စားဖွယ် စီကာပတ်ကုံး ပြောပြလိုက်လေသည်။

တန့်လျှံယုကား ဝမ်းကျုံးစန်း ပြောသမျှကို စိတ်ဝ
ဖြင့် ငြိမ်သက်စွာ ငေးမောနားထောင်လျက် ရှိနေလေတော

ဒုတိယပိုင်း ပြီး၏။

တ-ဓာတ်သိမ်းတွင် ဆက်လက်ဖတ်ရှုပါရန်။


ဘုန်းကြွယ်
မုယုံမီ၏စင်ကန်ချန်း
ဆိုးမွေကောင်းမွေ
သိုင်းတေလေ


ဘုန်းကြွယ်
မုယုံမီ၏စင်ကန်ချန်း
ဆိုးမွေကောင်းမွေ
သိုင်းတေလေ
တတိယပိုင်း
ဇာတ်သိမ်းပိုင်း

ဘုန်းကြွယ်

# [illegible]

တတိယပိုင်း (ဇာတ်သိမ်း)

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၆၃၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၉၇၁၀၁၀

၂၀၁၁ ခုနှစ်၊

ပထမအကြိမ်၊ အုပ်ရေ-၅၀၀

တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**

ဦးကျော်ဟင်း (ယုံကြည်ချက် စာပေ)

အမှတ် ၁၁၁၊ ၃၃ လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**

ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)

၉ (H)၊ နဝရတ်ရိပ်သာလမ်း

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**

ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)

အမှတ် (၁၄၀)၊ ၄၅- လမ်း၊

ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။


**ဒို့တာဝန်အရေးသုံးပါး**

ည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

ိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

ျုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ည်ပအား ကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

ိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး

များအား ဆန့်ကျင်ကြ။

ိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား

န့်ကျင်ကြ။

ည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

ိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊

မျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

ိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊

ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော

ိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

က်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်

အောင် တည်ဆောက်ရေး၊

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊

ည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်

ာင် တည်ဆောက်ရေး၊

ိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား

ည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊

ျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာ

မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

ျစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## ထိပ်တိုက်

တောင်ပိုင်း ပင်လယ်ကမ်းခြေ...။

ပင်လယ်ကမ်းခြေအနီးရှိ တောမြို့ကလေးတစ်မြို့သို့ ဝမ်း
စန်း ရောက်ရှိလာခဲ့သည်။

သူရောက်လာရသည့်အကြောင်းမှာ သိုင်းလောကတွင်
တိုင်းကျဲကာ မင်းမူသောင်းကျန်းနေသော မြေခွေးထောင်စင်းနှင့်
ဆိုင်ရန်ဖြစ်သည်။

မြေခွေးထောင်စင်းသည် ဝမ်းကျုံးစန်း၏စိန်ခေါ်မှုကို
ခံကာ တောင်ပိုင်းပင်လယ်ဘဲသောင်ပြင်၌ ယှဉ်ပြိုင်တိုက်ခိုက်
ရန်းဆိုလိုက်ခြင်းကြောင့် ဝမ်းကျုံးစန်း ရောက်ရှိလာခြင်းဖြစ်သည်
သည်း ဆိုနိုင်ပေသည်။

ငါးလပိုင်း သုံးရက်နေ့...။

သုံးရက်နေ့ နံနက်ခင်းသို့ရောက်သည်နှင့် ဝမ်းကျုံးစ
အဖြူရောင်ဓားကို ခါးတွင်ချိတ်ကာ ပင်လယ်ကမ်းစပ်ဆီသို့
လာခဲ့လေသည်။

မြေခွေးထောင်စင်းနှင့် ယှဉ်ပြိုင်ရန်ချိန်းဆိုမှုမှာ လှို
ထားသောကိစ္စ ဖြစ်လေသည်။

ထို့ကြောင့် ပွဲကြည့်ပရိတ်သတ်ဟူ၍ မရှိချေ။

ပင်လယ်ကမ်းစပ်တလျှောက် လူသူတစ်စုံတစ်ယော
မရှိဘဲ ရှင်းလင်းနေသည်။

ချိန်းဆိုထားသော ပင်လယ်ကမ်းခြေသောင်ပြင်သို့ ဝမ်
စန်းရောက်လာသောအခါ မြေခွေးထောင်စင်း မရောက်သေး

ဝမ်းကျုံးစန်းသည် မြေခွေးထောင်စင်းကို စောင့်ဆိုင်း
ပင်လယ်ထဲမှ ထွက်ပြူလာသည့်နေမင်းကို ငေးမောကြည့်
သည်။

နေမင်းကြီးဆီမှ ယှက်ဖြာထွက်ပေါ်လာသည့် ရောင်
သည် ပင်လယ်ပြင်သို့ နီစွေးစွေးအရောင် တဖျတ်ဖျတ်တော
နေစေ၏။

ပတ်ဝန်းကျင်တစ်ခွင်လုံး သာယာလှပနေသည်။

ဆားနံ့ပါပြီး အေးမြလတ်ဆတ်သော ပင်လယ်လေ
တသုန်သုန် တိုက်ခတ်လျက်ရှိသည်။



ဝမ်းကျုံးစန်း၏ အဝတ်အစားများ လေထဲတွင် တဖျတ်ဖျတ်
နှင့်လှုပ်ရှားနေပေသည်။

ယှဉ်ပြိုင်တိုက်ခိုက်ရန် ချိန်းဆိုထားသည့်အချိန် ရောက်ပြီဟု
ကျုံးစန်း တွေးမိသည်။

ထို့ကြောင့်...

"မြေခွေးထောင်စင်းက စကားတစ်လုံးပြောပြီးယင် ပြန်
ဘူးလို့ နာမည်ကြီးနေတာပဲ၊ ဘာကြောင့် ချိန်းထားတဲ့အချိန်
က်မလာသေးတာလဲ"

ဝမ်းကျုံးစန်းက တစ်ကိုယ်တည်း ရေရွတ်သလိုဖြင့် အသံ
အောင် ပြောဆိုလိုက်သည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံကြီးထွက်ပေါ်လာသည်ကို
းလိုက်ရတော့သည်။

ရယ်သံ ထွက်ပေါ်လာရာဆီသို့ ကြည့်လိုက်သောအခါ ပင်
်ကမ်းစပ်တစ်နေရာရှိ ကျောက်ဆောင်ကြီးတစ်ခုပေါ်တွင် လူ
ယောက် မားမားမတ်မတ် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေ
ည်။

ထိုလူသည် အဝါရောင်အဝတ်အစားများ ဝတ်ဆင်ထား၏။
မျက်နှာတွင် မုတ်ဆိတ်မွေး ပါးသိုင်းမွေးထူထပ်စွာ ရှိနေ

သည်ကို တွေ့ရသည်။

ခန္ဓာကိုယ် ထွားကျိုင်းသန်မာပြီး အပြားကြီးသော
တစ်လက် ခါးတွင်ချိတ်ဆွဲထားသည်။

ထိုလူကား သိုင်းလောကတွင် မင်းမူသောင်းကျန်း
မြွေခွေးထောင်စင်းပင် ဖြစ်ပေတော့သည်။

ထောင်စင်း အသံဝါကြီးဖြင့် တဟားဟား ရယ်မော

"အဖြူရောင်ဓား ဝမ်းကျုံးစန်းဟာ နာမည်ကြီးသ
လူကတော့ မဟန်ပါလား၊ ငါက မင်းကို အသက်ခြောက်
လောက်ရှိတဲ့ အဘိုးကြီးလို့ ထင်နေတာကွ"

ဝမ်းကျုံးစန်းက ပြုံးလိုက်သည်။

"အသက်ကြီးတာ ငယ်တာက အရေးမကြီးပါဘူးဗျ၊
ကြီးတာက သိုင်းပညာပဲ"

မြွေခွေးထောင်စင်း ခေါင်းညိတ်လိုက်သည်။

"မှန်တာပေါ့ကွာ၊ ငါသာ မင်းကို နှစ်ပိုင်းပိုင်းလိုက်
သိုင်းလောကမှာ ငါ့ကိုမော်ကြည့်ဝံ့တဲ့လူတောင် ရှိတော့မှာမ
ဘူး"

ထိုစကားကြောင့် ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်
မြွေခွေးထောင်စင်းကိုကြည့်ကာ...

"ခင်ဗျား မှားနေပြီ၊ မကောင်းမှု ဒုစရိုက်ကျူးလွန်တဲ့
ဘယ်သူမှ ဒီအတိုင်းလွှတ်ထားကြမှာ မဟုတ်ဘူး၊ လက်ပိုက်



မှာလည်း မဟုတ်ဘူး ကျုပ် ခင်ဗျားကို မနိုင်ယင်တောင် ခင်
ကို ဆုံးမမယ့်လူ ပေါ်လာဦးမှာပဲ"

ဟု ပြောလိုက်သည်။

ထောင်စင်း သဘောကျစွာဖြင့် ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား..မင်းရဲ့စကားအရဆိုယင် မင်းကိုယ်
က ငါ့ကိုနိုင်မှာမဟုတ်ဘူးဆိုတာ ကြိုပြီးသိထားသလိုပါလား"

ဝမ်းကျုံးစန်းက...

"ကျုပ် ခင်ဗျားကို သေချာပေါက် အနိုင်ရမယ်ဆိုတာ သိပါ
၊ ခင်ဗျားရဲ့စိတ်ထားပြောင်းလဲသွားစေချင်လို့ ပြောနေတာပါ"

ဟုပြောလိုက်သည်။

မြွေခွေးထောင်စင်းသည် ကျောက်ဆောင်ပေါ်မှ သောင်
ပေါ်သို့ ခုန်ဆင်းလာ၏။

လွှားခနဲ ခုန်ဆင်းလာဟန်မှာ သားကောင်ကို ခုန်အုပ်လိုက်
ကျားတစ်ကောင်နှင့်တူလှပေသည်။

ဝမ်းကျုံးစန်းနှင့်မျက်နှာချင်းဆိုင်မိသည်နှင့် မြွေခွေး
ထောင်စင်းက...

"ငါ့စိတ်ထားပြောင်းလဲသွားအောင် ဘယ်သူမှ တတ်နိုင်မှာ
မဟုတ်ဘူး၊ မင်းလည်း တတ်နိုင်မှာမဟုတ်ဘူး၊ တစ်ခုတော့ရှိတယ်၊
သေသွားယင် ငါဘာလုပ်ပေးရမလဲ၊ မင်းဆန္ဒရှိတာသာ ပြောခဲ့
ငါကူညီပေးပါ့မယ်"

ဟု ဝှံကြွားစွာ ပြောလိုက်သည်။

ဝမ်းကျုံးစန်းက...

"ကိစ္စမရှိပါဘူးဗျာ"

ထောင်စင်းက...

"ကောင်းပြီလေ၊ ကဲ မင်းက စတိုက်မလား၊ ငါက စပြ

ရမလား"

ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်းက တည်ကြည်သော မျက်နှာထားဖြင့်

လိုက်သည်။

"ခင်ဗျား စပါ"

မြေခွေးထောင်စင်းသည် ဝမ်းကျုံးစန်းကို ခြေဆုံးခေါင်

ကြည့်လိုက်လေသည်။ ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး...

"ငါက အသက်ကြီးတော့ လူကြီးကလူငယ်ကို အနိုင်

သလိုဖြစ်နေမှာပေါ့"

ဟု ပြောလိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ခင်ဗျားသာ ကျုပ်ကို နိုင်အောင်တိုက်

ထောင်စင်း ဒေါပွသွားသည်။

"မင်း တော်တော်လေကျယ်ပါလား၊ ကဲ သတိသာထား

တော့"



စကားဆုံးလျှင် ထောင်စင်းက စတင်တိုက်ခိုက်လိုက်လေ

သူ၏တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိ ပြင်းထန်လှ၏။

ဓားရိပ်များသည် ပင်လယ်ပြင်မှ ဒေါသဟုန် ပြင်းထန်သော

လုံးကြီးများပမာ ဝမ်းကျုံးစန်းကို လွှမ်းခြုံသွားသည်။

ဝမ်းကျုံးစန်းက နောက်မဆုတ်ဘဲ ဓားရိပ်များအကြား လူး

လှုပ်ရှားကာ ရှောင်တိမ်းလိုက်လေသည်။

မုန်တိုင်းကျသည့် ပင်လယ်ပြင်တွင် နဂါးတစ်ကောင် မြူး

ပျော်ပါးနေသည့်ပမာ ဓားကို လုံးဝမထုတ်ဘဲ လူးကာလွန့်ကာ

င်တိမ်းသည်။

ပြန်လည်တိုက်ခိုက်ခြင်းလည်း မပြုချေ။

ထောင်စင်းသည် ခွန်အားစိုက်ကာ ပြင်းပြင်းထန်ထန်

က်ခိုက်သော်လည်း ဝမ်းကျုံးစန်း၏အင်္ကျီစကိုပင် ထိအောင်

က်နိုင်သဖြင့် ဒေါသချောင်းချောင်း ထွက်လာလေ၏။

အံကို တင်းတင်းကြိတ်ယင်း...

"မင်း ဘယ်လောက်အထိ ရှောင်နိုင်မလဲ"

ဟုပြောယင်း တရကြမ်း တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠

ပင်လယ်ကမ်းခြေရှိ သဲသောင်ပြင်၌ လူနှစ်ယောက်
နိုက်နေပေသည်။

ထိုလူနှစ်ဦးမှာ ထောင်စင်းနှင့် ဝမ်းကျုံးစန်းတို့ပင်
တော့သည်။

ထောင်စင်းမှာ ဝမ်းကျုံးစန်းအား ပြင်းပြင်းထန်ထန်
နိုက်နေပေသည်။

သို့ရာတွင် ထောင်စင်းသည် သိုင်းကွက်သုံးဆယ်
တိုက်နိုက်ပြီးသည်အထိ ဝမ်းကျုံးစန်းကို ထိအောင်မတိုက်နိုင်

သိုင်းကွက်သုံးဆယ်ကျော်သည့်အခါ ဝမ်းကျုံးစန်းက
လိုက်ပြီး...

"ခင်ဗျားကို သိုင်းကွက်သုံးဆယ် အသာပေးခဲ့ပြီးပြီ၊
ခါကျုပ်အလှည့်ပဲ၊ ကျုပ်ရဲ့ဓားကွက်နှစ်ကွက် ရှောင်နိုင်ယင် ခင်
ကိုကျုပ် အရှုံးပေးလိုက်မယ်"

ဟုပြောလိုက်ပြီး အဖြူရောင်ဓားကို ဆွဲထုတ်လိုက်သ
ဓားရောင်များ ဝင်းလက်သွား၏။

အဖြူရောင်အလင်းသည် ဝန်းကျင်တစ်ခုလုံးကို ယှက်
လွှမ်းမိုးသွားသယောင် ထင်မှတ်ရသည်။

ထောင်စင်း မျက်လုံးများ ကျိန်းစပ်သွား၏။

အခြေအနေမဟန်မှန်းသိ၍ ချက်ချင်းနောက်ဆုတ်ရန်
စားလိုက်လေသည်။



သို့သော် နောက်ကျသွားခဲ့ချေပြီ။

သူ၏ခြေထောက်တစ်ဘက်တွင် ပြင်းထန်သောနာကျင်မှု
ခံစားလိုက်ရသည်။

မျက်လုံးထဲတွင် သွေးရောင်များ ရဲခနဲဖြာသွားသည်ကို မြင်
ရသည်။

"အား"

ထောင်စင်း လွှတ်ခနဲ အော်လိုက်မိသည်။

သူ၏လက်ထဲမှ ဓားပြားကြီးသည် သဲသောင်ပြင်ပေါ် လွတ်
ွားသည်။

သူ၏ခန္ဓာကိုယ်သည်လည်း သဲသောင်ပြင်ပေါ် ပုံလျက်
လဲကျသွားတော့သည်။

သူ၏ခြေထောက်တစ်ဘက်သည် ခန္ဓာကိုယ်မှ ဖယ်ခွာသွား
လေသည်။

♠ ♠ ♠

ပြင်းထန်သောနာကျင်မှုက တစ်ကိုယ်လုံး ဖိစီးနေ

ထောင်စင်း အံကြိတ်ထားသော်လည်း အသည်းခိုက်

နာကျင်နေသည့်အတွက် မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေသည်။

သူ၏ခြေထောက်တွင် သွေးချင်းချင်းနီရဲနေပေသည်

ဝမ်းကျုံးစန်း၏ အဖြူရောင်ဓားသည် ဓားအိမ်ထဲသို့

ရှိသွားပြီဖြစ်သည်။

ဝေဒနာ မရှိမဆန့်ခံစားနေရသော ထောင်စင်းကိုကြည့်

"ခင်ဗျားခြေထောက် သွေးကြောတွေ ဖိတ်ထား

ကောင်းမယ်၊ သွေးထွက်လွန်ယင် ဒုက္ခရောက်သွားနိုင်တယ်

ဟု ပြောလိုက်သည်။

ထော်စင်းသည် ဝေဒနာခံစားနေရသည့်ကြားမှ..

"စကားမရှည်နဲ့ ငါ့ကို သတ်ပစ်လိုက်"

ဟု အံတင်းတင်းကြိတ်ကာ ပြောလိုက်၏။

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ခင်ဗျားကို မသတ်ပါဘူး"

"ဘာ"

"ကျုပ် ခင်ဗျားကို မသတ်ဘူး"

ထောင်စင်း အံ့အားသင့်သွားသည်။

ရင်ဆိုင်တိုက်ခိုက်ပြီး တိုက်ပွဲ၌ရှုံးသူသည် အသက်သေ

ရမည်ဟု သူခံယူထားလေသည်။



အကယ်၍ ရှုံးသူကို အသက်ချမ်းသာပေးလိုက်ပါက

ကောင်းအေးမည်မဟုတ်ပေ။

ထို့ကြောင့် တိုက်ပွဲအပြီးတွင် နိုင်သူက ရှုံးသူကို တစ်လက်စ

းကိစ္စတုံး စီရင်ပစ်ခဲ့သည်ချည်းသာဖြစ်ပေသည်။

ယခုမူ ဝမ်းကျုံးစန်းက ထိုသို့မဟုတ်ပေ။

သူ့ကို အသက်ချမ်းသာခွင့်ပေးလေသည်။

ထောင်စင်းက...

"ငါ့ကို မသတ်ယင် ငါကမင်းကို တစ်နေ့ပြန်သတ်မယ်ဆို

မင်းမတွေးမိဘူးလား"

ဟု ဝမ်းကျုံးစန်းအားကြည့်ကာ မေးလိုက်သည်။

ဝမ်းကျုံးစန်း ပြုံးလိုက်သည်။

"လူကောင်းဘဝမှာတောင် ကျုပ်ကို မနိုင်ယင် ဒုက္ခိတဘဝ

က်မှတော့ ခင်ဗျားက ကျုပ်ကို ဘယ်လိုလုပ်ပြီးနိုင်တော့မှာလဲ"

"မင်း"

ထောင်စင်း ရှေ့စကား မဆက်နိုင်တော့ချေ။

ဝမ်းကျုံးစန်းက...

"ကဲ..ခင်ဗျား မလုပ်ယင် ကျုပ်လုပ်ပေးမယ်"

ပြောပြောဆိုဆိုဖြင့် ရှေ့သို့ လျှပ်တပြက်တိုးကာ ထောင်

၏ခြေထောက်မှ သွေးကြောများကို ထိုးပိတ်လိုက်သည်။

သွေးကြောပိတ်လိုက်သဖြင့် သွေးထွက်မှု ရပ်သွားလေ

သည်။ ထောင်စင်းသည် အနီးသို့ရောက်နေသည့် ဝမ်းကျုံးစ
တိုက်ခိုက်ရန် ကြိုးစားလိုက်သေးသည်။

သို့သော် သူ၏စိတ်အလိုကို ခန္ဓာကိုယ်က မလိုက်နိုင်
ချေ။

စိတ်သာရှိ၏။ ကိုယ်က ဘာမျှမတတ်နိုင်ပေ။

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်သည်။

"ကျုပ်ကို တိုက်ခိုက်ဖို့ကြိုးစားတာထက် ခင်ဗျားဒဏ်
ဆေးကုသဖို့က ပိုအရေးကြီးတယ်ဆိုတာ နားလည်ပါ"

ထောင်စင်း အံကြိတ်လိုက်သည်။

"ကျုပ် ဆေးမကုဘူး"

"ခင်ဗျားမကုယင် ကျုပ်ကုပေးမယ်"

ယတိပြတ် ပြောလိုက်၏။

"မင်း"

ထောင်စင်း စကားဆုံးအောင် မပြောလိုက်ရပါ။

ဝမ်းကျုံးစန်းက သူ၏သွေးကြောကို လျှပ်တပြက်ထိုး
လိုက်သဖြင့် တစ်ကိုယ်လုံး တောင့်တင်းသွား၏။

ဝမ်းကျုံးစန်းက သူ့အားကျောပိုးလိုက်သည်။

ထို့နောက် ပင်လယ်ကမ်းခြေမြို့ကလေးဆီသို့ လျင်မြန်
ပြေးလွှားသွားလေတော့သည်။

♠ ♠ ♠



ပင်လယ်ကမ်းခြေမြို့ကလေးတွင် ဆေးပညာကျွမ်းကျင်
ာ သမားတော်တစ်ယောက် ရှိပေသည်။

ထိုသမားတော်ထံတွင် ထောင်စင်းကို ဆေးကုစေသည်။

ဆေးကုသသည့်ရက်အတွင်း ဝမ်းကျုံးစန်းက အနားမှ တစ်
းမခွာ စောင့်ရှောက်ခဲ့လေသည်။

ထောင်စင်းသည် လူဆိုးကြီးတစ်ယောက်ဖြစ်ရာ ရန်သူပေါ
းလှသဖြင့် မကျေနပ်သူများက ဒဏ်ရာရနေချိန်တွင် လာရောက်
တ်သင်မည်ကို စိုးရိမ်ရသောကြောင့် ယခုကဲ့သို့ စောင့်ရှောက်ပေး
ခြင်းဖြစ်သည်။

တစ်လနီးပါး ဆေးကုပြီးမှ ထောင်စင်း၏ခြေထောက် အနာ
က်သွားသည်။

ဝမ်းကျုံးစန်း ပြုလုပ်ပေးသော ချိုင်းထောက်ကူအညီဖြင့်
မ်းလျှောက်နိုင်ပြီဖြစ်သည်။

ဆေးကုသည့်ရက်များအတွင်း ဝမ်းကျုံးစန်းက အနီးမှထိုင်
ာအဖော်ပြုခဲ့သည်။

စကားစမြည်ပြောယင်း ထောင်စင်းစိတ်ပြောင်းလာအောင်
ျောင်းဖျခဲ့သည်။

သိုင်းလောက၏ လူထူးဆန်းကြီး သွေးဘီလူးပင်လျှင် မိ
ထားပြောင်းကာ လူကောင်းဖြစ်သွားပုံကို ပြောပြခဲ့၏။

ဝေဒနာသက်သာလာချိန်တွင် ထောင်စင်းနှင့် ဝမ်းကျုံး
တို့မှာ မိတ်ဆွေများဖြစ်နေကြပြီတည်း။

ဝမ်းကျုံးစန်း၏ဖျောင်းဖျမှုကြောင့် ထောင်စင်း၏စိတ်ထ
သည်လည်း အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

ထောင်စင်း လှုပ်ရှားသွားလာနိုင်သည်နှင့် ဝမ်းကျုံးစန်း
နှုတ်ဆက်ကာ လမ်းခွဲထွက်ခဲ့လေသည်။

ထိုနေ့ ထိုအချိန်မှစ၍ ဝမ်းကျုံးစန်းနှင့်ထောင်စင်းတို့ ပြ
မဆုံဖြစ်ကြတော့ချေ။

♠ ♠ ♠



ဝမ်းကျုံးစန်း၏စကား ဆုံးသွားပြီဖြစ်သည်။

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်ခဲ့သော တန့်လျှံယုက
ပ်အဟောင်သားဖြင့်...

"အင်း...ရန်သူဘဝကနေ မိတ်ဆွေဖြစ်လာတာ အံ့ဩစရာပဲ
၊ ထောင်စင်း အမြင်မှန်ရသွားတာ ဝမ်းသာစရာပဲ"

ဟုပြောလိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက ရှုံးယင်ရှုံးတယ်၊ နိုင်ယင်နိုင်တယ် ဝန်ခံ
ဲ့လူပဲ၊ လူဆိုးကြီးဖြစ်ပေမယ့် ကတိတည်တယ်၊ နောက်ပိုင်းမှာ
သတင်း လုံးဝမကြားရတော့ဘူး၊ သိုင်းလောကက ဇာတ်မြှုပ်
က်ကွယ်သွားတော့တာပဲ"

တန့်လျှံယုက...

"သူ့ရဲ့သိုင်းပညာက အရမ်းတော်သလားဟင်"

ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်းက...

"သုံးနှစ်အတွင်းမှာ ထိပ်သီးသိုင်းအကျော်အမော် ဆယ့်ရှစ်
က်ကို အနိုင်ယူခဲ့တာပဲ၊ သူ့သိုင်းပညာ ကြောက်ခမန်းလိလိ
က်မြက်တယ်ဆိုတာ ထင်ရှားနေပြီပေါ့"

တန့်လျှံယု ပြုံးလိုက်သည်။

"အစ်ကိုက သူ့ကို သိုင်းကွက်သုံးဆယ်အကျောပေးခဲ့တယ်

ဆိုတော့ အစ်ကို့သိုင်းပညာက သူ့ထက် ဆယ်ဆလောက် ပို
နေမှာပေါ့"

မမျှော်လင့်ဘဲ ကြားလိုက်ရသော ချီးကျူးစကားကြေ
ဝမ်းကျူးစန်း မျက်နှာမထားတတ်အောင် ဖြစ်သွားရသည်။

တန့်လျှံယုက ဆက်ပြောလိုက်သည်။

"ကျွန်မ အစ်ကို့ဆီက သိုင်းပညာ သင်ချင်လိုက်တာ"

ဝမ်းကျူးစန်းက ပျာပျာသလဲ ဖြစ်သွားသည်။

"ညီမထင်သလောက်လည်း မဟုတ်ပါဘူး၊ ဒါပေ
ဘာပဲဖြစ်ဖြစ် ရောဂါဝေဒနာသက်သာပျောက်ကင်းသွားယင်
သင်ပေးပါ့မယ်"

တန့်လျှံယုက...

"ကျွန်မ သိုင်းလောကရဲ့အဖြစ်အပျက်တွေ နားထောင်
သိပ်ပြီး သဘောကျတာပဲ၊ ကျွန်မကို နေ့တိုင်းပြောပြနော်"

ဟု ပူဆာလိုက်၏။

ဝမ်းကျူးစန်း ခေါင်းညိတ်လိုက်သည်။

"ပြောပြပါ့မယ်"

"အစ်ကို"

"ပြောပါ ညီမ"

တန့်လျှံယု အတန်ကြာ စဉ်းစားလိုက်ပြီးမှ...

"ကျွန်မကို သိုင်းလောကထဲ ခေါ်မသွားနိုင်ဘူးလား"



ဟုမေးလိုက်သည်။

ဝမ်းကျူးစန်း ငိုင်ကျသွားသည်။

တန့်လျှံယုသည် လွန်စွာ ကလေးဆန်လှ၏။

ပတ်ဝန်းကျင်ဒေသနှင့်ရ ဗဟုသုတနည်းပါးပုံရလေသည်။

လူ့လောကအကြောင်းကို သိလိုစူးစမ်းလိုသော ကလေး
ငယ်တစ်ယောက်နှင့် တူသည်ဟု တွေးမိ၏။

တန့်လျှံယုက ဆက်ပြောသည်။

"အစ်ကို ကျွန်မ လျှောက်လည်ချင်တယ်၊ လူတွေကြားမှာ
နေချင်တယ်၊ ကျွန်မဘဝက လှောင်အိမ်ထဲက ငှက်လိုပဲ၊ မလွတ်
ပါဘူး၊ ဘယ်မှမသွားရ မလာရဘူးဆိုပြီး တားမြစ်ပိတ်ပင်ခံ
ရတယ်၊ အစ်ကိုက ကျွန်မကို ပျော်စရာကောင်းတဲ့နေရာတွေ
ခေါ်သွားပြပါလားဟင်"

ဝမ်းကျူးစန်း သက်ပြင်းချလိုက်သည်။

သူမ စိတ်ချမ်းသာစေရန် ဝမ်းကျူးစန်း အလိုက်အထိုက်
ပြောလိုက်ရလေသည်။

"စိတ်ချပါ အခြေအနေပေးတဲ့တစ်နေ့ အစ်ကို လိုက်ပြပါ့
မယ်"

"ဘယ်တော့လဲဟင်"

"တစ်နေ့နေ့ပေါ့"

တန့်လျှံယု နှုတ်ခမ်းစူလိုက်၏။

“ဟင့်အင်း မရဘူး၊ ဘယ်နေ့လဲဆိုတာ ပြောမှရမယ်”

ဝမ်းကျုံးစန်း ခေါင်းရှုပ်သွားသည်။

သို့သော်…

များမကြာမီ တန့်လျှံယု ကျန်းမာလာနိုင်သည်ဟု တွက်
မိသဖြင့်…

“ညီမ ခရီးဝေးဝေးကို အမောခံပြီး သွားနိုင်မှဖြစ်မှာ၊
ငါးဆယ်ရက်လောက်တော့ အနားယူလိုက်ဦး၊ အစ်ကိုလည်း
သောက်ရဦးမယ်၊ နှစ်ယောက်စလုံး သက်သာတော့မှ သွားကြ
ပေါ့”

ဟုပြောလိုက်သည်။

တန့်လျှံယုက…

“နောက်ဆယ်ရက်နော်”

“အင်းပါ”

တန့်လျှံယု ဝမ်းသာသွားသည်။

ထိုစဉ်မှာပင်…

“သခင်မလေး..သခင်မလေး”

ခေါ်သံနှင့်အတူ အထိန်းတော်ကူး ပြေးလွှားရောက်ရှိလာ
သည်ကို တွေ့ရလေသည်။ တန့်လျှံယုက ထိုင်ရာမှထကာ…

“ဟော..ဒေါ်လေးကူး ခေါ်နေပြီ၊ ကျွန်မ သွားတော့မယ်
အစ်ကို”



ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

အထိန်းတော်ကူက တန့်လျှံယုကိုတွေ့လျှင်…

“သခင်မလေး ဘယ်တွေလျှောက်သွားနေတာလဲ၊
ာက်ရမယ်လေ”

ဟု ပြောလိုက်သည်။

တန့်လျှံယု မျက်နှာလေးညှိုးသွား၏။

“ကျွန်မ သိပါတယ်၊ ဒေါ်လေးကူးရဲ့”

ဒေါ်လေးကူးက မြည်တွန်တောက်တီးနေသည်။

သို့သော် တန့်လျှံယုက အရေးမစိုက်ဘဲ ရှေ့မှ

ဒေါ်လေးကူးနောက်မှ လိုက်ပါသွားသည်။

မကြာပါချေ။

သူတို့နှစ်ယောက် မြင်ကွင်းမှ ပျောက်ကွယ်သွား

ဝမ်းကျုံးစန်း ပင့်သက်ချလိုက်သည်။

ထို့နောက် အခန်းတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့လေတော့

♠ ♠ ♠

မိသဖြင့်

ငါးဆယ်ရ
သောက်ရည်
ပေါ့"

# သံယောဇဉ်

ဖူးကျိုးစန်းမှာ ခုတင်ပေါ်တွင် လဲလျောင်းနေသည်။
တန့်လျှံယုနှင့် ပတ်သက်သည့် အကြောင်းချင်းရာ
ှိန်တွေးတောစဉ်းစားနေခြင်း ဖြစ်ပေတော့သည်။
တန့်လျှံယုကို သံယောဇဉ်တွယ်မိစပြုလာပြီ ဖြစ်ပါသည်
တန့်လျှံယုအပေါ် ချစ်သူတစ်ယောက်လို သဘောထားခြ
ုတ်ဘဲ ညီမလေးတစ်ယောက်လို သဘောထားမိခြင်းဖြစ်သည်
တန့်လျှံယုသည် ချောမောလှပပြီး ချစ်ခင်တွယ်တာစ
ကောင်းသည်။
သူတစ်ပါး ရင်ခွင်သို့ တိုးဝင်သွားပြီဖြစ်သော လျှံကျူး
တွေးယင်း ဝမ်းနည်းကြေကွဲနေမည့်အစား တန့်လျှံယုနှင့်ပျော်ရွှင်
နေသင့်သည် မဟုတ်ပါလား။



တန့်လျှံယု၏ရောဂါသည် သူ၏ရောဂါနှင့်မတူပါချေ။
စိတ်ရွှင်လန်း ဝမ်းမြောက်နေလျှင် သက်သာပျောက်ကင်း
းနိုင်သည့် အခြေအနေရှိသည်။
နှလုံးသွေးကြောနှင့် သက်ဆိုင်သဖြင့် စိတ်ချမ်းသာမှုသည်
ဂါသက်သာစေရန် အစွမ်းထက်မြက်သော ဆေးတစ်ခွက်ဖြစ်
ည်။
ပျော်ပျော်ရွှင်ရွှင် ရှိနေသည့်အချိန် စိတ်လက်ကြည်သာနေ
န်တွင် ဂရုတစိုက် ဆေးကုလိုက်မည်ဆိုပါက ဓါကြာမီရောဂါပျောက်
င်းသွားနိုင်၏။
သူကား...
ဝမ်းကျိုးစန်း သက်ပြင်းချလိုက်သည်။
ထိုစဉ်မှာပင်...
"ကျွီ"
အခန်းတံခါးပွင့်သွားပြီး ချာလုံ လှမ်းဝင်လာသည်ကို တွေ့
င်လိုက်ရလေသည်။
ဝမ်းကျိုးစန်း ခုတင်ပေါ်မှထရန် ဟန်ပြင်လိုက်သောအခါ
ာလုံက လက်ကာပြပြီး...
"နေ..နေ..မထနဲ့ဦး၊ မင်းကို ကျုပ်စမ်းသပ်စရာ ရှိသေး
တယ်"
ဟုပြောလိုက်သည်။

ထိုစကားကြောင့် ဝမ်းကျိုးစန်း လဲလျောင်းနေလိုက်သ
ချာလုံက အနီးသို့လျှောက်လာပြီး သွေးကြောများ
သပ်ကြည့်လိုက်၏။

အတန်ကြာသည်အထိ စိတ်ကျေနပ်အောင် စမ်းသပ်
ပြီးမှ..

"အင်း အခြေအနေကောင်းလာပါပြီ၊ မင်းသာ သိုင်းပ
အသုံးမပြုခဲ့ဘူးဆိုယင် အခုအချိန်ရောဂါ တစ်ဝက်လောက် ပျော
ပြီလို့ ကျုပ် အာမခံဝံ့တယ်၊ ကဲ ထနိုင်ပါပြီ"

ဟုပြောလိုက်သေးလည်း။

ဝမ်းကျိုးစန်း လူးလိမ့်ထလိုက်သည်။

ချာလုံက အသင့်ယူလာဆောင်လာသော ဆေးများ
စားပွဲပေါ်တင်လိုက်ပြီး ဝမ်းကျိုးစန်းအားကြည့်ကာ ပြောလေသ

"ဟောသည်မှာ ဆေးတစ်လစာ၊ တစ်နေ့တစ်လုံး မှန်
သောက်ပြီး တစ်လလောက် အနားယူလိုက်ပါ၊ တစ်လပြည့်တ
မင်းကို အပ်သုံးကြိမ်စိုက်မယ်၊ ဆေးမြစ်သွေးလိမ်းပေးမယ်၊ ဆေ
ရည်နဲ့ပေါင်းထုတ်မယ်၊ တစ်လအတွင်း ရောဂါပြန်မထနိုင်အော
လုပ်နိုင်မယ်၊ ခြောက်လအတွင်း မင်းရောဂါ ရှင်းရှင်းပျောက် က
စေရမယ်"

ထိုစကားကြောင့် ဝမ်းကျိုးစန်းမှာ ဝမ်းသာအားရဖြစ်သွ
လေသည်။



ဆေးကုသ၍မရနိုင်တော့ဟု သူအမြဲယုံကြည်နေမိသည်။
ဆေးကု၍ပျောက်ကင်းမည်ဟုကြားလျှင် ပျော်ရွှင်သွားလေ
ည်။

ယခင်က ဆေးကု၍ပျောက်ကင်းလျှင် လူသူဝေးရာသို့သွား
ာ ဓာတ်မြုပ်နေရန် စိတ်ကူးထားသည်။

ယခုမူ တန့်လျှံယုနှင့်အဖော်ပြု၍ လည်ပတ်နိုင်မည်ဟု
တွးမိလေသည်။

ချာလုံက...

"ဟောဒီဆေးသောက်နေတဲ့ တစ်လအတွင်းမှာ သိုင်းပညာ
ုံးဝမသုံးမိအောင် ကြိုးစားပါ၊ သုံးမိပြီဆိုယင် ကုလို့မလွယ်တော့
ူး၊ ဆေးကုနေတဲ့အချိန်အတွင်း သိုင်းပညာနဲ့အတွင်းအား သုံး
ကြိမ်သုံးခါတိတိ သုံးမိပြီဆိုယင်တော့ ကျုပ်လည်း လက်လျှော့လိုက်
မှာပဲ"

ဟု မှာကြားလိုက်သည်။

ဝမ်းကျိုးစန်းက...

"ကျွန်တော် တစ်ခါ အသုံးပြုပြီးပြီပဲ"

ချာလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါပြီ၊ ဒါပေမယ့် နောက်တစ်ခါ အသုံးမပြုမိအောင်
သတိထားပါ"

ဝမ်းကျိုးစန်း မျက်မှောင်ကြုတ်သွားသည်။

"စိတ်မရှိပါနဲ့ ခင်ဗျာ၊ ကျွန်တော်မရှင်းလို့ မေးပါ
နောက်တစ်ခါ အသုံးပြုမိခဲ့ရင် ဆေးကုလို့ မရတော့ဘူးလား"

ချာလုံ စိတ်ပျက်သွားသည်။

ခေါင်းတယမ်းယမ်းဖြင့်...

"မရဘူးလို့ မဆိုနိုင်ပါဘူး၊ တော့်တော့်ကို ကြိုးစားပြီး
မယ်၊ အချိန်ပိုကြာသွားမှာပေါ့၊ ရောဂါပျောက်ရင်တောင် မင်း
နာတာရှည်လူမမာတစ်ယောက်လို ဖြစ်သွားမှာ စိုးရိမ်ရတယ်"

ဟုရှင်းပြလိုက်သည်။

ဒုတိယအကြိမ် သိုင်းပညာ အသုံးပြုမိလျှင်ပင် ဘဝဆုံး
ကြောင်း ဝမ်းကျုံးစန်း သတိချပ်မိလေသည်။

ချာလုံက ဝမ်းကျုံးစန်းအား စိုက်ကြည့်လိုက်၏။

"ငါပြောတာ မင်းသဘောပေါက်ပါတယ်နော်"

"ဟုတ်ကဲ့"

"မင်း ဒီမှာ ဆေးကုလို့ အေးအေးဆေးဆေးနေရမှာ မဟုတ်
ဘူး"

"ကျွန်တော်နားလည်ပါတယ်"

"သူတော်ခုံကျိန်းကို ငါပြောပြီးပြီ၊ သူက မင်းကို လက်ခံဖို့
သဘောတူလိုက်တယ်"

ဝမ်းကျုံးစန်းသည် သဘောကောင်းသည့် သူတော်ခုံးကျိန်း
၏မျက်နှာကို မြင်ယောင်လာလေသည်။



ချာလုံက ဆက်ပြောလိုက်သည်။

"ငြိမ်းချမ်းဘုံကျောင်းဟာ ဒီနေရာနဲ့ နေ့ဝက်ခရီးလောက်ပဲ
းတယ်၊ ငါ မင်းဆီကို မကြာခဏ လာကြည့်မှာပါ"

မကြာမီ ဤနေရာကို စွန့်ခွာ၍ ငြိမ်းချမ်းဘုံကျောင်းတွင်
းရောက်နေထိုင်ရတော့မည် ဖြစ်ကြောင်း ဝမ်းကျုံးစန်း နားလည်
က်သည်။

ဤသို့ဆိုလျှင် တန့်လွှံယုနှင့် ဝေးရတော့မည်။

ဝမ်းကျုံးစန်း၏ရင်ထဲ၌ ဟာတာတာ ဖြစ်သွား၏။

သူ မည်သို့ တတ်နိုင်ပါမည်နည်း။

ကံကြမ္မာ၏စေစားချက်ကို မည်သူလွန်ဆန်နိုင်ပါမည်နည်း။

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်သည်။

"ကျွန်တော် ဘယ်တော့သွားရမလဲ"

ဟုမေးလိုက်သည်။

ချာလုံက...

"အင်း ငါစဉ်းစားထားတာက..."

သူစကားဆုံးအောင် မပြောလိုက်ရပါချေ။

"ဆရာကြီး...ဆရာကြီး"

ခေါ်သံတစ်သံ ကြားဖြတ်ထွက်ပေါ်လာခြင်းကြောင့် တစ်
င်းတစ်စဖြင့် ရပ်သွားရလေသည်။

"ဆရာကြီး"

ခေါ်သံနှင့်အတူ လူငယ်လေးတစ်ယောက် ပြေ
ရောက်ရှိလာ၏။

ချာလုံ မျက်မှောင်ကြုတ်သွားသည်။

"အလောတကြီး ဘယ်လိုဖြစ်လာတာလဲ"

လူငယ်လေးက ဦးညွှတ်အရိုအသေပြုရင်း...

"ခြံဝင်းရှေ့မှာ ဧည့်သည်ရောက်လာပါတယ်"

ဟုပြောလိုက်သည်။

ချာလုံက...

"ဧည့်သည်ရောက်လာတာပဲ၊ ဘာကြောင့် အထဲ မ
တာလဲ"

လူငယ်လေးက...

"ကောက်ကျင်းနယ်က လူတစ်ယောက် ပါလာလို့ပါ"

"ဟေ"

ချာလုံ၏မျက်လုံးများ ပြူးကျယ်သွားလေသည်။

ချက်ချင်းပင်...

"မဖြစ်ဘူး၊ ငါထွက်တွေ့မှ မင်းတစ်ခါတည်း ဆရာ
စန်းကို သွားပြောလိုက်စမ်း၊ အပြင်လူ ရောက်နေတယ်၊ ဘယ်
အဆောင်ထဲက မထွက်ပါစေနဲ့လို့"

ချာလုံက အလောတကြီး မှာလိုက်သည်။

"ဟုတ်ကဲ့"



လူငယ်လည်း ကတိုက်ကရိုက်ပင် ပြေးထွက်သွားလေ
။

ချာလုံက ဝမ်းကျိုးစန်းကို ကြည့်ကာ...

"မင်းလဲ အပြင်မထွက်နဲ့"

ဟုမှာကြားပြီးနောက် ချာလုံလည်း အခန်းထဲမှ ခပ်သုတ်
ထွက်သွားလေသည်။

ချာလုံ ထွက်သွားသည့်အခါ ဝမ်းကျိုးစန်းလည်း အခန်းတံ
ကို ပြန်ပိတ်ထားလိုက်လေတော့သည်။

♠ ♠ ♠

ချာလုံ ထွက်သွားပြီ ဖြစ်သည်။

ဝမ်းကျိုးစန်းသည် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်း
က်နေ၏။

သူ၏စိတ်များ ဂဏာမငြိမ်ဘဲ လှုပ်ရှားနေသည်။

ရောက်လာသော ဧည့်သည်များသည် လာခြင်းကောင်းသူ
မဟုတ်ကြောင်း ဝမ်းကျိုးစန်း နားလည်ထားပြီး ဖြစ်၏။

ကောက်ကျင်းနယ်ဟု ကြားသည်နှင့် ချာလုံ၏မျက်နှာ
ခနဲ ပျက်သွားသည်ကို သတိပြုမိလိုက်သောကြောင့် ဖြစ်သည်။

ထိုလူများသည် တန့်လျှံယုကို ရန်ရှာရန် ရောက်လာကြသူ

များပင် ဖြစ်နေမည်လော။

တန့်လှုံ့ယုအတွက် စိုးရိမ်စိတ်များ ဝင်လာသည်။

အခြေအနေ သွားကြည့်လိုစိတ်များလည်း တားမနိုင် မနိုင် ပေါ်ပေါက်လာ၏။

ချာလုံက အပြင်မထွက်ရန် တားမြစ်သွားသော်လည်း နိုင်တော့ချေ။

အခန်းတံခါး ပြန်ဖွင့်လိုက်သည်။

ထို့နောက် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ကာ လှ ထွက်လိုက်၏။

တခဏအတွင်းမှာပင် သူ၏ခြေလှမ်းများသည် တန့်လှ ၏အဆောင်ဘက်ဆီသို့ ဦးတည်ပြေးသွားလေတော့သည်။

အဆောင်အနီးသို့ ရောက်သည့်တိုင် လူရိပ်လူခြည် မ ပါချေ။

ဆရာရှောင်စန်းနှင့် အထိန်းတော်ကူးတို့ ငြိမ်ချက် ကောင်းနေ၏။

ဝမ်းကျိုးစန်းသည် အခန်းတွင်းသို့ မြင်နိုင်ရန် သစ်ပင် ခုန်တက်ကာ ကြည့်လိုက်သည်။

အခန်းတွင်းရှိ အခြေအနေကို သစ်ပင်ပေါ်ရောက် ကောင်းစွာ တွေ့မြင်ရသည်။

တန့်လှုံ့ယုသည် ခုတင်ထက်တွင် နှစ်နှစ်ခြိုက်ခြိုက်



ကျနေ၏။

ဆရာရှောင်စန်းနှင့် အထိန်းတော်ကူးတို့က ခုံတစ်လုံးစီဖြင့် င်နေကြသည်။

သူတို့၏မျက်နှာတွင် စိုးရိမ်ပူပန်မှုများ အထင်းသား ပေါ် င်နေသည်ကို တွေ့မြင်ရသည်။

ဝမ်းကျိုးစန်း ကြည့်နေစဉ်မှာပင် ဆရာရှောင်စန်း၏စကား ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဒီလူယုတ်မာတွေ အခုထိ လိုက်ပြီး နှောင့်ယှက်တုန်းပါပဲ း"

ဆရာရှောင်စန်းက လက်သီးဆုပ်ရင်း မကျေမနပ် ရေရွတ် ပြာဆိုသည်။

အထိန်းတော်ကူးက...

"သူတို့ ဟုတ်ချင်မှ ဟုတ်မှာပါ"

အထိန်းတော်ကူးက နှစ်သိမ့်စကား ပြောသည့်တိုင် ဆရာ ှာင်စန်းမှာ ဘဝင်ကျပုံ မရချေ။

"ကောက်ကျင်းနယ်က လူတစ်ယောက် ပါလာတယ်ဆိုတာ င်ဗျား မကြားဘူးလား"

"ကျွန်မကြားပါတယ်၊ ဒါပေမယ့် ချာလုံဆီ ဆေးကုဖို့ လာ ကြတဲ့ လူတွေကော မဖြစ်နိုင်ဘူးလားရှင့်"

ဆရာရှောင်စန်း ခေါင်းယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ မြို့မှာ သမားတော်ကြီးတွေ ဒီလောက်
များနေတာ၊ တောထဲတောင်ထဲ ဘာလာလုပ်မှာလဲ"

"ဒီလိုဆိုရင် ကျွန်မတို့ကကော"

"အိုဗျာ၊ ကျုပ်တို့က လူသိမခံနိုင်တာရယ်၊ သခင်မလေး
ရောဂါ ထူးခြားတာရယ်ကြောင့်ပါဗျာ"

"သူတို့လဲ ဒီသဘောပဲဆိုရင်ကော"

အထိန်းတော်ကူးက စောဒကတက်လိုက်သော
ဆရာရှောင်စန်းသည် အထိန်းတော်ကူးကို မျက်လုံးလှန်ကာ
ချက်ကြည့်လိုက်သည်။

ထို့နောက် စကားမပြောဘဲ ပါးစပ်ပိတ်ထားလိုက်
သည်။

အထိန်းတော်ကူးအား အခြေအ[illegible] ပြော၍ ရမည်မ
ကြောင်း နားလည်ထားပုံရသည်။

ဆရာရှောင်စန်းထံမှ ဘာစကားသံမျှ ထွက်မလာ
ချေ။

အထိန်းတော်ကူးက ဖျောင်းဖျနှစ်သိမ့်သော လေသံ
ပြောလာသည်။

"ဆရာရှောင်စန်း စိတ်အေးအေးထားပါရှင်၊ ကျွန်
အခြေအနေ စောင့်ကြည့်ရမယ် မဟုတ်လား၊ အခုအချိန်မှာ
လိုက်မာန်ပါ လုပ်မိရင် အားလုံး ဒုက္ခရောက်မှာပေါ့၊ ချာလုံလဲ



ပါတယ်၊ သူလဲ ခေတ်လူတစ်ယောက်မှ မဟုတ်တာ၊ အခြေအနေ
ထိန်းထားနိုင်မှာပါ၊ မဟာနံရင်တောင် ကျွန်မတို့သိအောင် အချက်
ပေးမှာပဲ"

ရှောင်စန်း ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့ ကျုပ်ပြောချင်တာ ဒါပေါ့၊ ကျုပ်က ငုတ်တုတ်ထိုင်
စောင့်မနေချင်ဘူးဗျ၊ ထုံးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်
ချင်တယ်"

အထိန်းတော်ကူးက...

"ရှင် သခင်မလေးအတွက် ထည့်မစဉ်းစားတော့ဘူးလား"
ဟုမေးလိုက်သည်။

ရှောင်စန်း ငြိမ်ကျသွားသည်။

မျက်နှာလည်း တစ်ဘက်လှည့်သွားလေ၏။

အထိန်းတော်ကူးက စကားဆက်လိုက်သည်။

"ကျွန်မလဲ ရှင့်လိုစိတ် ဘတ်မျိုး ရှိတယ်ဆိုတာ နားလည်ပါ၊
ဘယ်လိုခံစားနေရမယ်ဆိုတာ ကျွန်မနားလည်ပါတယ်၊ သခင်
ဆိုကို သခင်မလေးရဲ့ ဝေဒနာပျောက်ကင်းပြီး ပြန်ပို့နိုင်ဖို့က
ကြီးတယ် မဟုတ်လား၊ သခင်မလေးအတွက် စိတ်ချရပြီဆိုရင်
မတို့ ဘာကို ငဲ့ကွက်စရာလိုတော့မှာလဲ၊ လူယုတ်မာတွေကို
ပြတ်သားသား သုတ်သင်ပစ်ဖို့ပဲ လိုတော့တာပေါ့"

ရှောင်စန်း ခေါင်းငိုက်စိုက်ချထားလိုက်သည်။

အထိန်းတော်ကူး၏ ပြောစကားကို နားဝင်သွားပုံရ
စကားတစ်လုံးမျှ ပြန်မပြောတော့ချေ။

တန့်လျှံယုအား ရှောင်စန်းနှင့် အထိန်းတော်ကူး
အသက်နှင့် လဲပြီး ကာကွယ်စောင့်ရှောက်ကြမည် ဖြစ်ကြောင်း
ကျုံးစန်း နားလည်လိုက်သည်။

ရှောင်စန်းနှင့် အထိန်းတော်ကူးတို့ ရှိနေသမျှ ကာလ
လုံး တန့်လျှံယုအတွက် စိတ်ချရပြီ ဖြစ်လေသည်။

ဤသို့ဆိုလျှင် ချာလုံ မည်သို့ ရှိမည်နည်း။

ချာလုံ၏အခြေအနေကို ဝမ်းကျုံးစန်း သိချင်လာပြန်

ထို့ကြောင့် သစ်ပင်ပေါ်မှ ဆင်းကာ ချာလုံ၏အဆော
သို့ ဆက်လက် ထွက်ခွာခဲ့လေတော့သည်။

♠ ♠ ♠



## သဲလွန်စ

ချာလုံသည် အရှေ့ဘက်အဆောင်တွင် နေထိုင်ပေသည်။

ထို့ကြောင့် ဧည့်သည်များကို အရှေ့ဘက် အဆောင်တွင်ပင်
ခံလိမ့်မည်ဟု ဝမ်းကျုံးစန်း ယူဆသည်။

သို့ရာတွင် အရှေ့ဘက်အဆောင်သို့ သူတစ်ကြိမ်တစ်ခါမျှပင်
ရောက်ဖူးချေ။

ဝမ်းကျုံးစန်းသည် သတိကြီးစွာထား၍ သွားရှိန်လိုအပ်
ည်။

ပတ်ဝန်းကျင် လူရိပ်လူခြည်ကို အကဲခတ်ကြည့်ပြီး သစ်ပင်
န်းချုံများကို အကာအကွယ်ယူ၍ အရှေ့ဘက်အဆောင်ဆီသို့
ရွေ့ရွေ့ ချဉ်းကပ်လာ၏။

အရှေ့ဘက်အဆောင်သို့ ရောက်သည်နှင့် ချာလုံ ရှိ
သည့် နေရာကို ရှာဖွေကြည့်ရပြန်လေသည်။

စင်္ကြံလမ်းများကို တစ်ခုမှတစ်ခုသို့ ကူးပြီး တစ်ခန်းဝင်
ခန်းထွက် လိုက်လံရှာဖွေနေရာမှ အရှေ့ဘက်အဆောင်တည့်
အခန်းတစ်ခုရှေ့သို့ ရောက်ရှိသည့်အခါ လူရိပ်လူယောင်ကို မြင်
လေတော့၏။

ဝမ်းကျိုးစန်းသည် ထိုနေရာသို့ သတိကြီးစွာ ထား၍
ကပ်သွားသည်။

အဆောက်အဦး တိုင်လုံးကြီးများကို အကာအကွယ်
တိုင်တစ်ခုမှတစ်ခု ကူးပြောင်းကာ တိုးကပ်သွားသည်။

အခန်းတစ်ခုရှေ့၌ လူငယ်လေးယောက် စုရုံးရပ်
သည်ကို တွေ့ရသည်။

သူတို့၏မျက်နှာတွင် စိုးရိမ်ပူပန်နေသော အရိပ်အ
များ ပေါ်လွင်နေ၏။

သူတို့လေးယောက်သည် တစ်စုံတစ်ခုကို တီးတိုးတို
ပြောဆိုနေကြောင်း တွေ့ရသည်။

သူတို့နှင့် အတော်ကလေး လှမ်းသဖြင့် မည်သည့်
ပြောဆိုနေကြသည်ကို ဝမ်းကျိုးစန်း မသိရချေ။

ရှေ့တိုးသွားရန် ဟန်ပြင်နေစဉ် လူငယ်လေးများ ရ
သည့် အခန်းတွင်းမှ စကားပြောသံတစ်ချို့ ထွက်ပေါ်လာသည်



းလိုက်ရ၏။

သို့ရာတွင် ဘာတွေ ပြောနေကြသည်ကို သဲသဲကွဲကွဲ မကြား
။

ချာလုံ၏အသံဖြစ်ကြောင်း မှတ်မိရုံမှလွဲ၍ မည်သည့်
း ပြောနေကြသည်ကို ဝမ်းကျိုးစန်းမသိပါ။

ဝမ်းကျိုးစန်းသည် အခန်းတွင်းမှ စကားသံအား သဲသဲကွဲ
ကြားနိုင်စေရန် မည်သို့ ကြံဆောင်ရမည်ကို အပြေးအလွှား စဉ်း
ကြည့်နေမိ၏။

အတန်ကြာသော် အကြံတစ်ခု ရလာသည်။

ချက်ချင်းပင် အနီးဆုံး အခန်းအတွင်းသို့ လှစ်ခနဲ ပြေးဝင်
က်သည်။

သူမျှော်လင့်ထားသည့်အတိုင်း ယင်းအခန်းမှတဆင့် အခြား
န်းတစ်ခန်းသို့ ကူးရန် တံခါးပေါက် ရှိနေသည်ကို တွေ့ရလေ
သ်။

ဝမ်းကျိုးစန်းသည် တံခါးဖွင့်ကာ တစ်ဘက်အခန်းသို့ ကူး
း၏။

တစ်ဘက်အခန်းတွင်လည်း နောက်အခန်းတစ်ခုသို့ ကူးရန်
ါးတစ်ပေါက် ရှိကြောင်း တွေ့ရပြန်လေသည်။

တံခါးများ တစ်ခုပြီးတစ်ခု ဖြတ်သန်းရင်း တစ်ခန်းဝင် တစ်
းထွက်ဖြင့် ချာလုံ၏အသံ ထွက်ပေါ်လာသော အခန်းနှင့် ကပ်

လျက်ရှိသည့်အခန်းသို့ ရောက်ရှိသွားတော့သည်။

ဝမ်းကျုံးစန်းသည် လက်ညှိုးကို တံတွေးဆွတ်ကာ တ

စက္ကူရွက်ကို ဖောက်လိုက်သည်။

ထိုအခါ အပေါက်ကလေးဖြစ်သွား၏။

ထိုအပေါက်မှတဆင့် တစ်ဘက်ခန်းသို့ ချောင်းငြ

ကြည့်ရှုလိုက်သည်။

တစ်ဘက်ခန်းတွင် ချာလုံနှင့် လူနှစ်ယောက် ရှိနေသ

ထိုလူနှစ်ယောက်အနက် တစ်ယောက်သည် အနီ

ဝတ်စုံကို ဝတ်ဆင်ထားပြီး ကျန်တစ်ယောက်မှာမူ အပြာ

ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူတို့အား ကြည့်လိုက်သည်နှင့် ကောက်ကျင်းနယ်

ကြောင်းသိသာနိုင်သည်။

နှစ်ယောက်လုံး အသက်သုံးဆယ်ခန့်ရှိပြီး ခါးတွင် ဓား

လက်စီချိတ်ဆွဲထားရာ သိုင်းသမားများဖြစ်မည်ဟု ယူဆ

သူတို့၏မျက်နှာများကလည်း ခက်ထန်တင်းမာနေ၏

မောက်မာသူများဖြစ်ကြောင်း သူတို့မျက်နှာက ဖေ

လျက်ရှိပေသည်။

ချာလုံ၏မျက်နှာကား ပျားသကာလူးထားသလို ချိုသာ

သည်။

ဝမ်းကျုံးစန်း ကြည့်နေစဉ်မှာပင် ညင်သာပျော့ပျော



ချာလုံ၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ

"မိတ်ဆွေတို့ ဘာကိစ္စနဲ့ ရောက်လာကြတာလဲ"

အပြာရောင်ဝတ်ဆင်ထားသူက လေသံခပ်ထန်ထန်ဖြင့်

လိုက်သည်။

"ချာလုံ ကျုပ်တို့ ဘာကြောင့် ရောက်လာတယ်ဆိုတာ ခင်

သိမှာပါ"

ချာလုံ အံ့ဩသောအမူအရာဖြင့်...

"ကျုပ် မသိလို့မေးနေတာပါ ဆရာလေး၊ ဆရာ လေး ဆေး

ရောက်လာတာ မဟုတ်ဘူးဆိုတာ သိပါတယ်၊ ဆရာလေးတို့ရဲ့

ထာဟာ ရောဂါဝေဒနာ ခံစားနေရတဲ့လူမမာပုံမှ မဟုတ်ဘဲ"

ဟု ပြောလိုက်၏။

"ထို"

အပြာရောင်ဝတ်ဆင်ထားသူက တံတွေးထွေးလိုက်သည်။

"ချာလုံ ကျုပ်မေးမယ်၊ ဟန်ကြိုးကို ခင်ဗျား ဘာလုပ်လိုက်

လဲ"

အနီရောင်ဝတ်ဆင်ထားသူက မေးလိုက်ခြင်းဖြစ်၏။

ဝမ်းကျုံးစန်းသည် ဟန်ကြိုးဟူသောအမည်ကို ကြားလိုက်

သို့အခါ အခြေအနေကို ကောင်းစွာနားလည်သွားရသည်။

ယခု ရောက်လာသူနှစ်ယောက်မှာ ဟန်ကြိုး၏မိတ်ဆွေ

များဖြစ်ရမည်။

သို့ဆိုလျှင် သူတို့သည်လည်း တန့်လျှံယုကို လိုက်လံရှာ

နေသူများပင် ဖြစ်ပေလိမ့်မည်။

တန့်လျှံယုအား အဘယ်ကြောင့် သဲသဲမဲမဲ လိုက်ရှာနေ

သနည်း။

တန့်လျှံယုသည် ကောက်ကျင်းနယ်စားကြီး၏ သမီးဖြစ်

ခြင်းကြောင့်ပင်လော။

ရှောင်စန်းနှင့် အထိန်းတော်ကူးတို့ကကော မည်သူ

ဖြစ်နေကြသနည်း။

တွေးတော စဉ်းစားစရာများချည်းသာ ဖြစ်သည်။

မည်သို့ဆိုစေ တန့်လျှံယုကို သခင်မလေးအဖြစ် ဝမ်း

စန်း ယုံကြည်နိုင်ခြင်းမရှိပေ။

ထိုလူများသည် တန့်လျှံယုနှင့် သခင်မလေးကို လူမှား

လာရောက်ရှာဖွေနေကြခြင်းပင် ဖြစ်မည်ဟု ထင်မိလေသည်။

သူ တွေးတောစဉ်းစားနေစဉ်မှာပင် ချာလုံ၏စကား

ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်သည်။

"ဟန်ကြုံး ဘယ်သူဘယ်ဝါဆိုတာ ကျုပ် မသိဘူးလို့ ပြော

ပြီးပြီမဟုတ်လား၊ ခင်ဗျားတို့ ဘာတွေလာပြီး မေးနေတာလဲ၊ ကျုပ်

က ဆေးကုဖို့ကလွဲပြီး ဘာမှသိတဲ့လူ မဟုတ်ဘူး"

"ကောင်းပြီလေ၊ ဆေးကုဖို့ပဲသိတယ်ဆိုယင် ကောက်ကျ



အရေးကြီးတဲ့လူနာတစ်ယောက် ခင်ဗျားဆီကို ဆေးကုဖို့လာ

ဆိုတာတော့ သိရမှာပေါ့"

ချာလုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ဆီကို ရောက်လာဘူးဗျ"

အပြာရောင်ဝတ်ဆင်ထားသူက အနီရောင်ဝတ်စုံနှင့်လူ

ကြည့်ကာ...

"အစ်ကိုကြီးကြည်ဟုတ် သူ့ကို ဒီအတိုင်းထားလို့ မရဘူးထင်

"

ဟု ပြောလိုက်သည်။

ကြည်ဟုတ်ဆိုသူက ပြုံးလိုက်သည်။

"စိတ်မလောပါနဲ့ ညီလေးကျော်ချန်းရယ်၊ ဆရာကြီးချာလုံ

မည်ကျော်ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ လိမ်ညာပြောမှာတော့

တ်ပါဘူး"

ချာလုံက လက်နှစ်ဘက်ဆုပ်ကာ...

"ဆရာကြည်ဟုတ်က သဘောထားပြည့်ဝပါပေမယ်ဗျာ၊

က ဘယ်သူ့ကိုမှ လိမ်ညာပြောစရာအကြောင်း မရှိပါဘူး"

ဟု ပြောလေသည်။

သူ၏စကားကြောင့် ကျော်ချန်းမှာ ဒေါသတကြီးဖြစ်သွားရ

သည်။

"ဘာလဲ ကျုပ်က သဘောထားမပြည့်ဝဘူးလို့ ခင်ဗျား

ပြောချင်တာလား”

ဟု မကျေမချမ်း ပြောလိုက်သည်။

ချာလုံ ထိတ်လန့်သွားသည်။

ကပျာကယာ လက်ကာပြကာ...

“မဟုတ်ပါဘူးဗျာ၊ ကျုပ် ဒီလိုသဘောမျိုး ပြော မဟုတ်ပါဘူး”

ဟု ထပ်တလဲလဲ ပြောလိုက်လေတော့သည်။

♠ ♠ ♠



သေမင်း

နေခြည် ဖြာကျနေ၏။

ဝန်းကျင်တစ်ခုလုံး သစ်ရိပ်ဝါးရိပ်များဖြင့် သာယာလှပနေ သည်။

တစ်ချက်တစ်ချက် တိုက်ခတ်လာသောလေမှာ အေးမြ၍ တ်အေးချမ်းနိုင်ပေသည်။

သို့သော်လည်း ချာလုံ၏ အခန်းတွင်း၌မူ မအေးချမ်းနိုင်ပါ ။

ကျော်ချမ်း၏မျက်နှာ ခက်ထန်တင်းမာနေ၏။

ချာလုံက...

“ကျုပ်က ဒီသဘောမျိုးပြောတာ မဟုတ်ပါဘူးဗျာ”

“တိတ်စမ်းဗျာ”

ကျော်ချမ်း ဒေါသတကြီး အော်ငေါက်သည်။

ကြည်ဟုတ်က...

"ညီလေးကျော်ချမ်းကလည်း သိပ်ပြီး ဒေါသမကြီးပါ
ကျုပ်တို့ အတွေးမှားတာလည်း ဖြစ်နိုင်တာပဲ၊ တခြားမှာ သ
ကြယင် ကောင်းမယ်"

ဟု ဖျောင်းဖျလိုက်သည်။

တဆက်တည်းပင် ကျော်ချမ်းအား မျက်စိတစ်ဘက်
လိုက်သည်။

ဤသည်ကို ချာလုံက တွေ့မြင်လိုက်ခြင်းမရှိသော်
ချောင်းကြည့်နေသော ဝမ်းကျုံးစမ်းက ကောင်းစွာမြင်တွေ့လိုက်

ကြည်ဟုတ်နှင့် ကျော်ချမ်းတို့သည် ချာလုံအား အကျေ
ကြိုကြမည်ဖြစ်ကြောင်း ဝမ်းကျုံးစန်း နားလည်လိုက်လေသည်

ထို့ကြောင့် သတိကြီးစွာထားကာ အခြေအနေကို
ကြည့်နေလိုက်၏။

ဝမ်းကျုံးစန်းသည် အကြပ်အတည်း အခက်အခဲနှင့်ကြုံ
ရပြီဆိုလျှင် လွန်စွာ စိတ်ရှည်သူဖြစ်ပေသည်။

ခေါင်းအေးအေးထား၍ အကျပ်အတည်းကို ရင်ဆိုင်
လွှားတတ်သူဖြစ်သည်။

ကြည်ဟုတ်က ချာလုံအား လက်နှစ်ဘက်ဆုပ်ကာ အ
သေပြုလိုက်သည်။



"ဆရာကြီးချာလုံ...ကျုပ်တို့ အထင်မှားပြီးပြောမိတာ ခွင့်
ပ်ပါဗျာ၊ ကျုပ်တို့ မိတ်ဆွေဟန်ကြိုးသေသွားတာရယ်၊ သခင်
း ပျောက်ဆုံးတာရယ်ဟာ ကျုပ်တို့ကို အမှားကျူးလွန်မိစေတဲ့
က်တွေပါပဲ၊ ဆရာကြီးချာလုံရဲ့စကားကို ကျုပ်ယုံကြည်ပါတယ်၊
ပ်တို့ကို ခွင့်ပြုပါဦးဗျာ"

ဟု ပြောလိုက်သည်။

သူတို့သည် လွယ်လွယ်နှင့်ထွက်သွားကြမည် မဟုတ်ဟု
ထားခဲ့သည်။

ယခုကဲ့သို့ အသာတကြည် ပြန်လည်ထွက်ခွာသွားကြမည်
သာအခါ ချာလုံ ကြောင်အမ်းအမ်းဖြစ်သွားရသည်။

ကြည်ဟုတ်သည် ချာလုံ၏စားပွဲပေါ်မှ တစ်စုံတစ်ခုကို
လုံမသိအောင် တိတ်တဆိတ် နှိုက်ယူထားလိုက်သည်။

ချောင်းကြည့်သည့်အပေါက်ကလေးမှာ သေးငယ်လှသော
င့် မည်သည့်ပစ္စည်းဖြစ်ကြောင်း ဝမ်းကျုံးစန်းလည်း ကောင်းစွာ
တွေ့လိုက်ရချေ။

ကျော်ချမ်းက ကောက်ကျစ်စဉ်းလဲစွာ ပြုံးယင်း...

"ဆရာကြီးချာလုံ...ကျုပ်တို့သွားပါဦးမယ်၊ တကယ်လို့များ
ပ်တို့ကို လိမ်ညာခဲ့တာဆိုယင်တော့ ကောင်းကောင်းကြီး သတိ
းနေပေတော့"

ဟု ကြုံးဝါးလိုက်၏။

ကြည်ဟုတ်က အားတုံ့အားနာဖြစ်ဟန်ဖြင့်...

"ကျုပ်ညီ ပြောမှားဆိုမှားရှိယင် ခွင့်လွှတ်ပါဗျာ၊ ...
ညီလေး ကျုပ်တို့သွားကြစို့"

ပြောပြီး ကျော်ချန်းကို လက်ဆွဲခေါ်သွားလေသည်...

သူတို့နှစ်ယောက် အခန်းတွင်းမှ ထွက်သွားသ...
ချာလုံက...

"လုံစန်း...ဧည့်သည်တွေကို ခြံဝင်းအပြင်ဘက် လိုက်...
လိုက်ပါ"

ဟု အမိန့်ပေးလိုက်လေသည်။

ဝမ်းကျုံးစန်းသည် ကြည်ဟုတ်နှင့် ကျော်ချန်းတို့ကို ...
မကင်းဖြစ်နေ၏။

ထို့ကြောင့် လိုက်လံချောင်းမြောင်းကြည့်ရှုရန် ဆုံ...
လိုက်လေသည်။

♠ ♠ ♠

ကြည်ဟုတ်နှင့် ကျော်ချန်းတို့သည် အသက်ကယ်...
အပြင်ဘက်သို့ ရောက်ရှိသွားကြပြီ ဖြစ်သည်။

သူတို့သည် လူရှင်းရာ တောအုပ်ဘက်သို့ ခပ်သွက်...
လျှောက်သွားကြသည်။



ဝမ်းကျုံးစန်းလည်း သူတို့ မသိအောင် သစ်ပင်ကြီးများ
...အကွယ်ယူပြီး တိတ်တဆိတ် လိုက်လံချောင်းမြောင်းလေ၏။

အသက်ကယ်ခြံဝင်းအား အပေါ်မှ စီး၍ မြင်တွေ့နိုင်သော
...င်ကုန်းပေါ်ရှိ တောအုပ်ထဲသို့ ရောက်သည့်အခါ ကြည်ဟုတ်တို့
...မ်းရပ်သွားကြသည်။

နှစ်ယောက်သား အသက်ကယ်ခြံဝင်းကို အပေါ်စီးမှ စူးစိုက်
...ကြည့်နေကြလေသည်။

အတန်ကြာမှ ကျော်ချန်းက...

"အစ်ကိုကြီးကြည်ဟုတ်၊ ဘာကြောင့် နောက်ဆုတ်ပြန်လာ
...လဲဗျ၊ ချာလုံ လိမ်ပြောနေတာ ထင်ရှားနေတာပဲ"

ကြည်ဟုတ်က ပြုံးလိုက်သည်။

"ငါ့ညီပြောတာ မှန်တယ်၊ ဒါပေမယ့် ဟန်ကြုံးသေသွားပြီ
...က သတိထားဦး"

ကျော်ချန်းက...

"အစ်ကိုကြီးဆိုလိုတာက ဟန်ကြုံးဟာ အသက်ကယ်ခြံဝင်း
...တစ်ယောက်ထဲ လာပြီး သခင်မလေးကို ရှာရင်း သဲလွန်စ်ရှာလို့
...သင်ခံလိုက်ရတယ်ဆိုတဲ့ သဘောလား"

ကြည်ဟုတ် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ၊ တို့ ဟန်ကြုံးရဲ့အလောင်းကို ဘယ်မှာ
...သလဲ၊ အသက်ကယ်ခြံဝင်းထဲမှာ ရှိတဲ့ မြေခေါင်းတောင်ခြေက

တွေ့တယ် မဟုတ်လား၊ သူ ဘာတွေ့ခဲ့သလဲ မပြောနိုင်ပေ
မသေခင် မြေပေါ်မှာ အသက်ကယ်ခြံဝင်းလို့ သွေးနဲ့ စာရေးသွ
ကို ထောက်ရင် သူ ဘာကြောင့် အသတ်ခံရတယ်ဆိုတာ တွက်
တာပေါ့"

ကျော်ချန်း မျက်မှောင်ကြုတ်သွား၏။

"ထူးတော့ထူးတယ်၊ ဟန်ကြီးဟာ ဓားဒဏ်ရာရထ
မယ့် မသေနိုင်ဘူး၊ ကျောကုန်းမှာ စိုက်ဝင်ခဲ့တဲ့တူကြောင့် သေ
ပဲ"

"ဟုတ်တယ်၊ တူကို မြားလို ပစ်နိုင်တဲ့လူ ရှားတယ်၊ အ
ကယ်ခြံဝင်းမှာ တို့ မသိတဲ့ သိုင်းသမားတစ်ယောက်ယောက်
ထင်တယ်၊ ဒီလူဟာ တော်တော်ကြောက်စရာကောင်းလိမ့်မ
ကြောင့် ငါပြန်ထွက်လာခဲ့တာပေါ့"

ကျော်ချန်းက...

"ကျုပ်တို့အတွေးမှန်ရင်တော့ အသက်ကယ်ခြံ
သခင်မလေး ရှိနေတာ သေချာပြီ၊ တကယ်လို့ မှားခဲ့တယ်ဆိုရင်
ဟန်ကြီးဟာ တစ်နေရာရာမှာ ဒဏ်ရာရပြီး အသက်ကယ်ခြံ
ပို့ပေးဖို့ တစ်ယောက်ယောက် တွေ့လိုတွေ့ငြား ရေးထားတာ
မယ်၊ ဒါမှမဟုတ် သွေးရူးသွေးတန်း ရေးထားတာကော မဖြစ်နိ
လား"

ဟုရေပက်မဝင်သော စောဒကတက်လိုက်သည်။



သူ၏စကားက သဘာဝကျပြီး ထည့်သွင်းစဉ်းစားရမည့်
က်များပင် ဖြစ်သည်။

ကြည်ဟုတ်က ကျေနပ်စွာ ပြုံးလိုက်လေသည်။

သူ၏အပြုံးမှာ လျှို့ဝှက်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် သိ
သူတစ်ယောက်၏အပြုံးမျိုး ဖြစ်သည်။

"ညီလေးပြောတာ သဘာဝကျပါတယ်၊ ဒါပေမယ့် ငါသိ
တာ တစ်ခုရှိတယ်ကွ"

ပြောရင်း အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူလိုက်လေ
ည်။

ဝမ်းကျိုးစန်းသည် သူတို့၏ပြောစကားများကို ဂရုတစိုက်
ရင်း ကြည်ဟုတ်မှာ ဉာဏ်များသူ ဖြစ်ကြောင်း ရိပ်မိလာ
ည်။

ကြည်ဟုတ် ထုတ်ယူလိုက်သော ပစ္စည်းကို လှမ်းကြည့်
သည့်အခါ ထမင်းစားရာတွင် အသုံးပြုသော တူကလေးတစ်
င်း ဖြစ်နေသည်ကို တွေ့ရ၏။

ထမင်းစားလျှင် တူတစ်စုံ ရှိမှ ဖြစ်ပေမည်။

တူတစ်ချောင်းတည်း အသုံးဝင်မည် မဟုတ်ပါ။

ကြည်ဟုတ်က နောက်ထပ် တူတစ်ချောင်း ထုတ်ယူလိုက်
သည်။ တူတစ်စုံ ဖြစ်သွားချေပြီ။

ကြည်ဟုတ်က တူနှစ်ချောင်းကို လက်ဖြင့်ဆရင်း...

"ဟောဒီတူနှစ်ချောင်းကို ကြည့်စမ်း၊ အတူတူပဲ မ
လား၊ ဝါးပေါ်မှာ ဆေးရေးခြယ်ထားတာကအစ တူတယ်၊
ချောင်းက ချာလုံးရဲ့ စားပွဲပေါ်က ရခဲ့တာ၊ တစ်ချောင်းက ဟန်
ကျောပေါ်က ရခဲ့တာ၊ ဒီတူတွေဟာ အသက်ကယ်ခြံဝင်းက အ
ခဲ့တဲ့တူတွေပဲ"

ဟုရှင်းပြလိုက်သည်။ ကျော်ချွန်း ရယ်မောလိုက်သ

"ဟား...ဟား...ဟား အစ်ကိုကြီးက တယ်လဲ အကြံ
လား၊ ဟန်ကြိုးသေတာ အသက်ကယ်ခြံဝင်းရဲ့ လက်ချက်
သေချာသွားပြီပေါ့"

"ဟုတ်တယ်"

"ဒါဆို ကျုပ်တို့ အသက်ကယ်ခြံဝင်းကို ဝင်မွှေဖို့ပဲ ရှိ
တာပေါ့"

ကြည်ဟုတ် ခေါင်းခါယမ်းလိုက်သည်။

"တို့နှစ်ယောက်ထဲ ဝင်လို့ မဖြစ်ဘူး၊ ဟန်ကြိုးလို
တောင် သုတ်သင်ခံခဲ့ရသေးတာပဲ၊ သူ့လောက် အဆင့်မရှိတဲ့
ဘာခံနိုင်မှာလဲ၊ လည်စင်းပေးသလို ဖြစ်နေမှာပေါ့"

ကျော်ချွန်း မကျေမနပ် ဖြစ်သွားသည်။

"ဒါဖြင့် အစ်ကိုကြီး ဘယ်လိုလုပ်မယ် စိတ်ကူးထား
လက်လျှော့ပြီး ပြန်သွားမလို့လား"

"မသွားပါဘူး"



"ဒါဖြင့်"

ကြည်ဟုတ်က...

"ငါ့ညီက တယ်နားဝေးတာကိုး၊ ညီလေးက ပြန်ပြီး အကူ
ခေါ်၊ ငါက အသက်ကယ်ခြံဝင်းရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်နေ
သူတို့ ရိပ်မိသွားပြီး နေရာပြောင်းမသွားဘူး ပြောနိုင်မှလား"

ဟုပြောလိုက်၏။

ကျော်ချွန်း၏မျက်လုံးများ အရောင်ဝင်လက်သွားသည်။

"ဟုတ်တယ်၊ ဒီအကြံကောင်းတယ်"

"ကဲ ငါ့ညီ မင်းသွားပေတော့၊ အဖွဲ့တစ်ခေါင်းဆောင် ဆရာ
ဖန်ကို ... ကြောင်းကြားပြီး အမြန်ဆုံး ပြန်လာခဲ့ပါ"

"စိတ်ချပါ"

စကားဆုံးလျှင် ကျော်ချွန်းသည် ခပ်သွက်သွက်ပင် ပြေး
သွား၏။

ကြည်ဟုတ်က ကျောက်တုံးတစ်တုံးပေါ် ထိုင်ချပြီး အသက်
ခြံဝင်းကို အကဲခတ်ကြည့်နေလိုက်သည်။

သူ၏စိတ်ထဲတွင် မကြာမီ အသက်ကယ်ခြံဝင်းကို ဖြိုခွဲနိုင်
ဟု ယုံကြည်ပုံရသည်။

သူ၏မျက်နှာသည် ကျေနပ်ဝမ်းသာမှုဖြင့် တက်ကြွရွှင်
လျက် ရှိနေပေသည်။

♠ ♠ ♠

ကျော်ချမ်းသည် ခပ်သွက်သွက် ပြေးလာသည်။

မြွေခေါင်းတောင်ခြေတွင် ဟန်ကြိုး၏အလောင်း တွေ

နောက် သခင်မလေးအား လိုက်လံရှာဖွေနေသည့် အဖွဲ့မျာ

မြွေခေါင်းတောင်ခြေမှ မိုင်တစ်ရာပတ်လည်ဒေသသို့ ရောက်

သည်။

နေရာအနှံ့အပြား လူစုခွဲကာ ရှာဖွေနေကြသည်။

မြွေခေါင်းတောင်နှင့် အနီးဆုံး မြို့ကလေးတွင် အဖွဲ့

တစ် ရှိလေသည်။

အဖွဲ့ခေါင်းဆောင်မှာ ကျင်းဖန်ဆိုသူ ဖြစ်သည်။

ကြည်ဟုတ်နှင့် ကျော်ချမ်းတို့သည် ကျင်းဖန်၏

အောက်ငယ်သားများ ဖြစ်ကြသည်။

ထို့ကြောင့် ကျော်ချမ်းသည် ကျင်းဖန်ထံ သတင်း

အလျင်အမြန် ထွက်လာခြင်း ဖြစ်ပေသည်။

ခပ်သွက်သွက် ပြေးလာရာ မြွေခေါင်းတောင်ခြေသို့

လာသည်။

ထိုမှတဆင့် မြို့ကလေးဆီသို့ အတော်ဝေးဝေး သွ

မည် ဖြစ်ရာ ကျော်ချမ်းသည် အရှိန်တိုးမြှင့်ရန် ဟန်ပြင်လိုက်

ဤတွင် မနီးမဝေး အရှေ့ဘက်တစ်နေရာ၌ လူ

ယောက် ရပ်နေသည်ကို ဘွားခနဲ တွေ့မြင်လိုက်ရတော့သည်

ကျော်ချမ်း၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။



လမ်းပိတ်ရပ်နေသည်ကို ကြည့်ကာ…

"ဘယ်သူလဲ"

ဟုမေးလိုက်သည်။

သူ၏အသံ အနည်းငယ်တုန်ယင်နေသည်။

တောတောင်ထဲတွင် လမ်းပိတ်နေသူတစ်ယောက်အား

ပ်လင့်ဘဲ တွေ့လိုက်ရသဖြင့် အခြေအနေ မကောင်းကြောင်း

ားမိလိုက်သောကြောင့် ဖြစ်သည်။

လမ်းပိတ်ရပ်နေသူကား ဝမ်းကျုံးစန်း ဖြစ်သည်။

သိုင်းပညာကို တစ်ကြိမ် အသုံးပြုခဲ့ပြီး ဖြစ်သည်။

နောက်တစ်ကြိမ် ထပ်မံအသုံးမပြုရန် ချာလုံက တင်းတင်း

ပ်ကျပ်ပင် တားမြစ်ထားသည်။

သို့သော်…

သူသည် တန့်လျှံယုအတွက် အသုံးပြုရန် ဆုံးဖြတ်ထားပြီး

လေသည်။

သူသည် ချစ်သူအတွက် အသက်စွန့်ကာ ကျောက်စိမ်း

က်စွပ်ကို ရအောင် ယူဆောင်ပေးခဲ့သည်။

ယခုလည်း တန့်လျှံယုအတွက် ရောဂါဝေဒနာကို မငဲ့ကွက်

ာချေ။

သူ့ကိုယ်သူ အလွန်မိုက်မဲသူတစ်ယောက်ဟု ခံယူထားပြီး

ပ်သည်။

ဝမ်းကျုံးစန်းသည် ကျော်ချန်းကို လှမ်းကြည့်ကာ အေ
အေးစက် လေသံဖြင့် လှမ်းပြောလိုက်၏။

"သေမင်း"

ကျော်ချန်း မျက်နှာကွက်ခနဲ ပျက်သွားသည်။

သို့သော် အံတင်းတင်းကြိတ်ကာ...

"ဘာလဲ မင်းက သေမင်းဆီကို သွားချင်လို့လား ရပါ
ကျုပ်စေနာနဲ့ ပို့ပေးပါ့မယ်"

စကားဆုံးသည်နှင့် ဓါးမှဓားကို ချွင်ခနဲမြည်အောင်
ထုတ်ကာ ဝမ်းကျုံးစန်းထံသို့ တဟုန်ထိုး ပြေးဝင်တိုက်ခိုက်
လေသည်။

ဝမ်းကျုံးစန်းက တစ်စက်ကလေးပင် လှုပ်ရှားခြင်း မပြု

သူ့ထံသို့ ပြေးဝင်လာသော ကျော်ချန်းကို မျက်
မခတ် စိုက်ကြည့်နေ၏။

ကျော်ချန်း သူ့အနီးသို့ ရောက်မှ ခန္ဓာကိုယ်ကို ယိမ်း
နံဘေးသို့ ခုန်ရှောင်လိုက်လေသည်။

တဆက်တည်းပင် ကျော်ချန်း အနီးသို့ ပူးကပ်သွားပြီ
ကိုင်ထားသော လက်ကို ဖမ်းဆုပ်လိုက်သည်။

တစ်ပြိုင်တည်းတွင် လက်ကို ဆွဲလှန်ကာ နောက်
ဆောင့်တွန်းလိုက်၏။

"အား"



စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

ကျော်ချန်း၏ဓားကိုင်ထားသော လက်သည် နောက်ဘက်
နေ၏။

သူ၏ဓားဖြင့် သူ၏ရင်ဝသို့ ပြန်လည်ထိုးသွင်းလိုက်သော
ဘာမျိုး ဖြစ်ပေသည်။

ဝမ်းကျုံးစန်းကို ပြူးကျယ်သော မျက်လုံးများဖြင့် ကြည့်
ရင်း...

"မင်း...မင်း ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ဝမ်းကျုံးစန်းက...

"ဝမ်းကျုံးစန်း"

ဟုတည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"အ...ဖြူ...ရောင်...ဓား..."

ကျော်ချန်းမှာ စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ပါ

မြေပေါ်သို့ တအိအိ ပြိုလဲကျသွားလေသည်။

♠ ♠ ♠

"အား"

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

ကြည်ဟုတ် ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။

ကြည်ဟုတ်သည် ကျောက်တုံးပေါ်တွင် ထိုင်ရင်း အ
ကယ်ခြိုင်းသို့ အကဲခတ်ကြည့်နေရာမှ ရုတ်တရက် ထွက်ပေါ်
သော အော်သံကြောင့် မျက်နှာပျက်သွားရသည်။

ဆတ်ခနဲ မတ်တတ်ရပ်လိုက်မိသည်။

အသက်ကယ်ခြိုင်းသို့ စိတ်ဝင်စားစွာ အကဲခတ်ကြည့်
ခြင်းကြောင့် အော်သံ မည်သည့်နေရာမှ ထွက်ပေါ်လာသည်ကို
တရက် ဝေခွဲမရအောင် ဖြစ်သွားသည်။

မျက်မှောင်ကြုတ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်
လိုက်မိသည်။ ထိုစဉ်...

သစ်ပင်ထက်မှ တောကျီးကန်းများ တအားတား
မြည်ကာ အဝေးသို့ ပျံသန်းသွားသည်ကို တွေ့ရ၏။

ကြည်ဟုတ် သက်ပြင်းချလိုက်သည်။

သူကြားလိုက်ရသော အသံမှာ တောကျီးကန်းတစ်ကေ
၏အော်သံ ဖြစ်မည်ဟု တွေးမိပြီး စိတ်သက်သာသွားသည်။

အသက်ကယ်ခြိုင်းသို့ ပြန်လည်အကဲခတ်ကြည့်နေလို
လေသည်။

အသက်ကယ်ခြိုင်းမှာ ပကတိ ငြိမ်သက်နေ၏။



လှုပ်ရှားမှုဟူ၍ တစ်စုံတစ်ခုမျှ မတွေ့ရချေ။

ကြည်ဟုတ်သည် အမူအရာ ပျက်နေသော ချာလုံ၏တပည့်
းယောက်ကို တွေးနေမိ၏။

သူတို့အား ခြိုင်းအပြင်ဘက်သို့ လိုက်ပို့သော လုံစန်းဆို
ည့်လူငယ်အား စည်းရုံး၍ ရနိုင်ကြောင်း တွေးမိသည်။

လုံစန်းသည် ကြောက်စွံ့တတ်ပုံရ၏။

ထို့အတူ လောဘကြီးပုံလည်း ရသည်။

အကြမ်းဖက်၍ မရပါက လုံစန်းကို စည်းရုံးကာ အသက်
ယ်ခြိုင်း၏လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် စိတ်ကူးလျက် ရှိသည်။

သူသည် ဤနေရာတွင် အတော်ကြာအောင် ဆက်နေရ
ည် ဖြစ်သည်။

သတင်းသွားပို့သော ကျော်ချန်းသည် အကူအညီများ ခေါ်
း ညနေစောင်းမှ ပြန်ရောက်လာမည် ဖြစ်၏။

ကျော်ချန်းကို သူစိတ်ချသည်။

မမျှော်လင့်သော အတားအဆီးတွေ့လျှင်လည်း ကျော်
ှားသွားနိုင်မည်ဟု ယုံကြည်၏။

ဟိုဟိုသည်သည် တွေးတောနေစဉ်မှာပင် ကျော်ချန်း သူ့
ရှေ့သို့ ရောက်လာသည်ကို တွေ့လိုက်ရသည်။

ပကတိလူကောင်းကဲ့သို့ လမ်းလျှောက်လာခြင်းကား
ဟုတ်ပါချေ။

လေထဲ ပျံဝဲလာပြီး သူ့ရှေ့သို့ ဘုတ်ခနဲမြည်ကာ ကျ
ခြင်းသာ ဖြစ်ပေသည်။

"ဟင်…ကျော်ချန်း"

ကြည်ဟုတ် အလန့်တကြား ရေရွတ်လိုက်မိ၏။

သူ့ရှေ့သို့ ရောက်လာသော ကျော်ချန်းမှာ အသက်ဝိဉ
ကင်းမဲ့နေသည်။

အသက်မရှိတော့သည့် ကျော်ချန်းကို မမျှော်လင့်ဘဲ
တရက် တွေ့မြင်လိုက်ရသောအခါ ကြည်ဟုတ်သည် ထခုန်မိမတ
လန့်ဖျပ်သွားလေတော၏။

ကျော်ချန်းကား သေဆုံးနေချေပြီ

ကျင်းဖန်ထံသို့ သတင်းပို့နိုင်တော့မည် မဟုတ်ချေ။

အသက်ကယ်ခြိဝင်းမှ လူများအား လျှော့တွက်မိသည်
ကြည်ဟုတ် နောင်တရလာသည်။

နောင်တဟူသည် ကောင်းသော အသိတရား မဟုတ်

နောင်တသည် အချိန်နှောင်းပြီးမှ ရောက်လာတတ်သ
အသိတရား မဟုတ်ပါလား။

မည်သို့မျှ အသစ်တစ်ဖန် ပြန်စ၍ မရနိုင်တော့ချေ။

ကြည်ဟုတ် သတိပြန်ဝင်လာသည်။

ခါးမှဓားကို ချက်ချင်းဆွဲထုတ်လိုက်၏။

တဆက်တည်းပင် နောက်သို့ ချာခနဲ လှည့်ကြည့်လို



သည်။ ထိုအခါ သစ်ပင်တစ်ပင်ကို မှီကာ သူ့အား စိုက်ကြည့်နေ
ာ ဝမ်းကျုံးစန်းကို တွေ့လိုက်ရ၏။

ဝမ်းကျုံစန်းကို ကြည်ဟုတ် မသိပါ။

သို့သော် ကျော်ချန်းကိုပင် သုတ်သင်နိုင်ခဲ့သည့်အတွက် ခေ
မဟုတ်ကြောင်း တွက်ဆမိလေသည်။

ကြည်ဟုတ်က ဝမ်းကျုံးစန်းအား ခြေဆုံးခေါင်းဆုံး အကဲ
ကြည့်လိုက်ပြီး…

"မင်းနဲ့ တွေ့လို့ ကျော်ချန်း ကံဆိုးသွားတယ် ဟုတ်လား"
ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် ဟန်ကြုံး သေရတာလဲ မင်းလက်ချက်ပေါ့"

"ဟန်ကြုံးနဲ့ ကျော်ချန်းဟာ လမ်းဓားပြတွေပဲ၊ သူတို့က
ယ်လိုလုပ်ပြီး ဒီကို ရောက်လာတယ်ဆိုတာ ကျုပ်မတွေးတတ်ဘူး၊
ည်ဟုတ်ဆိုတဲ့ခင်ဗျားကကော သိုင်းလောကရဲ့ ကြေးစားလူသတ်
များအမည်စာရင်းထဲမှာ ထိပ်ဆုံးကပါနေတယ် မဟုတ်လား"

ကြည်ဟုတ် အံ့သြသွားသည်။

"မင်း…မင်း ဘယ်လိုလုပ်သိတာလဲ"

ဝမ်းကျုံးစန်း ပြုံးလိုက်သည်။

"ကျုပ်သိတာတွေ အများကြီး ရှိတယ်၊ ပြောပြလို့ ကုန်မှာ

တောင် မဟုတ်ဘူး"

"မင်း...မင်း ဘယ်သူလဲ"

"ခင်ဗျားရဲ့ သေမင်းပေါ့"

ကြည်ဟုတ် အံတင်းတင်းကြိတ်လိုက်ကာ...

"ငါ့ကို သတ်ပစ်လို့ရမယ် ထင်သလား"

ဝမ်းကျုံးစန်းက ကျော်ချန်းကို မေးထိုးပြရင်း...

"သူလဲ ဒီအတိုင်း ပြောခဲ့တာပဲ"

ဟုပြောလိုက်သည်။ ကြည်ဟုတ်က...

"နေပါဦး၊ မင်းက အသက်ကယ်ခြိဝင်းနဲ့ ဘယ်လိုပတ်[illegible] နေလို့လဲ"

"ဘယ်လိုမှ မပတ်သက်ဘူး"

"သခင်မလေးနဲ့ကော"

ဝမ်းကျုံးစန်း ခေါင်းခါယမ်းကာ...

"သခင်မလေးဆိုတာ ဘယ်သူလဲ၊ ကျုပ် မသိဘူး"

ကြည်ဟုတ် မျက်မှောင်ကြုတ်သွား၏။

"ဟင် ဒါဆို မင်းက မဆိုင်ဘဲ ဝင်ရှုပ်တာပေါ့၊ ဘာ[illegible] အစုလို ဝင်ရှုပ်ရတာလဲ"

"ရှင်းပါတယ်၊ ခင်ဗျားတို့ဟာ လူကောင်းတွေမှ မဟု[illegible] ဘဲ၊ ကျုပ်ကလဲ လူတစ်ဖက်သား ဒုက္ခရောက်တာကို လက်ပိုက်[illegible] မနေတတ်ဘူး"



"မင်း ဘယ်သူလဲ"

"ကျုပ်ပြောပြီးပြီလေ"

ကြည်ဟုတ် ဒေါသထွက်လာသည်။

"မင်း ကျော်ချန်းကိုပဲ ရမယ်၊ ငါ့ကိုတော့ မရဘူး"

စကားဆုံးသည်နှင့် မြေပေါ် ခြေတစ်ချက်ဆောင့်ကာ ခုန် [illegible]က်သည်။

တဆက်တည်းပင် ဝမ်းကျုံးစန်းအား တိုက်ခိုက်လိုက်လေ [illegible]ည်။

ကျော်ချန်း သေဆုံးသွားပြီ ဖြစ်ရာ ကြည်ဟုတ် အနေဖြင့် [illegible]တ်လန့်တုန်လှုပ်မည်ဆိုလည်း ဆိုစရာပင်။

ကြည်ဟုတ်သည် ဝမ်းကျုံးစန်းကို တိုက်ခိုက်ရင်း အခြေ [illegible]နေ မဟန်ထွက်ပြေးရန် ကြံရွယ်ထား၏။

သို့မှသာ အသက်ကယ်ခြိဝင်း၏သတင်းကို ကျင်းဖန်ထံ [illegible]ရောက်ပို့ပေးနိုင်မည် မဟုတ်ပါလား။

ကြည်ဟုတ် ခုန်ဝင်လာသည်နှင့် ဝမ်းကျုံးစန်းသည် လက် [illegible]ဘက် လှုပ်ရှားလိုက်၏။

သူ၏လက်ထဲတွင် ဓားကို ကိုင်ထားသည်။

ကြည်ဟုတ် တိုက်ခိုက်လာသည့်အခါ ထိုဓားဖြင့် ဆီးကြိုပစ် [illegible]က်လိုက်ခြင်း ဖြစ်ပေသည်။

ဓားရောင်ဝင်းလက်သွား၏။

ကြည်ဟုတ် ရင်ထိတ်သွားသည်။

သူ၏ရင်ဝသို့ တစ်စုံတစ်ခု အရှိန်ပြင်းစွာ တိုးဝင်လာကြော သတိပြုမိလိုက်သည်။

ထို့ကြောင့် နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းရန် ကြိုး လိုက်သည်။

သို့သော် နောက်ကျသွား၏။

သူ၏ခန္ဓာကိုယ် ကျွမ်းထိုးရန် အရှိန်ယူပြီး ကွေး၍ က မှာပင် ပစ်လွှင့်လာသော ဓားသည် သူ၏ရင်ဝသို့ စိုက်ဝင်သွာ ကြောင့် ဖြစ်သည်။

"အား"

စူးရှစွာ အော်ဟစ်လိုက်သော အသံနှင့်အတူ ကြည်ဟု ခန္ဓာကိုယ်သည် မြေပေါ်သို့ ဝုန်းခနဲ ပြုတ်ကျသွား၏။

မြေပေါ်မှ ချက်ချင်းလူးလိမ့်ထပြီး...

"မင်း...မင်း"

ဝမ်းကျုံးစန်းအား တအံ့တဩ ကြည့်နေသည်။

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသိချင်နေတယ် မ လား၊ ကျုပ်နာမည် ဝမ်းကျုံးစန်းလို့ ခေါ်တယ်"

ကြည်ဟုတ်၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားရသည

ဝမ်းကျုံးစန်းကို စိုက်ကြည့်ယင်း...



"ကျုပ်မှားသွားပြီ၊ အဖြူရောင်ဓားဝမ်းကျုံးစန်း ဒီမှာ ရှိနေ ယ်ဆိုတာသိရင် ကျုပ်ကို ငွေ ဘယ်လောက်ပေးပေး လာမှာ တ်ဘူး"

ကြည်ဟုတ်သည် ဝမ်းကျုံးစန်းကို မမြင်ဖူးသော်လည်း ဖြူရောင်ဓားဝမ်းကျုံးစန်းဟူသော အမည်ကိုမူ ကောင်းစွာ ကြားဖူး းပုံရ၏။

ဝမ်းကျုံးစန်း စိတ်မကောင်း ဖြစ်သွားသည်။

သူသည် မကောင်းသူပယ် ကောင်းသူကယ်ကာ အများ ကျိုး ဆောင်ရွက်သူ ဖြစ်သည့်တိုင် လူဆိုးတိုင်းကို သုတ်သင်ပစ်ခဲ့ သ်ကား မဟုတ်ချေ။

ထောင်စင်းကဲ့သို့ ပြုပြင်၍ ရနိုင်မည့်သူများကို ပြုပြင်ခဲ့ ည်။

ကြည်ဟုတ်သည်လည်း ပြုပြင်၍ ရနိုင်သူဟု တွေးမိသည်။

သို့သော်...

အခြေအနေရ ကိုယ့်ဘက်က လက်မဦး၍ မဖြစ်သဖြင့် ယခု သို့ လက်လွန်သွားရခြင်း ဖြစ်သည်။

ဝမ်းကျုံးစန်း စိတ်မကောင်းပါ။

ထို့ထက်ပို၍ ဘာမျှ မတတ်နိုင်ပါချေ။

ကြည်ဟုတ်၏နှုတ်ခမ်းထောင့်၌ သွေးများ စီးကျလာ သည်။

ဝမ်းကျိုးစန်း ခေါင်းခါယမ်းလိုက်သည်။

ကြည်ဟုတ်ကို ကယ်တင်၍ ရတော့မည် မဟုတ်ကြေ
သိလေသည်။

"ကျုပ် ဘယ်သူ့ကိုမှ မသတ်ပါဘူး၊ မလွဲမရှောင်သ
ဖြစ်ရတာ ကျုပ်စိတ်မကောင်းပါဘူး"

ပြောပြီး ကျောခိုင်းထွက်သွားရန် ခြေလှမ်းပြင်လိုက်သ

"ဝမ်းကျိုးစန်း"

ကြည်ဟုတ်၏ခေါ်သံ ထွက်ပေါ်လာသည်။

ဝမ်းကျိုးစန်း လှည့်ကြည့်လိုက်သည်။

ကြည်ဟုတ်က...

"မင်း ကြေးစားသုံးဖော်ကို သတိထားပါ၊ သခင်မလေး
ကြားဝင်မိပြီဆိုရင် သူတို့နဲ့ ထိပ်တိုက်ရင်ဆိုင်ရမှာပဲ"

ထိုစကားကြောင့် ဝမ်းကျိုးစန်း မျက်မှောင်ကြုတ်သွာ

ကြည်ဟုတ်က ဆက်ပြောသည်။

"ငါက ကြေးစားတစ်ယောက် ဖြစ်ပေမယ့် မင်းကို
လေးစားပါတယ်၊ မင်းနဲ့ ထိပ်တိုက် မဖြစ်အောင် ရှောင်မယ်
စိတ်ပိုင်းဖြတ်ထားတယ်၊ အခု တိုက်တိုက်ဆိုင်ဆိုင် မင်းနဲ့
တယ်၊ ဘာပဲဖြစ်ဖြစ် မင်းလက်ချက်နဲ့ သေရတာကို ငါကျေ
တယ်"

ပြောပြီး ပြုံးလိုက်သည်။



ထို့နောက် ကြည်ဟုတ်၏ခန္ဓာကိုယ် မြေပေါ်တအိအိ လဲ
း၏။

ဝမ်းကျိုးစန်းသည် ခံစားချက် ကင်းမဲ့သူတစ်ယောက်ပမာ
ည်ဟုတ် လဲကျသေဆုံးသွားသည်ကို ငေးကြည့်နေမိလေတော့
ည်။

♠ ♠ ♠

ဝမ်းကျိုးစန်းက ဓားတစ်လက်ဖြင့် မြေကြီးကို တူးဆွလိုက်
သည်။

မြေကြွင်း ဖြစ်လာသောအခါ ကြည်ဟုတ်နှင့် ကျော်ချမ်း
၏အလောင်းကို မြှုပ်နှံလိုက်လေသည်။

ယခုတစ်ကြိမ်တွင် အမှားမခံနိုင်တော့ချေ။

ဟန်ကြိုး၏အလောင်းကို တွေ့သွားနိုင်သော်လည်း ကျော်
းနှင့် ကြည်ဟုတ်တို့ကိုမူ တွေ့တော့မည် မဟုတ်ပါ။

ဝမ်းကျိုးစန်းသည် မြေပြင်ကို ညီညာအောင် ပြုပြင်ပြီးမှ
လမ်းအတိုင်း အသက်ကယ်ခြံဝင်းသို့ ပြန်လာခဲ့လေသည်။

တိုက်ပွဲ ဆင်နွှဲရသော်လည်း သူထင်သလောက် အားအင်
န်ခမ်းခြင်း မရှိချေ။

ရန်သူကို လျှပ်ထစ်ပြက် တိုက်ခိုက်သုတ်သင်ခြင်း အတတ်
သူတတ်မြောက်သော်လည်း ရက်စက်ကြမ်းကြုတ်သည်ဟု

ယူဆကာ အမြဲတစေ အသုံးပြုလေ့မရှိချေ။

သူ၏ဝေဒနာကြောင့်လည်းကောင်း၊ ကျော်ချမ်းနှင့်
ဟုတ်တို့လွတ်မြောက်သွားလျှင် အသက်ဘေးအန္တရာယ်ကျ
မည့်သူ မနည်းကြောင်း တွေးမိ၍လည်းကောင်း လျှပ်တပြက်
နိက်နည်းကို အသုံးပြုခဲ့ခြင်းဖြစ်လေသည်။

အခန်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ချာလုံ
သူ့အား စောင့်ဆိုင်းနေသည်ကို တွေ့မြင်လိုက်ရလေသည်။

♠ ♠ ♠



# ကတိ

ဝမ်းကျိုးစန်း အခန်းတွင်းသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်
သည်။

အခန်းတွင်းသို့ ဝင်လိုက်သည်နှင့် ချာလုံက သူ့အားစောင့်
င်းနေသည်ကို တွေ့လိုက်ရသည်။

ဝမ်းကျိုးစန်း ပခုံးတွန့်လိုက်သည်။

ချာလုံသည် သူ့အား မျက်ခြေမပြတ် စောင့်ကြည့်နေ
ကြောင်း ထင်ရှားနေပြီဖြစ်သည်။

ဝမ်းကျိုးစန်းသည် တန့်လှုံ့ယုကို ကူညီရန်ဆုံးဖြတ်ထားပြီး
၍ ချာလုံ၏စကားကို နားခံရန်မဖြစ်နိုင်တော့ချေ။

"မင်း သူတို့ကို တွေ့ခဲ့သလား"

ချာလုံက လှမ်းမေးသည်။

ဝမ်းကျုံးစန်း၏လုပ်ရပ်ကို ရိပ်မိသိရှိဟန်ဖြင့် မေး
ခြင်းဖြစ်သည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

ချာလုံက...

"သူတို့..."

"သူတို့ ဒီကိုရောက်ခဲ့တာ ဘယ်သူ့ကိုမှ ပြန်ပြောနိုင်
မဟုတ်တော့ဘူး"

ချာလုံ၏စကားကို ဝမ်းကျုံးစန်းက ကြားဖြတ်ပြောလို
ခြင်းဖြစ်သည်။

ချာလုံက ထိုင်ရာမှထကာ အခန်းတွင်း၌ ခေါက်တုံ့ခေါ
ပြန် လမ်းလျှောက်နေလိုက်သည်။

ချာလုံသည် ဝမ်းကျုံးစန်းရှေ့၌ ခြေလှမ်းရပ်လိုက်၏။

ချာလုံက...

"ငါ မင်းရဲ့စိတ်ကို နားလည်ပါတယ်၊ ဒါကြောင့် ဆေး
ခင်ကတည်းက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ ဝင်မရှုပ်ရဘူးလို့ ပြောခဲ့
ပေါ့"

ဟုပြောလိုက်၏။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ်၊ သမားတော်ကြီးမှာ အပြစ်မရှိပါဘူး၊ ကျ
တော်သာ.."



သူ၏စကားမဆုံးမီ ချာလုံ လက်ကာပြလိုက်သည်။

"မင်းအပြစ်လည်း မဟုတ်ဘူး၊ ကံကြမ္မာရဲ့အပြစ်ပဲ"

"ဗျာ"

"ကံကြမ္မ အလှည့်မပေးလို့ လူတော်လူကောင်းတွေ ဒုက္ခ
က်ကြရတာ၊ ဘာပဲဖြစ်ဖြစ်လေ၊ မင်းကိုငါ အတတ်နိုင်ဆုံးကူသ
မှာပါ၊ တစ်နေ့မဟုတ်တစ်နေ့တော့ ပျောက်ကင်းသွားရမှာပေါ့၊
ပေးတဲ့ဆေးသာ မှန်မှန်သောက်ပါ၊ တော်ရုံတန်ရုံရောဂါ ပြန်ထ
လာနိုင်ဘူး"

"ဟုတ်ကဲ့ ကျွန်တော် မှန်မှန်သောက်ပါတယ်"

"ဒါနဲ့ မင်းငြိမ်းချမ်းဘုံကျောင်းကို ဘယ်တော့သွားမယ်
တ်ကူးထားသလဲ"

သူ့အား ဤနေရာတွင် ဆက်မနေစေလိုတော့ကြောင်း
မ်းကျုံးစန်း နားလည်လိုက်သည်။

"ကျွန်တော် တစ်ရက်နှစ်ရက်အတွင်း သွားပါ့မယ်"

ချာလုံက...

"မင်းကို သူတော်ခုံးကျိန်း မျှော်လှပြီ၊ ငါ့သဘောပြောရယင်
နေ့ညပဲ သွားစေချင်တယ်"

ဟု ပြောလိုက်သည်။

ဝမ်းကျုံးစန်း ငြင်းဆန်လိုစိတ် မရှိချေ။

ထို့ကြောင့် ခေါင်းညိတ် သဘောတူလိုက်သည်။

"ကောင်းပါပြီ၊ ဒီကနေ့ညပဲ ကျွန်တော် သွားပါ့မယ်"

ချာလုံ၏မျက်နှာ ကြည်လင်ရွှင်ပျသွားသည်။

"မကြာခင် ငါ့တပည့်တစ်ယောက် လွှတ်လိုက်မယ်၊ သူ

မင်းကို ငြိမ်းချမ်းဘုံကောင်းကိုရောက်တဲ့အထိ လိုက်ပို့ပေးလိမ့်မ

စောစောထွက်မှ ဟိုကို မိုးမချုပ်မီရောက်မှာ"

"ဟုတ်ကဲ့"

"ကဲ ငါသွားမယ်၊ မင်း အဆင်သင့်ပြင်ထားပေတော့၊ မ

ရောက်ယင် ငါပေးလိုက်တဲ့ဆေး မှန်မှန်သောက်ဖို့လည်း မမေ့နဲ့"

"စိတ်ချပါ ခင်ဗျာ"

ချာလုံသည် ဝမ်းကျုံးစန်းကို နှုတ်ဆက်ကာ ထွက်ခွာသွ

သည်။

ဝမ်းကျုံးစန်းလည်း ထိုနေရာမှ ထွက်ခွာသွားရန် ပြင်ဆင်

တော့သည်။

ဝမ်းကျုံးစန်းထံတွင် သိမ်းဆည်းစရာပစ္စည်းဟူ၍ များမျာ

စားစား မရှိပါ။

အဝတ်အပိုနှစ်စုံ၊ ဆေးထုပ်နှင့် အဖြူရောက်ဓားတို့သာ

သည်။

ဝမ်းကျုံးစန်းသည် ပစ္စည်းများကို စားပွဲပေါ်စုပုံကာ ငေ

ကြည့်နေမိသည်။

အကယ်၍သာ တန့်လျှံယုနှင့် ခင်မင်ရင်းနှီးခြင်းမရှိခဲ့ပါက



ရာသစ်သို့ ပြောင်းရသည့်အတွက် ယခုကဲ့သို့ စိတ်လက်လေးလံ

မည် မဟုတ်ပေ။

ပို၍ပင် ဝမ်းသာပျော်ရွှင်မည် ဖြစ်သည်။

ယခုမူ တန့်လျှံယုနှင့် ခွဲခွာရတော့မည်ဖြစ်ရာ ရင်ထဲ၌ဟာ

မိတော့သည်။

သွားကာနီး တန့်လျှံယုအား နှုတ်ဆက်လိုစိတ်များ ပေါ်

ပါက်လာသည်။

ထို့ကြောင့် အခန်းတွင်းမှထွက်ကာ တန့်လျှံယု၏အဆောင်

သွားလေသည်။

ချာလုံအနေဖြင့် သဘောတူမည်မဟုတ်သလို ရှောင်စန်းနှင့်

ထိန်းတော်ကူးတို့ကလည်း သဘောကျမည်မဟုတ်ကြောင်း ဝမ်း

ကျုံးစန်း သိပါသည်။ သို့သော်..

တန့်လျှံယုကို နှုတ်ဆက်ချင်စိတ်က ကြီးမားပြင်းထန်နေ

ဖြင့် တဇွတ်ထိုးထွက်လာခဲ့ခြင်းဖြစ်သည်။

သူသည် တစ်ခါတစ်ရံ လွန်စွာမိုက်မဲသည်။

တစ်ခါတစ်ရံ လွန်စွာယဉ်ကျေးသိမ်မွေ့သည်။

သူ့အား မည်သူမျှ အလွယ်တကူ နားလည်နိုင်ကြမည်

မဟုတ်ပါချေ။

♠ ♠ ♠

ဝမ်းကျုံးစန်းသည် တန့်လျှံယုကို နှုတ်ဆက်ရန် ထွက်
ခဲ့သည်။

မြောက်ဘက်အဆောင်သို့ ရောက်သည့်အခါ ရောင်စန်
ဦးစွာတွေ့ရသည်။

ရောင်စန်းက သူ့အားလှမ်းပြီး ဟန့်တားရန် ကြံစွယ်လို
သည်။

သို့သော် မည်သို့မည်ပုံ စိတ်ပြောင်းသွားသည်မသိ။

ကျောခိုင်းကာ တစ်ဘက်သို့ လှည့်သွားလေသည်။

ဝမ်းကျုံးစန်း ပြုံးလိုက်သည်။

ထို့နောက် တန့်လျှံယုအခန်းဆီသို့ တန်းတန်းမတ်မ
လျှောက်သွားလေသည်။

"ဒေါက်...ဒေါက်"

အခန်းတံခါးခေါက်လိုက်သည်နှင့် ချက်ချင်းပွင့်သွားသ

တံခါးဖွင့်ပေးသူမှာ အထိန်းတော်ကူးဖြစ်လေသည်။

အထိန်းတော်ကူးသည် မမျှော်လင့်ဘဲ ဝမ်းကျုံးစန်းကို တွေ့
လိုက်ရသည့်အတွက် အံ့အားသင့်သွားသည်။

"ဟင်...မင်းကိုး"

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ညီမလေးတန့်လျှံယုနဲ့ တွေ့ပါရစေ၊ ကျွန်တော် သူ့ကိုလ
နှုတ်ဆက်တာပါ"



အထိန်းတော်ကူး မျက်မှောင်ကြုတ်သွားသည်။

"မင်းက ဘယ်သွားမလို့လဲ"

"ဒီကထွက်သွားရမယ်လို့ သမားတော်ကြီးကပြောပါတယ်"

ထိုစကားကြောင့် အထိန်းတော်ကူး ဝမ်းသာသွားပုံရသည်။

ဝမ်းကျုံးစန်းကို အခန်းတွင်းသို့ ဝင်ခွင့်ပြုလိုက်သည်။

တန့်လျှံယုသည် ခုတင်ပေါ်တွင်ထိုင်ကာ စာအုပ်တစ်အုပ်
သဲသဲမဲမဲ ဖတ်လျှက်ရှိသည်။

"ညီမ"

တန့်လျှံယုသည် ခေါ်သံကြောင့် လှည့်ကြည့်လိုက်ရာ ဝမ်း
းစန်းကို တွေ့သဖြင့် အံ့ဩဝမ်းသာသွားသည်။

တန့်လျှံယုသည် ဝမ်းသာအားရ ခုတင်ပေါ်မှ ဆင်းလာ
ည်။

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်ပြီး...

"အစ်ကို ညီမကို လာပြီးနှုတ်ဆက်တာပါ"

ဟုပြောလိုက်သည်။

"ရှင်"

တန့်လျှံယု မျက်လုံးကလေး ဝိုင်းသွားသည်။

ပထမတွင် အံ့ဩသွားသည်။

ထို့နောက် ရင်ထဲ လှိုက်ဟာသွားသည်။

ရွှင်ပျနေသော မျက်နှာသည်လည်း ညှိုးကျသွား၏။

ချက်ချင်းပင် ငိုချလိုက်တော့မည့်အလား ထင်မှတ်ရ
သည်။

"အစ်ကို..အစ်ကို ဘယ်သွားမလို့လဲဟင်"

ဝမ်းကျုံးစန်းသည် ရုတ်တရက် ဘာပြန်ပြောရမှန်း
ဖြစ်သွားသည်။

အမှန်အတိုင်း မပြောသင့်ကြောင်း နားလည်သည်။

ထို့ကြောင့် အမှန်တစ်ဝက်၊ အမှားတစ်ဝက် မယုတ်မ
ပြောလိုက်ရသည်။

"သမားတော်ကြီးချာလုံက အစ်ကို့ရဲ့ဝေဒနာ မြန်
ပျောက်ကင်းအောင် သူတော်ကြီးတစ်ပါးဆီမှာ ဆေးကုဖို့ လမ်း
ပေးတာနဲ့ အစ်ကိုသွားရမှာပါ"

တန့်လျှံယု ငိုင်ကျသွားသည်။

ဝမ်းကျုံးစ ရှေ့ဆက်ပြောစရာစကား ရှာမတွေ့ဘဲ ဖြစ်
သည်။

တန့်လျှံယု၏အမူအရာမှာ အလွန်ပင် စိတ်ထိခိုက်နေဟ
တူသည်။

တန့်လျှံယု စိတ်မကောင်းဖြစ်မည်ဟု ထည့်မတွက်ဘဲ
လောတကြီးထွက်လာခဲ့မိခြင်းအတွက် သူ့ကိုယ်သူ ဒေါသထွက်လ
မိသည်။

တန့်လျှံယုက...



"အစ်ကို ကျွန်မကို ထားခဲ့တော့မှာပေါ့နော်"

ဝမ်းကျုံးစန်း ဟန်ဆောင်ပြုံးလိုက်သည်။

"အို..ဘယ်က ထားခဲ့ရမှာလဲ၊ အစ်ကို ပြန်လာမှာပေါ့၊ ညီမ
သိုင်းလောကထဲ အလည်အပတ်ခေါ်သွားချင်လွန်းလို့ အစ်ကို
ဒနာပျောက်ကင်းအောင် ကုရမှာ၊ မကြာပါဘူး"

ထိုစကား ကြားရသည့်အခါမှ ညှိုးနွမ်းနေသော သူမ၏
က်နှာသည် ရွှင်ရွှင်လန်းလန်း ဖြစ်လာသည်။

"အစ်ကို ကတိပေးထားတာ မမေ့ဘူးနော်"

"မမေ့ပါဘူး"

"အစ်ကိုမရှိယင် ကျွန်မ ပျင်းနေမှာပဲ၊ ဒီနေ့တောင် လာဦး
လို့ခြံဝင်းထဲမှာ လူစိမ်းဧည့်သည်တွေ ရောက်နေတယ်ဆိုလို့ မလာ
တာ"

"အစ်ကို သိပ်ဝေးဝေးသွားရမှာ မဟုတ်ပါဘူး၊ အချိန်ရယင်
ကြာမကြာ လာလည်ပါ့မယ်"

တန့်လျှံယု ခေါင်းညိတ်လိုက်သည်။

"ကျွန်မကိုလည်း တစ်လအတွင်း ရောဂါသက်သာ့ပျောက်
င်းသွားမယ်လို့ သမားတော်ကြီးက ပြောတယ်၊ သူဆေးတစ်ဖုံ
ဖော်စပ်ပြီးပြီတဲ့"

"ဒါဆို ဝမ်းသာစရာပဲပေါ့"

ဤတွင် အထိန်းတော်ကူးက ကြားဝင်ပြောလိုက်သည်။

"အများဆုံး တစ်လပါပဲ သခင်မလေး ကျန်းမာရေးကေ
လာပြီပဲ၊ နောက်ဆုံးစပ်ထားတဲ့ ဆေးတစ်ဖုံ တိုက်ကျွေးပြီးယင်
ဂါရှင်းရှင်းပျောက်ပြီတဲ့၊ ရောဂါပျောက်တဲ့နောက်ပိုင်း အမောအပ
နိုင်မယ်၊ စိတ်လှုပ်ရှားတာလည်း ခံနိုင်မယ်၊ ဒီတော့ မင်းတို့
ချင်ရာသွား၊ လည်ချင်ရာလည်ကြပေါ့"

တန့်လှုံ့ယုက ထောက်ခံလိုက်၏။

"ဟုတ်တယ် အစ်ကို၊ ကျွန်မကို သိုင်းလောကထဲ ခေါ်သ
ရမယ်နော်"

"စိတ်ချပါညီမ၊ ကဲ အစ်ကိုသွားတော့မယ်၊ ကျန်းမာ
ဂရုစိုက်ပေါ့ ဟုတ်လား"

"အစ်ကိုသွားတော့မလို့လား၊ နေပါဦး"

တန့်လှုံ့ယုက တားလေသည်။ ဝမ်းကျုံးစု စိတ်မကောင်းဖြ
သွားသည်။ ပြီးမှ သက်ပြင်းချကာ...

"မိုးမချုပ်မီ ရောက်အောင်သွားရမယ်၊ ဒါကြောင့် ဒီက
စောထွက်မှဖြစ်မှာ"

ဟု ပြောလိုက်၏။ တန့်လှုံ့ယုက...

"အစ်ကို မကြာမကြာလာနော်"

"စိတ်ချပါ ညီမရယ်"

ထို့နောက်...

ဝမ်းကျုံးစန်းသည် အထိန်းတော်ကူးနှင့် တန့်လှုံ့ယုတို့



က်ဆက်ကာ မြောက်ဘက်အဆောင်မှ ပြန်လာခဲ့လေသည်။

တန့်လှုံ့ယုကား ဝမ်းကျုံးစန်း၏နောက်ကျောကို ငေးကြည့်
င်း ငေးငိုင်ကျန်ရစ်ခဲ့သည်။

သူမ၏နှလုံးသွေးကြောနှင့်ဆိုင်သော ဝေဒနာမှာ မကြာမီ
ပျက်ကင်းတော့မည် ဖြစ်ပေသည်။

သို့သော် နုနယ်သော နှလုံးသား၌ ဒဏ်ရာအသစ်တစ်ခုရ
ပြီဖြစ်သည်။ ထိုအချက်ကို ရှောင်စန်းနှင့် အထိန်းတော်ကူးတို့က
ရှိ ထားလေသည်။

ဝမ်းကျုံးစန်း အခန်းတွင်းသို့ ပြန်ရောက်လာသောအခါ
လုံ၏တပည့်လေးယောက်အနက် အကြီးဆုံးတပည့် ဖုံးယီ ရောက်
နေသည်ကို တွေ့ရသည်။

ဖုံးယီ၏ဦးဆောင်မှုဖြင့် လိုအပ်သည့်ပစ္စည်းများ ယူကာ
သက်ကယ်ခြံဝင်းမှ ထွက်လာခဲ့ကြသည်။

လမ်းခရီးတလျှောက် မရပ်မနား ခရီးနှင်လာခဲ့ကြသည်။

နှစ်ယောက်စလုံး ခပ်သွက်သွက်လာခဲ့ကြသဖြင့် မိုးမချုပ်
ငြိမ်းချမ်းဘုံကျောင်းသို့ ရောက်ရှိလာခဲ့ကြသည်။

ငြိမ်းချမ်းဘုံကျောင်းသို့ ရောက်သည့်အခါ သူတော်ခုံးကျိန်း
ဝမ်းသာအားရထွက်၍ ကြိုဆိုနေသည်ကို တွေ့မြင်လိုက်ရလေ
သည်။

♠ ♠ ♠

သူတော်ခုံးကျိန်းသည် လွန်စွာသဘောကောင်းသူ ဖြစ်
သည်။

အမှတ်တစ်ငှက်ဆိုး၏လုပ်ကြံမှုကို ခံရစဉ်က သူသည်
ကျုံးစန်း၏အသက်ကို ကယ်တင်ခဲ့ဖူးသည်။

ထို့ပြင် ဝမ်းကျုံးစန်း၏ ရောဂါဝေဒနာ ဆေးကုရန်အတွ
သမားတော်ကြီးချာလုံထံ ညွှန်ပြခဲ့သူလည်း ဖြစ်ပေသည်။

သူသည် ဝမ်းကျုံးစန်း ရောက်လာသည်ကို တွေ့သော
ဝမ်းသာအားရ ဆီးကြိုသည်။

ငြိမ်းချမ်းဘုံကျောင်းမှာ ဝါးဖြင့် ကာရံထားသည့် ခြံဝင်း
ခုအတွင်း၌ တည်ရှိပြီး ခန်းနားကြီးကျယ်သော အဆောင်အ
မရှိပေ။

ဝမ်းကျုံးစန်းအတွက် သီးသန့်အခန်း သဘောမျိုးဖြစ်စေ
ဘုံကျောင်း အနောက်ဘက်တွင်ရှိသော အဂ္ဂိရတ်ထိုးသည့်အခန်း
နေရာချထားပေးလေသည်။

ဝမ်းကျုံးစန်းအား ပို့ပြီးနောက် ဖုံးယီ ပြန်သွားလေသည
ခုံးကျိန်းက ဝမ်းကျုံးစန်းအတွက်တာဝန်ယူမည်ဖြစ်ကြော
မှာကြားလိုက်သေး၏။

ဝမ်းကျုံးစန်းကိုယ်တိုင်လည်း သူတော်ခုံးကျိန်းကို တွေ
သဖြင့် ပျော်ရွှင်နေမိလေတော့သည်။

♠ ♠ ♠



တစ်ရက်။

နှစ်ရက်။

သုံးရက်။

ဝမ်းကျုံးစန်း ငြိမ်းချမ်းဘုံကျောင်းသို့ ရောက်ရှိလာသည်မှာ
ုံးရက်ရှိသွားပြီဖြစ်သည်။

သုံးရက်အတွင်း အနားယူအိပ်စက်လိုက်၊ ကျောင်းဝင်းအ
ွင်း လမ်းလျှောက်လိုက်၊ သူတော်ခုံးကျိန်းနှင့် ကျားထိုးလိုက်ဖြင့်
ချိန်ဖြုန်းခဲ့ပေသည်။

ချာလုံပေးလိုက်သောဆေးကိုလည်း မှန်မှန်သောက်သည်။

ကျော်ချန်းတို့နှင့် တိုက်ခိုက်ခဲ့သော်လည်း သိုင်းပညာနှင့်
တွင်းအား မယ်မယ်ရရ အသုံးမပြုခဲ့သဖြင့် ဝေဒနာဆိုးရွားလာ
င်း မရှိချေ။

သုံးရက်ပြည့်မြောက်သောနေ့တွင် ဝမ်းကျုံးစန်းသည် တန့်
လျှံယုကို သတိရလာ၏။

တန့်လျှံယုကို တွေ့လိုစိတ်က တားဆီးမရနိုင်အောင် ပြင်း
ထန်လာသည်။

ထို့ကြောင့် အသက်ကယ်ခြံဝင်းသို့ အလည်အပတ်သွား
ရောက်လိုကြောင်း ခုံးကျိန်းထံတွင် ခွင့်ပန်လေတော့၏။

သူတော်ခုံးကျိန်းသည် ဝမ်းကျုံးစန်းနှင့်တန့်လျှံယုတို့ တစ်
ယောက်ကိုတစ်ယောက် သံယောဇဉ်ငြိတွယ်နေကြသည်ကို ချာလုံ

ထံမှတဆင့် သိထားခဲ့ပြီးဖြစ်လေသည်။

ထို့ကြောင့်...

ဝမ်းကျိုးစန်းက တန့်လျှံယုထံ သွားရောက်လည်ပ
ခွင့်တောင်းလာသည့်အခါ အခြေအနေမှန်ကို မလွဲသာမရှော
ရှင်းပြလိုက်ရလေတော့သည်။

♠ ♠ ♠

ခုံးကျိန်း၏မျက်နှာသည် တည်ငြိမ်ရင့်ကျက်နေ၏။

ကျက်သရေနှင့်ပြည့်စုံသော ဥပမိရုပ်သွင်သည် ထ
ရှားရှား ပေါ်လွင်နေသည်။

အမြဲတစေ ပြုံးပြုံးရွှင်ရွှင်နေတတ်သော ခုံးကျိန်းသ
ရယ်မပြုံး ရင့်ကျက်သည့်အသွင်ဆောင်နေခြင်းကြောင့် လေ
သော အကြောင်းအရာတစ်ခုခုကို ပြောဆိုတော့မည်ဖြစ်ကြေ
ပေါ်လွင်နေ၏။

သူတော်ခုံးကျိန်းကဝမ်းကျိုးစန်းကို စေ့စေ့ကြည့်ကာ

"မင်း အသက်ကယ်ခြံဝင်းကို ဘာသွားလုပ်မှာလဲ"

ခုံးကျိန်းက တဲ့တိုးမေးလိုက်သည်။

ဝမ်းကျိုးစန်းကလည်း အမှန်အတိုင်းပင် ပြောလိုက်
သည်။



"တန့်လျှံယုနဲ့ သွားတွေ့မလို့ပါ"

"ကောင်းပြီ တန့်လျှံယုနဲ့သွားတွေ့မယ်ဆိုယင် သူနဲ့မင်းနဲ့
ယ်လို ပတ်သက်နေသလဲဆိုတာ ငါသိချင်တယ်"

မမျှော်လင့်သောမေးခွန်းကြောင့် ဝမ်းကျိုးစန်း နှုတ်ဆွံ့သွား
ည်။

အသက်ကယ်ခြံဝင်းတွင် အတူတူရှိနေစဉ်က သတိမထားမိ
သော်လည်း ခွဲပြီးနေထိုင်သည့်အခါ ရင်ထဲ၌ ထူးခြားသော ဝေဒနာ
ား‌ဖြစ်ပေါ်လာ၏။

သူသည် တန့်လျှံယုကို ညီမလေးတစ်ယောက်အဖြစ်သာ
က်ဆံလို၏။

သို့သော် သူ၏နှလုံးသားအနံ့မှုကား...

လျှံကျိုး၏နေရာတွင် မည်သူ့ကိုမျှ အစားထိုးမရနိုင်ဟု
င်ခဲ့မိသည်မှာ မှားနေပြီဖြစ်ကြောင်း သူ နားလည်စပြုလာလေ
ည်။

သို့ရာတွင် တန့်လျှံယုကို သံယောဇဉ်ရှိသည့်တိုင် မေတ္တာ
က်ဝင်ခြင်းမျိုး မဖြစ်စေရဟု သူ့ကိုယ်သူ တားမြစ်ပိတ်ပင်ထား
ည်။

"မင်း ငါမေးတာ မဖြေဘူး"

ခုံးကျိန်းက ထပ်မံမေးမြန်းလိုက်သည်။

ဝမ်းကျိုးစန်း သက်ပြင်းချကာ...

"ကျွန်တော်တို့နှစ်ယောက်ဟာ မိတ်ဆွေတွေပါ"

"မင်း သေချာရဲ့လား"

ယခုတစ်ကြိမ်တွင်မူ ဝမ်းကျုံးစန်း ခပ်သွက်သွက်ပြော
သည်။

"ဟုတ်ကဲ့"

ကြာနေလျှင် အထင်လွဲမှားသွားမည်ကို စိုးရိမ်သော
ဖြစ်သည်။

"တန့်လျှံယုဟာ ဘယ်သူဘယ်ဝါဆိုတာ မင်းသိရဲ့လ
ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်း မျက်မှောင်ကြုတ်သွားသည်။

တန့်လျှံယုသည် ကျော်ချန်းနှင့်ကြည်ဟုတ်တို့ ပြောခဲ့
သခင်မလေးဖြစ်နေမည်လော။

ခုံးကျိန်းကို နားမလည်နိုင်စွာကြည့်ကာ။

"ကျွန်တော် မသိပါဘူး"

"မသိဘဲနဲ့ မင်းဘာကြောင့် သံယောဇဉ်ရှိနေရတာလ

"သူ့ကို ကျွန်တော် သနားတယ်၊ သူကလည်း ကျွန်
ကိုခင်တယ်လေ"

ခုံးကျိန်း ခေါင်းယမ်းလိုက်သည်။

"အဲဒါ ခက်တာပေါ့၊ ချာလုံက မပြတ်သားဘူး၊ သူ့ရဲ့မ
သားမှုကြောင့် မင်းတို့ဒုက္ခရောက်လိမ့်မယ်"



ဝမ်းကျုံးစန်း ဦးနှောက်ခြောက်သွားသည်။

"ကျွန်တော် ဘာမှနားမလည်ပါလား"

ခုံးကျိန်းက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြန်သည်။

"အေး မင်းနားမလည်ယင် ငါရှင်းပြမယ်၊ တန့်လျှံယုဟာ
မိန်းကလေးတစ်ယောက် မဟုတ်ဘူး၊ ကောက်ကျင်းနယ်စား
ရဲ့ သမီးတော်ပဲကွ"

"ဗျာ"

ထိုစကားကြောင့် ဝမ်းကျုံးစန်း ပါးစပ်အဟောင်းသား
ရှလေတော့သည်။

♠ ♠ ♠

## သက်တော်စောင့်

ညနေစောင်းပြီ ဖြစ်သည်။

ကောင်းကင်တစ်ခုလုံး ပုဖ္ဖန်ဆီရောင် သန်းနေသည်။

သိပ်မကြာမီအချိန်တွင် နေရောင်ပျောက်ကွယ်သွားတော

မည်ဖြစ်သည်။

ငြိမ်းချမ်းဘုံကျောင်းအတွင်း၌ ခုံးကျိုန်းနှင့် ဝမ်းကျုံးစန်းတ

မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

ခုံးကျိုန်း၏မျက်နှာမှာ တည်ကြည်လေးနက်နေသလို ဝမ်

ကျုံးစန်းမှာလည်း အံ့ဩလွန်း၍ ပါးစပ်အဟောင်းသား ဖြစ်နေ

သည်။

အိပ်မက်မှ လန့်နိုးလာသူပမာ ကြောင်အမ်းအမ်းဖြစ်

လေသည်။

သူ၏ရင်ထဲ၌ တန့်လျှံယုသည် ကောက်ကျင်းနယ်စား



ဖြစ်သည်ဟု သိလိုက်လျှင် သူမနှင့် တံတိုင်းအထပ်ထပ် ခြား

ပြီဟု အလိုအလျောက် နားလည်လိုက်သည်။

ခုံးကျိုန်းက သက်ပြင်းချကာ...

"ကောက်ကျင်းနယ်က သခင်မလေးတစ်ယောက်ဆိုတော့

ာမလုပ်ရဘူး၊ ဒီဟာမလုပ်ရဘူး၊ ဟိုမသွားရဘူး၊ သည်မသွား

းဆိုတဲ့ ချုပ်ချယ်မှုတွေ အများကြီးရှိတယ်၊ တန့်လျှံယုဟာ ချုပ်

မှုတွေ များလွန်းလှတဲ့အတွက် လောကရဲ့ပျော်ရွှင်မှုကို မခံစား

။ စိတ်ကျဉ်းကြပ်ပြီး ရောဂါစွဲကပ်ခဲ့တာပဲ"

ဟုရှင်းပြလိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းငိုက်စိုက်ကျသွားတော့သည်။

ကောက်ကျင်းနယ်စား၏သမီးတော်ဟူသော ဂုဏ်ပုဒ်သည်

ှင့် တန့်လျှံယုတို့နှစ်ယောက်အကြား မဟာတံတိုင်းကြီးဖြင့် ကာရံ

းသလို ဖြစ်နေပြီ မဟုတ်ပါလား။

ခုံးကျိုန်း ချောင်းတစ်ချက်ဟန့်ပြီး စကားဆက်လိုက်သည်။

"ချာလုံနဲ့ငါဟာ မင်းနဲ့တန့်လျှံယုကိစ္စမှာ သဘောထားချင်း

က်ဆိုင်ခဲ့ကြတယ်၊ ဘာလဲဆိုတော့ မင်းဟာ တန့်လျှံယုကို ကူညီ

င့်ရှောက်ပေးနိုင်တယ်ဆိုတဲ့ အချက်ပဲ"

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်သည်။

"မလိုဘူးထင်ပါတယ်၊ ကောက်ကျင်းနယ်စားရဲ့သမီးတော်

တော့ စောင့်ရှောက်မယ့်လူတွေ အများကြီးရှိမှာပါ"

"အယင်ကတော့ မင်းပြောတာမှန်တယ်၊ အခုတော့ လိုအ
နေပြီ"

ခုံးကျိန်း၏စကားသည် ဝေ့လည်ကြောင်ပတ်နိုင်လှသည် ဟု
ထင်မိသည်။

မည်သို့ဆိုစေ ထူးခြားချက်တစ်ခုခုရှိကြောင်းကို ဝမ်းကျူ
စန်း ရိပ်မိသည်။ စိတ်လည်း ဝင်စားလာသည်။

"ဘာကြောင့် လိုအပ်တယ်ဆိုတာ မသိရဘူးလား"

ခုံးကျိန်း ခေါင်းညိတ်လိုက်သည်။

"ငါ မင်းကိုရှင်းပြပါ့မယ်၊ ကောက်ကျင်းနယ်စားကြီးတန်
ရွှေရဲ့ဂုဏ်သတင်းကို မင်းကြားဖူးမှာပေါ့"

မှန်ပေသည်။

ကောက်ကျင်းနယ်စားကြီးတန့်ရွှေသည် ကိုယ်ကျင့်တရား
ကောင်းမွန်စွာဖြင့် ကောက်ကျင်းနယ်အား အုပ်ချုပ်နေသူဖြစ်သည်။

ကောက်ကျင်းနယ် သာယာဝပြောရေးနှင့် နယ်သူနယ်သား
များ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အစဉ်အမြဲကြိုးဆောင်
နေသူဖြစ်သည်။

ကျောသားရင်သား မခွဲခြားဘဲ ရင်ဝယ်သားကဲ့သို့ စောင့်
ရှောက်မှုကြောင့် နယ်သူနယ်သားများက ရိုသေချစ်ခင်ကြသည်။

တန့်ရွှေ၏ကောင်းသတင်း ဂုဏ်ပုဒ်သည် ပန်းသတင်းလေ
ညှင်းဆောင် လူ့သတင်းလူချင်းဆောင်ဟူသော စကားအတိုင်း



ယ်နယ်အရပ်ရပ်တိုင် ကျော်ဇောပျံ့နှံ့လျက်ရှိသည်။

"ဟုတ်ကဲ့ နယ်စားကြီးတန့်ရွှေရဲ့ကျော်ဇောမှုသတင်းကို
တော် ကြားဖူးပါတယ်"

"အေး..တန့်လျှံယုဟာ တန့်ရွှေရဲ့ တစ်ဦးတည်းသော သမီး
ပဲ"

ဝမ်းကျူးစန်း၏ရင်ထဲ၌ တစ်စထက်တစ်စ လေးလံလာရ
။ တန့်လျှံယုသည် အလွန်မြင့်မားသော ပင်ယံထက်မှအလှ ပန်း
လေးတစ်ပွင့်ဖြစ်ကြောင်း ပို၍နားလည်လာသည်။

ခုံးကျိန်းက စိတ်မကောင်းသောလေသံဖြင့် ဆက်ပြော
။

"ကိုယ်ကျင့်တရားပြည့်စုံတဲ့ တန့်ရွှေဟာ တစ်နေ့မှာ
ရွာတစ်ရွာကို အလည်အပတ်သွားခဲ့တယ်၊ အဲဒီအချိန်မှာ သူ့ရဲ့
တစ်ဝမ်းကွဲ'တန့်ချောင်း'ဟာ ကောက်ကျင်းနယ်ကို မတရား
းပိုက်လိုက်တယ်လေ"

"ဗျာ"

ဝမ်းကျူးစန်း အံ့သြသွားရပြန်သည်။

သူသည် မမျှော်လင့်ဘဲ အရှုပ်တော်ပုံတစ်ခုအတွင်းသို့
ဆင်းမိပြီဖြစ်ကြောင်း ချက်ချင်း နားလည်လိုက်သည်။

"တန့်ချောင်းက မတရားသိမ်းပိုက်တာကို ကောက်ကျင်း
သူနယ်သားတွေက မကျေနပ်ကြဘူး၊ တန့်ရွှေကိုသာ လိုလားကြ

တယ်၊ ဒီတော့ တန့်ချောင်းက တန့်ရွှေကို လုပ်ကြံဖို့ကြိုးစားတော
တာပေါ့၊ တန့်ရွှေမရှိတော့မှ သူ့အဖို့ အုပ်ချုပ်ရေးမှာ အဆင်ပြေ
မှေ့မှာ မဟုတ်လား”

ကောက်ကျင်းနယ်သည် ပြည်မနှင့် မိုင်ပေါင်းထောင်ချီ
ဝေးကွာသည်။

တန့်လျှံယု အသက်ကယ်ခြံဝင်းသို့ ရောက်နေသည့်အ
တွက် ကောက်ကျင်းနယ်မှ ထွက်ပြေးလာခြင်းဖြစ်ကြောင်း မပြော
သိနိုင်လေသည်။

ဝမ်းကျုံးစန်းသည် ခုံးကျိန်း၏စကားကို စိတ်ဝင်စားစွာပ
နားစွင့်လျက်ရှိသည်။ ခုံးကျိန်းက စကားဆက်လိုက်သည်။

“တန့်ရွှေဟာ ကောက်ကျင်းနယ်မှာ နေလို့မဖြစ်ဘူးဆိုတ
သိတယ်၊ ဒါကြောင့် သမီးတော်လေးကိုခေါ်ပြီး ပြည်မကို ထွက်ပြေ
လာခဲ့တယ်”

ဝမ်းကျုံးစန်းက အနည်းငယ် စဉ်းစားလိုက်ပြီး...

“ကောက်ကျင်းနယ်သားတွေက တန့်ချောင်းထက် တန့်ရွှေ
ကို ပိုပြီးနှစ်သက်ကြတယ် မဟုတ်လား”

“မှန်တယ်လေ”

“ဒါဆို တန့်ရွှေအနေနဲ့ ကောက်ကျင်းနယ်ကို ပြန်ရဖို့မခက်
ပါဘူး”

“ဒါပေါ့ မကြာခင် ကောက်ကျင်းနယ်ကို သိမ်းပိုက်နိုင်



ါ၊ တစ်ခုတော့ရှိတယ်၊ တန့်ချောင်းက ပြည်မမှာရှိတဲ့ ကြေးစား
်းသမားတွေကို ငွေ ရက်ရက်ရောရောပေးပြီး တန့်ရွှေနဲ့တန့်လျှံ
ို လုပ်ကြံခိုင်းနေတယ်၊ တန့်လျှံယု နေကောင်းယင် တန့်ရွှေဟာ
ကောက်ကျင်းနယ်ကို ပြန်လိမ့်မယ်၊ အခုဆိုယင် တန့်ရွှေကို ကူညီ
ိုလူတွေ ကောက်ကျင်းနယ်မှာ အဆင့်သင့်ဖြစ်နေပြီ၊ ကောက်
င်းနယ် ပြန်ရောက်တာနဲ့ တန့်ချောင်းဟာ အလိုလိုဖယ်ပေးရ
ဲ”

“သူက တန့်ရွှေ ကောက်ကျင်းနယ်ကို ပြန်မလာနိုင်အောင်
်ကြံပစ်မှာပေါ့”

“တန့်ရွှေအတွက် အရေးမကြီးဘူး၊ သိုင်းလောကကနာမည်
ကျော်သိုင်းသမားတွေဟာ မတရားတာကို မခံချင်လို့ တန့်ရွှေကိုဝင်
ကူညီနေကြတယ်၊ သူ့ကိုကာကွယ် စောင့်ရှောက်ထားကြတယ်၊
ယ်သူမှ လုပ်ကြံလို့ရမှာ မဟုတ်ဘူး”

ဝမ်းကျုံးစန်း ပခုံးတွန့်လိုက်သည်။

“ဒါဖြင့် ဘာပူစရာလိုသေးသလဲ၊ ကောက်ကျင်းနယ်ပြန်ပြီး
မ်းယူဖို့ပဲ ရှိတော့တာပေါ့”

“မင်းပြောတာ မှန်ပေမယ့် အခက်အခဲတစ်ခု ရှိနေတယ်
ဲ”

“တန့်လျှံယုလား”

“ဟုတ်တယ်၊ တန့်လျှံယုရဲ့ရောဂါဟာ မသေးဘူး၊ တန့်လျှံယု

ရောဂါပျောက်မှ ကောက်ကျင်းနယ်ပြန်မယ်လို့ တန့်ရွှေ ဆုံးဖြ
ထားတယ်လေ”

ဝမ်းကျုံးစန်း အံ့သြသွားသည်။

“သူက ဘာကြောင့် တန့်လျှံယုကို စောင့်ရှောက်မယ့်လ
တစ်ယောက် နှစ်ယောက်ထဲနဲ့ လွှတ်ထားရတာလဲ၊ အခုတောင် လု
ကြံမယ့်လူတွေ တစ်စထက်တစ်စ ခြေရာခံမိလာပြီ”

ခုံးကျိန်း သက်ပြင်းချလိုက်သည်။

“အဲဒါ ခက်နေတာပေါ့။ အခု တန့်ရွှေဟာ ကောက်ကျင်
နယ်စပ်မှာ လူအင်အားစုဆောင်းနေတယ်၊ တန့်လျှံယု ရောဂ
ပျောက်ပြီး ပြန်လာမှကောက်ကျင်းနယ်ထဲ ဝင်လိမ့်မယ်၊ တန့်လျှံယ
ကို အစောင့်အကြပ်များများထားပေးယင် တစ်ဘက်ရန်သူက ရိပ်မိ
သွားနိုင်တယ် မဟုတ်လား”

“ဘာဖြစ်လို့လဲ”

“လူများလာယင် ဆွမ်းဆန်ထဲ ကြွက်ချေးရောဆိုသလ
သစ္စာဖောက်ပါလာနိုင်တယ်လေ၊ နောက်ပြီး အသက်ကယ်ခြံဝင်းမှ
ဆေးလာကုတဲ့ကိစ္စကို တန့်ချောင်းမသိနိုင်ဘူးလို့ ယူဆထားပုံလည်
ရတယ်၊ ဒီလိုယူဆထားလို့ အစောင့်အရှောက်နည်းနည်းပဲ ထားတ
ဖြစ်မယ်”

ဝမ်းကျုံးစန်း ရင်လေးမိသည်။

“တကယ်လို့ တန့်လျှံယုအပေါ် အန္တရာယ်တစ်ခုခု ကျ



ရောက်လာမယ်ဆိုယင် တန့်ရွှေအနေနဲ့ ဘာမှတတ်နိုင်မှာမဟုတ်ဘူး
နော်”

“ဟုတ်တယ်”

“အခု အန္တရာယ်က စလာပြီလေ”

ခုံးကျိန်း ခေါင်းညိတ်လိုက်သည်။

“မှန်တယ်၊ တန့်ချောင်း စေလွှတ်လိုက်တဲ့လူတွေ ခြေရာခံ
သွားပြီလို့ ငါထင်တယ်၊ ချာလုံကလည်း ဒီအတိုင်းတွေးတာပဲ၊ ဒီ
တော့ တန့်လျှံယုကို စောင့်ရှောက်ဖို့ ဆရာ့ရှောင်စန်း၊ အထိန်းတော်
ကြီးတို့နဲ့တင် မလုံလောက်တော့ဘူး”

ဝမ်းကျုံးစန်း ပြုံးလိုက်သည်။

“အဖြူရောင်ဓား ဝမ်းကျုံးစန်း ရှိပါသေးတယ်”

ခုံးကျိန်းက သူ့အား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး...

“မင်းကကော သိုင်းပညာ အသုံးပြုလို့ဖြစ်မလား၊ ရောဂါဝေ
ဒနာကြီးနဲ့ မဟုတ်လား”

ဟုပြောလိုက်သည်။ ဝမ်းကျုံးစန်းက...

“ရောဂါဝေဒနာဟာ အခြေအနေအပေါ် မူတည်နေပါ
တယ်”

ခုံးကျိန်းက စကားလမ်းကြောင်း လွှဲလိုက်သည်။

“မင်း တန့်လျှံယုအပေါ်မှာ ဘယ်လိုသဘောထားသလဲ”

ဝမ်းကျုံးစန်း၏မျက်နှာ တည်သွားသည်။

"ကာကွယ်စောင့်ရှောက်ပေးသင့်တဲ့ လူတစ်ယောက်
ဘောထားရတော့မှာပေါ့"

"ဒါဖြင့်"

"သူဟာ အချိန်တန်ယင် ကောက်ကျင်းနယ် ပြန်
သွားမှာပါ၊ ကောက်ကျင်းနယ်က ပင်တိုင်စံသခင်မလေးပေါ့၊
တော်က သခင်မလေးရဲ့သက်တော်စောင့် အဖြူရောင်ဓား
ပေါ့"

ခုံးကျိန်း ခေါင်းညိတ်လိုက်သည်။

"မှန်တယ်၊ ဒီလိုပဲဖြစ်ရမှာပေါ့၊ ဒါပေမယ့် မင်းကိုယ့်အ
ကိုယ်လည်း ထည့်စဉ်းစားဦးနော်"

"စိတ်ချပါ"

ဝမ်းကျုံးစန်းသည် ဆုံးဖြတ်ချက်အတွက် အသက်ကို ငဲ့
သည့်လူစားမျိုး မဟုတ်ချေ။

ခုံးကျိန်းနှင့် အခြေအတင် မပြောလိုသောကြောင့် ကို
တွက်ပါ ထည့်စဉ်းစားမည်ဟု ပြောလိုက်ရခြင်းသာဖြစ်ပေသည်

ခုံးကျိန်းက...

"မင်း သူ့ဆီကိုသွားချင်ယင် သွားနိုင်ပါတယ်၊ ချာ
လည်း မင်းလာချင်တယ်ဆိုယင် မတားပါနဲ့လို့ ငါ့ကိုမှာထားတယ်

ဟုပြောလိုက်သည်။ ဝမ်းကျုံးစန်း ဝမ်းသာသွားသည်

"ဒါဖြင့် ကျွန်တော် ခဏသွားလိုက်ဦးမယ်"



ခုံကျိန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ သွားပေါ့၊ ဟိုမှာ ကြာကြာတော့မနေနဲ့၊ ချာလုံ
ဆေးကုသမှုကို အနှောက်အယှက် ဖြစ်နေဦးမယ်"

ခုံကျိန်း၏ ခွင့်ပြုချက်ရသည်နှင့် ဝမ်းကျုံးစန်းလည်း အ
က်ကယ်ခြံဝင်းသို့ ခပ်သွက်သွက်ပင် ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

နဂါးမြို့...။

နဂါးမြို့သည် မြွေခေါင်းတောင်ခြေမှ ဆယ်မိုင်ခန့်ဝေးသော
အရပ်တွင် တည်ရှိသည်။

မြွေခေါင်းတောင်ပေါ်ရှိ အသက်ကယ်ခြံဝင်းအတွက် လို
အပ်သောပစ္စည်းများကို နဂါးမြို့သို့သွားရောက် ဝယ်ယူရသည်။

ဖုံးယီနှင့်လုံစန်းတို့သည် နဂါးမြို့တွင် မွေးဖွားကြီးပြင်း ခဲ့သူ
များဖြစ်ကြသည်။

အရွယ်ရောက်လာသောအခါ မြွေခေါင်းတောင်ပေါ် သို့တက်
က ချာလုံထံမှ ဆေးပညာသင်ယူခဲ့ကြသည်။

ထို့နောက် နဂါးမြို့တွင် ဆေးကုသယင်း အသက်မွေးခဲ့ကြ
လေသည်။ ချာလုံတွင် တပည့်လေးယောက်ရှိပြီး ကျန်နှစ်ယောက်မှာ
အားလီနှင့်လုကျောက်တို့ ဖြစ်ကြလေသည်။

အသက်ကယ်ခြဝင်းသို့ တန့်လျှံယု ရောက်လာချိန်
ချာလုံသည် တပည့်လေးယောက်စလုံးကို သမားတော်ခြဝင်း
ထားခဲ့သည်

ဆေးကုသမှုနှင့် ပတ်သက်ပြီး အကူအညီလိုလျှင် ...
နိုင်သလို ရန်သူရောက်လာပါကလည်း ခုခံတိုက်ခိုက်ရန် အ...
ဖြည့်သည့်သဘော ဖြစ်ပေသည်။

ဖုံးယီနှင့်လုံစန်းတို့သည် ချာလုံ၏တာဝန်ပေးချက်...
လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရန် ...းမြို့သို့ရောက်လာကြ...

ပစ္စည်းဝယ်ယူပြီးနောက် စားသောက်ဆိုင်တစ်...
နံနက်စာ ဝယ်ယူစားသောက်ပြီး ခေတ္တအနားယူလိုက်ကြ၏။

ဤတွင် လုံစန်းတစ်ယောက် ဂဏာမငြိမ်ဖြစ်လာ...
သည်။ ဖုံးယီ အနီးသို့ကပ်ကာ...

"အစ်ကိုဖုံးယီ ကျုပ်တို့ ဒီအတိုင်းပဲ ဒုက္ခခံနေကြတော့မ...
ဗျ"

ဟုပြောလိုက်၏။ သူ၏စကားကြောင့် ဖုံးယီ အံ့သြသွ...

"ဘာဖြစ်လို့လဲ"

ဟုမေးလိုက်လေသည်။

လုံစန်းက...

"ကျုပ်တို့ဘဝ တိုးတက်မယ့်နည်းလမ်းတစ်ခု ရှိနေပြီ...

"ဟေ မင်းဘယ်လို့ ...ပိုက်တာလဲ"



"အစ်ကို သိတယ်မဟုတ်လား၊ ဆရာကြီး ဆေးကုပေးနေ
...န်းကလေးဟာ ဘယ်သူဘယ်ဝါဆိုတာ"

ဖုံးယီသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်
...။ သူတို့အား အရေးစိုက်သူ မတွေ့မှ...

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ဆရာကြီးကြား
အပြစ်ပေးခံရဦးမယ်၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ ဘာကြောင့်ဝင်ရှုပ်
...တာလဲ"

ဟုငေါက်လိုက်သည်။ လုံစန်း ပြုံးလိုက်သည်။

"ပွပေါက်ဖြစ်နေလို့ပေါ့ဗျာ"

"ကောက်ကျင်းနယ်စားရဲ့သမီးကို လိုချင်တဲ့လူရှိတယ်၊ အဲ...
...ကို သမီးတော်ရှိတဲ့နေရာ ပို့ပေးလိုက်ယင်"

"ဖြန်း"

သူ၏စကားမဆုံးမီ ဖြန်းခနဲ မြည်သံထွက်ပေါ်လာသည်။

ဖုံးယီသည် လုံစန်း၏ပါးကို ခပ်ဆတ်ဆတ်ရိုက်လိုက်ခြင်း
...သည်။

လုံစန်းမှာ မမျှော်လင့်ဘဲ အရိုက်ခံလိုက်ရသဖြင့် ရက်လည်း
ဒေါသလည်းထွက်သွား၏။

"အစ်ကိုကြီး ခင်ဗျား ကျုပ်ကို ရက်စက်တယ်ပေါ့"

ဖုံးယီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းလို အ... ...က်စက်တဲ့လူကို ရက်စက်မှ

တော်ရုံကျမယ်”

“ကျုပ်က အားလုံးကောင်းစားဖို့ ပြောတာ၊ အစ်ကို[illegible] သဘောမတူယင် နေနိုင်ပါတယ်”

ဖုံးယီက မဲ့လိုက်သည်။

“ငါသာ မဟုတ်ဘူး၊ မင်းစိတ်ဓာတ်ကို ဘယ်သူမှသ[illegible] ကျမှာမဟုတ်ဘူး”

လုံစန်း သက်ပြင်းချလိုက်သည်။

“ကိစ္စမရှိပါဘူးလေ၊ အစ်ကိုကြီး သဘောမတူဘူးဆို[illegible] ကျွန်တော်လည်း နောက်ဆုတ်လိုက်ပါ့မယ်”

ဖုံးယီသည် လုံစန်းကို သိပ်မယုံနိုင်တော့ချေ။

လုံစန်း ငွေမက်သည်ကို ရှေးမဆွကပင် သိရှိထား[illegible] သည်။ တောင်ပေါ်ရောက်လျှင် ဆရာဖြစ်သူအား အကျိုးအကြေ[illegible] ပြောပြမည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

လုံစိန်းကလည်း ဖုံးယီသည် ချာလုံအား ပြန်ပြောလိမ့်[illegible] ဖြစ်ကြောင်း တထစ်ချ ယုံကြည်ထားလိုက်ပြီဖြစ်သည်။

ထို့ကြောင့်...

ဖုံးယီကို အကောက်ကြံမှဖြစ်တော့မည်ဟု ကြိတ်၍[illegible] ဖြတ်ချက် ချလိုက်လေသည်။

ထိုစဉ် မလှမ်းမကမ်းရှိ စားပွဲတစ်လုံးမှ အဘိုးအိုတ[illegible] ယောက် သူတို့နှစ်ဦးကို အကဲခတ်ကြည့်နေသည်။



ထိုအဘိုးအိုနှင့် မျက်နှာချင်းဆိုင်တွင် လူထွားကြီးတစ်[illegible]က်ထိုင်နေ၏။

ကောက်ကျင်းနယ်စား သမီးတော်နှင့် အသက်ကယ်ခြံဝင်း[illegible]သာစကားသံကြောင့် စိတ်ဝင်စားကာ နားထောင်နေကြခြင်းဖြစ်[illegible]သည်။

ဖုံးယီနှင့်လုံစန်းတို့သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်[illegible]င့် စကားမပြောတော့ဘဲ ရေနွေးကြမ်းများသောက်ပြီး ထိုင်ရာမှ[illegible]န် ဟန်ပြင်လိုက်ကြသည်။

ဤတွင် နားစွင့်နေသော အဘိုးအိုက လူထွားကြီးကို မျက်[illegible]ပြလိုက်သည်။

လူထွားကြီးသည် ချက်ချင်းပင် ထိုင်ရာမှထကာ လုံစန်းတို့[illegible]ို့ လျှောက်သွားလေသည်။

လူစိမ်းတစ်ယောက် ရောက်လာသဖြင့် လုံစန်းနှင့်ဖုံးယီတို့[illegible]ကြည့်လိုက်၏။

လူထွားကြီးက ချိုသာစွာ ပြုံးပြယင်း...

“ညီလေးတို့နှစ်ယောက်က အသက်ကယ်ခြံဝင်းကဖုံ့တွေ[illegible]ပါရဲ့”

ဟုမေးလိုက်သည်။

“ဟုတ်ပါတယ်ဗျာ”

လုံစန်းက ပျာပျာသလဲပင် ခေါင်းညိတ်ပြီး ပြန်ပြောသည်။

လူထွားကြီးက ပြုံးမြဲပြုံးသည်။

"သမားတော်ကြီးချာလုံကော နေထိုင်ကောင်းရဲ့လား

"ဟုတ်ကဲ့ ကောင်းပါတယ်ဗျာ"

"ဒါထက် အသက်ကယ်ခြင်းကို အခုတလော ဆေးသ

တစ်ယောက်ပြီးတစ်ယောက် ရောက်လာတယ်လို့ ကြားတယ် ဟု

ရဲ့လား"

"ဟုတ်ပါတယ်"

စကားမဆုံးမီ ဖုံးယီက လုံစန်း၏လက်ကို ဖမ်းဆုပ်ကိုင်

မသိမသာဖျစ်ညှစ်လိုက်သည်။

ထို့ကြောင့် လုံစန်းသည် စကားကို ဆုံးအောင်မပြော

တော့ဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

ဖုံးယီက ကြားဖြတ်ပြောလိုက်သည်။

"ဆရာဟာ အခုတလော ရာသီဥတုမမှန်တဲ့အတွက်

ထိုင်မကောင်း ဖြစ်နေခဲ့ပါတယ်၊ ဒါကြောင့် ဆေးသည်လက်မ

အမိန့်ထုတ်ထားပါတယ်"

"ဟာ သမားတော်ကြီးချာလုံ နေထိုင်မကောင်းဖြစ်

ကျုပ်တို့သွားပြီး ကြည့်သင့်တာပေါ့၊ မင်းတို့လိုက်ပို့မလား၊ ကျ

သူ့ကို သွားတွေ့ချင်တယ်"

လူထွားကြီးက ရေးကြီးခွင်ကျယ်လေသံဖြင့် ခပ်လောလေ

ပြောသည်။



ဖုံးယီ ခေါင်းခါယမ်းက...

"မဖြစ်ပါဘူးဗျာ"

လူထွားကြီး မျက်မှောင်ကြုတ်သွားသည်။

"ဘာကြောင့် မဖြစ်ရမှာလဲ"

ဖုံးယီ သက်ပြင်းချလိုက်၏။ ပြီးမှ...

"ဆရာ့ရဲ့မိတ်ဆွေဆိုယင် ကျွန်တော် လေးစားပါတယ်၊

င်ပေါ်မခေါ်သွားနိုင်တာကိုတော့ ခွင့်လွှတ်ပါ"

ဟုပြောလိုက်သည်။

လူထွားကြီး၏မျက်နှာ ချက်ချင်း ပြောင်းလဲသွားသည်။

ရုတ်တရက် ဖုံးယီ၏လက်ကို ဖမ်းဆွဲကာ..

"ပြောစမ်း မင်းတို့ပြောတဲ့ သမီးတော်ဆိုတာ ဘယ်သူလဲ"

သွယ်ဝိုက်မေး၍မရသောအခါ လူထွားကြီးက တဲ့တိုးပင်

လေတော့သည်။

ဖုံးယီ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ကျုပ်လက်ကို လွှတ်ပါဗျ"

ပြောယင်း ကျန်လက်တစ်ဘက်ဖြင့် လူထွားကြီး၏လက်ကို

တ်နိုက်လိုက်သည်။

လူထွားကြီးက လက်မလွှတ်သည့်အပြင် တိုက်နိုက်လာ

ာ ဖုံးယီ၏လက်ကိုပါ ဖမ်းဆွဲပြီး လိမ်ချိုးပစ်လိုက်သည်။

လူထွားကြီးက...

"ပြောစမ်း၊ သမီးတော်ဆိုတာ ဘယ်သူလဲ၊ ဘယ်
ဟု မေးလိုက်သည်။

ဖုံးယီသည် နာကျင်မှုဝေဒနာကြောင့် မျက်နှာရှုံ့မဲ့
သည်။

သို့သော် ထိတ်လန့်ခြင်း အလျဉ်းရှိပုံမရချေ။

"ကျုပ်ကို သတ်ချင်သတ်ပစ်လိုက်၊ ဘယ်သူ့ကိုမှ က
ဘူး"

ဖုံးယီက အံကြိတ်တင်းခံ၍ ဘူးကွယ်သည်။

လူထွားကြီးက ဖုံးယီ၏လက်ကို လိမ်ချိုးပစ်လို
သည်။

"ဖြောင်း"

"အား"

ဖုံးယီ၏လက်နှစ်ဘက်စလုံး သွင်သွင်ကျိုးသွားလေ

လူထွားကြီး ကျေနပ်ပုံ မရသေးပါ။

ခြေထောက်ဖြင့် ထပ်မံကန်ကျောက်လိုက်ပြန်သည

"ဝုန်း"

ဖုံးယီမှာ စားသောက်ဆိုင် အပြင်ဘက်အထိ လွင့်
သွား၏။ မြေပေါ်မှ လုံးဝပြန်မထနိုင်တော့ချေ။

ဖုံးယီ၏အဖြစ်ဆိုးကို တွေ့မြင်ရသောအခါ စားသော
သူများ အလန့်တကြားထ၍ ပြေးကြလေသည်။



လုံစန်းလည်း ထွက်ပြေးရန် ခြေလှမ်းပြင်မိသည်။

သို့သော် သူ့အား လူထွားကြီးက လည်ဂုတ်မှ ဖမ်းဆွဲလိုက်
...

"ပြောစမ်း လိမ်ဖို့မကြိုးစားနဲ့"

"ကျွန်...ကျွန်တော်"

"စကားမရှည်နဲ့၊ စောစောက မင်းပဲပြောတယ်မဟုတ်လား၊
စ်သက်လုံး ဒီဘဝနဲ့မနေချင်ဘူး၊ တိုးတက်အောင်လုပ်ဖို့ အခွင့်
ပြီဆို"

လုံးစန်း နှုတ်ဆိတ်နေသည်။

လူထွားကြီးက စိတ်မရှည်ဟန်ဖြင့် လုံစန်း၏လက်ကို ဖမ်း
ပြီး လိမ်ချိုးရန် အားယူလိုက်သည်။

လုံစန်း ထိတ်လန့်သွားသည်။

ကြောက်ရွံ့မှုကြောင့် တုန်တုန်ယင်ယင် ဖြစ်လာလေသည်။

"ပြော...ပြောပါ့မယ်၊ အသက်ကယ်ခြံဝင်းမှာ ကောက်ကျင်း
ယ်က သခင်မလေး ရောက်နေပါတယ်"

ထိုစကားကိုကြားသည့်အခါ လူထွားကြီးသာမက နှဘိုးအို
ါ ကျေနပ်သွားကြပုံရသည်။

သူတို့နှစ်ယောက်စလုံး၏ မျက်နှာသည် ဝင်းလက်တောက်
လာ၏။လူထွားကြီးက ပြုံးလိုက်သည်။

"မင်းပြောတာ အမှန်နော်"

လုံစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်..ဟုတ်ပါတယ်"

လူထွားကြီး ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီ တို့ကိုလိုက်ပြ"

လုံစန်း တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

"ကျွန်..ကျွန်တော့်ကို ဆရာက အပြစ်ပေးမှာဗျ"

လူထွားကြီးက ရယ်မောလိုက်သည်။

"မင်းဆရာကို အရေးမစိုက်စမ်းပါနဲ့၊ မင်းစောစောက ပြေ ခဲ့တယ် မဟုတ်လား၊ ပွပေါက်ဆိုတာလေ၊ ငါ့စကားနားထောင်ပြီး ငါခိုင်းတာလုပ်ယင် မင်းအတွက် ပွပေါက်တစ်ခုပဲ"

ဟု မက်လုံးပေးလိုက်သည်။

လုံစန်း အပြေးအလွှားတွေးတော စဉ်းစားလိုက်သည်။

သူသည် ခြံစည်းရိုးပေါ်တွင် ထိုင်နေသူပမာ ဖြစ်၏။

ကြိုက်သည့်ဘက်သို့ အချိန်မရွေး ခုန်ချနိုင်သည်။

"ခင်ဗျား တကယ်ပြောတာလား"

လူထွားကြီးကို မရဲတရဲ အကဲခတ်ယင်း လုံစန်းက မေး လိုက်ခြင်းဖြစ်သည်။

လူထွားကြီးက ပြုံးပြယင်း...

"တကယ်ပေါ့"

ဟုပြောလိုက်သည်။



လုံစန်း သဘောတူလိုက်၏။

"ကောင်းပြီ ကျုပ်လိုက်ပြမယ်"

လူထွားကြီးသည် အဘိုးအိုအား လှမ်းကြည့်လိုက်သည်။

အဘိုးအိုက ခေါင်းညိတ်ပြလိုက်၏။

"ကဲ သွားမယ် ဟိုရောက်လို့ မင်းပြောတာမဟုတ်ယင် သေ သာပြင်ထား"

လူထွားကြီးက ပြောပြောဆိုဆို လုံစမ်း၏လက်ကို ဆွဲပြီးထ သည်။

ထို့နောက် စားသောက်ဆိုင်ထဲမှ ခပ်သွက်သွက် လှမ်းထွက် သွားကြတော့သည်။

♠ ♠ ♠

## သတင်း

ဝမ်းကျိုးစန်းသည် ငြိမ်းချမ်းဘုံကျောင်းမှ အသက်က
ခြံဝင်းသို့ ထွက်လာခဲ့သည်။

သူထွက်လာသောအချိန်သည် ညနေစောင်းအချိန်ဖြစ်

ထို့ကြောင့် အသက်ကယ်ခြံဝင်းသို့ ညမိုးချုပ်မှ ရောက်
မည်ဖြစ်လေသည်။

သို့ရာတွင် လဆန်းရက်ဖြစ်၍ လရောင်ရှိသဖြင့် ညဦး
မှပြန်လည်း အရေးမဟုတ်ဟု တွက်ဆထားသည်။

ညဘက်လာခဲ့ခြင်းဖြစ်ရာ ရှောင်စန်းနှင့် အထိန်းတော်
တို့မသိဘဲ တန့်လျှိုယုနှင့် တွေ့နိုင်မည်ဟု ယုံကြည်သည်။

ထို့ကြောင့် ညဘက်ကို ရွေးချယ်ထွက်လာခဲ့ခြင်းဖြစ်သည

အသက်ကယ်ခြံဝင်းသို့ ခပ်သွက်သွက်လာခဲ့စဉ် ရုတ်တရ
တောအုပ်အတွင်း၌ လူရိပ်တစ်ခု လှစ်ခနဲ ပြေးသွားသည်ကို တွေ့မြ
လိုက်ရ၏။



ဝမ်းကျိုးစန်း အံ့သြသွားသည်။

ရှေ့မှပြေးသွားသော လူရိပ်သည် အသက်ကယ်ခြံဝင်းသို့
ဦးတည်ပြေးနေခြင်းကြောင့် ဖြစ်သည်။

လူရိပ်ကိုသာ တွေ့ရပြီး လူလုံးမကွဲသဖြင့် ရန်သူလော၊
မိတ်ဆွေလောဟု ဝေခွဲမရဘဲဖြစ်နေသည်။

ဝမ်းကျိုးစန်းသည် တွေးတောစဉ်းစားမနေတော့ဘဲ နောက်
မှပြေးလိုက်သွား၏။

သူ၏ကိုယ်ဖော့ပညာသည် လွန်စွာ အဆင့်မြင့်လှ၏။

တခဏအတွင်း၌ ရှေ့မှပြေးသွားသော လူရိပ်ကို မီနိုင်သည်
ဟု ယုံကြည်သည်။

သို့သော် တကယ်တမ်းပြေးလိုက်သွားသောအခါ လုံးဝမမီ
ဘဲရှိနေသည်ကို သိရ၏။

သူတို့နှစ်ယောက်အကြား ဝါးတစ်ရိုက်ခန့် ကွာမြဲကွာခြား
နေသည်။

ထို့ကြောင့် ဝမ်းကျိုးစန်း ပို၍အံ့သြသွားရသည်။

အသက်ကယ်ခြံဝင်းသို့လာသူသည် တော်ရုံတန်းရုံလူမ
ဟုတ်ကြောင်း၊ ထိုလူ၏ကိုယ်ဖော့ပညာက သက်သေထူလျက်ရှိနေ
သည်။

ဟန်ကြိုး၊ ကျော်ချန်းနှင့်ကြည်ဟုတ်တို့ကဲ့သို့ မဟုတ် သူတို့
ထက် အဆပေါင်းများစွာ အဆင့်မြင့်သူဖြစ်သည်။

ထို့ကြောင့် ဝမ်းကျုံးစန်း သည် အနည်းငယ် စိုးရိမ်ကြော
ကျမှုများ ဖြစ်ပေါ်လာ၏။

အဆင့်မြင့် သိုင်းသမားများရောက်လာပါက ရှောင်စန်းနှ
အထိန်းတော်ကူးတို့သည် တန့်လျှံယုကို အကာအကွယ်ပေးနိုင်ကြ
မည်မဟုတ်ကြောင်း ဝမ်းကျုံးစန်း ကောင်းစွာ နားလည်ထားသည်

ထို့ကြောင့် အပြေးနှုန်းကို နှစ်ဆတိုးကာ ပို၍လျင်မြန်စွာ
ပြေးလိုက်သွား၏။

ရှေ့မှပြေးသွားသော လူရိပ်ကလည်း မီးခိုးတန်းသဖွယ်
သစ်ပင်များကို ကွေ့ကောက်ပြေးလွှားသွားနေ၏။

ထိုလူသည် ဝမ်းကျုံးစန်း နောက်မှထပ်ကြပ်မကွာ လိုက်
လာသည်ကို သိဟန်မတူချေ။

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပြေးသွားယင်း အ
သက်ကယ်ခြံဝင်းအနီးသို့ ရောက်မှန်းမသိ ရောက်လာကြ၏။

အသက်ကယ်ခြံဝင်းအနီးရောက်မှ ဝမ်းကျုံးစန်းသည် ထိုလူ
ရိပ်ကို မီလာသည်။

သို့သော်...

ရန်သူလော၊ မိတ်ဆွေလောဟူ၍ မဝေခွဲနိုင်သေးသဖြင့်
တိုက်ခိုက်ရန် မစဉ်းစားချေ။

သစ်ပင်ကြီးတစ်ပင် နောက်ကွယ်မှ ပုန်းအောင်းကာ အခြေ
အနေကို အကဲခတ်ကြည့်သည်။



ရှေ့မှပြေးသွားသော အရိပ်သည် ခန္ဓာကိုယ် သွယ်ပြောင်း
ည်။ မိန်းကလေးတစ်ယောက်ဖြစ်မည်ဟု ခန့်မှန်းရသည်။

တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ကာ မျက်နှာတွင် မျက်
ဖုံးစွပ်တစ်ခု တပ်ဆင်ထားသည်ကို တွေ့ရ၏။

သို့ဖြစ်ရာ မည်သူမည်ဝါဖြစ်ကြောင်း ခန့်မှန်းရန် ပိုခက်ခဲ
ားလေသည်။

ညဉ့်လူသည် အသက်ကယ်ခြံဝင်းပတ်ဝန်းကျင်ကို တစ်ချက်
ကဲခတ်ကြည့်လိုက်ပြီး ခြံဝင်းနံရံကို ခုန်ကျော်ကာ အတွင်းဘက်သို့
င်သွားလေသည်။

ဝမ်းကျုံးစန်းလည်း အချိန်ဆွဲမနေနိုင်တော့ချေ။

နောက်မှ လိုက်၍ခုန်ဝင်လိုက်၏။

အသက်ကယ်ခြံဝင်းအတွင်းသို့ ခြေချမိသည်။

ရုတ်တရက်...

"ဘယ်သူလဲ"

မေးမြန်းသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ
လသည်။

ညဉ့်လူ တုံ့ခနဲ ရပ်သွားသည်။

အသံထွက်ပေါ်လာရာသို့ ကြည့်လိုက်သောအခါ အဆောင်
စ်ခုရှေ့၌ လူနှစ်ယောက် ခုံတစ်လုံးစီဖြင့် ထိုင်နေကြသည်ကို တွေ့
သည်။

ထိုလူနှစ်ယောက်မှာ ရောင်စန်းနှင့်ချာလုံတို့ဖြစ်ကြလေ
သည်။

ရောင်စန်းက ညဥ့်လူရောက်လာမှန်းသိလျှင် ချက်ချင်
တိုက်ရန် ဟန်ပြင်လိုက်သည်။

ချာလုံက ကပျာကယာ ဟန့်တားလိုက်၏။

"နေပါဦးဗျာ"

ညဥ့်လူက...

"ကိစ္စရှိလို့လာတာပါ"

ဟုပြန်ဖြေလိုက်သည်။

သူ၏စကားသံသည် စူးရှပြီး သေးငယ်လှ၏။

မိန်းကလေးတစ်ယောက်က အသံဖျက်ကာ ပြောခြင်း ဖြစ်
ကြောင်း ထင်ရှားသည်။

"တယ်ကြီးကျယ်ပါလား၊ ဘယ်လိုကိစ္စလဲဆိုတာ ပြောပါ"

ရောင်စန်းက ညဥ့်လူကို မျက်မှောင်ကြုတ်၍ အကဲခတ်
ယင်း ပြန်မေးသည်။

ညဥ့်လူ ခေါင်းခါယမ်းလိုက်သည်။

"မပြောနိုင်ဘူး၊ သူနဲ့ တွေ့မှ ပြောလို့ ရမယ်"

"ဘယ်သူနဲ့ တွေ့ချင်တာလဲ"

"ကောက်ကျင်းနယ်က သခင်မလေး"

"ဟင်"



ရောင်စန်း၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

သခင်မလေးတန့်လျှံယု၏သတင်းမှာ ပေါက်ကြားခဲ့ပြီ ဖြစ်
ည်။

တန့်လျှံယု ရှိနေသမျှ ကာလပတ်လုံး ရန်သူများသည် တစ်
ာက်ပြီးတစ်ယောက် မဆုံးနိုင်အောင် ရောက်လာကြတော့မည်
်လေသည်။

ရောင်စန်း ခေါင်းခါရမ်းလိုက်ပြီး...

"မင်းမှားပြီ၊ ကောက်ကျင်းနယ်က သခင်မလေး ဒီမှာ မရှိ
း"

ဟုပြောလိုက်၏။ ညဥ့်လူက...

"ဒါဖြင့် ဘယ်မှာလဲ"

ရောင်စန်းက မဲ့လိုက်သည်။

"သခင်မလေးဟာ ကောက်ကျင်းနယ်မှာပဲ ရှိမှာပေါ့"

ညဥ့်လူ ဒေါကန်သွားသည်။

ရောင်စန်းက သူ့စကားကို ပေါ့ပျက်ပျက် ဖြစ်အောင် လုပ်
်သည် မဟုတ်လား။

ညဥ့်လူသည် မြေပေါ် ခြေဆောင့်ရင်း...

"ကျုပ်က စေတနာနဲ့ လာတာဗျ၊ သခင်မလေး ဒီမှာ ရှိ
လား မရှိဘူးလား တိတိကျကျ ပြောပါ၊ ဒီမှာ မရှိရင် လိုက်ရှာရ
မယ်၊ အချိန်မရှိဘူး"

ရောင်စန်းနှင့် ချာလုံတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြသည်။

ညဥ့်လူသည် တစ်စုံတစ်ခုသော သတင်းကို ပေးလိုဟန် ရှိ၏။ အရေးတကြီး ဖြစ်နေပုံလည်း ရသည်။

ရောင်စန်းက မျက်မှောင်ကြုတ်လိုက်ပြီး...

"မင်းက သခင်မလေးကို တွေ့ယင် ဘာပြောမလို့လဲ"

ဟုမေးလေသည်။

ညဥ့်လူက...

"သူ့ကို တွေ့မှ ပြောလို့ ဖြစ်မယ်"

"သူ့ကို မတွေ့ယင်ကော"

"သူ့ကို မတွေ့ယင် ဘာပြောစရာလိုသလဲ၊ သူရှိတဲ့ နေရာ လိုက်ရှာရတာပေါ့"

"မင်းပြောမယ့် စကားက အရေးကြီးသလား"

"အရေးမကြီးဘဲ ဘယ်သူမှ အပင်ပန်းခံ မလာဘူးဆိုတာ မှတ်ထားပါ"

"ဒါဖြင့်..."

ရောင်စန်း၏စကားမဆုံးမီ ချာလုံက ကြားဝင်အော်ပြော လိုက်၏။

"ဆရာရောင်စန်း၊ သူပြောတာ မယုံနဲ့၊ သူက တမင်သက် သက် ကျုပ်တို့ဆီက စကားနှိုက်ထုတ်နေတာပဲ ဖြစ်မယ်"



ထိုစကားကြားသည့်အခါ ရောင်စန်း ဒေါသချောင်းချောင်း ထွက်သွား၏။

"လက်စသတ်တော့ မင်းက လာပြီး အကြောင်ရိုက်ချင်တာ ကိုး၊ မင်း ဘယ်သူလဲ၊ ဘာကြောင့် ဒီကို ရောက်လာတာလဲ ပြော စမ်း"

ညဥ့်လူ စိတ်ပျက်သွားဟန် ရှိသည်။

"အင်း ဒီမှာ မရှိယင်လဲ ကျုပ်သွားမယ်"

စကားဆုံးသည်နှင့် ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

ဤတွင် ချာလုံသည် ထိုင်ရာမှ ခုန်ထလာပြီး...

"မင်းလာပြီးမှတော့ လွယ်လွယ်နဲ့ သွားလို့ရမလား"

ပြောပြောဆိုဆိုဖြင့် ညဥ့်လူ၏ရှေ့မှ လမ်းပိတ်ရပ်လိုက် လေသည်။

သူ၏လက်ထဲတွင် တောင်ဝှေးတစ်ချောင်း ရှိနေ၏။

ညဥ့်လူက...

"ဘာလဲ ကျုပ်ကို တိုက်ခိုက်မလို့လား"

ချာလုံက မဲ့ပြုံးပြုံးလိုက်သည်။

"မင်း ဒီက ထွက်သွားယင် မျက်နှာဖုံးစွပ်ကို ထားခဲ့၊ ဒါမှ မဟုတ်ယင် တို့ကို နိုင်အောင်တိုက်၊ ဒီနှစ်လမ်းပဲ ရှိတယ်"

ညဥ့်လူက...

"ဘာမှ တိုက်ခိုက်နေစရာ မလိုဘူး၊ သခင်မလေး မရှိဘူးဆို

ယင် ပြီးတာပဲ၊ ကျူပ်သွားမယ်”

ညဦလူသည် စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ထွက်သွားသည်။

“ရပ်လိုက်”

ချာလုံ အော်ငေါက်လိုက်၏။

မြေပေါ် တောင်ဝှေးတစ်ချက်ဆောင့်ကာ အပေါ်လွှာ ခုန်တက်ရင်း ညဦလူနောက်သို့ လိုက်ကာ တိုက်ခိုက်သည်။

ရှောင်စန်းကလည်း ဓားဆွဲထုတ်ပြီး လျှပ်တစ်ပြက် ခုန်ထွ လိုက်သည်။

သူတို့နှစ်ယောက်သည် ညဦလူ ပြေးသွားမည့်လမ်းကို ညှ ပူးညှပ်ပိတ် ဟန့်တားလိုက်ခြင်း ဖြစ်ပေသည်။

ညဦလူသည် ရုတ်တရက် ထွက်ပြေးရန် မတတ်သာတေ ချေ။

တောင်ဝှေးရိုက်ချက်နှင့် ဓားချက်ကို ရှောင်တိမ်းရင်း နော ကျွမ်းပစ်လိုက်သည်။

သူ၏ခြေအစုံ မြေပေါ် ရပ်မိသောအခါ အသက်ကယ်ခြံ အတွင်းသို့ ပြန်လည်ရောက်နေသည်ကို တွေ့ရလေ၏။

ချာလုံ ရယ်မောလိုက်သည်။

“ဟား...ဟား...ဟား မင်းထွက်သွားလို့ ရမလား”

ရှောင်စန်းကလည်း...



“မင်းအသက် မသေချင်ယင် လက်နက်ချ အညံ့ခံပြီး ဘာ ကြောင့်လာရတယ်၊ ဘယ်သူဘယ်ဝါ လွှတ်လိုက်တယ်ဆိုတာ ပြောပြ တို့ မင်းကို အသက်ချမ်းသာရာပေးလိုက်မယ်”

ဟုပြောလိုက်သည်။

ညဦလူသည် ခံပြင်းဒေါသထွက်သွားပုံရ၏။

“ဟင်း ကျူပ်က ကြောက်နေတယ်များ ထင်သလား၊ သခင် လေးအတွက် အချိန်မီ သတင်းမပေးနိုင်မှာ စိုးပြီး လိုက်ရာမလို့ တို့နှစ်ယောက်ကို အရေးမစိုက်ဘူးဆိုတာ နားလည်ထားစမ်းပါ”

ညဦလူသည် ပထမတွင် အသံကို ဖျက်၍ ပြောသော်လည်း ဖြည်းဖြည်း ဓာတိပြလာသည်။

သူ၏စကားအရ မိန်းကလေး ဖြစ်ကြောင်း တစ်စထက် တစ်စ ထင်ရှားလာလေသည်။

ရှောင်စန်းနှင့် ချာလုံတို့သည် ညဦလူ၏စကားကြောင့် ဒေါသခြောင်းခြောင်း ထွက်လာကြသည်။

“တယ်လဲ ကြီးကျယ်ပါလား၊ သေချင်ပြီ ထင်တယ်”

“အို ကြာပါတယ်၊ သူ့ကို မှတ်လောက်သားလောက်အောင် ပေးလိုက်မယ်”

ရှောင်စန်းနှင့် ချာလုံတို့သည် နှစ်ယောက်သား ပြိုင်တူဝင် ာ တိုက်ခိုက်လိုက်ကြသည်။

ညဦလူက ပေါ့ပါးသော ကိုယ်ဖော့ပညာဖြင့် အသာအယာ

ရှောင်ထွက်သွား၏။

သူမ၏ကိုယ်ဖော့ပညာကို မြင်လျှင် ရှောင်စန်းနှင့် ချာ

အံ့အားတကြီးဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြ

ထို့နောက် နှစ်ယောက်စလုံး ပြိုင်တူ ခုန်ဝင်ကာ ထ

တိုက်ခိုက်လိုက်ကြပြန်သည်။

ယခုတစ်ကြိမ်၌ မလွတ်အောင် ပတ်ချာလည် ဝန်း

တိုက်ခိုက်ကြခြင်း ဖြစ်ပေသည်။

သူတို့သည် အသက်အရွယ် ကြီးရင့်သူများပီပီ အ

အမြင် ရှိကြသည်။

တစ်ယောက်က ညဥ္ဆလူ သွားမည့်ဘက်ကို ဆီးကြို

ခိုက်သည့်အခါ ကျန်တစ်ယောက်က ညဥ္ဆလူ ရှောင်မည့်နေရာကို

ဆို့တိုက်ခိုက်သည်။

သူတို့နှစ်ယောက် အံဝင်ဂွင်ကျ တိုက်ခိုက်လိုက်သော

ညဥ္ဆလူမှာ ရှောင်တိမ်းနေရုံမျှဖြင့် မလုံလောက်တော့ချေ။

ဆက်၍ ရှောင်တိမ်းနေမည်ဆိုလျှင် တစ်ကြိမ်မဟုတ်

ကြိမ် ထိခိုက်ဒဏ်ရာရရှိတော့မည် ဖြစ်၏။

ညဥ္ဆလူသည် နှာခေါင်းရှုံ့ယင်း...

"ရှင်တို့ လူကြီးတွေ ဖြစ်ပြီး သဘောထားသေးသိမ်လှ

လား၊ ရန်ငြိုးရန်စ မရှိဘဲ ဘာကြောင့် ဒီလောက်တောင် သဲကြီးမဲ



ခိုက်နေကြတာလဲ"

ညဥ္ဆလူမိန်းကလေး၏စကားကြောင့် ရှောင်စန်းနှင့် ချာလုံ

မျက်နှာပျက်သွား၏။

သို့သော် တိုက်ခိုက်အားကို မလျှော့ဘဲ သိုင်းကွက်တစ်

ပြီးတစ်ကွက် ဆက်တိုက်ဖိ၍ တိုက်ခိုက်ကြသည်။

မိန်းကလေးမှာ စိတ်ရှည်နိုင်ပုံ မရတော့ချေ။

အံတစ်ချက်ကြိတ်လိုက်ပြီး...

"ကောင်းပြီ၊ ပါးစပ်ပြောမယုံယင် လက်နဲ့တွေ့ပြရသေးတာ

ကဲ သတိသာထားကြပေတော့"

စကားဆုံးသည်နှင့် ကျောပိုးထားသော ဓားကို ဆွဲထုတ်

က်သည်။

တဆက်တည်းပင် ရှောင်စန်းနှင့် ချာလုံတို့အား တိုက်ခိုက်

က်လေသည်။ သူမ၏ဓားကွက်သည် လွန်စွာ ထူးခြားလှ၏။

ဓားရိပ်ကိုသာ တွေ့ရပြီး ဓားရောက်လာသည်ကို မတွေ့ရ

။ ထင်သည့်ဘက်သို့ ဓားချက်ကျရောက်လာခြင်း မရှိပါ။

မထင်မှတ်သည့် နေရာမှ ဓားချက်များ ရိပ်ခနဲရိပ်ခနဲ ဝင်

သည်။

"ဟိုက်"

ရှောင်စန်း၏နှုတ်မှ လွှတ်ခနဲအော်ကာ နောက်ဆုတ်လိုက်

။ ချာလုံလည်း နောက်ဆုတ်သွားသည်။

ဓားကွက်သုံးကွက်မျှ ထုတ်ဖော်ရုံဖြင့် တိုက်ပွဲကို တား
နိုင်သည့်အတွက် မိန်းကလေး၏သိုင်းပညာ မခေကြောင်း သိနိုင်
သည်။

မိန်းကလေးက ရယ်မောယင်း...

"ဘယ်လိုလဲ ကျွန်မသွားမယ်ဆိုယင် ရှင်တို့ မတတ်နိုင်
ဘူး မဟုတ်လား"

ဟုပြောလိုက်သည်။

ရှောင်စန်းနှင့် ချာလုံတို့ ငိုင်ကျသွား၏။

မိန်းကလေးက...

"ကျွန်မဟာ ရှင်တို့ ရန်သူ မဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထာ
ပါ"

စကားဆုံးသည်နှင့် ဓားကို ဓားအိမ်ထဲသို့ ပြန်လည်ထိုးသွင်
လိုက်သည်။

ထို့နောက်...

ပေါ့ပါးသော ကိုယ်ဖော့ပညာဖြင့် အသက်ကယ်ခြံဝင်း
အပြင်ဘက်သို့ ခုန်ထွက်သွားလေတော့သည်။

♠ ♠ ♠



ရှောင်စန်းနှင့် ချာလုံတို့ ငိုင်နေကြသည်။

ညဥ့်လူမိန်းကလေးသည် ရန်သူ မဟုတ်ကြောင်း လက်ခံယုံ
ကြည်သွားပြီ ဖြစ်သည်။

ရန်သူသာ ဖြစ်ခဲ့ပါမူ သူတို့နှစ်ယောက် အသက်ရှင် ရပ်
တည်နိုင်ရန် လွယ်ကူမည် မဟုတ်တော့ချေ။

သူတို့က အထင်လွဲကာ တိုက်ခိုက်ခဲ့သော်လည်း ညဥ့်လူ
မိန်းကလေးက ပြန်မတိုက်ဘဲ အေးအေးဆေးဆေး ထွက်သွားခဲ့
သည်။

ညဥ့်လူမိန်းကလေး ထွက်သွားမှ ရှောင်စန်းက မှတ်ချက်ချ
သည်။

"ကိုယ်ဖော့ပညာကလဲ ကောင်းလိုက်တာ၊ သိုင်းပညာက
လဲ တော်လိုက်တာ၊ ဒီလို မိန်းကလေးမျိုးကတော့ ရှားမှရှားပဲ"

ချာလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူသာ ဆက်ပြီး တိုက်ခိုက်မယ်ဆိုရင်
ကျုပ်တို့ မလွယ်ဘူးဗျ"

ရှောင်စန်းက...

"ဒါပေါ့ အသက်မသေယင်တောင် ဒဏ်ရာပြင်းပြင်းထန်
ထန် ရသွားမှာတော့ သေချာတယ်"

"သူက ရန်သူ မဟုတ်လို့ တော်သေးတာပေါ့"

"ရန်သူ မဟုတ်ယင် ဘာလုပ်ဖို့ လာတာလဲ"

"သူက သခင်မလေးကို သတိပေးစရာ ရှိတယ်လို့ ပြော
သွားတယ် မဟုတ်လား"

ယခုမှ ရှောင်စန်းနှင့် ချာလုံတို့ ခြေမကိုင်မိ လက်မကိုင်မိ
ဖြစ်သွားကြလေသည်။

အကြောင်းမှာ ညဥ့်လူမိန်းကလေးထံမှ သခင်မလေး
အတွက် ပြောကြားမည့် သတိပေးစကားကို မမေးလိုက်မိခြင်း
ကြောင့် ဖြစ်လေသည်။

သခင်မလေး ဤနေရာတွင် ရှိသည်ဟု တစ်လုံးတည်း ပြော
လိုက်ပါက ညဥ့်လူမိန်းကလေးသည် သတိပေးစကားကို မမေး
ပြောမည် ဖြစ်လေသည်။

ရှောင်စန်း သက်ပြင်းချကာ...

"ကျွန်တော်ညံ့တာပါဗျာ၊ သူပြောမယ့် စကား ဘာလဲဆို
တာ မေးမထားလိုက်မိဘူး"

"ကျုပ်လဲ မထူးပါဘူး၊ ရန်သူ မဟုတ်မှန်းသိပြီပဲ စကား
မေးဖို့ သတိရမှာပေ့ါ၊ အခုတော့.."

ချာလုံသည် ပြောရင်း တစ်မိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

ရှောင်စန်းက ကြားဖြတ်ပြောသည်။

"အင်း ဘာပဲဖြစ်ဖြစ် ဒီလို နေရာမျိုးမှာ ဝမ်းကျုံးစန်းသာ
ရှိယင် အတော်ကလေး အားကိုးရမှာပဲ"

ချာလုံက ရှောင်စန်းကို ကြည့်လိုက်သည်။



ဝမ်းကျုံးစန်းကို အားကိုးနိုင်သော်လည်း သူတို့အား ကူညီ
ဝမ်းကျုံးစန်း၏ဝေဒနာ ပိုဆိုးကာအသက်ဆုံးရန်သာ ရှိတော့ပေ
။

မည်သို့ဆိုစေ သူကိုယ်တိုင်လည်း ဝမ်းကျုံးစန်းကို သတိရ
သည်က အမှန် ဖြစ်သည်။

ဝမ်းကျုံးစန်းသာ ရှိလျှင် ညဥ့်လူမိန်းကလေး ထွက်မသွား
ဟု ယုံကြည်ကြလေသည်။

သူတို့နှစ်ယောက် သတိရနေချိန်တွင် ဝမ်းကျုံးစန်းသည်
မြန်စွာ ပြေးသွားသော ညဥ့်လူမိန်းကလေးနောက်သို့ ထက်ကြပ်
လိုက်သွားနေပြီ ဖြစ်လေသည်။

♠ ♠ ♠

## သေရွာပြန်

ညဥ့်လူမိန်းကလေးသည် ပေါ့ပါးဖျတ်လတ်လွန်းလှ[illegible]
သည်။

အသက်ကယ်ခြံဝင်းမှ ခုန်ထွက်လာပြီးနောက် တောအုပ်[illegible]
သို့ ပြေးဝင်သွား၏။

ထိုမှတစ်ဆင့် တောင်အောက်သို့ ဆင်းသည်။

မိန်းကလေးသည် သူမ၏နောက်သို့ ရောင်စန်းနှင့် ချာ[illegible]
တို့ လိုက်လာမည်ဟု ယုံကြည်ထားပုံရ၏။

ထို့ကြောင့် လိုက်မမီအောင် ခပ်သွက်သွက် ပြေးသွား[illegible]
သည်။

အတော်ဝေးဝေး ရောက်သောအခါမှ လိုက်မမီတော့[illegible]ဟု
ယူဆပြီး ခြေလှမ်း အရှိန်လျော့ချလိုက်လေသည်။



ဤတွင် သူမနောက်သို့ လူတစ်ယောက် ထက်ကြပ်မကွာ
[illegible]က်လျက် ရှိသည်ကို ဖြုန်းခနဲ သတိပြုမိတော့၏။

ညဥ့်လူမိန်းကလေး အံ့သသင့်သွားသည်။

သူမကို မီအောင် ပြေးလိုက်လာနိုင်သူမှာ ရောင်စန်းနှင့်
[illegible]ပုံတို့ မဖြစ်နိုင်ဟု တွေးမိ၏။

သို့ဆိုလျှင် ထိုလူ မည်သူ ဖြစ်မည်နည်း။

သိလိုစိတ် ပြင်းပြလာ၏။

ထို့ကြောင့် ညဥ့်လူမိန်းကလေးသည် သစ်ပင်တစ်ပင်ပေါ်
[illegible]ူးလိုက်၏။

သစ်ပင်တစ်ပင်ပေါ်မှ တစ်ပင်သို့ ကူးပြောင်းရင်း ရှေ့ဆက်
သွားသည်။

တော်ရုံတန်ရုံ လူဆိုလျှင် ဤနေရာတွင် မျက်ခြည်ပြတ်
[illegible]မည် ဖြစ်သည်။

တော်ရုံတန်ရုံလူ မဟုတ်လျှင်ကား သူမကဲ့သို့ သစ်ပင်တစ်
[illegible]တစ်ပင် ကူးပြောင်းကာ လိုက်လာနိုင်မည် ဖြစ်ပေသည်။

အတော်ကလေးကြာအောင် ပြေးသွားမိသောအခါ နောက်
[illegible]လိုက်လာသူကို မတွေ့ရတော့ပေ။

ညဥ့်လူမိန်းကလေး အံ့ဩသွားရပြန်၏။

နောက်မှလူသည် ဆက်၍ လိုက်နိုင်ခြင်း မရှိတော့၍ပေ

မိန်းကလေးသည် စူးစမ်းအကဲခတ်ရန် သစ်ပင်ပေါ်မှ မြေ

ပေါ်သို့ ခုန်ဆင်းလိုက်၏။

မြေပေါ် ခြေချမိသည်နှင့်...

"မင်းရဲ့ကိုယ်ဖော့ပညာက ဘယ်ဆိုးလို့တုန်း"

နောက်ကျောဘက်မှ ကပ်လျက် စကားသံတစ်သံ ရု

တရက် ထွက်ပေါ်လာသဖြင့် ညဥ့်လူမိန်းကလေး၏ခန္ဓာကိုယ် တ

ချက်တုန်ခါသွားသည်။

ဖျတ်ခနဲ နောက်ဘက်လှည့်ကြည့်လိုက်သည်။

ထိုအခါ နောက်ဘက်တွင် လူတစ်ယောက် ရပ်နေသည်

တွေ့လိုက်ရတော့သည်။

ထိုလူမှာ အဖြူရောင်ဓားဝမ်းကျုံးစန်းပင် ဖြစ်ပေသည်

မျက်နှာဖုံးစွပ်ထားသောညဥ့်လူသည် ဝမ်းကျုံးစန်းကို တွေ

သည်နှင့်...

"ဟင်...သ...သရဲ"

ဟု အထိတ်တလန့် ရေရွတ်သံ ထွက်ပေါ်လာသည်။

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်သည်။

သူသည် ညဥ့်လူမိန်းကလေး၏ကိုယ်ဖော့ပညာနှင့် အ

ကို ကောင်းစွာ မှတ်မိထား၏။

သိုင်းလောကတွင် ကြယ်ပျံတစ်စင်းကဲ့သို့လည်းကောင်း

နိုးတန်းတစ်ခုသဖွယ်လည်းကောင်း ကိုယ်ဖော့ပညာကို သုံးနိုင်သူ



မိုးစွေငှက်'တစ်ယောက်သာ ရှိလေသည်။

ယင်းမိုးစွေငှက်သည်လည်း အခြားလူ မဟုတ်ပြန်ချေ။

ဝမ်းကျုံးစန်း၏ ချစ်လှစွာသော၊ မြတ်နိုးစုံမက်ရပါသော

လျှံကျူးပင် ဖြစ်နေပေသည်။

လျှံကျူးသည် ဝမ်းကျုံးစန်းအား နေသဆုံးသွားပြီ ဖြစ်သည်

ဟု ယုံကြည်ထားပုံရ၏။

သိုင်းလောကတွင် ဝမ်းကျုံးစန်း သေဆုံးသွားသည့် သတင်း

သည် ဟိုးလေးတကျော် ပျံ့နှံ့လျက် ရှိနေသည် မဟုတ်ပါလား။

♠ ♠ ♠

လျှံကျူးသည် ညအချိန်မတော် တောနက်တစ်နေရာတွင်

မမျှော်လင့်ဘဲ ဝမ်းကျုံးစန်းကို တွေ့လိုက်ရသဖြင့် မကောင်းဆိုးဝါး

နာနာဘာဝဟု ထင်ကာ ထိတ်လန့်တကြား ဖြစ်သွားရလေသည်။

"ရှင်...ရှင်"

ဝမ်းကျုံးစန်း မချိပြုံးပြုံးလိုက်သည်။

"ကျုပ်သာ နာနာဘာဝ ဖြစ်ခဲ့ရင် သိပ်ကောင်းမှာ၊ အခု

တော့ ဒုက္ခရောက်နေတယ်လေ"

သူ၏အသံသည် ကြည်လင်ပြတ်သားစွာ တစ်လုံးချင်း

ထွက်ပေါ်လာသည်။

စိတ်ထိခိုက်မှုကြောင့်လားမသိ။ ဝမ်းကျုံးစန်း၏အသံသည် တုန်ယင်အက်ကွဲလျက် ရှိနေပေသည်။

လှုံကူးမှာ သူမ၏နားကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

"ရှင်..ရှင် စကားပြောတယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါ..ဒါဖြင့် ရှင်က လူပေါ့နော်"

ဝမ်းကျုံးစန်း ပါးစပ်ပိတ်ထားလိုက်သည်။

လှုံကျူးသည် ဝမ်းကျုံးစန်းကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

မျက်ဝန်းအစုံမှ မျက်ရည်များ ပြည့်လျှံလာသည်။

သေပြီဟု ထင်မှတ်ထားသည့် ချစ်ဦးသူကို မမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရသဖြင့် ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်များ စီးဆင်းကျလာခြင်း ဖြစ်ပေသည်။

"ရှင်..ရှင် သေသွားပြီလို့ လူတိုင်းက ပြောကြတယ်"

"မှန်ပါတယ်၊ ကျုပ်ဟာ လူသေတစ်ယောက်နဲ့ မခြားတော့ပါဘူး"

လှုံကျူး မျက်မှောင်ကြုတ်ကာ...

"ရှင် မြောင်နယ်ခြားမှာ ပန်းအဆိပ်ကို ရှူရှိုက်မိခဲ့တယ်ဆို၊ ပန်းအဆိပ်မိသွားရင် ကုစရာဆေး မရှိဘူးလို့ ပြောကြတယ်"



ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကုစရာဆေး မရှိဘူး"

"ရှင်ကံကောင်းခဲ့တယ် ဟုတ်လား"

"ကျုပ် ကံမကောင်းပါဘူးလေ"

ဝမ်းကျုံးစန်း၏လေသံက ဆို့နင့်နေ၏။

လှုံကျူး နှုတ်ခမ်းကိုက်လိုက်သည်။

"ရှင်..ရှင် အသက်ထင်ရှား ရှိလျက်နဲ့ ဘာကြောင့် ကျွန်မကို လိုက်မရှာရတာလဲ"

ဝမ်းကျုံးစန်း အဖြေရခက်သွားသည်။

မြောင်နယ်ခြားမှ ပန်းအဆိပ်မိပြီး သုံးလေးရက်ခန့် သတိလစ်နေခဲ့သည်။

ထိုရက်များအတွင်း အဆိပ်ကြောင့် တစ်ကိုယ်လုံး ညိုမည်းပြီး လူသေအလောင်းတစ်ခုပမာ တောင့်တင်းနေပေသည်။

ထိုအချိန်တွင် သူ့ကို တွေ့ရှိသွားသူတစ်ယောက်က သေဆုံးသွားပြီဟု ယူဆခဲ့ပုံရ၏။

ထို့မှတစ်ဆင့် တစ်ယောက်စကားတစ်ယောက်နား ကြားကာ ဝမ်းကျုံးစန်း သေဆုံးသွားပြီဟု အတည်ပြုလိုက်ကြခြင်း ဖြစ်သည်။

အဆိပ်သင့်တတ်သည်ဆိုသော စကား ရှိ၏။

ထို့ကြောင့် မည်သူမျှ သူ့အား လာရောက်ကြည့်ရှုခြင်း မပြု

ဘဲ ပစ်ထားခဲ့ကြသည်။

ထိုအချက်ကြောင့် ဝမ်းကျိုးစန်းကို သက်ရှိထင်ရှား ရှိ မည် မဟုတ်ဟု အားလုံးက အခိုင်အမာ ယူဆထားပုံရသည်။

မြောင်နယ်ခြားသည် လူသူအရောက်အပေါက် နည်းပါ ပြည်မနှင့် မိုင်ပေါင်းများစွာ ကွာဝေးသည့် ကျောက်စိမ်းကို ရောက်ရှာဖွေသူများပင်လျှင် ပန်းအဆိပ်၏အန္တရာယ်ကို ကြော သတိကြီးစွာထား၍ သွားလာကြ၏။

တစ်ယောက်တည်း စွန့်စား၍ သွားဝံ့သူ မရှိသလောက် ရှား၏။

"ရှင် ဘာဖြစ်လို့ ကျွန်မကို လာမတွေ့ရတာလဲ"

အားမလိုအားမရသော လေသံဖြင့် လျှံကျူးက ထပ်မံ သည်။ ဝမ်းကျိုးစန်း သက်ပြင်းချမိပြန်သည်။

"ကျုပ်လာတွေ့မလို့ပါပဲ၊ ဒါပေမယ့် ညီမက လက် လိုက်ပြီလေ"

ဟုပြောလိုက်သည်။

လျှံကျူးသည် မျက်နှာဖုံးကို ချွတ်ပစ်လိုက်၏။

လရောင်အောက်တွင် လှပချောမောသော မျက်နှ လေး ပေါ်ထွက်လာသည်။

ဝမ်းကျိုးစန်းသည် လျှံကျူး၏မျက်နှာကို ငေးမောကြ မိသည်။



ဘာမျှ ပြောင်းလဲသွားခြင်း မရှိပါ။

လျှံကျူးသည် ချောမြဲချော၏။ လှမြဲလှနေပေသည်။

လျှံကျူးသည် သေဆုံးသည့် အချိန်ထိ လှပနေမည့် မိန်းကလေးမျိုး ဖြစ်ပေသည်။

လျှံကျူးသည် ဝမ်းကျိုးစန်းကို မျက်တောင်မခတ် စိုက်ကြည့်လိုက်သည်။ အတန်ကြာမှ သက်ပြင်းချရင်း...

"ရှင်အဆိပ်မိမိချင်း ကျွန်မကို လာတွေ့ယင် ရှင့်ကို ကျွန်မ ပြုစုနိုင်တာပေါ့၊ ဒုက္ခတွေ့စရာလဲ အကြောင်းမရှိဘူး၊ ဘယ်သူ့ကိုမှ ကျွန်မ လက်ထပ်စရာ မလိုဘူးပေါ့"

ဟုပြောယင်း ဝမ်းနည်းကြေကွဲလာဟန်တူသည်။

မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

မျက်ရည်များသည် လရောင်၏ရိုက်ခတ်မှုကြောင့် ဝင်းလက်တောက်ပနေလေသည်။

ဝမ်းကျိုးစန်း မချိပြုံးပြုံးလိုက်သည်။

"ကျုပ်အဆိပ်မိတာနဲ့ တစ်ပြိုင်နက် ညီမကို သတိရတာပေါ့၊ ဒါပေမယ့် ညီမဆီကို ဘယ်လာနိုင်တော့မှာလဲ၊ နောက်ပြီး ကျုပ်က မြောင်နယ်စပ်ကို ဘာကြောင့် သွားခဲ့ရတယ်ဆိုတာကော ညီမသိသလား"

လျှံကျူး မျက်မှောင်ကြုတ်သွားသည်။

အတန်ကြာမှ မဲ့ပြုံးပြုံးကာ...

"ရှင်က မကောင်းမှုဒုစရိုက်လုပ်တဲ့ လူတွေကို သုတ်သင်ဖို့ လိုက်ရှာရင်း မြောင်နယ်စပ်ကို ရောက်သွားတာ မဟုတ်လား"

ဝမ်းကျုံးစန်း ခေါင်းယမ်းလိုက်သည်။

"လူတိုင်း ဒီလို ထင်ကြတာပဲ၊ ဒါပေမယ့် ကျုပ်က ထူးဆန်းတဲ့ ကျောက်စိမ်းတစ်မျိုးကို ရှာဖို့ မြောင်နယ်စပ်ကို သွားခဲ့တာပါ"

"ရှင်"

လျှံကျူး အံ့သြသင့်သွားသည်။

ဝမ်းကျုံးစန်း၏စကားသည် ယုံကြည်ရန် အတော်ပင် ခက်ခဲလှ၏။

ဝမ်းကျုံးစန်းကဲ့သို့ အများအကျိုး ဆောင်ရွက်နေသူတစ်ယောက်သည် ကျောက်စိမ်းရတနာတစ်ခုကို အချိန်ကုန်ခံ အပင်ပန်းခံကာ လိုက်ရှာရန် အကြောင်း မရှိသောကြောင့် ဖြစ်ပါသည်။

ဝမ်းကျုံးစန်းက ဆက်၍ ပြောသည်။

"ကျုပ်ဟာ တစ်ခါတစ်ရံ စိတ်ထင်တာ ထလုပ်တတ်တဲ့ အကျင့် ရှိတယ်ဆိုတာ ညီမသိသားပဲ၊ အဲဒီတုန်းကလဲ လူတစ်ယောက်ကို လက်ဆောင်ပေးချင်တဲ့စိတ် ပေါ်ပေါက်လာတာနဲ့ သွားရှာခဲ့တာပါ၊ ပန်းအဆိပ်မိခဲ့ပေမယ့် ကျုပ်လိုချင်တဲ့ ပစ္စည်းရခဲ့တယ်၊ ဆေးကုဖို့ အသာထားပြီး လက်ဝတ်ရတနာဖြစ်အောင် အရင်လုပ်ခိုင်းမိတယ်၊ ဒါကြောင့် ကျုပ်ပြည်မကို ချက်ချင်း ပြန်မရောက်ခဲ့တာပါ၊ ကျုပ်ရောက်လာတော့ အဖြူရောင်ဓားသမားဝမ်းကျုံးစန်း မြောင်



နယ်စပ်မှာ သေဆုံးသွားပြီဆိုတဲ့ သတင်းက သိုင်းလောက တစ်ခုလုံး ပျံ့နေပြီလေ"

လျှံကျူးသည် ဝမ်းကျုံးစန်းကို စိုက်ကြည့်မိသည်။

"ရှင် ဘယ်သူ့အတွက် လက်ဆောင်ပေးဖို့ ရည်ရွယ်ပြီး ဒီလောက်တောင် စွန့်စားခဲ့ရတာလဲ"

ဟုမေးလိုက်လေသည်။

ဝမ်းကျုံးစန်း ပါးစပ်ပိတ်ထားလိုက်မိ၏။

အမှန်တော့ ဤမေးခွန်းသည် ဖြေကြားရန် မလိုသော မေးခွန်း ဖြစ်သည်။

မမေးဘဲနှင့် သိနေသင့်သည်ဟု ဝမ်းကျုံးစန်း ယူဆသည်။

ထိုအချိန်တွင် လျှံကျူးသည် ဝမ်းကျုံးစန်း၏လက်တစ်ဘက်တွင် စွပ်ထားသော လက်စွပ်ကလေးကို အမှတ်မထင် တွေ့မြင်သွားသည်။

အလွန်လှပပြီး အဖိုးထိုက်တန်သော ကျောက်စိမ်းလက်စွပ် တစ်ကြောင်းကိုလည်း လျှံကျူး နားလည်လိုက်သည်။

လျှံကျူးက...

"ရှင်သေသွားပြီဆိုတဲ့သတင်း ထွက်ပေါ်လာတဲ့ အချိန်မှာ ကျွန်မ ဘယ်လောက်ဒုက္ခရောက်ရတယ်ဆိုတာ ရှင့်ကို တွေ့စေချင်တယ်"

ဟုပြောလေသည်။

ဝမ်းကျုံးစန်း နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲဟင်"

လျှံကျူးစန်းက မဲ့လိုက်သည်။

"ဩော် ရှင်က ဒုစရိုက်ကောင်တွေကို မျက်နှာသာ ပေး... သုတ်သင်ရှင်းလင်းပစ်တယ် မဟုတ်လား၊ သူတို့က ရှင့်အ... ရှားရှိနေတုန်းက ကြောက်လို့ ငြိမ်နေပေမယ့် ရှင်သေသွားပြီဆိုတော... တစ်စခန်း ထလာကြတာပေါ့၊ အဲဒီအခါ သူတို့တွေ ဘယ်သူ့ကို လာ... ပြီး ရန်ရှာမလဲဆိုတာ စဉ်းစားကြည့်လေ"

ဝမ်းကျုံးစန်း သဘောပေါက်သွားသည်။

သူသေဆုံးသွားပြီဟူသော သတင်း ထွက်ပေါ်လာသည်နှ... ဒုစရိုက်သမားများသည် ဝမ်းကျုံးစန်းနှင့် အရင်းနှီးဆုံး ဖြစ်သော... မိုးစွေ့ငှက်လျှံကျူးကို လာရောက်ရန်ရှာကြတော့မည်မှာ မုချ ဖြစ်၏...

လျှံကျူးက ဆက်ပြောလိုက်သည်။

"ကျွန်မမှာ တစ်နေ့တစ်နေ့ လာရှာကြတဲ့ ရန်သူတွေ မနည်း... ဘူး၊ လာသမျှ လူတွေကို ရင်ဆိုင်တိုက်ခိုက်ရတဲ့ ဘဝကို ကျွန်မ မုန်... တီးတယ်၊ ရှင့်ရန်သူတွေဟာ နည်းမျိုးစုံနဲ့ ရန်မူလာကြတာ ရှင့်... တစ်ချို့က ဖြောင့်တိုက်ခိုက်ပေမယ့် တစ်ချို့က တိတ်တဆိတ် ချောင်း... မြောင်းတိုက်ခိုက်ကြတယ်လေ၊ ကျွန်မလို မိန်းမသားတစ်ယောက်... အနေနဲ့ ဒီရန်သူတွေကို ဘယ်လိုလုပ် ရင်ဆိုင်နိုင်မလဲရှင့်"

ဝမ်းကျုံးစန်း ပြုံးလိုက်သည်။



မှန်ပါသည်။ လျှံကျူးတစ်ယောက်တည်း ရန်သူ ပတ်လည်... ...င်းနေချိန်တွင် အားကိုးရာ ရှာမည်မလွဲပါ။

သဘာဝကျပေသည်။ သို့သော်...

သူ၏ပြိုင်ဘက် ပုယိုကျူးကိုမှ အားကိုးအားထား ပြုလိုက်... ...ည်ကိုမူ ဝမ်းကျုံးစန်း နားမလည်နိုင်ပါချေ။

သူက လျှံကျူးအား ကြည့်ကာ...

"ပုယိုကျူးဟာ ဘယ်လိုလူစားမျိုးဆိုတာ ညီမ မသိဘူး... ...လား"

ဟု မေးလိုက်သည်။ လျှံကျူး နှုတ်ခမ်းကိုက်လိုက်သည်။

"သိပါတယ်"

"ညီမ သူ့ကို ဘာကြောင့်..."

ဝမ်းကျုံးစန်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်... ...သည်။ လျှံကျူးက မကျေမနပ်ဖြင့်...

"ပုယိုကျူးဟာ သိုင်းပညာတော်တယ်၊ ပြီးတော့ သူက ရှင်... ...နဲ့အပြိုင် ကျွန်မကို ပိုးပန်းခဲ့တယ်၊ သူအရေးနိမ့်သွားပေမယ့် အငြိုး... ...မထားဘူး၊ ကျွန်မအပေါ်ထားတဲ့ မေတ္တာဟာလည်း လျော့မသွား... ...ဘူး၊ ကျွန်မဒုက္ခရောက်နေတဲ့ အချိန်မှာ သူက ရှေ့ကနေ မားမားမတ်... ...မတ် ကြားဝင်ကူညီခဲ့တယ်၊ ဖြစ်ပေါ်လာတဲ့ အခက်အခဲ ဒုက္ခတွေကို... သူကပဲ ဖြေရှင်းပေးခဲ့တယ်"

ဟု ပြောလိုက်၏။

ပုယို့ကျူးသည် ပွဲလန့်တုန်းဖျာခင်းသည့် လူစားမျိုး ဖြ
သည်။

လျှံကျူးအား နှောင့်ယှက်သူများသည် ပုယို့ကျူး၏လူမျ
မဖြစ်နိုင်ဟု မည်သူပြောနိုင်မည်နည်း။

လျှံကျူးကမူ သူ့အား ကျေးဇူးရှင်အဖြစ် ထင်မှတ်ကာ တ
ဘဝလုံးကို ပုံအပ်လိုက်သည်။

ဝမ်းကျုံးစန်း ရင်ထဲတွင် ခံပြင်းသည့် စိတ်များ ပေါ်ပေါက်
လာသည်။

သူ မသေသေးဘဲ သေပြီဟု သတင်းလွှင့်သူ ရှိမည်ဟု သူ
တွေးခဲ့သည်။

ယခု ထိုသတင်းလွှင့်သူမှာ မည်သူမည်ဝါ ဖြစ်ကြောင်း သူ
ရိပ်မိလာပြီ ဖြစ်သည်။

လျှံကျူးက...

"ရှင်ပေးတဲ့ ဒုက္ခတွေကြောင့် ကျွန်မအစ်ကိုကြီး ပုယို့ကျူးကို
လက်ထပ်လိုက်ရတာပဲ၊ ရှင် သူ့ကို ဘာမှ အပြစ်တင်စရာ မလိုပါဘူး"

ဟု ယတိပြတ် ပြောလိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ညီမကို ကျုပ်လုံးဝ အပြစ်မတင်ပါဘူး၊ ဒါပေမယ့် ညီမ
လက်ထပ်လိုက်တဲ့အတွက် ကျုပ်ဟာ တကယ့် လူသေတစ်ယောက်
ဖြစ်သွားရတယ်ဆိုတာတော့ သိစေချင်ပါတယ်၊ ကျုပ် မသေဘူးဆို



တာကို ညီမကို ရှင်းပြဖို့တောင် အချိန်မရခဲ့ဘူး မဟုတ်လား"

"ဘာလဲ အစ်ကိုကြီးပုယို့ကျူးက ရှင် မသေသေးဘဲ သေပြီ
လို့ လုပ်ကြံသတင်းလွှင့်ခဲ့တယ် ထင်လို့လား"

ဝမ်းကျုံးစန်း ပါးစပ်ပိတ်ထားလိုက်သည်။

သူ၏စိတ်ထဲတွင် အပ်ကလေးနှင့် ဆွသလို နာကျင်နေ၏။

လျှံကျူးက နှုတ်ခမ်းမဲ့ကာ...

"ဒီကိစ္စကို ကျွန်မတို့သုံးယောက် ဆုံပြီး တစ်နေ့ ဖြေရှင်းကြ
တာပေါ့"

ဟုပြောလိုက်သည်။

ဝမ်းကျုံးစန်း လက်ကာပြလိုက်သည်။

"နေပါစေတော့၊ ပြီးခဲ့တဲ့ ကိစ္စတွေကို ကျုပ်ပြန်မစချင်တော့
ပါဘူး၊ ဒီအတိုင်း နေသွားတာပဲ ကောင်းပါတယ်"

လျှံကျူးက...

"ရှင် ဘာကြောင့် အစ်ကိုကြီးပုယို့ကျူးကို မုန်းတီးရတာလဲ
ပြောစမ်းပါ"

ဝမ်းကျုံးစန်းက လျှံကျူးအား စေ့စေ့ကြည့်လိုက်သည်။

အတန်ကြာမှ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ညီမ ဒီကိုလာတာ ဘာကိစ္စလဲ၊ ကောက်ကျင်းနယ်ရဲ့
သခင်မလေးကို လာရှာတာ အကြောင်းတစ်ခုခုတော့ ရှိမယ် ထင်
တယ်"

ထိုအခါမှ လှုံကျူးသည် လာရင်းကိစ္စကို သတိရလာ၏။

"ဟုတ်တယ်"

ဝမ်းကျိုးစန်းက...

"ဘာကိစ္စလဲ"

လှုံကျူးက သက်ပြင်းချလိုက်သည်။

"အသက်ကယ်ခြံဝင်းမှာ သခင်မလေး ရှိနေတာကို ရန်သူ တွေ သိသွားပြီ၊ မကြာခင် အုပ်စုဖွဲ့ပြီး လာဝိုင်းလိမ့်မယ်၊ အသက် ကယ်ခြံဝင်းက လူတစ်ယောက် သစ္စာဖောက်လိုက်တာပဲ"

ဝမ်းကျိုးစန်း အံ့သြသွား၏။

"ဘယ်သူလဲ"

"လုံစန်း"

ဝမ်းကျိုးစန်း အနည်းငယ် စဉ်းစားလိုက်ပြီး...

"ဒီသတင်းကို ညီမ ဘယ်လိုလုပ်သိတာလဲ"

ဟုမေးလိုက်၏။ လှုံကျူးက အဖြေမပေးပါချေ။

"အချိန်မရှိဘူး၊ ကျွန်မသွားမယ်၊ ရှင်လဲ သူတစ်ပါး ကိစ္စထဲ ဝင်မစွက်ပါနဲ့"

စကားဆုံးသည်နှင့် လှုံကျူး ပြေးထွက်သွားလေသည်။

ဝမ်းကျိုးစန်း ဟန့်တားခြင်း မပြုပါ။

လှုံကျူး ထွက်သွားသည်ကို ငေးကြည့်နေ၏။

လှုံကျူးသည် အတော်ဝေးဝေးသို့ ရောက်မှ နောက်ပြန်



လှည့်ကြည့်ကာ...

"ရှင်နဲ့ ကျွန်မ နောက်ဆုံး တွေ့ခဲ့တဲ့ နေရာကို မှတ်မိတယ် ဟုတ်လား၊ ဒီကနေ့ကစပြီး သုံးလပြည့်တဲ့နေ့မှာ အဲဒီ နေရာကို လာခဲ့ပါ၊ ကျွန်မစောင့်နေမယ်"

ဟု ပြောလိုက်၏။

ထို့နောက် လျင်မြန်စွာ ပြေးထွက်သွားလေတော့သည်။

ယခုတစ်ကြိမ် သူမ တကယ် ထွက်ခွာသွားပြီ ဖြစ်ပါသည်။

တခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေ သည်။ ဝမ်းကျိုးစန်း၏ရင်ထဲတွင် မည်သို့မျှ မခံစားရပါ။

လှုံကျူး၏ဆက်ဆံပုံသည် စိမ်းကားလှသည်ဟု ဝမ်းကျိုး စန်း ထင်သည်။

သူ၏မျှော်လင့်ချက်သည် နေခြည်အောက်မှ မြူနှင်း ပမာ ပျက်ပြယ်လွင့်ပါသွားပြီ ဖြစ်သည်။

ရင်ထဲတွင် နောက်ဆုံး တည်ရှိနေသော သံယောဇဉ် ကြိုး ပြတ်တောက်သွား၏။

လက်မှ လက်စွပ်ကလေးကို အဓိပ္ပါယ်မဲ့ ငေးကြည့်မိ သည်။

အသက်နှင့် ရင်းကာ ရယူခဲ့သော အဖိုးတန်လက်စွပ်သည် ယခုအခါ အဓိပ္ပါယ်ကင်းမဲ့နေပြီ ဖြစ်လေသည်။

♠ ♠ ♠

## လှည့်ကွက်

အသက်ကယ်ခြံဝင်း...

အသက်ကယ်ခြံဝင်းအတွင်းသို့ ဝမ်းကျုံးစန်း ရောက်ရှိလာ
ဖြစ်သည်။

သူရောက်ရှိလာသောအခါ ချာလုံက သူ့အား ဝမ်းသာအာ
ရ ကြိုဆိုလေသည်။

ဝမ်းကျုံးစန်း ရောက်လာည့်အတွက် အားတက်နေပုံ
သည်။

"ဝမ်းကျုံးစန်း၊ မင်းကို ငါပေးလိုက်တဲ့ဆေးကော မှန်မှ
သောက်ရဲ့လား"

ဟု မေးလေသည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သောက်ပါတယ်"



ချာလုံ ပြုံးလိုက်သည်။

"အင်း ဒီအတိုင်းဆို မင်းရဲ့ ရောဂါဝေဒနာ သက်သာလာမှာ
ါ"

ဝမ်းကျုံးစန်း ကျေနပ်သွားသည်။ ချာလုံက...

"ဒါနဲ့ မင်းငြိမ်းချမ်းဘုံကျောင်းမှာ နေရတာ အဆင်ပြေရဲ့
ား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ်"

"မင်း အခု ဒီကိုလာတာ ခုံးကျိန်းသိရဲ့လား"

"သူ့ကို ခွင့်ပန်ပြီးမှ လာတာပါ"

ချာလုံက တည်ကြည်သော မျက်နှာထားဖြင့်...

"အင်း မင်းရောက်တုန်း ပြောစရာ ရှိသေးတယ်ကွ"

"မျက်နှာဖုံးစွပ်ထားတဲ့ မိန်းကလေးတစ်ယောက် ရောက်
လာတာကို ပြောမလို့ မဟုတ်လား"

ဝမ်းကျုံးစန်းက ကြားဖြတ်ပြောလိုက်ရာ ချာလုံ အံ့ဩသွား
သည်။

"မင်း ဘယ်လိုလုပ်သိတာလဲ"

ချာလုံက မေးလိုက်သည်။ ဝမ်းကျုံးစုက...

"ကျွန်တော် သူ့ကို တွေ့ခဲ့ပြီးပါပြီ"

ချာလုံ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဝမ်းကျုံးစန်းအား ကြည့်ကာ...

"ဟေ..မင်း..မင်း ဘယ်လိုလုပ် တွေ့တာလဲ၊ သူကဒီကို လာပြီး သောင်းကျန်းသွားသေးတယ်"

ဝမ်းကျုံးစန်း ပြုံးပြလိုက်သည်။

"သူက ဒီကို လာတာ စေတနာနဲ့ သတိပေးဖို့ လာတာပါ"

"သူနဲ့ မင်းသိလို့လား"

"ဟုတ်ကဲ့ သိပါတယ်"

ချာလုံ ဝမ်းသာသွားသည်။

"တော်သေးတာပေ့ါ၊ သူဟာ ရန်သူ မဟုတ်ဘူးဆိုတာ ငါတို့လဲ ရိပ်မိပါတယ်၊ ဒါပေမယ့် စိုးရိမ်ပြီး တိုက်ခိုက်လိုက်မိတယ်၊ သူ့ရဲ့သိုင်းပညာက အံ့မခန်းပါပဲ"

"ဒါတွေ ကျွန်တော်သိပြီးပါပြီ"

ချာလုံက သက်ပြင်းချလိုက်သည်။

"သူက သခင်မလေးကို တွေ့ချင်တယ် ပြောပြတော့ ငါတို့လဲ စိုးရိမ်သွားတာပေ့ါ"

ဝမ်းကျုံးစန်းက...

"သူက သတင်းထူးတစ်ခု ကြားလို့ လာပြောတာပေ့ါ"

"ဆိုစမ်းပါဦး၊ ဘယ်လိုသတင်းမျိုးလဲ"

ချာလုံက အလောတကြီး မေးသည်။

ဝမ်းကျုံးစန်းက...

"မကြာခင် ဒီနေရာကို ဟန်ကြုံးရဲ့မိတ်ဆွေတွေ ရောက်



လာကြလိမ့်မယ်၊ သူတို့ဟာ သခင်မလေးကို သေသေရရ အရှင်ရရ ဖမ်းဆီးကြတော့မှာပဲ"

ဟု ပြောလိုက်၏။ ချာလုံ ခန္ဓာကိုယ်တစ်ချက် တုန်သွား၏။ မျက်နှာလည်း ပျက်သွားလေသည်။

ဝမ်းကျုံးစန်းကို ကြည့်ကာ...

"သခင်မလေးက ဘယ်သူဆိုတာ မင်းသိပြီးပြီနော်"

ဟု မေးလိုက်၏။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့၊ ခုံးကျိန်း ပြောလို့ သိပြီးပါပြီ"

"အင်း တန့်လျှံယုရဲ့ ဝေဒနာဟာ သက်သာပျောက်ကင်းစပဲ ရှိသေးတယ်၊ စိတ်ထိခိုက်စရာကြုံရင် ရောဂါပြန်ထနိုင်တယ်၊ ငါ သူ့အတွက် ဆေးဖော်စပ်ပြီးပြီးပြီ၊ အချိန်မှန်မှန် သောက်သွားယင် တစ်လအတွင်း ပျောက်သွားမှာပဲ၊ တစ်လအတွင်း အေးအေးဆေးဆေး အနားယူဖို့ပဲလိုတယ်"

ချာလုံက ရှင်းပြလိုက်သည်။

ဝမ်းကျုံးစန်း အနည်းငယ် စဉ်းစားလိုက်သည်။

"သူ့ကို နေရာပြောင်းထားလိုက်ရင် မကောင်းဘူးလား"

"အခုအတိုင်းဆို နေရာပြောင်းမှ ဖြစ်တော့မှာပေ့ါ"

"ဦးက ဘယ်နေရာပြောင်းမယ် စိတ်ကူးထားသလဲ"

ချာလုံ တော်တော်နှင့် အဖြေမပေးနိုင်ချေ။

တန့်လျှံယုအတွက် လုံခြုံစိတ်ချရမည့် နေရာကို စဉ်းစား
နိုင်အောင် ဖြစ်နေပုံရ၏။

ဤတွင် ဝမ်းကျိုးစန်းက ကြားဝင်အကြံပေးလိုက်လေ
သည်။

"သူ့ကို ငြိမ်းချမ်းဘုံကျောင်းမှာ ပြောင်းပြီး ထားလို့ကော
မဖြစ်ဘူးလား"

ချာလုံ ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ သူတို့က ငါ့ဆီ လာရှာလို့ မတွေ့ရင် အနီးဝန်း
ကျင်မှာ လိုက်ရှာကြမှာပဲ၊ ငြိမ်းချမ်းဘုံကျောင်းထဲကိုလဲ ဝင်ပြီး ရှေ
နောက်မှာ သေချာတယ်"

ချာလုံ၏စကားက သဘာဝကျသည်။

ရန်သူများသည် အသက်ကယ်ခြံဝင်းသို့ ရောက်ရှိလာပြီဆို
လျှင် ငြိမ်းချမ်းဘုံကျောင်းကိုလည်း ရောက်ရှိသွားမည်မှာ သေချာ
၏။

ဝမ်းကျိုးစန်း မျက်မှောင်ကြုတ်ကာ...

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

ဟုမေးလိုက်သည်။ ချာလုံက တစ်ချက်စဉ်းစားကာ...

"ငါ့သဘော ပြောရရင် တန့်လျှံယုကို သူ့ရဲ့ဖခင် တန့်ရွှေဆီ
ကို သွားပို့တာဟာ အကောင်းဆုံးပဲ၊ သူ့ရောဂါပျောက်တော့မှာပဲ၊
တန့်ရွှေဆီမှာဆိုရင် အေးအေးဆေးဆေး နေရမယ်၊ စောင့်ရှောက်



ယ့် လူတွေလဲ ရှိတယ်၊ ဘာမှ စိုးရိမ်စရာ မလိုတော့ဘူး"

ဟု ပြောလိုက်လေသည်။

ဝမ်းကျိုးစန်း သဘောကျသွားသည်။

ထိုအကြံသည် အလွန်သင့်မြတ်သော အကြံ ဖြစ်သည်။

ဝမ်းကျိုးစန်း ခေါင်းညိတ်ကာ...

"ဒီအကြံဟာ အကောင်းဆုံးပဲ၊ သူ့ကို ပြန်ပို့လိုက်ပေါ့"

ဟု သဘောတူလိုက်သည်။ ချာလုံက...

"အင်း ခက်နေတာ တစ်ခု ရှိတယ်"

ဝမ်းကျိုးစုက ပြုံးလိုက်သည်။

"ဘာလဲ ညီမတန့်လျှံယုက မပြန်ချင်ဘူးတဲ့လား"

ချာလုံ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

"ဒါဆိုယင်.."

"ဆရာရှောင်စန်းက ခေါင်းမာနေလို့ ခက်နေတာပဲကွ"

ဝမ်းကျိုးစန်း မျက်မှောင်ကြုတ်သွားသည်။

"ဆရာရှောင်စန်းက ဘယ်လိုခေါင်းမာတာလဲ၊ တန့်လျှံယု
တွက် သူ့မှာလည်း တာဝန်ရှိတယ် မဟုတ်လား"

"ဒါပေါ့၊ သူက တန့်လျှံယု ရောဂါပျောက်ကင်းအောင် ဆေး
သဖို့ လာတယ်၊ ရောဂါပျောက်ကင်းမှ တန့်ရွှေဆီ ပြန်မယ်လို့
ပြတယ်၊ ရောဂါမပျောက်သေးဘဲ ပြန်ယင် တန့်ရွှေက သူ့ကို

အပြစ်တင်မှာ စိုးရိမ်နေပုံရတယ်”

ချာလုံက ရှင်းပြလိုက်သည်။

ဝမ်းကျုံးစန်းက...

“တန့်လျှံယု ပြန်သွားလဲ ရောဂါပျောက်မှာပဲ မဟုတ်လာ သမားတော်ကြီးက ရှင်းမပြဘူးလားဗျ”

“ငါရှင်းပြပေမယ့် သူနားမဝင်ဘူး”

“ဒီလိုဆို အကုန်လုံး ဒုက္ခရောက်ကုန်မှာပေါ့၊ ရန်သူတွေ အခုနေ ရောက်လာယင် ဘယ်လိုလုပ်မလဲ”

ချာလုံ မချိပြုံးပြုံးလိုက်သည်။

“ငါလဲ တွေးမိပါတယ်၊ ဆရာရှောင်စန်းတစ်ယောက် ရန်သူတွေကို ရင်ဆိုင်နိုင်မှာ မဟုတ်ပါဘူး”

ဝမ်းကျုံးစန်း မျက်မှောင်ကြုတ်သွားသည်။

“တန့်လျှံယုကို ပြန်ပို့ဖို့ ကျွန်တော် အခုသွားပြောမယ်”

ဝမ်းကျုံးစန်းက စိတ်မြန်သည်။

ချက်ချင်းပင် သွားပြောရန် ဟန်ပြင်သည်။

ချာလုံက ဝမ်းကျုံးစန်းကို အလန့်တကြား မော့ကြည့်ပြီး

“ဆရာရှောင်စန်းက ခေါင်းမာတယ်၊ ပြောလို့ရမှာ မဟုတ် ဘူး၊ မင်းကိုတောင် ရန်ရှာမှာ သေချာတယ်ကွ”

ဟု ပြောလိုက်၏။

“သူ ရူးနေပြီလား”



“တစ်ချို့လူတွေဟာ သူ မတူအောင် စိတ်ကူးထူးခြားတယ် ဆိုတာ မင်းလဲ သိမှာပါ”

ဝမ်းကျုံးစန်း ဒေါပွသွားသည်။

“သူခေါင်းမာတာက အရေးမကြီးဘူး၊ တန့်လျှံယု အသက် မြန်မြန်သေအောင် လုပ်နေတာနဲ့ မတူဘူးလားဗျ”

ချာလုံ ပင့်သက်ရှိုက်လိုက်၏။

“ငါရှင်းပြတယ်၊ ဒါပေမယ့် သူက လုံးဝနားမဝင်ဘူး”

“အထိန်းတော်ကူးကကော”

“သူကတော့ သဘောတူတယ်”

“ဦး ဘယ်လိုဆုံးဖြတ်မလဲ”

ချာလုံက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေ သည်။

“ရန်သူတွေဟာ သခင်မလေးတန့်လျှံယုကို ခြေရာခံမိနေပြီ၊ လွတ်ပြေးလို့လည်း မလွတ်နိုင်ဘူးလို့ ဆရာရှောင်စန်းက ယုံကြည် ထားတယ်၊ အရေးအကြီးဆုံးက တကယ်တမ်း ရန်သူနဲ့ ရင်ဆိုင်ရပြီ ဆိုရင် တန့်လျှံယုကို မထိခိုက်ဖို့ပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် တန့်လျှံယုကို ဘေးကင်းရာ ခေါ်ဆောင်သွားရမယ်”

ဟု ပြောလိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ချာလုံ ဆိုလိုသော သဘောထားကို ဝမ်းကျုံးစန်း နားလည်

ပါသည်။ တန့်လျှံယုအား စောင့်ရှောက်ကာ တန့်ရှွေထံသို့ ပို့ဆောင်ပေးရန် သူ့အား တာဝန်ယူစေလိုသည့်သဘော ဖြစ်သည်။

ထိုတာဝန်သည် အန္တရာယ်ကြီးမားလှသော တာဝန်တစ်ရပ်ဖြစ်သည်။

တန့်လျှံယုကို လိုက်လံစောင့်ရှောက်ရင်း တိုက်ပွဲပေါင်း မရေမတွက်နိုင်အောင် ဆင်နွှဲရမည့် အလားအလာ ရှိသည်။

သူ၏ရောဂါ အခြေအနေသည် သိုင်းပညာအသုံးပြု၍ မဖြစ်ချေ။ အသုံးပြုလိုက်သည်နှင့်...

ဝမ်းကျိုးစန်း ဆက်လက်မတွေးတော့ပါ။

ချာလုံကို နှုတ်ဆက်လိုက်သည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

ချာလုံ မျက်မှောင်ကြုတ်သွား၏။

"မင်း ဘယ်သွားမလို့လဲ"

ဝမ်းကျိုးစန်း ပြုံးလိုက်သည်။

"ကျွန်တော် ဆရာရှောင်စန်းနဲ့ သွားတွေ့ရမယ်လေ"

ချာလုံ ပါးစပ်ပိတ်ထားလိုက်၏။

ဝမ်းကျိုးစန်းသည် တစ်ခါတစ်ရံ၌ တဇွတ်ထိုးနိုင်လှသည်ကို သိထားသဖြင့် ဘာမျှ မပြောတော့ခြင်း ဖြစ်ပါသည်။

ဝမ်းကျိုးစန်းသည် အခန်းတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသည်။



ချာလုံမှာ သူ၏ကျောပြင်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

♠ ♠ ♠

မြောက်ဘက်အဆောင်...

မြောက်ဘက်အဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

ဝမ်းကျိုးစန်းသည် မြောက်ဘက်အဆောင်ဘက်သို့ ခပ်သွက်သွက် ထွက်လာ၏။

သူ၏စိတ်ထဲတွင် တန့်လျှံယုအတွက် ပူပန်နေမိသည်မှတ်ပါလား။

မြောက်ဘက်အဆောင်ရှေ့သို့ ခဏအတွင်း ရောက်ရှိလာသည်။ အဆောင်ရှေ့သို့ ရောက်သည်နှင့် ငေးငိုင်နေသော ရှောင်စန်းကို တွေ့ရသည်။

ရှောင်စန်းသည် ခုံတစ်လုံးတွင် ထိုင်ကာ ခေါင်းငိုက်စိုက်ချထား၏။ သူ၏ပုံဟန်မှာ လွန်စွာ စိတ်ပျက်နေသူတစ်ယောက်အသွင်ဆောင်နေသည်။

ဝမ်းကျိုးစန်း ရောက်လာသည်ကို တွေ့သောအခါ တစ်ချက်မျှ မော့ကြည့်ပြီး မျက်နှာလွှဲထားလိုက်လေသည်။

ဝမ်းကျုံးစန်းက သူ၏ရှေ့တည့်တည့်တွင် ခြေလှမ်းရပ်လိုက်သည်။

"ဆရာရှောင်စန်း"

ဟုလည်း ခေါ်လိုက်သည်။

သို့ဖြစ်ရာ ရှောင်စန်းသည် မော့မကြည့်ဘဲ မနေနိုင်တော့ချေ။ ဝမ်းကျုံးစန်းအား မျက်မှောင်ကြုတ်ကြည့်ကာ...

"မင်း ဘာလာလုပ်တာလဲ၊ သခင်မလေးကို လာတွေ့တာလား"

ဟု မေးလိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ ခင်ဗျားကို လာတွေ့တာ"

ရှောင်စန်း မျက်မှောင်ကြုတ်သွားသည်။

"ငါ့ကို တွေ့ရအောင် ဘာကိစ္စ ရှိလို့လဲ"

ဝမ်းကျုံးစန်းက မျက်နှာတည်သွား၏။

"ရှိတာပေါ့၊ ခင်ဗျားလုပ်ပုံက တန့်လျှံယုကို ဒုက္ခရောက်အောင် လုပ်တာနဲ့ တူနေလို့"

သူ၏စကားကြောင့် ရှောင်စန်း ထိုင်ရာမှ ငေါက်ခနဲ ထရပ်လိုက်၏။ သူ၏မျက်နှာလည်း နီမြန်းသွားသည်။

ဝမ်းကျုံးစန်းကို မကျေမနပ်ကြည့်ကာ...

"မင်း...မင်း ဘယ်လို ပြောလိုက်တာလဲ"



ဟု မေးလိုက်သည်။

ဝမ်းကျုံးစန်းက...

"ခင်ဗျားခေါင်းမာနေပုံမျိုးနဲ့ တန့်လျှံယု ဒုက္ခတွေ့လိမ့်မယ်လို့ ပြောတာဗျ"

သူက အလျှော့မပေးဘဲ အကြောက်အကန် ပြန်ပြောလိုက်၏။ ရှောင်စန်း နှုတ်ခမ်းမဲ့ကာ...

"မင်း ဘယ်လောက်များ နားလည်လို့လဲ၊ သခင်မလေး အတွက် ကျုပ်က အသက်စွန့်ဖို့ ဝန်မလေးဘူးဆိုတာ မင်းနားလည်ထားစမ်းပါ"

ဟုပြောလိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ စွန့်စားမှုတွေက လမ်းလွဲနေလို့ အခုလို ပြောရတာဗျ"

"မင်းပြောတာ ငါနားမလည်ဘူး"

"မျက်နှာဖုံးစွပ်ထားတဲ့ မိန်းကလေးတစ်ယောက် ရောက်လာတယ် မဟုတ်လား၊ သူက သတင်းပေးသွားတယ်၊ မကြာခင် ဒီနေရာကို ရန်သူတွေ ရောက်လာကြလိမ့်မယ်တဲ့"

ရှောင်စန်း အံကြိတ်လိုက်သည်။

လက်သီးနှစ်ဘက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။ ဝမ်းကျုံးစန်းအား ကြည့်ကာ...

"ရောက်လာတော့ကော ဘာဖြစ်လဲ၊ သုတ်သင်ပစ်လိုက်ရှိတာပေါ့"

ဟုပြန်ပြောလိုက်သည်။

ဝမ်းကျုံးစန်း မဲ့လိုက်သည်။

"ခင်ဗျားက သူတို့ကို နိုင်မယ်လို့ ထင်ထားလို့လား"

ရှောင်စန်း ဒေါသထွက်သွားသည်။

"မင်း..မင်း ငါ့ကို စော်ကားတာလား"

"စော်ကားတာ မဟုတ်ဘူး။ အမှန်အတိုင်းပြောတာ၊ အခုပဲ ကြည့်လေ မျက်နှာဖုံးစွပ်ထားတဲ့ မိန်းကလေးကိုတောင် ခင်ဗျားတို့ မနိုင်ဘူး မဟုတ်လားဗျ"

"မင်း.."

ရှောင်စန်း ဘာပြောရမှန်မသိ ဖြစ်သွား၏။

ဝမ်းကျုံးစန်းက ဆက်ပြောလိုက်သည်။

"အခုတစ်ခါ လာမယ့် ရန်သူဟာ အဲဒီ မိန်းကလေးထက် ပိုပြီး ကြောက်စရာကောင်းတယ်ဆိုတာ ခင်ဗျားမှတ်ထားပါ"

ရှောင်စန်း မျက်နှာပျက်သွားသည်။

တန့်လျှံယုအတွက် စိုးရိမ်ပူပန်သည့် အရိပ်အရောင်များလဲ မျက်နှာတွင် ထင်ဟပ်လာသည်။

ဝမ်းကျုံးစန်းက ဆက်ပြောပြန်သည်။

"အကောင်းဆုံးနည်းလမ်းကတော့ ရန်သူတွေ မလာခင် ဒီ



နေရာကနေ ရွှေ့ခွာသွားဖို့ပဲ၊ သမားတော်ကြီးချာလိုကလည်း ဘောတူတယ်၊ တန့်လျှံယုကို သူ့ရဲ့အဖေဆီ ပြန်ပို့ပေးတာ ကောင်းဆုံးပဲလို့ ပြောတယ်"

ရှောင်စန်း ဟင်းခနဲ သက်ပြင်းချလိုက်သည်။

"ဒီက ထွက်သွားတာတော့ ဟုတ်ပါပြီ၊ သူတို့က အလွယ် ပေးပါ့မလား၊ မင်း ဘာမှ နားမလည်ပါဘူး၊ အသက်ကယ်ခြင်းရဲ့ င်တစ်ရာဝန်းကျင်မှာ ရန်သူတွေအပြည့်ပဲ၊ အဲဒီရန်သူတွေကို ကျော် ဖြတ်ပြီး ခရီးနှင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်ပဲကွ"

ဝမ်းကျုံးစန်းက...

"ဒီတောင်ပေါ်မှာ ပုတ်တုတ်ထိုင်နေတာထက် စာရင် ထိုး ဖောက်ရွှေ့စားတာက ပိုကောင်းမယ်လို့ ကျွန်တော်ထင်တယ်"

ဟု အကြံပြုလိုက်သည်။ ရှောင်စန်း မဲ့ပြုံးပြုံးလိုက်၏။

"အပြောလွယ်သလောက် လက်တွေ့လုပ်ဖို့ ခက်ပါတယ်၊ တစ်ခုတော့ ရှိတယ်၊ ငါ့ကို မင်းကူညီနိုင်မလား"

ဝမ်းကျုံးစန်းက...

"ကျွန်တော် ဘာကူညီရမလဲ"

ဟုမေးလိုက်သည်။ ရှောင်စန်းက ဝမ်းကျုံးစန်းအား ည်ကြည်သော မျက်နှာ ထားဖြင့် ပြောလေသည်။

"သခင်မလေးကို သခင်ကြီးဆီ ရောက်အောင် တာဝန်ယူပို့ ပေးပါ"

"ဟင်"

ဝမ်းကျူးစန်း၏ရင်ထဲ၌ လေးလံလာသည်။

ရှောင်စန်းနှင့် ချာလုံတို့ စည်းဝါးရိုက်ထားကြပြီ ဖြစ်ကြောင်း ယခုမှ နားလည်သဘောပေါက်လာသည်။

လူတစ်ယောက်၏အသက်ကို ကယ်တင်ရန် လူတစ် ယောက်က အသက်စွန့်ရပေမည်။

ဝမ်းကျူးစန်းသည် အများအကျိုးအတွက် အသက်ကို ပစ နထားသူ မဟုတ်ချေ။

အသက်အန္တရာယ်ကို ကြောက်ရွံ့ပြီး တာဝန်ကို ရှောင်တိမ်း တတ်သူဟု အထင်မခံနိုင်ပေ။ ဝမ်းကျူးစန်း သက်ပြင်းချလိုက်သည်။

"ကျွန်တော်ဟာ ရောဂါဝေဒနာခံစားနေရတဲ့လူဆိုတာ ခင်ဗျားသိပါတယ်၊ တန့်လျှံယုကို ကျွန်တော့်လက်ထဲ စိတ်ချလက်ချ အပ်မလား"

ရှောင်စန်း ပြုံးလိုက်သည်။

"အဖြူရှောင်ဓားသမားဟာ ဘယ်လိုလူစားမျိုးဆိုတာ ငါတို့ ကောင်းကောင်းသဘောပေါက်နေပါပြီ၊ ဒါကြောင့် မင်းနဲ့ဆိုရင် သခင်မလေးကို စိတ်ချပါတယ်ကွာ"

"ခင်ဗျားတို့ကကော"

"ငါတို့ပါ မင်းနဲ့အတူတူ လိုက်မယ်လေ"

ချာလုံနှင့် ရှောင်စန်းတို့သည် ရန်သူများ မကြာခဏ



ရောက်လာသဖြင့် ဤနေရာတွင် ဆက်ပြီး နေထိုင်ရန် မဖြစ်နိုင်တော့ ကြောင်း သိထားကြပြီ ဖြစ်ပါသည်။

ထို့ကြောင့်...

အခြေအနေပေးသည့် တစ်နေ့တွင် ရှောင်တိမ်းသွားရန် ကြို တင်စီစဉ်ခဲ့ပုံရ၏။

သူတို့၏အစီအစဉ်တွင် ဝမ်းကျူးစန်း မပါ,ပါအောင် တစ် ဖက်လှည့်နှင့် ဆွဲသွင်းလိုက်ကြခြင်း ဖြစ်ပေတော့သည်။

ဝမ်းကျူးစန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ၊ ဒီက ထွက်မယ့် အချိန်ကိုသာ ပြောပါ၊ ကျွန်တော်လိုက်ခဲ့ပါ့မယ်၊ ဒါပေမယ့် အစောဆုံး ထွက်နိုင်အောင် တော့ ကြိုးစားဖို့ လိုလိမ့်မယ်"

ရှောင်စန်းက...

"စိတ်ချ၊ ကျုပ်တို့ အမြန်ဆုံး အသက်ကယ်ခြံဝင်းက ထွက် သွားကြမှာပဲ"

ဝမ်းကျူးစန်းက ရှောင်စန်းအား လက်နှစ်ဘက်ဆုပ်ကာ ဦး ညွှတ်ရင်း...

"ကဲ ကျွန်တော်သွားမယ်"

ဟု နှုတ်ဆက်လိုက်၏။

ရှောင်စန်း မျက်မှောင်ကြုတ်သွားသည်။

"မင်း သခင်မလေးကို သွားမတွေ့တော့ဘူးလားကွ"

ဝမ်းကျိုးစ ခေါင်းခါယမ်းလိုက်သည်။

"အရင်ဆုံး လုပ်စရာရှိတာ လုပ်ရမယ်လေ၊ နောက်မှ သွားတွေ့တော့မယ်"

ပြောပြီး မြောက်ဘက်အဆောင်မှ ပြန်ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

ဝမ်းကျိုးစန်းသည် မြောက်ဘက်အဆောင်မှ ပြန်ထွက်လာခဲ့ပြီ ဖြစ်ပါသည်။

အဆောင်မှ ထွက်လာပြီးလျှင် သူ့အား စောင့်နေသော ချာလုံကို နှုတ်ဆက်ကာ အသက်ကယ်ခြံဝင်းမှ ထွက်လာခဲ့လေသည်။

သူသည် တန့်လျှံယုအား တန့်ချွေထံသို့ အရောက်ပို့ပေးရာတွင် တာဝန်ယူစောင့်ရှောက်ရန် ကတိပေးခဲ့ပြီ ဖြစ်သည်။

ထိုကတိသည် သူ့အတွက် သေမိန့် ဖြစ်သည်။

အကြောင်းမှာ သူ၏ရောဂါဝေဒနာသည် သိုင်းပညာကို အသုံးပြု၍ မရသော ဝေဒနာပင် ဖြစ်သည်။

သူတာဝန်ယူရမည့် ကိစ္စကလည်း သိုင်းပညာကို မလွှဲသာ မရှောင်သာ အသုံးပြုရမည့် အနေအထားတွင် ရှိသည်။

သူ့အတွက် အလွန်ပင် အန္တရာယ်များလှပေတော့သည်။



သို့သော်...

ဝမ်းကျိုးစန်းမှာ တုန်လှုပ်ခြင်း မရှိပါ။

သူ့ဘဝသည် လူသေတစ်ယောက်နှင့် မခြားတော့ဟု ယူဆ းသောကြောင့် ဖြစ်သည်။

နောက်ဆုံး ကျန်ရစ်သော မျှော်လင့်ချက် ကြိုးမျှင်သည် ကျိုးနှင့် တွေ့ပြီးနောက် ပျက်စီးပျောက်ဆုံးသွားခဲ့ရပြီ မဟုတ်ပါ ား။

ယခင်က လျှံကျိုး၏လက်သူကြွယ်တွင် အသက်နှင့်ရင်း၍ ထားသော ကျောက်စိမ်းလက်စွပ်ကလေးအား ဆင်မြန်းပေးလို သို့ဆန္ဒ ပြင်းပြင်းပြပြ ရှိခဲ့သည်။

ထိုမျှော်လင့်ချက်ဖြင့် သူအသက်ရှင်နေခဲ့ရခြင်း ဖြစ်ပေ၏။

ယခုအခါတွင် ထိုဆန္ဒပျက်ပြယ်သွားရသည် ဖြစ်ရကား သူ့ ့အသက်ရှင်နေထိုင်ရန် အဓိပ္ပါယ် မရှိတော့သလို ဖြစ်သွားပေပြီ။

မည်သို့ဆိုစေ သူ၏ဘဝ နောက်ဆုံးအချိန်ထိ အများအကျိုး တင်ရှက်ရန် စိတ်နှလုံး ခုန်းခုန်းချထားလိုက်သည်။

ဝမ်းကျိုးစန်းသည် အသက်ကယ်ခြံဝင်းအပြင်သို့ ရောက် သို့အခါ ငြိမ်းချမ်းဘုံကျောင်းသို့ ဦးတည်ထွက်ခဲ့သည်။

ပထမတွင် တန့်လျှံယုနှင့် တွေ့ဆုံကာ ညဥ့်နက်မှ ပြန်ရန် ကူးခဲ့သည်။

သို့သော်...

ယခု အခြေအနေက တစ်မျိုးပြောင်းသွားသဖြင့် ခပ်စေ
စောပင် ပြန်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ပြန်လာခြင်းကပင် ကံကောင်းထောက်မမှုတစ်ရ
ဖြစ်သည်ဟု ဆိုရပေတော့မည်။

အကြောင်းမှာ လမ်းခုလတ်တွင် တောင်ပေါ်သို့ တက်လ
နေကြသည့် လူရိပ်သဏ္ဌာန်များကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်
ခြင်းကြောင့် ဖြစ်ပေသည်။

♠ ♠ ♠

"ဟင်"

ဝမ်းကျုံးစန်း ရင်ထိတ်သွားသည်။

သစ်ပင်တစ်ပင်နောက်သို့ ပြေးဝင်ပုန်းကာ အခြေအနေ
အကဲခတ်ကြည့်လိုက်သည်။

မြွေခေါင်းတောင်ပေါ်သို့ လူတစ်စု ချီတက်လာနေကြ
သည်။

ထိုလူများသည် လရောင်ကို အားပြုကာ တိတ်တဆိတ်
တက်လာနေကြခြင်း ဖြစ်သည်။

စုစုပေါင်းလူနှစ်ဆယ်နီးပါးခန့် ရှိမည်ဟု ခန့်မှန်းရ၏။

ဝမ်းကျုံးစန်း မျက်နှာပျက်သွား၏။



ရန်သူ ရောက်လာပြီ ဖြစ်ကြောင်း သူနားလည်လိုက်သည်။

ချာလုံတို့မှုကား ရန်သူ ရောက်လာသည်ကို သိကြမည်
ဟုတ်ချေ။

ဝမ်းကျုံးစန်း အကဲခတ်ကြည့်နေစဉ် လူတစ်ယောက်သည်
ရှေ့မှ ဦးဆောင်လျှောက်လာသည်ကို သတိပြုမိလိုက်လေသည်။

ထိုလူကို မြင်ဖူးသည်ဟု ထင်မှတ်ကာ သေချာစွာ စိုက်
ကြည့်လိုက်၏။

"ဟင် သမားတော်ကြီးရဲ့တပည့်တစ်ယောက်ပါလား"

ဝမ်းကျုံးစန်း၏စိတ်ထဲမှ လွတ်ခနဲ ရေရွတ်လိုက်မိသည်။

မှန်ပါသည်။ ချာလုံ၏တပည့် လုံစန်းက ထိုလူစုကို လမ်း
ခေါ်ဆောင်လာခြင်း ဖြစ်သည်။

အချိန်ဆွဲ၍ မရမှန်း ဝမ်းကျုံးစန်း သိလိုက်သည်။

ထို့ကြောင့် နောက်သို့ တရွေ့ရွေ့ ပြန်လည်ဆုတ်ခွာလာပြီး
သက်ကယ်ခြံဝင်း ရှိရာဘက်သို့ ပြန်ပြေးခဲ့လေတော့သည်။

♠ ♠ ♠

လုံစန်းသည် လူထွားကြီးတို့လူစုအား ရှေ့မှ လမ်းပြကာ
သက်ကယ်ခြံဝင်း ရှိရာသို့ ခေါ်ဆောင်လာသည်။

လုံစန်းသည် လူထွားကြီးအား ကြောက်ရွံ့ထိတ်လန့်နေ၏။

သူ၏မျက်စိရှေ့တွင် ဖုံးယီအား လူထွားကြီးက ရှင်းပ
လိုက်သည်ကို မျက်ဝါးထင်ထင် မြင်လိုက်ရသည် မဟုတ်ပါလား။

ထို့ကြောင့် လူထွားကြီးအား ကလန်ကဆန် မပြုရဲဘဲ သူ့
စကားကိုသာ နားထောင်နေရလေသည်။

လုံစန်း၏စိတ်ထဲတွင် လူထွားကြီး၏ဆန္ဒကို လိုက်လျော
ပေးပါက မိမိအတွက် အကျိုးမယုတ်ဟု စိတ်ထဲ ထင်မှတ်ထား၏။

ထို့ကြောင့် လူထွားကြီးခေါင်းဆောင်သော လူစုအား
အသက်ကယ်ခြံဝင်းသို့ ခေါ်ဆောင်လာခြင်း ဖြစ်ပေတော့သည်။

♠ ♠ ♠

ညဥ့်နက်ပြီ ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးမှာ လရောင်ကြောင့် လင်းလင်းချင်းချင်း
ဖြစ်နေပါသည်။

အသက်ကယ်ခြံဝင်းသည် လရောင်အောက်တွင် တိတ်
ဆိတ်ငြိမ်သက်နေ၏။

ယခုအချိန် ကမ္ဘာလောကကြီးတစ်ခုလုံး အိပ်မောကျနေပြီ
မဟုတ်ပါလား။ ညဥ့်နက်နေပြီ ဖြစ်ရာ ချာလုံ အိပ်ပျော်နေသည်။

ဝမ်းကျုံးစန်းသည် အသက်ကယ်ခြံဝင်းတွင်းသို့ ပြန်လည်
ရောက်ရှိလာပြီ ဖြစ်သည်။



သူသည် ချာလုံ အခန်းသို့ အရင်ဆုံး သွားရောက်ကာ တံခါး
ခေါက်လိုက်သည်။

"ဒေါက်..ဒေါက်"

တံခါးခေါက်သံများ ထွက်ပေါ်လာသည်။

"သမားတော်ကြီး ထပါဦး"

"ဘယ်သူလဲ"

ချာလုံက အိပ်မှုန်စုံဝါး ထလာရင်း မေးသည်။

"ကျွန်တော်ပါ"

"ဝမ်းကျုံးစန်းလား"

"ဟုတ်ပါတယ်"

ချာလုံ အံ့သြသင့်သွားသည်။

အခန်းပြင်သို့ ကပျာကယာ ပြေးထွက်လာပြီး...

"ညဥ့်နက်နေပြီ၊ မင်း မပြန်သေးဘူးလား"

ဟုမေးလိုက်သည်။ ဝမ်းကျုံးစန်း ခေါင်းယမ်းလိုက်သည်။

"ကျွန်တော် ပြန်တာ မပြန်တော အရေးမကြီးဘူး၊ ရန်သူ
ရောက်လာတာ အရေးကြီးတယ်"

"ဘာ"

ချာလုံ၏မျက်လုံးများ ပြူးကျယ်သွားသည်။

ဝမ်းကျုံးစန်းအား ကြည့်ကာ...

"ဘယ်လို ရန်သူတွေ ရောက်လာကြပြီ ဟုတ်လား"

ဟု မေးလိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ချာလုံက အပြေးအလွှား စဉ်းစားလိုက်ပြီး...

"ဒါဖြင့် ဆရာရှောင်စန်းတို့ကို အပြင်မထွက်နဲ့လို့ သွားပြေ ထား။ ငါ သူတို့ကို ကြည့်ပြီး တားထားလိုက်မယ်"

ဝမ်းကျုံးစန်း ခေါင်းယမ်းလိုက်သည်။

"ဒီတစ်ခါတော့ သူတို့ကို လိမ်လို့ရမှာ မဟုတ်ဘူးဗျ"

ချာလုံ မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ"

"သူ့ကို လမ်းပြခေါ်လာတဲ့လူဟာ သမားတော်ကြီး တပည့် ဖြစ်နေလို့ပေါ့"

"ဟင်"

ချာလုံ၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားလေသည်။

နဂါးမြို့သို့ ပစ္စည်းများဝယ်ရန် စေလွှတ်လိုက်သည့် တပ နှစ်ယောက် ပြန်မရောက်လာသည့်အတွက် စိတ်ပူနေခဲ့သည်။

ယခု ထိုတပည့်သည် ရန်သူကို ခေါ်ဆောင်လျက် ပြန်လ နေချေပြီတကား။ ချာလုံ မျက်နှာပျက်နေ၏။

"ဒီလိုဆို ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

ဝမ်းကျုံးစန်းအား မေးလိုက်သည်။



ဝမ်းကျုံးစန်းက...

"ကျွန်တော်တို့ အမြန်ဆုံး ဒီနေရာက ထွက်ခွာသွားဖို့ပဲ ရှိ တော့တာပေါ့။ ရန်သူကို ထိပ်တိုက်ရင်ဆိုင်နေရင် ပိုဆိုးလာဖို့ပဲ ရှိ တယ်၊ ပြီးတော့ တန့်လျှံယုကိုလဲ ထိခိုက်ခံလို့ မဖြစ်ဘူး"

ဟုပြောလိုက်သည်။

ချာလုံ အံကြိတ်လိုက်သည်။

"ကောင်းပြီ၊ အခုတော့ ဒီလိုပဲ လုပ်ရမှာပေါ့။ ကဲ မင်းက ဆရာရှောင်စန်းတို့ကို သွားပြောလိုက်ဦး၊ ကျုပ် ပစ္စည်းတွေ သိမ်း လိုက်ဦးမယ်"

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် အခုပဲ သွားပြောလိုက်ပါ့မယ်"

စကားဆုံးသည်နှင့် ဝမ်းကျုံးစန်း ပြေးထွက်လာခဲ့လေ သည်။

မြောက်ဘက်အဆောင်သို့ ရောက်လုဆဲဆဲတွင်...

"သမားတော်ကြီးချာလုံ ဧည့်သည်တွေ ရောက်လာတယ်၊ ထွက်ပြီး ကြိုဆိုပါဦးဗျ"

အသံသြသြတစ်သံသည် ညဥ့်ယံကို ဖောက်ထွင်းထွက်ပေါ် လာသည်။

ဝမ်းကျုံးစန်း၏ခြေလှမ်း တုံ့ခနဲ ရပ်သွားသည်။

မျက်နှာလည်း ကွက်ခနဲ ပျက်သွားသည်။

ထိုစဉ်...

မြောက်ဘက်အဆောင်ထဲမှ ရှောင်စန်း ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ရှောင်စန်းသည် ဝမ်းကျုံးစန်းကို တွေ့သောအခါ အားတက်သွားပြီး...

"ရန်သူတွေ ရောက်လာပြီ ဟုတ်လား"

ဟု မေးလိုက်လေသည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော်တို့ ဒီက အမြန်ဆုံး ထွက်သွားမှ ဖြစ်မယ်"

"သမားတော်ကြီးကော ဘာလုပ်နေလဲ"

"သူ့အဆောင်ထဲက ပစ္စည်းတွေ သိမ်းဆည်းနေတယ်"

ရှောင်စန်း သက်ပြင်းချလိုက်သည်။

"အင်း ငါတို့ ထွက်သွားရမယ်ဆိုတော့လဲ ချက်ချင်းပါပဲလား"

ဝမ်းကျုံးစန်းက...

"အချိန်မရှိတော့ဘူး၊ အထိန်းတော်ကူးနဲ့တန်လျှံယုကိုနှိုးပြီး ဒီကနေ အမြန်ဆုံးထွက်သွားမှဖြစ်မယ်၊ မကြာခင် ရန်သူတွေရောက်လာတော့မယ်"

"ကောင်းပြီ ငါသွားပြောလိုက်မယ်"



ရှောင်စန်းသည် ပြောပြီး အဆောင်ထဲပြန်လည်ပြေးဝင်သွားသည်။

ဝမ်းကျုံးစန်းသည် ချာလုံအတွက် စိတ်မချနိုင်ဘဲဖြစ်နေသည်။

တန်လျှံယုနှင့် သွားတွေ့ရကောင်းနိုး၊ ချာလုံထံသွားရကောင်းနိုးဖြင့် ဝေခွဲမရ ဖြစ်နေသည်။

♠ ♠ ♠

ရှောင်စန်းသည် အဆောင်ထဲသို့ ပြန်ဝင်သွားပြီဖြစ်ပါသည်။

မကြာပါချေ။

အဆောင်ထဲမှ ရှောင်စန်းနှင့် အထိန်းတော်ကူးတို့ ပြေးထွက်လာကြသည်ကို တွေ့ရ၏။

အထိန်းတော်ကူးသည် တန်လျှံယုအား ပွေ့ချီထားသည်။

သူတို့သည် တန်လျှံယု ကြောက်လန့်မှုမဖြစ်စေရန် သွေးကြောပိတ်ကာ ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း ဝမ်းကျုံးစန်း ခန့်မှန်းမိသည်။

"သမားတော်ကြီးကော"

ရှောင်စန်းက ပတ်ဝန်းကျင်ကို အကဲခတ်ယင်း မေးလိုက်လသည်။

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်သည်။

"သူ ခုထိရောက်မလာသေးဘူးဗျ၊ ဘာဖြစ်နေလဲ မသိဘူး"

ရှောင်စန်းက...

"သမားတော်ကြီးကို ခါသွားယင်ကောင်းမယ်၊ သခင်မလေးအတွက် သူမရှိယင် မဖြစ်ဘူး၊ သခင်မလေးတစ်စုံတစ်ခုဖြစ်ယင် သမားတော်ကြီးပဲ ဆေးကုပေးနိုင်မှာ"

ဟု ပြောလိုက်သည်။

ဝမ်းကျုံးစန်း အနည်းငယ်စဉ်းစားလိုက်ပြီး...

"ခင်ဗျား ငြိမ်းချမ်းဘုံကျောင်းကို သိတယ်မဟုတ်လားဗျ"

ဟု မေးလိုက်သည်။

ရှောင်စန်း ကပျာကယာ ခေါင်းညိတ်လိုက်သည်။

"သိတယ်"

ဝမ်းကျုံးစန်းက...

"ဟုတ်ပြီ ခင်ဗျားတို့ အဲဒီကိုသွားနှင့်ကြ၊ ကျုပ်က သမားတော်ကြီးကိုခေါ်ပြီးတော့ နောက်ကလိုက်ခဲ့မယ်"

"ဖြစ်ပါ့မလား၊ တော်တော်ကြာ လမ်းမှာရန်သူနဲ့တွေ့ယင် ဒုက္ခရောက်နေပါဦးမယ်"

အထိန်းတော်ကူးက ကြားဝင်ပြောလိုက်သည်။

ဝမ်းကျုံးစန်း ပြုံးလိုက်သည်။

"ရပါတယ်၊ ရန်သူတွေ ဒီဘက် အာရုံရောက်အောင် ကျုပ်



တော်လုပ်ထားလိုက်ပါ့မယ်၊ ခင်ဗျားတို့သာ မြန်မြန်သွားကြပါ"

ရှောင်စန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ...ငါတို့သွားနှင့်မယ်၊ မင်းတို့ ဆက်လိုက်ခဲ့ကြတော့"

ပြောပြောဆိုဆို ရှေ့မှ ပြေးထွက်သွား၏။

အထိန်းတော်ကူးကလည်း နောက်မှ လျင်မြန်စွာ ပြေးလိုက်သွားလေသည်။

သူတို့ထွက်သွားပြီးမှ ဝမ်းကျုံးစန်းလည်း အရှေ့ဘက်အဆောင်သို့ ပြန်ထွက်လာခဲ့လေသည်။

♠ ♠ ♠

## တိုက်ပွဲ

"ချာလုံ..ခင်ဗျားဆီလာတဲ့ ဧည့်သည်တွေကို ထွက်မကြို တော့ဘူးလားဗျ"

ခေါ်သံ ထွက်ပေါ်လာလေသည်။

ညဥ့်နက်ပြီဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

သို့သော် တိတ်ဆိတ်သော ညဥ့်ယံတွင် စူးရှကျယ်လောင်သောအသံကြီးက ဟိန်းထွက်လာ၏။

ချာလုံ မနေသာတော့ပါချေ။

ရန်သူများကို တားဆီးထားပါက ရှောင်စန်းတို့အတွက် ထွက်ခွာရန် အချိန်ရနိုင်ကြောင်း ချာလုံတွေးမိလေသည်။

ထို့ကြောင့် အဆောင်အပြင်ဘက်သို့ ထွက်လာခဲ့သည်။

ထိုအချိန်တွင် လူငါးယောက်သည် အသက်ကယ်ခြံဝင်းတံခါးမကြီးကို ခုန်ကျော်ကာ အတွင်းဘက်သို့ ဝင်လာကြပြီဖြစ်လေသည်။



ချာလုံ ရင်ထိတ်သွားသည်။

သို့သော် ဟန်ဆောင်ကာ...

"ဘယ်က မိတ်ဆွေတွေလဲဗျ။ ညကြီးအချိန်မတော် ဘယ်လို အရေးကြီးတဲ့ကိစ္စများ ရှိနေလို့လဲ"

ဟု လှမ်းမေးသည်။

လူစိမ်းငါးယောက်သည် သူ့ထံသို့ ပြေးလွှားလာကြသည်။

ထို့နောက် ချာလုံကို ဝိုင်းရံထားလိုက်ကြပြီး ခေါင်းဆောင်ဖြစ်ဟန်ရှိသူက...

"သမားတော်ကြီးချာလုံရဲ့နာမည်ဟာ သိုင်းလောကမှာ ကျော်ကြားလှပါတယ်ဗျာ၊ ကျုပ်တို့ ညကြီးအချိန်မတော်လာပြီး အနှောက်အယှက်ပေးရတာ စိတ်မကောင်းပါဘူးဗျာ၊ ကျုပ်တို့တွေ့ချင်တဲ့လူတစ်ယောက်ကို သမားတော်ကြီးအနေနဲ့ ထုတ်ပေးလိမ့်မယ်လို့ ထင်ပါတယ်"

ဟုပြောလိုက်သည်။ ချာလုံ မျက်မှောင်ကြုတ်ကာ...

"ခင်ဗျားတို့က ဘယ်သူ့ကိုတွေ့ချင်လို့လဲ"

ဟုမေးလိုက်သည်။

ခေါင်းဆောင်ဖြစ်သူက ချာလုံအား အကဲခတ်ကြည့်လိုက်ပြီး

"ကောက်ကျစ်နယ်က သခင်မလေးပါ။ ဒီမှာရှိနေတယ်ဆိုတာ ကျုပ်တို့ အတိအကျသိထားပြီးပြီဗျ"

ဟု တထစ်ချ ပြောလိုက်သည်။

ချာလုံ ရင်ထိတ်သွားသည်။

သို့သော် ဟန်ဆောင်ရယ်မောလိုက်၏။

"ဟား…ဟား…ဟား…ခင်ဗျားတို့ကြားတဲ့သတင်းက မှားနေ ပြီထင်တယ်၊ ကျုပ်ဆီမှာ ဘယ်က သခင်မလေးမှ မရှိပါဘူး"

လူထွားကြီး ဒေါပွသွားသည်။

ခေါင်းဆောင်လာသူသည် စားသောက်ဆိုင်တွင် ဖုံးယီကို သုတ်သင်ပစ်လိုက်သည့် လူထွားကြီးဖြစ်ပေသည်။

သူသည် ဟန်ကြုံး၊ ကျော်ချွန်းနှင့်ကြည်ဟုတ်တို့ ပါဝင်သော ကြေးစားအဖွဲ့ အမှတ်တစ်ခေါင်းဆောင် ကျင်းဖန်ဖြစ်၏။

ကျင်းဖန်က…

"သမားတော်ကြီးက အခုထိ လိမ်ညာချင်တုန်းပဲကိုးဗျ၊ ကျုပ်လူသုံးယောက် ဒီကိုရောက်လာပြီး လုပ်ကြံခံရတာလည်း ကျုပ် သိတယ်"

ဟုပြောပြီး နောက်သို့လှည့်ကာ…

"ဟေ့…လုံစန်းကို ခေါ်လိုက်စမ်း"

ဟု အမိန့်ပေးလိုက်သည်။

သူ၏အမိန့်ပေးသံနှင့် မရှေးမနှောင်းမှာပင် လူတစ်ယောက်သည် လုံစန်းအား ဆွဲခေါ်လာသည်။

သမားတော်ကြီး အံတင်းတင်းကြိတ်လိုက်၏။

လုံစန်းသည် သမားတော်ကြီးအား တွေ့သည့်အခါ ထိတ်



လန့်တုန်လှုပ်သွားသည်။ ကျင်းဖန်က မဲ့ပြုံးပြုံးလိုက်သည်။

"လုံစန်း…ဒီမှာ တို့လူသုံးယောက် လုပ်ကြံခံရတယ် မဟုတ် ဘား"

ဟု မေးလိုက်သည်။ လုံစန်းသည် ချာလုံအား ကြည့်လိုက် သည်။ ချာလုံ၏မျက်လုံးများသည် ညအမှောင်ထဲမှာပင် ဒေါသ ကြောင့် အရောင်တဖိတ်ဖိတ် ဝင်းလက်နေသည်။

လုံစန်းက မျက်နှာလွှဲကာ….

"ဟုတ်…ဟုတ်ပါတယ်"

ဟု ပြောလိုက်သည်။ ကျင်းဖန်က သဘောကျစွာ တဟား ဟား ရယ်မောလိုက်သည်။

"ကောက်ကျင်းနယ်က သခင်မလေး ဒီမှာရှိတာ အမှန်ပဲ မဟုတ်လား"

လုံစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သခင်မလေး မြောက်ဘက်အဆောင်မှာ ရှိပါတယ်"

"ဟား…ဟား…ဟား…ကဲ ချာလုံ ခင်ဗျားလိမ်ဦးမလို့လား"

ကျင်းဖန်က အောင်နိုင်သူပမာ ဂုဏ်ယူဝင့်ကြွားစွာ ပြော လိုက်သည်။ ချာလုံ အံကြိတ်ကာ…

"လုံစန်း…မင်းလူယုတ်မာ သစ္စာဖောက်"

ကြိမ်းမောင်းယင်း လုံစန်းထံ ပြေးသွားရန် ဟန်ပြင်လိုက်

သည်။ ကျင်းဖန်က ဟန့်တားလိုက်၏။

"သမားတော်ကြီးက ဆန္ဒသိပ်မစောပါနဲ့ဦး"

ပြောပြီး လက်တစ်ဘက်ဝှေ့ယမ်းပြလိုက်သည်။

ဤတွင် သူ၏တပည့်တစ်ယောက်က ဓားကို လျှပ်တပြက် ဆွဲထုတ်ကာ ခုတ်ချလိုက်၏။

"ဒုတ်"

"အား"

ချာလုံ့ထံမှ ထွက်ပေါ်လာသောအသံ မဟုတ်ချေ။

လုံစန်းထံမှ စူးရှစွာထွက်ပေါ်လာသည့်အသံသာဖြစ်ပေ သည်။

လုံစန်းမှာ တစ်ချက်သာအော်ယင်း မြေပေါ်လဲကျသေဆုံး သွားလေတော့သည်။

သူတို့အတွက် အသုံးမလိုတော့သည့်အတွက် လုံစန်းအား ရှင်းပစ်လိုက်ခြင်း ဖြစ်သည်။

သစ္စာဖောက်တစ်ယောက်ကို မည်သူက ယုံကြည်စိတ်ချ တော့မည်နည်း။ သစ္စာဖောက်တို့သွားရာလမ်းကား လူအားလုံး၏ စွန့်ပယ်မှုသာဖြစ်သည်။

ချာလုံ့ ငေးငိုင်နေ၏။

ကျင်းဖန်သည် အလွန်ရက်စက်ကြမ်းကြုတ်သောသူတစ် ယောက်ဖြစ်ကြောင်း ရိပ်မိလိုက်၏။



ကျင်းဖန်သည် ငေးငိုင်သွားသော ချာလုံ့ကိုကြည့်လိုက် ီးလျှင်...

"ချာလုံ့ ခင်ဗျား ဘာပြောဦးမလဲ"

ဟု မေးလိုက်သည်။ ချာလုံ့ သက်ပြင်းချလိုက်သည်။

"သခင်မလေး ကျုပ်ဆီမှာ ဆေးလာကုတာတော့ မှန်ပါ ယ်၊ ဒါပေမယ့် အခုတော့ ဒီမှာမရှိတော့ပါဘူး"

ကျင်းဖန် ဒေါပွသွားသည်။

"ချာလုံ့..အခုချိန်ထိ ခင်ဗျားလိမ်ဖို့ ကြိုးစားတုန်းပဲလား"

ချာလုံ့ ခေါင်းယမ်းလိုက်သည်။

"ကျုပ် မလိမ်ဘူး"

ဝမ်းကျိုးစန်း ပြန်ရောက်မလာသဖြင့် တန့်လျှံယုတို့ကိုခေါ် ဆောင်ကာ အန္တရာယ်ကင်းရာသို့ ထွက်သွားပြီဟု ချာလုံ့ ယုံကြည် ထားသည်။ ထို့ကြောင့်..

ဝမ်းကျိုးစန်းတို့ ဝေးဝေးပြေးနိုင်အောင် အချိန်ဆွဲထားမည် ဟု ဆုံးဖြတ်လိုက်သည်။

ကျင်းဖန်က...

"ကျုပ်လူတွေ အခုချိန်လောက်ဆိုယင် မြောက်ဘက်အ ဆောင်ကိုဝင်ပြီးရောပေါ့၊ သခင်မလေး ဘယ်မှာရှိတယ်ဆိုတာကို လုံစန်းပြောပြလို့ သိပြီးပြီလေ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဝုန်း"

ပေါက်ကွဲသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသ
ကိုကြားလိုက်ရ၏။

တစ်ချိန်တည်းမှာပင် မီးတောက်မီးလျှံများ ထွက်ပေါ်လ
သည်။ ချာလုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

မြောက်ဘက်အဆောင်ကို မီးစွဲလောင်နေပြီ မဟုတ်
လား။

ချာလုံ ဒေါသထွက်လာသည်။

အနှစ်နှစ်အလလ သူတည်ဆောက်ထားခဲ့သော အသ
ကယ်ခြံဝင်းသည် ယခုအခါ ပျက်စီးပြိုကွဲရပေတော့မည်။

ကျင်းဖန်က အားရပါးရ ပြုံးလိုက်သည်။

"အသက်ကယ်ခြံဝင်း မီးလောင်နေတဲ့ ရှုခင်းဟာ သိပ်ကြ
လို့ကောင်းတာပဲဗျ။ ကျုပ်လူတွေ မကြာခင်မှာပဲ သခင်မလေး
ဖမ်းခေါ်လာတာ မြင်ယောင်သေးတယ်"

ဟု အားပါးတရ ပြောလိုက်သည်။

ချာလုံ စိတ်မထိန်းနိုင်တော့ချေ။

"အသက်ကယ်ခြံဝင်းကို ဖျက်ဆီးယင် သေရလိမ့်မယ်က

စကားဆုံးသည်နှင့် ကျင်းဖန်ထံ ပြေးဝင်တိုက်ခိုက်လို
လေသည်။ ကျင်းဖန်က လုံးဝအရေးမစိုက်ချေ။

ထိုစဉ်...



ချာလုံ ကျင်းဖန်ထံသို့ မရောက်မီ လူတစ်ယောက်က ကြား
င်ဟန့်တားလာ၏။

ထိုလူသည် အမှောင်ရိပ်အတွင်းမှ ပြေးထွက်လာပြီး ချာလုံ
း ခါးမှပွေ့ချီကာ ပြေးသွားခြင်းဖြစ်လေသည်။

ချာလုံ ထိတ်လန့်သွားသည်။

ရန်သူဟုထင်ပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်...

"သမားတော်ကြီး ကျွန်တော်ပါ"

"ဟင်..ဝမ်းကျုံးစန်း"

ဝမ်းကျုံးစန်း၏အသံကြားမှ ချာလုံ အရှိန်သပ်လိုက်၏။

ချာလုံက...

"မင်း..မင်း ငါ့ကိုလာခေါ်တာ ဟုတ်လား။ ဆရာရှောင်စန်း
တို့ကော"

ဟုမေးလိုက်သည်။

ဝမ်းကျုံးစန်း သက်ပြင်းချလိုက်၏။

"သူတို့ ဘေးကင်းရာ ရောက်သွားကြပါပြီ"

ဝမ်းကျုံးစန်းက ချာလုံကိုပွေ့ချီယင်း အသက်ကယ်ခြံ
င်းအပြင်ဘက်သို့ ပြေးထွက်သွား၏။

ခြံပြင်သို့ရောက်လျှင် ချာလုံအား မြေပေါ်သို့ချကာ...

"သမားတော်ကြီး ငြိမ်းချမ်းဘုံကျောင်းကို ရောက်အောင်

အမြန်ဆုံးသွားပေတော့၊ ဟိုမှာ ဆရာရှောင်စန်းတို့ရှိတယ်၊ ကျွ
တော် နောက်က အရောက်လာခဲ့မယ်”

ဝမ်းကျုံးစန်းသည်ပြောပြီး အသက်ကယ်ခြံဝင်းဘက်သို့ ပြ
ပြေးသွား၏။

ချာလုံလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါချေ
ငြိမ်းချမ်းဘုံကျောင်းရှိရာသို့ အလျင်အမြန် ပြေးသွားလိုက်
သည်။

ကျင်းဖန်သည် ချာလုံအား ဝမ်းကျုံးစန်း ကြားဝင်ကယ်သွား
သည်ကိုတွေ့ရသည့်အခါ ကြောင်အမ်းအမ်း ဖြစ်သွား၏။

တခဏကြာမှ သတိဝင်လာပြီး…

“ဟေ့…ဘာငိုင်နေတာလဲ၊ လိုက်ကြစမ်း”

ဟု အမိန့်ပေးလိုက်သည်။

ကျင်းဖန်၏တပည့်သုံးယောက်သည် ချက်ချင်းပြေးလိုက်
သွားကြသည်။

ထိုလူများသည် အသက်ကယ်ခြံဝင်းအပြင်ဘက် အရောက်
တွင် ဝမ်းကျုံးစန်းနှင့် ရင်ဆိုင်တိုးမိလေတော့သည်။

♠ ♠ ♠



ဝမ်းကျုံးစန်းသည် ကျင်းဖန်တို့လူစုကို အတတ်နိုင်ဆုံးဖြို့ခွဲ
သုတ်သင်သွားရန် ဆုံးဖြတ်ထားသည်။

သို့မှသာ လောလောဆယ် အန္တရာယ်မှ ကင်းလွတ်နိုင်မည်
ဖြစ်သည်။

ဝမ်းကျုံးစန်းသည် ပြေးလာသူသုံးယောက်ကို မမှိတ်မသုန်
ကြည့်နေ၏။

သူ၏လက်ထဲတွင် လက်နက်ဟူ၍ ဘာတစ်ခုမျှမရှိချေ။

သူ၏လက်စွဲတော် အဖြူရောင်ဓားသည် ငြိမ်းချမ်းဘုံ
ကျောင်းတွင် ကျန်ရစ်ခဲ့သည်။

ထို့ကြောင့် ရင်ဆိုင်တိုက်ခိုက်ရန် သူ့တွင် လက်နက်မရှိပေ။

ကျင်းဖန်၏တပည့်သုံးယောက်သည် ဝမ်းကျုံးစန်းကို တွေ့
ပြင်တွေ့ချင်း…

“သေပေတော့”

နှုတ်မှကြုံးဝါးကာ တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်
လာသည်။

ဝမ်းကျုံးစန်းက လူသုံးယောက် ပိုင်းရံတိုက်ခိုက်လာသည်
နှင့် မြေပေါ်ခြေဆောင့်ကာ ခုန်တက်ရှောင်တိမ်းလိုက်သည်။

ထိုလူသုံးယောက်၏နောက်ကျောသို့ ရောက်သည့်အခါ ခြေ
ထောက်ဖြင့် သိမ်းကြုံးကန်ကျောက်ပစ်လိုက်လေသည်။

ထိုအခါ…

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာ၏။

ရန်သူသုံးယောက်စလုံး ဒဏ်ရာကိုယ်စီရကာ မြေပေါ်
ကျသွားတော့သည်။

ဝမ်းကျုံးစန်း အချိန်ဆွဲမနေတော့ဘဲ ရှေ့သို့ပြေးသွား
သည်။

မြောက်ဘက်အဆောင်သို့ ဦးတည်ကာ ပြေးသွားခြင်းဖြ
ပေသည်။

မြောက်ဘက်အဆောင်အနီးသို့ ရောက်လျှင် အသက်က
ခြံဝင်းမှ အဆောက်အဦးများကို မီးရှို့ဖျက်ဆီးကာ သခင်မလေးအ
မြေလှန်ရှာဖွေနေကြသော လူတစ်စုကို တွေ့ရသည်။

မီးတောက်မီးလျှံများသည် အမှောင်ထုကို ဖယ်ခွင်းထ
လေသည်။ ဝန်းကျင်တစ်ခုလုံး လင်းထိန်နေပေသည်။

လူအများ ပြေးလွှားနေကြရာ တော်ရုံတန်ရုံ သူ့လူကိုယ့်
ခွဲခြားရန် မလွယ်ကူချေ။

အသက်ကယ်ခြံဝင်းအတွင်း အလုပ်လုပ်ကြသော အလု
သမားများသည် ရန်သူများ၏လက်ချက်ဖြင့် တစ်ယောက်ပြီးတ
ယောက် မြေပေါ်လဲကျသေဆုံးကြလေသည်။



အနိဋ္ဌာရုံမြင်ကွင်းကိုကြည့်ကာ ဝမ်းကျုံးစန်း စိတ်မကောင်း
ဖြစ်လာသည်။

ဝမ်းကျုံးစန်းသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်
ကြည့်လိုက်သည်။

ပြီးနောက် ရန်သူများ ရှိရာသို့ ပြေးဝင်သွားသည်။

ရန်သူများသည် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ
စုခွဲကာ သခင်မလေးတန့်လျှံယုအား လိုက်ရှာကြသည်။

ဝမ်းကျုံးစန်း ပြုံးလိုက်သည်။

မြေပေါ်မှ ကျောက်ခဲကလေးကို ကောက်ယူလိုက်လေ
သည်။

ထို့နောက် ရန်သူများထံသို့ ပစ်ပေါက်လိုက်လေသည်။

"အား"

"အင့်"

"အမယ်လေး"

ရန်သူသုံးယောက်မှာ နောက်စေ့တွင် ကျောက်ခဲထိမှန်ပြီး
မြေပေါ်လဲကျသွားသည်။

အသက်ကယ်ခြံဝင်းအား တိုက်ခိုက်ဖျက်ဆီးရန် ရောက်လာ
သာ ရန်သူအင်အား သုံးပုံတစ်ပုံခန့်ကို သူကောင်းစွာ ရှင်းပစ်နိုင်ပြီ
ဖြစ်၏။

ဝမ်းကျုံးစန်းသည် အချိန်မဆွဲတော့ဘဲ အသက်ကယ်ခြံဝင်း

မှ ပြန်ထွက်လာခဲ့သည်။

အသက်ကယ်ခြံဝင်း အပြင်ဘက်သို့ ရောက်သည်နှင့်...

"ဟိုမှာ ပြေးပြီ၊ လိုက်ကြစမ်း"

ကျင်းဖန်၏အမိန့်ပေးသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ရန်သူတို့သည် ဝမ်းကျိုးစန်းနောက်သို့ စုပြုံလိုက်လာကြလေတော့သည်။

♠ ♠ ♠



## ပြေးသူနဲ့လိုက်သူ

ဝမ်းကျိုးစန်းက ရှေ့မှ လျင်မြန်စွာ ပြေးလွှားလျက် ရှိပေသည်။

ရန်သူတို့က ထပ်ကြပ်မကွာ လိုက်လာ၏။

ထို့ကြောင့် ဝမ်းကျိုးစန်းသည် ငြိမ်းချမ်းဘုံကျောင်းသို့ ဆက်သွားတော့၏။

သူ့အား ခြေရာခံလိုက်လာပါက တန့်လွှုံယုကို တွေ့သွားနိုင်သာကြောင့် ဖြစ်သည်။

ထိုစဉ် သူ၏အရှေ့ဘက်မှ လူတစ်ယောက် ပြေးလာသည်ကို တွေ့လိုက်ရ၏။

ဝမ်းကျိုးစန်း ရင်ထိတ်သွား၏။

တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

သို့သော် ထိုလူအား တွေ့လျှင် ဝမ်းကျုံးစန်း ဝမ်းသာသွား
သည်။

"ဟင် ဆရာရှောင်စန်း"

မှန်ပါသည်။ ရှေ့မှ ပြေးလာနေသူမှာ ရှောင်စန်းပင် ဖြစ်ပါ
သည်။

တခဏအတွင်းပင် ရှောင်စန်းသည် ဝမ်းကျုံးစန်းနှင့် မျက်
နှာချင်းဆိုင်သို့ ရောက်ရှိလာ၏။

ရှောင်စန်းက...

"ရန်သူတွေ လိုက်လာတယ် ဟုတ်လား"

ဟု မေးလိုက်သည်။

ဝမ်းကျုံးစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"မင်းသွားနှင့် ငါဟန့်တားထားမယ်"

ဝမ်းကျုံးစန်း ခေါင်းခါယမ်းလိုက်သည်။

"ဘယ်ဖြစ်မလဲ၊ သူတို့က အင်အားများတယ်ဗျ၊ ဒါထက်
သမားတော်ကြီးကော ရောက်လာပြီလား"

ရှောင်စန်းက...

"ရောက်ပြီ၊ အားလုံး မင်းကိုပဲ စောင့်နေကြတာ၊ မင်း
ရောက်လာတာနဲ့ သူတို့ ချက်ချင်း ခရီးဆက်ကြလိမ့်မယ်"



ဟု ပြောလိုက်သည်။

ဝမ်းကျုံးစန်းက...

"ဒါဖြင့် ခင်ဗျားသွားနှင့်ပါ၊ ကျွန်တော် နောက်က လိုက်လာ
ခဲ့မယ်၊ ရန်သူတွေကို မျက်ခြည်ဖြတ်လိုက်ဦးမယ်"

သူ၏စကားကို ရှောင်စန်း လက်မခံပါချေ။

"ဘယ်ဖြစ်မလဲ၊ မင်း မပါရင် သမားတော်ကြီးတို့က သွား
မှာ မဟုတ်ဘူး၊ ကဲ မင်းအရင်သွားနှင့်ပါ၊ ကျုပ်ဟန့်တားပြီး နောက်
က လိုက်လာခဲ့မယ်၊ စိတ်မပူပါနဲ့"

ဝမ်းကျုံးစန်း အကျပ်ရိုက်သွားသည်။

ထိုစဉ်မှာပင် နောက်မှ လိုက်လာသော ရန်သူများ ပြေး
လွှားရောက်ရှိလာကြသည်။

"ဝိုင်းထားဟေ့"

"မလွတ်စေနဲ့"

ဟု အော်ဟစ်ယင်း ရန်သူငါးယောက်သည် သူတို့နှစ်
ယောက်အား ဝိုင်းရံထားလိုက်ကြ၏။

ရှောင်စန်းက ဝမ်းကျုံးစန်းကို ဓားတစ်လက် ပစ်ပေးလိုက်
သည်။

"ဟောဒီမှာ မင်းရဲ့ဓား"

ဝမ်းကျုံးစန်းက ဖမ်းယူလိုက်သည်။

ထိုဓားသည် သူ၏လက်စွဲတော် အဖြူရောင်ဓားပင် ဖြစ်

လေသည်။ အဖြူရောင်ဓားသည် သူ၏လက်ထဲသို့ ရောက်ရှိလာပြီ ဖြစ်၏။

ဝမ်းကျုံးစန်းသည် ဓားကို ဓားအိမ်ထဲမှ ဆွဲထုတ်လိုက်လေသည်။

ဓားရောင်ဝင်းခနဲ လက်သွားသည်။

သိုင်းသမားတစ်ယောက်၏ အသွင်သဏ္ဌာန်၊ ဟန်၊ မာန် အပြည့်အဝ ဝမ်းကျုံးစန်း၏မျက်နှာတွင် ထင်ဟပ်လာလေ၏။

ဝေဒနာသည် လူမမာနှင့် လုံးဝမတူတော့ချေ။

သိုင်းလောကမှ ထိပ်တန်းဓားသမား၏အသွင် ထင်းခနဲ ပေါ်လာလေသည်။

ဝမ်းကျုံးစန်းသည် အဖြူရောင်ဓားကို လေထဲတွင် တစ် ချက်ဝှေ့ယမ်းလိုက်ပြီး...

"နောက်ဆုတ်လိုက်ကြစမ်း"

ဟု အော်ငေါက်လိုက်သည်။

ပြီးလျှင် ရန်သူများထံ တဟုန်ထိုး ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ရောင်စန်းကလည်း ဝမ်းကျုံးစန်းနှင့် တက်ညီလက်ညီ လက်တွဲ တိုက်ခိုက်လိုက်၏။

လရောင်အောက်တွင် ဓားရောင်များ ဝင်းခနဲ လက်ခနဲ တောက်ပသွား၏။



မရှေးမနှောင်းမှာပင်...

"အား"

"အင့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး ရန်သူသုံး ယောက် မြေပေါ် လဲကျသွားသည်။ ထိုစဉ်မှာပင်...

"ဝှန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာကာ ငြိမ်း ချမ်းဘုံကျောင်းရှိရာ အရပ်ဆီမှ မီးတောက်မီးလျှံများ ထွက်ပေါ် လာသည်ကို တွေ့လိုက်ရ၏။ ရောင်စန်း ရင်ထိတ်သွားသည်။

"ဝမ်းကျုံးစန်း၊ မင်း ဘာလုပ်နေတာလဲ၊ မြန်မြန်သွားပါ တော့လား"

ရောင်စန်းက အော်ဟစ်သတိပေးလိုက်သည်။

ဝမ်းကျုံးစန်းသည် တန့်လှုံ့ယုအတွက် စိုးရိမ်ပူပန်သွားရ၏။

ဓားကို တရကြမ်း ဝှေ့ယမ်းကာ ရန်သူများအား နောက် ဆုတ်စေသည်။

ထို့နောက် တဟုန်ထိုး အတင်းထိုးဖောက်ကာ ဘုံကျောင်း ရှိရာသို့ ပြေးလွှားသွားလေတော့သည်။

♠ ♠ ♠

ကျင်းဖန်ဦးဆောင်သော လူစုသည် အသက်ကယ်ခြင်း ရှေ့ပြေးချီတက်လာကြခြင်း ဖြစ်သည်။

ကျင်းဖန်အား စားသောက်ဆိုင်တွင် အမိန့်ပေးခဲ့သော အဘိုးအိုသည် သိုင်းသမားငါးဆယ်ခန့်ကို ဦးဆောင်ကာ နောက်မှ လိုက်လာခဲ့သည်။

အသက်ကယ်ခြင်းအား ကျင်းဖန်တို့က မီးရှို့ဖျက်ဆီးလိုက် ပြီး ဖြစ်သည်။

သခင်မလေးကို ရှာဖွေသော်လည်း မတွေ့ရဘဲ လွတ် မြောက်သွားခဲ့သည်။

ကျင်းဖန်တို့လူစု မကျေနပ်ဘဲ သဲသဲမဲမဲ လိုက်လံရှာဖွေကြ သည်။

ထိုအချိန်တွင် အဘိုးအိုခေါင်းဆောင်သော လူစုသည် ငြိမ်း ချမ်းဘုံကျောင်းသို့ ရောက်ရှိသွားကြပြီ ဖြစ်၏။

အဘိုးအိုကား နှယ်နှယ်ရရ ပုဂ္ဂိုလ် မဟုတ်ပေ။

အနက်ရောင်သိုင်းလောကတွင် ကျော်ကြားလျက် ရှိသော 'လေလိုက်'အဘိုးအိုပင် ဖြစ်သည်။

သူ၏အမည်မှာ 'ဝမ်းပြန်' ဖြစ်သည်။

သူ၏သိုင်းပညာမှာ ကျင်းဖန်တို့ထက် အဆင့်များစွာ သာ ၏။ ကျင်းဖန်တို့လူစုကို ထပ်ဆင့်ခေါ်ဆောင် ညွှန်ကြားနေသူဖြစ် သည်။



သိုင်းလောကတွင် 'လေလိုက်ဝမ်းပြန်'၊ 'သံလက်စွမ်းထုံး'နှင့် 'မင်းသားလေးပုယို့ကျူး'တို့အား ကြေးစားသုံးဖော်ဟု လူသိများ သည်။

သူတို့သည် အတူတကွ ပူပေါင်းနေထိုင်ခြင်း မရှိချေ။

တစ်ယောက်နှင့်တစ်ယောက်လည်း အဆက်အသွယ် မလုပ်ကြပါ။

သို့သော်...

သူတို့သုံးယောက်စလုံးသည် တစ်ဆရာတည်း တပည့်များ ဖြစ်ကြ၏။

လေလိုက်အဘိုးအိုဝမ်းပြန်သည် တပည့်အကြီးဆုံး ဖြစ် သည်။

သိုင်းလောကသို့ လေလိုက်အဘိုးအိုဝမ်းပြန် ခြေချပြီး ဆယ် နှစ်ခန့်ကြာမှ သံလက်စွမ်းထုံးက တပည့်ခံခဲ့ခြင်း ဖြစ်သည်။

မင်းသားလေးပုယို့ကျူးမှာ နောက်ဆုံးတပည့် ဖြစ်လေ သည်။

သူတို့၏ဆရာမှာ သိုင်းလောကတွင် 'အမိုက်ထိပ်ခေါင်'ဟု လူသိများသော အနက်ရောင်သိုင်းသမားကြီးတစ်ဦး ဖြစ်သည်။

သူတို့၏တစ်ဦးချင်း သိုင်းပညာပင်လျှင် ကြောက်မက်ဖွယ် ကောင်းအောင် ထက်မြက်နေသည်။

သုံးယောက်ပေါင်းလိုက်လျှင်ကား ဆိုဖွယ်ရာ မရှိတော့ချေ။

ထို့ကြောင့်...

သူတို့ ကြေးစားသုံးဖော်အား သိုင်းလောကသား အများ
က ဝေးဝေးမှ ရှောင်ကြလေသည်။

♠ ♠ ♠

ငြိမ်းချမ်းဘုံကျောင်း...

ငြိမ်းချမ်းဘုံကျောင်းသည် အစဉ်အမြဲ အေးချမ်းတိတ်ဆိတ်
နေပေသည်။

ယခုမူ ငြိမ်းချမ်းဘုံကျောင်းမှာ မအေးချမ်းတော့ပါချေ။

အကြောင်းမှာ ငြိမ်းချမ်းဘုံကျောင်းသို့ လေလိုက်အဘိုးအို
ဝမ်းပြန် ဦးဆောင်သော အဖွဲ့က ရောက်ရှိလာပြီ မဟုတ်ပါလား။

လေလိုက်ဝမ်းပြန်သည် ငြိမ်းချမ်းဘုံကျောင်းသို့ ရောက်
သည်နှင့် ဆီးကြိုတိုက်ခိုက်မှု ခံလိုက်ရ၏။

သူ့အား ဆီးကြိုတိုက်ခိုက်လာသူမှာ သူတော်ခုံးကျိန်းပင်
ဖြစ်လေသည်။

ခုံးကျိန်းသည် အထိန်းတော်ကူး၊ တန့်လျှံယုနှင့် ချာလုံတို့
အား အဂ္ဂိရတ်ထိုးသည့် အခန်းတွင် နေရာချထားပေးခဲ့သည်။

ရန်သူ ရောက်လာသည်ကို သိလျှင်သိချင်း ကိုယ်တိုင်ထွက်
ကာ ရင်ဆိုင်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။



ဝမ်းပြန်သည် သူ့အား လူရိပ်တစ်ခု ဝင်ရောက်တိုက်ခိုက်
တသည်ကို တွေ့လျှင် ထိတ်လန့်သွားရသည်။

သူ၏တပည့်များအား လက်ဇွေယမ်းပြကာ...

"ဝိုင်းတိုက်ကြစမ်း"

ဟုအမိန့်ပေးသလို သူကိုယ်တိုင်လည်း တိုက်ခိုက်လိုက်လေ
သည်။

ဝမ်းပြန်၏သိုင်းပညာမှာ ထက်မြက်သည့်အပြင် အကူ
ိုင်းသမားငါးဆယ်ခန့် ပါလာရာ ခုံးကျိန်းတစ်ယောက်တည်း ဟန့်
တားနိုင်စွမ်း မရှိတော့ပါချေ။

ရန်သူများသည် ဘုံကျောင်းအတွင်းသို့ ထိုးဖောက်ဝင်ကာ
စတင်ရှာကြသည်။

ဤတွင်...

ချာလုံတို့လည်း ပုန်းအောင်း မနေသာတော့ပါ။

ချာလုံက အထိန်းတော်ကူးအား ကြည့်ကာ...

"အထိန်းတော်ကြီး၊ သခင်မလေးကို ဂရုစိုက်ပါ၊ ကျုပ်
ကျိန်းကို ကူညီလိုက်ဦးမယ်"

ပြောရင်း တိုက်ပွဲ ရှိရာသို့ ခုန်ဝင်သွားလေသည်။

အထိန်းတော်ကူးကလည်း အံတင်းတင်းကြိတ်လိုက်သည်။

"ကျွန်မလဲ လိုက်မယ်"

ဟု ပြောလိုက်၏။

ထို့နောက် တန်လျှံယုကို ပခုံးတွင် ထမ်းကာ ဓားတစ်လက်
ဖြင့် တိုက်ပွဲဝင်လိုက်သည်။

ချာလုံ တိုက်ပွဲတွင်းသို့ ဝင်လိုက်သည်နှင့်...

"ဝုန်း"

"အား"

"အင့်"

အသံနှင့်အတူ ရန်သူများ တစ်ယောက်ပြီးတစ်ယောက် လဲ
ကျကုန်၏။

သို့သော် တစ်ယောက် လဲကျသွားလျှင် နှစ်ယောက်က တိုး
လာ၏။

ကြာလျှင် သူတို့သာ အရေးနိမ့်မည် ဖြစ်ကြောင်း ရိပ်မိထား
သည်။

အထိန်းတော်ကူးသည် တိုက်ပွဲအတွင်းသို့ ဝင်ရင်း ရောင်
စန်းနှင့် ဝမ်းကျုံးစန်းတို့ အမြန်ဆုံး ပြန်ရောက်လာပါစေဟု ဆု
တောင်းနေမိသည်။

သူမ ဆုတောင်းနေစဉ်မှာပင် ဘုံကျောင်းအတွင်းသို့ လူရိပ်
တစ်ခု ခုန်ပျံဝင်ရောက်လာ၏။

"ဟင် ဝမ်းကျုံးစန်း"

အထိန်းတော်ကူး၏နှုတ်မှ ဝမ်းသာအားရ ရေရွတ်လိုက်မိ
သည်။



ဝမ်းကျုံးစန်းသည် အဖြူရောင်ဓားဖြင့် ရန်သူများကို ဝေ
မ်းတိုက်ခိုက်ရင်း...

"ဒေါ်ဒေါ်ကူး၊ သမားတော်ကြီးကော"

ဟုလှမ်းမေးလိုက်သည်။

အထိန်းတော်ကူးက...

"ဟိုမှာ.."

မလှမ်းမကမ်း တစ်နေရာသို့ ညွှန်ပြရင်း ပြောသည်။

ဝမ်းကျုံးစန်း လှမ်းကြည့်လိုက်သည်။

မလှမ်းမကမ်းတွင် ချာလုံသည် ရန်သူဆယ်ယောက်ခန့်နှင့်
ယှဉ်ပြိုင်တိုက်ခိုက်နေသည်ကို တွေ့မြင်ရသည်။

အခြေအနေ မဟန်မှန်းကို ဝမ်းကျုံးစန်း ရိပ်မိလိုက်၏။

"ဒီအတိုင်း တိုက်နေလို့တော့ မဖြစ်ဘူး၊ လူခွဲပြီး ကိုယ်လွတ်
န်းပြေးမှ ဖြစ်မယ်"

"ဟုတ်တယ်၊ သခင်မလေး လွတ်ဖို့က အရေးကြီးတယ်"

"သမားတော်ကြီး ပြေးပေတော့"

ဝမ်းကျုံးစန်း အော်ပြောလိုက်သည်။

သူကိုယ်တိုင်ကလည်း အထိန်းတော်ကူး၏လက်ကို ဆွဲကာ
ိုက်ပွဲအတွင်းမှ ပြေးထွက်သွားလေသည်။

ချာလုံသည် ဝမ်းကျုံးစန်း၏စကား ကြားသည်နှင့် တိုက်
က်နေရာမှ တဖြည်းဖြည်း နောက်ဆုတ်သွားပြီး ဝေးရာသို့ ခုန်ထွက်

သွား၏။ သူတော်ခုံးကျိန်းကမူ လုံးဝထွက်မပြေးဘဲ လေလိုက်အ
အိုဝမ်းပြန်နှင့် သဲသဲမဲမဲ တိုက်ခိုက်နေလေသည်။

ဝမ်းပြန်၏သိုင်းပညာသည် ခုံးကျိန်းထက် သာလွန်နေ
ခုံးကျိန်းမှာ တစ်စထက်တစ်စ အရေးနိမ့်လာရသည်။

အခြေအနေသည် လွန်စွာ ရှုပ်ထွေးနေ၏။

ညအမှောင်ထုအတွင်း၌ အော်ဟစ်သံများ၊ ပြေးလွှား
များ၊ မီးတောက်မီးလျှံများ၏ တဟုန်းဟုန်း တောက်လောင်သံမျ
သည် ကမ္ဘာပျက်သလို ဆူညံစွာ ထွက်ပေါ်လျက် ရှိနေပေတေ
သည်။

♠ ♠ ♠



"ဂုန်း"

"အား"

"အမယ်လေး"

ကျယ်လောင်သော အော်ဟစ်သံများနှင့်အတူ ရန်သူများ
ရောင်စန်း၏ဓားချက်မိကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွား
သည်။

သို့သော် ရန်သူတစ်ယောက် လဲကျသွားတိုင်း နှစ်ယောက်
တိုးလာသည်။

အချိန်ကြာသော် ရောင်စန်း မတတ်နိုင်တော့ပေ။

ခြေကုန်လက်ပန်းကျလာ၏။

ငြိမ်းချမ်းဘုံကျောင်းသို့ ဝမ်းကျုံးစန်း ထွက်ခွာသွားပြီ ဖြစ်
တန့်လျှံယုအတွက် စိတ်အေးသွားသည်။

တန့်လျှံယုကို သူ့ကိုယ်စား စောင့်ရှောက်မည့်သူ ရှိနေပြီ
၍ သူ့အနေဖြင့် မည်သည့်ရန်သူကိုမဆို ရင်ဆိုင်ငံ့ပြီ ဖြစ်သည်။

အသက်စွန့်ရန်လည်း ဝန်မလေးတော့ပေ။

ရောင်စန်း အံတင်းတင်းကြိတ်လိုက်သည်။

သူနှင့်အတူ ရန်သူများကို အပါခေါ်သွားမည်ဟု ဆုံးဖြတ်
က်၏။

သူ၏လက်ထဲမှ ဓားကောက်ကြီးကို တဝီးဝီးမြည်အောင်
ယမ်းရင်း တရကြမ်း တိုက်ခိုက်သည်။

လုံးဝနောက်မဆုတ်တဲ့ ရန်သူများ ရှိရာသို့ အတင်းတိုး
တိုက်ခိုက်ခြင်း ဖြစ်သည်။

သူ၏ကြမ်းတမ်းလှသော တိုက်ကွက်ကြောင့် ရန်သူများ
ဖရိုဖရဲ ဖြစ်ကုန်ကြသည်။

အချို့က မြေပေါ်လဲကျပြီး အချို့မှာ အဝေးသို့ ရှောင်တိမ်
သွားကြ၏။

ထိုအချိန်တွင် တိုက်ပွဲအနီးသို့ ကျင်းဖန် ရောက်ရှိလာသည်

ရှောင်စန်း လက်ချက်ဖြင့် သူ၏တပည့်များ ဖရိုဖရဲ ဖြ
လျက် ရှိသည်ကို တွေ့ရသောအခါ ဒေါပွသွားရလေသည်။

သူ၏မျက်နှာ မဲ့လိုက်ပြီး...

"သေပေတော့"

အော်ငေါက်ပြီး ရှောင်စန်းထံ ခုန်ဝင်တိုက်ခိုက်လိုက်လေ
သည်။

ရှောင်စန်းက ရှောင်တိမ်းခြင်း မပြုဘဲ ဓားကောက်ကြီးဖြ
ပြန်လည်တိုက်ခိုက်လိုက်၏။

ဓားနှစ်လက် အရှိန်ပြင်းစွာ ထိတွေ့သွားသည်။

သံ,သံချင်း ထိတွေ့မှုကြောင့် မီးပွင့်ကလေးများပင် ဖွာ
ပွင့်ထွက်ကုန်၏။

ရှောင်စန်း၏လက် ထုံကျဉ်သွားသည်။

ခြေကုန်လက်ပန်း ကျနေသည့်အတွက် ပြင်းထန်သော အ



မခံနိုင်ချေ။

ရှောင်စန်းက နောက်ထပ် အားနှင့် မာန်နှင့် တိုက်ခိုက်လိုက်
န်သည်။

"ခြွမ်း"

ယခုတစ်ကြိမ်...

ရှောင်စန်းသည် လက်ထဲမှ ဓားကို မြဲမြဲစွာ ဆုပ်ကိုင်ထား
င်ခြင်း မရှိတော့။

သူ၏ဓားသည် အရှိန်ဖြင့် လည်ထွက်သွားပြီး အလစ်ဝင်
ိုက်ခိုက်ရန် ချောင်းမြောင်းနေသော ရန်သူတစ်ယောက်၏ ရင်ဝသို့
က်ဝင်သွား၏။

"အား"

ထိုလူသည် စူးရှစွာ အော်ဟစ်ရင်း မြေပေါ် လဲကျသွားလေ
ည်။

ရှောင်စန်း လက်နက်မဲ့သွားပြီ ဖြစ်သည်။

ကျင်းဖန်က အားပါးတရ ရယ်မောကာ...

"ခင်ဗျား အေးအေးဆေးဆေး အဖမ်းခံရင် ကောင်းမယ်လို့
င်တယ်"

ဟု ပြောလိုက်သည်။

သူ၏စကားကြောင့် ရှောင်စန်းက မြေပေါ် တံတွေးထွေး
က်၏။

ကျင်းဖန်အား လက်ညှိုးငေါက်ငေါက်ထိုးကာ...

"ငါက မင်းတို့လို နောက်လိုက်ခွေးတွေ လက်ထဲမှာ အညှ
မယ်များ ထင်နေသလား၊ ဝေးပါသေးတယ်"

ဟုအော်ငေါက်လိုက်သည်။

ကျင်းဖန် မဲ့သွားသည်။

"မင်းကို ကျုပ်က အခွင့်အရေး ပေးနေတယ်ဆိုတာ မှ
လည်စမ်းပါ"

ရှောင်စန်းက...

"သေပေတော့"

ပြောရင်း အနီးရှိ ရန်သူတစ်ယောက်ထံ တိုးဝင်ပြီး လက်ထ
မှ ဓားကို လုယူလိုက်သည်။

တဆက်တည်းပင် ကျင်းဖန်နှင့် ရင်ဆိုင်လိုက်လေတော့
သည်။

"ဟား..ဟား..ဟား မင်းသေချင်ပြီ ထင်တယ်"

ကျင်းဖန်က လှောင်ရယ်ရယ်ပြီး ဓားဖြင့် အားကုန်ပိုင်း
လိုက်သည်။

ရှောင်စန်းက လက်ထဲမှ ဓားဖြင့် ပြန်လည်ခုခံလိုက်လေ
ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်...

"ခြွမ်း"

ရှောင်စန်း၏လက်ထဲမှ ဓားသည် ထက်ပိုင်းကျိုးသွားသည်



"ဟင်"

ရှောင်စန်း အထိတ်တလန့်ဖြင့် နောက်သို့ ခုန်ဆုတ်လိုက်မိ
၏။

ကျင်းဖန်က...

"မင်း ဘာမှ မတတ်နိုင်တော့ပါဘူးကွာ"

ဟု ပြောပြီး လက်ထဲမှ ဓားကို ရှောင်စန်းထံ ပစ်လွှင့်လိုက်
သည်။

ရှောင်စန်း ကပျာကယာ ရှောင်တိမ်းလိုက်သည်။

သို့သော် မလွှတ်တော့ဘဲ ရှောင်စန်း၏ရင်ဝသို့တိုင် ဖောက်
ဝင်သွားလေတော့သည်။

♠ ♠ ♠

"ဒုတ်"

"အား"

ရောင်စန်း၏ရှူးရှစ္စာ ညည်းတွားသံ ထွက်ပေါ်လာလေသည်။

သူ၏ရင်ဝတွင် သွေးချင်းချင်း နီရဲသွား၏။

မျက်လုံးများ ပြူးကျယ်ကာ မြေပေါ် ညွတ်ခွေကျသွားသည်။

လုံးဝငြိမ်သက်သွား၏။

တုတ်တုတ်မျှ မလှုပ်တော့ပေ။

ကျင်းဖန်က သဘောကျစွာ တဟားဟား ရယ်မောလိုက်လေသည်။

ထို့နောက် လက်တစ်ဘက် ဝှေ့ယမ်းလိုက်ကာ...

"သွားကြမယ်"

ဟုပြောရင်း ရှေ့မှ ထွက်ခွာသွားလေသည်။

သူ၏ခြေလှမ်းများက ငြိမ်းချမ်းဘုံကျောင်းဆီသို့ ဦးတည်နေပေတော့သည်။

♠ ♠ ♠



ခုံးကျိန်း၏မျက်နှာ မည်းမှောင်နေသည်။

လေလိုက်အဘိုးအိုဝမ်းပြန်၏လက်ဝါးသည် သူ၏အသက်အား အချိန်မရွေး ချွေသွားနိုင်ကြောင်း တွေးမိ၏။

နောက်ဆုတ်ရောင်တိမ်းသော်လည်း ဝမ်းပြန်က ထက်ကြပ်မကွာ လိုက်လာပြီး တိုက်ခိုက်သည်။

တိုက်ခိုက်နေရင်းမှပင် ချာလုံနှင့် ဝမ်းကျုံးစန်းတို့သည် တန့်လျှံယုကို ခေါ်ကာ ရောင်တိမ်းသွားသည်ကို တွေ့လိုက်ရ၏။

ထိုအခါမှ ခုံးကျိန်း စိတ်အေးသွားရသည်။

ရန်သူများသည် သူတို့အား သုတ်သင်ရှင်းလင်းနိုင်သော်လည်း တန့်လျှံယုကိုမူ ရသွားမည် မဟုတ်ပါချေ။

တန့်လျှံယု လွတ်မြောက်သွားဖို့သာ အရေးကြီးသည် မဟုတ်ပါလား။

ခုံးကျိန်း၏စိတ်ထဲတွင် ခံစားချက် ဟူ၍ ဘာမျှ မရှိတော့ချေ။

ကျားကစားရာ၌ ကျားတစ်ကောင် ကျွေးကာ နှစ်ကောင်စားသော ကစားကွက်ကို မျက်စိထဲ မြင်ယောင်လာလေသည်။

မိမိကိုယ်ကို အနာခံကာ ဝမ်းပြန်ကို သုတ်သင်ရန် ဆုံးဖြတ်လိုက်၏။

ထိုစဉ်...

ဝမ်းပြန်က ခုံးကျိန်းအား ခုန်အုပ်တိုက်ခိုက်လာလေသည်။

ခုံးကျိန်းက မရှောင်ဘဲ ရှေ့သို့ ဖွတ်တိုးဝင်လိုက်လေ၏။ ရိုက်ချလာသော ဝမ်းပြန့်၏လက်ဝါးကိုလည်း မရှောင်ချေ။ သူ၏လက်ဝါးတစ်ဘက်တွင် အတွင်းအားစုစည်းကာ ဝမ်းပြန့်ထံ တိုးဝင်သွားပြီး ရင်ဝကို ရိုက်ချလိုက်၏။

သို့သော်...

ဝမ်းပြန့်၏လက်ဝါးသည် သူ့အား အရင် ထိမှန်သွားပေသည်။

တစ်ကိုယ်လုံး ထုံကျင်သွားပြီး ခွန်အားများ ကွယ်ပျောက်သွားသည်။

ဝမ်းပြန့်၏ရင်ဝသို့ သူ၏လက်ဝါး ရိုက်မိသောအခါ ခွန်အား ဟူ၍ မရှိတော့ပါ။

ခုံးကျိန်း၏ရည်ရွယ်ချက်သည် လမ်းခုလတ်တွင်ပင် ပျက်ပြယ်သွားရပြီ ဖြစ်လေသည်။

ခုံးကျိန်း၏နှာခေါင်းနှင့် နားထမှ သွေးများ ယိုစီးကျလာသည်။

ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားပြီး...

"ဝေါ့"

သွေးများ အန်ထုတ်လိုက်၏။

ခုံးကျိန်း မဟန်နိုင်တော့ဘဲ မြေပေါ် လဲကျသွားလေသည်။

ခုံးကျိန်းမှာ သေဆုံးသွားချေပြီတည်း။



သူနှင့်အတူ ဝမ်းပြန့်ကို တစ်ပါးဘည်း ခေါ်ဆောင်သွားနိုင်ခြင်း မရှိတော့ပေ။

♠ ♠ ♠

မိုးစင်စင် လင်းလာပြီ ဖြစ်သည်။

မြွေခေါင်းတောင်ကို အဝေးမှ နေ၍ မှိုင်းညို့စွာ တွေ့ရသည်။

ဝမ်းကျုံးစန်း၊ ချာလုံ၊ အထိန်းတော်ကူးနှင့် တန့်လျှံယုတို့သည် မြွေခေါင်းတောင်ဆီသို့ ငေးမျှော်ကြည့်လိုက်ကြသည်။

သူတို့ရင်ထဲတွင် ပူပန်မှု ကိုယ်စီဖြင့် လေးလံထိုင်းမှိုင်းလျက်ရှိနေကြ၏။

နေထွက်လာသည်အထိ စောင့်ဆိုင်းနေသော်လည်း ရှောင်စန်းနှင့် ခုံးကျိန်းတို့ ရောက်ရှိလာခြင်း မရှိပေ။

ဝမ်းကျုံးစန်း ခေါင်းငိုက်စိုက်ချလိုက်သည်။

ခုံးကျိန်းနှင့် ရှောင်စန်းတို့၏ ကံကြမ္မာကို ဝမ်းကျုံးစန်း ရိပ်မိပြီ ဖြစ်လေသည်။

သူတို့နှစ်ယောက် ဘယ်တော့မှ လိုက်လာနိုင်မည် မဟုတ်တော့ပါ။

ချာလုံ၏မျက်နှာမှာ စိုးရိမ်မှုကြောင့် ညှိုးနွမ်းနေပေသည်။

အထိန်းတော်ကူးလည်း အဝေးသို့ ငေးမျှော်ကြည့်နေ…
ဝမ်းကျုံးစန်း သက်ပြင်းချလိုက်သည်။

သူက တန့်လျှံယုအား လှမ်းကြည့်လိုက်သည်။

တန့်လျှံယုသည် သွေးကြောပိတ်ထားခြင်း ခံရသဖြင့် အ… ပင် ကင်းမဲ့စွာ နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်လျက် ရှိပေသည်။

ခုံးကျိန်းနှင့် ရှောင်စန်းတို့အား မည်သည့်အခါမှ တွေ့… တော့မည် မဟုတ်ကြောင်း တန့်လျှံယုတစ်ယောက် သိနိုင်တော့မ… မဟုတ်ချေ။

♠ ♠ ♠



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ခုံးကျိန်းနှင့် ရှောင်စန်းတို့၏ အရိပ်အရောင် မတွေ့ရပါ။

ဝမ်းကျုံးစန်းက အခြေအနေကို တွက်ဆပြီး ဆုံးဖြတ်ချက် ချလိုက်လေသည်။

ချာလုံကို ပြောလိုက်သည်။

"ဦးက သခင်မလေးကို ခေါ်ပြီး သွားနှင့်ပါ။ ကျုပ် နောက်က လိုက်လာခဲ့ပါ့မယ်"

ချာလုံ မျက်နှာပျက်သွားသည်။

"မင်း..."

ဝမ်းကျုံးစန်းက...

"သခင်မလေးက ပိုပြီး အရေးကြီးပါတယ်ဗျာ"

ချာလုံ သက်ပြင်းချလိုက်လေသည်။

"ကောင်းပြီ၊ မင်းဆက်ဆက် လိုက်လာခဲ့ပါ"

"စိတ်ချပါဗျာ"

ထို့နောက် ချာလုံသည် သခင်မလေးတန့်လျှံယုနှင့် အထိန်းတော်ကူးတို့ကို ခေါ်ဆောင်ကာ ထွက်သွားလေတော့သည်။

♠ ♠ ♠

ရှာလုတို့ ထွက်သွားကြပြီ ဖြစ်သည်။

ဝမ်းကျိုးစန်းက မလှုပ်မယှက် ရပ်နေသည်။

သူကြာကြာ မစောင့်လိုက်ရပါ။

"ဟူး..ဟူး"

အဝတ်အစား လေတိုးသံများနှင့်အတူ ကျင်းဖန်နှင့် ဝမ်းပြန်တို့ ရောက်ရှိလာကြလေသည်။

သူတို့သည် မလှုပ်မယှက် ရပ်ကာ လမ်းပိတ်ထားသည့် ဝမ်းကျိုးစန်းကို မြင်လျှင် အချင်းချင်း ကြည့်လိုက်ကြပြီး...

"ဟိတ်"

"ယား"

တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ဝမ်းကျိုးစန်းကလည်း ပြန်လည်ရင်ဆိုင်လိုက်၏။

ဒဏ်ရာပြင်းစွာ ရထားသော ဝမ်းကျိုးစန်းသည် ဝမ်းပြန်တို့အား ရင်ဆိုင်နိုင်ပါမည်လော။

ဝမ်းကျိုးစန်းမှာ ပြိုင်ဘက်ကင်းသော သွေးဘီလူး၏ တပည့် ဖြစ်ပါတော့သည်။

♠ ♠ ♠



စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာ၏။

ထို့နောက် လုံးဝတိတ်ဆိတ်ငြိမ်သက်သွားလေသည်။

မြေပေါ်၌ လူသုံးယောက် လဲကျနေကြ၏။

ဝမ်းပြန်၊ ကျင်းဖန်နှင့် ဝမ်းကျိုးစန်းတို့ ဖြစ်သည်။

ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြပြီး သုံးယောက်စလုံး သေဆုံးသွားကြပြီလော။

အတော်ကလေး ကြာလျှင် ဝမ်းကျိုးစန်းက လူးလိမ့်ထလာ၏။ သူ၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေသည်။

ဒဏ်ရာဒဏ်ချက် အများအပြား ရရှိထားသည်။

သို့သော်...

အံ့ဩစရာကောင်းအောင်ပင် သူက အသက်ရှင်နေသေး၏။

ထိုစဉ်...

"ဝမ်းကျိုးစန်း၊ မင်းတော်တော် အသက်ပြင်းတာပဲ၊ ဒါပေမယ့်မပူပါနဲ့လေ၊ မင်းကို ငါ ဝေဒနာ မခံစားရအောင် ကူညီပါ့မယ်"

အေးတိအေးစက် စကားသံ ထွက်ပေါ်လာသဖြင့် ဝမ်းကျိုးစန်း ကြည့်လိုက်ရာ မလှမ်းမကမ်း၌ ရပ်နေသည့် ပုယို့ကျိုးကို တွေ့လိုက်ရလေသည်။

"လက်စသပ်တော့ မင်းတို့ ဆရာတပည့်တွေဟာ နယ်စားကြီးကို ဒုက္ခပေးနေတဲ့ တန့်ချောင်းအတွက် အလုပ်လုပ်ပေးနေကြတာကိုး"

ပုယို့ကျူးက...

"ကျုပ်ရဲ့ဆရာနဲ့ နောင်တော်စွမ်းထုံးတို့ဟာ နယ်စားကြီး
တန့်ချောင်းနဲ့အတူ တန့်ရွှေကို ဆုံးမဖို့ သွားနေကြပါပြီ၊ မင်းကကော
သခင်မလေးကို ဘယ်လိုကာကွယ်နိုင်မှာတဲ့လဲ"

ဝမ်းကျုံးစန်းက...

"ကျုပ်ကာကွယ်နိုင်တာ မင်း မယုံဘူးလား"

ပုယို့ကျူးက...

"ဝမ်းကျုံးစန်း သည်တခါ မရတော့ဘူးကွ"

အော်ငေါက်ယင်း လျှပ်တပြက် ပြေးဝင်တိုက်ခိုက်လိုက်လေ
သည်။

ဝမ်းကျုံးစန်း ကြိုးစားခုခံပါသော်လည်း မယှဉ်နိုင်တော့ဘဲ

"ဝုန်း"

အဝေးသို့ လွင့်စဉ်ကာ မြေပေါ် လဲကျသွားတော့သည်။

"ဟား..ဟား..ဟား"

ပုယို့ကျူး ဟားတိုက်ရယ်မောလိုက်သည်။

"ဝမ်းကျုံးစန်း၊ မင်းဟာ မြောင်နယ်ခြားမှာ အဆိပ်မိသွာ
ကတည်းက တစ်ခါထဲ သေသွားရမှာ"

ဝမ်းကျုံးစန်း အံကြိတ်လိုက်သည်။

"ကျုပ် မသေသေးဘဲ သေသွားပြီလို့ သတင်းလွှင့်ခဲ့တ
မင်းပဲ မဟုတ်လား၊ မင်းရဲ့လူတွေနဲ့ မိုးစွေ့ငှက်ကို ဒုက္ခပေးပြီး မင်း



ကယ်တင်ရှင် လုပ်ခဲ့တာ မဟုတ်လား၊ မင်းရဲ့ ထောင်ချောက်ထဲကို
ရောက်ခဲ့ရတယ်ဆိုတာ ခုချိန်မှာ မိုးစွေ့ငှက်က ကောင်းကောင်း သိ
နေပါပြီလေ"

ပုယို့ကျူး ပခုံးတွန့်လိုက်သည်။

"သိသွားတော့ကော ဘာအရေးလဲ၊ သူဟာ ငါ့ရဲ့ဇနီးသည်
ဖြစ်နေပြီ၊ သူ ဘာတတ်နိုင်တော့မှာလဲ"

ဝမ်းကျုံးစန်းက...

"မင်းက မိုးစွေ့ငှက်ကို အထင်သေးယင် မှားမယ်"

ပုယို့ကျူး အမှုမထားချေ။

"ငါက သူ့ကို.."

သူစကားဆုံးအောင် မပြောလိုက်ရပါ။

ဓားတစ်ချောင်း ပစ်လွင့်လာပြီး နောက်ကျောမှသည် ရင်ဝ
သို့တိုင် ထိုးဖောက်စိုက်ဝင်သွားခြင်းကြောင့် ဖြစ်လေသည်။

ပုယို့ကျူးသည် ပြင်းပျနာကျင်သော ဝေဒနာကို ခံစားယင်း
 လှည့်ကြည့်လိုက်ရာ မလှမ်းမကမ်း၌ ရပ်နေသည့် မိုးစွေ့ငှက်ကို တွေ့
လိုက်ရလေသည်။

မိုးစွေ့ငှက် အံတင်းတင်း ကြိတ်ထားသည်။

"ရှင် မသေခင် ဝမ်းသာစရာ သတင်းပြောပြလိုက်ဦးမယ်၊
နယ်စားကြီးတန့်ရွှေဟာ နန်းတွင်းက တပ်ဖွဲ့တွေ၊ သိုင်းလောကသား
တွေရဲ့ အကူအညီကို ရယူပြီး သစ္စာဖောက်တန့်ချောင်းနဲ့ အပေါင်းပါ

တွေကို ချေမှုန်းလိုက်ပြီ၊ ရှင့်ဆရာနဲ့ ရှင့်အစ်ကိုလည်း ပုန်ကန်မှု အဖမ်းခံလိုက်ရပြီရှင့်"

"ဘာ"

"ရှင်တို့ရဲ့ အကြံအစည်တွေ အားလုံး ပျက်စီးဆုံးရှုံးသွား ပြီ၊ ရှင်လည်း လောကပေါ်မှာ အသက်ရှင်နေလို့ ဘာအကြောင်းထူ ဦးမှာလဲရှင့်"

"မင်း"

ပုယို့ကျူး ဒေါသတကြီး ဖြစ်သွားသော်လည်း ဘာ မတတ်နိုင်တော့ပါချေ။

မြေပေါ် ဝုန်းခနဲ လဲကျကာ အသက်ပျောက်သွားတော သည်။

မိုးစွေငှက်လည်း ဝမ်းကျိုးစန်းထံ ပြေးသွားရန် ဟန်ပြ လိုက်၏။

ရုတ်တရက် သူမ၏ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွားလေ သည်။ အကြောင်းမှာ...

ဝမ်းကျိုးစန်းသည်လည်း လူးလိမ့်ထရန် ကြိုးစားနေရာ လုံးဝမဟန်နိုင်တော့ဘဲ ပြန်လဲကျသွားကာ မလှုပ်မယှက် ငြိမ်သ သွားသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

မိုးစွေငှက်သည် ဝမ်းကျိုးစန်းကို ကြည့်ယင်း မျက်ဝန်းအစုံ မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းလာတော့သည်။



နှုတ်ခမ်းများလည်း တလှုပ်လှုပ် ဖြစ်လာပြီး...

"သူလည်း ပင်ပန်းလှပါပြီ၊ အနားယူသင့်ပါပြီ"

ဟု ညည်းတွားနေလေတော့သည်။

♠ ♠ ♠

တန့်ချောင်းနှင့် အပေါင်းပါများအား ချေမှုန်းပြီးနောက် တန့်ရွှေက နယ်စားကြီး ရာထူးကို ပြန်လည်ရယူနိုင်ခဲ့လေသည်။

ချာလုံက စောင့်ရှောက်ထားသဖြင့် သခင်မလေးတန့်လျှံယုနှင့် အထိန်းတော်ကူးတို့ ဘေးကင်းစွာ ရှိနေခဲ့ပြီး ကောက်ကျင်းနယ်သို့ ပြန်သွားနိုင်ခဲ့ကြလေသည်။

နယ်စားကြီးတန့်ရွှေ၏မေတ္တာ ရပ်ခံမှုကြောင့် ချာလုံက ကောက်ကျင်းနယ်စားစံအိမ်၌ပင် နေထိုင်ကာ တန့်လျှံယုအား ဆေးကုပေးခဲ့လေသည်။

ချာလုံ၏ဆေးစွမ်းထက်မှုကြောင့် တန့်လျှံယု၏ဝေဒနာ တစ်နေ့တခြား သက်သာလာလေသည်။

သူမ ကျန်းမာလာပြီး ဖခင်ကြီးလည်း နယ်စားရာထူး ပြန်ရထားပြီ ဖြစ်၍ ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်ခဲ့လေတော့သည်။

ထူးခြားသည်မှာ တန့်လျှံယုသည် ဝမ်းကျိုးစန်း၏ အကြောင်းကို လုံးဝမေးမြန်းခြင်း၊ ပြောဆိုခြင်း၊ မပြုခြင်း ဖြစ်နေလေ

သည်။ သူမသည် ဝမ်းကျိုးစန်းကို မေ့သွားပြီလော။

အမှန်တော့...

တန့်လျှံယုက ဝမ်းကျိုးစန်းအား ဘယ်တော့မှ မေ့သွားမည် မဟုတ်ပါ။

သူမအား အသက်ပေး ကာကွယ်စောင့်ရှောက်သွားသော ဝမ်းကျိုးစန်းကို ဘယ်သောအခါမှ မေ့ပျောက်သွားလိမ့်မည် မဟုတ် ချေ။ ဝမ်းကျိုးစန်းမှာ သူ့ရဲကောင်းတစ်ဦးဖြစ်သည်။

သူရဲကောင်းတစ်ယောက်အတွက် မျက်ရည်မကျသင့်ပါ။

ပူဆွေးသောက ရောက်မနေသင့်ပါ။

ထို့ကြောင့် တန့်လျှံယုက ဝမ်းကျိုးစန်းအကြောင်း တစ်လုံး တစ်ပါဒမျှ မပြောဘဲ မေ့ပျောက်သွားသလို နေခဲ့ခြင်းဖြစ်သည်။

ဝမ်းကျိုးစန်း၏ ဝိညာဉ်သည် သူမ၏နှလုံးသားနှင့် အနီးကပ် ဆုံးနေရာ၌ နိုအောင်းလျက်ရှိနေသည်ကို သူမကလွဲပြီး မည်သူမျှသိ နိုင်ကြမည် မဟုတ်သလို သူမသည်လည်း ဝမ်းနည်းကြေကွဲမနေဘဲ ပျော်ရွှင်စွာ နေထိုင်သွားနိုင်ခဲ့လေတော့သည်။

ပြီးပါပြီ။